မဟာဒ္ဒီစာပေ www.burmeseclassic.com

# [illegible]

မဂ္ဂဇင်း

BURMESE CLASSIC .com


စာမျက်နှာ ၄၁ ■ မြန်မာနိုင်ငံ လူကုန်ကူးမှုဥပဒေ

စာမျက်နှာ ၁၇၃ ■ မြန်မာနိုင်ငံ မယားစရိတ်၊ ကလေးစရိတ်

စာမျက်နှာ ၉၃ ■ မြန်မာနိုင်ငံ ကိုကိုးကျွန်းပုံရိပ်များ

စာမျက်နှာ ၉၀ ■ ကျော်နင်းမှု ပုဒ်မ ၅၂၂(၁)

စာမျက်နှာ ၆၇ ■ ဆရာကျော်မင်းနိုင်၏ မရဏတံခါးခေါက်သံ

စာမျက်နှာ ၁၅၂ ■ ဆရာမောင်တော်ထိန်၏ ကာတွန်းကားပြပါဗျို့

စာမျက်နှာ ၇၆ ■ ဆရာမြဝဇီ၏ သွေးချောင်းကလျှံ




www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

# ပြစ်မှု

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ စန္ဒာညွန့် ပုံနှိပ်တိုက်၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၂၁၉)

### ကဗျာ ပြစ်မှု

မောင်လွမ်းရည်(ရွှေတောင်)၊ ပြင်စည်အောင်(ခရာတော)၊ စောအောင်ခ(ဘားအံ)၊ နိုင်လွန်း၊ ထိပ်တင်ထွေး(ယာ၌/စက်)၊ ငြိမ်နိုင်၊ ချစ်ငွေစိုး၊ မောင်မောင်ခင်(ရွှေကန်သား)။

### ကာတွန်း ပြစ်မှု

မြေဇာ၊ မြေရိုင်း၊ Lin Htoo Zaw ၊ မင်းခန့်ကျော်(သာစည်)၊ ကျီးမနိုးတင်ဝင်း(ပေါင်းတည်)၊ ရာဇာသာစည်၊ ရန်ကြီးအောင်၊ သူရိန်။

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

### ဥပဒေ ပြစ်မှု

မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ ပြစ်မှုပြစ်ဒဏ်များ
ကေတီအောင်သိန်း ---------- ၄၁
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်းဦးအောင်သိန်း၊ ---------- ၅၁
ကျော်နင်းမှုနှင့် ကျင့်ထုံးပုဒ်မ ၅၂၂(၁)
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၉၀
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးဇော်လှိုင် ---------- ၁၀၅
မြန်မာနိုင်ငံ မယားစရိတ်၊ ကလေးစရိတ် ရပိုင်ခွင့်ပြဿနာ
ကေတီအောင်သိန်း၊ ---------- ၁၇၃

### ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ ဇော်ယုနွယ် ---------- ၂၇၂

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


စွဲလမ်းမှု သံယောဇဉ်
ခင်မောင်အေး(မန္တလေး) ------------------ ၆၂
မရဏတံခါးခေါက်သံ
ကျော်မင်းနိုင် ------------------ ၆၈
ထန်ကုန်အောင်
ဝင်းသောင်(ရမည်းသင်း) ------------------ ၁၀၈
ကြွေလုမိုးတိမ်
မိုးပန်းမွန်(ရာမည) ------------------ ၁၁၄
နှင်းဆီနီ ၁၀၃
တာတေကြီး ------------------ ၁၂၀
တမလွန်ကသံစဉ်
ဒါရိုက်တာမျိုးဇော်အောင် ------------------ ၁၃၆
လမိုင်းဆိုးကပ်လေတော့
မော်တင်သိန်းဇော်ဇ ------------------ ၁၄၄
ထိတ်လန့်ဖွယ် ညနေခင်း
ဂါဦးနွန်းကို ------------------ ၁၄၈
ကာတွန်းပြပါဗျို့
မောင်တော်ထိန် ------------------ ၁၅၂
လူနှင့်နာနာဘာဝလူသတ်ပွဲ
အောင်ဘုန်းမြင့်(ကချင်မြေ) ------------------ ၁၆၀
ကြုံခဲ့ဖူးသော ထိုတစ်နေ့
မောင်မြင့်မား(ဘိုကလေး) ------------------ ၁၇၆
ချွေးကဖမ်းပေးသော မိုက်ခဲ
ဝဉ္စားဦး(အိမ်မဲ) ------------------ ၁၈၂
ရေလွှဲပေါက်များသော "ငါး"
ဟန်သီဇင် ------------------ ၂၀၂
တစ္ဆေမောင်းတဲ့ကား
စံ-ကေတု ------------------ ၂၀၈
ရွှေဘုတ်
မောင်မောင်(ပီတောက်မြိုင်) ------------------ ၂၁၄
နှလုံးသားလေးကိုတဲ့ မြင်းပေါ်တင်
မောင်သာမာန်(ငီးကုန်း) ------------------ ၂၂၀
မလေးရှားစုန်းမကြီး
လှရှိန်အောင် ------------------ ၂၃၀
ပြောင်းလဲသွားသော အကျိုးဆက်
မောင်မောင်စိန်လင်း(နတ်မောက်) ------------------ ၂၃၆
တန်ရာတန်ကြေး
တင့်ထူး(ဝေဃျဝတီ) ------------------ ၂၄၂
အိပ်မက်ထဲမှာတောင် တွေ့ရန်မလွယ်
မှုံ့သုမွန် ------------------ ၂၄၈
အရင်းအနှီးဖြင့် သတင်းကြီးသူ
မြင့်ဦးဦးမောင် ------------------ ၂၅၆
မြွေပွေးကလည်း မြွေပွေး ငအေးကလည်း ငအေး
ကောင်းမြတ်(ခရာတော) ------------------ ၂၆၂
မေတ္တာဂေဟာ
ဇင် ------------------ ၂၆၆


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


လောင်စာဆီတင်ရထား မီးလောင်ဆုံးရှုံးမှုများပြား
မောင်ကောင်းယဉ် ------------------ ၆၇
သားမယားအား အဓိပ်ကျွေးသတ်မှု အဖမ်းခံခဲ့ရ
ကေတီအောင်သိန်း ------------------ ၆၇
ခက်ခက်ခဲခဲ အသက်ကယ်ရခြင်း
မောင်ကောင်းယဉ် ------------------ ၁၂၅
ဖိလစ်ပိုင်နိုင်ငံ ရဲအက်ဥပဒေ(လက်နက်ဥပဒေ)
ကေတီအောင်သိန်း ------------------ ၁၂၅
ဆယ်ကျော်သက်အရွယ်ကတည်းက ပျောက်ဆုံးခဲ့သည့် မိန်းကလေးသုံးဦးကို . . .
ညိုမင်းလွင်(မော်ကျွန်း) ------------------ ၁၃၅
စင်ကာပူနိုင်ငံ ဆေးလိပ်သောက်မှု ပိတ်ပင်တားဆီးရေး
ကေတီအောင်သိန်း ------------------ ၁၄၃
ရွှေသမင် ဘယ်ကထွက် . . . မူးယစ်ဆေးဝါး . . .
ညိုမင်းလွင်(မော်ကျွန်း) ------------------ ၁၄၃
တရုတ်တွင် နောက်ထပ်ဓားတစ်လက် ဝရန်းသုန်းကား
လေးဖေါ်ကျော် ------------------ ၁၄၇


www.burmeseclassic.com

www.burmeseclassic.com

လူငယ်များအုပ်စုလိုက် သောင်းကျန်းမှု လျော့နည်းလာ
ဦးဦးသိန်း ——— ၁၆၇
သကြားအိတ် တန်တစ်သောင်းအောက်မှ
စစ်ထောက်နောက်ပျော်များ
ဦးမင်းလှိုင်(ခေါ်ကျွန်) ——— ၁၇၅
သုံးနှစ်အကျွင်း နှုတ်ဆက်သေသစ်များ···
မြတ်မိ ——— ၁၈၂
သေသောင်ပျက်ကျ မီးလောင်ရာမှ
ညီမင်းလွင်(ခေါ်ကျွန်) ——— ၁၈၃
ရွှေတုမျာ်းဖြင့် အပေါင်ဆိုင်များကို လိမ်လည်ကြသူများ
မြသိန်း ——— ၂၀၁
ထောင်ဒဏ် နှစ် ၁၀၀၀ ကျခံရသည့်
ပြန်ပေးဆွဲသူ မုဒိမ်းကောင်
မြသိန်း ——— ၂၀၃
စင်ကာပူမှ ရတနာကုန်သည် အိန္ဒိယတွင် အဖမ်းခံရ
ဦးဦးသိန်း ——— ၂၂၆
ခွေးပေါက်စလေး၂၁ကောင်ကို ကားထဲဝှက်ပြီးခိုးသွင်းလာသူ
ဦးဦးသိန်း ——— ၂၃၇
နှစ် ၇၀ အတွင်း အဆိုးရွားဆုံး မီးရထားတိမ်းမှောက်မှု
မြသိန်း ——— ၂၂၉

## တစ်မျက်နှာ ပြစ်မှု

ထက်ဝေ၊ ပိုက်မင်းဝေ၊
ရေကျော်စိုးအောင်၊ ပိုက်မင်းဝေ။

| | | |
|---|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - | စိုးဝင်းထွဏ်း |
| အတွင်းဖလင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - | တင်မိုးခိုင်။ |
| စာအုပ်ချုပ် | - | ရှကီး(၁၁၄) လမ်း။ |
| အတွင်းပန်းချီ | - | ကျော်ဦး၊ KN၊ ပညတ်၊ ဖိုးအောင်၊ ကေလတ်၊ အောင်နိုင်လတ်၊ သန့်ဇော်သစ်၊ နေကြည်၊ စကွ၊ ဇော်သိုက်။ |

## အခန်းဆက် ရသပြစ်မှု

ထောင်မှူးများ အလိုရှိသည်(၈၁)
ဃာ်ဇော ——— ၅၆
သွေးချောင်းကလျှံ(၅)
မြှဝင် ——— ၇၆
သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(၃)
ဖိုးကျော ——— ၉၆
အတိတ်အကြောင်း ပောင်းသည်မရှိ(၆)
မင်းဟိန်းထိပ် ——— ၁၂၆
ဆင်ရိုင်းမောင်မောင်နှင့် ရေဘဝဲအမှုကြီး(၆)(ဇာတ်သိမ်း)
မောင်မောင်(မြန်မာပြည်) ——— ၁၈၄

## နိုင်ငံရပ်ခြား ရသပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ——— ၄၅
ဒိုင်းနမိုက် လူသတ်သမားများ
ဘနင်း(မြန်မာပြန်) ——— ၁၆၈

## စာပေသုခမ သတင်းလွှာ

သုခမသတင်းလွှာ
အမ်ကေ ——— ၂၉
ပြစ်မှုစာအုပ်စင်
ကသစ်နီ ——— ၂၇

## ဆောင်းပါး ပြစ်မှု

ဖောက်သည်အသစ်လေး လိုချင်တယ်
သူရိန်စိုး(ဓမ္မဒူတ) ——— ၃၉
လွှဲလွှဲလေးပင် ကောင်းတယ်ထင်
သောင်းညာဏ်(ပန်းထော်ကျွန်း) ——— ၃၇
ဖုန်း
စိုးယဉ်ထွန်း ——— ၄၇
လူရမ်းကားတစ်စုကြောင့် တရားခံဖြစ်ရရှာတဲ့ မောင်နှ
ခင်မောင်ထွန်း(လမ်းမတော်) ——— ၄၇

www.burmeseclassic.com

www.burmeseclassic.com

"သရဲ…သရဲ…သရဲကြီး၊
ကျုပ်ကျောကို
လက်ဝါးနဲ့ ရိုက်ပစ်လိုက်တယ်။
အမယ်လေး…ကယ်ကြပါဦးဗျာ"

ခင်မောင်အေး (မန္တလေး) ------------- ၆၂



"အဲဒီ နန်းခင်နွဲ့ဟာ
သူ့ယောကျ်ား စိုင်းအိုက်ပန်နဲ့
အသက်ထက်ဝက်ငယ်ပြီး
တော်တော်လေးလည်း ချောမောတယ်ဆိုတော့…"


ကျော်မင်းနိုင် ----------------- ၆၈



BURMESE CLASSIC .com


"မဟုတ်ပါဘူး မာစတာ
ကျုပ်က မကြာခဏနေမကောင်းတာရော
အခုလို အလုပ်နည်းနည်းပင်ပန်းတော့
စားမဝင်တာပါ"

[illegible] ----------------- ၇၆




"ဟော့ကောင်…
ဒီမှာ ရန်သူ့နယ်မြေကွ၊
ဗိုလ်ကြီးတွေဘာတွေ မခေါ်ရဘူးဆိုတာ
ပြောထားရဲ့သားနဲ့…"

မိုးကျော် ----------------- ၉၆



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဖမ်းမှာကို ကြောက်တာပေါ့ဗျာ၊
ရဲက ဖမ်းမိလို့ကတော့ ထောင်ကျမှာ၊
ပြီး ထောင်ကလွတ်လာပြန်တော့
ထောင်ထွက်ဆိုပြီး...”

ဝင်းဆောင် (ဂုမ္ဘည်းသင်း) ---------------- ၁၀၀



“မင်းကို အရင်စနေနေ့တွေမှာ
မတွေ့ဖူးပါဘူး၊
ဒီကို ဘယ်လိုနေ့မျိုးမှာ လာတာလဲ၊
ငါ့နာမည်လည်း မှတ်ထားဦး”

မိုးပန်းမွန် (ဂုမ္ဘည) ---------------- ၁၁၄



“ဩော်...လူလေးက
ရာဇာ့မိတ်ဆွေကိုး၊
ရာဇာက ခရီးထွက်နေတာများတယ်ကွဲ့၊
ခုတစ်လော ပြန်လာတာ မတွေ့ဘူး”

တာဗေါကြီး ------------------ ၁၂၀



“ဟေး...
ဟိုက ဘယ်သူလဲ၊
ဟိုမြင်းလှည်းကို
ဒီလှမ်းခေါ်လိုက်စမ်းကွ”

မင်းဟိန်းထိပ် ------------------ ၁၂၆

www.burmeseclassic.com

www.burmeseclassic.com


"သာဒိုး…ကျော်ဇေယျကိစ္စကို
သုဘာရာဇာကိုခေါ်ပြီး
မင်း စီစဉ်လိုက်တော့"
ပြီးရင် ဝေစုတစ်ဝက် ငါ့အိမ်ကိုလာယူ"

ချိုက်တာမျိုးဇော်အောင် — — — — — — — — — — — — — — ၁၃၆



…ထိုနေ့ ညနေ
နေဝင်ရီတရောအချိန်ခန့်ဆီ၌
ပေါက်ကြီးနဲ့ ဇနီးမိတင်တို့အနေနှင့်
တစ်ဦးက အမဲသားလိုးကာ…

မော်တင်သိန်းဇော် — — — — — — — — — — — — — — ၁၄၄



"ဟာ…ကိုကျော်အောင်ပါလား၊
ထူးထူးဆန်းဆန်း
ဒီဘက်ရပ်ကွက်တွေ ဘာတွေ
လာလို့ပါလား…"

[illegible] — — — — — — — — — — — — — — ၁၄၈



"ကံကောင်းလို့နော်
ကလေးကို မနင်းမိတာ၊
တော်တော်
ကုသိုလ်ကောင်းတယ်"

အောင်ဇော်ထိန် — — — — — — — — — — — — — — ၁၅၂



www.burmeseclassic.com



“သမီး နုတင်ပဲ
မန္တလေး–မြစ်ကြီးနား ရထားနဲ့
ရောက်လာတဲ့ ညွှံ့သည့်ပါ၊
တက္ကစီပေါ်ကဆင်းပြီး...”
**အောင်ဘုန်းမြင့် (ကချင်မြေ) ------------- ၁၆၀**



“အို...
ဖြစ်မှဖြစ်ရလေ ဒါလင်ရယ်၊
လုပ်ကြပါဦး ကျုပ်မိန်းမအလောင်းကို
ဖုံးပေးထားကြပါ”
**ဘနှင်း (မြန်မာပြန်) -------------- ၁၆၈**

BURMESE CLASSIC .com



“အတော်ပဲ ဆရာ...
ဆရာ အချိန်ရတယ်မဟုတ်လား၊
ကျွန်တော်နဲ့
ခဏလောက် လိုက်ခဲ့ပါ”
**မောင်မြင့်မား (ဘိုကလေး) ------------ ၁၇၆**



“အေး...ပေးပို့ချက် ရပြီ၊
သည်မှာ မေလင်းအပျိုကြီးက
မင်းကို သတိရပါတယ်လို့...ပြော
ဟ...ဟ...ဟော့...”
**မောင်မောင် (မြန်မာပြည်) ------------ ၁[illegible]**

www.burmeseclassic.com

www.burmeseclassic.com

ထိပ်တင်ထွေး(ယာဥ်/စက်)

# သံသရာလွတ်လမ်း



■ ရမ္မက်ကြီးတဲ့ လောဘ
သည်းမခံနိုင်တဲ့ ဒေါသ
မိုက်မဲတွေဝေတဲ့ မောဟ …။

■ များလှုထိုထို အကုသိုလ်တွေ
တွေတွေလောက ကြုံတွေ့ရ၍
ဝမ်းကတစ်ထွာ အာကတစ်ပေါက်
စားလောက်ရုံလေး ဟိုပြေးသည်ပြေး
မအားနိုင်ရ ပူမီးကြွကာ …။

■ အိပ်မရနိုင် ထိုင်မရစိုး
ငါးမျိုးခန္ဓာ လောင်စာဝင်၍မီး
တားဆီးမလွယ် သွယ်သွယ်ပေးဆပ်
ထပ်ကာထပ်ကာ မီးရှိရာသို့
ကြမ္မာကြောင်း အစာဟောင်းဖြင့်
မကောင်းအဖော် တူစုံပျော်ပြီး
ဘဝခရီးကို မငြီးလျှောက်ရ
ပင်ပန်းလှပေ့ါ။

■ သတိမပြတ် မီးမဟပ်အောင်
ပညတ်ကိုခွာ မစွဲပါဘဲ
သစ္စာစွမ်းအား မှန်တရားကို
ကြိုးစားရှာဖွေနေပါသည်။ ။




www.burmeseclassic.com

www.burmeseclassic.com

- ဒဂုန်တာရာ၊ မောင်ဝံသ
  မင်းလူ၊ မြိုတ်ဝင်းထိန် စတဲ့
  ဆရာ့ဆရာတွေ
  အဝေသန်လို့
  အကြွေမြန်ကြတာလား
  အခြွေခံရတာလား
  သူရဲကောင်းတို့ရဲ့ ရျာပန
  မိုးသည်းသည်းထဲ ပြာကျခဲ့ရပြီ။

- သွေးခင်းလမ်းမှာ
  ရေစိမ်ခံ ရှစ်ဂဏန်းတွေ
  ဖုတ်သွင်းရထားစီးလို့
  မင်းကောင်းအရှာထွက်ဆဲ
  သူရဲကောင်းတို့ရဲ့ ရျာပန
  မိုးသည်းသည်းကြား ပြာကျခဲ့ရပြီ။

- ခေါင်းလောင်းထိုးသံ
  စီးချင်းထိုးသံ တခြိမ်းခြိမ်းနဲ့
  မိုးစိမ်းတွေရွာ ရွာချလို့
  ရှစ်ဂဏန်းသမား ဩဂုတ်လကို
  မုန်းချင်ပေမယ့်
  မေ့ဖို့လည်း ခက်တော့တယ်။ ။




ပြင်စည်ရှေအောင်(ခရာတော)

**မမေ့ဝင်**



www.burmeseclassic.com

www.burmeseclassic.com

# ကိုရီးယားစိုင်းရစ်စ်

မောင်လွမ်းညော်(ရွှေတောင်)




- ဟီရိုတွေ ဩတ္တပ္ပတွေ
  ချွတ်ခြုံကျ
  အားလုံးမချွတ်တာ တစ်ခုပဲရှိတယ်။
  အထိုင်,အထ
  အကုန်း,အကွာမှာ
  ယိုသူ့မရှက် မြင်သူရှက်။
- "အရှိုးကို အရွက်မဖုံးစေနဲ့" တဲ့
  ရှေးလူကြီးတွေပြောစကား
  မေ့များမေ့နေသလား။
- ညီမလေးရေ ...
  မင်းကိုယ်မင်း ပြန်မေးကြည့်လိုက်ပါ
  ဘာလူမျိုးလဲဆိုတာ။ ။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ့်နိုင်

## သွေးစကား

■ သွေးစစ်မှ
အမျိုးချစ်သလို
သွေးမှန်မှ
ဘဝမှန်မယ်။

■ ဘာသာသွေးက
နှလုံးသားထဲမှာ
အသွေးသားထဲမှာ
အသည်းထဲမှာ မပြတ်
လှည့်ပတ်စီးဆင်းနေတယ်။

■ ဘာသာသွေးထဲမှာ
ချစ်ခြင်းမေတ္တာ၊ ကရုဏာ,အကြင်နာ
စေတနာ,သဒ္ဓါ၊ စာနာဖေးမ
ကူညီကြမယ်၊ ရိုင်းပင်းကြမယ်
အလှူဆုံးပန်းများ ပွင့်ကြမယ်။

■ ပွင့်ရန့်မှာ
အဃာတမရှိ၊ မာနမရှိ
ဒေါသမရှိ၊ ရက်စက်မှုမရှိ
အသိဝေဝါ၊ မလှည့်စားဘူး
နှလုံးသားမြစ်တစ်စင်းက
လောကကို ဦးခိုက်နေ။


■ ဘာသာသွေးစကား
တရားမျက်ဖြေ
စောင့်လေမျိုးနွယ်၊ ဂုဏ်မြင့်ထည်
ဖြိုးကြွယ်ကျက်သရေ
မြင့်မားဝေသမျှ
ဘဝလုံခြုံသာယာလိမ့်။





www.burmeseclassic.com

www.burmeseclassic.com



# ဟင်းလင်းပြင်သို့အကြည့်

ချစ်ငွေစိုး

- နာစေးနေတဲ့ . . . ယုန်
မြူးခုန်ကနေတဲ့ . . . ဒေါင်း
ကြောင်းရဲ့အရှိန် မြင့်နေသလို။

- ချူကလီးယားနွတ်သီးနှင့်ငှက်
မြောက်ကိုရီးယားဘက်မှ ပျံလာနိုး။

- လေဖိအားရပ်ဝန်းများ
နှစ်ဝါတစ်နီဖြင့် ထွက်လာကြ။

- ခရမ်းလွန်ရောင်ခြည်များ
ဆဲလ်ကြောသို့ စိမ့်ဝင်သလို။

- စိတ်ခလုတ်တိုက်မိတော့
မာန်သတ္တိတွေ
ဝတ်လစ်စလစ်ဖြစ်သွားခဲ့။

- ပခုံးနှစ်ဖက်ကြားက
ကွန်ပျူတာဦးနှောက်ထဲ
ဆိုက်ဘာဆော့ဝဲ(လ်)များ
ဗိုင်းရပ်စ်ပိုးတွေ ဝင်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

- ရေစီးမှာတော့
  နွေခရီးလည်း သူမကြောက်။
- ချောင်းရေတစ်ကြော
  လောင်းလေ့ပေါ်လည်း
  မျောပါမရှိ
  ပကတိမညာ
  ဒါတွေ ...။
- ရေဆန်လည်း
  အချိန်တန်တော့
  လှေနံ နံဘေး
  အားပေးဖော်
  သွေးမကြောက်စုန်ဆန်
  ရင်ခုန်သံတော့ မှန်ရဲ့။
- သောင်ပြင်နဲ့ ကမ်းစပ်
  အလွမ်းခေတ်ခံ
  ကံဖွဲ့မချိုရိုက်ပုတ်
  မဆုတ်နစ်
  ဖြစ်တဲ့ခဏ
  အပြစ်မဲ့ဗေဒါ
  ရေဖလာမှာ မောတယ်မရှိ။ ။



# ဗေဒါ...သို့

ခိုင်လွန်း



www.burmeseclassic.com


www.burmeseclassic.com

25 OCT 2013

■ နန်းရေ …
ဒေါနပန်းတစ်ပွေ့တစ်ပိုက်နဲ့
မြေခခဲ့ရတဲ့ ငါ့နှလုံးသားကို
အစိမ်းရောင်ပဝါ ခြုံခွင့်ပေးခဲ့ပါ။

■ သံလွင်ကမ်းမှာ
ထင်ကျန်ခဲ့တဲ့ ငါ့ခြေရာတွေသာ
မျက်ရည်အခမ်းနားတစ်ခုဆိုရင်လည်း
ရာဇဝင်ဆိုတာ …
ဂုမသွင်းသင့်ဘူး။
မိုးတိမ်လိုလွင့်မျောသွားတဲ့အတိတ်က
နှင်းစက်တွေကြားမှာ
မိုးအလင်းကိုစောင့်နေတဲ့ငါ
ညအမှောင်မှာ ပန်းကြွေကောက်နေခဲ့ပေါ့။

■ မိုးမလင်းခင်ပြီးဆုံးသွားတဲ့ စစ်ပွဲကြားမှာ
ငါ့ဖိနပ်ကျွတ်ကျကျန်ခဲ့
ငါကောက်ခဲ့တဲ့ ပန်းကြွေတွေလည်း
ယမ်းနံ့တွေ စွန်းထင်းသွားလို့
စွန့်ပစ်ရမလား …
သံလွင်မြစ်ရေနဲ့ ဆေးကြောနေလိုက်တယ်။ ။



စောအောင်ခ(ဘားအံ)

**သံလွင်နှလုံးသား**



www.burmeseclassic.com

www.burmeseclassic.com

■ ပဲ့ကိုင်ကောင်းကောင်း
ရေကြောင်းကျွမ်းကျင်
သင်ဖြစ်ပါလျှင်
ပင်လယ်ပြင်ဖြတ်
မရပ်မနား
လှော်ခတ်သွားလည်း
ရှည်လျားခရီး
ရောက်ပြီးပန်းတိုင် သင်ပဲ့ကိုင်။

■ ပဲ့ကိုင်မကောင်း
ရေကြောင်းမကျွမ်း
ကမ်းသောင်မသိ
မရှိမတတ်
တက်ကျိုးပြတ်ဖြင့်
လှော်ခတ်သွားက
ဘဝပင်လယ်
လှိုင်းဘုံနှယ်တွင်
ပျောက်ကွယ်ပန်းတိုင် သင်ပဲ့ကိုင်။

■ မှန်းချက်မပျောက်
ပန်းတိုင်ရောက်အောင်
ထွန်းတောက်အသိ
ဝီရိယနှင့်၊ လုံ့လရှေ့ထား
အမှားဆင်ခြင်၊ ပြုပြင်စာရိတ္တ
တည်ဆောက်မှုလျှင်
ဘဝပန်းတိုင်
ရယူပိုင်ရန်
ပန်းတိုင်ကဗျာ
ညွှန်းဖွဲ့ပါသည်
သင့်မှာ အင်အားဖြစ်ပါစေ။




မောင်မောင်ခင်(ရွှေကာန်သား)

# ပဲ့ကိုင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


ဖြစ်တတ်ပါတယ်...  ကျီးမနိုးတာင်ဝင်း၊ပေါင်းတည်၊






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## တက္ကသိုလ်မင်းသူ၏ မေယုကို စုတ်တံချီ စာအုပ်မိတ်ဆက်ပွဲ

စာရေးဆရာ တက္ကသိုလ်မင်းသူရဲ့ "မေယုကို စုတ်တံချီ" ဝတ္ထုရှည်စာအုပ်ဟာ အစွန်းရောက်ဘာသာရေးသမားတွေက (P) သုံးလုံးလို့ခေါ်တဲ့ "လူဦးရေဖြင့် ငြိမ်းချမ်းစွာထိုးဖောက်ခြင်း" (Peaceful Pennetration by Population) မူဝါဒနဲ့ မိမိရဲ့နိုင်ငံအတွင်း ရတဲ့နည်းနဲ့ ဝင်ရောက်သွေးနှောပြီး မိမိနိုင်ငံ သူတို့ဘာသာဝင်နိုင်ငံ ဖြစ်ရမည်ဆိုတဲ့ ၎င်းတို့ရဲ့ မဟာအကြံအစည်ကို ဖော်ထုတ်ပညာပေးထားတဲ့ တစ်ချိန်က မေယုနယ်ခြားမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်တွေကို အခြေခံ ရေးသားထားတဲ့ ဝတ္ထုရှည်စာအုပ်ပဲ ဖြစ်ပါတယ်။

အဆိုပါ "မေယုကို စုတ်တံချီ" ဝတ္ထုရှည်စာအုပ် ထုတ်ဝေဖြန့်ချိခြင်း အခမ်းအနားကို ၂၃.၈.၂၀၁၃ ခုနှစ်(သောကြာနေ့) နေ့လယ် (၁း၀၀)နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေညီထပ်၊ အမှတ်(၈၀)ရှိ Home ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲသည်အခမ်းအနားကို ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ စာချစ်သူများ တက်ရောက်ခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။

## တွင်းကြီးသားတင်ဝင်းဦး၏ ကြွေလွင့်ပန်းနှင့် ရသဝတ္ထုများစာအုပ် မိတ်ဆက်ပွဲ

နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ စာပေဆုများစွာကို ရရှိခဲ့တဲ့ လူငယ်စာရေးဆရာ တွင်းကြီးသားတင်ဝင်းဦးဟာ သူ့ရဲ့ "ကြွေလွင့်ပန်းနှင့် ရသဝတ္ထုတိုများ" စာအုပ်ကို ၁၃.၈.၂၀၁၃ (အင်္ဂါနေ့) နံနက်ပိုင်းက စာရေးဆရာများ စုဝေးဆုံစည်းကြရာ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနဲ့ လမ်း(၄၀)ထိပ်ရှိ လေအန်ကုန်းမှာ ကျင်းပခဲ့ပြီး ကြွရောက်လာကြတဲ့ ရေးဖော်ရေးဖက်အပေါင်းကို စာအုပ်လက်ဆောင်ပေးခဲ့ရုံမက လေအန်ကုန်းလက်ဖက်ရည်နဲ့ မုန့်တို့ကို ကျွေးမွေးဧည့်ခံပြီး မိတ်ဆက်ပွဲကို ကျင်းပခဲ့ရာ လွန်စွာမှ စည်ကားလှတဲ့ ပွဲကလေးတစ်ပွဲ ဖြစ်သွားခဲ့ပါတယ်။

တွင်းကြီးသားတင်ဝင်းဦးရဲ့ ရသမြောက်ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှာ စာရေးဆရာ ညီမေတ္တာနဲ့ ပြည်ပန်းမိုးတို့က အမှာစာရေးသားချီးမြှင့်ထားပြီး၊ ဝတ္ထုတို (၂၄)ပုဒ် ပါဝင်ပါတယ်။ တန်ဖိုး ၁၇၀၀/-ကျပ် သတ်မှတ်ပြီး ညီမေတ္တာစာပေမှ ဖြန့်ချိပေးထားတာမို့ ဖတ်ရှုမိသူအပေါင်းက တွင်းကြီးသားတင်ဝင်းဦးရဲ့ လက်ကို အကဲခတ်ပြီး အမျိုးသားစာပေဆုနဲ့ နီးစပ်နေတဲ့အကြောင်း မုဒိတာစကားများ ပြောဆိုနေကြပါသတဲ့။

## ရွှေမန်းသဘင်မိသားစု၏ အလင်္ကာအလွမ်းမှတ်တမ်းဂုဏ်ပြုပွဲ

အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်ရဲ့ ရွှေမန်းသဘင်သက် နှစ် ၈၀ ပြည့် အထိမ်းအမှတ် ကျင်းပပြုလုပ်တဲ့ "အလင်္ကာအလွမ်းမှတ်တမ်း"ပွဲကြီးကို ၉.၈.၂၀၁၆ ရက်နေ့နဲ့ ၁၀.၈.၂၀၁၃ ရက်နေ့တို့က ခမ်းခမ်းနားနား ကျင်းပပြုလုပ်ခဲ့တာ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီ ဖြစ်ပါတယ်။

သည့်အတွက် အဆိုပါပွဲကြီး အောင်မြင်ပြီးမြောက်ဖို့ရာ ပါဝင်ကူညီအားဖြည့်ပေးကြတဲ့ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြသူများကို အလင်္ကာအလွမ်းမှတ်တမ်း ဖြစ်မြောက်ရေးကော်မတီ (ရွှေမန်းသဘင်မိသားစု)က ဝမ်းသာဂုဏ်ယူစွာ ကျေးဇူးတုံ့ပြန်တဲ့ အခမ်းအနားတစ်ရပ်ကို ၁၃.၈.၂၀၁၃၊ အင်္ဂါနေ့ နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအချိန်ထိ ရန်ကုန်မြို့ရှိ Sedona Hotel (Ballroom) ခန်းမမှာ ကျင်းပခဲ့ပါတယ်။ အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားကို ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ရုပ်ရှင်၊သဘင်၊ဂီတ အစရှိတဲ့ အနုပညာနယ်ပယ်အသီးသီးက အနုပညာနှင့် အတတ်ပညာရှင်များ၊ စာနယ်ဇင်းသတင်းမီဒီယာများ စုံညီစွာ တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ စိတ်မိုး၏ ပိဋကတ်သမိုင်းဝင် အလှူရှင်များ စာအုပ်မိတ်ဆက်ပွဲ

ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ(စာရေးဆရာစိတ်မိုး)ရဲ့ "ပိဋကတ်သမိုင်းဝင် အလှူရှင်များ"စာအုပ်မိတ်ဆက်ပွဲကို ၁၄·၈·၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀ နာရီအချိန်က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ၁၅-ရပ်ကွက်၊ အမှတ်-၅ ဝိုင်းရှိ သိပ္ပမဥ္ဇူစာသင်တိုက်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲမှာ အခမ်းအနားမှူးအဖြစ် တရားလွှတ်တော်ရှေ့နေကြီး ဦးအုန်းသန်းက ဆောင်ရွက်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ကန်တော့ကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါတယ်။ သည့်နောက် စာရေးသူ စိတ်မိုးက အဖွင့်အမှာစကား ပြောကြားပြီး ကဗျာဆရာ မြေလတ်မောင်မြင့်သူက စာအုပ်ပါ အကြောင်းအရာအချို့ကို ကောက်နုတ် မိတ်ဆက်ပေးခဲ့ပါတယ်။ စီစဉ်စုရှ ရဟန်းစာဆို အောင်မြင့်မြတ်(ပြည်ရွှေဘိုဆရာတော်)က စာအုပ်နဲ့ပတ်သက်ပြီး ရှုမြင်ခံစားချက်တို့ကို မိန့်ကြားကာ စာရေးဆရာတိုးထက်၊ စာရေးဆရာမ မိချမ်းဝေတို့က မုဒိတာစကားများ ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

---

## ဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခြင်း အနှစ် ၂၀ ပြည့်ပွဲ ကျင်းပ

အမျိုးသားစာပေဆုရ စာရေးဆရာကြီးလင်းယုန်သစ်လွင်ဟာ မြန်မာစာပေသမိုင်းမှာ လုံးချင်းဝတ္ထုစာအုပ်ပေါင်း ၇၀ ကျော် ရေးသားခဲ့ပြီး···ဘုံကျွန်၊ သေမင်းတမန်လမ်းပေါ်ဝယ်၊ ယိုးဒယား-မြန်မာ ကိုယ်တွေ့ချွေးတပ်မှတ်တမ်း၊ သောင်းဒီပါမြေ၊ သီတာသောင်ခြေဦး၊ ယမုံနာ၊ ဓမ္မရက္ခိတ၊ ဓမ္မဝိလာသ···အစရှိတဲ့ စာအုပ်တွေနဲ့ ထင်ရှားကျော်ကြားခဲ့ပါတယ်။ ဆရာကြီးဟာ (၂၁·၈·၁၉၉၃) ရက်နေ့က ကွယ်လွန်ခဲ့ပါတယ်။

ဆရာကြီးကွယ်လွန်ပြီးတဲ့နောက် နှစ်စဉ်မပျက် ကွယ်လွန်ခြင်းအထိမ်းအမှတ်ပွဲတွေ ကျင်းပလာခဲ့တာ အခုဆိုရင် အနှစ် ၂၀ ပြည့်မြောက်ခဲ့ပါပြီ။ အဲဒီသည် အနှစ် ၂၀ ပြည့်မြောက်တဲ့ပွဲကို ၂၅·၈·၂၀၁၃ (တနင်္ဂနွေနေ့)က ဒဂုံမြောက်ပိုင်း၊ သစ်တောခမ္မာရုံမှာ ကျင်းပပြုလုပ်ခဲ့ပြီး ဆွမ်းပဒေသာပင်နဲ့ မိဘမဲ့ကလေးများကျောင်းကို အလှူဒါနပြုရေစက်ချ အမျှဝေခဲ့ပါတယ်။ အဲသည်ပွဲမှာ အခမ်းအနားမှူးအဖြစ် ဆရာသျှားထက်နိုင်(ဘူမိဗေဒ)က ပြုလုပ်ပြီး၊ အခမ်းအနားမှာ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ကဗျာဆရာ မောင်ဟေမာ၊ စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ ကဗျာဆရာ··· ဇော်၊ ဆရာမောင်ရွှေစွန်၊ ဆရာညွှန့်ဟံ(ကြူတော)၊ ဆရာမ သီရိနဲ့ ခိုင်ဇင်စိုးစာပေက ဦးညီညီဦး(ခေါ်) ဦးဖိုးချိုတို့က အမှာတရားစကားများ ပြောဆိုခဲ့ကြပြီး ကြွရောက်လာကြသူအပေါင်းအား ထောပတ်ထမင်းဟင်းလျာတို့နဲ့ မကြွေးမွေးဧည့်ခံခဲ့ကြောင်း သတင်းရရှိပါတယ်။

---

## ဆရာတော် ဦးဥတ္တမပုံတူ ရေးဆွဲထုလုပ်

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာတော်ဦးဥတ္တမရဲ့ ပုံတူပန်းချီနဲ့ ပန်းပုလက်တွေ့ ရေးဆွဲထုလုပ် ဂုဏ်ပြုပွဲကို ၁၁·၈·၂၀၁၃ (တနင်္ဂနွေနေ့) နံနက် (၁၁း၀၀)နာရီက ရန်ကုန်မြို့ ရွှေတိဂုံ တောင်ဘက်မုခ်အနီး၊ ကန်တော်မင်္ဂလာပန်းခြံရှိ Happy World မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည်ပုံတူနဲ့ ပန်းပုရေးဆွဲထုလုပ်ဂုဏ်ပြုပွဲမှာ ဆရာတော်ဦးဥတ္တမပုံတူကို ပန်းချီဆရာ ရွှေမြင့်က ရေးဆွဲပြီး ပုံတူပန်းပုကိုတော့ ပန်းပုဆရာ ကျော်ကျော်မင်းက ထုလုပ်ခဲ့ရာ ညနေ ၄း၀၀ နာရီမှာ အချောသတ်ရေးဆွဲထုလုပ်နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

■ ဘုမ်ဂေ ■


www.burmeseclassic.com

www.burmeseclassic.com

## လင်းယုန်သစ်လွင်၏ ဓမ္မရက္ခိတ (သို့မဟုတ်) လောက၏အမှန်တရားကို ရှာဖွေသူ

ကွယ်လွန်သွားရှာပြီဖြစ်သည့် စာရေးဆရာကြီး လင်းယုန်သစ်လွင်၏ စာအုပ်တစ်အုပ်ဖြစ်ပြီး၊ ဒုတိယအကြိမ် ပြန်လည်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဤဓမ္မရက္ခိတစာအုပ်၏ ဦးတည်ချက်သည် လောဘ၊ ဒေါသ၊ မောဟမီး တောက်လောင်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးရပုံကို အတတ်နိုင်ဆုံးပေါ်လွင်အောင် လှုံ့လပြုအားထုတ်ထားပြီး လောကဓမ္မစရိယ၊ ဉာဏဓမ္မစရိယတို့၏ သဘောကို ဆွေးနွေးတင်ပြထားသည်။ ဤစာအုပ်၌ ထူးခြားသည်မှာ စာအုပ်အမည်ပါ ဇာတ်ကောင်သည် စာအုပ်တစ်အုပ်လုံးကို ခြုံကြည့်လျှင် အတန်ငယ်ကလေး လောက်သာပါဝင်ပြီး ကျန်ဇာတ်ကောင်များဖြင့် တစ်အုပ်လုံးကို ခြယ်မှုန်းထားခြင်းဖြစ်၏။ အဖုံးပန်းချီ သန့်ဇော်သစ်ဖြစ်ပြီး၊ ခိုင်ဇင်စိုးစာပေမှ တန်ဖိုး ၃၅၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

## ဆင်ဖြူကျွန်းအောင်သိန်း၏ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ

ဤစာအုပ်ကို စာပေဗိမာန်ပြည်သူ့လက်စွဲ စာစဉ်မှ အတွဲနှစ်တွဲခွဲကာ ထုတ်ဝေခဲ့ဖူး၏။ ယခုအခါ စိတ်ကူးချိုချိုစာပေမှ နှစ်တွဲပေါင်းကာ ဒုတိယအကြိမ် ထုတ်ဝေလိုက်ခြင်းဖြစ်ပေသည်။ ဤစာအုပ်ပြုစုရခြင်းနှင့် ပတ်သက်၍ ပြုစုရသူက -

“ဘိုးဘွားဘီဘင်တို့၏ အမွေအနှစ်များကို သိရှိပြီး အတုနှင့်အစစ် ခွဲခြားသိမြင်စေရန်၊ ခွဲခြားသိမှ အစစ်ကို မြတ်နိုးရန်,ထိန်းသိမ်းရန် အားထုတ်စေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ဘိုးဘွားဘီဘင်တို့၏ အမွေအနှစ်ဟူရာ၌ မျက်စိဖြင့်မြင်ရသော အရာဝတ္ထုများသာမက မျက်စိဖြင့်မမြင်နိုင်သော စိတ်နေစိတ်ထားများ၊ အမူအကျင့်များနှင့် ဓလေ့ထုံးတမ်းများ ပါဝင်ပါသည်။ ဤအဟောင်းများကို ထုတ်ဖော်တင်ပြနေခြင်းမှာ ယင်းတို့ကို ပြန်လည်အသုံးပြုစေလို၍ တင်ပြခြင်းမဟုတ်ပါ။ မိမိတို့သည် မည်ကဲ့သို့သောသူတွေ ဖြစ်သည်၊ မည်ကဲ့သို့ တီထွင်ကြိုးပမ်းရာမှ မည်သို့ တိုးတက်နေပြီကို သတိမူနိုင်ကြစေဖို့ ဖြစ်ပါသည်။”

ဟု ဆိုထားပေသည်။ ဤစာအုပ်ကို ပန်းချီဘဌေးကြည်၏ လက်ရာဖြင့် ဖော်ပြထားပြီး၊ တန်ဖိုးမှာ ၃၀၀ဝိ/-ကျပ် ဖြစ်ပေသည်။

## ရဲဘော်ကျော်ဆန်း၏ တကယ်လုပ် အဟုတ်ဖြစ်ရမည်

စာရေးဆရာကြီး ရဲဘော်ကျော်ဆန်း၏ ကြီးပွားတိုးတက်ရေး လမ်းညွှန်စာအုပ် တစ်အုပ်ဖြစ်သည်။ အောင်မြင်လိုသူ၊ ကျော်ကြားလိုသူ၊ ချမ်းသာလိုသူမှန်သမျှ အလုပ်မလုပ်ဘဲတော့ မရချေ။ အမှန်တကယ် အလိုရှိပါက အလိုရှိသည့်အတိုင်း အမှန်တကယ် အလုပ်လုပ်ရပေမည်။ အမှန်တကယ် အလုပ်လုပ်သည်နှင့်အမျှ အမှန်တကယ်လည်း အကျိုးကျေးဇူး ခံစားရပေမည်။ အဟုတ်တကယ် ဖြစ်ရပေမည်။ သည်သဘောတရားကို အခြေခံလျက် စာရေးသူက မိမိလေ့လာသိရှိထားသမျှ၊ ရှာဖွေဖတ်ရှုထားသမျှ စာအုပ်စာတမ်းတို့ကို အခြေပြုကာ ရေးသားခြင်း ဖြစ်သည်။

ဤစာအုပ်ကို ခိုင်ဇင်စိုးစာပေမှ တန်ဖိုး ၁၅၀ဝိ/-ကျပ်သတ်မှတ်လျက် ထုတ်ဝေဖြန့်ချိလျက်ရှိရာ အဟုတ်တကယ် ကြီးပွားချမ်းသာလိုသူများ လေ့လာဖတ်ရှုသင့်သည်ဟု ဆိုချင်သည်။

## တာတေ၏ ကဝေဆယ့်နှစ်ကြိုး

ဂမ္ဘီရဝတ္ထု၊ လျှို့ဝှက်ဆန်းကြယ်ဝတ္ထု၊ သရဲတစ္ဆေဝတ္ထုများ ပရိသတ်အားပေးဖတ်ရှုနေချိန်ဝယ် ပေါ်ထွက်လာသည့် သရဲတစ္ဆေအမျိုးအစား ဝတ္ထုစာအုပ်တစ်အုပ်ဖြစ်ကြောင်း စာအုပ်အမည်ကိုကြည့်ရုံနှင့် သိသာလှပေသည်။ ယခုစာအုပ်သည် ဒုတိယမြောက်လက်ရာဖြစ်ရာ ဖတ်ရှုနေသူတွေ ရှိနေသေးသမျှ ဆက်လက်ပေါ်ထွက်နေလိမ့်ဦးမည်ဟု ယူဆရပေသည်။ ဤစာအုပ်(ယခင်ထွက်ပြီး စာအုပ်လည်း ပါ၏။)တွင် “ညမဖတ်ရ”ဟူ၍ သတိပေးစာတန်း ထိုးလိုက်ခါမှ ညဉ့် တမင်ရွေးဖတ်သည်များ ဖြစ်လာရသည်။ အကြောင်းမူ နိုင်ငံရပ်ခြားမှ ဝင်ရောက်လာသော စုန်းတစ္ဆေ ကဝေသရဲ ဇာတ်ကားများက ထောင်းလမောင်းကြနေသောကြောင့် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်သည် အရေးအသား နိုင်နင်းကျွမ်းကျင်မှုကြောင့် ဖတ်ရှုသူတို့အဖို့ ကွက်ကွက်ကွင်းကွင်း ရှိလှသည်။ ကပ္ပလီကဝေမ၊ လူသားစားကဝေ၊ မုန့်ထောင်ကဝေမ၊ ဂူအောင်းကဝေ၊ ကန့်တော်ကာဝေမ စသဖြင့် ကဝေအကြောင်းအရာ ဝတ္ထု (၅)ပုဒ်တိတိ ဖော်ပြထားပြီး တစ်ပုဒ်နှင့်တစ်ပုဒ် သီးခြားမဟုတ်ဘဲ အဆက်အစပ်ရှိနေပေသည်။ ပန်းချီမောင်နေခြည်၏ သရုပ်ဖော်လက်ရာ၊ ဘုန်းဇော်၏ စီစဉ်မှုဖြင့် အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၂၀၀ိ/- ကျပ်သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီဖြစ်သည်။

---

## သက်လုံ၏ သားငယ်ရွှယ်လူး သိစေဦး

စာရေးဆရာကြီး သက်လုံ၏ အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်များကို ဖော်ကြူးထားခြင်းဖြစ်ပြီး ဆောင်းပါး စုစုပေါင်း (၁၇)ပုဒ်တိတိ ထည့်သွင်းဖော်ပြထားပေသည်။

အဆိုပါ ဆောင်းပါးများမှာ · · ·အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်၊ အောင်မြင်မှုရဲ့ သော့ချက်၊ အောင်မြင်ခြင်းသည်လေကား၊ ဒုက္ခမှသည် ကံကောင်းခြင်းဆီ၊ အောင်မြင်မှု အခွင့်အလမ်း၊ အခက်အခဲကို ရှောင်မပြေးနဲ့ ကျော်လွှားပါ၊ ဘဝရဲ့ စမ်းသပ်ချက်တွေ၊ မိမိကိုယ်တိုင် ပြီးပြည့်စုံသူ ဖြစ်အောင် ကြိုးစားပါ၊ လူသားဂုဏ်ရည်၊ ယုံကြည်မှုမှတ်တမ်း၊ အတိတ်ကိုငဲ့ အနာဂတ်ဆီလှည့်၊ ပညာရေးနှင့် စွမ်းရည်နယ်မြေ၊ အရှုံးသမားရဲ့ လက္ခဏာ၊ ကြီးမြတ်တဲ့ အချိန်၊ လေ့နံ့စားထစ်နှင့် တည်ငြိမ်မှု၊သတ္တိ၊ပညာ၊ အာရောဂျံပရမံလာဘာ၊ ကောင်းမြတ်တဲ့နှမ္မနာ· · ·စသည်တို့ ဖြစ်ကြသည်။ ဤစာအုပ်ကို ပန်းချီလင်းဝဏ္ဏ၏ မျက်နှာဖုံးဖြင့် တန်ဖိုး ၁၀၀၀ိ/- ကျပ် သတ်မှတ်ကာ Wisdom House စာအုပ်တိုက်က ထုတ်ဝေလိုက်သည်။

---

## အောင်ဆင့်၏ ပလက်တီနမ်ဝတ္ထုတိုများ

၁၉၇၀ ဝန်းကျင်တစ်ဝိုက် တက္ကသိုလ်နယ်မြေမှ ပေါ်ထွက်လာသော ကလောင်များတွင် ဆရာအောင်ဆင့်လည်း အပါအဝင်ဖြစ်သည်။ ဤဝတ္ထုတိုပေါင်းချုပ်စာအုပ်သည် ဒေသကောလိပ်မဂ္ဂဇင်း၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မဂ္ဂဇင်းတို့ အပါအဝင် ပြင်ပ စာနယ်ဇင်းများ၌ ရေးသားခဲ့သော ဝတ္ထုတိုများကို စိစစ်ရွေးချယ်ကာ စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဤစာအုပ်နှင့်စပ်လျဉ်း၍ ဆရာသုမောင်က- "ကျွန်တော်နှင့် ဆရာအောင်ဆင့်မှာ အသက်ရော၊ ဂုဏ်ပါ သိပ်ပြီး မကွာခြားကြပေရာ ချီးမွမ်းကဲ့ရဲ့ မလုပ်လိုပါ။ သူ့စာတွေကို ကြိုက်ပြီးသားတော့ ဖြစ်နှင့်နေပါပြီ။ သူသည် ကျွန်တော်နှင့် ရေးပုံရေးလက် ဆင်တာ တွေ့ရပါသည်။ မိမိအနီးဝန်းကျင်မှာရှိသော လူတန်းစား၊ လူစရိုက်များကို ဖွဲ့ရာမှာ တူပါသည်။ · · ·ယခုအခါ၌ ဆရာအောင်ဆင့်၏ ဝတ္ထုတိုလေးများကို ဖတ်ရသောအခါ သူ၏ 'တစ်ပတ်လည်' ရှိသားမှုကလေးကိုလည်း မြင်လိုက်ရပါသည်" ဟူ၍လည်းကောင်း၊ ကိုဦး(ဖလင်)ကလည်း "ဤစာအုပ်ကိုဖတ်ပြီး ရသမျိုးစုံကို ခံစားရလိမ့်မည်ဟုလည်း ယုံကြည်မိပါသည်" ဟူ၍လည်းကောင်း ဆိုထားပေသည်။

ဤစာအုပ်တွင် ဝတ္ထုတိုပေါင်း (၃၂)ပုဒ်တိတိ ဖော်ပြထားပြီး မျက်နှာဖုံးပန်းချီ ဝင်းမောင်ညွှန့်၊ နောက်ဖုံးပန်းချီ မောင်သီဟတို့၏ လက်ရာဖြင့် ပန်းဝေဝေစာပေမှ တန်ဖိုး ၁၀၀၀ိ/- ကျပ် သတ်မှတ်ကာ ထုတ်ဝေလိုက်ပြီဖြစ်သည်။

---

## ကိုမောင်စံသိန်း(ပိုလ်ချုပ်ရွာ)၏ တရားဥပဒေ ရောင်ခြည်သန်းလေပြီလား

မြစ်မှုမဂ္ဂဇင်းကလောင်ရှင်၊ ရှေ့နေစာရေးဆရာ ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)၏ ဥပဒေနှင့်မကင်းသူများ၊ ဥပဒေပညာ လိုက်စားသူများအတွက် ဥပဒေ၏ သုဘာရသစုံကို ခံစားတင်ပြထားသော စာအုပ်ဖြစ်ပေသည်။

ဤစာအုပ်တွင် အကြည်ညိုပျက်မှု၊ မြို့တော်ဝန်အား ဖမ်းဆီးခြင်း၊ မြို့တော်ဝန်ဆိုက်ရောက်ခြင်း၊ အမှုစစ်ဆေးခြင်း၊ ရန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ ညစာစားပွဲ၊ ကျွန်တော့်စိတ်ကို ပိုင်းဖြတ်လိုက်ခြင်း၊ ဆင်ရတားပြုခြင်း၊ အုတ်အော်သောင်းနင်း ဖြစ်သွားခြင်း၊ ဆင်ရတား၏ နှုတ်ဆက်ပွဲ စသည့် အကြောင်းအရာ ၁၀ ခု ပါဝင်သည်။ အကြောင်းအရာတိုင်းသည် ဥပဒေနှင့် စပ်လျဉ်းသော ဗဟုသုတတို့ ထုံမွမ်းထားသည်။ ဤစာအုပ်အား ကိုတင်ထွန်းမှ စီစဉ်ပြီး စိတ်ကူးသစ်စာပေမှ တန်ဖိုး ၁၃၀၀ိ/ ကျပ်သတ်မှတ်ကာ ထုတ်ဝေလိုက်ပေသည်။

ကသစ္စာ



www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုဖြေတော်သား



## သက်သေအပေါ် မူတည်သည်

မြို့နယ်တရားသူကြီး၏ စားပွဲပေါ်သို့ အမှုတွဲတစ်ခု ရောက်လာ၏။ အမှုတွဲနှင့်အတူ တရားခံဖြစ်သူလည်း ပါလာ၏။ အမှုတွဲကို ဖတ်ကြည့်သောအခါ ဒေါသမထိန်းနိုင်ဘဲ လက်ရောက်ကျူးလွန်သော အမှုဖြစ်နေသည်။

အမှုတွဲကို ဖတ်ရှုပြီးသည့်နောက် တရားခံအား ထောင်မေးမြန်းလေ၏။

"မောင်မင်းဟာ သည်အမှုမှာ ကိုယ်တိုင် ဒေါသထိန်းနိုင်ဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်တယ်ဆိုတာ မှန်ပါသလား"

ဤတွင် ဝက်ခြံအတွင်းရှိ တရားခံလည်း ...

"ဒါကတော့ သက်သေတွေရဲ့ ထွက်ဆိုချက်တွေအပေါ်မှာ မူတည်ပါတယ်။ သူတို့ ဘာမျှမထွက်ဆိုသေးတော ကျွန်တော့်အနေနဲ့ အမှန်တကယ် ပြစ်မှုကျူးလွန်ခြင်း ရှိ-မရှိကို အမှန်မလျှောက်ထားနိုင်သေးပါဘူး"

ဟူ၍ ဖြေလိုက်လေရာ တရားသူကြီးမင်းခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

□ □ □

## သက်သေသက္ကာယ ရှိပါသည်

ပြောမနာ ဆိုမနာ ခင်မင်ရင်းနှီးသော သူငယ်ချင်းနှစ်ယောက် ဘီယာဆိုင်ကလေးတစ်ဆိုင်၌ ဆုံတွေ့စားသောက်ကြကာ စကားတွေ ဖောင်ဖွဲ့မဆုံးနိုင် ဖြစ်နေကြလေ၏။

"ဝင်းမောင်ဖရေ ... အိပ်မွေ့ချပညာဆိုတာဟာ အတော့်ကို ထူးဆန်းတယ်ကွာ။ လူတစ်ယောက်ကို အိပ်

www.burmeseclassic.com

မေ့ချပြီးရင် ကိုယ်လိုရာကို ဆွဲဆောင်နိုင်တယ်ဆိုပဲ။ တကယ်ကို စွမ်းအားကြီးမားတာကွ"

"ဟာ ... ငါတော့ သိပ်လက်မခံချင်ဘူး ညွန့်တင်။ မင်းပြောတာ ယုံတမ်းစကားတွေ ဖြစ်ပါလိမ့်မယ်"

ဤတွင် ညွန့်တင်သည် တွေခနဲ ဖြစ်သွားသည်။ အတန်ကြာ စဉ်းစားနေရာမှ ...

"မင်းယုံအောင် ငါဘယ်လိုပြောရမလဲ ဝင်းမောင်။ အသေးစိတ်တော့ မပြောတော့ဘူး။ ငါ့မိန်းမ ခင်နှင်းဟာ ဘယ်ကဘယ်လို သင်လာခဲ့တယ်မသိပါဘူး။ အိပ်မွေ့ချတဲ့ ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေသကွ"

"နေပါဦး။ မင်းမိန်းမက ဘယ်လိုကြောင့် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေတယ်လို့ ပြောဆိုနေရတာတဲ့လဲ"

"ဘာ့ကြောင့်ဆို ... မနေ့ညက စိန်ဘရားသားကုမ္ပဏီပိုင်ရှင် ဂျော့စိန်လင်းနဲ့ လိုက်သွားပြီး သူ့ရဲ့ အိပ်မွေ့ချပညာနဲ့ ငွေတစ်သိန်းတိတိ ယူလာနိုင်ခဲ့လို့ပေါ့ကွယ်"

"ဟေ ..."

□ □ □

## အလျှောက်ကောင်းတော့လည်း

ငွေစက္ကူအတု သုံးစွဲသည့်အမှုမှာ အမှန်တကယ်မသိ၍ အမှုမှ လွတ်မြောက်ပါသော်လည်း ကိုယ်တိုင်ခိုးယူခဲ့ပါသည်ဟု ဝန်ခံထားသဖြင့် တရားခံမှာ ခိုးမှုဖြင့် ဖမ်းဆီးအရေးယူခံရကာ တရားရုံးသို့ ရောက်လာပါချေ၏။

"ကိုင်း ... မောင်မင်း၊ ခိုးမှုအတွက် ဘယ်လိုများ တင်ပြလျှောက်လဲချင်သလဲ"

"မှန်လှပါ တရားသူကြီးမင်း၊ အဲသည် ငွေစက္ကူအတုတွေကို ကျွန်တော်မျိုးကြီး ခိုးယူခဲ့တယ်ဆိုတာ ဝန်ခံပါတယ်။ ဒါပေမဲ့ ပညာရှိတရားသူကြီးမင်းအနေနဲ့ စဉ်းစားကြည့်စေချင်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ငွေစက္ကူအတုတွေဆိုတာ တန်ဖိုးရှိပါသလားခင်ဗျာ"

တကယ်တော့ ငွေစက္ကူအတုတွေဆိုတာ တရားဝင်တန်ဖိုး လုံးဝမရှိပါဘူး။ အဲသည်လို တစ်ပြားတစ်ချပ်ကလေးမျှ တန်ဖိုးမရှိတဲ့ပစ္စည်းကို ယူလိုက်ခြင်းမှာ အပြစ်ရှိပါသလား၊ ရာဇဝတ်မှုမြောက်ပါသလား။

တရားသူကြီးမင်းခင်ဗျား ... ဒါဟာ တကယ်တော့ အပြစ်မရှိပါဘူး။ ရာဇဝတ်မှုလည်း မမြောက်ပါဘူး"

ပိုင်လိုက်သည့် လျှောက်လဲချက်။

သည့်အတွက်ကြောင့်လည်း ငွေစက္ကူအတုများ သုံးစွဲနေမှုမှ လွတ်ပေးခဲ့ရပြီးပေပြီ။ ယခုလည်း မိကျောင်းမင်းရေခင်းပြသွားသည့် လျှောက်လဲချက်အား မည်သို့မျှ ငြင်းချက်မထုတ်နိုင်။

သို့ဖြင့် ... တရားသူကြီးမင်းလည်း တရားခံအား အမှုမှ အပြီးအပြတ် လွှတ်ပေးခဲ့ရပါလေသတည်း။

□ □ □

## ဝမ်းနည်း,ဝမ်းသာ ဝမ်းသာ,ဝမ်းနည်း

နိုင်ငံရပ်ခြား တိုင်းပြည်တစ်ပြည်၌ ဖြစ်၏။

လူတစ်ယောက်သည် ငွေစက္ကူဒေါ်လာအတု သုံးစွဲမှုဖြင့် အဖမ်းခံရလေရာ ရုံးတင်စစ်ဆေးသည့်နေ့၌ တရားသူကြီးမင်းအား သူကိုယ်တိုင် လျှောက်လဲချက်ပေးလေ၏။

"တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်မျိုးကြီးဟာ ငွေစက္ကူအတုတွေ ဖြစ်နေမှန်းမသိတဲ့အတွက် သုံးစွဲမိခြင်းသာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်မျိုးကြီးမှာ အပြစ်မရှိကြောင်း ချေပလိုပါတယ်"

ဤတွင် တရားသူကြီးမင်းလည်း ခေါင်းတဆတ်ဆတ်ညိတ်လျက် မေးခွန်းပြန်ထုတ်လိုက်လေ၏။

"ကိုင်း ... သည်လိုဆိုရင် မောင်မင်းအနေနဲ့ ငွေစက္ကူအတုတွေဖြစ်မှန်း မသိတဲ့အကြောင်း ဘယ်လို အထောက်အထားပြနိုင်သလဲ"

"မှန်လှပါ တရားသူကြီးမင်းခင်ဗျား ... ငွေစက္ကူတွေဟာ အတုတွေဖြစ်နေမှန်း ကျွန်တော်မျိုး မသိတာ အမှန်ပါ။ ဘာ့ကြောင့်လဲဆိုတော့ အဲသည်ငွေစက္ကူတွေဟာ ကျွန်တော်မျိုး ခိုးယူရရှိလာတဲ့ ငွေစက္ကူတွေ ဖြစ်နေလို့ပါ။ တကယ်လို့သာ အဲသည်ငွေစက္ကူတွေဟာ အတုတွေဖြစ်တယ်လို့ သိနေခဲ့ရင် ကျွန်တော်မျိုးကြီးအနေနဲ့ ခိုးယူဖို့ရာ အကြောင်းမရှိပါဘူးခင်ဗျာ။ ဒါကြောင့် ဒီငွေစက္ကူတွေဟာ အတုမှန်း ကျွန်တော်မျိုးကြီး အမှန်တကယ် မသိတဲ့အကြောင်း ထင်ရှားနေပါပြီခင်ဗျား"

တရားခံ၏ လျှောက်ထားချက်အပြီးမှာတော့ တရား



www.burmeseclassic.com

www.burmeseclassic.com

ခွင်သို့ လာရောက်လေ့လာ နားဆင်နေကြသောသူအပေါင်း မှာ "ပိုင်လိုက်တဲ့ လျှောက်ထားချက်ပဲကွာ။ တရားသူကြီး မင်းတော့ ဘယ်လိုများ အမိန့်ချမလဲ မသိဘူး"ဟူ၍ စိတ် ဝင်တစား ဖြစ်နေကြလေ၏။

တရားသူကြီးမင်းမှ အမိန့်ချပါလေပြီ။

"မောင်မင်းအနေဖြင့် ငွေစက္ကူအတုမှန်းမသိသဖြင့် သုံးစွဲမိခြင်းဖြစ်ပေရာ ထိုအမှုမှ ကင်းလွတ်စေ။ သို့ရာတွင် နိုးနိုးကြားကြားဖြင့် ဖမ်းဆီးအရေးယူစေ ..."

ဟူသတည်း။

□□□

## သားသမင်းလား၊ ကျားဘုရင်လား

ခေတ်မီလူနေတိုက်ခန်းတစ်ခန်းသို့ အလှကုန်ပစ္စည်း ရောင်းချသော မိန်းမငယ်နှစ်ဦးရောက်လာသည်။ တံခါး ခေါက်သဖြင့် တိုက်ခန်းပိုင်ရှင် လူရည်သန့်သန့်တစ်ဦးက တံခါးဖွင့်ပေးလိုက်သည်။ မိန်းမငယ်နှစ်ဦးလည်း လူရည်သန့် ပုဂ္ဂိုလ်နှင့် အခန်းအနေအထားကို ဝေ့ဝဲကာ အကဲခတ်လိုက် ရင်း ...

"ဦးရဲ့မိသားစုကော မရှိဘူးလား"

"ဟင့်အင်း ... တစ်ယောက်တည်းပါပဲ။ ပြောင်း လာတာ တစ်ပတ်တောင် မရှိသေးဘူး"

သည်စကားကြောင့် မိန်းမငယ်နှစ်ယောက် တစ်ဦး ကိုတစ်ဦး အဓိပ္ပာယ်ပါပါဖြင့် ကြည့်မိလေ၏။ ထို့နောက် ၎င်းတို့တွင်ပါလာသော အလှကုန်ပစ္စည်းများကို ထုတ်မပြ တော့ဘဲ ...

"ဦး ... အခုနေ ကျွန်မတို့နှစ်ယောက်ကိုယ်ပေါ်က အဝတ် အစားတွေကို ဆုတ်ဖြဲလိုက်မယ်ဆိုရင် ဘာဖြစ်သွားမယ် ထင်သလဲ"

ဟူ၍ စကားစလိုက်၏။

"ပြဿနာတက်သွားမှာပေါ့ကွယ်"

"ဟား ... ဦးက သဘောပေါက်တာမြန်သားပဲ။ ဒါလောက်ဆိုရင် ကျွန်မတို့ ဘာဆိုလိုတာကို ဦးသဘော ပေါက်ပါတယ်နော်"

"ဩော် ... လက်စသတ်တော့ မင်းက ငါ့ကို အနှ ကြမ်းစီးနေတာပေါ့"

"ဟုတ်တာပေါ့ရှင်။ ကဲ ... ပြဿနာမဖြစ်ချင်ရင် ကျွန်မတို့ကို ခုချက်ချင်း ငွေငါးသိန်းပေးလိုက်ပါ"

"ဟ ... ငါ့ဘက်က ဘာမှ အမှားမလုပ်တဲ့ဥစ္စာ ဘာဖြစ်လို့ ပေးရမှာလဲ"

"မပေးရင် ဦး ပြဿနာတက်သွားမှာပေါ့"

"ဒါဆိုလည်း လုပ်လိုက်လေ။ မင်းတို့ပြဿနာမလုပ် ခင် ငါဘယ်သူလဲဆိုတာ မေးလိုက်ဦးလေ"

"ဒါဖြင့် ဦးက ဘယ်သူလဲ"

"ငါလား ... ဒီမြို့နယ်ကို ပြောင်းလာတဲ့ မြို့နယ် တရားသူကြီးလေ"

စကားအဆုံးမှာတော့ မိန်းမငယ်နှစ်ဦးလည်း အခန်း တွင်းမှ သုတ်ခနဲပြေးဆင်းသွားကြလေသတည်း။

□□□

## ကိုရွှေရိုးရဲ့ ရိုးပုံပြင်

တစ်ခါက မြို့နယ်တစ်ခု၏ ခန်းမတစ်ခု၌ စာရိတ္တ မြင့်တင်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပွဲတစ်ခုပြုလုပ်ရာ ကျောင်းသူကျောင်းသားများအပါအဝင် မြို့နယ်သူ၊ မြို့နယ် သားအပေါင်းတို့ တက်ရောက်နားဆင်ကြ၏။ ထိုဟောပြော ပွဲသို့ ဖိတ်ကြားထားသော ဂုဏ်သရေရှိလူကြီးတစ်ဦးက စင်မြင့်ပေါ်သို့ တက်ကာ 'ရိုးသားခြင်းဂုဏ်'အမည်ဖြင့် ဟောကြားလေ၏။

"ကျွန်တော် ငယ်ငယ်တုန်းကပေါ့ဗျာ"

ခရီးတစ်ခုကို သွားရင်းနဲ့ လမ်းမှာ ရေဆာလာ တယ်။ ခုကာလလို ရေသန့်ဘူးတွေ မရှိသေးတာမို့ အခက် တွေ့နေတော့တာပေါ့။ လမ်းဘေးဝဲယာမှာတော့ လူသွားလူ က မရှိသလောက်ပဲ။ အရိပ်ကောင်းတဲ့ ညောင်ပင်အောက် ရောက်တော့ ရေချမ်းစင်ကလေးများ ရှိမလားလို့ ရှာကြည့် ပါသေးတယ်။ ရှာပေမဲ့လည်း မတွေ့ခဲ့ပါဘူး။ ပတ်ဝန်းကျင် ဘယ်ညာကိုကြည့်လိုက်တော့ ဖရဲခင်းတွေခင်ဗျ။

ကျွန်တော်လည်း ဟန်ကျပြီဆိုပြီး လူသူကလည်း ကင်းရှင်းနေတာမို့ အနီးစပ်ဆုံး ဖရဲခင်းတစ်ခင်းရှိရာသွားပြီး စတွေ့တဲ့ ဖရဲသီးတစ်လုံးကို ခူးလိုက်ပြီး ညောင်ပင်ရိပ်ရှိ ရာကို ပြန်သွားတယ်။ နောက် .. ရေဆာတဲ့ဒဏ် ပြေ ပျောက်ရအောင်လို့ ဖရဲသီးကိုခွဲပြီး ကိုက်ကြည့်လိုက်တဲ့အခါ

www.burmeseclassic.com

မှာ ကျွန်တော့်ရဲ့စိတ်ထဲ အသိတစ်ခုက ဖျတ်ခနဲဝင်လာတယ်။ အဲဒါဘာလဲဆိုတော့ ငါလုပ်လိုက်တဲ့အလုပ်ဟာ ဘကယ့်ကို မှားယွင်းသွားပြီဆိုတာပါပဲ''

အပြောအဟောကလည်းကောင်း၊ အာဝဇ္ဇန်းကလည်းရွှင် ခေါင်းစဉ်နှင့် အကြောင်းအရာကလည်း ဟပ်မိလေတော့ ပရိသတ်များ စိတ်ဝင်တစားဖြင့် ငြိမ်သက်စွာ နားထောင်နေမိကြလေ၏။

''အဲဒါနဲ့ ကျွန်တော်လည်း တစ်ကိုက်ပဲ ကိုက်ရသေးတဲ့ ဖရဲသီးကိုယူပြီး မူလနေရာကို သွားလို့ပြန်ထားခဲ့ပါတယ်။ အဲသည်နောက်မှာတော့ ခုနကလို မမှည့်သေးတဲ့ ဖရဲသီးတွေကိုရှောင်ပြီး ရင့်မှည့်နေတဲ့ ဖရဲသီးတစ်လုံးကို ထပ်ခူးခဲ့ပါတယ်ခင်ဗျာ'

ပရိသတ်မှာတော့ ပါးစပ်တွေအဟောင်းသား။

□□□

## ကြောက်လွန်းလို့ပါ

ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းတစ်ခန်းတွင် လင်မယားနှစ်ယောက် နေထိုင်ကြ၏။ လင်ဖြစ်သူက နားအေးပါးအေး နေလိုသလောက် မယားဖြစ်သူမှာ စကားပေါက်ပေါက်ဖောက်ကာ တစ်ဖက်လူ နားမခံသာလောက်အောင် လေကြောရှည်တတ်၏။ သည့်အတွက် လင်ဖြစ်သူမှာ ''ဝေးလေ ကောင်းလေ''ဟု ယူဆနေလေ၏။ သူတို့နှစ်ယောက်စလုံး ကုမ္ပဏီတစ်ခုစီ၌ ဝန်ထမ်းများ ဖြစ်ကြ၏။

အလုပ်ဖွင့်ရက်တစ်ရက်၌ နံနက်ခိုးလင်းကတည်းကပင် မိုးက သည်းယန်စွာ ရွာသွန်းနေလေသည်။ သူတို့နှစ်ယောက်စလုံး အလုပ်သွားဖို့ ပြင်ဆင်နေစဉ်မှာပင် လင်ဖြစ်သူသည် စိတ်ကူးတစ်ချက်ရပြီး ...

''မိန်းမရေ ... ရာသီဥတုက သိပ်တော့ အကဲမလှဘူး။ ငါတော့ ကုမ္ပဏီမသွားတော့ဘူးကွာ။ ဖုန်းဆက်ပြီး ခွင့်တိုင်လိုက်တော့မယ်''

ဟု ဆိုလေ၏။ ဤတွင် မိန်းမဖြစ်သူက –

''ဟုတ်ပါရဲ့။ ဒီမိုးက ပေါ်တော်နဲ့ စဲလိမ့်မယ် မထင်ဘူး။ ကျွန်မလည်း ကုမ္ပဏီကနေ ခွင့်တစ်ရက် ယူလိုက်တော့မယ်''

ဟု ဆိုလေရာ လင်ဖြစ်သူသည် ကမန်းကတန်းပင် အိတ်ကိုဆွဲလျက် ...

''ဟာ ... ခုမှ သတိရတယ်။ သည်ကနေ့ အထူးအစည်းအဝေးရှိတယ်။ စာရင်းတွေက ငါ့ဆီမှာ။ ငါမသွားလို့ မဖြစ်တော့ဘူး''

ဟု ဆိုပြီးသည့်နောက် မယားထံမှ တုံ့ပြန်စကားကိုပင် နားမဆင်တော့ဘဲ ဝေါက်ခနဲ ထွက်သွားလေတော့သတည်း။

□□□

## အကြောင်းရှာလိုက်တော့

ကုမ္ပဏီဝန်ထမ်းတစ်ယောက် သတ်မှတ်ချိန်ရောက်မလာဘဲ အချိန်အတန်ကြာ နောက်ကျပြီးမှ ရောက်လာသည့်အတွက် တာဝန်ချိန်ကြီးကြပ်သူက ခေါ်တွေ့မေးမြန်းလေ၏။

''မင်း ... ဘာဖြစ်လို့ နောက်ကျပြီးမှ ရောက်ရတာတဲ့လဲ''

''အိပ်နေရင်းက ဘောလုံးပွဲအကြောင်း အိပ်မက်မက်နေခဲ့လို့ပါဘုရား''

''ဘာဆိုင်လို့လဲကွ ... မင်းဟာက''

''ဆိုင်ပါသော်ကော ဆရာရယ်။ ဘောလုံးပွဲတစ်ဖက်နဲ့တစ်ဖက် ကစားပုံအချက်အလက်က သူမသာကိုယ်မသာခင်ဗျ။ သည်တော့ ပွဲသတ်မှတ်ချိန်အထိ တစ်ဖက်နဲ့တစ်ဖက် ဂိုးမဝင်ဘူး''

''သည်တော့ ဘာဖြစ်လဲ''

''ဘာဖြစ်ရမှာလဲ ဆရာရယ်။ အချိန်ပိုကစားကြတာပေါ့''

''သည်တော့ ဂိုးဝင်သွားကြရောမဟုတ်လား''

''မဝင်သေးဘူး ဆရာ''

''ဟာ ... မင်းဟာက''

''မဟာနဲ့ဆရာ ...။ အချိန်ပိုမှာ ဂိုးမဝင်သေးလို့ နောက်ဆုံး ပင်နယ်တီနဲ့ပဲ ဂိုးသွင်းခိုင်းရတယ်။ အဲဒါ အိပ်မက်က မရှည်သင့်တာထက်ရှည်ပြီး အိပ်ရာထနောက်ကျသွားခဲ့လို့ပါ ဆရာရယ်''

''ဟင်း ... နော်''


မြို့မေတ္တာခံယူ

■ ကိုရွှေထော



www.burmeseclassic.com

www.burmeseclassic.com



# အမှုအပ်ချင်ဦး

## ထက်ဝေး

တရားရုံးကို အမှုအပ်ဖို့ရောက်လာတဲ့ ကိုဝင်းဇော်ဟာ တစ်ခါမှ အမှုမဖြစ်ဖူးတော့ ဘယ်ရှေ့နေငှားရမယ်မသိဘူး ဖြစ်နေတယ်။ ဒါကြောင့် တရားရုံး လျှောက်လွှာစာရေးကို မေးကြည့်တော့ ရှေ့နေကြီးရဲထက်ဆိုးရှိတယ်၊ ခင်ဗျားငှားမလားပေါ့။

ကိုဝင်းဇော်ကလည်း အတွေ့အကြုံမရှိရှာတော့ "ဩော် ... ရဲထက်ဆိုးတောင် နာမည်အတော်ကြီးနေပဲ"ဆိုပြီး

"ဆရာစာရေးရယ် ... နာမည်ကြီးဆို ငှားပါ့မယ်။ ခေါ်ပေးပါ"

လို့ပြောပါတယ်၊ ဒီမှာတင် လျှောက်လွှာစာရေးက ရဲထက်ဆိုးတဲ့ ရှေ့နေကြီးကို ရှာတွေ့ပေးလိုက်ပါတယ်၊ ရှေ့နေက ပထမဦးစွာ လက်ဖက်ရည်ဆိုင်ကို ခေါ်သွားပါတယ်။ အမှုအပ်မှာလား။ ဘာအမှုလဲလို့ မေးတဲ့အခါ ကိုဝင်းဇော်က –

"ဆဲမှုပါဆရာ"တဲ့။

ရှေ့နေက "ဆဲမှုလား"ဆိုပြီး လက်ဖက်ရည်ဆိုင်ထဲ ဟိုဟိုဒီဒီ ကြည့်လိုက်တယ်၊ ဒီအချိန်မှာပဲ စားပွဲထိုးလေးက

"ဘာသောက်မှာလဲ ဆရာလို့"

လာမေးပါတယ်။

"အေး ... ထုံးစံအတိုင်းချ၊ ဩော် ... နေဦး၊ မနေ့ကချပေးတဲ့ ကိတ်မုန့်ရှိသေးလား။ ၁၀ ခုလောက်ထုပ်လိုက်၊ မိန်းမက ကြိုက်တယ်ကွ။ ဟော့ကောင်ဆေးလိပ်က တစ်ဘူးလုပ်လေ၊ လက်ဖက်ရည် နှစ်ခွက်ချ"

ရှေ့နေက ကိုဝင်းဇော်ဘက်လှည့်ပြီး "နောင်ကြီး၊ လက်ဖက်ရည်ပဲလား"

လို့ မေးပါတယ်။ ကိုဝင်းဇော်ကလည်း ရိုရိုကျိုးကျိုးနဲ့ ဟုတ်ကဲ့ခင်ဗျလို့ ပြန်ပြောလိုက်ပါတယ်။

"အေးဗျ ... ဆဲမှုဆိုတော့ အမှုသဘောအရတော့ အာမခံလုပ်ရမယ်။ လုပ်ပြီးပြီလား"

ကိုဝင်းဇော်ကလည်း မျက်လုံးပြူးပြီး

"မလုပ်ရသေးပါဘူး"

လို့ ပြန်ပြောတဲ့အခါ –

"ခင်ဗျားတော့ ဒုက္ခပဲ။ ဒါချုပ်လို့ရတယ် ဘာမှတ်လဲ။ အခုသွားလုပ်ရမယ်။ ဩော် ... နေဦး"

ရှေ့နေက စားပွဲထိုးကို လှမ်းခေါ်ပါတယ်၊ ပြီးတော့ ကိုဝင်းဇော်ဘက်လှည့်ပြီး

"ခင်ဗျားရှေ့နေခ အရင်ရှင်းထား။ ဟော့ ... စားပွဲထိုး ဒီဝိုင်းတွက်မယ်၊ ငါ့ကို ကြက်ဥပြုတ်သုံးလုံးစာပါထည့်တွက်နော်"

"သားက ကြက်ဥပြုတ်သိပ်ကြိုက်တာ"လို့လည်း ပါးစပ်က ပြောနေသေးတယ်၊ စားပွဲထိုးရောက်လာတော့ ကိုဝင်းဇော်ရှင်းလိုက်ရတာ သုံးထောင်ကျပါတယ်။

ရှေ့နေခက ၅၀၀၀ ပေးရပါတယ်။ ရှေ့နေက ဆက်ပြီး –

"ခင်ဗျား အာမခံရဖို့ တရားသူကြီးဆီ ဝင်ရမယ်။ လျှောက်လွှာစာရေးဆီသွားအကျိုးအကြောင်း ဝင်ပြောဒိုင်။ တရားသူကြီးက အာမခံမပေးရင် ခင်ဗျားအချုပ်ခံရမယ်၊ ဘာမှတ်လဲ"

ကိုဝင်းဇော်လည်း "ဟုတ်"တစ်လုံးတည်းပြောပြီး လျှောက်လွှာစာရေးဆီ ပြေးရပြန်ပါတယ်။ လျှောက်လွှာစာရေးကလည်း ခပ်တည်တည်နဲ့မို့ မျက်နှာချိုသွေးပြီး တောင်းပန်ခယရပြန်ပါတယ်၊ လျှောက်လွှာစာရေးက

"ခင်ဗျား တရားသူကြီးဆီဝင်ရမယ် မပူနဲ့။ ကျွန်တော်ပိုင်ပါတယ်။ ၁၀၀၀၀ လောက်တော့ကုန်မယ်"

ကိုဝင်းဇော် မျက်လုံးပြူးသွားပါတော့တယ်။ "ဗျာ"ဟုသာ သူရွတ်နိုင်ပါတော့တယ်။ ဆဲမိတဲ့သူ့ပါးစပ်ကို ဖောင်းခနဲမြည်အောင် သူရိုက်လိုက်မိပါတယ်။ လျှောက်လွှာစာရေးက တရားသူကြီးခန်းထဲ အာမခံပေးရန် လျှောက်လွှာစာရွက်လေးလိပ်ပြီးကိုင်လို့ ဝင်သွားပြီး –

"ဆရာ ... ဗမာဆေးပါးပါးမှာ ဂုံခါးထည့်မလား။ ကျွန်တော်သွားတုပ်လိုက်မယ်"

လို့ ပြောတဲ့အခါ တရားသူကြီးက "အေး"တစ်လုံးပဲပြန်ပြောတာ ကြားလိုက်တယ်။ ဒါကို စာရေးက အပြင်ရောက်တော့ ကိုဝင်းဇော်ကို –


"ငါမနည်းပြောခဲ့ရတယ်။ အခုတောင် သူစားဖို့ ကွမ်းယာထုပ် ဝယ်နိုင်းလိုက်တယ်။ ငါသွားဝယ်ရဦးမယ်"

ကိုဝင်းဇော်ကလည်း "ဟုတ်"လို့ တစ်လုံးတည်းသာ ရွတ်နိုင်ပါတော့တယ်။

နေ့လယ်မှာ သူ့ပါးသူပြန်ရိုက်ပြီး ပါးစပ်က ပွစိပွစိလုပ်နေကဲ့ လူတစ်ယောက်ကို တရားရုံးလာသူများက အထူးအဆန်း ဝိုင်းကြည့်နေကြပါတယ်။ ထိုသူဟာ တခြားမဟုတ်၊ ကိုဝင်းဇော်သာ ဖြစ်ပါသည်ခင်ဗျား။

ထက်ဝေး

www.burmeseclassic.com



# မေတ္တာစား

## ရေကျော်စိုးအောင်

လောကဓာတ်ခံ့ပေါ်မှာက လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိပါလေရဲ့။ ဒါကိုငြင်းရင် မှားမယ်ဆိုတာက အသေအချာပါ။ လူတွေအပေါ်မှာ စိတ်ထားကောင်းနေသယောင်ယောင် စိတ်ညစ်ရှုပ် မျက်နှာဖုံးစွပ်၊ ပျားရည်လောင်း၊ သကာဖျန်းထားတဲ့ မျက်နှာက လူ့လောကဓာတ်ခံ့ပေါ်မှာ ဟန်ဆောင်အပြုံးကိုယ်စီနဲ့ သနားစရာ ကောင်းလှပါဘိတော့တယ်။

ကျုပ်ကိုမွေးလာကတည်းက အချင်းစလွယ်သိုင်းဆိုလား ဘာလားဆိုပဲ။ အဖေ ဘယ်သူဆိုတာ သိခဲ့ပုံမရပါဘူး။ အမေကလည်း မကျွေးနိုင်လို့ မွေးမွေးချင်း အမှိုက်ပုံမှာ စွန့်ပစ်ခံရတဲ့ကောင်ပါ။ ဓားပြဓခါင်းဆောင် မိုးသီးက ကောက်ယူမွေးစားခဲ့လို့ လူဖြစ်ခဲ့ရတာပါ။ ဒီတော့ လူဆိုးလူပေ၊ လူတေ၊ လက်ကောက်စတဲ့ ဘဝတွေမှာ ဖြတ်သန်းကြီးပြင်းခဲ့ရတာ ဘာဆန်းမှာလဲ။

သြော် . . . မေ့လို့၊ ပြောရဦးမယ်။ ကျုပ်နာမည်က မိုးသီးရဲ့သားမို့ မိုးမှောင် ဆိုတာပါပဲ။ ပြဿနာဖြစ်ပြီဆို လက်စွဲတော်ဓားကလည်း အဆင်သင့်ဆိုတော့ မိုးမှောင်နာမည်က ဓားမိုးမှောင်လို့လည်း အမည်တွင်ခဲ့တာက အမှန်ပါ။

ဓားမိုးမှောင်က ဓားကြောင့် ဒုက္ခပင်လယ်ဝေခဲ့ရတာလည်း ကြိမ်ဖန်များစွာပါ။ ဓားနဲ့ တစ်ဦးတစ်ယောက်ကို ထိုးဖို့ဆိုတာ ဝေလာဝေး။ ရွယ်လို့တောင် မရွယ်ခဲ့တာက အမှန်ပါ။ တစ်ချိန်မှာ ဓားမိုးမှောင်ဘဝနဲ့ အမည်ဖျောက်ဖို့ အချိန်တန်လာတာက ဒီလိုဗျာ . . .။

ကျုပ်နဲ့ ကြုံခဲ့ရတဲ့ အမျိုးသမီးက ဓားစန်းကြည်ဆိုတဲ့ အမျိုးသမီး။ ကြုံခဲ့တဲ့ နေရာက ပုဇွန်တောင်ခြံကြီးမှာပါ။ ဓားစန်းကြည်က ပုဇွန်တောင်ခြံကြီးထဲက မိုးချုပ်ရင် ခြံအပြင်ကို ခြံကြီးပိတ်တာနဲ့ အမြည်းကို တွက်ရောင်းတတ်တယ်။ ဖယောင်းတိုင်မီးလေးနဲ့ ရောင်းတတ်သလို ခေါးမှာ ဓားမြှောင်အမြဲ ချထားတတ်လို့ ဓားစန်းကြည် အမည်ရထားတာလို့ သိရပါတယ်။

ဖြစ်ချင်တော့ ကျုပ်တို့ ပုဇွန်တောင်ခြံထဲကို အမှတ်မထင် ရောက်ခဲ့ကြပြီး သူဌေးဦးသာဦးခြံကို ဓားပြတိုက်ကြဖို့ ချိန်းဝှက်တိုင်ပင်နေကြတာ ဓားစန်းကြည်ရဲ့ ဆိုင်မှာပါ။ ကျုပ်တို့အထင်က လျှို့ဝှက်တိုင်ပင်နေကြတာ သူမသိဘူးပေါ့။ ဒါပေမယ့် သူမက ပါးမှပါး၊ ရွှေတောင်စက္ကူ။ အမြည်းရောင်းနေပေမယ့် မသိမသာ သတင်းယူနေတဲ့ ရဲသတင်းပေးဆိုတာ သိလိုက်ရချိန်မှာ သံတိုင်ကြားကို ရောက်နေရပြီပေါ့။

ဦးသာဦးခြံကို ဓားပြတိုက်ဖို့ ချိန်းထားတဲ့အချိန် ညဥ့်တစ်ညဥ့်မှာ မျက်နှာဖုံးစွပ်ပြီး ဝင်စီးကြတယ်။ အိပ်နေတဲ့ ဦးသာဦးကို ဓားထောက်ပြီး မီးခံသေတ္တာသော့ တောင်းနေချိန်မှာ ကျုပ်ကျောကို ဓားတစ်လက်နဲ့ အထောက်ခံရချိန်မှာ ဦးသာဦးဘက် လှည့်ထားတဲ့ ကျုပ်ဓားမိုးမှောင်ရဲ့ဓား အောက်ချလိုက်ရတော့ယ်ဗျာ။

ကျုပ်မကျေနပ်လို့ လှည့်ကြည့်မိတော့ ဓားစန်းကြည်နဲ့ ပြည်သူ့ရဲတွေပေါ့။ ဓားစန်းကြည်ရဲ့ မချိအပြုံးက ကျုပ်ရင်ကို လာကလိနေသလိုပါပဲ။ ကျုပ်နှာဝါနဲ့ ရင်းနှီးလိုက်ရတဲ့အချိန်ကစပြီး ဓားမိုးမှောင်ဘဝကို လုံးဝဖျက်သိမ်းလိုက်ပြီပေါ့ . . . လို့။

ဓားမိုးမှောင်ဘဝကနေပြီး မေတ္တာစားအစား မေတ္တာတရားဘက် ပြောင်းလိုက်ပြီ ဒကာကြီးရယ် . . . ဟု ပြောပြောဆိုဆိုနဲ့ ကေသရတောတန်းဘက်ကို လှမ်းကြွသွားတဲ့ ဦးပဥ္စင်း ဦးကေသရရဲ့ နောက်ကျောဘက်ကို ကြည့်ရင်း သြော် . . . ဓား၊ ဓားတော့ ဓားပေါ့ . . .။

ဟိုစဉ်ကသာ ရာဇဝတ်ဘေးပြေးမလွှတ်ဆိုတဲ့ နှလုံးသားမေတ္တာစားကိုသာ ဦးပဥ္စင်း ဦးကေသရရင်တွင်းနှလုံးမှာ ထားရှိခဲ့မယ်ဆိုရင် မေတ္တာဓားတို့ ဘောက်ပ လှပနေမယ်လို့ ခံစားမိပါတော့တယ်။

ရေကျော်စိုးအောင်

www.burmeseclassic.com

# ဖောက်သည်အသစ်လေး လိုချင်တယ်

● သူရိန်စိုး(ဓမ္မဒူတ)

လောကမှာ ငွေဆိုတာ အရာရာကို ဖန်တီးနိုင်တဲ့ အင်္ဂါယာဘုရားသခင်ပဲလို့ အနောက်တိုင်း စာရေးဆရာတစ်ယောက် ပြောခဲ့ဖူးပါတယ်။ ပြည့်စုံမှုမရှိပေမဲ့ မှန်သင့်သလောက် မှန်ခဲ့ပါတယ်။ ဘာကယ်တော့ ငွေနဲ့ ဖန်တီးလို့မရတဲ့အရာတွေ လောကကြီးမှာ အများကြီးပါ။ ကိုယ်တွေ့ကြုံရတာလေးတစ်ခုကို တင်ပြပါရစေ။

၂၀၀၃ ခုနှစ်ကစပြီး ကျွန်တော်တို့ တောင်စွန်းမြို့လေးမှာ စာဖတ်ခန်းလေးတစ်ခု ဖွင့်ဖြစ်ခဲ့ပါတယ်။ သဘောတူရာ သူငယ်ချင်းတွေစုပြီး ဖွင့်ကြတာပါ။ ဒေသခံဆရာတော်များကလည်း ဝိုင်းဝန်းကူညီကြပါတယ်။ ဒေါက်တာပညာသာရကသဟာယကာရီလို့ အမည်ပေးခဲ့ပါတယ်။ အခမဲ့ဖတ်ရှုနိုင်တဲ့ စာအုပ်များစာရင်းကို ကြော်ငြာစာရွက်လေးတွေရိုက်ပြီး လူစည်ကားတဲ့ ဆက်စပ်ရည်ဆိုင်တွေ ဓမ္မာရုံတွေမှာ ကပ်ပေးပါတယ်။ အသံချဲ့စက်နဲ့လည်း ကြော်ငြာပေးခဲ့ပါတယ်။

ကျွန်တော်တို့ သူငယ်ချင်းတွေပဲ အလှူညီကျစာဖတ်ခန်းထိုင် စာရင်းမှတ်တာတွေ လုပ်ရတာပေါ့။ ရက်တွေ၊ လတွေ ကြာလာတာနဲ့အမျှ စာအုပ်ငှားဖတ်သူ နေ့စဉ်စာရင်းကို ကြည့်လိုက်ရင် ဒီလူဒီလူတွေပဲ ဖြစ်နေတာ တွေ့ရပါတယ်။ စာဖတ်သူအသစ် တိုးမလာပါဘူး။ အဲဒီမှာ ကျွန်တော်တစ်ခုတွေးမိတယ်။ အခုခံရှိရင် စာကြည့်တိုက်ကောင်းကောင်း ဆောက်လို့ရတယ်။ စာကြည့်တိုက်မှူးခန့်လို့ရတယ်။ စာအုပ်မျိုးစုံ ဝယ်ထားပေးလို့ရတယ်။ မပျောက်မပျက်အောင် ထိန်းသိမ်းလို့ရတယ်။ ဒါပေမဲ့ လူတွေစာဖတ်ချင်စိတ် ဖြစ်ပေါ်လာအောင် ငွေနဲ့လုပ်ယူလို့မရတာ ဖြစ်နေတယ်။

အများပြည်သူတွေ စာဖတ်ချင်လာအောင် စာဖတ်မှုအကျိုးတွေ တိုးတက်ကြမယ်ဆိုတာတွေကို လူတွေသိအောင် စာကြည့်တိုက်တွေဆောက်တယ်။ စာအုပ်စာစောင်တွေ လှူဒါန်းကြတယ်။ စာရေးဆရာတွေကလည်း အခါခွင့်သင့်သလို ဟောပြောကြပါတယ်။ သတင်းစာမှာလည်း စာပေမြင့်မှ လူမျိုးမြင့်မည်၊ စာအုပ်စာပေ လူ့မိတ်ဆွေ စသည်ဖြင့် နေ့စဉ် မြင်သာအောင် ဖော်ပြပေးနေတာ တွေ့ရပါတယ်။ ဒါပေမဲ့ လူတွေရဲ့ စာဖတ်ချင်စိတ်ကို တကယ်တမ်း မနှိုးဆွပေးနိုင်ခဲ့ပါဘူး။ စာဖတ်ခြင်းဆိုတာ မိသားစုတိုင်း မဖြစ်မနေလုပ်ရမည့် အလုပ်ပဲရယ်လို့ မခံယူတတ်ကြပါဘူး။ စာဖတ်ခြင်းဆိုတာ မိသားစုတိုင်း မဖြစ်မနေလုပ်ရမည့် အလုပ်ပဲရယ်လို့ မခံယူတတ်ကြပါဘူး။ စာဖတ်ခြင်းဆိုတာဟာ ဖုန်းကိုင်တာထက် ပိုပြီး ဂုဏ်သိက္ခာရှိတယ်လို့ ခံယူတတ်လာတဲ့အထိ လူတွေသိမြင်လာအောင် ငွေနဲ့ လုပ်ယူဖို့က အတော်မလွယ်ကူတဲ့ကိစ္စပါ။

စာဖတ်လေ့မရှိတဲ့ မိတ်ဆွေတစ်ယောက်ကို စာဖတ်ဖို့ တိုက်တွန်းမှုတွေ ပြုခဲ့ဖူးပါတယ်။ သူမငြင်းဆန်ပေမဲ့ စာဖတ်တဲ့အကျင့်ကို သူမစွဲမြဲခဲ့ပါဘူး။ ကျွန်တော် မတိုက်တွန်းပါဘဲ သူစွဲသွားတာက ညနေတိုင်း သောက်တဲ့အကျင့် ဖြစ်ခဲ့ပါတယ်။ အဲဒီလူက ကစ်ဇ်မှာ စာဖတ်ခြင်းရဲ့ အကျိုးတရားတွေ ရေးထားတဲ့ သတင်းစာကို ပြပါတယ်။

သူအထင်ကြီးထားသူရဲ့ စကားမို့လည်း ဂရုတစိုက်ဖြစ်လာပုံရပါတယ်။ "စာဖတ်ခြင်းသည် ဦးနှောက်တစ်ခုလုံးအား လေ့ကျင့်ခန်းပြုလုပ်နေခြင်းပင် ဖြစ်သည်ဟု အောက်စဖို့ဒ်မက်ဒါလင်ကောလိပ်မှ ဦးနှောက်အာရုံကြော သိပ္ပံပညာပါမောက္ခဂျွန်စတိန်းက ပြောကြားသည်။ "ရှုခင်းများ၊ အသံများ၊ အနံ့ရသများအကြောင်း စာဖတ်ခြင်းသည် စစ်မှန်သော လူ့ဘဝအတွေ့အကြုံများအား ဦးနှောက်နှင့် ဆက်သွယ်ပေးခြင်းဖြစ်ပြီး၊ အာရုံကြောနှင့်ဆိုင်သော လမ်းကြောင်းသစ်များ ဖန်တီးပေးခြင်းဖြစ်ကြောင်းကို အမေရိကန်နိုင်ငံတွင် ၂၀၀၉ ခုနှစ်က ပြုလုပ်သည့် ဦးနှောက်မှတ်ဉာဏ် စိတ်ကူးပုံဖော်မှု လေ့လာချက်၌ ဖော်ပြသည်။"

အဲဒီစာပိုဒ်ပါရှိတဲ့ သတင်းစာကိုပြပြီးမှ မင်းပြောတာတွေ ဖြစ်နိုင်ပါတယ်လို့ ဝန်ခံပါတယ်။ ပါ စာဖတ်တော့မယ်လို့လည်း ပြောသွားခဲ့ပါတယ်။ ဆိုလိုတာက လူဆိုတာ ကိုယ်အထင်ကြီးလေးစားသူက လုပ်တဲ့အလုပ်ဆိုရင် ဘာပဲဖြစ်နေနေ အဟုတ်ကို့ပဲ ထင်ပြီး အတုခိုးတတ်ကြတာ သဘာဝပါပဲ။ ဟိုတုန်းက ကျော်ဟိန်း ဘောင်းဘီကျပ်ကျပ်ဝတ်ရင် လူတွေလည်း လိုက်ကျပ်ကုန်သလိုပေါ့။ ကိုရီးယားမင်းသားတွေ ဖရိုဂရဲဆံပင်ထား

www.burmeseclassic.com

တော့လည်း ဒီကမင်းသားအများစု ဖရိုဖရဲဆံပင်တွေ ဖြစ်လာတာ ပဲမဟုတ်လား။

တိုးတက်တဲ့ အနောက်နိုင်ငံသားတွေ စာပေကိုမြတ်နိုးတာ၊ စာအုပ်ကို လူတိုင်းတလေးတစားဖတ်ကြတာ လူသိနည်းပေမဲ့ ကောင်းကောင်းနေတာ၊ ကောင်းကောင်းဖိမ်ခံတာတွေကိုတော့ လူတိုင်းသိပါတယ်။ သူတို့တွေ စာပေကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ဘောလုံးမင်းသား ဒေးဗစ်ဘက်ခမ်က သက်သေပြခဲ့ပါတယ်။ သူ့ရဲ့သမီးလေး မွေးဖွားတော့ 'ဟားပါးဆဲဗင်းဘက်ခမ်'လို့ နာမည်ပေးခဲ့တယ်။ ကမ္ဘာ့မီဒီယာလောကမှာ ဒီကိစ္စက ဟိုးလေးတကျော်ပါပဲ။ ဆဲဗင်းဆိုတာ သူ့ရဲ့ ကျောနံပါတ်ကို ကိုယ်စားပြုတာ လူတိုင်းသိပါတယ်။ ဟားပါးဆိုတာ ဘာလဲပေါ့။ တချို့ကလည်း သူ့ဇနီး ဗစ်တိုးရီးယားစပိုက်နဲ့ မညားခင် အရင်ရည်းစားရဲ့နာမည် ဘာညာနဲ့ အမျိုးမျိုးဝေဖန်ကြတာပေါ့။ မကြာခင်မှာပဲ ဘက်ခမ်က သူ့ရဲ့ တွစ်တာစာမျက်နှာမှာ ဒီအကြောင်းကို ဖွင့်ချခဲ့ပါတယ်။

သူ့ရဲ့သမီး 'ဟားပါးဆဲဗင်းဘက်ခမ်'ရဲ့ ခေါင်းစီးအမည် ဟားပါးဆိုတာ သူတို့မိသားစု လေးစားမြတ်နိုးတဲ့ စာရေးဆရာရဲ့အမည်ဖြစ်ပါတယ်တဲ့။ တချို့ မီဒီယာတွေက သူတို့မိသားစုကို စာဖတ်ဝါသနာမရှိတဲ့ မိသားစုလို့ စွပ်စွဲခဲ့ဖူးပါတယ်။ ဘက်ခမ်တို့မိသားစုက ဒီစွပ်စွဲချက်ကို သေမလောက်ခံစားရပါသတဲ့။ ရှက်လည်း အလွန်ရှက်ပါတယ်တဲ့၊ ဒါကြောင့်မို့ သူတို့ဟာ စာပေကို ဘယ်လောက်မြတ်နိုးတယ်ဆိုတာ လူတွေသိစေချင်လွန်းလို့ သူ့သမီးရဲ့ အမည်ခေါင်းစီးမှာ စာရေးဆရာရဲ့အမည်ကို ထည့်သွင်းမှည့်ခေါ်ရပါတယ်လို့ အားလုံးကို ဖွင့်ချသွားခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဘက်ခမ်နည်းတူ နိုင်ငံကြီးသားတွေဟာ စာဖတ်ခြင်းနဲ့ပတ်သက်လာရင် ဘယ်လိုခံယူကြသလဲဆိုတာ သိသာလွန်းပါတယ်။

များသောအားဖြင့် လူတွေမြင်နေရတာက သူတို့တွေ ဘောလုံးပွဲကြည့်တယ်၊ စားတယ်သောက်တယ်၊ အပန်းဖြေတယ်၊ ကားစီးတယ်၊ လွတ်လွတ်လပ်လပ် ကဲတယ်။ ဒါတွေပဲ သိကြတာပါ။ ကျွန်တော်တို့ ဖြစ်ချင်နေတာတွေကလည်း ဒါတွေပဲမဟုတ်လား။ ဒီလိုတွေဖြစ်လာအောင် သူတို့တွေ ဘယ်လိုစာပေတွေ ဖတ်ပြီး၊ ဘယ်လိုအမြင်တွေ ကျယ်လို့၊ ဘယ်လိုတွေကြိုးစားအားထုတ်ခဲ့ကြသလဲဆိုတာတော့ သတိမမူမိကြတာက များမှာပါ။

လူတွေ စာဖတ်ချင်စိတ် ဖြစ်ပေါ်လာအောင် စာပေဆိုတာ ဘဝအတွက် မဖြစ်မနေ စားသုံးရမယ့် အသက်ကယ်အာဟာရပဲလို့ သိမြင်လာအောင် လူတွေအထင်ကြီးလေးစားတဲ့ အနုပညာရှင်တွေက ဝိုင်းဝန်းကူညီသင့်ပါတယ်။ အခုတလောပေါ်ထွက်လာတဲ့ စာပေရေချမ်းစဉ်ဆိုတာ အလွန်သင့်မြတ်တဲ့ ကိစ္စပါ။ ရေရှည်အတွက် တွန်းအားပေးသင့်ကြပါတယ်။ လက်တွေ့အမြင်အားဖြင့် ကြည့်မယ်ဆိုရင် အများပြည်သူ ကြီးကြီးငယ်ငယ် စိတ်ဝင်စားကြတဲ့ အင်တာနက်ဥယျာဉ်ကမ္ဘာတို့၊ ရွှေရင်ခုန်သံတို့ အစရှိသည်ဖြင့်ပေါ့။ ဒီလို အခန်းကဏ္ဍတွေမှာ သုတရသမေးခွန်းတွေ မေးကြပါတယ်။ ဒီလိုနေရာတွေမှာ လူတွေစာဖတ်ချင်စိတ် ဖြစ်လာအောင် မဖြစ်မနေ စာဖတ်ဖြစ်သွားအောင် စာပေနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို လိုအပ်တဲ့ နည်းပညာသုံးပြီး စီစဉ်သင့်ပါတယ်လို့ ဒီနေရာက တင်ပြချင်ပါတယ်။ ဥပမာ ဘယ်ဂျာနယ်၊ မဂ္ဂဇင်းပါ၊ ဘယ်ဆောင်းပါး၊ ဘယ်ဝတ္ထု စသည်ဖြင့် ဘယ်စာရေးဆရာရဲ့ ဘယ်ဆောင်းပါးကို ဖတ်ရလို့ ဘယ်သူက ဘယ်လိုဘဝပြောင်းသွားတယ် စသည်ဖြင့် အခါအခွင့်သင့်သလို ဆောင်ရွက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရှေ့မှာတင်ပြခဲ့သလို လူတွေ အထင်ကြီးစိတ်ဝင်စားခြင်းခံရတဲ့လူတွေက လုပ်ပြမှ လိုက်ပြီးလုပ်တတ်ကြလို့ ပြောတာပါ။

ကိုယ့်ရဲ့စီစဉ်မှု၊ ကိုယ့်ရဲ့သရုပ်ဆောင်မှုတစ်ခုကြောင့် ပြည်သူတစ်ယောက် စာဖတ်ချင်စိတ်ဖြစ်လာမယ်ဆိုရင် ဒါဟာ အသိဉာဏ်ကို လှူရာရောက်ပါတယ်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ'ရယ်လို့ လူတိုင်း လက်ခံထားပေမဲ့ စာအုပ်စာပေကို လူတွေနဲ့ မိတ်ဆွေဖြစ်အောင် စီမံပေးမှု အားနည်းနေပါသေးတယ်။ အခြားနေရာတွေမှာတော့ မပြောတတ်ဘူး။ ကျွန်တော်တို့ဆီက စာကြည့်တိုက်တွေမှာ စာအုပ်တွေသာရှိပြီး စာဖတ်မည့်သူမရှိပါဘူး။ နည်းပါတယ်။ နေ့စဉ်မှတ်တမ်းကို ကြည့်မယ်ဆိုရင် အရင်ဖောက်သည် စာပေပရိသတ်အဟောင်းတွေတောင်မှ မီးပျက်တဲ့နေ့မှပဲ စာအုပ်လာငှားတော့တယ်။ တစ်ခါတလေ စာဖတ်ခန်းမှာ စာအုပ်ရွေးနေတုန်း ဖျတ်ခနဲ မီးပြန်လာရင် အခမဲ့ စာအုပ်ကို ပစ်ချပြီး ပိုက်ဆံပေးရတဲ့ အခွေဆိုင်ကို ပြေးကြတော့တာပဲ။ ဒါကြောင့် ဖောက်သည်အသစ်လေးလိုချင်တယ်လို့ ကျွန်တော်ပြောတာပါ။


ရှေးလူကြီးများ ပြောကြပါတယ်။ စာမတတ်ရင် အကန်းတဲ့၊ ဟုတ်ပါတယ်။ စာတတ်ပြီး စာမဖတ်ပြန်ရင်လည်း အကန်းပါပဲ။ သူ့ကိုတော့ ကြောင်တောင်ကန်းလို့ပဲ ခေါ်ကြပါစို့။

သူရိန်စိုး(ဓမ္မဒူတ)



www.burmeseclassic.com

www.burmeseclassic.com



# လွဲလွဲလေးဝင် ကောင်းတယ်ထင်

သောင်းဉာဏ်(ပန်းထော်ကျွန်း)

လူတို့ ဖြတ်သန်းသွားရသည့် ကို ဘဝပင်လယ်ဟု တင်စား ခေါ်ကြပါသည်။ ပင်လယ်ပြင်ဆို ည့်ကား သာယာတည်ငြိမ်အေးချမ်း မှုမရှိ၊ သဘာဝအလျောက် ဒီရေ က်အကျ၊ လေဒဏ်၊ လှိုင်းဒဏ် အနည်းအများ ခံရသလိုပင်၊ မှာ လူမှုပြဿနာ အရှုပ်အထွေး လောကဒဏ်ကို နည်းများမဆို ကြုံ တွေ့ကာ လှုပ်ရှားနေကြရပါသည်။ လူ တိုင်းကိုယ်စီ မိမိတို့ကိုယ်တိုင် ကြုံ တွေ့ရသည့် လူမှုပြဿနာများ၏ ထင် ဟပ်မှုဒဏ်ကို ခံစားကျော်လွှားလျက် ဘဝအမောနှင့် ခရီးနှင်ကြရပါသည်။ ပင်လယ်ပြင်သည် မည်သည့်အမိုက် မျိုးကိုမဆို လက်ခံထားခြင်းမရှိချေ။ လေသင့်ရာ လှိုင်းသက်ရာအရ ကမ်း ဆီသို့ရောက်အောင် ပို့ပေးရှင်းလင်း လေ့ရှိပါသည်၊ သို့သော်လည်း ပင်လယ် ထဲ၌ အမှိုက်သရိုက် စင်ကြယ်သည်ဟူ ၍ မရှိချေ။ ထို့အတူ လူတို့သည် ဘဝ အမောပြေအောင် မည်သို့ပင် ကြိုး ဆောင်ကြပါသော်လည်း အမြဲထာဝရ တည်ငြိမ်အေးချမ်းမှုကို ခံစားနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

[illegible] [illegible]

ကိုယ်တိုင် တွေ့ကြုံခံစားရသည့် တို့၏ ကာယဝစီမနောကံ အပြုအမူတို့မှ ဖြစ်ပေါ်လာသော ရသခံစားချက်များကို စောင့်ကြည့်လေ့လာမှု ပိုမိုနက်ရှိုင်းလာလေ၊ လူ့ဘဝ၌ လွဲလွဲလေးများကို တွေ့မြင်လာလေဟု သတိထားမိပါသည်။ မိမိကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံမြင်သိ ကြားမိသမျှ၌ ရိုးသားသော အတွင်းသဘောနှင့် အပြင်သဘော ပြုမူခြင်း၌ပင် လွဲလွဲလေးတော့ ရှိတတ်သည်ကို တွေးဆမြင်သိရပါသည်။ သို့သော် ရိုးသားသော သဘောဆောင်သည့် နှလုံးသား‌စေတနာ စေ့ဆော်မှုအတွင်းအားကြီးသော ကံသုံးပါး အပြုအမူတို့သည် တက်ကြွလန်းဆန်း ကြောက်ရွံ့စိုးရိမ်စိတ်ကင်းသည့် ရသကို ခံစားရပါသည်။ ထိုရသခံစားချက်မှ ကြုံတွေ့ရသော ပြဿနာကို ဖြေရှင်းနိုင်စွမ်းအင်အားသည် ကျောက်စက်ရေအေးကို သောက်ရသည့်အလား ဘဝအမောကို တဒင်္ဂ အေးမြမှုပေးသည်ဟု ထင်မြင်မိပါသည်။ ပင်လယ်ပြင်မှ လက်ခံရယူထားသည့် အမှိုက်များကို ရေလှိုင်းနှင့် ကမ်းသို့ ဆယ်ပို့သကဲ့သို့ပင် အများသူငါတို့မှာ တဒင်္ဂအမောပြေမှုအတွက် ''လွဲလွဲလေးပင် ကောင်းတယ်ထင်''လျက် ဖြေသိမ့်မှုဖြင့် နှစ်သိမ့်လက်ခံကြရပေမည်ဟု ထင်မိပါသည်။

လူတို့မည်သည် ကိုယ်နှင့်ဆိုင်ရာ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းတို့နှင့် လူမှုရေးရာ အစုံစုံတို့ကို တွေ့ကြုံမြင် ခံစားကြရပါသည်။ သန့်ရှင်းရိုးသားသော နှလုံးသားစေတနာဖြင့် ကောင်းမှုကောင်းရာအလို့ငှာ ကိုယ်နှုတ်အပြုအမူတို့ကို ပြုလုပ်ခြင်းသည်လည်းပဲ လွဲလွဲလေးပင် ဖြစ်ရပါသည်။ ကောင်းစေတနာအမှုသည်ပင် လွဲလွဲလေးဖြစ်ရသော် မကောင်းသောစိတ်ထား အပြုအမူသည်ကား ဆိုဖွယ်ရာမရှိချေ။ ကောင်းဆိုးစေတနာအား ကြီးသည့်အလျောက် အကျိုးသက်ရောက်မှုများမှာ ''လွဲလွဲလေးပင် ကောင်းတယ်ထင်''သည့် အသိအမြင်များ ဖြစ်သည်ဟု တွေးဆယုံကြည်မိရပါသည်။ လူဆိုသည်မှာ အချင်းချင်း ရင်းနှီးခင်မင်ပြောဆိုမှုများဖြင့် စုဝေးနေထိုင်ကြရပါသည်။ ဤတွင် တစ်ဦးအပေါ် တစ်ဦး သန့်ရှင်းသော စေတနာ ကောင်းမှု ကောင်းရာညွှန်းဆိုသည့် ကိုယ်နှုတ်အမှုအရာကို ပြုမူကြပါသည်။ သို့သော် လွဲလွဲလေးဖြစ်ကာ ထိုလွဲလွဲလေးကို ကောင်းတယ်ထင်နိုင်အောင် အလိုက်အထိုက် ကြိုးစားရသည့် အဖြစ်အပျက်ကို တွေ့မြင်ကြားသိရသဖြင့် အတွေးပိုမိရခြင်း ဖြစ်ပါသည်။

မကြာမတင် အချိန်အတော အတွင်း၌ မိမိသည် နီးစပ်ရာ အပေါင်းအသင်းတစ်စုနှင့်အတူ စုဝေးပြောဆိုနေမိပါသည်။ ထိုစဉ် ကလေးငယ်တစ်ဦး ရိုင်းပျသောအပြုအမူကို တွေ့မြင်ကြရသောကြောင့် တစ်ဦးသော လူကြီးသူမက မပြုမူရန် တားမြစ်ပါသည်။ ထိုခဏ၌ ကလေးရှင်က အပြစ်မြင်ကာ စိတ်ကွက်သည့် အမူအရာနှင့် ကလေးကို မာန်မဲဆွဲခေါ်သွားပါသည်။ ဟန့်တားသည့်သူမှာ အချင်းချင်း နေထိုင်သော ကလေးငယ်တစ်ဦး ရိုင်းပျသောအမူအကျင့် မဖြစ်စေရန် ဖြူစင်သော စေတနာနှင့် ကောင်းမှုကောင်းရာ ပြောဆိုခြင်းသာ ဖြစ်ပါသည်။ သို့သော် ကလေးကို ကောင်းကျင့်ဖြစ်စေလိုခြင်းသည် လွဲလွဲလေးပင် ဖြစ်ရချေသည်။ စေတနာထား ပြောဆိုခြင်း မှန်သော်လည်း စိတ်မကောင်းမှု ခံစားရ၊ စေတနာ အမြင်မှားသူလည်း ဒေါသမာန အကျိုးဆက် ခံစားရနှင့် လွဲလွဲလေးဖြစ် ရသည်ကို တွေ့မြင်ရသည်နှင့် ထိုလွဲ လွဲလေးပင် ကောင်းတယ်ထင်ကြ ကြောင်း အတွေးဆန့်မိရပါသည်။ စေတနာရှင်ကလည်း မိမိ၏ စေတနာ သန့်စင်သည်ဟု ယုံကြည်စိတ်နှင့် ဖြေ သိမ့်ရပါသည်။ စေတနာကို အမှား မြင်သူသည်လည်း မိမိကလေးအား ချစ်သည့် မာနစိတ်ထားကို ပြရသဖြ ဂုဏ်ယူခြင်းနှင့် ကျေနပ်ရလေသည် လွဲလွဲလေးပင် ကောင်းတယ်ထင် ကြသည့် လူတို့ဘဝမှာ ပတ်ဝန်းကျ အသိုင်းအဝိုင်း၏ အသိအမြင်ပေး တစ်မျိုးဟူ၍လည်း ခံယူမိပါသည်။

လူသားတိုင်းနှင့် သက်ဆိုင် သော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဘာသာရေး၊ ယဉ်ကျေးမှုအနုပညာ ဝတ်စားဆင်ယင်ထုံးဖွဲ့ စသည့် လူ တာဝန် အမျိုးပေါင်းစုံကို သူတို့ ပြ ကြရပါသည်။ အပြုအမူတိုင်းမှ ထ ဟပ်လာသည့် ခံစားချက်တိုင်း၌ လွဲ လေးပင် ကောင်းတယ်ထင်လျက် ကြပါသည်။ ထိုသို့ အရာရာတိုင်း မိမိကိုယ်တိုင်ကိုယ်ကျ ခံစားရသ များ၊ မိမိဝန်းကျင်နှင့် ပတ်သက်သေ အထိုက်အလျောက် ဖြစ်မှု

www.burmeseclassic.com

ပြုအမူနှင့် လူတို့သဘာဝ ဖြစ်အင် များနှင့် လေ့လာကြည့်မိသည့်အခါ ိုင်း လွဲလွဲလေးပင် ကောင်းတယ် င်မှုများ ဖြစ်နေသည်ဟု ယူဆမိ သည်။ ထို့ကြောင့် တွေးတောကြံ ည်ခြင်းရှိရာ အရပ်ဖြစ်သည့် လူတို့၏ ဝတက္ကသိုလ်တို့မှ များပြားလှစွာ သော အကျိုးတရားတို့ကို သိမ်းဆည်း နိုင်ကြသော ပညာရှင်အသီးသီး ထွန်းခဲ့ကြသည်။ ပေါ်ထွန်းလျက် နေကြသူတို့၏ လွဲလွဲလေးပင်ကောင်း ယ်ထင်မှုကို ပေါ်လွင်အောင် ထုတ် တ်ကြခြင်းများလည်း ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ကဏ္ဍအသီးသီး၌ မိုင်းတွင်အောင် ထင်ရှားကြသော ညာရှိ မဟာပညာရှင်များစွာ ရှိကြပါ သည်။ ထိုပညာရှင်တို့၏ ကိုယ်တိုင် တွေးခေါ်မှတ်သိသော အရာတို့ကို တွင်ဖော်ဆောင် ခံစားပုံစွမ်းရည်မှ စ်ဆင့် ပေါ်ပေါက်လာသည်များကို အများ တစ်ဆင့် ခံစားကြရပါ သည်။ ဤတွင် မိမိသည် မြန်မာ့အနု ညာလောက၌ ထင်ရှားသော တေး ရှင်တစ်ဦး (ထူးအိမ်သင် ဖြစ်လိမ့် ည်ဟု ထင်ပါသည်)၏ လွဲလွဲလေး ည်း ကောင်းပါတယ်ဟူသော တေး ချင်းစာသားကို ကြားယောင်လာမိ တယ်။ ထိုလွဲလွဲလေးလည်း ကောင်း တယ် သီချင်းသံကို ကြားယောင်ရာ ကြုံရာဆုံရာ အမှတ်မထင် ကြည့်ခဲ့ သော တီဗွီဖန်သားပြင်မှ ဇာတ်လမ်း စ်ခုပုံရိပ်ကို အမှတ်ထင်ထင် မြင် ောင်လာမိပြန်သည်။

အနုပညာရှင်တို့မည်သည် မျက် ာက်ခေတ်အချိန်ကာလ၌ သဘာဝ ဘမ်းစဉ်လာကို ဆန့်ကျင်သွေ ဖီမှုများကိုလည်း ထင်ဟပ်ပေါ်လွင်အောင် ဆန်းသစ်ထူးခြားသည့် ဖန်တီးမှုတို့ကို ပြုလုပ်တတ်ကြပေသည်။ ထိုဇာတ်ကား၏အမည်မှာ ခေတ်အကြိုက် ဆန်းပြားသော "ဖလမ်း ဖလမ်း" အမည်တစ်ခုပါသည့် ဇာတ်ကားဖြစ်ပါသည်။ သရုပ်ဆောင် အနုပညာရှင်များမှာ အကယ်ဒမီပိုင်ရှင်များဖြစ်သော မင်းသား ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်နှင့် အိန္ဒြာကျော်ဇင်။ ဒါရိုက်တာမှာ ညီထွန်းလွင်ပဲဖြစ်သည်ဟုသာ မှတ်မိပါသည်။ အနုပညာရှင်တို့၏ အနုပညာစွမ်းရည်ဖြင့် ဆိုလိုသောသဘောကို လေးနက်အောင် အလားတူသဘောမျိုးနှင့်ယှဉ်၍ သွယ်ဝိုက်၍ တစ်မျိုး၊ မထိတထိ ကလိ၍ တစ်ဖုံ လူ့လောက၏ ကမောက်ကမတို့ကို ရွဲ့စောင်းဟန်ပန် ဟာသဉာဏ်ဖြင့် အနုပညာမာယာကို အသုံးချကာ ဖော်ထုတ်ကြသည်မှာ အံ့မခန်းလောက်စရာပေ။ ဥပမာ ရူပက၊ ဝဂ်ဝုတ္တိ၊ အတိသာယဝုတ္တိ စသည့် အလင်္ကာစုံ တန်ဆာဆင်ဖော်ပြလျက် အလွဲအချော်ပြသလိုနှင့် လှည့်စားကာပင် ကြည့်မြင်သူများ သုတရသခံစားရလေအောင် အသိပညာပေးကြပါသည်။ ထိုကဲ့သို့ အလွဲအချော်များနှင့် ယနေ့ မျက်မှောက်ဖြစ်ပျက် ပြောင်းလဲနေသော လူတို့ဘဝကို စုံလင်အောင် ထင်ဟပ်ပေါ်လွင်ခြင်း လွဲလွဲလေးပင် ကောင်းတယ်ထင်ကြရပါသည်။ သို့သော် မိမိမှာ ထိုဇာတ်ကား ဖြစ်မြောက်အောင် တင်ဆက်ပြသသည့် ရည်ရွယ်ချက်အတိအကျကို သိမြင်နိုင်သော အနုပညာဉာဏ်မျက်စိ မရှိသူဖြစ်၍ မိမိအတွေးမှာ လွဲလွဲလေးပင် ဖြစ်ပေလိမ့်မည်။ ထိုလွဲလွဲလေးသည် အနုပညာမှပေးသော အသိပညာ သုတရသအချို့ကို ခံစားရသဖြင့် ကောင်းတယ်ထင်ကာ ကျေနပ်အားရ ဖြစ်ရပါသည်။ "လွဲလွဲလေးပင် ကောင်းတယ်ထင်"နေရပါသည်။


ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု၌ နာကျင်ဒုက္ခခံစားရသော ရောဂါဝေဒနာတစ်မျိုး၏ ဖိစီးမှုကို ခံစားရပါက ဝေဒနာကို အသုံးချကာ ကောင်းမှု၊ မကောင်းမှုအကျိုး ခံစားနိုင်ခြင်း အပေါ် မူတည်ကာ ဒေါသ၊ မေတ္တာ၊ စေတနာ ခွဲခြားနိုင်ပါက အနာရောဂါပျောက်ကင်းမည့် အခြေအနေကို အထောက်အပံ့ဖြစ်စေသည် ဟူသော ကြားဖူးနားဝရှိခဲ့သည်ကို သတိပြုမိပါသည်။ ထိုကဲ့သို့ပင် မိမိတို့ဆိုင်ရာ လောကဝန်းကျင်၌ တွေ့ကြုံမြင်တွေ့ ကြားနာသိရှိရသည့် အရာရာတို့မှ ဖြစ်ပေါ်ခံစားရသော အတွေးအမြင်များနှင့် စပ်လျဉ်း၍ "လွဲလွဲလေးပင် ကောင်းတယ်ထင်"ခြင်းသည် လူတို့ခံစားရာ ဘဝအမောဖြေနည်း အထောက်အပံ့ ဖြစ်ပေမည်ဟု တွေးစယုံကြည်မိပါတော့သည်။

**သောင်းဉာဏ်**
**(ပန်းတော်ကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဒိုး–လိမ် ပြိုင်ဘက်

ပိုက်မင်းဝေ

ဒေါ်ချောခင် မနက်ပိုင်း ဈေးသွားပြီး ဈေးခြင်းတောင်းလေးဆွဲကာ အိမ်သို့ ပြန်ရောက်လာသည်။ ခင်ပွန်းဖြစ်သူနှင့် ကလေးများ အချိန်မီကျောင်းတက်နိုင်ရန်အတွက် ထမင်းချိုင့်ထည့်ပေးရန် ဟင်းရံသွားဝယ်ပြီး စောစောစီးစီး ချက်ပြုတ်နိုင်မှ ဖြစ်မည်။ ထိုအခိုက် မီးဖိုချောင်အတွင်း ထမင်းချက်နေသော ခင်ပွန်းဖြစ်သူအား ...

"ကိုမျိုးရေ ... ချော ဆက်ချက်လိုက်မယ်။ ခုဝယ်လာတဲ့ ငါးခူကို ကိုင်ပြီး နနွင်းနယ်လို့ ငရုတ်သီးတစ်ဆုံ ထောင်းထားလိုက်နော်"

"အေး ... အေး"

ဒေါ်ချောခင် ထမင်းအိုးအား ဆက်ကြည့်နေကာ ဆူသောအခါ မွှေပြီး ငှဲ့သင့်သည့်အခါ ငှဲ့နေစဉ် ငါးကိုင်နေသော ခင်ပွန်းသည်လည်း မချောခင်ဆီသို့လာပြီး ဒေါသထွက်နေသော မျက်နှာနှင့် ...

"မချော ... မင်းတော့ ပတ်တီးချခံလိုက်ရပြီ"

"ဘာတုံး ... ကိုမျိုးရဲ့"

"သည်မယ်လေ။ မင်းဝယ်လာတဲ့ ငါးခူဗိုက်ထဲက ကျောက်ခဲတွေ .. လမ်းခင်းလို့တောင် ရလောက်တယ် ဟင်း"

"ဒါ ဘယ်လိုလုပ်သိမလဲ"

"သွား ... ဈေးထဲပြန်သွား။ နင်ဝယ်လာတဲ့ဆိုင်ကို သည်ကျောက်ခဲတွေ သွားပြ"

"မိချောလည်း အဲသည်လောက် မတုံးသေးပါဘူး ကိုမျိုးရယ်။ ဝယ်သူလူကျပ်နေတော့ သုံးပုံတစ်ပုံပြတ်ပြီး ပြနေတဲ့ ရှင်ဟိုတစ်နေ့က ကောက် တဲ့ ငါးထောင်တန် ပေးဝယ်ခဲ့တာ ဝယ်သူကျပ်နေတာနဲ့ မကြည့်တော့ဘဲ ယူသွားတယ်။ ပြန်အမ်းငွေလည်း မြတ်တယ်။ ငါးလည်းမြတ်တယ်။ ဘာပြောချင်သေးလဲ"

"အယ် ..."

ပိုက်မင်းဝေ

www.burmeseclassic.com

# မြန်မာနိုင်ငံ

## လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ

# ပြစ်မှုပြစ်ဒဏ်များ

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယခုအခါ မြန်မာနိုင်ငံအတွင်းသာမက အိမ်နီးနားချင်းနိုင်ငံများဖြစ်ကြသော ထိုင်း(ယိုးဒယား)၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးများတွင် ငွေဝယ်ကျွန်ဆန်ဆန် ငွေဝယ်ကျွန်စနစ် အမြစ်ပြတ်ပျောက်ကွယ်ဟန် မတူသေးဘဲ လူကုန်ကူးမှု၊ လူငယ် ကျား,မ၊ ကလေး ရောင်းဝယ်မှုလုပ်ရပ်၊ ဖြစ်ရပ် ပြုမူကျူးလွန်ကာ အတော်ခေတ်စားနေသည်ကို မကြားချင်အဆုံး ကြားနေရသည်။ မတွေ့ချင်သော်လည်း တွေ့နေမြင်နေရ၏။ လွန်စွာ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှပေသည်။

ယင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်စစ်အစိုးရလက်ထက်တွင် ဥပဒေအမှတ်-၅/၂၀၀၅ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့စွဲအရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး လက်တွေ့ကျင့်သုံးလာခဲ့ပါသည်။ ယင်းဥပဒေသည် ယနေ့အထိ အာဏာတည်ဆဲဖြစ်နေပေ၏။

ယင်းဥပဒေနှင့် ပတ်သက်ပြီး ပြစ်မှုပြစ်ဒဏ်ကို အခန်း(၉)တွင် အတိအလင်း ပြဋ္ဌာန်းထားရှိပါသည်။

ပုဒ်မ(၂၄)-မည်သူအဆို အမျိုးသမီးများ၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com

သုံ့ပူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိပါက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး ထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ချမှတ်ခံကြရမည့်အပြင် ငွေဒဏ်ကိုလည်း ပူးတွဲချမှတ်နိုင်ပေသည်။

**(မှတ်ချက်)** [ရာဇသတ်ကြီး(ပြစ်မှု)ဥပဒေ ပြင်ဆင်ချက်မူကြမ်းအရ "ထောင်ဒဏ်တစ်သက်တစ်ကျွန်းဒဏ်ဆိုသည့် စကားရပ်ကိုမူ ထောင်ဒဏ်တစ်သက်ဟု အစားထိုးပြင်ဆင်ရန် အဆိုတင်သွင်းထားပါသည်။ အတည်မပြုရသေးပါ။)

<u>ပုဒ်မ(၂၅)</u>-အမျိုးသမီး၊ ကလေးသူငယ်၊ လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုပြုလျှင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထောင်ဒဏ် အနည်းဆုံး ၅ နှစ်၊ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိအပြင် ငွေဒဏ်ပါ ချမှတ်ခံရနိုင်၏။

<u>ပုဒ်မ(၂၆)</u>-(က) ကျား၊ မ၊ ကလေး တစ်ဦးဦးအား လိမ်လည်မွေးစားခြင်း၊ လိမ်လည်လက်ထပ်ခြင်း ပြုမူခဲ့ပြီး လူကုန်ကူးမှုပြုလုပ်ကျူးလွန်လျှင် ပြစ်မှုထင်ရှားတွေ့ရှိရပါက၊ တွေ့ရှိလျှင်သော်လည်းကောင်း၊

(ခ) လူကုန်ကူးခြင်းခံရသူကို ပြည်ပသို့ ခိုးထုတ်လျှင်ဖြစ်စေ၊ ပြည်တွင်းသို့ ခိုးသွင်းလျှင်ဖြစ်စေ စာရွက်စာတမ်း အထောက်အထားအတုအပ၊ တံဆိပ်အတုအပများ တရားမဝင် ပြုလုပ်ရယူပေးလျှင်သော်လည်းကောင်း ပြစ်မှုထင်ရှားတွေ့ရှိရပါက ထောင်ဒဏ် အနည်းဆုံး ၃ နှစ်နှင့် အများဆုံး ထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ်ချမှတ်ခြင်း ခံရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားရှိပေသည်။

လက်ငင်းလက်တွေ့ ပူပူနွေးနွေး ဖြစ်ရပ်မှန်သတင်းတစ်ပုဒ်ကို အောက်ပါအတိုင်း ဖော်ပြတင်ဆက်လိုက်ပါသည်။ ယင်းသတင်းမှာ -

ယခု ဇူလိုင်လ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၁၄ တွင် ...

ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်နေ မမြင့်မြင့်ကြည်(ခ)မြင့်ကြည်မ (၄၆)နှစ်သည် ရွှေပြည်သာမြို့နယ်တွင် နေထိုင်ဖူးသည့် ဝတုတ်မ(ခေါ်) မခင်လှယု၏ အဆက်အသွယ်ဖြင့် လွန်ခဲ့သော ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ မိုးဟိန်းလမ်းနေ ဒေါ်မော်မော်၏သမီး မယဉ်ဝေဦး၊ မ... ဖြိုးတို့နှစ်ဦးအား မူဆယ်မှတစ်ဆင့် တရုတ်ပြည်နယ်... တွင် နေထိုင်သည့် မရှမ်းမ(ခေါ်)တရုတ်မထံ ပို့ဆော... ကြောင်း၊ မရှမ်းမနှင့် မဝတုတ်မတို့က မမြင့်မြင့်ကြည်... ငွေကျပ်သုံးသိန်း၊ ဒေါ်မော်မော်အား ငွေကျပ် ၁၀ သိ... ပေးပို့ခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် အရေးယူပေးရန် ရဲစခ... သို့ တိုင်ကြားခဲ့ရာ ရွှေပြည်သာရဲစခန်းမှ (ပ) ၁၆၅/၂၀... လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ဖမ်းဆီ... တရားစွဲဆို ရုံးတော်သို့ တင်ပို့ခဲ့၏။

ယင်းအမှုကို ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်တရား... တော်မှ လက်ခံကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားတွေ့... သည်ဆိုကာ ၂၁. ၆. ၂၀၁၃ ရက်နေ့တွင် ရွှေပြည်သာ... နယ်နေ မမြင့်မြင့်ကြည်(ခေါ်)မြင့်ကြည်မ (၄၆)နှစ်အပေါ်... လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ(၂၄)အ... အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန်... ဝတုတ်မ(ခေါ်)မခင်လှယုနှင့် ရှမ်းမ(ခေါ်)တရုတ်မတို့နှ... အား တရားခံပြေးများအဖြစ် ထုတ်ပြန်ကြေညာလိုက်သ... ဟု သတင်းရရှိပါသည်။

**ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

(i) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (ဥပဒေအမှတ်(၅)/၂၀၀၅) နေ့စွဲ ၁၃. ၉. ...

(ii) ကြေးမုံနေ့စဉ်သတင်းစာ (ဇူလိုင် ၁၆၊ ၂၀၁၃၊ စာမျက်နှာ-၁၄)



www.burmeseclassic.com

www.burmeseclassic.com

# လူ့ရမ်းကားတစ်စုကြောင့် တရားခံဖြစ်ရရှာတဲ့ မောင်နှမ

## ခင်မောင်ထွန်း(လမ်းမတော်)

လူ့အသိုင်းအဝိုင်းတွင် နေထိုင်သော လူသားများသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အရက်ကြောင့်၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ဥပဒေကို ချိုးဖောက်ကာ အမှုများ ကျူးလွန်ခဲ့ကြ၊ ကျူးလွန်နေဆဲဖြစ်ကြောင်း တွေ့ရပါတယ်။

စာရေးသူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေနှင့် မှုခင်းများကို ကိုယ်တိုင် ကိုင်တွယ်စစ်ဆေးခဲ့ရသည့်အဆင့်မှ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရသည့်အဆင့်အထိ အဆင့်ဆင့်သော တာဝန်ပိုင်းများကို ဆောင်ရွက်ခဲ့ရပါတယ်။ တပ်ဖွဲ့များ၊ ပြည်နယ်တိုင်း ရဲတပ်ဖွဲ့ စသည်နေရာများသို့လည်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသောကြောင့် နေရာဒေသအလိုက် ဖြစ်ပွားလေ့ရှိသော မှုခင်းများ မတူညီကြသည်ကိုလည်း တွေ့ရပါသည်။ သို့သော်လည်း မှုခင်းဖြစ်ပွားရခြင်း၏ အကြောင်းအရင်းဇစ်မြစ်ကို အမြေရှာ သုံးသပ်ကြည့်ပါက အထက်ကဆိုသည့်အတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အရက်မူးခြင်း မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားရကြောင်း တွေ့ရမှာဖြစ်ပါတယ်။

စာရေးသူ ကြုံတွေ့ခဲ့ရသော မှုခင်းတစ်ရပ်မှာ ဒေါသကြောင့် ဆိုရမည်လား။ အရက်ကြောင့် ဆိုရမည်လား။ မိဘ၏ အကျိုးပေးမကောင်းမှုကြောင့် ဆိုရမည်လား။ ယိုအချက်များထက်ကျော်၍ ဘာသာရေးအရ နှိုင်းယှဉ်ကြည့်လျှင် ဝဋ်ကြွေးကြောင့် ဆိုရမည်လား မသိရပါ။ အားလုံးပေါင်းစပ်၍ ဖြစ်ပွားရမည်ဟုသာ ဆိုရလေမည်လား၊ သတ်သတ်မှတ်မှတ် ဆုံးဖြတ်မရသော မှုခင်းတစ်ခုကို စာဖတ်သူများ စားဆုံးဖြတ်နိုင်ရန် ရေးသားတင်ပြလိုက်ရပါတယ်။

မကြာသေးသော နှစ်များက ဖြစ်ပါတယ်။ မောင်. . . နဲ့ မ. . . တို့ဟာ မောင်နှမအရင်း ဖြစ်ပါတယ်။ မြေလတ်ဒေသရှိ မြို့ကြီးတစ်မြို့က တက္ကသိုလ်တစ်ခုမှာ ပညာလာသင်နေကြသူများ ဖြစ်ကြပါတယ်။ သူတို့ရဲ့နေရပ် ပြန်ခါနီး မိခင်၊ ဖခင် ဖြစ်သူတို့အတွက် လိုအပ်တဲ့ဆေး လက်ဆောင်ပစ္စည်းအချို့ ဝယ်ယူရန် ရန်ကုန်မြို့အလယ် အနော်ရထာလမ်းကို ရောက်ခဲ့ကြပါတယ်။ လိုအပ်တဲ့ပစ္စည်းများဝယ်ပြီး အနော်ရထာလမ်းကနေ မဟာဗန္ဓုလလမ်းဘက်ကူးပြီး တစ်ခုခုစားဖို့ ထွက်လာကြပါတယ်။

အချိန်ကတော့ ညနေ ၅ နာရီခွဲလောက် ဖြစ်ပါတယ်။ လူအသွားအလာတွေလည်း ရှုပ်ယှက်ခတ်နေပါတယ်။ စားသောက်ဆိုင်တစ်ခု ဝင်ခါနီးမှာ နောက်မှ လူငယ်သုံးယောက်က အနီးကပ်လိုက်လာပါတယ်။ တစ်ယောက်က ရှေ့ကျော်တက်ပြီး. . .

'ဒီက ညီမလေးက အရမ်းလှတာပဲ၊ ဒီကဘဲနဲ့ မလိုက်ဖက်ပါဘူး၊ သူ့ကို အေးဖယ်လိုက်ပါ' ဆိုပြီး ရှေ့ကရပ်လိုက်ပါတယ်။

အစ်ကိုဖြစ်သူက. . .

"ခင်ဗျားတို့ အထင်မလွဲနဲ့၊ ဒါ ကျွန်တော့်ညီမအရင်းဗျ"

လို့ ပြောလိုက်ပါတယ်။

သုံးယောက်ထဲက တစ်ယောက်က 'ဘင်္ဂလားမောင်နှမတွေပါ၊ အပေါင်းအသင်း ဒါမျိုးတွေ နိုးနေပါပြီ' ဆိုပြီး မ. . . လက်မှ ကိုင်ထားတဲ့ အထုပ်တွေကို ကူသယ်ပေးမယ်ဆိုပြီး အနားကို ကပ်သွားပါတယ်။

အစ်ကိုဖြစ်သူက သူ့ညီမရှေ့က ဖြတ်ဝင်ပြီး ရပ်လိုက်တယ်။

"ခင်ဗျားတို့ ယိရဲ့ရင် ထိကြည့်၊ ဒါ ကျွန်တော့်နှမ"



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်အနက် နှစ်ယောက်က အစ်ကိုဖြစ်သူကို ဝိုင်းချုပ်ထားလိုက်ကြတယ်။

သုံးယောက်စလုံး ပါးစပ်က အရက်နံ့တွေ တထောင်းထောင်းထွက်နေတယ်။ ညနေခင်းကြီး သူတို့ သုံးယောက် မူးနေကြတယ်။

အစ်ကိုဖြစ်သူက 'ခင်ဗျားတို့ မူးနေရင်လည်း ဖယ်ပါ၊ မနှောင့်ယှက်ကြပါနဲ့' လို့ပြောပြီး ရုန်းထွက်ပါတယ်။

နှစ်ယောက်က အစ်ကိုဖြစ်သူကို လက်မောင်းချုပ်ထားရာက လွှတ်မပေးဘဲ တွန်းပစ်လိုက်လို့ အစ်ကိုဖြစ်သူ လမ်းပေါ် လဲသွားပါတယ်။

အစ်ကိုဖြစ်သူက ဒေါသထွက်ပြီး ချက်ချင်းပြန်ထပြီး နှစ်ယောက်ထဲက တစ်ယောက်ကို လိုက်ထိုးပါတယ်။

အဲဒီမှာ သုံးယောက်ဝိုင်းချုပ်ပြီး အစ်ကိုဖြစ်သူကို ဝိုင်းထိုးကြတယ်။

အစ်ကိုဖြစ်သူကို ဝိုင်းထိုးနေလို့ မ. . . က အနီး လမ်းပေါ်ရှိတဲ့ အုတ်ခဲကျိုးကောက်ယူပြီး သူ့အစ်ကိုကို ထိုးနေတဲ့သူကို မိမိရရ ပစ်ထည့်လိုက်တယ်။ ငနဲ ဦးခေါင်းကိုထိပြီး သွေးတွေထွက်ကာ လဲကျသွားတယ်။

အဲဒီမှာတင် ဝိုင်းကြည့်နေတဲ့ အနီးအနားကလူတွေက အားလုံးကို ဝိုင်းဖျဉ်းပေးပြီး အနီးဆုံးရဲစခန်းကို ပို့လိုက်ကြတယ်။

ရဲစခန်းရောက်တော့ ရဲက ဒဏ်ရာရသူကို ဆေးရုံ ချက်ချင်းပို့လိုက်တယ်။ မူးနေတဲ့နှစ်ယောက်ကို ဆရာဝန်ထံပို့ပြီး ဆေးစစ်တယ်။ အဖြစ်အပျက်ကို တွေ့မြင်သူတွေနဲ့ ကာယကံရှင်တို့ကို ပြည့်စုံအောင် စစ်ဆေးခဲ့ကြတယ်။

ဆေးရုံသွားပို့တဲ့ ရဲအရာရှိတွေ မကြာခင် ပြန်လာကြတယ်။ ဒဏ်ရာရထားတဲ့လူငယ် ဆေးရုံအရောက်မှာပဲ သွေးလွန်ပြီး ဆုံးသွားပြီတဲ့။

သွေးလွန်ပြီး ဦးနှောက်ထဲ သွေးရောက်ပြီး သေဆုံးသွားတာနဲ့ တူတယ်လို့ ပြောကြတယ်။

သာမန်မူးယစ်ရမ်းကားတဲ့ အမှုလေးက မမျှော်လင့်ဘဲ လူသတ်မှုကြီးထိ ဖြစ်ခဲ့ရပြီ။

မူးယစ်ရမ်းကားသူ သုံးဦးမှာလည်း မိကောင်းဖခင် သားသမီး ငွေကြေးတတ်နိုင်သူများ ဖြစ်ကြတယ်။ အရက်ကို မသောက်စဖူးနှင့် သောက်ကြတော့ မသိစိတ်တွေ ဝင်ခဲ့ပြီး ရမ်းကားခဲ့ကြခြင်း ဖြစ်ပါတယ်။ ဖခင်က ဒီလိုအဖြစ်မျိုး လုပ်ခဲ့ဖူးခြင်း မရှိကြောင်း ပြောပြပါတယ်။ ရပ်ကွက်လူကြီးများက လည်း ထောက်ခံကြပါတယ်။

မြေလတ်ရှိ မြို့ကြီးတစ်မြို့မှ ရိုးသားသော ကုန်သည်မျိုးမှ ဆင်းသက်ပေါက်ဖွားလာသော မောင်နှမ ဖြစ်ကြပါတယ်။ မိဘက ဒုက္ခခံပြီး မောင်နှမနှစ်ဦးကို ပညာသင်ပေးခဲ့ကြပါတယ်။ မောင်နှမနှစ်ဦးစလုံး အထူးကြိုးစားခဲ့ကြပါတယ်။ နှစ်ဦးစလုံး ဘာသာရေးကို ကိုင်းရှိုင်းပါတယ်။ သူငယ်ချင်းအားလုံးက ချစ်ခင်ကြပြီး သဘောကောင်းသူ၊ ကူညီတတ်သူ ဖြစ်ကြောင်း ပြောပြကြပါတယ်။

သို့သော်လည်း တစ်ဒင်္ဂအရက်မူး ရမ်းကားရာမှ လူသတ်မှုကြီး ဖြစ်သည့်တိုင် ကြီးကျယ်သွားခဲ့ရသော မောင်နှမနှစ်ဦးအပါအဝင် လူငယ်များ ဥပဒေကို ကျူးလွန်ဖောက်ဖျက်ခဲ့၍ ဥပဒေ၏ အဆုံးအမကို ခံယူခြင်း ခံကြရပါတယ်။

မူးယစ်ရမ်းကား၍ အသက်ရှင်ကျန်နေသူ နှစ်ဦးနှင့် အစ်ကိုဖြစ်သူတို့မှာလည်း အမျိုးသမီး မ. . . ကို ကာယိန္ဒြေဖျက်ဆီးမှု၊ ကိုယ်ထိလက်ရောက်စော်ကားမှု၊ သတ်ပုတ်နှောင့်ယှက် ထိုးကြိတ်မှုများဖြင့် အရေးယူပေးခြင်း ခံကြရပါတယ်။ အမျိုးသမီးဖြစ်သော မ. . . မှာ အနှောင့်အယှက်ပြုခြင်းခံရပြီး အစ်ကိုဖြစ်သူကို ဝိုင်းထိုးနေလို့ သူ့အစ်ကို လွတ်မြောက်စေရာ လမ်းပေါ်မှ အုတ်ခဲဖြင့် သေစေရန် ရည်ရွယ်ချက်မရှိဘဲ ထုလိုက်သော်လည်း ခံရသူမှာ မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရပါတယ်။ မ. . . မှာလည်း ပြစ်ဒဏ်ကျခံသွားခဲ့ရပါတယ်။

နှစ်ဖက်သော သူတို့လေးတွေ ဖြစ်ပျက်တာကြည့်တော့ လူငယ်သုံးဦး အရက်အလွန်အကျွံသောက်ခဲ့လို့ မောင်နှမအရင်းကို အတွဲထင်ပြီး နှောင့်ယှက်ခဲ့ရာက ခြေလွန်လက်လွန်ဖြစ်ကြပြီး လူသေတဲ့အထိ ဖြစ်ခဲ့ကြရတာတွေ့ရပါတယ်။ စ,တဲ့လူကစ,လို့ တစ်ဒင်္ဂအဟွင်း ဒေါသကြောင့် အများတွေ ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့် ဒီအမှုဟာ. . .

- အရက်ကြောင့်လား?
- ဒေါသကြောင့်လား?
- ကံတရားကြောင့်လား?
- ဝဋ်ကြွေးကြောင့်လား?

အားလုံးပေါင်းစပ်နေလို့လားဆိုတာ စာဖတ်သူများ သတိတရား လက်ကိုင်ထား၍ အဖြေရှာပြီး ဆင်ခြင်နိုင်ကြပါစေ။

ခင်မောင်ထွန်း(လမ်းမတော်)




www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး)




၂၀၁၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် အင်္ဂလန် ...ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ စိတ်ချောက်ချား ...ရာ မှုခင်းသတင်းတစ်ပုဒ်ကို ထုတ်လွှင့်သွားခဲ့သဖြင့် ...သတင်းကို နားထောင်ကြရသော နိုင်ငံတကာမှ ...မှာ တအံ့တသြဖြစ်သွားခဲ့ကြသည်။ ...ိုသတင်းမှာ ...မေရိကန်ပြည်ထောင်စု၊ အိုဟိုင်းယိုးပြည်နယ်၊ ကလိဗ် ...မြို့ ဆင်ခြေဖုံးရှိ နေအိမ်တစ်အိမ်ကို ရဲအဖွဲ့ဝင်များက ...နင်းဝင်ရောက်ပြီး ဆယ်စုနှစ်တစ်ခုကြာ အမျိုးသမီး ...အား ဖမ်းဆီးထားသည့် မစ္စတာဘာယ်ရီကက်စထရို ...ဖမ်းဆီးရမိပြီး၊ သူချုပ်နှောင်ထားသော အမျိုးသမီး ...ကို ကယ်တင်နိုင်ခဲ့သည်ဟု ထုတ်လွှင့်သွားခဲ့သည်။

အသက် ၅၂ နှစ် အရွယ်ရှိ ဒုစရိုက်လူသတ် ...မား ကက်စထရိုအား မုဒိမ်းမှု ၁၃၉ မှု၊ ပြန်ပေးဆွဲမှု ...၇ မှု၊ ကလေးငယ်အများသတ်မှု၊ အမျိုးသမီးများ ...တ်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု စုစုပေါင်းပြစ်မှု ...၉ မှုနှင့် စွဲချက်တင်ထားသည်ဟုလည်း ယင်းဘီဘီစီ ...သံလွှင့်အစီအစဉ်က ဆက်လက်ထုတ်လွှင့်သွားခဲ့၏။

ဤစိတ်တုန်လှုပ်ဖွယ်ရာ သတင်းကိုပင် စီအင် ...အင် ရုပ်သံလွှင့်အစီအစဉ်ကလည်း ထုတ်လွှင့်သွားခဲ့ပြီး ...အထက် ဖော်ပြပါ လူသတ်သမား ကက်စထရို ဆိုသူမှာ ...စိတ်ပျံ့လွင့်သော စိတ္တဇလူ သတ်သမားဖြစ်နိုင်သည် ...ဟုလည်း ထုတ်လွှင့်သွားခဲ့၏။ အင်တာနက်သတင်း ...တွင်လည်း အထက်ဖော်ပြပါ စိတ္တဇလူသတ်သမား ...ကက်စထရို၏ဓာတ်ပုံကို ဖော်ပြ၍ သူကျူးလွန်ခဲ့သော လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ မုဒိမ်းမှုများကိုလည်း အသေးစိတ်ဖော်ပြထားရာ ...တ်ရှုရသူများအဖို့ စိတ်သောကဝေဒနာခံစားကြရသည်သာမက အံ့ဖွယ်သရဲလည်း ဖြစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအင်တာနက်သတင်းမှာပင် အထက်ဖော်ပြပါ စိတ္တဇလူသတ်သမားဟု ယူဆရသော ကက်စထရီအား ရာဇဝတ်တရားရုံးတော်မှာ စစ်ဆေး၍ ပြစ်ဒဏ်ချမှတ်မည်ဆိုလျှင် နှစ်ရာချီ၍ ပြစ်ဒဏ်ချမှတ်ဖွယ် ဖြစ်သည်ဟုလည်း ဖော်ပြခဲ့၏။

အမှန်အားဖြင့် ယနေ့ အမေရိကန်ပြည်ထောင်စုသည် သိပ္ပံပညာ အုံ့မခန်းတိုးတက်၍ ချမ်းသာကြွယ်ဝသော ဆူပါပါဝါဟု အများက ကင်ပွန်းတပ်ခံရသော အဖက်ဖက်မှ တိုးတက်သည့် နိုင်ငံကြီးဖြစ်ရကား နိုင်ငံတကာမှ မော့ကြည့်ရသော နိုင်ငံဖြစ်ပါသည်။ သို့သော် ယင်းနိုင်ငံတွင် ကမ္ဘာ့မှုခင်းသမိုင်းတွင် စံချိန်တင်လောက်သည့် အံ့ဖွယ်သရဲ လူသတ်မှုများ။ လူအများအား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်သတ်မှုများ၊ ကမ္ဘာ့မှုခင်းသမိုင်းတွင် ကြားပင် မကြားဖူးသော မှုခင်းကြီးများ ပေါ်ပေါက်ခဲ့သဖြင့် နိုင်ငံတကာမှ မှုခင်းသုတေသီများအဖို့ အံ့ဖွယ်သရဲ ဖြစ်ခဲ့ကြရ၏။ အဘယ်ကြောင့် လူအများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ရသော၊ လူအများအား အကြောင်းမဲ့ ဆက်တိုက်သတ်ဖြတ်သည့် Serial Killer ဟု စာနယ်ဇင်းများက အမည်ပေးထားသူများ ပေါ်ပေါက်လာခဲ့သနည်း။ လူတန်းစား ကွာဟမှုကြောင့်လော၊ သို့မဟုတ် စီးပွားရေးရနစ်ကြောင့် ဤကဲ့သို့ စိတ္တဇလူသတ်သမားများ ပေါ်ထွန်းလာခဲ့သလော ကျွန်တော်တို့ စဉ်းစားစရာ ဖြစ်လာပါသည်။

မှန်ပါသည်။ ကျွန်တော်တို့သည် ကမ္ဘာ့ဝိုက်ကြီးအားလုံးကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖြစ်သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သော ဧဝရက်တောင်ထိပ်တွင်လည်း လူသားတို့ ခြေချနိုင်သည်သာမက လကမ္ဘာပေါ်တွင်လည်း လူသားတို့ ခြေချခဲ့ပြီဖြစ်၏။ အာကာသ တွင်း ဓာတ်ခွဲခန်းများတည် ဆောက် [illegible] ပျံယာဉ်ကြီးများဖြင့် နိုင်ငံတကာမှ [illegible] ဘသသူရဲကောင်းများသည် ယင်းဓာတ်ခွဲခန်းများတွင် လပေါင်းများစွာ နေထိုင်ကာ စနစ်တကျ စူးစမ်းလေ့လာမှုများကို ပြုလုပ်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ လူသားတို့သည် အင်္ဂါဂြိုဟ်ပေါ်သို့ ခြေချနိုင်ရန် စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိရာ နှစ်အနည်းငယ်အတွင်း အင်္ဂါဂြိုဟ်ပေါ်သို့ လူသားတို့ ရောက်ရှိနိုင်မည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြ၏။

အဏ္ဏဝါပြင်အောက်သို့ဆင်း၍ အဏ္ဏဝါဗေဒပညာရှင်အများက စနစ်တကျ သုတေသနပြုခဲ့သဖြင့် သမုဒ္ဒရာဆိုသည် ထိတ်လန့်ချောက်ချားဖွယ်ရာ သတ္တဝါများ၊ ဘေးအန္တရာယ်များနှင့် အတိရှိသော ရေပြင်ကျယ်ဟူသော ရှေးပဝေသဏီက အယူအဆကို ခြေဖျက်နိုင်ခဲ့ပြီလည်း ဖြစ်ပါသည်။ ဆက်သွယ်ရေးနည်းပညာမှာလည်း အံ့မခန်းတိုးတက်လာခဲ့သည်။ သို့သော် ကျွန်တော်တို့ကိုယ်ခန္ဓာရှိ စိတ်စေတသိက်တို့၏ ဖြစ်စဉ်ကိုမူ ကျွန်တော်တို့သည် ရာစုနှစ်ပေါင်းများစွာ စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့သော်လည်း သေသေချာချာ နားမလည်နိုင်သေး။

မှန်ပါသည်။ အင်္ဂလန်နိုင်ငံမှ ဗြိတိသျှ မနောသုတေသနအသင်းနှင့် အမေရိကန်ပြည်ထောင်စုမှ မနော သုတေသနအသင်းတို့သည် ၁၉ ရာစု နှောင်းပိုင်းကာလကပင် တစိုက်မတ်မတ် စိတ်စေတသိက်တို့၏ ဖြစ်စဉ် သို့မဟုတ် နာမ်ခန္ဓာကို သုတေသနပြု လုပ်ခဲ့ကြသော်လည်း လူတို့၏ အံ့ဖွယ် စိတ်စေတသိက်ဖြစ်စဉ်ကို ရှင်းရှင်းလင်း လင်း လူအများ နားလည်သဘော ပေါက်စေသည့် သဘာဝကျသောအဖြေ ကို ပေးနိုင်ခြင်းမရှိသေး။ ယခုရေးသား ဖော်ပြမည့် စိတ္တဇလူသတ်သမားဟု မှုခင်းသုတေသီများက တညီတညွတ် တည်း အသိအမှတ်ပြုခံရသူမှာ ပြင်သစ် နိုင်ငံ၊ ပါရီမြို့မှ အသက် ၂၄ နှစ်အရွယ် သီယာရီပေါလင် ဆိုသူဖြစ်၏။ သူ၏ ထူးခြားဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၈၄ ခု၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ စောင်ရေအများဆုံး ထုတ်ဝေရသော လာမွန်းဒေးသတင်းစာကြီး၏ မှုခင်း ကော်လံတွင် စိတ်ဝင်စားဖွယ်ရာ၊ အံ့ဩ ဖွယ်ရာ သတင်းခေါင်းစဉ်ဖြင့် ဖော်ပြ ထားသော လူသတ်မှုကို ဖတ်ရှုကြရ သော သတင်းစာဖတ်ပရိသတ်အဖို့ တအံ့တသြ ဖြစ်ကြရသည်။ ထိုလူသတ် မှုမှာ ပါရီမြို့ မွန်မတ်ရပ်ကွက်၊ ထော် လိန်ကူးလမ်းတွင်နေထိုင်သော အသက် ၉၁ နှစ်အရွယ်ရှိ ဂျိမိနီပီတော့ ဆိုသော အဘွားကြီးအား ကြိုးဖြင့်တုပ်၍ ရက် ရက်စက်စက် တုတ်ဖြင့်ရိုက်သတ်သွား ခြင်းဖြစ်၏။ သို့သော် လူသတ်သမား သို့မဟုတ် လူသတ်သမားများသည်



www.burmeseclassic.com

www.burmeseclassic.com

ဘွားကြီးပိုင် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်သွားခြင်းမရှိသဖြင့် ဤအမှုအား စုံစမ်းထောက်လှမ်းရန် တာဝန်ယူကြရသော ရဲနှင့် စုံထောက်များအဖို့ ဆောင့်တစ်ပုဒ် ဖြစ်ခဲ့ရသည်။ မှုခင်းကြီး တစ်မှု ဖြစ်ပွားရာတွင် ကျူးလွန်ရသော ရည်ရွယ်ချက် ရှိရမည်ဖြစ်သည်။ သို့သော် ဤလူသတ်မှု အဘယ်ကြောင့် ကျူးလွန်ရသည်ကိုမှု စဉ်းစားရန် အခက်ခဲ ဖြစ်ခဲ့ရသည်။ ရဲနှင့် စုံထောက်တို့မှ ကလဲ့စားချေလို၍ သတ်ဖြတ်ခြင်း ဖြစ်တန်ရာသည်ဟု ယူဆကြသည်။ လူသတ်သမားနှင့် ပတ်သက်သော သဲလွန်စ တစ်စုံတစ်ရာမတွေ့ရသဖြင့် ဤလူသတ်မှုအား Un-Solved မဖြေရှင်းနိုင်သေးသော လူသတ်မှုဟု သတ်မှတ်ထားခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ အထက်ဖော်ပြပါ လူသတ်မှုကြီး ဖြစ်ပွားသည့်နေ့မှာပင် ပါရီမြို့ ရှုးသုဲသားလမ်း၊ အမှတ် ၈၅ တွင် တစ်ဦးတည်းနေထိုင်သော အသက် ၈၃ နှစ်အရွယ်ရှိ အဘွားအို အင်နာဘာဘီယာဆိုသူအား လူသတ်သမားသည် အိမ်ခန်းတံခါးကိုဖွင့်၍ ခေါင်းအုံးဖြင့်ဖိကာ သတ်သွားခဲ့သည်။ ဤလူသတ်မှုတွင်မှု လူသတ်သမားသည် အဘွားကြီး၏ ပိုက်ဆံအိတ်အတွင်းမှ ပိုက်ဆံအချို့ကို ယူသွားခဲ့သော်လည်း အဘွားကြီးအိမ်ခန်းအတွင်းမှ အခြားအဖိုးတန်ပစ္စည်း တစ်စုံတစ်ရာ ယူဆောင်သွားခြင်းမရှိခဲ့။ ရဲနှင့် စုံထောက်တို့သည် သေဆုံးသူ အဘွားကြီး၏ အိမ်ခန်းအတွင်း သဲလွန်စ ရှာဖွေခဲ့သော်လည်း တစ်စုံတစ်ရာ

မတွေ့ကြရ။ ဤအမှုနှင့် မှန်မတ်ရပ်ကွက်၊ ထော်လီန်ကူးလမ်းတွင် ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် ကျူးလွန်ပုံ၊ ကျူးလွန်နည်း ခင်တူသဖြင့် လူသတ်သမား တစ်ဦးတည်းလောဟု စဉ်းစားစရာ ဖြစ်လာသည်။ လူသတ်သမားသည် အဘယ်ကြောင့် သက်ကြီးရွယ်အိုများကိုသာ သတ်ဖြတ်ခဲ့သနည်း။

ဤလူသတ်မှုနှစ်မှု အကြောင်းကို လာမွန်းဒေးသတင်းစာကြီးကလည်း အပြည့်အစုံ ရေးသားဖော်ပြခဲ့ကြသဖြင့် ပါရီမြို့တော်မှ လူထု စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့သည်။ ပြင်သစ်နိုင်ငံ၏ ကမ္ဘာကျော်စုံထောက်အဖွဲ့ကြီးဖြစ်သော အမျိုးသား ဆူရီကေးစုံထောက်အဖွဲ့မှ တာဝန်ရှိသူများသည် ဤလူသတ်မှုနှစ်မှုအား အမြန်ဆုံး ထုတ်ဖော်နိုင်ရန် တာဝန်ယူခဲ့ကြသည်။

မှန်ပါသည်။ ကမ္ဘာ့စုံထောက်အဖွဲ့များတွင် ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့မှာ နာမည်ကျော်ကြား လူသိများသော စုံထောက်အဖွဲ့ကြီး ဖြစ်၏။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေကြီးဟု ဆိုကြ၏။ ဆူရီတေးစုံထောက်အဖွဲ့တွင် တာဝန်ယူကြသော စုံထောက်ကျော်များမှာ အစဉ်အလာ၊ အတွေ့အကြုံရှိသော စုံထောက်များ ဖြစ်ရကား ကမ္ဘာ့ရဲအဖွဲ့ကြီး "အင်တာပို"ကပင် လေးစားခဲ့ရသူများ ဖြစ်ရကား ဤအမှုကြီး၏ အမိကတရားခံဖြစ်သူအား ရက်အနည်းငယ်အတွင်း ဖမ်းဆီးရမိနိုင်ပေလိမ့်မည်ဟု ပြင်သစ်ပြည်သူအများက မှတ်ယူထားခဲ့ကြသည်။

အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့သည် အထက်ဖော်ပြပါ အဘွားအိုကြီးများ သတ်ဖြတ်မှုတွင် သင်္ကာမကင်းဖွယ် ဖြစ်သူများအား ပိုက်စိပ်တိုက်ဖမ်းဆီး၍ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ အချင်းဖြစ်ပွားသော ရပ်ကွက်များတွင်လည်း စနစ်တကျ ပတ်ဝန်းကျင်လေ့လာမှုများ ပြုလုပ်ခဲ့သော်လည်း လူသတ်သမားနှင့် ပတ်သက်၍ သတင်းတစ်စုံတစ်ရာ မရဖြစ်ခဲ့ရသည်။ ထိုစဉ်က မှတ်တမ်းအရ အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့သည် ပါရီဒုစရိုက်လောကမှ လက်စလက်နရှိသော ဒုစရိုက်သမားရာချီ၍ ဖမ်းဆီးကာ စစ်ဆေးခဲ့ကြသော်လည်း ဤလူသတ်မှုကြီးနှင့် ပတ်သက်သော သတင်းတစ်စုံတစ်ရာ မရရှိခဲ့။

၁၉၈၄ ခု၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပါရီမြို့တော် မီးသတ်တပ်ဖွဲ့မှ တပ်သားတစ်ဦးသည် ပါရီမြို့ ရှုးနီကိုး(လ်)လမ်း၊ အမှတ်-၆၁ တွင် နေထိုင်သော အသက် ၇၁ နှစ်အရွယ် ဆူဆန်နီဖူးကော(လ်)ဆိုသူ အမျိုးသမီးကြီးအား ၎င်း၏အခန်းတွင် ပလတ်စတစ်အိတ်ဖြင့် ဦးခေါင်းကိုစွပ်၍ သတ်ထားသော အလောင်းအား တွေ့ရသည်ဟု သက်ဆိုင်ရာ ရဲအဖွဲ့အား သတင်းပေးပို့ခဲ့သည်။

အမျိုးသား ဆူရီတေးစုံထောက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောပြချက်အရ အထက်ဖော်ပြပါ အသက် ၇၁ နှစ်အရွယ် ဆူဆန်နီဖူးကော(လ်)အား ပလတ်စတစ်အိတ်စွပ်၍ သတ်ဖြတ်ခဲ့သူမှာ ယခင် အဘွားအိုများကို သတ်ဖြတ်ခဲ့သူ ဖြစ်နိုင်သည်

www.burmeseclassic.com

ဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောပြခဲ့သည်။ ပါရီမှထုတ်ဝေသော သတင်းစာအများကမူ ဤလူသတ်မှုကြီးသည် ၁၈၈၈ ခုနှစ်က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဝိုက်ချက်ပယ်ရပ်ကွက်တွင် ဖြစ်ပွားခဲ့သော ပြည့်တန်ဆာမ ငါးယောက်အား ရက်ရက်စက်စက် ရင်ခွဲ၍ သတ်ဖြတ်ခဲ့သော ကိုယ်ပျောက်လူသတ်သမား ဂျက်ကဲ့သို့ ကိုယ်ပျောက်လူသတ်သမားလောဟု ရေးသားဖော်ပြခဲ့ရာ ပါရီမြို့တော်သူ မြို့တော်သားအများအဖို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ခဲ့ရသည်။ ပြင်သစ်ရုပ်သံလွှင့်အစီအစဉ်များကလည်း ဤလူသတ်မှုကြီးအကြောင်း အကျယ်တဝင့်ထုတ်လွှင့်သွားခဲ့ပြီး ဤလူသတ်မှုကို ကျူးလွန်သူအား ၂၀ ရာစု ပါရီမှ ကိုယ်ပျောက်လူသတ်သမားဟု ကင်ပွန်းတပ်ခဲ့သည်။ |ခရစ်နှစ် ၁၈၈၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဝိုက်ချက်ပယ်ရပ်ကွက်၌ ဖြစ်ပွားခဲ့သော လူသတ်မှုကြီးများအကြောင်းကို ဤပြစ်မှုမဂ္ဂဇင်းတွင် ရေးသားခဲ့ပြီးဖြစ်သည်။|

အထက်ဖော်ပြပါ အမှုကြီး ဖြစ်ပွားပြီး ရက်သတ္တပတ် လေးပတ်တိတိ လူသတ်သမားသည် လူသတ်မှုများ ကျူးလွန်ခြင်းမရှိခဲ့။ သို့သော် ၁၉၈၄ ခု၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ပါရီမြို့ ဗစ်တာဟူဂိုလမ်း၊ အမှတ် ၂၂ တွင် နေထိုင်သော အသက် ၇၁ နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးအား လူသတ်သမားသည် ယခင်အဘွားအိုများကို သတ်သကဲ့သို့ သတ်ဖြတ်ပစ်ခဲ့သည်။ ထိုအဘွားအိုအသတ်ခံရပြီး နှစ်ရက်ခန့်အကြာတွင် အသက်အရွယ် ၈၅ နှစ်ရှိသော မေရီချိုင်းဟူသော အမျိုးသမီးကြီးတစ်ဦး အသတ်ခံရပြန်သည်။ ဤအမှုဖြစ်ပွားပြီး လူသတ်သမားသည် လူသတ်မှု ရှစ်မှုကို ဆက်လက်ကျူးလွန်ခဲ့သည်။ အသတ်ခံရသူ အားလုံးမှာ အသက် ၈၀ နှင့် ၉၀ အရွယ် အဘွားအိုများသာ ဖြစ်ကြသည်။ ပြင်သစ်နိုင်ငံတွင်သာမက နိုင်ငံတကာသို့ ဂယက်ရိုက်ခတ်ခဲ့သည့် မှုခင်းကြီးဖြစ်ရတော့၏။

အင်္ဂလန်နိုင်ငံမှ ဩဇာတိက္ကမ အကြီးမားဆုံးသတင်းစာကြီးတစ်စောင် ဖြစ်သော ဒေးလီးတယ်လီဂရပ်(ဖ်) သတင်းစာအယ်ဒီတာအဖွဲ့သည် အထက်ဖော်ပြပါ မှုခင်းသတင်းကို တိတိကျကျ ဖော်ပြနိုင်ရန် ပြင်သစ်နိုင်ငံ၊ ပါရီသို့ မှုခင်းသတင်းထောက်တစ်ဦးအား စေလွှတ်၍ ထိုသတင်းများကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ရာ ယင်းလူသတ်မှုကြီးမှာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရတော့၏။

လူသတ်သမားသည် လူသတ်မှု တစ်မှုပြီးတစ်မှု ဆက်တိုက်ကျူးလွန်ခဲ့သည်။ အသတ်ခံရသူအားလုံးမှာ အသက် ၇၁ နှစ်နှင့် အသက် ၉၀ အရွယ်အတွင်း အဘွားကြီးများသာ ဖြစ်ခဲ့သည်။ အစဉ်အလာကြီးမားခဲ့သော အမျိုးသားသူရဲကောင်းစုံထောက်အဖွဲ့မှာ လက်မှိုင်ချရပြီး နိုင်ငံတကာမှ ပြစ်တင်ဝေဖန်ခံခဲ့ရသည်။ ရုတ်တရက်ပေါ်လာသော လူသတ်သမားသည် ရုတ်တရက်ပျောက်သွားခဲ့သည်။ ၁၉၈၇၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် လူသတ်သမားသည် အသက် ၈၇ နှစ်အရွယ် မုဆိုးမကြီး မာဒန်ဖီနယ်တာရီ ဆိုသူအား ခေါင်းအုံးဖြင့်ဖိ၍ သတ်ခဲ့သည်။ ကံကောင်းသည်ဟု ဆိုရပေတော့မည်။ ယင်းအဘွားအိုကြီးမှာ မေ့မျောနေခဲ့သော်လည်း ဆေးရုံတွင် ကြပ်မတ်ကုသခဲ့ရာမှ သတိပြန်လည်ရရှိလာပြီး သူ့အားသတ်ရန် ကြိုးစားခဲ့သည်။ လူသတ်သမား၏ အသွင်အပြင်၊ အရုပ်အမောင်း အစရှိသည့် အချက်အလက် သဲလွန်စကို အမျိုးသားသူရဲကောင်းစုံထောက်အဖွဲ့အား အသေးစိတ် ပြောပြနိုင်ခဲ့ရာမှ လူသတ်သမားအား ခြေရာခံနိုင်ခဲ့၏။

၁၉၈၇၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပေါ်လင်ဆိုသူ အသက် ၂၄ နှစ်အရွယ် လူသတ်သမားကို ဖမ်းဆီးရမိခဲ့သည်။ လူသတ်သမားဖြစ်သူကလည်း အဘွားအို ၂၄ ယောက်ကို သတ်ခဲ့ပါသည်ဟု ဖြောင့်ချက်ပေးခဲ့သည်။ စိတ္တဗေဒပညာရှင်များကမူ ပေါ်လင်မှာ စိတ္တဇဝေဒနာ ခံစားနေရသူဖြစ်သည်ဟု ဆိုသည်။ သူ ၅ နှစ်သားအရွယ် မိဘများက စွန့်ပစ်ခဲ့ရာမှ သူ့မိခင်၏ အမေဖြစ်သူ အသက် ၇၈ နှစ်အရွယ် အဘွားအိုဖြင့် နေထိုင်ခဲ့ရာ အဘွားဖြစ်သူသည် သူ့အား ရက်ရက်စက်စက် နှိပ်စက်လေ့ရှိရာမှ အဘွားအိုများကို မုန်းတီးသော စိတ်ဝေဒနာ ရလာခဲ့သည်။ ဤတွင် အထက်ဖော်ပြပါ လူသတ်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ သူ့အား စိတ္တဇဆေးရုံတွင် ဆေးကုသခံယူနေစဉ် သေဆုံးခဲ့ရသည်ဟု ဆိုခဲ့ပါကြောင်း . . .။

**လှမိုး(ပညာရေး)**

<u>ကျမ်းကိုး</u>

(၁) Aplague of Murder

(၂) Murder File

www.burmeseclassic.com



# ဖုန်း

□ စိုးယဉ်ထွန်း

စာမှုမပေးနိုင်တာ ကြာပြီဖြစ်သည့် ပြစ်မှုမဂ္ဂဇင်းအတွက် တစ်ပုဒ်လောက်ရေးပေးမည်ဟု စိတ်ကူးပြီး စာရေးစားပွဲမှာထိုင်၊ ဘော(လ်)ပင်ကိုင်၊ စာရွက်ကလေးတွေကို ယူလိုက်စဉ်မှာ ဈေးမှပြန်လာသော ခနီမိုး ဝါးခင်း အိမ်ရှင်မ၊ ကျွန်တော့်ရဲ့ ရှုမငြီးတဲ့ ချစ်ဇနီး စမ်းမြင့်က ဈေးခြင်းတောင်းလေးကို ဒီကြမ်းခင်းပေါ် ချလိုက်သဖြင့် ဈေးခြင်းတောင်းကိုကြည့်လိုက်ရာ ထိုးထိုးထောင်ထောင် ကန်စွန်းရွက်များက မျက်စပစ်လိုက်သလို့မျိုး မြင်လိုက်၍ မိန်းမမျက်နှာကို စောင်းငဲ့ကြည့်မိသည်။ ဈေးထဲမှအပြန်တွင် ပြောစရာများပါ ဝယ်လာမှန်းကိုပါ သိလိုက်သည်။

"ကိုရေ••ရှင်ကမှ စာရေးဆရာဖြစ်ပြီး ဖုန်းမကိုင်နိုင်ဘူး။ ဘာအလုပ်ကမှ ဝင်ငွေမရှိတဲ့ မောင်နေက ဖုန်းရလို့ သူ့မိန်းမက ဈေးလာတာ ဖုန်းကို လက်တယမ်းယမ်းနဲ့"

"ဟာ••မိန်းမရဲ့ ကိုက စာရေးပြီးစားတဲ့ စာရေးဆရာလေကွာ။ သူက ရပ်ကွက် ဆယ်အိမ်မှူးလေကွာ"

"ရှင်က ငါးစာရေးဆရာ၊ နောက်တော့ရမှာပဲနဲ့ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူပေးပြီး မဲနှိုက်ရတာကို မလုပ်ချင်ဘူးဆိုတော့ အခု သူများတွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်လို့…"

"ဟာကွာ…မိန်းမရယ်။ ရပ်ကွက်ထဲမှာ မဲနိုက်တာ သုံးလေးခါရှိပြီ။ ရပ်ကွက်ထဲကလူတွေ ဘယ်နှယောက် မဲပေါက်လို့လဲ။ ရာအိမ်မှူး။ ဆယ်အိမ်မှူး။ ရပ်မိရပ်ဖ၊ အထောက်အကူပြု ဘာညာတွေပဲဟာ…"

ကျွန်တော့်ရဲ့စကားကို ခေါင်းညိတ်လိုက်ပေမယ့် မိန်းမသားပီပီ နှုတ်ခမ်းနှခါလျှာ ထပ်လှုပ်သွားပြီး…

"ကိုရယ်…ဘာပဲဖြစ်ဖြစ်ပေါ့။ ဖုန်းတွေ ဒီလောက်ပေါလာတာ တစ်လုံးတော့ ရှိသင့်တာပေါ့"

"အင်း…မိန်းမရေ ကိုက စာရေးဆရာလေကွာ။ ရေးပြီးသွားပို့၊ ပါလာရင် စာမူခထုတ်။ ကဲ…ဘယ်စီးပွားရေးလုပ်ငန်းရှင်တို့ ခရီးနီတို့ကို ဖုန်းဆက်စရာရှိလို့လဲ။ ဖုန်းတွေပေါနေလို့ ဈေးလည်းသက်သာလို့ မင်းက ဖုန်းကိုင်ချင်တယ်၊ ရှိသင့်တယ်လို့ပြောတာ လက်ခံပါတယ်။ ဒါပေမယ့် ဖုန်းက မပြောလည်းကုန်၊ ပြောလည်းကုန်၊ ကတ်ဖိုး၊ ဟမ်းဆက်ဖိုး၊ ဒိတ်လွန်ကြေး အဖြတ်အတောက်ကြေးတွေက ရှိနေသေးတယ်ကွ"

မိန်းမပြောသည်က ဟုတ်နေပေမယ့် စာရေးဆရာညာဥ်အတိုင်း အဖြစ်နှင့် အမြင်ကလေးတွေကို ပြောချင်မိလို့ တစ်ဆက်တည်း…

"အေးကွ၊ ဖုန်းပေါ့အရေးပေါ်ပြီး အတော်များများ ကိုင်နိုင်နေကြတယ်။ ဖုန်းကလေးကိုင်ပြီး လမ်းလျှောက်ရင်း ဖုန်းဆက်၊ ကားမောင်းရင်းဆက်၊ ဆိုင်ကယ်စီးရင်းဆက်နဲ့…"

“

မနေ့ကလည်း ကို ရေးပြီး
သွားစာမူ သွားပို့တာ
ကုန်သည်လမ်းထိပ်မှာ
ပလက်ဖောင်းတွေကကျဉ်း၊
ဈေးသည်တွေက
နေရာယူထားတော့
ကွေ့ကွေ့ရှောင်ရှောင်နဲ့
သွားနေတာကို
ဖုန်းပြောလာတဲ့
ကောင်မလေးနဲ့
ရင်ချင်းအပ်တိုက်မိတာလေ
အင့်ခနဲဖြစ်သွားတာပဲ။
ဒါပေမယ့်
ကောင်မလေးက
ဖုန်းပြောမပျက်ဘူးကွာ။

”

"အင်းလေ…ဒါမှ ဆက်သွယ်ရေးလမ်းကြောင်း မှန်မှာပေါ့"

"ဟုတ်ပါသည်။ ဆက်သွယ်ရေးလမ်းကြောင်းမှန်၏၊ အချိန်ကုန်သက်သာသည်။ ဖုန်းကြောင့်ဖြစ်ရသည့် အကြောင်းလေးနည်းနည်းပါးပါးကိုတော့ ပြောပြမိသည်။

"အဟင်း…မိန်းမရေ တစ်နေ့က ဟို…ကိုကျော်ငုံသားလေးလေ၊ ဆိုင်ကယ်စီးရင်း ဖုန်းပြောတာ အရှိန်လွန်ပြီးမှောက်လို့ ခေါင်းရဲ့က မဆင်းရသေးဘူး။ ငါးရောင်းတဲ့ မအေးမော်ကလည်း ငါးတောင်းရွက်ရင်း ဖုန်းပြောတာ၊ ငါးတောင်းမှောက်ကျတာ မင်းသိလိုက်လား။ မနေ့ကလည်း ကိုရေးပြီး သွား စာမူသွားပို့တာ ကုန်သည်လမ်းထိပ်မှာ ပလက်ဖောင်းတွေကကျဉ်း။ ဈေးသည်တွေက နေရာယူထားတော့ ကွေ့ကွေ့ရှောင်ရှောင်နဲ့ သွားနေတာကို ဖုန်းပြောလာတဲ့ ကောင်မလေးနဲ့ ရင်ချင်းအပ် တိုက်မိတာလေ…အင့်ခနဲဖြစ်သွားတာပဲ။ ဒါပေမယ့် ကောင်မလေးက ဖုန်းပြောမပျက်ဘူးကွာ"

"ဟင်…"

"ပြီးတော့လည်း ဆက်သွယ်ရေးအသုံးဝင်ဖုန်းတွေ၊ ဟန်ကြီးပန်ကြီး လုပ်စရာဖုန်းတွေ ပေါလာသလို ဟိုကြိုသြတ္တပ္ပတရားမဲ့ပြီး အရှက်အကြောက်ကင်း ရိုးရာယဉ်ကျေးမှုပျောက်တဲ့ ဖုံးစရာတွေလည်း ပေါ်ပြီး ယိုသူမရှက်၊ မြင်သူရှက်ရတဲ့ အဖုံးအဖိတွေလည်း ပိုပြီးလွတ်ကုန်ပြီ မိန်းမရေ"

"ရှင်ကလည်း…ဒါက ပြောတဲ့ဖုန်း၊ ဟိုက ဖုံးချင်စရာ…"

ကျွန်တော့်ဇနီးက ချထားသည့် ဈေးခြင်းတောင်းကို ဆွဲယူလိုက်ရာ ကန်စွန်းရွက်ကလေးတွေက သွင်ခနဲ သွားပြီး ထိုင်ရာမှထ၍ မီးဖိုထဲကို ဝင်သွားရင်း ကုန်းဖိဖိအပြုံးလေးနှင့် မျက်စောင်းလှည့်ထိုးလိုက်သည်။ တစ်အောင့်ငါးရာတန် ဖုန်းသက် ပိုရှိ…ပိုရှိ။

ဗိုးယဉ်သွေး



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောဖတ်ထွေး အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

"ဦးစလင်း . . . ဘာတွေအလုပ် ရှုပ်နေတုံး။ မဂ္ဂဇင်းတွေ၊ ဝတ္ထုတိုလေး တွေ မဖတ်ရတာ ကြာပြီ"

ရုံးခန်းထဲမဝင်သေးဘူး။ အပေါက် မှ မောင်မိုးနှုတ်ဆက်ခြင်း ဖြစ်သည်။ မောင်မိုးပြောမည့်ဆိုက ပြောစရာပင် ဝတ္ထုတိုလေးများကို ရေးသားပြီး မိတ် ဆွေရေးဖော်ရေးဖက်ကို ပေးထားပါ သည်။ မဂ္ဂဇင်းတိုက်က မသုံးသေးတာ ဘာ ပယ်တာလားဆိုသည်ကိုတော့ ဦး မဂ္ဂဇင်းတိုက်သို့ စာမူမရောက် သေးတော့မဖြစ်နိုင်။ ဘယ်လိုအကြောင်း ကြောင့်ဖြစ်ဖြစ် ဖော်ပြမခံရတာရယ်၊ အလုပ်ကိစ္စလည်း ရှိတာရယ် ကြောင့် မရေးဖြစ်တာ နည်းနည်း ကြာပြီ။

"ဖတ်ရမှာပေါ့ မောင်မိုးရ။ ပါ တဲ့အခါပေါ့။ ဝင်ခဲ့လေ"

မောင်မိုး ခုံလွတ်တစ်လုံးတွင် ထိုင်သည်။

"ဦးစလင်း . . . စာအုပ်တွေ ထွက်တာတွေ့တယ်"

"ဟုတ်တယ် မောင်မိုး။ လေး ရှိသွားပြီ။ စီရင်ထုံးများကိုလေ့လာ ဖို့ ဥပဒေရေးရာ သုတအဖြာဖြာ ဆိုတာ နှစ်အုပ်၊ မဂ္ဂဇင်းထဲပါပြီးသား တွေ စုထုတ်တာ။ နောက်ပြီး မြန်မာ နိုင်ငံ တရားစီရင်ထုံးများ (ဒိုင်ဂျက်စ်)၊ ဒါမှတ်ဖွယ်ရာ တရားမမှုခင်းများ၊ ပေါင်းလေးအုပ်ပေါ့"

"ဒါဆို ဦးစလင်း ကားစီးနိုင်ပြီပေါ့"

"နဂိုထဲက စီးနိုင်ပါတယ်။ ပါရမီ တို့၊ အစ်ပတီတို့၊ မထသတို့ပေါ့ . . ဟဲ . . . ဟဲ"

"လိုင်းကားပြောတာ မဟုတ်ပါ ဘူး။ ကိုယ်ပိုင်ကားပြောတာပါ"

"အင်း . . . ကိုယ်ပိုင်ကားတော့ လက်လှမ်းလို့မမီတာမို့ပဲ"

"ကားဈေးတွေ ကျနေတာပဲ ဦးစလင်းရာ"

"ကိုယ့်ဝမ်းနာ ကိုယ်သာသိဆို သလို ဒိုင်တွေပေါ်မှာ တင်ထားရတာ အကြွေး။ လက်ထဲမှာ ငွေကလွဲလို့ စာရင်းနဲ့ ဘောက်ချာပဲရှိတယ် မောင်မိုး ရေ။ ထွက်ရေးတော့ စက်သူဌေး၊ တွက်ကြည့်တော့ စက်မရှိဖြစ်နေ တယ်"

"ဖြစ်လာမှာပေါ့ ဦးစလင်းရာ။ ဥပဒေစာအုပ်က ဈေးကွက်ရှိတယ်"

မောင်မိုးက စကားဖြတ်လား သည်။ မှုခင်းဆန်ဆန် ဆောင်းပါးလို လို၊ ဝတ္ထုလိုလိုရေးပြီး တစ်အုပ်တည်း နဲ့ ရပ်နေသည်ကို မပြောချင်၍ ဖြတ် ထားဟန်တူသည်။ "ကျွန်ုပ်ဖြေရှင်းပေး ခဲ့ရသော ပြဿနာများ" စာအုပ်တစ် အုပ်ထုတ်ကာ ရပ်နေသည်။ ဆိုလိုတာ က ဈေးကွက်မရှိဘူး၊ မဝင်ဘူးပေါ့။

"ဥပဒေစာအုပ်တွေကလည်း ဟောတစ်အုပ်၊ ဟောတစ်အုပ်ဆိုတာ လို ထွက်နေတာ"

"ထွက်တာ အကြောင်းမဟုတ် ပါဘူး။ အဆင့်ရှိဖို့ပဲ လိုပါတယ်။ စာဖတ်သူက ရွေးချယ်ဝယ်ယူ အား ပေးမှာပေါ့"

မောင်မိုးပြောတာ ငြင်းစရာမရှိ ပါ။ စာဖတ်သူ ဆုံးဖြတ်တာ သမာ သမတ်ကျပါသည်။

"မောင်မိုးလည်း ဆက်ထုတ်ဦး လေ။ ဖတ်ရတာ အဆိုးပါဘူး"

"မဆိုးပေမယ့် စာဖတ်သူတွေနဲ့ စိမ်းနေတယ်။ ပြောရရင် ကလောင် သစ်လို ဖြစ်နေတော့ ဖတ်သူ သိပ်မရှိ ကြဘူး"

"ဒါကြောင့် ဆက်ထုတ်ဖို့ပြော တာပေါ့။ များများထုတ်၊ များများ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ၊ ဒါမှ စာဖတ်သူသိမှာလေ''

''ဟုတ်တော့ ဟုတ်ပါရဲ့။ များများထုတ်၊ များများကြော်ငြာ၊ ဒါပေမယ့် ငွေရှိမှ ဖြစ်မှာလေ''

ဦးစလင်းငြိမ်နေလိုက်ပါတော့သည်။ လေးအုပ်ထုတ်တာ ဘယ်စာအုပ်မှ စာရင်းမပြတ်သေးဘူး။ စာရင်းနဲ့ ဘောက်ချာပဲ ရှိနေသည်။ ထုတ်ပြီးသားစာအုပ်က ငွေမဝင်တော့ အသစ်ထပ်ထုတ်ဖို့ အခက်တွေ့နေသည်။ လုံးလည်ချာလည်ထဲကပဲ။

''တချို့တော့ ဝတ္ထုရှည်တောင် လစဉ်လို ထုတ်နေတာ''

''အဲဒါက ထုတ်ဝေသူနဲ့ စာရေးဆရာ စာချုပ်ချုပ်ပြီး လုပ်ကြတာကိုး ဦးစလင်းရဲ့။ ဈေးကွက်ကလေးလည်း ဝင်လာရော ထုတ်ဝေသူက ဆက်မထုတ်တော့ ဟို ..စာရေးဆရာ ကလောင် အသတ်ခံရတာပဲ။ ကိုယ်တိုင်ကလည်း မထုတ်နိုင်ဘူးလေ''

''ဈေးကွက်ရှိရင် ဆက်လုပ်ရမှာပေါ့။ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ဟာပဲ''

''စီးပွားရေးအရ ဟုတ်တာပေါ့''

''ထုတ်ဝေသူလည်း စီးပွားရေး လုပ်တာပဲ မဟုတ်လား''

''ဟုတ်တယ်လေ။ ထုတ်ဝေသူက ဒီစာရေးဆရာတစ်ယောက် ... စာအုပ်မထုတ်ရလို့ ဘာမှမဖြစ်ဘူး။ ဟိုစာရေးဆရာသာ ဒုက္ခရောက်တာ။ စာရေးဆရာကို ပညာပြတာပဲ''

''ဒီလောကကလည်း မလွယ်ပါလား ... ဟေ''

''မလွယ်ဆို ဒီထက်ဆိုးတာတွေ တစ်ပုံကြီး ဦးစလင်းရေ။ ပြောမဆုံးပေါင် ဖောသုံးထောင်ဆိုမလား။ တစ်ထောင့်တစ်ညပုံပြင်များ ဆိုမလားဘဲ''

''တော်ပါတော့ မောင်မိုးရာ။ ဒါတွေပြောနေလို့ ဆုံးမှာလည်းမဟုတ်ဘူး။ ကိုယ့်အတွက်လည်း အကျိုးမရှိပါဘူး''

''ဟုတ်ပါတယ်။ အဲဒီတော့ ဗဟုသုတဖြစ်မယ့် ဥပဒေရေးရာလေးပဲ၊ ဦးစလင်း သိသင့်တယ်ထင်တာလေး (message) ပြောပါ''

''အဲဒါ ကောင်းတယ်''

''အယူခံမှု၊ ပြင်ဆင်မှုနဲ့ပတ်သက်ပြီး အယူခံရုံး၊ ပြင်ဆင်မှုရုံးတွေရဲ့ စီရင်ပိုင်ခွင့်အာဏာ ကန့်သတ်ထားတာလေး ဆွေးနွေးရင် ကောင်းမယ်ထင်တယ်''

''OK. Right''

မောင်ဖိုးတော(ခ)ငွေစိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၉၂ ခုနှစ် တရားစီရင်ထုံးများ စာမျက်နှာ ၄၆ ပါ အမှုကို တင်ပြပါမည်။

အမှုက ရိုးရှင်းပါသည်။ အိမ်ငှားချင်း ရန်ဖြစ်သည်။ အိမ်ရှင်က လာရောက်တားမြစ်သည်။ အိမ်ရှင်သားအဖကို ဓားနှင့်ထိုးသည်။ စစ်ကိုင်းမြို့နယ် တရားရုံးက တရားခံများကို အပြီးအပြတ်လွှတ်သည်။ ပူးတွဲစွဲဆိုခံရသော တရားခံများအနက် မောင်ဖိုးတော(ခ)ငွေစိုးအား အပြီးအပြတ်လွှတ်သည်ကို ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်သို့ အယူခံဝင်သည်။ တရားရုံးချုပ်က ပြစ်ဒဏ်စီရင်သည်။ ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် အမိန့်ချသည်။ ဤချမှတ်သော ပြစ်ဒဏ်ကို ဥပဒေနှင့် ညီညွတ်မှုမရှိဟုဆိုကာ အထူးအယူခံဝင်ရောက်သော အမှုဖြစ်သည်။

အမှုအကြောင်း မဆွေးနွေးမီ တရားသူကြီးများကို စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားပုံ ဦးစွာတင်ပြချင်ပါသည်။ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ အဆင့်-၄ ရာထူးဝင်ခွင့်အတွက် သင်တန်းပို့ချသည့်အခါ ဥပဒေဘွဲ့ရပြီးစ လူငယ်မောင်မယ်လေးများသည် တရားရုံးအတွေ့အကြုံ မရှိသည့်အတွက် ဤကဲ့သို့ အာဏာခွဲဝေထားသည်ကို မသိရှိကြပါ။ တရားမမှုတွင်လည်း အလားတူ အမှုတန်ဖိုးအပေါ် စီရင်ပိုင်ခွင့် ခွဲခြားသတ်မှတ်ထားပါသည်။ ဥပဒေအရာရှိများတွင် အဆင့်-၄၊ အဆင့်-၃၊ အဆင့်-၂ စသည်ဖြင့် ရာထူးအဆင့် သတ်မှတ်ထားသည်။ အဆင့်တူချင်း အာဏာခွဲဝေ သတ်မှတ်ခြင်းမရှိ။

တရားရေးဝန်ထမ်း(တရားသူကြီး)များတွင်မူ ထိုသို့မဟုတ်။ အဆင့်-၄ ချင်းတူသော်လည်း အပ်နှင်းသည့်အာဏာကွဲပြားသည်။ တတိယတန်းအာဏာ၊ ဒုတိယတန်းစားအာဏာ၊ ပထမတန်းစားအာဏာဟူ၍ ခွဲခြားထားသည်။ တတိယတန်းအာဏာရ တရားသူကြီးသည် ထောင်ဒဏ် (၁) လအထိ စီရင်နိုင်သည်။ ဒုတိယတန်း အာဏာရတရားသူကြီးသည် ထောင်ဒဏ် ၆ လအထိ စီရင်နိုင်သည်။ ပထမတန်း အာဏာရတရားသူကြီးသည် ထောင်ဒဏ် နှစ်နှစ်အထိ စီရင်နိုင်သည်။

၂၀၁၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေအရ တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများကို အယူခံမှု၊ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်။ ရာထူးဝင်ခွင့်ဆိုသူ ဥပဒေဘွဲ့ရပြီးစ မောင်မယ်များ



www.burmeseclassic.com

www.burmeseclassic.com

ဆိုထားဘိ၊ အလုပ်သင်လေးများ၊ ..င်နေးခွင်ဝင်စ ရှေ့နေလေးများပင် ..ယူခံဝင်ခြင်း၊ ပြင်ဆင်မှုတင်သွင်း ..ကို သိပ်နားမလည်ကြသည်ကို ..ရပါသည်။ နားမလည်ခြင်းမှ ..ာင်းသားဘဝက နားလည်အောင် ..င်းထဲဝင်အောင် မသင်ယူခဲ့ခြင်း၊ ..ကြားမပေးနိုင်ခြင်းကြောင့်ဖြစ်ရာ ..ဖြစ်တင်၊ အပြစ်မြင်စရာ မရှိပါ။

ပြီးခဲ့သောနှစ်ထဲက လုပ်သက် ..တော်အသင့်ရနေပြီဖြစ်သော မိတ် ..အကျိုးဆောင်တစ်ဦး တိုင်းတရား ..သို့ ပြစ်မှုအယူခံတင်သည်ကို အမှု ..လက်ခံသည့် စာရေးကြီးက ပြန်ပေး ..က်သဖြင့် စာရေးသူထံ ရောက်လာ ..သည်။ မြို့နယ်တရားရုံးက ပြစ်ဒဏ် ..င်သည်ကို ခရိုင်တရားရုံးသို့ အယူခံ ..င်သည်။ ခရိုင်တရားရုံးမှာ မအောင် ..ပါ။ မူလရုံးအမိန့်ကို အတည်ပြု ..သည်။ ထိုအမိန့်ကို တိုင်းတရားရုံးသို့ ..ယူခံဝင်ခြင်း ဖြစ်သည်။

မိတ်ဆွေ၏အမှားကို သိပါ ..သည်။ စာရေးသူတို့ ရှေ့နေလိုက်စ ..တိုင်းတရားရုံးတွင် ပေါ်တီကို ..ပေါ်ထပ်၌ ရှေ့နေများ နားနေခန်း ..ဖြစ် သတ်မှတ်ပေးထားပါသည်။ ..ောက်မှ ရှေ့နေများ နားနေရန် မြေ ..ရာပေး၍ ယခုနေရာလေး ဆောက် ..ခြင်း ဖြစ်ပါသည်။ တိုင်းရုံးအပေါ် ..လေးမှာ ပဲခူးသို့ရောက်တိုင်း ဝင် ..လေ့ရှိပါသည်။ ရှေ့နေကြီးများ ..ဆိုကြသည်ကို လေ့လာမှတ်သား ..သည်။ ဥပဒေဗဟုသုတများစွာ ရရှိ ..သည်။ တော်လှန်ရေးကောင်စီခေတ် .. တရားသူကြီးလုပ်ခဲ့ဖူးပြီး၊ အငြိမ်း ..ယူကာ ရှေ့နေလိုက်နေသော ဆရာဦးသက်နိုင်မှ ပြစ်မှုကို တစ်ကြိမ်သာ အယူခံဝင်နိုင်တယ်။ ကျင့်ထုံးပုဒ်မ–၄၃၀ မှာ ပြဋ္ဌာန်းထားတာ မသိတော့ ဒုတိယအကြိမ် အယူခံဝင်တော့ လွဲပြီပေါ့ဟု သူ့တပည့်အား ပြောဆိုနေရာ စာရေးသူစိတ်ထဲ စွဲမှတ်ထားလိုက်ပါသည်။

ကျွန်တော့်မိတ်ဆွေကိုလည်း အမှုလက်ခံတဲ့စာရေးကြီး ပြန်ပေးတာ မှန်ကန်ကြောင်း ရှင်းပြလိုက်ပါတယ်။ ပြင်ဆင်မှုတင်ရမည့်အကြောင်း အကြံပေးလိုက်ပါသည်။ ပြစ်မှုမှာ စွဲချက်တင်ခြင်း၊ မတင်ခြင်းအတွက် တရားလိုဘက်၊ တရားခံဘက် နှစ်ဖက်စလုံးက မကျေနပ်လို့ အထက်ရုံးတက်ချင်တယ်ဆိုရင် ပြင်ဆင်မှုတင်သွင်းရပါတယ်။ ပြစ်ဒဏ်စီရင်တဲ့ အမိန့်ကို အထက်ရုံးတက်ရာမှာ ကွဲပြားခြားနားပါသည်။ တရားလိုဘက်က ပြစ်ဒဏ်တိုးမြှင့်ပေးရန် အထက်ရုံးသို့တင်သွင်းလျှင် ပြင်ဆင်မှုလျှောက်ထားရပါသည်။ တရားခံဘက်က ပြစ်ဒဏ်မချမှတ်သင့်ကြောင်း၊ သို့မဟုတ် လျှော့ပေါ့ပေးသင့်ကြောင်း တင်သွင်းလျှင် အယူခံဝင်ရောက်ရပါသည်။

ဆွေးနွေးလက်စ အမှုကို ဆက်ပါမည်။ မောင်ဖိုးတော၏ အကျိုးဆောင်က မူလအမှုစစ်သော တရားရုံးတရားသူကြီးသည် ဒုတိယတန်းအာဏာရှိသောကြောင့် ထောင်ဒဏ် ၆ လသာ ချမှတ်နိုင်ခွင့်ရှိကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၄၂၃(၁)(က)အရ တရားသေလွှတ်သည့်အမိန့်အပေါ် အယူခံရုံး၏ စီရင်ပိုင်ခွင့်သည် မူလအမှုစစ်သော တရားရုံး တရားသူကြီး၏ အာဏာထက် ကျော်လွန်၍ ချမှတ်ပိုင်ခွင့်မရှိကြောင်း၊ သို့ပါလျက် တရားခံအား ထောင်ဒဏ် နှစ်နှစ် ချမှတ်ထားခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်း မရှိကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၄၂၃(၁)(က)တွင် အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံသည့်ကိစ္စအား ဖော်ပြထားပြီး၊ ယင်းဥပဒေပုဒ်မ–၄၂၃(၁)(ခ)တွင် တရားခံအား ပြစ်ဒဏ်ချမှတ်ထားသည့် အမိန့်အပေါ် အယူခံခြင်းကိစ္စကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ အမှုမှ အပြီးအပြတ်လွှတ်သည့် ကိစ္စအတွက် အယူခံရုံးမှ မည်ရွေ့မည်မျှ ပြစ်ဒဏ်ချမှတ်ရမည်ဟု ဖော်ပြမထားကြောင်း၊ ပြစ်ဒဏ်ချမှတ်ထားသည့် အမိန့်ကို မကျေနပ်၍ တင်သွင်းသည့် အယူခံမှုတွင် မူလအမှုစစ်သော တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာထက် ကျော်လွန်၍ ပြစ်ဒဏ်မချမှတ်ရဟု ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှုမှာ အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို အယူခံသည့်အမှု ဖြစ်သောကြောင့် အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၄၂၃(၁)(က)တွင် ပြဋ္ဌာန်းချက်အရ တရားရုံးချုပ်၏အမိန့်သည် ဥပဒေအရ မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

တရားရုံးချုပ် အထူးအယူခံတွင် သုံးသပ်ပုံ သုံးသပ်နည်းကို သဘောကျလက်ခံသည်။ စာဖတ်သူများ နားလည်စိမ့်သောငှာ သာမန်အရပ်သုံးစကားဖြင့် တင်ပြပါမည်။

အထက်မှာ တင်ပြထားတာ အယူခံနှစ်မျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အပြီးအပြတ်လွှတ်တဲ့ အမိန့်အပေါ် အယူခံခြင်းနဲ့ ပြစ်ဒဏ်စီရင်တဲ့အပေါ် အယူခံခြင်းပေါ့။ အပြီးအပြတ်လွှတ်တဲ့အမိန့်အပေါ် အယူခံတဲ့အမှုမှာ ပြစ်မှုကျူးလွန်တယ်လို့ ပေါ်ပေါက်လို့ ပြစ်ဒဏ်စီရင်မယ်ဆိုရင် အကိုင်းအတာ ကန့်သတ်မှုမရှိဘူးပေါ့။ ပုဒ်မပါအတိုင်း ကျင့်သုံးနိုင်တယ်လို့ ဥပဒေအရာရှိက တင်ပြတယ်။ အထူးခုံရုံးက လက်မခံဘူး။

ဖိုးတောအမှုကို မူလစစ်ဆေးတဲ့ တရားသူကြီးက ဒုတိယတန်းအာဏာရ တရားသူကြီးဆိုတော့ ပြစ်ဒဏ် ၆ လအထိပဲ ချမှတ်နိုင်တယ်။ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လို့ မူလရုံးက ပြစ်ဒဏ်စီရင်မယ်ဆိုရင် အများဆုံး ၆ လပဲလေ။ သူ့အာဏာဆန့်သလောက်ပဲ ချလို့ရတာ။ ပိုချရင် အာဏာမရှိဘဲ ချမှတ်တဲ့အတွက် ပျက်ပြယ်သွားနိုင်တယ်လေ။

မူလရုံးက ပြစ်ဒဏ်စီရင်မယ်ဆိုရင် ၆ လသာ ကျခံရမည့် ဖိုးတောကို တရားရုံးချုပ်က နှစ်နှစ်ချမှတ်တယ်ဆိုတာ အရပ်အမြင်နဲ့ကြည့်ရင်တော့ အဆင်မပြေဘူး။ မတရားဘူးပေါ့။ ဒီတော့ အထူးခုံရုံးက ပြစ်ဒဏ်နှစ်နှစ်ကို ပယ်ဖျက်ပြီး ၆ လကျခံစေရန် ပြောင်းလဲချမှတ်ခဲ့တာ ဥပဒေအရလည်း မှန်၊ အမြင်လည်း တော်သွားတာပေါ့။

အထူးအယူခံရုံး သုံးသပ်ချက်မူရင်းကို ကြည့်ကြစို့။

တရားရုံးချုပ်သည် မူလအမှုစစ်သောတရားရုံး၏ အာဏာကို မထောက်ထားဘဲ ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်မသတ်မှတ်သင့်သည့်သဘောကို ဆိုလိုခြင်းပင် ဖြစ်ပေသည်။ ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံသည့် အမှုများတွင် မူလအမှုစစ်သော တရားရုံးက ချမှတ်ထားသော ပြစ်ဒဏ်ကို အယူခံတရားရုံးအနေဖြင့် တိုးမြှင့်ခြင်း မပြုနိုင်ပေ။ ထိုနည်းတူပင် ပြစ်ဒဏ်ကို တိုးမြှင့်ပေးသင့်ကြောင်း၊ ပြင်ဆင်မှုတရားရုံးက ထင်မြင်ယူဆသည့်တိုင်အောင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၃)အရ မူလအမှုစစ်သော တရားရုံး၏ အာဏာသည် အထူးအာဏာ မဟုတ်ခဲ့လျှင် ပထမတန်းအာဏာက ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ပြင်ဆင်မှုတရားရုံးက ပြစ်ဒဏ်ကို တိုးမြှင့်မပေးနိုင်ချေ။ ထို့ကြောင့် အယူခံတရားရုံးကပင် ဖြစ်စေ၊ ပြင်ဆင်မှုတရားရုံးကပင်ဖြစ်စေ တရားခံကို ပြစ်ဒဏ်ချမှတ်လျှင် ဥပဒေက သတ်မှတ်ထားသော ပြစ်ဒဏ်ဘောင်အတွင်းက ဖြစ်စေကာမူ အထက်တရားရုံး၏ အာဏာကို အတိုင်းအဆမရှိ မကျင့်သုံးစေလိုသည့် သဘောပင်ဖြစ်သည်။ ထို့ကြောင့် ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၂၃(၁)(က)ပါ ပြဋ္ဌာန်းချက်အရ ဥပဒေဘောင်အတွင်းက ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း တင်ပြချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆရက်အာမက်ပါ(၆)၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၁၁ ကို လိုက်နာရန်သဘောတူကြောင်း သုံးသပ်ခဲ့ပါသည်။

"ဦးစလင်းနဲ့ ခုလိုတွေ့ရတာ အကျိုးရှိပါတယ်"

"Don't mention it. ဒါအသေးအဖွဲပါ"

"ဥပဒေပညာရှင်တွေအတွက်တော့ ဟုတ်မှာပေါ့။ ကျွန်တော်တို့လို ဝါသနာအရ လေ့လာသူတွေအတွက်တော့ ဗဟုသုတ တကယ်ရပါတယ်"

"မူလရည်ရွယ်ချက်ကလည်း သာမန်ပြည်သူတွေ ဥပဒေအသိ တိုး ဖို့ပါပဲ"

"အမှန်ပြောရရင် အယူခံမှု၊ ပြင်ဆင်မှုဆိုတာတွေ ဘာမှမသိပါဘူး။ ခုလောက်လေး သိရရင် မဆိုးဘူးပေါ့။ ပြစ်ဒဏ်ချမှတ်လို့ အယူခံဝင်ရမှာ ပြစ်ဒဏ်တိုးမပေးနိုင်ဘူးဆိုတာ ကြား ဖူးနားဝသာရှိတာ၊ တကယ်သိတာ မဟုတ်ဘူး။ မျက်မမြင်ပုဏ္ဏား ဆင်ကို ထင်ကြေးပေးသလို အသိမျိုးပဲ"

"ဒီလောက်တောင် ဟိမဝန္တာ ချီးမွမ်းခန်းလုပ်နေမှတော့ လက်ဖက်ရည်နဲ့ မဖြစ်ဘူး၊ ထမင်းကျွေးမှ ဖြစ်တော့မယ်"

"ဟာ . . . ပြောင်းပြန်တွေမလုပ်ပါနဲ့၊ ကျွန်တော်ကျွေးပါရစေ။ အသက်အရွယ်ကြီးတဲ့သူ ကျွေးရတာ ကုသိုလ်လည်းရပါတယ် . . . ဟဲ . . . ဟဲ"

"မောင်မိုး . . မင်းငါ့ကို အဘိုးကြီးလို့ ပြောတာလား"

"မဟုတ်ရပါဘူး ဦးစလင်းရဲ့ ဦးစလင်းအရွယ်လောက်နဲ့ အဘိုးကြီးလို့ မသတ်မှတ်နိုင်သေးပါဘူး"

"အေး . . . ဂွတ်(Good)တယ် ဂွတ်တယ်။ မြန်မာထမင်းဆိုင် ကောင်းကောင်း ရွေးကြမယ်လေ"

နှစ်ယောက်သား အတူထွက်ခဲ့လေတော့သည်။

ချမ်းမြေ့ပျော်ရွှင်၊ စိတ်ကောင်း ဝင်နိုင်ကြပါစေ။

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဗိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၈၁/ ၁၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water


20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ ဗိုလ်မြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉-၇၀၃...


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အာလိုရှိသည်

## အပိုင်း(၈၁)

ဗဟိုစော

### ကော်ဖီပျက်စခန်းအား ပြန်လည်အသက်သွင်းရာဝယ်

တူးကူးတို့ရေ ...

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်က ...ခမ်းဘန်းကန် ကော်ဖီစိုက်ပျိုးရေးအလုပ်စခန်းကြီးဟာ ...ကိန်းလျာထားချက် မအောင်မြင်တဲ့အပြင် ငွေလုံးငွေရင်း ...အကောင်အထည်ဖော် တည်ဆောက်ခဲ့တဲ့ အမြဲတမ်း အဆောက်အဦတွေကပါ အချိန်မီ မပြီးစီးနိုင်ဘဲ တိုးလိုး ...န်းလန်းဖြစ်နေခဲ့မဟုတ်လားဗျာ။

အဲဒါနဲ့ ဒီစီမံကိန်းကြီးကို ရှေ့ဆက်ရကောင်းနိုး၊ ...တန့်ရကောင်းနိုးနဲ့ လူကြီးခေါင်းကိုက်နေတဲ့အချိန် ...လေးလုံးအလွန် ၁၉၈၉ ခုနှစ်မှာ ထူးထူးခြားခြား ကျရောက်ခဲ့တဲ့ နှင်းခါးဒဏ်ချက်ဟာ မသေမရှင်နဲ့ ကျိုးတိုးကျဲတဲဖြစ်နေခဲ့တဲ့ ကော်ဖီပင် လက်ကျန်တွေကို အမြစ်ပါမကျန်တော့အောင် အပြတ်အတ်သိမ်းယူလိုက်ပါတော့တယ်။

အဲဒီတော့မှ လူကြီးတွေက ကော်ဖီကို လက်လျှော့လိုက်ပြီး စိုက်ပျိုးရေးစခန်းပီပီ စပါးစိုက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ပြဿနာက အမြင့်ပိုင်းကျတဲ့ ဘန်းကန်စခန်းမှာက ရေမရှိဘူးလေ။ အဲဒါကြောင့် စခန်းနှစ်ခုလုံးမှာရှိတဲ့ အမြဲတမ်းအဆောက်အဦတွေကိုတော့ ယာယီထိန်းသိမ်းထားပြီး စပါးကို ရေအဲသင့်အတင့်ရတဲ့ ဟီးခမ်းစခန်းမှာ စမ်းစိုက်ကြည့်ဖို့ ညွှန်ကြားခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

စပါးစိုက်တဲ့ ဇူလိုင်–ဇူလိုင် ဘဏ္ဍာရေးနှစ်မှာ မိုးကောင်းတာနဲ့ စပါးထွက်နှုန်းလည်း ခန့်မှန်းထားတာထက် ပိုကောင်းခဲ့တယ်။ ဒါကြောင့်မို့ လိုအပ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရဲဘက်လုပ်အား စတာတွေ ပံ့ပိုးပေးပြီး လာမယ့်နှစ်မှာ စပါးဆက်စိုက်ဖို့ ဆုံးဖြတ်ထားခဲ့ကြတယ်။

ဒါပေမယ့် ဒီနှစ် စပါးရိတ်သိမ်းချိန်မှာပဲ အရာရှိဝန်ထမ်းတွေဟာ ပါလာတဲ့ လက်နက်တွေကို စိုက်ခင်းအလယ်က ညောင်ပင်ကြီးမှာ ထောင်ထားပြီး နေ့စဉ်အရက်သောက်၊ ဖဲရိုက်နေခဲ့ကြသတဲ့ဗျာ။ ဒီလိုနဲ့ ရက်နည်းနည်းကြာလာတော့ အမြဲတမ်း ထောင်ဝန်ထမ်းတွေလစ်ကို ချောင်းမြောင်းနေတဲ့ ရဲဘက်တွေအတွက် အထူးအခွင့်အရေး ရသွားတော့တာပေါ့။

"ဟော့ ... ဘယ်ကောင်မှ ရှေ့တိုးလိုက်မလာနဲ့နော်။ သေသွားမယ် ... ဘာမှတ်လဲ"

အရာရှိဝန်ထမ်းတွေ ဆက်ရက်မင်းစည်းစိမ် ခံစားပြီး မူးယစ်ရီဝေနေတဲ့အချိန်မှာ အသင့်စောင့်နေတဲ့ ရဲဘက်တွေဟာ ညောင်ပင်ကြီးမှာ ထောင်ထားတဲ့ စတင်းသေနတ်တွေနဲ့ ထိုးချိန်ပြီး အနောက်ဘက်ယွန်းယွန်းက မိုးမခတောင်ခြေဆီ အုပ်စုလိုက် ထွက်ပြေးကြပါလေရောလားဗျာ။

"တော်သေးတာပေါ့ကွာ။ စတင်းနဲ့ မွှေ့မသွားလို့"

အရာရှိကြီးတစ်ယောက်က မှတ်ချက်ပြုတယ်။ ဟုတ်ပါတယ်။ အဲလိုသာဆိုရင်တော့ ဖဲချပ်ကလေးတွေကို ရီဝေဝေနဲ့ အရသာခံပွတ်သပ်နေတဲ့ ဝန်ထမ်းတွေခမျာ ယမမင်းကြီးရဲ့ ရှေ့ရောက်မှပဲ အမူးပြေကြမယ် ထင်ပါရဲ့။

ဒီဖြစ်ရပ်ဟာ အကျဉ်းဦးစီးဌာနသမိုင်းမှာ ရှားရှားပါးပါး ထူးခြားဖြစ်စဉ်ဖြစ်နေတော့ ပြုတ်သူပြုတ်၊ ပြောင်းသူပြောင်း။ ရာထူးကျသူကျနဲ့ အရေးယူခံရတာတွေ တသီကြီးပေါ့။ နောက်ဆုံးတော့ စခန်းတာဝန်ခံ သီးသန့်မထားတော့တဲ့အပြင် စခန်းရဲ့ အမ်ဒီနဲ့ အိုအေငွေစာရင်းတွေကိုပါ ပိတ်သိမ်းခံလိုက်ရပါတော့တယ်။

စခန်းရဲ့အုပ်ချုပ်မှုကိစ္စတွေကို အောင်ပန်း–ရွှေညောင်လမ်း တာဝန်ခံ ဒုတိယတောင်ပိုင် ဦးလှိုင်သိန်းကို ပူးတွဲတာဝန်ပေးခဲ့တယ်လေ။ ဒါကြောင့်လည်း ဦးလှိုင်သိန်း ထိုးခမ်းစခန်းက ပန်ကမ်းရဲဘက်တွေအတွက် ရိက္ခာကို သူ့စခန်း ငွေစာရင်းကနေ ထုတ်ကျွေးနေခဲ့ရတာပေါ့ဗျာ။

အဲ ... ဒီလိုနဲ့ ကိုယ် ထိုးခမ်းစခန်းကို ရောက်ရှိပြီး တောင်ကြီးမြန်မာ့စီးပွားရေးဘဏ်မှာ ပိတ်သိမ်းထားတဲ့ ငွေစာရင်းတွေ ပြန်ဖွင့်၊ အမျိုးသမီးကျောင်းကိစ္စတွေလုပ် ဦးလှိုင်သိန်းက အလုပ်လွှဲပြောင်းလက်ခံတွေ ဆောင်ရွက်ရတယ်။

အားလုံးပြီးစီးလို့ ဦးလှိုင်သိန်း သူ့စခန်းပြန်သွားတဲ့ အခါမှာတော့ ကိုယ့်ရဲ့ မဟာတာဝန်ကို စတင်လုပ်ကိုင် ပါတော့တယ်။

ပထမဆုံး အကောင်အထည်ဖော်ရတာကတော့ ထိုးခမ်းနဲ့ ဘန်းကန်ကော်ဖီပျက်စခန်းမှာ စိတ်ဓာတ်ကျ ကျန်ရစ်နေတဲ့ ဝန်ထမ်းတွေကို အရင်ဆုံး စုစည်းရတယ် တပ်ဖွဲ့ဝင် ဝန်ထမ်းတွေမို့လို့ ဝန်ထမ်းစည်းကမ်းနဲ့အ အုပ်ချုပ်နိုင်အောင် သူတို့ရဲ့ ယိုယွင်းယိမ်းယိုင်နေတဲ့ ခွင့်တွေကအစ ပြုပြင်ထောင်ပေးရတယ်။

အရင်ဆုံး နှုတ်ခမ်းမွေးထူလပျစ်နဲ့ ဆံရှည်ကို တော်ပုံဖမ်းပြီး အရက်သမားလိုလို ဘိန်းစားပုံပေါက်နေတာ တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် သင်တန်းသားလို ဆံ တိုတို ညှပ်ပစ်ရတယ်။ ရှုံးချုပ်က ယူနီဖောင်းအသစ် အမြန်မှာယူပြီး ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ ဝတ်စုံနေရာ အသစ်အစားထိုး ဝတ်ခိုင်းရတယ်။ လစာမှန်မှန်မရတာ ရိက္ခာအပြည့်အဝ မရတာတွေ စတဲ့ ကိစ္စတွေကို အကော ဆုံးဆောင်ရွက်ပေးရတယ်။

ဒါတွေအားလုံးပြီးမှ အဓိကအရေးကြီးတဲ့ ဝန်ထ ကျင့်ဝတ်၊ စည်းကမ်းနဲ့အညီ အုပ်ချုပ်မှုကို စတင်ရတ မနက်တန်းစီ၊ ညနေတန်းစီကအစ နေ့ဘက် ရှေ့ ဂျူတီ၊ ညကင်းဂျူတီတွေမှာ တာဝန်ကျေပွန်စေဖို့ အ ပြည့် လိုက်လံစစ်ဆေးကြီးကြပ်နေရတယ်။ ဘာလို့ လောက် ကိုယ်တိုင်ကိုယ်ကျ လုပ်နေရလဲလို့ မေးရာမှ

ကိုယ့်လက်အောက်မှာရှိကြတဲ့ ထောင်မှူး တပ်ကြပ်ကြီး၊ တပ်ကြပ် စတဲ့ ဝန်ထမ်းတွေကပါ ဒီစခ လက်ရှိအနေအထားအရ လက်အောက်ဝန်ထမ်းတွေနဲ့ သားတည်း စိတ်ဓာတ်ကျနေကြတာလေ။ ပြီးတော့ စကားဆိုရင် အောက်ကဝန်ထမ်းတွေက ဟန်ဆော ပန်ဆောင်လေးတောင် အလေးဂရုမထားချင်ကြတော့

ဒီတော့ ဒီစခန်းကြီး ပြန်နာလန်ထူလာအော အထက်အမိန့်အရ တာဝန်ပေးရတဲ့ကိုယ်က ခေါင်းညွှ မရတော့ဘူး။ ရုံးချုပ်နဲ့ စီမံကိန်းဌာနရဲ့ အမိန့်အပါ



www.burmeseclassic.com

www.burmeseclassic.com

…ကော်းကို ခင်ကြမ်းကြမ်း ဒိုင်ရတော့တာတယ်။ တစ်ခါ …ရဲ့ လူမိုက်ဆန်ဆန် ဖွန့် …ား လုပ်ကိုင်ခဲ့ရတာမျိုး …လို့ တစ်ခါတစ်ခါမှာဆို …ရှိလို့ အမျက်မထွက် …တဲ့ သိုသိုသိပ်သိပ် လျှို့လျှို့ …လုပ်ခဲ့တာမျိုးလည်း …တယ်။

အပတ်စဉ် တနင်္လာနေ့တနီးစီမှာ ဘယ်သောက်ပဲ …ကမ်းလိုက်နာကြဖို့ အာပေါက်အောင်ပြောပြော ခေါက် …ိုးနေတဲ့ အကျင့်ဆိုးတွေကတော့ ကျန်နေသေးကာပါပဲ။ …မ်းအများစုကတော့ ဟပ်ဖွဲ့ဝင်တွေပီပီ တာဝန်သိစိတ် …ည်းကမ်းလိုက်နာမှု တိုးတက်လာပါသော်လည်း အကျင့် …မှုအပေါ် အရိုးစွဲနေတဲ့ ဝန်ထမ်းအချို့ကတော့ ရှိနေဆဲပါ။

ရေ့တန်းလုပ်ငန်း ဆောင်ရွက်ရာမှာ တာဝန်မကျေ …ညာဘက်ကင်းကျရာတွင် အိပ်ပျော်နေမှု စတဲ့ တာဝန် …ကွက်မှုတွေအပေါ် တိုက်သင့်တဲ့ ပြစ်ဒဏ်ပေးတာထက် …ာ်ထပ် အလားတူပြစ်မှုမျိုး မကျူးလွန်ဖို့ကို အဓိကထား …ညာပေးဆုံးမရပါတယ်။

အချိန်ကြာလာတာနဲ့အမျှ ကိုယ့်လုပ်ဆောင်ချက် …တာ ဒီစခန်းကြီး တိုးတက်အောင်မြင်ဖို့ စေတနာအရင်း …ပြုးစားနေတယ်ဆိုတာကို သဘောပေါက်နားလည်လာ …တယ်။ အဲဒီအခါမှာ သူတို့အသီးသီးရဲ့ ရင်ထဲမှာလည်း …ပြောင်းလဲရေး စိတ်ဓာတ်တွေ ကိန်းအောင်းလာပါ …တယ်။

အမှန်တော့ အလုပ်စခန်းအသစ်တစ်ခု တည် …က်ဖွင့်တာက ဒီခလောက်မခက်ခဲပေမယ့် စိတ်ပိုင်းဆိုင်

> အမှန်တော့ ထောင်ဆိုတာကလည်း
> လောကကြီးထဲက
> လောကလေးတစ်ခုပဲ
> မဟုတ်လားဗျာ။ ဒီတော့
> မူလလောကကြီးရဲ့ မူအတိုင်း
> သူလည်းပဲ လောကီသားပေပဲမို့
> မသေချာ မရေရာတာမျိုး
> ဖြစ်မှာပဲပေါ့။

ရာရော၊ ရုပ်ပိုင်းဆိုင်ရာပါ အဘက်ဘက်က ယိုယွင်းပျက်စီး နေတဲ့ ဝန်ထမ်းတွေနဲ့ ပြန်လည်တည်ဆောက်ရတာက အတော်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပါ။

တစ်ချိန်တည်းမှာ လက်ရှိယာယီစခန်းဝင်ပေါက်က နေ အမြဲတမ်းအဆောက်အဦဖွေ့ရှိတဲ့ စခန်းသစ်နေရာ အထိ ခရီးအကွာအဝေး အတိအကျ တိုင်းတာရပါတယ်။ တစ်မိုင်နဲ့ ခုနစ်ဖာလုံတိတိ ရှိပါတယ်။ ဦးလှိုင်သိန်းနဲ့ ညှိနှိုင်း တွက်ချက်ထားတာအရ တစ်ဖာလုံကို ပေ ၆၆၀ နှုန်းထားနဲ့ ကျောက်လမ်းခင်းရပါမယ်။ ကိုယ်စခန်းကိုရောက်လာတာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလပါ။ လာမယ့်မိုးမကျခင် ကျောက်လမ်းခင်းထားနိုင်ဖို့ လိုပါတယ်။ ဒါကြောင့် လိုအပ် တဲ့ စက်သုံးဆီ ဂါလံတွေ တွက်ချက်ပြီး ထောင်မှူး ကျော်ကျော်စိုးကို ရုံးချုပ်စီမံကိန်းကို ဆီထုတ်လွှတ်ရပါတယ်။

နောက်ထပ် အရေးကြီးလုပ်ငန်းက ဘန်းကန်စခန်း မှာ ဆောက်လုပ်ပြီးစီးနေတဲ့ အမြဲတမ်းအဆောက်အဦတွေ ကို ထီးခမ်းစခန်းဆီ ပြောင်းရွှေ့တည်ဆောက်ဖို့ပါပဲ။ ဒါက လည်း လွယ်ကဲ့ကိစ္စ မဟုတ်ပါဘူး။ ၁၉၈၅–၈၆ ဘဏ္ဍာရေး နှစ်ကနေ ၁၉၈၈–၈၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ တစ်နှစ် ချင် လျာထားချက်အလိုက် တည်ဆောက်ထားတဲ့ အဆောက်အဦတွေကို ပြန်ဖျက်ပြီး သူ့မူလပုံစံအတိုင်း ပြန် ဆောက်ပေးရမယ့် အမိန့်ညွှန်ကြားချက်ပါ။

ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုချက်အရ ဆောက်လုပ် ပြီးတာအားလုံး ၁၆ လုံးရှိတာ တွေ့ရပါတယ်။ ဒါဟာ အလုပ်စခန်းတစ်ခုမှာ မရှိမဖြစ် လိုအပ်တဲ့ ဖွဲ့စည်းပုံအရေ အတွက်ပါပဲ။ စခန်းတာဝန်ခံရုံး တစ်လုံး၊ ထောင်ဘူးကြီးနဲ့ ဆူးကြိုးဝင်း တစ်ခု၊ ရဲဘက်အိပ်ဆောင် ခြောက်လုံး၊ ရိက္ခာ ဂိုဒေါင် တစ်လုံး၊ လုပ်ငန်းသုံးပစ္စည်းဂိုဒေါင် တစ်လုံး၊ မော်တော်ယာဉ်ဂိုဒေါင် တစ်လုံး၊ စခန်းတာဝန်ခံအိမ် တစ် လုံး၊ ထောင်မှူးအိမ် နှစ်လုံး၊ ကျန်တာတွေက ဝန်ထမ်း ခြောက်ခန်းတွဲ၊ လေးခန်းတွဲ၊ နှစ်ခန်းတွဲ စတာတွေနဲ့ဆိုရင် အားလုံး ၁၆ လုံးပါ။

ဘန်းကန်စခန်းမှာလိုပဲ ထီးခမ်းစခန်းမှာလည်း တစ်ပုံစံတည်း ၁၆ လုံး ဆောက်ထားတာပါပဲ။ အခုဟာက ရေအသင့်အတင့်ရှိတဲ့ ထီးခမ်းစခန်းမှာပဲ စပါး၊ ကြက်ဆူ၊ ပန်းနှမ်း၊ ပြောင်းဖူး စသဖြင့် စိုက်ပျိုးရန်နဲ့ ရေမရှိတဲ့ ဘန်းကန်စခန်းကို ဖျက်သိမ်းဖို့ အထက်က ဆုံးဖြတ်တား



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ ဆိုလိုတာက ဘန်းကန်က ဝန်ထမ်းတွေရော၊ အဆောက်အဦတွေပါ ထီးခမ်းစခန်းမှာ တစ်စခန်းတည်း အဖြစ် ပူးပေါင်းဆောင်ရွက်ဖို့ပါ။

ဒီတော့ အလုပ်က ဘယ်လိုဖြစ်လာလဲဆိုတော့ ဘန်းကန်စခန်းက ဝန်ထမ်းတွေကို ပြောင်းမယ်ဆိုရင် သူတို့ နေထိုင်ဖို့ အိမ်ရာတွေပါ လိုအပ်လာမယ် မဟုတ်ပါလားဗျာ။ အဲဒါကြောင့်လည်း ဘန်းကန်က အမြဲတမ်းအဆောက်အဦ တွေကိုပါ ဖျက်သိမ်းပြောင်းရွှေ့ပြီး ထီးခမ်းမှာ နဂိုပုံစံမပျက် တည်ဆောက်ဖို့ အထက်က ညွှန်ကြားထားခဲ့တာ မဟုတ် လားဗျာ။

ဖျက်သိမ်းရမယ့် ဘန်းကန်စခန်းက အဆောက်အဦ တွေကို လေ့လာကြည့်တော့ ပိတောက်၊ အင် စတဲ့ ဒုတိယ တန်းစား သစ်အမျိုးအစားတွေနဲ့ တည်ဆောက်ပြီး လေးငါး ခြောက်နှစ် လူမနေဘဲ မိုးထဲရေထဲ ပစ်ထားခဲ့တာလေ။ ဒီတော့ အဆောက်အဦတွေက ခြတက်ပြီး မဖျက်ခင် ကတည်းက အတော်ပျက်စီးစ ပြုနေပြီဗျာ။

ဒါတွေကို ဖျက်ပြီးပြန်ဆောက်တဲ့အခါ လိုအပ်တဲ့ နေရာတွေမှာ အစားထိုး ဖာထေးပြုပြင်ဖို့ စဉ်းစားတော့ အရင်က လက်ကျန်သစ်တိုသစ်စ အပေါင်းပုံတစ်ပုံတော့ တွေ့ရလေရဲ့။ အဆောက်အဦဆောက်ရင် အဓိက လိုအပ် တာက ရိုက်သံပဲလေ။

ဒီစခန်းနှစ်ခုဟာ တောင်နဲ့မြောက် မျဉ်းတစ်ပြေး တည်း တည်ဆောက်ထားတာဖြစ်ပြီး စခန်းတစ်ခုနဲ့တစ်ခု တစ်မိုင်နဲ့ နှစ်ဖာလုံ ကွာဝေးတာကို ကွင်းဆင်းတိုင်းတာမှ သိရှိရတယ်။ ဒါဟာ ဖျက်သိမ်းပြီးတဲ့ အဆောက်အဦတွေ ကို သယ်ယူပြောင်းရွှေ့ဖို့ အနီးဆုံးလမ်းပါပဲ။

စခန်းပိုင် ရိန်းကျား၊ တီအီးနှစ်စီးနဲ့ ထွန်စက်နှစ်စီး ရှိနေပေမယ့် အခု သယ်ယူရမှာက တောလမ်းဖြစ်နေတာ မို့လို့ ထွန်စက်နဲ့ နောက်တွဲယာဉ်တွေကို သုံးမှဖြစ်မှာပါ။ အဲဒီမှာ အဆောက်အဦ ၁၆ လုံးကို ခေါက်တုံ့ခေါက်ပြန် သယ်ယူရမှာဆိုတော့ အဓိက လိုအပ်မှာက စက်သုံးဆီပဲ ဖြစ်ပါတယ်။ အဲဒီ လိုအပ်ချက်တွေကိုလည်း တွက်ချက်ပြီး ရုံးချုပ်နဲ့ စီမံကိန်းလုပ်ငန်းဌာနတွေဆီ တင်ပြတောင်းခံထား ပြီး ဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ နောက် ထပ်မရှိမဖြစ် လိုအပ်နေတာက ရဲဘက်လုပ်အား၊ အဆောက် အဦ ကျွမ်းကျင်သူနဲ့ ကျောက်လမ်းကျွမ်းကျင်သူပါ။

ဒီလုပ်ငန်းအတွက် ရုံးချုပ်မှာ အစည်းအဝေးလုပ်တုန်းက တော့ အမြဲတမ်းအဆောက်အဦ ဖျက်သိမ်းပြန်ဆောက်လုပ် ဖို့အတွက် ရုံးချုပ်ထောက်-၃ က ထောင်မှူးတင်ဝင်းကို လွှတ်ပေးမယ်လို့ ပြောခဲ့ပါတယ်။ ကျောက်လမ်းကိစ္စကို တော့ အောင်ပန်းစခန်းတာဝန်ခံ ဦးလှိုင်သိန်းကို ကြီးကြပ် ဆောင်ရွက်ပေးဖို့ ညွှန်ကြားခဲ့ပါတယ်။ လိုအပ်တဲ့ ရဲဘက် အင်အားကိုတော့ အနီးဆုံးဖြစ်တဲ့ တောင်လေးလုံးစိုက်ပျိုး ရေးစခန်းကတစ်ဆင့် ပို့ပေးမယ်ဆိုပါတယ်။

ဆိုတော့ ကိုယ်လုပ်ရမယ့် လုပ်ငန်းတွေကို ဇယားခွဲ ကြည့်တော့ လေးမျိုးရှိတာ တွေ့ရတယ်။ ကျောက်လမ်း ခင်းဖို့ရယ်၊ အဆောက်အဦတွေ ဖျက်သိမ်းပြန်ဆောက်ဖို့ ရယ်၊ ယာယီစခန်းဟောင်းတွေမှာရှိတဲ့ ဝန်ထမ်းတွေကို စခန်းသစ် ထီးခမ်းမှာ စုစည်းပြီး အမြဲတမ်း အဆောက်အဦ တွေမှာ နေရာချပေးဖို့ရယ်၊ စခန်းရဲ့ ပင်မလုပ်ငန်း စပါးနဲ့ ဒေသထွက်သီးနှံတွေ စိုက်ပျိုးဖို့ရယ်တို့ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီဇင်ဘာလရောက်လာတဲ့အထိ ရုံးချုပ် ထောက်-၃ က သကောင့်သား ထောင်မှူးတင်ဝင်း ရောက် မလာသလို၊ ပွင့်လင်းရာသီရောက်လာလို့ ကားတစ်စီးနဲ့ အလုပ်ရှုပ်နေတဲ့ ကျောက်လမ်းဆရာ ဦးလှိုင်သိန်းလည်း ကိုယ်ထင်မပြနိုင်ရှာခဲ့ဘူးလေ။ ဒီတော့ လာမယ့်မိုးမကျခင် အားလုံးအပြီးအစီး အကောင်အထည်ဖော်ရမယ့် လုပ်ငန်း တွေကို ဘယ်လိုလုပ်ကြမလဲ။

ကိုယ်တို့ ဖောင်ကြီးတက်တုန်းက စကားတစ်ခွန်း ရှိတယ်။ "သေချာတာတွေက မသေချာဘဲ မသေချာတာ တွေက သေချာသတဲ့"ဗျ။ ဟုတ်ပါတယ်။ ဖြစ်ချင်တာတွေ မဖြစ်ဘဲ၊ မဖြစ်ချင်တာတွေ ဖြစ်တတ်တဲ့ ဒီလောကကြီးမှာ ဒီစကားက သဘာဝကျပါတယ်။

အမှန်တော့ ထောင်ဆိုတာကလည်း လောကကြီး ထဲက လောကလေးတစ်ခုပဲ မဟုတ်လားဗျာ။ ဒီတော့ မူလ လောကကြီးရဲ့ မူအတိုင်း သူလည်းပဲ လောကီသားပေမို့ မသေချာ မရေရာတာမျိုး ဖြစ်မှာပဲပေါ့။

ဒီတော့ စခန်းပျက်ကြီးနှစ်ခုရဲ့ စခန်းတာဝန်ခံဖြစ် တဲ့ကိုယ် ဘာဆက်လုပ်မလဲ။ လိုအပ်တဲ့ ပံ့ပိုးမှုတွေမရ လုပ်ငန်းတွေ အကောင်အထည်မဖော်နိုင်ဘူးလို့ အစီ လိုက်ရမလား။ ဒါဆို လူကြီးတွေက ဘာပြောကြ



www.burmeseclassic.com

www.burmeseclassic.com

အကောင်းပြောမှာတော့ မဟုတ်ဘူး။ လုပ်ရည်ကိုင်ရည်မရှိ ကောင်လို့ ချီးမွမ်းထောမနာပြုကြတော့မှာပေါ့ဗျာ။

ကဲ ... ဒါဖြင့် လုပ်ရည်ကိုင်ရည်ရှိတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ အဖြေက ရိုးရိုးလေးပါပဲ။ အထက်က လိုအပ်တဲ့ အမိန့်နဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် နိုင်ခြင်းပဲပေါ့ဗျာ။ အဲဒီအတွက် သတ္တိရှိရမယ်၊ လုပ်ရဲရမယ်၊ စဉ်းစားရဲရမယ်။ တစ်နည်းပြောရရင် လုပ်ငန်းအောင်မြင်ဖို့ ဆိုရင် ဘာမှမရှိတာကိုတောင် ရုပ်လုံးပေါ်လာအောင် ဖန်ဆောင်ပြနိုင်ရမယ်။

နောက်ဆုံးတော့ ကိုယ့်ကိုယ်ကို လူညံ့မဖြစ်အောင် ရင်လို ဥစ္စာရင်ခဲဆိုသလို ထောင်မှူးကျော်ကျော်စိုး ချုပ်က ထုတ်လို့ရလာတဲ့ စက်သုံးဆီ(လိုအပ်တာရဲ့ တစ် ပဲရပါတယ်)နဲ့ လုပ်ငန်းကို စွန့်စွန့်စားစား အကောင် အထည်ဖော်ရပါတော့တယ်။

တပ်ကြပ်ကြီး ညွန့်မောင်ရဲ့ အဖွဲ့က တီအီး–၁၁ စီး၊ ထွန်စက်နောက်တွဲယာဉ် တစ်စီးနဲ့ ရွှေညောင်– ရထားလမ်းဖောက်ရာက ကျန်ရစ်ခဲ့တဲ့ ကျောက်အမျိုး ပေါင်းစုံကို ကောက်သင်းကောက် သယ်ယူရပါတော့ တယ်။

တပ်ကြပ်ထွန်းကြိုင်ရဲ့ အဖွဲ့က သယ်ယူရောက်ရှိ လာတဲ့ ကျောက်တွေထဲက ၆" × ၉" လို့ခေါ်တဲ့ ကျောက် တွေကို လမ်းရဲ့ အမာခံကျောက်ကြီးအဖြစ် အောက် ခင်းစေတယ်။ ပြီးမှ အပေါ်က ၂" × ၄" ခေါ် ကျောက်လတ်နဲ့ ၁" × ၂" ခေါ် ကျောက်သေးလေးတွေ အဆင့်ဆင့်တင်ရတယ်။

ဒုတပ်ကြပ်ဆယ်နိုင်နဲ့အဖွဲ့ကိုတော့ ဘန်းကန်စခန်း အဆောက်အဦတွေကို တစ်လုံးချင်း စနစ်တကျ ဖျက် ရတယ်။ ပြီး ... ဖျက်ထားတဲ့ အိမ်သုံးပစ္စည်းတွေကို တစ်လုံးစာ ထွန်စက်နောက်တွဲယာဉ်ပေါ်တင်ပြီး ဖြည်း သယ်ယူခိုင်းရတယ်။ ထီးခမ်းစခန်းရောက်တာနဲ့ သတ် ထားတဲ့နေရာမှာ နဂိုပုံစံမပျက် ပြန်ဆောက်စေလိုက် တယ်၊ လိုအပ်တာတွေကို သစ်ပုံအဟောင်းထဲက သစ်တို စတွေနဲ့ ပြုပြင်ဖာထေးစေတယ်။

ကျောက်လမ်းခင်းတာကတော့ လိုအပ်တဲ့ ကျောက် တွေနဲ့ လုပ်အားအသင့်အတင့်ရှိလို့ လုပ်ငန်းတိုးတက်မှု ထင်ရှားလာပေမယ့် အဆောက်အဦတွေ ဖျက်သိမ်း၊ သယ်ယူ၊ မူလပုံစံအတိုင်း ပြန်ဆောက်တဲ့လုပ်ငန်းက ထင် သလောက် ခရီးမပေါက်နိုင်ဘူး။ စာရွက်ထဲမှာမဟုတ်ဘဲ အပြင်မှာ တကယ်လက်တွေ့ လုပ်ကြည့်တော့မှ လိုအပ် ချက်တွေ ခန့်မှန်းထားတာထက် ပိုများလာတာကို တွေ့ရ တော့တယ်။

လုပ်ငန်းကျွမ်းကျင်မှု လိုအပ်ချက်၊ သစ်လိုအပ်ချက်၊ အိမ်အမိုးပြား လိုအပ်ချက်၊ သံလိုအပ်ချက် စတာတွေပေါ့ ဗျာ။ အဲဒီအတွက် ရုံးချုပ်က ရောက်ရှိလာမယ့် ဆောက်လုပ် ရေးပစ္စည်းတွေ စောင့်ဆိုင်းမနေတော့ဘဲ ကိုယ့်နည်းကိုယ့် ဟန်နဲ့ မဖြစ်ဖြစ်အောင် လုပ်ရတော့တာပါပဲ။

ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေရဖို့ပဲလိုတဲ့ခေတ် မဟုတ်လားဗျာ။

ကိုယ့်နည်းကိုယ့်ဟန်ဆိုတာကလည်း ဘယ်လိုဟာ မျိုးတွေလဲဆိုတာ တူးတူးတို့ သိပြီးသားပဲဟာ။ တစ်ခုချင်း တရားဝင် ထင်သာမြင်သာ ရှင်းပြနေလို့မှ မဖြစ်နိုင်တာ။ ဒါ့ထက်ရှင်းအောင် ပြောရရင် ပြဿနာဖြစ်ရင် ဘယ်သူမှ လာကယ်တင်ပေးမှာမဟုတ်ဘဲ 'ကိုယ်ဖြစ်ကိုယ်ခံ'ရမယ့် အလုပ်တွေ ဆိုပါတော့ဗျာ။

အဲဒီလိုနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အေးခဲတဲ့ဒဏ် ကိုခံရင်း ကော်ဖီစခန်းပျက်ကြီးထဲမှာ ချွေးတလုံးလုံးနဲ့ ပြန် လည်တူထောင် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလလယ်လောက် အရောက်မှာ လုပ်ငန်းထက်ဝက်နီးပါး ပြီးစီးလာပါတော့တယ်။

အဲဒီအချိန်အထိ အဆောက်အဦကျွမ်းကျင်သူရော၊ ကျောက်ထုတ်လုပ်ငန်းက အရာရှိတွေရော တစ်ဦးတစ် ယောက်ကမှ လာပြီးပံ့ပိုးကူညီမှု မပေးနိုင်ခဲ့ပါဘူး။

ဒါပေမယ့် ဒီလုပ်ငန်းတွေကို အကောင်အထည် ဖော်ဖို့ အမိန့်ပေးညွှန်ကြားခဲ့တဲ့ ဘိုးတော်ကြီးကတော့ လုပ်ငန်းစစ်ဆေးဖို့ ဗုံမဆင့် ဆိုင်းမဆင့် ကြွချီလာပါလေရဲ့။

ဘိုးတော်ကြီးဆိုတာ တခြားပုဂ္ဂိုလ်မဟုတ်ပါဘဲလား။ အဲဒီအချိန်က အကျဉ်းဦးစီးဌာနရဲ့ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဖြစ်ခဲ့တဲ့ ဒုတိယဗိုလ်မှူးကြီး အုန်းဟန်ပဲ ဖြစ်ပါတော့တယ်။


(ဆက်လက်ဖော်ပြပါမည်။)

## ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# စွဲလမ်းမှုသံယောဇဉ်

ဇင်မောင်အေး(မန္တလေး)

အစ်ကိုကြီး ကိုအုန်းခိုင်ကစ်ယောက် ...အိမ်ပေါက်ပြီး ဗိုက်အကြီးအကျယ် ...ဘော့ အဖေ၊ အမေတို့က တိုက်ကြီး ...ရုံသို့ အလျင်အမြန် ပို့ဆောင်ပေးကြ ...ည်။ ကိုအုန်းခိုင်ကြီးမိန်းမက အင်မတန် ... အင်မတန်ရိုးလွန်းလှ၍ ဘာမျှ လုပ် ...ကိုင်တတ်ခြင်း မရှိ။ ဆေးရုံမပို့ရ ... အိမ်မှာ အမှိုက်သည်နှင့် တောင်နှိပ် ...ကာနှိပ် လုပ်ကြတော့ အနာတခြား ...ခြားမို့ ကိုအုန်းခိုင်ကြီး လူးလိမ့်နေ ... ခံရသည်။ သို့နှင့် တော်လာတီမှ ... တိုက်ကြီးဆေးရုံသို့ ရောက်သွား ...သည်။

တိုက်ကြီးဆေးရုံမှာ မသက်သာ ... ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက် ပို့ဆောင်ရပြန်သည်။ ပါရဂူကြီးများ၊ ဆရာဝန်နှင့် ဆရာဝန်မများက လိုအပ်သည်များ စစ်ဆေးကြည့်လိုက်သည့်အခါ၌မှု အူများ ပြတ်လုမတတ် ဖြစ်နေချေပြီ။ တောမှာ ဘာမှမတတ်၊ မသိနားမလည် ပါးမလည်နှင့် ဗိုက်နာသည်ဆိုတော့ မစဉ်းစားမဆင်ခြင် အရမ်းကာရော ဗိုက်ကို နှိပ်ပစ်လိုက်ကြသည်လေ။ ဆရာဝန်ကြီးများက အထူးတလည် ကြပ်မတ်ကရုစိုက်ကာ အူတွေကို ဆက်ပေးသည်။ တစ်ရက်၊ နှစ်ရက် သက်သာလာသလို ရှိနေရာက တစ်ပတ်အကြာမှာ ပေးခိုင်ပိုးဝင်သွားပြီး ကယောင်ကတမ်းဖြင့် ပြောချင်ရာတွေ ပြောလာတော့သည်။

"ကျွန်မတို့က ပဲရှူးမယ်တော်ကိုးကွယ်ကြတာမို့ ကံနိမ့်တဲ့အချိန် အားလုံးစုပြုံပြီး ခံရတယ်လို့ ပြောရတော့မယ်လေ။ ကျွဲနဲ့ နင်တို့က အပ်စပ်သလား။ မအပ်စပ်တာ မလုပ်ကြနဲ့တဲ့။ နေ့လယ်သုံးနာရီဆို ဆုံးတော့မယ်။ ဒါနဲ့ ကြည့်မြင်တိုင် ညဈေးနားမှာ နတ်ကတော်တစ်ယောက် ရှိတယ်။ သွားမေးကြည့်တော့ နတ်ကတော်က ကြွေပစ်ပြီး ပြောပြတယ်၊ အချိန်လွန်သွားပြီတဲ့။ မရနိုင်တော့ဘူးတဲ့။ အဲဒီ ရေမန်းကလေးကိုသာ ပက်ပေးဆိုပြီး ရေ မန်းတစ်ပုလင်း ပေးလိုက်တယ်"

ကိုအုန်းခိုင်ကြီး၏ ညီမအငယ်ဆုံး ဒေါ်မြလေးက ပြောပြ၏။

"ရေမန်းနဲ့ပက်ပေးတော့ အစ်ကိုကြီးက နင်တို့ မဟုတ်တာတွေ လုပ်မနေ

www.burmeseclassic.com

ကြနဲ့။ နင်တို့ယူလာတဲ့ရေကာ ငါ့အရေပြား တွေ ကွာကုန်ပြီလို့ ပြောတယ်။ ဒါနဲ့ ကျွန်မလည်း အစ်ကိုကြီးကို အနီးကပ် ပြုစုတယ်။ အစ်ကိုကြီးက အိပ်ရာပေါ်မှာ မှိန်းနေတယ်။ ခဏကြာတော့ မျက်စိနှစ်လုံးပွင့်ပြီး အစ်ကိုကြီးက ပြောတယ်။ ‘မအုန်းကြည်လေ ငါ့ပိုက်တွေကို ရောင်းပစ်လိုက်ပြီတဲ့။ ရောင်းတာကလည်း အကြွေးနဲ့တဲ့’ အဲဒီလိုပြောပြီး ခဏပြန်မှိန်းနေလိုက်ပြီးမှ ဆက်ပြောပြန်တယ်။ ‘ပြီးတော့လည်း ငါ့ကြက်ကလေးကို ယူသွားပြီး တိုက်ကြတာ ရှုံးပြီးပြန်လာတယ် ညီမလေးရယ် လှကြိုင်လေ’ မအုန်းကြည်ဆိုတာက အစ်မအကြီးဆုံး။ ပိုက်တွေက ကျွန်မယောက်ျား ဝယ်ပေးထားတာ။ ရွာမှာ ဘောလီဘောကွင်းတစ်ကွင်း လုပ်ဖို့ဆိုပြီး ဝယ်ပေးထားခဲ့တာ။ အစ်ကိုကြီးက တစ်ပွဲကို နှစ်ရာနဲ့ငှားတယ်။ လှကြိုင်ဆိုတာက အစ်ကိုကြီးသူငယ်ချင်း''

ဒေါ်မြလေးက သူမ၏အစ်ကိုကြီး ကိုအုန်းခိုင်ဆုံးကာနီးမှ ကယောင်ချောက်ချား ပြောနေတာပဲလေဟု ယူဆသည်။ သို့ရာတွင် ရွာပြန်ရောက်သောအခါ အစ်ကိုကြီးပြောစကားများ အမှန်အကန် ဖြစ်နေသည်။ ဒေါ်အုန်းကြည်က ပိုက်ကို အကြွေးရောင်းထားပြီး၊ ကိုအုန်းကြိုင်ကလည်း အစ်ကိုကြီး၏ တိုက်ကြက်ကို ယူသွားပြီး တိုက်ရာမှာ ရှုံးသွားသည်မှာလည်းမှန်နေသည်။

စင်စစ် ကိုအုန်းခိုင်ကြီး ပြောကြားခဲ့သည့် စကားများက သေငယ်ဇောနှင့် မြောနေချိန်မှာ ပြောကြားခဲ့သော စကားများ ဖြစ်ပါသည်။ ကိုအုန်းခိုင်ကြီး ညနေ သုံးနာရီတွင် ဆုံးသည်။ ဆုံးပြီဆိုတော့ ရွာသို့ ပြန်လည်ယူဆောင်သွားကာ သင်္ဂြိုဟ်ဖို့ စီစဉ်ပြင်ဆင်ကြရ၏။ သက်မဲ့ ခန္ဓာကိုယ် မပုပ်မသိုးစေရန် ဆေးတွေထိုးကြရသည်။ ပြီးနောက် မော်တော်ယဉ်များစီစဉ်လျက် တော်လတီကျေးရွာသို့ ပြန်လည်သယ်ဆောင်သွားကြလေသည်။

ကိုအုန်းခိုင် အပေါင်းအသင်း များသည်။ မိဖနှစ်ပါးစလုံး ရွာမျက်နှာဖုံး ဖြစ်ကြသည့်ကြောင့် လမ်းခရီးတစ်လျှောက် ကြိုဆိုကြသည်။ ဝမ်းပမ်းတနည်း မျက်ရည်လည်ရွဲ ဖြစ်ကြသည်။ ညီအစ်ကို မောင်နှမ တချို့က သပြေတန်းကျေးရွာတွင် ရှိသဖြင့် သပြေတန်းရွာ သင်္ချိုင်းထိပ်တွင် လှေကိုနားရသည်။ အမိအဖတို့က မွေးထားခဲ့သော သားသမီးများထဲမှာ ကိုအုန်းခိုင်ကြီးက တစ်ဦးတည်းသောသား ဖြစ်သဖြင့် နှမြောတသကြသည်မှာ မဆန်းလှ။

လှေဆိုပ်တွင် အစ်မ၊ ညီမတို့က ခေါင်းတလားအဖုံးကို ဖွင့်ကြည့်ကြတော့ ဆေးထိုးထားသည်ဖြစ်၍ ကိုအုန်းခိုင်ကြီးကို အိပ်ပျော်နေသည့်အလား မြင်တွေ့ကြရသည်။ ညီအစ်မတစ်တွေ ငိုလိုက်ကြသည်မှာ အုန်းအုန်းကျွက်ကျွက်။

တော်လတီကျေးရွာသို့ လှေဆိုက်ပြီးနောက် အစ်မက အိမ်သို့တစ်ခါတည်း ကိုအုန်းခိုင်အလောင်းကို သယ်သွားသည်။ အလောင်းစင်ကို အိမ်ရှေ့မှာပင် ပြင်ဆင်ထားသည်။ သုံးရက်တိုင်တိုင် ထားပြီးမှပင် တော်လတီရွာ သင်္ချိုင်းမှာ သင်္ဂြိုဟ်သည်။

အမေ၊ အဖေနှင့် ညီမများ ဝမ်းနည်းပက်လက် ဖြစ်ကြရလေသည်။ ရှားရှားပါးပါး ထွန်းထွန်းပေါက်ပေါက် တစ်ယောက်တည်းသာရှိသောသား ဆုံးပါးရရှာပြီ။ ရက်လည်သည့်အချိန်မှာ ဘုန်းကြီးသုံးပါးပင့်ပြီး ဆွမ်းကပ်သည်။ သွားလေသူ ကိုအုန်းခိုင်ကြီးအတွက် အမျှအတန်းဝေတော့ အိမ်ကခွေးတွေ အူလိုက်ကြသည်မှာ စိတ်လက်ချောက်ချားစရာပင်။ ကြားလိုက်ရသည်နှင့်ပင် ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထကုန်ကြရ၏။ ကိုအုန်းခိုင်ကြီး အစွဲအလမ်းကြီးသည်ဟု ပြောရမလား မဆိုနိုင်။ လမကူးမီ တစ်နေ့ အဖေကိုယ်တိုင် မျက်စိနှင့် တပ်အပ်တွေ့ရသည်က ခြေထောက်တစ်စုံ။ အိမ်ပေါ်သို့ လှေကားအဝိုင်း တစ်ထစ်ချင်း နင်း၍တက်သွားသည်။ အမေ့ကိုတော့ အဖေက ပြောမပြ။ သမီးတွေကိုသာ အဖေက ပြောပြခဲ့သည်။

“နင်တို့အစ်ကိုကြီးက အစွဲအလမ်းကြီးလှသကွယ်။ ရွာဦးဘုန်းကြီးကျောင်းကို စွမ်းချိုင့်တစ်လုံးလောက် သွားပို့ပြီး လှူလိုက်ကြပါဦးကွယ်”

အမေကပြော၍ ဆွမ်းတစ်ချိုင့်ပို့လျက် အမျှဝေသည့်တိုင် အိမ်ကနွားတွေ ညမီးထည့်ချိန် တဘူးဘူး တဘဲဘဲ ဝုန်းဒိုင်းကြနေသည်။ နေ့စဉ်ညတိုင်း ညမီးထည့်နေကျက အစ်ကိုကြီးလေ။ အိမ်ဝိုင်းတွင်းမှာ သစ်တွေပုံထားသည်။ အစ်ကိုကြီးမဆုံးမီက သူကိုယ်တိုင် တောတက်၊ သစ်တွေ အိမ်ကလှည်းနှင့် တိုက်ပြီး ဦးသိမ်းမောင် လွှစင်မှာ ခွဲထားခဲ့သော သစ်တွေ။ အိမ်ပြင်ဆောက်ဖို့ သူစုထားသော သစ်များပင်။

အဖေက ယင်းသစ်တွေကို သူ့သားကြီးကိုယ်တိုင် စုထားခဲ့သော သစ်တွေဖြစ်သဖြင့် သူလည်း ကုသိုလ်ရအောင်၊ သူ့သားနှစ်ဦးကို သာသနာ့ဘောင် သွတ်သွင်းရန်အတွက် သစ်များကို ရောင်းချလိုက်လေသည်။ သစ်ဝယ်သူက လှည်းတစ်စီးနှင့်ရောက်လာကာ သစ်တွေကို လှည်းပေါ်သို့တင်သည်။ လှည်းပေါ် သစ်တွေဘင်ပြီး ဝိုင်းတွင်းမှ အထွက် နွားတွေကို တံပြားနှင့် မည်မျှပင် ရိုက်ရိုက် လုံးဝမနေရာမရွေ့ကြတော့ လှည်းကလည်း မထွက်နိုင်တော့ပေ အကြောင်းရင်းကား နွားတွေခြေလေး ချောင်းစလုံး မြေကြီးနှင့်မထိဘဲ လွတ်နေ၍ပင်။ နွားတွေက ဘူးဘဲရှူးရှဲနှင့် ခြေထောက်များကို မလေထဲမှာကန်ချော



www.burmeseclassic.com

www.burmeseclassic.com

...က်ကန်နေကြ၏။ နဖားကြိုးများ ပြုတ်...မတတ် ခြေကုန်ရုန်းကန်နေကြ၏။ ...က်လုံးတွေပြူး၊ နှာရည်တွေ တတောက်...ာက်ကျပြီး ချောက်ချားရုန်းကန်ကာ ...ုင်းဆန်ခတ် ဖြစ်နေကြ၏။ အဖေက ...လည်သဘောပေါက်သွားပုံပင်။

သစ်ပုံအနီးသို့ သွားရောက်ကာ –

"သားရယ် . . . မင်းက ဘဝခြား ...ပြီလေ။ မင်းသားလေးတွေကို ရှင်ပြုမှာ ...အဖေက ဒီသစ်တွေကို ရောင်းတာပါ။ ...ဆန္ဒလည်း ပြည့်ဝအောင်၊ ကုသိုလ် ...ည်းရအောင်လို့ အဖေစီစဉ်တာပါ။ ...ခွင့်ပြုလိုက်ပါ သားရယ်"

အဖေက သည်လိုပြောလိုက်သည့် ...ပင် နွားနှစ်ကောင်၏ ခြေလက်အစုံ ...င်ပေါ်သို့ ပြုတ်ကျလေသည်။ ပြီး ...တ် သစ်တင်လှည်းက ဝိုင်းအတွင်းမှ ...ချောမောမော ထွက်ခွာသွားလေ ...ည်း လှည်းကို တစ်စုံတစ်ဦးက ပင့်မ ...က်တင်လိုက်သည့်နှယ် ဖြစ်၏။

ကိုအုန်းခိုင်ကြီး သံယောဇဉ်ကြီး ... တစ်နေ့၊ နံနက်စောစော လယ် ...ို့ ရောက်သွားသည်နှင့်တူ၏။ ကောက် ...နေသူ မိန်းကလေး လေးယောက် ...ကန်သင်းပေါ်မှာထိုင်၍ နားနေစဉ် ...ကုန်မှကိုင်လျက် လယ်ထဲသို့ တွန်း ...သည်။ လေးယောက်စလုံး တစ်ချိန် ...ည်း တစ်ပြိုင်နက်တည်း အတွန်းခံ ...ကြရခြင်း ဖြစ်၏။ ကိုအုန်းခိုင်ကြီး ...ယ်သူမတွေ အလုပ်မခိုမကပ် လုပ် ...င်မှန်း အဖေက နားလည်သဘော ...သဖြင့် ကောက်ရိတ်သမတွေကို ...င်းပန်ထားရလေသည်။ အိမ်ဝိုင်း ...မှာ အိမ်လှေကားပေါ်သို့ အတက် ...င်း မကြာခဏလုပ်နေသည်ကို ...ာ မြင်တွေ့နေရသည်။ အိမ်သား ... ကြောက်မှာစိုးသဖြင့် အဖေက ...ခြင်း ဖြစ်ပါသည်။ အကြောက်

အလန့်မရှိ အစ်ကိုကြီးအပေါ် သံယောဇဉ်ကြီးလှသော သမီးမမြလေးကိုတော့ အဖေက ပြောပြခဲ့၏။ စင်စစ် ကိုအုန်းခိုင်ကြီးက သူရှိနေသည့်အကြောင်း အိမ်သားတွေသိရအောင် လုပ်ပြနေခြင်းဖြစ်ပါသည်။

တော်လတီကျေးရွာမှ နွားပိုင်ရှင်တွေက မိမိတို့၏နွားများကို နွားကျောင်းသားတစ်ဦးစီ ငှားရမ်းလျက် ရွာပြင်စားကျက်သို့ စေလွှတ်၍ ကျောင်းခိုင်းထားကြသည်။ နွားကျောင်းသားများစုလျက် မိမိတို့ကျောင်းကြရသော နွားများကို ကိုယ်စီကျောင်းလျက်ရှိကြ၏။ စားကျက်နှင့်နီးသော လယ်ကွက်တွင် ကျီးပင်တစ်ပင် ရှိနေသည်။ ကိုအုန်းခိုင်ကြီးက ထိုကျီးပင်မှာနေသည်ဟု အဖေက ပြောပြသည်။ နေဝင်ရီးရီ နွားကျောင်းသားများ နွားတွေစုနေကြစဉ် ကိုအုန်းခိုင်ကြီးက နွားကျောင်းသားကလေးများအား –

"ကောင်ကလေးတွေ လာကြ၊ လာကြ။ ဒီမှာ ရေလာသောက်ကြဦးဟေ့"

– ဟု ရေအိုးတစ်လုံးကိုပိုက်လျက် ကျီးပင်အောက်မှ လှမ်းခေါ်သည်။

နွားကျောင်းသားလေးတွေ ရေသောက်ဖို့ဝေးလို့ ပုဆိုးကျွတ်ကျန်ရစ်ခဲ့သည်ကိုပင် မကောက်နိုင်တော့ဘဲ ဝရုန်းသုန်းကား ရွာသို့ တရကြမ်း ပြန်ပြေးကြလေသည်။ လူကြီးများကိုယ်တိုင် မိမိတို့၏နွားကို မိမိတို့ဘာသာ ပြန်သိမ်းသွားကြရသည်။ ကိုအုန်းခိုင်ကြီး ခြောက်လှန့်ပုံက ကြမ်းသည်ထက် ကြမ်းလာလေသည်။ တော်လတီကျေးရွာမှာ အိမ်တွေက သုံးပင်အိမ် များသည်။ အိမ်ခါးပန်းရှစ်လက်မ ကျွန်းပျဉ်ပြားကို တဖုန်းဖုန်းပုတ်ပြသည်။ လှေခါးကို တဒုန်းဒုန်းမြည်အောင် ဆင်းပြသည်။ တဒုန်းဒုန်း တက်ပြသည်။ ဘဝခြားနေသည့်တိုင် မိဘနှင့်

ညီမများအား စောင့်ရှောက်လျက် အစဉ်ရှိနေသည့်အကြောင်း အသိပေးလိုခြင်း ဖြစ်ဟန်တူပါသည်။

တစ်ညမှာ အိမ်ကခွေးကြီး မိုးနက် တဝုတ်ဝုတ် ဟောင်နေသည်။ မိုးနက်က ခါတိုင်းညတွေမှာလည်း သည်သို့ပင် ဟောင်တတ်သည်။ သို့ဖြစ်၍ မည်သူကမျှ အမှုမထားမိကြ။ ယခုည ဟောင်ချက်က အမွှေဖြစ်ပါသည်။ သဲသဲမဲမဲ ဒေါ်ကြီးမောကြီး ဟောင်နေခြင်း ဖြစ်ပါသည်။ အိမ်မှာက လူကြီးဆိုလို့ အဖေပဲရှိ၏။ ကျန်တာကျတော့ အမေနှင့် သမီးတွေချည်းသာ။ သူရင်းငှားနှစ်ယောက် ရှိသော်လည်း ယနေ့တွင်မှ သူတို့ရွာကို သူတို့ပြန်သွားကြသည်။ များမကြာမီ အုန်းပင်တွေဘက်ဆီမှ ဆူဆူညံညံ အသံတွေကို ကြားကြရ၏။ မိုးနက်ဟောင်သံကလည်း မရပ်မနား ဟောင်နေသည်။ ခဏအကြာမှာ ငယ်သံပါအောင် ကြောက်လန့်တကြားအော်လိုက်သံကို ကြားလိုက်ရ၏။

"အမယ်လေးဗျ . . ကယ်ကြပါဦး။ သ . . . ရဲ . . . သရဲကြီး"

အိမ်သားများနှင့် အိမ်နီးချင်းများ အသံကြားရာဆီသို့ အပြေးအလွှား စုဝေးရောက်ရှိလာကြ၏။ အုန်းပင်ခြေရင်း၌ကား အမြှုပ်တွေ တစီစီထွက်ပြီး ဝူးဝူးဝါးဝါးအော်ဟစ်ကာ တက်လျက်ရှိသည့် လူတစ်ယောက်ကို မြင်တွေ့လိုက်ကြရသည်။ သွေးရူးသွေးတန်း ကြောက်အားလန့်အား ချောက်ချားကြောက်လန့်နေသည်။

"သရဲ . . . သရဲ၊ သရဲကြီး။ ကျုပ်ကျောကို လက်ဝါးနဲ့ ရိုက်ပစ်လိုက်တယ်။ အမယ်လေး ကယ်ကြပါဦးဗျ"

ကယောင်ကတမ်း ရေရွတ်နေသည်။ ထိုလူ၏အနီးမှာ ကြိုးတစ်ချောင်းနှင့် အုန်းပင်ပေါ်မှချထားသော အုန်းသီးတစ်ခိုင်ကိုလည်း တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

အုန်းသီးတက်ခိုးပြီး အုန်းပင်ပေါ်မှအဆင်း ကိုအုန်းခိုင်ကြီးလက်ချက်မိသွားပုံပင်။

''သားရယ် . . . နေပါစေကွယ်။ ခများစားစရာမရှိလို့ ခိုးတာနေမှာပါ။ ခွင့်လွှတ်လိုက်ပါသားရယ်''

အဖေက တီးတိုးရေရွတ်လိုက်သည်။ သည်အခါ မိုးနက်သည် တဝုတ်ဝုတ် ထိုးဟောင်နေရာက ရုတ်တရက် ရပ်သွားသည်။ ပြီးနောက် အမြီးကို တနှန့်နှန့်လုပ်ရင်း ခြံတံခါးဝသို့ ထွက်သွားသည်။ ခြံဝရောက်သည့်အခါ တစ်ချက် နှစ်ချက် ဟောင်လိုက်ပြီး အိမ်ဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာလေသည်။

အုန်းသီးသူခိုးက ရွာမှ ဘိန်းပုန်းစား ငပွေးဖြစ်နေသည်။ ဘိန်းစားမို့ လစ်လျှင်လစ်သလို ခိုးခြင်းဖြစ်၏။ ထဘီက စ၍ ဒန်အိုးဒန်ခွက်ပါမကျန် ရသမျှခိုးယူလျက် ဘိန်းစားဖို့ရှာရခြင်း ဖြစ်ပါချေသည်။ ဘိန်းစားက အဖေတို့အိမ်မှ သူရင်းငှား နှစ်ယောက်စလုံး သူတို့ရွာသူတို့ ခေတ္တပြန်နေကြသည်ကို သိရှိ၍ လစ်ပြီဆိုကာ အုန်းသီးလာခိုးခြင်း ဖြစ်သည်။ သို့ပေမင့် ငပွေးကံဆိုးချင်တော့ ကိုအုန်းခိုင်ကြီးနှင့် တိုးသွားရလေသည်။

''မင်း ဘာတွေ့လိုက်တာလဲ ငပွေး မင်းက သရဲ . . . သရဲလို့ အော်နေတာ ဘာကိုတွေ့လိုက်လို့လဲ ပြောပြစမ်းပါဦး''

ဘိန်းစားငပွေး စကားတစ်ခွန်းမျှ မေး၍ မရတော့။ အလွန်အမင်း ထိတ်လန့်ချောက်ချားသွားပြီး စကားပင် မပြောနိုင်။ ဘာတွေမြင်ခဲ့တာလည်း တစ်ခွန်းမျှ မေးလို့မရ။ စကားပင် မပီမသ ဗလုံးဗထွေး သရဲ . . . သရဲဟုသာ ပြောနိုင်ကာ တက်သွားတော့သည်။ ရွာမှ ကာလသား ခေါင်း ကိုမျိုးနိုင်နှင့်ရွာသား လေးငါးဦး စုပြီး တိုက်ကြီးဆေးရုံသို့ လိုက်ပို့ပေးကြသည်။ သို့တစေ ငပွေး သတိပြန်လည် မလာတော့။ ဆေးရုံရောက်ပြီး သုံးရက်အကြာတွင် ငပွေးသေသွားလေသည်။ ကိုအုန်းခိုင်ကြီးကို လူတွေ တော်တော်ကြောက်သွားကြ၏။ ငပွေးသေရသည်မှာ ကိုအုန်းခိုင်ကြီး၏ လက်ချက်ပဲ အားလုံးက တထစ်ချ ယုံကြည်ထားကြ၏။ အိမ်သားအားလုံးအနက် ကိုအုန်းခိုင်ကြီး သံယောဇဉ်အရှိဆုံးက အဖေဖြစ်၏။ အဖေ့ကို မကြာခဏဆိုသလို အိပ်မက်ပေးတတ်သည်။ အဖေ့အား ကိုအုန်းခိုင်ကြီးက အိပ်မက်ထဲမှာ သူ့အကြောင်းကို သူ မကြာခဏ ပြောပြတတ်၏။ အဖေတို့ လယ်တောမှာ ကျီးပင်ပေါ်မှာတစ်လှည့်၊ အိမ်ဝိုင်းအတွင်းက မန်ကျည်းပင်ပေါ်မှာ တစ်လှည့် နေရသည်ဟု ဆိုပါသည်။ သူ့ရှိနေမှန်းသိအောင်လည်း အိမ်သားများကို အသံပေးပြနေတာပါဟူ၍လည်း ပြောပြသည်။

အဖေက ကိုအုန်းခိုင်ကြီးကို –

''သားရယ် . . . မင်းဘဝကူး ကောင်းအောင် အဖေ သပိတ်တစ်လုံး ထပ်ပြီးသွတ်ပေးပါ့မယ်ကွယ်။ အဖေတို့ အပေါ် သံယောဇဉ် သိပ်မထားတော့ဘဲ ကောင်းရာမွန်ရာရောက်အောင် အဖေတို့ လုပ်မယ့်ကုသိုလ်အဖို့ကို သာဓုခေါ်ပါကွယ်''

ဟု လို့ ဖျောင်းဖျောင်းဖျဖျ ပြောလိုက်တဲ့အခါ ကိုအုန်းခိုင်ကြီးက ခေါင်းကြီးငုံ့ပြီး နားထောင်နေသည်ဟု အဖေက ပြောပြသည်။

ကိုအုန်းခိုင်ကြီးဆုံးတာ သုံးနှစ်ပြည့်နေ့၊ ရွာဦးကျောင်းမှာ ဘုန်းကြီးဆယ့်ငါးပါးပင့်ပြီး နေ့ဆွမ်းကပ်လှူသည်။ သံဃာတော်တစ်ပါးအတွက် သင်္ကန်းတစ်စုံစီ၊ ဝတ္ထုငွေက တစ်ထောင်စီကိုလည်း လှူခဲ့ကြသည်။ အဖေနှင့်တကွ မိသားတစ်စုလုံး ကိုအုန်းခိုင်ကြီးအတွက် အမျှပေးဝေကြသည်။ ဆွမ်းမကပ်မီ တစ်နေ့ကြိုတင် ကာ အဖေကိုယ်တိုင် လယ်တောမှ ကျီး ပင်သို့လည်းကောင်း၊ အိမ်ဝိုင်းအတွင်း မန်ကျည်းပင်သို့ လည်းကောင်း သွား ရောက်ခဲ့ပြီး သားကြီး သာဓုခေါ်ဖို့ လာ ရောက်ပါလို့ အသိပေး အကြောင်းကြား ခဲ့ပါသည်။ ဆွမ်းဆက်ကပ်ပြီးနောက် လှူ ဖွယ်ပစ္စည်းများကို ပင့်သံဃာတော်များ အား လှူဒါန်းကြပြီးတဲ့အခါ အဖေ အမေပါ ကိုအုန်းခိုင်ကြီးကို အမည်တ ခေါ်ပြီး အမျှဝေတော့ ကျောင်းဝင် အတွင်း ခရေပင်တစ်ပင်မျှ မရှိဘဲ ခရေပန်းရနံ့တွေ သင်းပျံ့မွှေးကြိုင်လာ သည်။ တရားနာပရိသတ်များ သာဓု ကြိမ်ခေါ်တဲ့အချိန် သာဓုခေါ်သံအဆုံး ကျောင်းခွေးတွေ တညီတညွတ်တည်း လိုက်ကြသံတွေ ဆူညံသွားကြသည်

ခွေးအူသံတွေအဆုံး ပန်းရနံ့ လည်း ပျောက်သွားပါသည်။ ကိုအုန် ကြီး ကောင်းရာမွန်ရာသို့ ရောက်သွား ပြီ။ ညအိပ်ရာဝင်ပြီး အဖေ အိပ်မက် တော့ အိပ်မက်ထဲမှာ ကိုအုန်းခိုင်က ဆက်သွားသည်။ သူ့အတွက် ပြုလုပ် သည့် ဒါနကုသိုလ်အဖို့ဘာဂ သူ သာဓုခေါ်ရပါကြောင်း ပြောကြားသွား သည်။ ယင်းအချိန်မှစ၍ ကိုအုန်းခိုင် အကြောင်း တစ်စွန်းတစ်စမျှ မကြား ရတော့။

သို့ပင်ဖြစ်စေကာမူ တော်လ ကျေးရွာမှာ ဟိုးလွန်လေပြီးသော ပေါင်းများစွာမှ အစွဲအလမ်းကြီးလှ ကိုအုန်းခိုင်ကြီးအကြောင်းကို ယခု တိုင် ပြောနေကြဆဲ ဖြစ်ပါသည်။

(အနောက်ရန်ကင်း၊ တစ်ကို တော် တိုက်အမှတ်–၃၅၃ နေ ဒေါ် လေး၏ပြောပြချက်ကို ပြန်လည်ခံ ရေးသားခြင်း ဖြစ်ပါသည်။)


ခင်မောင်အေး(မ




www.burmeseclassic.com

www.burmeseclassic.com

## လောင်စာဆီတင်ရထားမီးလောင်၊ ဆုံးရှုံးမှုများပြား





ကနေဒါနိုင်ငံ၊ ကွီဘက်မြို့တွင် လောင်စာဆီတင် ...ား မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူငါးဦး ...ဆုံးပြီး ၄၀ ကျော် ဒဏ်ရာရခဲ့ကြောင်း၊ မီးလောင်မှု ...ကွင်း အနီဋ္ဌာရုံအဖြစ် တွေ့ရပြီး အနီးရှိ အဆောက် ...ဦး ၃၀ ခန့် ပျက်စီးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြ ...သည်။

လူမှုအဖွဲ့အစည်းသုံးခုက အနီးရှိ လူ ၆၀၀၀ ကျော် ...သားကင်းရာသို့ ဖယ်ရှားပေးကြရသည်ဆို၏။ အဆိုပါ နေရာသည် သတ္တုတွင်းနှင့် ၁၁ ကီလိုမီတာအကွာခန့် တည် ရှိပြီး အမေရိကန်ပြည်ထောင်စုနှင့် နယ်နိမိတ်ချင်း ထိစပ် သည့်နေရာ၌ တည်ရှိပေသည်။ အမေရိကန်နှင့် လောင်စာဆီ ပိုက်လိုင်း ဆက်သွယ်မှုဖြစ်ကြောင်း သိရပြီး ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။ ပတ်ဝန်းကျင်အဆိုအရ သေဆုံးသူ ပိုမိုနိုင်ပြီး ပျောက်ဆုံးသူတို့အလောင်းများကို ရှာဖွေဆဲဖြစ် သည်။ ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ကြည့်ရှုပြီး စစ်မြေ ပြင်ကဲ့သို့ ဖြစ်နေကြောင်း ပြောဆိုခဲ့ပေသည်။

မောင်ကောင်းယဉ်

*Ref: The Star, 10.7.2013*

## သားမယားအားအဆိပ်ကျွေးသတ်မှု အဖမ်းခံခဲ့ရ



စီဒူမြို့မှ အမည်မဖော်လိုသူ ---၊ စင်ကာပူတာရုတ် ကပြား၊ အသက် ၄၃ နှစ်ရှိ အမျိုးသားကြီးတစ်ဦးအား စင်ကာပူရဲတပ်ဖွဲ့မှ သားမယား ၄ ဦးအား အဆိပ်ကျွေးသတ် ဖြတ်မှုဖြင့် အဖမ်းခံခဲ့ရပြီး ရုံးတော်သို့ တင်သွင်းပြီး ကြားနာ စစ်ဆေးခဲ့ရာ တရားခံက ဆီအုန်းခြံကုန်သည်တစ်ဦးဖြစ်လျက် ကြွေးပတ်ပတ်လည်ဝိုင်းနေသဖြင့် စိတ်ညစ်လွန်းပြီး သား မယား ၄ ဦးအား အဆိပ်ကျွေးသတ်ဖြတ်မိခဲ့ကြောင်း ပြစ်မှုကို ဝန်ခံခဲ့လေ၏။ ယင်းကြောင့် ၎င်းအပေါ် အပြီးသတ်အမိန့်ချ မှတ်ရန်အတွက် ဩဂုတ်လ ၁၉ ရက်နေ့သို့ ချိန်းဆိုလိုက်၏။


ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: C.S.T. (Singapore), 6.7.2013, Page: 20*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(တစ်)

ပြင်ဦးလွင်မြို့၏ ဖွဲ့စည်းပုံက အင်မတန်ပင် ကဗျာဆန်လှသည်။

တောင်ကုန်းအနိမ့်အမြင့်၊ လမ်းအတက်အဆင်း၊ ကုန်းနိမ့်ကုန်းမော့၊ အပြေအလျော့ သူ့သဘာဝနှင့်သူ မြေအနေအထားကိုက ရစ်သမ်မှန်စွာနှင့် ဖွဲ့စည်းထားနှင့်သော သဘာဝပန်းချီကား။

ကျွန်တော်သည် ရန်ကုန်မှ လားရှိုးသို့အသွား မေမြို့ခေါ် ထိုပြင်ဦးလွင်မြို့ကလေးမှာ တစ်ထောက်ဝင်နားခဲ့ရသည်။ ပြင်ဦးလွင်သည် ကျွန်တော်၏ မွေးရပ်မြေ။

မြို့ပတ်လမ်းတွင် ကျွန်တော်တို့ အမွေဆိုင်အိမ်နှင့်ခြံ ရှိလေသည်။ လောလောဆယ်အားဖြင့် ကျွန်တော့် အစ်ကိုတော် ကိုဝင်းမြင့်မောင် တစ်ယောက်လည်း နေနေလေသည်။

ကျွန်တော်တို့မှာလည်း အရင်းအချာဆို၍ ဒီညီအစ်ကိုနှစ်ယောက်တည်း ရှိသည်။ သူက မွေးရပ်မြေကို မခွာနိုင်။ ကျွန်တော်ကသာ ခွာပြီး မြန်မာပြည်၏မြို့တော် ရန်ကုန် စီးပွားရေးအချက်အချာ၌ သွားရောက်စီးပွားရှာခဲ့သည်။

ရန်ကုန်မှာ ကျွန်တော်စီးပွားရှာခဲ့သည်မှာ မျှော်လင့်ထားသည်ထက် ပို၍အောင်မြင်ခဲ့လေသည်။ ချမ်းသာကြွယ်ဝသူတစ်ယောက် အနေဖြင့် ကျွန်တော်ပြန်ရောက်လာခဲ့ခြင်းဖြစ်၏။

ကျွန်တော်သည် ကျွန်တော်၏ ပင်ကိုဗီဇ စရိုက်အတိုင်း တစ်ကိုယ်ရေတစ်ကာယသမားဖြစ်ကာ ကျွန်တော်၏ ကိုယ်ပိုင် လင်ခရူဇာကားကို တစ်ယောက်တည်းမောင်းလျက် တက်လာခြင်းဖြစ်၏။

ကျွန်တော့်အစ်ကိုကြီး ဝင်းမြင့်မောင်သည်လည်း ကျွန်တော့်လိုပင် တစ်ကိုယ်ရေတစ်ကာယသမား။ ကျွန်တော်တို့ အမွေဆိုင်အိမ်ကြီးမှာ သူတစ်ယောက်တည်း နေထိုင်သူ။

www.burmeseclassic.com

ကိုယ့်မွေးရပ်မြေဇာတိမှာ ငယ်ပေါင်းမိတ်ဆွေတွေနဲ့ ပြန်ဆုံပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း ပျော်ပျော်ပါးပါး မိတ်ဆုံစားနိုင်ဖို့ ဆန္ဒကို အဆင်ပြေအောင် စီစဉ်နိုင်ခဲ့သည်။

မိတ်ဆွေတွေ၊ ငယ်ပေါင်းသူငယ်ချင်းတွေနှင့် တွေ့ဆုံပွဲလေးလုပ်ပြီးနောက် ကျွန်တော်သည် ပင်ပန်းသော်လည်း ရွှင်ပျစွာနှင့်ပင် အိမ်မှာပြန်၍ အနားယူခဲ့သည်။

အဲဒီမှာ ကျွန်တော်၏ တစ်ဦးတည်းသော အစ်ကိုကြီး၏ ထူးထူးခြားခြား အပြုအမူတွေ၊ ဆန်းဆန်းကြယ်ကြယ် ဖြစ်ရပ်ဆန်းတွေကို ကျွန်တော် မမျှော်လင့်၊ မထင်မှတ်ဘဲ တွေ့ခွင့်ရလိုက်တာပဲ ဖြစ်၏။

ကျွန်တော့်အစ်ကိုကြီးသည် အစကတည်းက အင်မတန်အေးဆေးပြီး လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း နေတတ်သူ။ ဒါပေမယ့် အရေးကြုံလျှင် အင်မတန် လျင်မြန်ဖျတ်လတ်သူ ဖြစ်၍ သူ့စိတ်သည် ဘယ်တော့မှ လေးလံထိုင်းမှိုင်းခြင်းမရှိ၍ တွေတွေဝေဝေထဲကတော့ မဟုတ်။ ပကတိအနေအထားဖြင့် တက်ကြွဖျတ်လတ်သော အသွင်မျိုး။

ဒါတွေက ဟိုယခင် ကျွန်တော်နဲ့သူ မခွဲခွာခင်က နောက်ဆုံးတွေ့ခဲ့ရသည့် အနေအထားမျိုး။

ယခုတော့မူ ...။

*****

(နှစ်)

ကျွန်တော့်အနေနဲ့ လိပ်ပတ်လည်အောင် ပြင်ဦးလွင်ကို စရောက်လာပုံကပဲ ပြန်ပြောရပါလိမ့်မည်။

ပြင်ဦးလွင်မြို့အဝင်မှာပင် ကျွန်တော့်ကားကို ကုန်တင် ဆယ်ဘီးကားကြီးက နောက်ကဆောင့်မိသဖြင့် ကျွန်တော့်ကား ပျက်စီးသွားခြင်းက စရပါမည်။ အဖိုးတန် ကိုယ်ပိုင်ကားရှိပါလျက် ကျွန်တော့်အဖို့ လတ်တလော ကားမစီးနိုင်တဲ့ အခြေအနေမျိုး။

တစ်ခုတော်ပါသေးသည်။ ကားသာပျက်စီးပြီး လူဘာမှမဖြစ်သည့် ကံကြမ္မာမျိုး။ ကားအုံနာမှာ ပြင်ဦးလွင်မှပင် ဖြစ်၏။ ကျွန်တော့်ငယ်သူငယ်ချင်းဖြစ်၍ သူလျော်ကြေးပေး ငွေစိုက်ထုတ်ပြီး ပြင်ပေးမည်ဆို၍ ကျွန်တော် ကျေအေးခဲ့ရသည်။ ကားကို နာမည်ကြီးဝပ်ရှော့မှာ ကျွန်တော်အပ်ထားခဲ့ရသည်။

ကျွန်တော့်အစ်ကိုရှိတဲ့အိမ်ကို ကျွန်တော်သွားတော့ မိုးချုပ်စ ပြုနေပါပြီ။ မိုးတွေကလည်း ရွာနေသည်။ 'မေမြို့မှာ ရွာတဲ့မိုး' ဆိုတဲ့ သီချင်းစပ်ဆိုရသလို မေမြို့မိုးက ခပ်ကြမ်းကြမ်း ရွာချလျက်ရှိ၏။

အစ်ကိုကြီးဆီ ကျွန်တော်သွားသည့်ညမှာ မှန်တိုင်းကျနေသည့် အခြေအနေမျိုး။ ပြင်ဦးလွင်မှာ ဆောင်းဝင်စဆောင်းဦးသမယအချိန်မျိုးမှာ အေးစိမ့်နေလို့ လူသူပြတ်လပ်တဲ့ လမ်းတွေပေါ် မိုးပေါက်တွေက အဆက်မပြတ် ကျဆင်းနေသည်။ လေကလည်း အိမ်တွေ၊ သစ်ပင်ကြီးတွေကို ဒေါသတကြီး ဝှေ့ယမ်းတိုက်ခတ်နေသည်။

ကျွန်တော်က စီးစရာ ကိုယ်ပိုင်ကားမရှိလို့ မြင်းလှည်း(ရထားဂျုံး)တစ်စီးကို ငှားရမ်းစီးနင်းလာခဲ့ရသည်။ မြင်းရထားသမားက ကျွန်တော်သွားချင်တဲ့ ကျွန်တော့်အစ်ကိုတော်ရှိတဲ့ အိမ်ခြံကို အရောက်လိုက်ပို့ပေးနိုင်ခဲ့သည်။

"မိုးက ဒီလိုစွေနေပုံနဲ့ လေကလည်း တစ်သုတ်ပြီးတစ်သုတ် ဝင်လာနေတော့ မကြာခင် မုန်တိုင်းကျတော့မယ်နဲ့တူတယ်"

"ဟုတ်ပါ့ဗျာ။ ခင်ဗျားလည်း ဒီည ဆက်ပြီး မြင်းလှည်းဆွဲလို့ကောင်းမှာ မဟုတ်တော့ဘူး။ ကဲ ... ကဲ ... ခင်ဗျားကို ကျွန်တော် တစ်ထောင်နဲ့ ငှားလာခဲ့ပေမယ့် နောက်ထပ် အပိုငါးရာ ထပ်ဆောင်းပေးလိုက်ပါ့မယ်ဗျာ"

"အာ ... ဆရာလေးရယ်၊ ကျေးဇူးပါပဲ။ ကျွန်တော်လည်း မြင်းလှည်းပြန်သိမ်းတော့မှာပါ။ ဆရာလေး ဒီအိမ်ကြီးမှာ ကံကောင်းပါစေ"

မြင်းရထားဆရာရဲ့ အမှတ်မထင်စကားကြောင့် ကျွန်တော့်စိတ်ထဲ စနိုးစနောင့် ဖြစ်သွားရသည်။ မြင်းလှည်းမောင်းသူက ကျွန်တော်တို့ရဲ့ အမွေဆိုင်ခြံကြီးနဲ့ အိမ်ကို သေသေချာချာ လှမ်းကြည့်ပြီး ပြောလိုက်တာကို ကျွန်တော်ဘာဝင်မကျနိုင်စရာ။

ကျွန်တော် ရုတ်တရက်တွေဝေသွားပြီး တစ်ခုခုပြန်မေးမလို့အလုပ်မှာ မြင်းရထားဆရာကြီးက သူ့မြင်းရထားကို ခပ်မြန်မြန်မောင်းထွက်သွားလေပြီ။

*****

(သုံး)

စေ့ထားရုံစေ့ထားတဲ့ ခြံတံခါးကို တွန်းဖွင့်ပြီး ကျွန်တော်ခြံထဲကို ဝင်လိုက်မိသည်။ ခြံထဲရောက်မှ ခြံတံခါးကို ပြန်စေ့ပြီး ခြံတံခါးနှစ်ဖက်ရဲ့ထိပ်က ခြံတံခါးပိတ်သံပြားကွင်းကို ကျွန်တော့်ဘာသာ ပြန်ပိတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးဟာ အရုပ်ဆိုးဆိုးနှင့် မှောင်မည်းမည်းကြီးထဲမှာ ထီးထီးကြီး။ ဝန်းခင်းအစား မြက်ခင်းတွေ၊ ပေါင်း ပင်တွေ တောထနေသည်။ သစ်ပင် ကြီးတွေကတော့ လေထန်ထန်မှာ ညည်းညည်းညူညူနှင့် ယိမ်းတိုးနေ ကြ၏။

အိမ်ကြီးက နှစ်ထပ်အဆောက် အဦကြီး။ ပြင်ဦးလွင်ထုံးစံ ခေါင်မိုးပေါ် မှာ မီးခိုးခေါင်းတိုင် တင်ထားသည်။ ဒါပေမယ့် အခြားအိမ်များထက် ထူး ခြားတာက အိမ်ကြီးတစ်လုံးတည်း ဖြစ်ပေမည့် မီးခိုးခေါင်းတိုင် နှစ်ခုဖြစ် နေခြင်းပင်။

ပြီးတော့ အိမ်ကြီး၏ အလယ် ကောင်မှာ သွပ်စူးကြိုးနှင့် ခြံကို အလယ်က ပိုင်းခြားထားသည်က ထို အိမ်ကြီးအား နှစ်ယောက်ပိုင်အဖြစ် ခွဲ ခြားထားသည့်သဘော။

အုတ်နှစ်ထပ်တိုက်အိမ်ကြီး သည် ရေညှိတွေအထပ်ထပ်နှင့် ညို မှောင်လျက်ရှိသည်ကို မိုးသက်လျှပ်စီး အပြက်မှာ ကြောက်လန့်ချောက်ချား ဖွယ်ရာ တည်နေ၏။ အိမ်ကြီး၏ ပြတင်းပေါက်တံခါးတွေကို အလုံပိတ် ထားသော်လည်း မှန်ပြတင်းများဖြစ်၍ အပေါ်ထပ်အခန်းတစ်ခု၌ မီးလင်းနေ သည်။

"ဝုန်း . . ."

"ဂျုန်း . . ."

"ဒုန်း . . ဒုန်း"

ရုတ်တရက် လျှပ်စီးမိုးကြိုး ထစ် ချုန်းသဖြင့် ကျောရိုးထဲစိမ့်သွား အောင် ခံစားလိုက်ရသည်။ မိုးတွေ ရွာသွန်ခြင်း တိုက်အိမ်ကြီးတံခါးမဆီသို့ ကျွန်တော် အလျင်အမြန် ပြေးကပ် သွားမိ၏။

ကျွန်တော်ရောက်လာတော့မည့် အကြောင်း ကားဝပ်ရှော့ကတည်းက ဖုန်းလှမ်းဆက်ထား၍ ရောက်လာလျှင် သူ့ကိုလှမ်းခေါ်မနေနဲ့၊ လူခေါ်ခေါင်း လောင်းပင်မနှိပ်ဘဲ တံခါးမကြီးကို တွန်းဖွင့်ပြီး တက်လာပါလို့ ထူးထူးခြား ခြား အကြောင်းပြန်သဖြင့် တံခါးမကြီး ကို တွန်းဖွင့်ပြီး ကျွန်တော့်ဘာသာ ဝင်လာခဲ့ရသည်။

အိမ်အောက်ထပ်မှာ လူသူရှိ မနေတော့ ကျွန်တော့်ဘာသာ နီကျင် ကျင် လျှပ်စစ်မီးဝါဖျော့ဖျော့အောက် ကနေ လှေကားထစ်တွေအတိုင်း ကျွန် တော် တက်လာခဲ့ရသည်။

အိမ်တံခါးဝလောက်မှာ သူလာ ကြိုသင့်တယ်လို့ စိတ်ကူးမိပေမယ့် အပေါ်ထပ်ရောက်ပြီး သူ့အခန်းပေါက် ဝထွက်ကြိုတဲ့အခိုက် သူ့မျက်နှာကို မြင်လိုက်ရတာနဲ့ပဲ အဲဒီစိတ်ကူးတွေ ပျောက်ကွယ်ကုန်သွားရလေပြီ။

သူ့မျက်နှာသည် တကယ့် လူ သေမျက်နှာ . . .။

*****

(လေး)

သူ ယခင်ကလို မဟုတ်တော့ပါ ဘူး။ အရွယ်လတ်ပိုင်းကို မကျော်သေး ဘူးဆိုပေမည့် မီးခိုးရောင်ပြောင်းနေ သည့် ဆံပင်တွေနှင့်အတူ ခါးကလည်း ကိုင်းနေလေပြီ။

ပိန်ကပ်ကပ် အရိုးငေါငေါ မျက် နှာပြင်မှာလည်း အရေးအကြောင်းတွေ ဗရပွ။ အသားအရေကလည်း ဖြူဖျော့ ခြောက်သယောင်းနေပြီး အရိုးခေါင်း ကို ရာဘာသားရေစွပ်ထားသလို။ မျက်လုံးတွေကလည်း ပြူးကျယ်ကျယ် ကြောက်စရာ။

"ဒီခုံမှာထိုင်ပါ ငါ့ညီ"

ပထမဆုံးပေါ်ထွက်လာတဲ့ သူ့ အသံကြောင့် ကြက်သီးဖြန်းခနဲတောင် ထသွားသည်။ အသံက ဩတော တော၊ အက်တက်တက်။

အရင်က သူဟာ ခုလိုမဟုတ်ပါ။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ယှဉ်လျှင် သူ့ကို လူချောတစ်ယောက် အဖြစ် အများက ချီးမွမ်းကြ၏။

အစ်ကိုကြီး ဝင်းမြင့်မောင်ဟာ အရင်က ခပ်ချောချော သန့်သန့်စွင့်စွင့် စွင့်နဲ့ စာကြိုးစားခဲ့သူပါ။ တခြားလူတွေ အားကျခံရတာကို သူဂရုမစိုက်။ ကြီး ပွားချမ်းသာမှုကအစ သူ့အလေးမထား။

မိဘအမွေအနှစ်ကို သူနှင့် ကျွန် တော် အပြည့်အဝခံစားခဲ့ရသူတွေဆို တော့ သူတစ်ပါးကို ဂရုမစိုက်ဘဲ ကိုယ်နေတတ်သလို နေခဲ့သည်။ နေ ချင်သလိုနေပြီး လွတ်လပ်မှုကို မြတ် နိုးကြသည်။

ကျွန်တော်တို့မိဘတွေက လူကုံ ထံ ကြွယ်ဝချမ်းသာတဲ့ အထက်တန်း လွှာကဆိုတော့ သုံးစားမကုန်တဲ့ စည်း စိမ်ဥစ္စာတွေကြောင့် ဘဝင်မြင့်ခဲ့တာ လည်း ပါသည်။

အထူးသဖြင့် သူသည် မည်သို့ သော အသက်မွေးကျောင်းအလုပ်ကို မှ မစဉ်းစား။ ဘာဂုဏ်ထူး၊ ဘာဘွဲ့ထူး ကိုမှ သူက မလိုချင်။

ကျွန်တော်လည်း ပထမတော့ သူ့လိုလူစား။ နောက်တော့မှ စီးပွား ရေးကို စိတ်ဝင်စားလာပြီး ရန်ကုန်သို့ ဆင်းကာ ပါသွားသည့် အရင်းအနှီး နှင့် ကုန်သွယ်မှုလုပ်ငန်းတစ်ခုကို ထူ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ခဲ့ခြင်းပင်။

သူပေးသည့် ခုံတစ်လုံး၌ ကျွန်တော်ထိုင်ရင်း ကျွန်တော် သူ့ကို စေ့စေ့စပ်စပ် လေ့လာအကဲခတ်နေကြောင်း သူသိသည်။

"မင်း ငါ့ကိုမြင်တော့ တော်တော် စိတ်မကောင်းဖြစ်သွားတယ် မဟုတ်လား"

သူက ပွင့်ပွင့်လင်းလင်း ဖွင့်မေးသည်။ သည်တော့လည်း ကျွန်တော်က သူ့ကို အားနာပြီး ပြန်ပြောရသည်။

"ဒီလိုလည်း မဟုတ်ပါဘူး ... အစ်ကိုရာ"

သူဟာ အခန်းထဲက ခုတင်တစ်လုံးပေါ်မှာ ထိုင်နေတာပါ။ အိပ်ရာကိုတောင် သိမ်းရကောင်းမှန်း မသိတဲ့ပုံပါ။ သူကြည့်ရတာ အင်မတန်မှ စိတ်ဓာတ်ကျနေတဲ့ ပုံစံမျိုး။ ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ သူ့အပြောင်းအလဲတွေဟာ အင်မတန်ကို မြန်ဆန်လွန်းနေသည်။

"မင်း ငါ့ကို ဘယ်လိုထင်သလဲ။ ငါဟာ ငါပိုင်တဲ့ပစ္စည်းတစ်ဝက်ကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က တတိတိဖြုန်းလာခဲ့တာ ခုဆိုရင် ငါ့အတွက်ရမယ့် အိမ်တစ်ဝက်နဲ့ ခြံတစ်ခြမ်းကိုပါ ရောင်းလိုက်ရပြီ။ အဲဒါတွေကို မင်းဆီ ငါစာရေးခဲ့တယ်နော်။ မင်းပိုင်ဆိုင်တဲ့အိမ်တစ်ဝက်နဲ့ ခြံတစ်ခြမ်းကိုတော့ ငါဟာ မင်းအတွက် အစောင့်တစ်ယောက်လို နေနေရတာပဲ။ ပြောစမ်းပါ ငါ့ညီရာ၊ မင်းငါ့ကို ဒီကိစ္စတွေအတွက် ဘယ်လို ထင်သလဲလို့"

ဒါတွေကို သူရိုးသားမှုအပြည့်နှင့် ပြောနေတာဖြစ်ကြောင်း ကျွန်တော်သိသည်။ ကျွန်တော်ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရသည်။ ဒါပေမယ့် သူစိတ်သက်သာသွားအောင်

"ဒီလိုတော့လည်း မဟုတ်ပါဘူး အစ်ကိုရယ်"

ကျွန်တော့်အဖြေကြောင့် သူ့မျက်နှာမှာ အပြုံးတစ်ခု ရောက်လာသည်။ သို့သော် တစ်ခဏချင်း ပြန်ပျောက်သွား၏။

ကျွန်တော့်မျက်နှာကို သူ လေးလေးနက်နက် စူးစိုက်ကြည့်နေတာကြောင့် သူ့ရဲ့သေခါနီး လူမမာမျက်လုံးတွေကြောင့် ကျွန်တော် အနေရခက်သွားသည်။

သူ့ကို စိတ်သက်သာရအောင်တော့ ကျွန်တော် စကားလုံးတွေ ရှာကြံပြောရသည်။

"လူတွေမှာ လိုချင်တာတွေ၊ ရချင်တာတွေ ပြည့်စုံသွားပြီ၊ ရခဲ့ပြီဆိုတာ ဘယ်တော့မှမရှိပါဘူး။ ပြီးတော့ ဖြစ်ချင်တဲ့ဆန္ဒတွေအတိုင်း ဖြစ်မလာတတ်ပါဘူး။ ဒါတွေအတွက် စိတ်ဓာတ်ကျနေလို့ ဘယ်ဖြစ်ပါ့မလဲ"

ကျွန်တော်က သူ့ကို စိတ်ဓာတ်တွေကျနေသည်ဟု ထင်ကာ ပြောနေမိသည်။ ဒီစကားတွေ ဘာ့ကြောင့် ပြောမိပါသလဲဆိုလျှင် လက်ရှိအခြေအနေက သူ့အတွက် မျှော်လင့်ထားသလို ဖြစ်မလာသည့်အခြေအနေမျိုး ဆိုက်ရောက်နေသည်ဟု ထင်မိ၍ဖြစ်သည်။

ဒါပေမည့် လက်တွေ့အားဖြင့် သူ့အတွက် ပျော်ရွှင်ကျေနပ်တဲ့ အမူအရာမျိုးကိုတောင် ကျွန်တော့်မှာ မပြနိုင်ခဲ့။

အပြင်မှာ မုန်တိုင်းစဲသွားပုံရသည်။ မိုးလည်း တိတ်သွားလေပြီ။ သည်တော့ သူနှင့်ကျွန်တော် နှစ်ယောက်တည်းရှိသော အခန်းကလေးထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းခြုံထားလေပြီ။

အဲသည် တိတ်ဆိတ်ငြိမ်သက်သွားသည့် အချိန်ကလေးမှာပဲ ...

"ဒေါက် ... တောက် ... တောက် ... ဒေါက်"

အသံကလေးတစ်ခု။ သူအိပ်နေသည့် ခုတင်ဘေး လျှာထိုးပျဉ်ချပ်ဆီက ထွက်လာသည့်အသံကို ကျွန်တော်ကြားလိုက်ရသည်။ တံခါးခေါက်တဲ့အသံမျိုး။ ဒါပေမယ့် တံခါးမရှိဘဲ လျှာထိုးပျဉ်ချပ်က ထွက်ပေါ်လာတဲ့ အသံ။

"ဒေါက် ... တောက် ... တောက် ... ဒေါက်"

ကပ်လျက်အခန်းထဲကနေ၍ တတောက်တောက် နံရံကို လက်နဲ့ ခေါက်တဲ့အသံမျိုး။ အစ်ကိုက ထိုအသံကြောင့် ပျာပျာသလဲ အသံထွက်ပေါ်လာရာ သူ့ခုတင်ပေးက ပျဉ်ချပ်ဆီသို့ လှမ်းကြည့်သည်။

"ဒေါက် ... တောက် ... တောက် ... ဒေါက်"

အသံက ဆက်လက်၍ ခပ်မှန်မှန် ပေါ်ထွက်လျက်။

အစ်ကိုသည် အသံလာရာ ပျဉ်ချပ်ကို လှမ်းကြည့်နေရာက မျက်နှာတစ်ချက်ပျက်သွား၏။ အသံမှန်မှန် ပေါ်ထွက်နေသည်နှင့်အတူ အစ်ကို့မျက်နှာမှာ ညိုးရော်ရော် ဖြစ်၍ဖြစ်၍ လာသည်။

လေးလံသော ခြေလှမ်းပုံမျိုးနှင့် အသံကြားရာ ပျဉ်ချပ်ကနေ အစ်ကို့အကြည့်သည် လွှဲဖယ်လျက် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့မျက်နှာဆီသို့ ရွေ့လျားလာခဲ့ပြီ။ ည့်နောက် တန့်ရပ်သွားပြီး သက်မဲ့ တစ်ခုလို အလှုပ်ရှားမဲ့သွားလေပြီ။

ကျွန်တော် သူ့ကိုကြည့်နေသော အကြည့်ကို သူက အကြည့်စူးစူးနှင့် ကြည့်နေသည်။ သူ့အကြည့်သည် ကြောင်ကြောင်နိုင်နေ၏။

ကျွန်တော့်ဆီမှ စကားသံတစ်ခု ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့် အားသလိုလည်းရှိ၏။ ကျွန်တော်က ပြောင်ပြောင် ရယ်စရာပြက်လုံးတစ် ကို ထုတ်မိမလို ဖြစ်ပြီးမှ အနိုင်နိုင် နိုးလိုက်ရသည်။

ဥပမာ … "ခင်ဗျား ကျွန်တော့် သရဲခြောက်တမ်းကစားပြနေတာ အား" ဆိုသည့် မေးခွန်းမျိုး။

သို့သော် … သူ့ပုံက ကျွန် တော်ရှိနေတာတောင် မေ့လျော့နေ သလို ပုံမျိုး။ ဘယ်လိုအဓိပ္ပာယ်ဆောင် သိတဲ့ အကြည့်နှင့် ကျွန်တော့်ကို ကြည့်လိုက်၊ နံရံဆီအကြည့်ရွှေ့ နံရံကို ဖောက်ထွင်းကြည့်နေ သလိုမျိုး ကြည့်နေလိုက်။

အဲဒီလို ထူးခြားသည့် မြင်ကွင်း တော် ယခုတိုင် မျက်စိထဲက နိုင်တော့။ ကျွန်တော့်အဖို့ ဂိတ်ကသိကအောက် တာမို့ ထိုအခန်းထဲကထွက် ဟန့်ပြင်လိုက်မိသည်။

အဲဒီတော့မှ သူ့ကိုယ်သူ သတိ လာပုံရသည်။

"နေပါဦး ညီလေး။ ထိုင်ပါဦး။ တောင်းပန်ပါတယ်"

"ကျွန်တော့်အတွက် အနားယူရ ခန်းကို ကျွန်တော်သွားချင်

"နောက်ပြီး သွားရမှာပါ။ ငါခြေ ရင်းခန်းမှာ ငါစီစဉ်ထားပါတယ်"

"ဒေါက် … တောက် … တောက် … ဒေါက်"

အသံကို ဆက်တောက်ကြားနေရ သည်။ ထိုအသံအတွက်ပင် သူက သူ နှင့် အဓိကပတ်သက်နေသလို အရေး တယူ တောင်းပန်နေပြန်သည်။

"ဆောရီးပဲ ညီလေး။ အခန်း ဟိုဘက်မှာ ဘယ်သူမှ ရှိမနေပါဘူး"

"ဘယ်သူရှိနေနေ၊ မရှိနေနေ ကျွန်တော့်အတွက် အကြောင်းမဟုတ် ပါဘူး။ ကျွန်တော်အနားယူဖို့ လိုအပ် နေပြီ၊ အစ်ကိုစီစဉ်ထားတဲ့ ခြေရင်းခန်း ကို ကျွန်တော်သွားပါရစေတော့"

သူကြိုးစား၍ ပြုံးသည်။ နှစ်နှစ် ကာကာတော့မဟုတ်။

"မင်းက အတော်သိလွယ်၊ သဘောပေါက်လွယ်တာပဲ"

အဲဒီလိုမှတ်ချက်ချပြီး သူ့စကား ကို ပြန်ဆက်သည်။

"တကယ် ဘာမှမဟုတ်ပါဘူး။ ဦးအိမ်ကြီးရဲ့တည်ဆောက်ပုံက အခန်း နှစ်ခန်းတွဲပြီး ဆောက်ထားတာမျိုးပဲ။ ဥပမာ နှစ်ခန်းဆိုရင် လေးခန်းဖြစ်နေ တာပဲ"

"အဲဒါက အဖေတို့ ဆောက်က တည်းကပဲ ခေါင်းရင်းခန်းက အဖေနဲ့ အမေ တစ်ယောက်တစ်ခန်း၊ ခြေရင်း ခန်းက အစ်ကိုနဲ့ ကျွန်တော့်အတွက် တစ်ယောက်တစ်ခန်းစီ ရည်ရွယ်ပြီး ဆောက်ထားခဲ့တယ်ဆိုတာ ကျွန် တော်တို့နှစ်ယောက်ကို အသိပေးထား တာပဲ"

"အေးကွာ … ခုတော့ ငါမိုက်မဲ မှုနဲ့ အခန်းနှစ်ခန်း ဆုံးရှုံးသွားရပြီ"

"အခန်းနှစ်ခန်းတင် မဟုတ် ဘူး။ ခြံတစ်ဝက်နဲ့ အိမ်တစ်ခြမ်းလေ"

"အဲဒါကို ငါတောင်းပန်ပါ တယ်"

"အစ်ကို့မှာ တောင်းပန်တာတွေ များနေပြီ၊ ကျွန်တော်ဟာ အစ်ကို့ညီပဲ။ အစ်ကို ကျွန်တော့်ကိုတောင်းပန်စရာ မလိုပါဘူး။ အစ်ကိုလုပ်သမျှ အားလုံး ကို ကျွန်တော်ကျေနပ်ခွင့်လွှတ်ပြီးသား ပါ။ ကျွန်တော့်စီးပွားရေးအခြေအနေ က ဒီအိမ်နဲ့ ဒီခြံ ကျန်နေတဲ့အတိုင်း အစ်ကို့ကို အလကား ပေးထားနိုင်ပါ တယ်"

"ဘာလဲ … မင်းက ငါ့ကို မဟုတ်မဟပ်နည်းနဲ့ အောက်လမ်း တစ္ဆေတွေမွေးပြီး သရဲခြောက်သလို လုပ်၊ ဒီအိမ်ကြီးကနေ နှင်နေတယ်လို့ များ အတွေးရောက်နေသလား ညီ လေးရယ်"

"ဒေါက် … တောက် … တောက် … ဒေါက်"

ပျဉ်ချပ်နံရံကို ခေါက်သံကတော့ တစ်မိနစ်၊ နှစ်မိနစ်ခြားပြီး ထပ်မံပေါ် ထွက်နေစမြဲ။

ကျွန်တော့်ကို သူပြန်ထိုင်ဖို့ အမူ အရာနှင့် လက်ကိုလှုပ်ရှားပြသည်။ ကြုံခဲ့ရတဲ့ကိစ္စဟာ သိပ်ဆန်းကြယ် သည်ဟု ဆိုနိုင်လောက်သည့် ပဟေဠိ မျိုးဟု ကျွန်တော်မထင်။ အဲဒီအတွက် ဖြေရှင်းချက်တွေ အများကြီးရှိနိုင်တာ ပဲ။

ဒါပေမယ့် ကျွန်တော့်အစ်ကိုကို ပဲ ကျွန်တော် အံ့သြနေမိသည်။ သူ သည်မှုမကြာသော နှစ်အပိုင်းအခြား အတွင်း အဘယ်ကြောင့် ဒီလောက် အိုမင်းဆုတ်ယုတ်သွားရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီဘက်က ခေါက်သံတွေနှင့် ဘယ်လိုဆက်စပ်နေပါသလဲ။

"ခေါက် ...တောက် ...တောက် ...ခေါက်"

*****

(ငါး)

အဲဒီအသံကြောင့် ကျွန်တော့် အစ်ကိုအတွက် ကျွန်တော်စိုးရိမ်စိတ်တွေ အများကြီးဝင်ရောက်လို့လာတာတော့ အမှန်။

သူနှင့် ကျွန်တော်သည် အသက်သိပ်မကွာသော ညီအစ်ကို။ နှစ်နှစ်ပဲခြားပြီး မွေးဖွားလာသူတွေမို့ ကစားဘက်ဖြစ်ရာက တဂ်ခါတစ်ခါ သူငယ်ချင်းတွေနှယ် မခြား။

စိတ်မထင်လျှင် နင်လုံး၊ ငါလုံး၊ မင်းတွေ၊ ငါတွေ ဖြစ်လာတတ်သည်။ သို့သော် ၎င်းကိစ္စမှာတော့ ကျွန်တော့်ဘက်က စိတ်ရှည်ရလိမ့်မည်ဟု ထင်သည်။

သူ့အနေနှင့် ဘာမှမဟုတ်ပါဘူးလို့ ပြောခဲ့ပေမည့် အဲဒီ ဘာမှမဟုတ်တာသည်ပင် တစ်ခုခုပဲဆိုတာ သူလက်ခံထားသည့် အမူအရာမျိုး ကျွန်တော်အကဲခတ်နေမိသည်။

"ခေါက် ...တောက် ...တောက် ..ခေါက်"

ကျွန်တော် သူပြောသလို ဆက်ထိုင်လိုက်ရပေမယ့် တစ်ဖက်မှ ပျဉ်ချပ်ခေါက်သံကလွှဲပြီး သူ့ဆီက ဘာကားတစ်ခွန်းတလေမျှ စမလာ။ ကျမချမ်း ခံစားလာရပြန်သည်။

"ဒီမှာ အစ်ကိုဝင်းမြင့်မောင်"

ကျွန်တော် စကားစလိုက်၏။ မကျေနပ်မှုကြောင့် အသံမာနေမှာလည်း သေချာသည်။

"အစ်ကို့ဘာသာအစ်ကို တစ္ဆေသရဲ ဘယ်နှကောင်ပဲ မွေးထားမွေးထား ကျွန်တော့်အလုပ်တော့ မဟုတ်ဘူး။ ကျွန်တော်က စိတ်ကောင်း၊ စေတနာကောင်း အမြဲထားတဲ့သူဆိုတော့ တစ္ဆေသရဲတွေနဲ့ ဘာမျှပတ်သက်စရာ အကြောင်းမရှိဘူး။ ကျွန်တော့်အတွက် စီစဉ်ထားတယ်ဆိုတဲ့ အခန်းကိုပဲ ကျွန်တော်သွားတော့မယ်။ ဒါမှမဟုတ် ကျွန်တော်ခရီးသွားရင် လုပ်နေကျအတိုင်း ဟိုတယ်တစ်ခုခုမှာ တည်းခိုဖို့ ကျွန်တော်ဒီကပြန်တော့မယ်"

ကျွန်တော့်စကားက သိမ်မွေ့တယ်လို့ ဆိုနိုင်တဲ့စကားတော့ မဟုတ်ပါ။ ဒါပေမည့် သူက ဒီအတွက် ဘယ်လိုမှ ခံစားပုံမပြသည့်အပြင် ကျွန်တော့်ကို ခပ်အေးအေးပဲ တားဆီးနေပြန်သည်။

"ခေါင်းအေးအေးထားပြီး ဒီအခန်းမှာ ခဏလောက်နေပေးပါဦး ညီလေး လင်းမြင့်မောင်။ မင်းရောက်လာတဲ့အတွက် ငါသိပ်ကျေးဇူးတင်နေတာပါ။ ဒီည မင်းကြားလိုက်ရတဲ့အသံမျိုး ငါမကြားရတာ တစ်နှစ်လောက်ရှိသွားပြီ။ အဲဒီအသံဟာ ငါ့အတွက် ကိုးနှစ်လောက်အထိ ညတိုင်းကြားနေရတဲ့အသံပါ။ အဲဒီလိုကြားနေရပြီးမှ ပျောက်သွားတာ တစ်နှစ်လောက်ရှိသွားလို့ ငါစိတ်ဆင်းရဲပြီး ဒီအသံကြားနေရတဲ့ ဟောဒီခုတင်ပေါ်မှာ လဲလျောင်းပြီး စောင့်နေခဲ့တာပါ။ ဒီအသံကို ငါဘယ်လောက်တမ်းတသလဲဆိုရင် မင်းကိုတောင် အိမ်အောက်ထပ် ထမင်းကြိုမှာ ကာမကြိုနိုင်တာပဲ ကြည့်ပါကွာ"

အပြင်မှာ မိုးက ခပ်မှန်မှန်လေး ရွာလာပြန်သည်။ လေပြင်းတစ်ချက်တစ်ချက် တိုက်လိုက်မှ လှုပ်လှုပ်ခတ်ခတ်အသံတွေ ပြတ်တောင်းပြတ်တောင်း ကြားနေရပြန်သည်။

"ဒီဇာတ်လမ်းအစပြုတာ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကပဲ ညီလေးရယ် ..."

*****

(ခြောက်)

"အစ်ကိုဟာ အစက စီးပွားရေးကို စိတ်မဝင်စားခဲ့ဘူးဆိုတာ ငါ့ညီလေးအသိပါ။ ဒါပေမယ့် ငွေနဲ့ ရှိတဲ့ ပစ္စည်းဥစ္စာရတနာဆိုတာ သုံးဖြုန်းသူတွေအတွက် အဆုံးအရှုံးမြန်တယ်ဆိုတာ ငါ့ကိုတွေ့ပဲ"

"ငါ့ညီလေးက ရန်ကုန်မှာ စီးပွားဖြစ်နေပေမယ့် အစ်ကိုကတော့ ... ဒီမှာ အသုံးအဖြုန်းကြီးပြီး စီးပွားပျက်မလောက်ဖြစ်နေပြီ။ အစ်ကိုစီးပွားပျက်ရတာကလည်း မူးယစ်ဆေးဝါး ဝါသနာပါသလို အလောင်းအစားဖြစ်တဲ့ သုံးကောင်ဂျင်၊ လေးကောင်ဂျင် စတဲ့ အလောင်းအစားကို စွဲသွားလေရဲ့"

"အဲဒီမှာ စိုင်းအိုက်ပန်နဲ့ အစ်ကိုတွေ့တော့တာပဲ။ သူက အစ်ကို့ထက် အသက်ကြီးတယ်။ ဒီကောင်ကြီးနဲ့ အစ်ကိုတို့က အသက်ဆယ်နှစ်လောက်ကွာတာကိုး။ လောင်းကစားသမားချင်း၊ ဆေးစွဲသူအချင်းချင်းဆိုတော့ ညီရင်းအစ်ကိုတွေလို ခင်မင်သွားကြတယ်။

အစ်ကို စီးပွားပျက်တာကို သူမကြည့်ရက်ဘူး။ သူလည်း မိုင်းရှူး



www.burmeseclassic.com

www.burmeseclassic.com

မှာ ကျောက်အောင်ရာက ငွေ သောပြီး စီးပွားတက်လာရာက ပျက်နေတဲ့ အစ်ကို့ကို ကူညီဖို့ တာတယ်။

သူကူညီတာက အသားလွတ် ာ မဟုတ်ဘူး။ အစ်ကိုပိုင်ဖြစ်တဲ့ စ်ဝက်နဲ့ အိမ်တစ်ခြမ်းကို ဖွဲ့ဝယ် တာပဲ။ သိန်းအားဖြင့် အဲဒီတုန်း ပေါက်ဈေး သိန်းတစ်သောင်း ကို့နဲ့ ဝယ်ခဲ့တာပဲ။ ပြီးတော့ အဲဒီ ဆံထဲက သိန်းခုနစ်ထောင့်ငါးရာ အစ်ကိုစီးပွားရေးလုပ်ဖို့ သူ့လုပ် ဆဲ ရှယ်ယာထည့်လိုက်တယ်။ အဲဒါ လည်း အစ်ကို့သဘောနဲ့အစ်ကို ပွားချင်တဲ့စိတ်နဲ့ ထည့်လိုက်တာ။

အေး ‥ ဒီမှာ ပြောဖို့တစ်ခုကျန် က အစ်ကိုတို့နှစ်ယောက်ဟာ ဆင်တူ၊ အသွေးတူမို့လားမသိဘူး။ ယောက်သဘောတူတိုင်ပင်ပြီး ယ်ဆေးဝါးနဲ့ လောင်းကစားကို တ်လိုက်ကြတယ်။ စီးပွားရေးကိုသာ ာက်ချပြီး လုပ်ကြမယ်ပေါ့လေ။

အဲဒီဆုံးဖြတ်ချက်အတိုင်း လုပ်မိ ပါတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ တိတ်ကုသိုလ် မပါလို့လားမသိဘူး။ ဒီ မိုင်းရှူးလုပ်ငန်းဟာ ကျောက် ပြီး လူတွေသေနဲ့ တရားတဘောင် ပြီး အရှုံးကြီးရှုံးခဲ့ပါကရော။ အစ်ကို ယ်ယာထည့်ထားတဲ့ သိန်းခုနစ်ထောင့် ရာကလည်း တစ်ခါတည်း စုံးစုံးမြုပ် သုံ့စွပ်ပါပဲ။

အတိတ်ကံက ဘဝတစ်ဝက်မှာ ကောင်းလို့ ချမ်းသာတဲ့မိဘတွေဝမ်းထဲ င်စားပြီးမှ တစ်ခါဆင်းရဲရ။ ကိုယ်ပိုင် ည်းတွေ ထုခွဲရောင်းချပြီး ကောင်း ကောင်းကောင်းဝယ်လုပ်ပြန်တော့လည်း အတိတ်ကံက ကုန်ဆုံးနေလေတော့ ခေါင်းမထူနိုင်ဘဲ ဆုံးရှုံးရဆိုတော့ အစ်ကို့ဘဝဟာ အမှန်တကယ် ပျက်သွားခဲ့တယ်။

"ဒါပေမယ့် အစ်ကိုဟာ တစ်ချိန်ကစွဲခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ လောင်းကစားဘက်ကို ပြန်မလှည့်တော့ဘဲ ကိုယ့်ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေခဲ့တယ်။ အဲဒီလို နေခဲ့တဲ့အချိန်မှာ စိုင်းအိုက်ပန် ဟောဒီ ပြင်ဦးလွင်ကနေ ပျောက်သွားတာပဲ။

သူပျောက်သွားတာက ရိုးရိုး ပျောက်သွားတာ မဟုတ်ဘူးကွ။ သူ့ထက် အသက်ထက်ဝက်လောက်ငယ်တဲ့ သူ့ဇနီးချောလေး နန်းခင်နွဲ့ကို ဟောဒီလို ‥‥ မိုးသည်းသည်းညမှာ သေနတ်နဲ့ပစ်သတ်ပြီး သူ့ကိုယ်သူပါ သေနတ်နဲ့ပစ်သတ် အဆုံးစီရင်ပြီး ဟောဒီကမ္ဘာမြေကြီးက အပြီးတိုင် ပျောက်သွားတာပဲ"

အစ်ကိုဝင်းမြင့်မောင်စကားတွေထဲမှာ ချန်ထားတာတွေကို ကျွန်တော်တွေ့နေရသည်ဟု ထင်ပါ၏။

"အဲဒီ နန်းခင်နွဲ့ဟာ သူ့ယောကျ်ား စိုင်းအိုက်ပန်နဲ့ အသက်ထက်ဝက်ငယ်ပြီး တော်တော်လေးလည်း ချောမောတယ်ဆိုတော့ စိုင်းအိုက်ပန်အသက်က ဘယ်လောက်လဲ၊ နန်းခင်နွဲ့အသက်ကကော ‥‥"

"နန်းခင်နွဲ့အသက်က နှစ်ဆယ်ဝန်းကျင်၊ စိုင်းအိုက်ပန်အသက်က ခြောက်ဆယ်ကျော်ပေါ့ကွာ"

"အစ်ကိုနဲ့ နန်းခင်နွဲ့နဲ့ ပတ်သက်ဖူးသလား"

"ပတ်သက်ဖူးပြီပဲကွာ။ စိုင်းအိုက်ပန်ကြီး အိပ်ပျော်သွားတဲ့အချိန်မျိုး၊ ခရီးရှည်ထွက်သွားတဲ့အချိန်မျိုး အစ်ကိုနဲ့ နန်းခင်နွဲ့တို့ မရိုးမသားနေမိကြတာပါပဲကွာ။ အဲဒီမှာ အချိန်းအချက်ကတော့ ‥‥

"ဒေါက် ‥‥တောက် ‥‥ တောက် ‥‥ ဒေါက်"

တိုက်တိုက်ဆိုင်ဆိုင်ပင် တစ်ဖက်ခန်းက ပျဉ်ချပ်ခေါက်သံ ခပ်မှန်မှန်ကို ကြားလိုက်ရသည်။

ကျွန်တော့်အစ်ကို ဝင်းမြင့်မောင်သည် သူ၏ မဟုတ်မဟပ် အပါယ်ရောက်မည့် ဘဝဇာတ်လမ်းကို မည်မျှအကြာကြီး ချုပ်တည်းထားရသည် မသိ။ သူရူးတစ်ယောက်လို စိတ်အားထက်သန်စွာ တစစ တသသ ရေရွတ်နေတုန်းမှာ ကျွန်တော်သည် ဆက်လက်နားထောင်ချင်စိတ် မရှိတော့ဘဲ ကျွန်တော့်အတွက် ပေးထားသော အခန်းဆီသို့ ကျွန်တော်ထွက်လာခဲ့မိသည်။

ထိုညက ကျွန်တော် တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။

နောက်တစ်နေ့မနက် မိုးလင်းတော့ ကျွန်တော့်အစ်ကို အခန်းသို့ ကျွန်တော်နှုတ်ဆက်ရန်အသွား ကျွန်တော့်အစ်ကို ဝင်းမြင့်မောင် တစ်ဖက်ခန်းမှ ပျဉ်ချပ်ကို နားကပ်လျက် အနေအထား ဆန့်ဆန့်ကြီး သေဆုံးနေခြင်းပင်တည်း။

**ကျော်မင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# သွေးချောင်းက လျှံ

## မြဝတီ

(အခန်းဆက် ဝတ္ထုရှည်)

**ယခင်လမှအဆက်**

ကျွန်တော်တို့၏ မြင်ကွင်းမှာပင် အင်္ဂလိပ် စစ်သုံ့ပန်းများအား ဂျပန်များက သစ်တုံးအချို့ကို လှည်းပေါ်တင်ဆောင်ပြီး၊ လှည်းတံပိုးများတွင် နွားအစား ရှာရန်း၍ ထွက်သွားစေသည်။

ရိုင်ဖယ်ကိုင် ဂျပန်စစ်သားအချို့က မနီးမဝေး တောင်ကုန်းများပေါ်မှ ထက်၍ ကြည့်နေခဲ့သည်။

ကျွန်တော်သည် ဇလီဖားတုံးများ သယ်ရန်အတွက် ပြန်လှည့်လာစဉ် စိန်သန်းမှာ ကျွန်တော်၏နောက်မှ လိုက်လာ၏။

လှဖေသည် ဇလီဖားတုံး တစ်တုံးကို ထမ်းလာလေသည်။

"ဦးမဲကြီးကတော့ ခွေးကြီးလိုပဲဗျို့၊ ကျုပ်တို့တစ်တွေကို ဘယ်လို မှန်းမှန်း မသိဘူး။ ကျုပ်ကို မာန်လိုက် ဝေါက်လိုက်နဲ့"

လှဖေသည် ကျွန်တော်၏ အနီးသို့ ကပ်၍ ခပ်တိုးတိုး ပြောလိုက်သည်။

ကျွန်တော်နှင့် စိန်သန်း ရောက်သွားသောအခါတွင် အဘ ဦးထွန်းရှံမှာ မတ်တတ်ရပ်နိုင်ပြီ ဖြစ်သည်။

"အဘ အလုပ် မလုပ်ပါနဲ့၊ ကျွန်တော်တို့ အဘအစား ထမ်းပါ့မယ်"

ကျွန်တော်က ပြောရင်း ဇလီဖားတုံး နှစ်တုံးကို ကျွန်တော့်အပေါ်သို့ တင်ပေးစေသည်။

ဇလီဖားတုံး နှစ်တုံးမှာ အတော်ကလေး လေးလံလှချေသည်။

ဦးမဲကြီးနှင့် ရပ်နေသော ဂျပန်စစ်သားက ကျွန်တော်တို့ထံသို့ ပြေးလာကာ အဘ ဦးထွန်းရှံအား လက်ညှိုးထိုး၍ "အဘိမ္မော ထမ်းပါ···ထမ်းပါ" ဟု အမိန့်ပေးလိုက်သည်။

ကျွန်တော့်မှာ မနေသာဘဲ ဂျပန်စကားဖြင့် ပြန်လည် ပြောရတော့သည်။

"မာစတာ ဦးထွန်းရှံက ကျွန်တော်တို့ ဟန်ချိုပဲ၊ သူဟာ အသက်ကြီးတယ်၊ သူ့အစား ကျွန်တော်တို့ လုပ်ပါရစေ"

ကျွန်တော်က ဂျပန်စကားဖြင့် လှမ်းပြောလိုက်သောကြောင့် ဂျပန်စစ်သားမှာ အတော်ကလေး အံ့အားသင့်နေချေသည်။

"ခင်ဗျား ဂျပန်စကား တတ်တယ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော် ဂျပန်ကျောင်းထွက်ပါ မာစတာ"

ဤသို့ ကျွန်တော် ပြောလိုက်သောကြောင့် ဂျပန်စစ်သားမှာ ကျွန်တော့်အပေါ် လေးစားသွားပုံရသည်။

"ကောင်းပြီ ခင်ဗျား ဟန်ချိုလူကြီး လုပ်ပြီး ကြည့်နိုင်းပါနော်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဂျပန်စစ်သားတို့ ဂျပန်စကားဖြင့် ပြောနေသည်ကို ဦးမဲကြီးသည် မျက်လုံးကြီးပြူးကာ ရှိနေသည်။

ကျွန်တော် ဇလီဖားတုံးကို သွား၍ ထားကာ ပြန်လာသောအခါတွင်မူ ဂျပန်စစ်သားက ကျွန်တော်တို့ တပ်စိတ်မှူးအဘ ဦးထွန်းရုံအား ဇလီဖားတုံး ယူနေသူများအား ကြည့်၍ခိုင်းရန် တာဝန်ပေးထားပြန်၏။

ဦးမဲကြီး၏ မျက်နှာသည် အရင်ကလောက် မတင်းမာတော့ချေ။ သို့တစေ ကျွန်တော်တို့အား မကြာခဏ ရန်သူကြည့် ကြည့်လျက် ရှိနေသည်ကို တွေ့ရ၏။

ကျွန်တော်တို့အဖို့ ဤမျှလောက် အဘ ဦးထွန်းရုံသက်သာသွားလျှင်ပင် ကျေနပ်လောက်ပါပြီ။ ဦးမဲကြီးသည် အခြေအနေကို လေ့လာရင်း သူထင်သလို ခိုင်းမရတော့မှန်း သိသောကြောင့် တစ်ဖက်သို့ ထွက်ခွာသွားပါသည်။

နံနက် ၁၁ နာရီတွင် အလုပ်ပြန်ဆင်းလာရသည်။ မည်သို့ဖြစ်စေ ကျွန်တော်တို့အဖို့ အတော် မစားသာအောင် ထိုနေ့အဖို့ ပင်ပန်းသွားသည်။

ကျွန်တော်သည် မောပန်းလာသည့်အလျောက် ထမင်းစားချိန်တွင် ထမင်းမစားနိုင်အောင် ရင်ခံနေမိသည်။

အဘ ဦးထွန်းရုံမှာ ကျွန်တော့်အား ကျေးဇူးတင်စကားများ ပြောနေသည်။

"မောင်အောင်နိုင် ကြောင့်ကွယ်၊ နို့မို့ရင် အဘတော့ ငမဲကြီး နှိပ်စက်တာနဲ့ အဲဒီနေရာမှာပဲ သေလိမ့်မယ်ထင်တာပဲ"

"အဖေ ဘာဖြစ်တာလဲ"

မခင်မွှေးတို့ ညီအစ်မက စိုးရိမ်မကင်းသော လေသံကလေးဖြင့် မေးလိုက်ပါလေသည်။

"ငမဲကြီးပေါ့ သမီးရယ်၊ အဖေ့ကို တောင် ရက်ရက်စက်စက် ခိုင်းတာ။ သမီးတို့ မောင်တွေလည်း သူက ရိုက်နှက်ခိုင်းသေးတယ်"

ထိုစကားကြောင့် မခင်မွှေးတို့ မျက်နှာကလေးများမှာ ဖြူရော်ရော်ဖြစ်သွားရလေသည်။

"ဒီလူကြီးဟာ စိတ်ကောင်းကလေး လုံးဝမရှိဘူးဆိုတာ သမီးတို့သိပါတယ် အဖေရယ်။ အလကား လူကြီးပါ"

"အေးလေ၊ တာဝန်ကလွဲရင်တော့ သူနဲ့ မဆက်ဆံရုံပေါ့ကွယ်"

ကျွန်တော်တို့မှာ ထမင်းချက်ဖိုသို့ သွားကာ ထမင်းများယူရန် အချိန်ကျလာပါသည်။

"ဒီမှာ လာစားကြနော်"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော်တို့ ထမင်းတွေ ဒီကို ယူလာခဲ့မှာပါပဲ"

ထိုသို့ ပြောလျက် ကျွန်တော်သည် စိန်သန်း၊ အောင်သန်း၊ လှဖေတို့နှင့် အတူ ထွက်လာပါသည်။

ထမင်းချက်ဖိုတွင် ထမင်းဟင်း ယူမည့်သူများ တန်းစီနေကြသည်။

ထမင်းပန်းကန် မရှိသူများမှာ ခွေးစားခွက်ကဲ့သို့ ဝါးခွက်ကြီးကြီးများကိုင်လျက် မတ်တတ်ရပ်နေကြသည်။

ထမင်းကို ဒယ်အိုးမှ သစ်သား ယောက်မဖြင့် တစ်ကော် ကော်၍ထည့် ပေးသည်။ ထိုမှတစ်ဖန် အသီးအရွက် မျိုးစုံနှင့် အမဲသားပုပ်များ ရောကာ ချက်ထားသော ဟင်းပေးသူထံ သွား သည်။

ဟင်းပေးသူက ယောက်မကြီးဖြင့် တစ်ကော် ကော်၍ ထည့်ပေးသည်။ ထိုနေရာမှ ငါးပိကြော်ပေးသော နေရာ သို့ ထွက်သွားရပြန်၏။

ငါးပိကြော်မှာ ဆီဟူ၍ လုံး မတွေ့ရသလောက်ပင် ဖြစ်၏။ ငါးပိမှာ ပျော့အိနေကာ ရေများနှင့် ကြော်၍ ထားလေသလောဟု ထင်မှတ်မှား အောင် မြင်တွေ့ရ၏။

ငါးပိ ပေးသူက ဇွန်းမရှိဘဲ ဝါးခြမ်း ကလေးဖြင့် တစ်ကော် ကော်၍ ထည့် ပေးလိုက်ခြင်းဖြင့် လူတစ်ယောက် ရိက္ခာ နံနက်စာသည် ပြည့်၍သွားပါ တော့သည်။

အားလုံး စုပြုံကာ ဆန်းစစ်ရမည် ဆိုပါသော်ကား ထမင်းသည် အောက် သိုးသိုး အနံ့နှင့် မည်းနေကာ ဟင်း လည်း မနူးမနပ်သော အသီးအရွက် မျိုးစုံကို အမဲသားဖြင့် ရေလုံပြုတ် ချက် ထားသဖြင့် မည်သို့မျှ စားမရအောင် ရှိနေပါချေသည်။

ဤသို့ပင်လျှင် ငါးပိချက်မှာလည်း ရေများဖြင့် ရောထည့်မွှေချက်ထားသော ကြောင့်ပင် မည်သူမျှ စားမရအောင် ရှိနေ၏။ တစ်ဖန် ငါးပိများမှာ သဲ

www.burmeseclassic.com

ချပ်ရပ် ရှိနေသဖြင့် ပို၍ ဆိုးဝါးလှပါချေသည်။

ကျွန်တော်တို့ ယူလာသော ထမင်းဟင်းများကို ကြည့်၍ မခင်မွေးတို့ ညီအစ်မက တခစ်ခစ်ရယ်နေကြသည်။

"ကိုအောင်နိုင်တို့ စားလို့ ဖြစ်ရဲ့လားဟင်"

မခင်မွေးတို့က ထမင်းဟင်းများကို ဦးထွန်းရုံတို့အတွက် ခူးခပ်ပေးနေရင်းက ပြောလိုက်သည်။

"မစားလို့ကော ဘာတတ်နိုင်မှာလဲ ခင်မွေးရာ၊ ကျွန်တော်တို့တစ်တွေ ဒီလိုအချိန်အခါမျိုးမှာ ဒါလောက် စားရတာကိုပဲ ကုသိုလ်ထူးနေပါပြီ"

"ဟုတ်တယ် ညီမလေးရဲ၊ ဒီလောက် ဆိုးဝါးနေတဲ့ အချိန်မျိုးမှာ တို့တစ်တွေ အသက်ရှင်နေနိုင်ဖို့အတွက် ဒီလောက်ကြမ်းတမ်းတဲ့ ထမင်းစားရတာကိုပဲ တော်တော် ဝမ်းသာစရာ ကောင်းတာပဲကွာ"

အောင်သန်း ပြောလိုက်သော စကားများ အဆုံးတွင် လှဖေက -

"အေးကွာ၊ ဒီလောက် ညံ့ဖျင်းတဲ့ ထမင်းကို စားရတာဟာ တို့အညာက ပြောင်းဖူးပေါင်း စားရတာကမှ ပိုကောင်းသေးတယ်"

"အို‥ကိုလေးကလည်းဗျာ၊ ကျုပ်တို့ဆီက ပြောင်းဖူးပေါင်းက ဆီရွှဲရွှဲ သိပ်စားကောင်းဗျ။ အခု စားရတာက မရှိလို့ စားရတာ၊ သိပ်ပြီး နံ့တာဗျ။ ထမင်းချက်တဲ့ လူတွေကလည်း စေတနာမရှိပါဘူး ကိုလေးရာ၊ ဆန်ကိုတောင် တစ်ထပ်လောက် ဆေးပြီး ချက်လိုက်ကြတာပဲ။ ဒီတော့ သဲရော ခဲရော မပါဘဲ ရှိပါ့မလားဗျ"

စိန်သန်း ထပ်မံ ပြောလိုက်သော စကားများမှာ မှန်လှလေသည်။

ကျွန်တော်၏ ရေမှာပင် အနန်းကွင်းချောင်းမှခပ်၍ ယူလာသောရေနှင့် တစ်ထပ်သာ ဆေး၍ချက်သည်။

သူတို့ဘက်မှ ကြည့်၍ ပြောမည်ဆိုပါက တွေးမိသော အကြောင်းအရာ တစ်ခုတော့ ရှိနေသည်။ သည်ဟာကတော့ လူပေါင်း ၁၀၀၀ စာ ချက်ပြုတ်ကျွေးရသော အလုပ်တွင် ထမင်းချက်ရာမှာ တစ်ခါသာ ရေဆေးနိုင်မည်သာ ဖြစ်ချေသည်။

မည်သို့ဖြစ်စေ ကျွန်တော်၏ စိတ်တွင်းတွင် လုံးဝ ငတ်မသွားသေးသည်နှင့် စာသော် တော်လှသေးသည်။ ဒီထက် ငတ်စရာတော့ ရှိမည်မဟုတ်ပါချေ။ စပါးများကို မီးရထားတွဲများဖြင့် အပြည့်တင်ကာ နေ့စဉ် ရောက်နေလျက် လျှို့ဝှက်သော လိုဏ်ဂူ ဂိုဒေါင်များ အတွင်း ထားရှိခြင်းပင် ဖြစ်ကြောင်းကို အလုပ်သမားဟောင်းများထံမှ ကျွန်တော် သိရသည်။

ကျွန်တော်က အညာ ပြောင်းဖူးပေါင်းအကြောင်း မသိသဖြင့် ထမင်း စားနေရင်း မေးလိုက်ရသည်။

ဤတွင် အဘ ဦးထွန်းရုံက ကျွန်တော့်ကို ပြုံး၍ ကြည့်ရင်းက -

"လုံမရေ မောင်အောင်နိုင်တို့ကို တစ်ခါလောက် ပြောင်းဖူးပေါင်းကလေး လုပ်ကျွေးရအောင်၊ ပါသေးတယ် မဟုတ်လား"

"ပါပါတယ် အဖေ၊ ဒါပေမဲ့ ဆီ မရှိဘူး အဖေရဲ့"

မခင်မွေးက အဘဦးထွန်းရုံကို ပြောလိုက်ခြင်း ဖြစ်၏။

"အဖေတို့ရတဲ့ ဆီထဲက နည်းနည်းချင်း ခွဲထားပေါ့ လုံမရယ်"

ဤသို့ ပြောလိုက်သဖြင့် "ဟုတ်တယ် အဖေ၊ သမီးတို့ ရတဲ့ ဆီထဲက နည်းနည်း ခွဲယူပြီး ပြောင်းဖူးပေါင်း လုပ်စားရအောင်"ဟု ပြောလိုက်လေသည်။

သို့နှင့် ကျွန်တော်တို့ ထမင်းစားပြီး၍ လက်ဖက်ရည်ကြမ်းကို ကမန်းကတန်း သောက်နေစဉ်မှာပင် ကျွန်တော်တို့ ချွေးတပ်အားလက်ပြောင်း ခေါ်ယူလာသည့် ဂျပန်စစ်ဗိုလ်ကြီးသည် ကျွန်တော်တို့ အိပ်ဆောင် တဲကြီး အတွင်းသို့ ရုတ်တရက် ဝင်လာသည်ကို တွေ့ရသည်။

ကျွန်တော်တို့ကို မြင်သောအခါတွင် -

"အို‥‥အညာက မိသားစုတွေ ဒီတဲကြီးမှာ ရောက်နေတာကိုး။ ကျုပ်က အခြား တဲတွေမှာ ရောက်နေသလားလို့ ဘယ့်နှယ့်လဲ စားသောက်ရတာရော ကောင်းရဲ့လား"

အဘ ဦးထွန်းရုံကို မေးရင်းက ကျွန်တော်တို့ဘက်သို့ မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com

ရွှေပြီး ကြည့်လိုက်သည်ကို တွေ့ရသည်။

ကျွန်တော့်မှာမူ မြန်မာစကား ပီပီသသကြီး တတ်နေသော ဂျပန်စစ်ဗိုလ်အတွက် အလွန် အံ့ဩနေမိပါချေသည်။

"ဟုတ်ပါတယ် မာစတာ၊ ကျွန်တော်တို့ ဒီမှာ နေပါတယ်"

သို့နှင့် ဂျပန်စစ်ဗိုလ်ကြီးသည် ကျွန်တော်တို့ဆီသို့ လျှောက်လာကာ အနီးသို့ ရောက်သည်နှင့် "စားလို့ကောင်းရဲ့လား"ဟု မေးလိုက်၏။

"သိပ်ကောင်းလှတယ်လို့ မဟုတ်ပါဘူး မာစတာ"

"အင်း• • •ခင်ဗျားပြောတာ မှန်တယ်၊ ဒီ ထမင်းဟင်းတွေက အတော်ညံ့တာပဲ"

"မဟုတ်ပါဘူး မာစတာ၊ ကျုပ်က မကြာခဏ နေမကောင်းတာရော အခုလို အလုပ်နည်းနည်း ပင်ပန်းတော့ စားမဝင်တာပါ"

"အခု ဘယ်မှာ တာဝန်ကျသလဲ"

"မီးရထားလမ်းမှာပါ မာစတာ"

"သြော် • • •သြော် ခင်ဗျားတို့ သိပ်ပင်ပန်းတဲ့နေရာ ကျတာကိုး။ ဒါထက် ခင်ဗျားလား သံဖြူဇရပ်မှာ အရိုက်ခံရတာ"

ကျွန်တော့်အား လက်ညှိုးထိုး၍ မေးလိုက်ပြန်သောကြောင့် -

"ဟုတ်ပါတယ် မာစတာ၊ ကျွန်တော်ပါပဲ"

"အင်း• • •မင်း မလွန်ပါဘူးကွာ၊"ဟို ဘွန်တိုက်ချီ ခွေးမသား မိုက်ကန်းတာနဲ့ သက်သက် အရိုက်ခံရတာပဲ။ ဒီမှာ ကျုပ်ကို မာစတာနဲ့ မခေါ်ပါနဲ့၊ ကျုပ်ဟာ မြန်မာလူမျိုးအစစ်ပဲ။ ဒါပေမဲ့ ဂျပန်တွေကိုယ်တိုင်က ကျုပ်ကို ဂျပန်လူမျိုးတစ်ယောက်လောက် ထင်နေတယ်။ ကျုပ်အမည်က ဗိုလ်ကြီးခင်တဲ့။ ဒီမှာ မင်းနာမည် ပြောစမ်း"

"ကျွန်တော့်နာမည်က အောင်နိုင်လို့ ခေါ်ပါတယ် မာစတာ"

"မာစတာလို့ ကျုပ်ကို မခေါ်နဲ့လေ၊ ကျုပ်ကို အမည်ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"အေး•••ဗိုလ်ကြီးဆိုလည်း ပြီးတာပဲ။ ဒါပေမဲ့ ကျုပ်ကို ဗိုလ်ကြီးလို့ ခေါ်တာ ကျုပ် သဘောကျတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်ကို ဗိုလ်ကြီးလို့ ခေါ်တာ ကျုပ် သဘောကျတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဗိုလ်ကြီးပဲ အခုနေ ခေါ်ပေါ့ကွာ။ မင်း ညနေ အလုပ်ပြီးတော့ ရင် ငါ့ဆီ လာဦး။ ငါက စခန်းရုံးမှာ အမြဲတမ်း ရှိနေမယ်။ ငါ ပြောတာတွေ မင်းတို့အားလုံးပဲ သိပါစေ၊ တခြား ဘယ်သူမှ မသိစေနဲ့။ ကြားလား"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ဗိုလ်ကြီးခင်ဟု သာမန်မျှသာ ကျွန်တော်တို့ကို ပြောဆို ထွက်သွားသည်။

ရုတ်တရက် ကျွန်တော်တို့ ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်၍ ကျန်ရစ်သည်။ သည်လိုအဖြစ်မျိုးသည် ကျွန်တော်တို့ မြင်ကွင်းဝယ် ရုပ်ရှင်ပြသလို ပြကွက်တွေကို ရုပ်ရှင်ပညာဖြင့် လှည့်ဖြားကာ ပြကွက်လိမ်ဖြင့် ပြခြင်းတော့ ဟုတ်ဟန် မတူပါချေ။

မြန်မာစကား ပီပီသသ ပြောတတ်သော ဂျပန်စစ်ဗိုလ်၊ စစ်သားများရှိနေသောကြောင့်ပင် ကျွန်တော့်မှာ ဗိုလ်ကြီးခင်အား ဂျပန်စစ်ဗိုလ်ကြီးတစ်ဦးဟုသာ ထင်မြင်ခဲ့သည်။

သို့တစေ ဤနေရာရောက်၍ "တောင်ထိပ် ကြာပေါက်" ခြင်းမရှိဟူသော စကားသည် ယခုအခါ အခြေအနေအရ တောင်ထိပ် ကြာပေါက်ခြင်းပင်ဖြစ်မည်ဟု ဆိုချင်ပါဘိသည်။

ဗိုလ်ကြီးခင်သည် ကျွန်တော့်အပေါ်ဝယ် ကောင်းကောင်းကြီး လေ့လာထားပြီးပုံလည်း ရနေပါချေသည်။

မှန်သည်။ ကျွန်တော်တို့အဖို့ တွေးလေလေ ဝမ်းသာစရာကောင်းသည့်ဘက်မှ မဲတင်းလာလေပြီးဟုသာ ကျွန်တော်က ထင်မြင်မိသည်။

ကျွန်တော်တို့ဘက်မှ ကံကြမ္မာသည် အကောင်းဘက်ဝယ် ပင်းလာပြီဟုသာ ဆိုချင်ပါဘိသည်။

"ဗိုလ်ကြီးခင်တဲ့ကွ"

အောင်သန်းက ဝမ်းသာအားရ ပြောလိုက်သည်။

"အလုပ်သမား တန်းလျားတွေ လိုက်ကြည့်ရင်းက တို့ကိုတွေ့ပြီး ခင်မင်သွားတာနဲ့ တူတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

စိန်သန်းက ပြောလိုက်သည်။

"မင်းတို့ ပြောတာတွေ တစ်ခုမှ မှားသည်း မဟုတ်သေးပါဘူးကွာ။ ဒီဗိုလ်ကြီးက မြန်မာအစစ်လို့ ပြောသွားတယ်။ ပြီးတော့ သံဖြူဇရပ်မှာထဲက ကိုအောင်ဆန်းကို ဂျပန်တပ်ကြပ်ကြီးက ပါးရိုက်ခဲ့တာကို ဗိုလ်ကြီးက တော်တော်စိတ်မကောင်းဘူးထင်တယ်။ ပြီးတော့ သူကိုယ်တိုင်ကလည်း ဂျပန်တွေကို စိတ်နာနေပုံ ရတယ်ဗျ။ ပြောတာ ဆိုတာတွေ ကြည့်လေ၊ ဘာပဲဖြစ်ဖြစ်ဗျာ ကိုအောင်နိုင်တော့ အခွင့်အရေး ရလိမ့်မယ်ထင်တာပဲ"

လုဖေက သူ့ထင်မြင်ချက်ကို ဝင်ရောက် ပြောလိုက်ပြန်သည်။

"ခင်ဗျားတို့ ပြောတာတွေ မဖြစ်နိုင်ဘူးလို့လည်း မဆိုနိုင်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကိုတော့ သနားတဲ့စိတ် သူမှာ ရှိတယ်ဆိုတာတော့ ထင်ရှားတယ်၊ သနားတာဟာ ကူညီခြင်းရဲ့ အကြောင်းခံပဲ။ ဒါပေမဲ့ ကျွန်တော်တို့အတွက် မမျှော်လင့်ဘဲ မိတ်ဆွေတစ်ဦး ရလာနိုင်ပြီလို့လည်း ပြောနိုင်တယ်"

**သို့အခိုက်** မခင်မွေးနှင့် မခင်အေးတို့က **လက်ဖက်ရည်**ကြမ်းများ လာ၍ချပေး**သည်။**

သို့အခိုက် ဂျပန်တပ်ကြပ်တစ်ဦးသည် အထုပ်ကြီး တစ်ထုပ် ပိုက်ကာ ဆိုင်ကြီးအတွင်းသို့ ဝင်ရောက်လာလေသည်။

"မာစတာနော့ အများကြီး ယူခဲ့တယ်၊ စားပါ···စားပါ"

ဂျပန်တပ်ကြပ်က သူယူလာသော စက္ကူဖြင့် ရစ်ထွေးထားသည့် အထုပ်တစ်ထုပ်အား မခင်မွေးတို့ကို ပေးလိုက်လေသည်။

ထို ဂျပန်ကား မီးရထားသံလမ်းတွင် တာဝန်ကျသော ဂျပန်တပ်ကြပ်ဖြစ်ကြောင်း ကျွန်တော်က သိလိုက်ရသည်။

မည်သည့်အချိန်ကများ မခင်မွေးတို့ ညီအစ်မအား သိနေပါသနည်းဟုလည်း တွေးစရာ ဖြစ်ပါ၏။ သို့စေကာမူ ဤလိုနေရာမျိုးဝယ် ဂျပန်စစ်သားများက မည်ကဲ့သို့ လူမျိုးများ ရောက်ရှိနေမည်ကို မသိဘဲ ရှိမည်မဟုတ်ပါချေ။

ကျွန်တော်တို့အား ဂျပန် တပ်ကြပ်က လှည့်ကြည့်ကာ "ခင်ဗျားတို့ ဒီဟန်ချိုဟောတိုက်က"ဟု မေးလိုက်၏။

ကျွန်တော်က "ဟိုက်"ဟု ပြောလိုက်၏။

ထို့နောက်တွင် ဂျပန်တပ်ကြပ်သည် ကျွန်တော့်ကို ကြည့်၍ -

"ခင်ဗျား ဂျပန်စကား တတ်တယ်နော"

"ကျွန်တော် နည်းနည်းပါးပါး တတ်ပါတယ် မာစတာ"

"ကောင်းတယ်···ကောင်းတယ်၊ ခင်ဗျားနော ကျွန်တော်တို့ အလုပ်မှာ လူကြီးလုပ်ဖို့ ကျွန်တော် ပြောပေးမယ်"

ဂျပန်တပ်ကြပ်သည် ထိုသို့ ပြောကာ သူ၏အမည်မှာ "ကီမူရာ"ဟု ပြောသွား၏။

"ဒီဂျပန်နဲ့ ဘယ်မှာ သိတာလဲ"

"ရေခပ်သွားတုန်းကပေါ့ အဖေရဲ့၊ ဂျပန်က ရှူးကြောင်ကြောင်လိုပဲ အဖေ ရယ်၊ မျက်နှာကလည်း ပြောင်ချော် ချော်နဲ့"

မခင်အေးက နှုတ်ခမ်းကလေးများ ထော်လျက် ပြောလိုက်၏။

"ဘာမုန့်တွေများလဲ၊ ကြည့်စမ်းပါဦးကွယ့်"

"အဖေရေ မုန့်တွေ အဖေရဲ့"

သမီး မခင်မွေးက ဝမ်းသာအားရ ပြောလိုက်လေသည်။

"ဟယ်···မုန့်လုံးရေပေါ်ကြီးတွေနဲ့ တူလိုက်တာ အစ်မရေ"

ကျွန်တော်က သူတို့ လက်ထဲမှ မုန့်များကို လှမ်းကြည့်လိုက်သည်။ မုန့်လုံးရေပေါ် အလုံးကြီးများ ဖြစ်၏။

"ပန်းကန်ထဲ ထည့်ပြီး မင်းအစ်ကိုများကျွေးပါဟဲ့"

အဘ ဦးထွန်းရုံက ပြောလိုက်သည်။

"ဒါ ဂျပန်လို မော်ချီမုန့်လို့ ခေါ်တယ်အဘရဲ့ ဂျပန် မုန့်လုံးရေပေါ် ခေါ်တာပေါ့ အဘရာ။ ကျွန်တော်တို့ ဘီအိုင်အေတပ်နဲ့ လိုက်သွားတုန်းက မကွေးမှာ ဒီ မော်ချီမုန့်တွေ စားခဲ့ဖူးပါတယ်"

ကျွန်တော်က ဂျပန်ပေးသော မုန့်လုံးရေပေါ်ကဲ့သို့ မုန့်ကို အမည်ဖော်၍ပြောပြလိုက်သောကြောင့် အဘ ဦးထွန်းရုံက "မောင်အောင်နိုင် ဘာမုန့်များနိုးဟုတ်လား" မေးနေသောကြောင့်-



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး အဘ၊ မော်ချီမုန့်လို့ ခေါ်တဲ့ ဂျပန် မုန့်လုံးရေပေါ်မုန့် အဘရဲ့"

သို့နှင့် ကျွန်တော်တို့သည် ချိုချို ငန်ငန် ဂျပန်မုန့်လုံးရေပေါ်မုန့်ကို စား လိုက်ရသည်။

သို့ စားသောက်နေစဉ် ညီအစ်မ နှစ်ဦးသည် ခပ်တိုးတိုး စကားပြောကာ တခစ်ခစ် ရယ်မောနေလေသောကြောင့် တစ်ခုခုများ ထူးခြားနေလေသလားဟု ထင်မိ၏။

မကြာမီ ဝါးကုလားတက်ခေါက်သံ ကြားရ၏။ အလုပ်ဆင်းရန်အတွက် တစ်ခါ တစ်ခါ သံချောင်းခေါက်လျက် အချက်ပေး၏။ အလုပ်သမားများရှိ သော တဲတန်းလျား ကြီးများတွင် ထားသည့် အချက်ပေး ကိရိယာချင်း မတူကြချေ။

အချို့ တဲကြီးများတွင် သံချောင်း များကို ဆွဲထားလျက်၊ အချို့ တဲကြီးများ တွင် ဝါးကုလားတက်များကို ဆွဲထားခဲ့ ပေသည်။

ကျွန်တော်တို့ တဲကြီးတွင်မူ ဝါးလုံး ကို ဆွဲထားလေသည်။

အချိန်မှာ ၁၂ နာရီခွဲ ရှိလေပြီ။

ကျွန်တော်တို့ မီးရထားသံလမ်း ဆီသို့ ပြန်လည် အလုပ်လုပ်ရန်အတွက် သွားသောအခါတွင်ကား ကောင်းကင် တစ်ပြင်လုံး မိုးသားများ တက်ကာ ဘာအားကုန် ရွာချတော့မည့်ကဲ့သို့ ညိုးမာန်ဖွဲ့နေသည်

ဦးမဲကြီးသည် ခပ်စောစောက လောက် ကျွန်တော်တို့အပေါ်ဝယ် ထန် ထန်မာန်မာန် ညိုးညိုးသုန်သုန် မရှိလင့် ကစား၊ ဂရုမစိုက် ဘေးဖယ်ထားသည် ကတော့ မဟုတ်ပါချေ။

မကြာခဏ ကျွန်တော်တို့ အလုပ် လုပ်နေသည့် နေရာကိုလာ၍ ကြည့် သည်။ ကျွန်တော်တို့အား ဇလီဖားတုံး များကို သယ်ယူရာတွင် ခပ်သုတ်သုတ် ပင် အသယ်ခိုင်းနေသည်။

ဇလီဖားတုံး ၅၀၀၀ ခန့်တွင် စုစု ပေါင်း ၂၀၀၀ ခန့်ကို ကျွန်တော်တို့ သည် သံလမ်းခင်းမည့်နေရာသို့ ပို့ထား နိုင်ခဲ့သည်။

"ဦးထွန်းရဲ့ ခင်ဗျား တပ်စိတ်က လူတွေအားလုံး သစ်တွေကို လှည်းနဲ့ ဆွဲပြီး ချောက်ထဲကို ပို့ရမယ်"

ဤသို့ အလုပ်တစ်လုပ် မပြီးမီ နောက်ထပ် အလုပ်တစ်လုပ်ကို ဦးမဲ ကြီးသည် ဂျပန်စစ်သားတစ်ဦးကို ဘေး ကထား၍ ခေါ်ခိုင်းပြန်သည်။

မနီးမဝေးတွင် မော်ချီမုန့်များ လာ၍ပေးသော ဂျပန်တပ်ကြပ်သည် မတ်တတ်ရပ်နေသည်။

သူက ဦးမဲကြီး အမိန့်ပေးနေသည် ကို ရပ်၍ ကြည့်နေသည်။

သို့အခိုက် ကျောက်တင်ရထား တစ်တွဲသည် တဖြည်းဖြည်း မောင်းဝင် လာသည်။ ဆူညံသော ဥသြသံက တောတောင်ကို ဟိန်း၍သွား၏။

ဂျပန်များသည် ကျောက်များကို ကားများဖြင့် သယ်ဆောင်ပို့နေရာမှ ရထားဖြင့် တင်ကာ ပို့လာခြင်းဖြစ်၏။

ရထားလမ်း အသစ်စက်စက် ခင်းပြီးခါစတွင် ရထားမောင်းဝင်လာ သောကြောင့် ရထားသံလမ်းများ မငြိမ် မသက် နိမ့်ဝင်လာသည်ကို တွေ့ရ၏။ ဖြီး ရထားမှာ မြောက်ဘက်သို့ အနည်းငယ် စောင်းနေသည်။

ရထားခေါင်းတွဲက နောက်မှနေပြီး ကျောက်တင်တွဲများကို ထွန်းလာခြင်း ဖြစ်ရာ ဂျပန်စစ်သားတစ်ဦးက လက်ပြ လျက်ရှိနေသည်။

"ကဲ...ဦးထွန်းရဲ့ ခင်ဗျားလူတွေ ခေါ်သွားပါဗျ။ မြန်မြန်ခေါ်သွားပါ"

ကျွန်တော်တို့အပေါ်တွင် ဦးမဲကြီး သည် မျက်နှာပေါက် ခပ်ဆိုးဆိုးဖြင့် ပြောလိုက်သည်။ ပြီး...ကျွန်တော် တို့အား မျက်မှောင်များကို ကုတ်၍ကြည့် လိုက်၏။

မနီးမဝေးတွင် ရှိနေသော ဂျပန် တပ်ကြပ်သည် လက်ပိုက်ကာ ကြည့် နေသည်။ အလုပ်တာဝန်ကျနေသော အချိန်တွင် မည်မျှပင် သိကျွမ်းစေကာမူ မသိချင် ဟန်ဆောင်ကာ လုပ်ငန်းပြီးစီး ရေးအတွက် တင်းတင်းကျပ်ကျပ်ခိုင်းစေ ခြင်းသည်ပင် ဂျပန်စစ်ဘက်တို့၏ စစ် စည်းကမ်းလော၊ အလုပ်တာဝန်နှင့် လူမှုဆက်ဆံရေးကို ခွဲ[illegible]သလော ဟု ကျွန်တော် မသိ[illegible]

တကယ် ရက်ရက်စက်စက် ခိုင်း ရာတွင်မူ အလုပ်ခွင်အပြင်တွင်မျက်နှာ တစ်မျိုး၊ အလုပ်ခွင်အတွင်းတွင် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုးဖြင့် မျက်နှာနှစ်မျိုး ဆောင်ရွက်နေသည်ကို ကျွန်တော်က တွေ့နေရချေသည်။

အဘ ဦးထွန်းရှံသည် မော်ချီမှန့် လာ၍ပေးသော ဂျပန်တပ်ကြပ်၏ မျက်နှာကို ကြည့်လိုက်သေး၏။

ဂျပန်တပ်ကြပ်မှာ မျက်မှန်နက် တပ်ကာ အခြားအလုပ်သမား လုပ်ကိုင်နေသည်ကို ခါးထောက်ကြည့်နေရင်းက ကျွန်တော်တို့ကိုလည်း မကြာခဏ ဂရုစိုက် ကြည့်နေသည်ကို တွေ့ရ၏။

သို့နှင့် ကျွန်တော်တို့သည် မဟာမိတ်သုံ့ပန်း စစ်သားများနှင့် ဗမာအလုပ်သမားတို့ သစ်ပင်များ လှဲဖြတ်ကာ ရှိနေသောဘက်သို့ ထွက်လာရပြန်သည်။

ဦးမဲကြီးက ကျွန်တော်တို့ရှေ့ ကိုက် ၂၀ ခန့်လောက်မှ သွားနေချေသည်။

"ခွေးသားကြီး၊ ကျုပ်တို့ကို မတရား နိုင်းတာဗျ"

အငယ်ဆုံး အလုပ်သမားကလေး ဖြစ်သော အောင်မြင့် ဆိုသူက ပြောလိုက်သည်။

ကောင်လေး၏ ခြေထောက်တစ်ဖက်မှာ အနည်းငယ် နာနေပုံ ရလေသည်။

"ဘာဖြစ်တာလဲကွ"

"သစ်တုံးချတုန်းက ကျောက်ခဲစဉ် မှန်တာ အစ်ကိုရ"

"အေးကွာ မင်းအဖို့ ငါ ပြောချင်တယ်။ အလုပ်ကို မလုပ်ဘဲတော့ မနေနဲ့၊ လုပ်ပါ၊ ဒါပေမဲ့ မိုက်မိုက်ကန်းကန်း မလုပ်နဲ့၊ ဂျပန်တွေ ရှေ့မှာ လုပ်တဲ့အခါ အထူးသတိထားကွယ်၊ ဒီကောင်တွေက အလုပ်သမားတွေ အပေါ် သက်ညှာဖို့ဆိုတာ သူတို့ရဲ့ စိတ်ထဲမှာ လုံးဝရှိတဲ့ အကောင်တွေ မဟုတ်ဘူး။ သူ့ဘို့ဟာ အထက်က ပေးအပ်လိုက်တဲ့ အတိုင်း သူတို့ တာဝန်ယူရတဲ့ ဗိုလ်ဟာ နာမည်ကောင်းမယ်ဆိုတဲ့ သဘောပဲလို့ ငါ ထင်တယ်။ ဒီတော့ ဘယ်သူသေသေပေါ့ကွာ။ အလောင်းတွေ ထောင်နဲ့ချီသေလည်း သူတို့အဖို့ ဇလီဖားတုံးလမ်းပေါ် ချပြီးတာလောက် တန်ဖိုးထားမှာ မဟုတ်ဘူးလို့ ငါ ထင်တယ်။ ဒီတော့ အလုပ်လုပ်တဲ့အခါ မြန်မြန်ပြီးအောင် လုပ်တာထက် ကိုယ်ထမ်းတဲ့ပစ္စည်း ပျက်စီးမသွားဖို့နဲ့ သေသပ်ဖို့ဟာ အရေးကြီးတယ်ကွ"

ကျွန်တော်က ဤသို့ ပြောလိုက်သောကြောင့် အောင်မြင့်မှာ ခေါင်းညိတ်ရင်းက -

"ဟုတ်ပါတယ် အစ်ကို၊ ဟုတ်ပါတယ်။ ပေတွေကတော့ ကျွန်တော်တို့ လူသားတွေ နိုင်းရတာ စက်ရုပ်တွေလို သဘောထားသလား မသိပါဘူး"

"အေး…မင်း ထင်မြင်တဲ့အတိုင်း ပါပဲကွာ။ တို့တစ်တွေဟာ ပထမနေ့ပဲ ရှိသေးတယ်။ တို့ရဲ့ အင်အားတွေဟာ အားသစ်ကောင်းတုန်း ရှိသေးတယ်။ ကြည့်စမ်း၊ လူဟောင်းဆိုတဲ့ အလုပ်သမားတွေ ဘယ်မှာ အဆီအသားရှိတော့လို့လဲကွ"

ကျွန်တော်က မီးရထားသံလမ်းများကို အားစိုက်ခွန်စိုက် လုပ်ကိုင်နေကြသော အလုပ်သမားများကို ပြလိုက်သည်။ များသောအားဖြင့် လူငြိုးစုံလုလေသော လူများသည် ဝဝဖြိုးဖြိုး မရှိကြချေ။

အကျီနှင့် လုံချည်များသည် ဖွန်အလိမ်းလိမ်း ပေကျံနေသည်။ အချို့ စုတ်ပြဲနေသည်။ အထပ်ထပ် ဖာထားရလေရာ ကျွန်တော်တို့လို အဝတ်အစားကောင်း ရှိသူများအား ကြည့်၍ လုယူချင်သော စိတ်များပင် ပေါက်နေကြသလား မသိပါချေ။

အဝတ်လတ်ဆတ်မြင်လျှင် ငမ်းငမ်းတက် ကြည့်နေကြသည်က များချေသည်။ ပြီး သူတို့၏ ကိုယ်ခန္ဓာသည် အတော်ပင် ကြုံလှီလျက် ရှိချေသည်။

"ဒီလူတွေဟာ ဗမာပြည်က မဟုတ်ဘူး အစ်ကိုရဲ့ မလေးကလို့ ပြောတယ်။ ကျွန်တော်တို့ အလုပ်သမားတွေမှာ တော်တော်လူစုံကြတာပဲ"

အောင်မြင့်က ပြောလိုက်ရင်း "အစ်ကိုရေ ကြည့်ပါဦး၊ ရထားကြီး စောင်းနေပြီဗျ"ဟု အထိတ်တလန့် ပြောလိုက်သည်။

မှန်ပါသည်။ ကျောက်တင်ရထားသည် မြေသား မသေသေးသော ရထားလမ်းသစ်ပေါ်ဝယ် ကျောက်တင်တွဲများကို နောက်မှ တွန်းလာသည်။ ရုတ်တရက် မြေနိမ့်ပြီး သံလမ်းချော်ကာ တစ်ဖက်စောင်းကြီး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ထို့ကြောင့် ဂျပန်စစ်သား အချင်းချင်း ဆူညံသော အသံများက ညံ၍သွားတော့၏။

"လာပေ့၊ ဘာကြည့်နေတာလဲ"

ဦးမဲကြီးက ကျွန်တော်တို့ကို အသံကျယ်လောင်စွာဖြင့် ဟောက်လိုက်ပါသည်။

ကျွန်တော်တို့ တပ်စိတ်ထဲဝယ် အသက်အငယ်ဆုံး အောင်မြင့် ဆိုသူမှာ နွားထိုးကြီးသားဖြစ်၍၊ သူနှင့် ညီအစ်ကို တစ်ဝမ်းကွဲ ခင်မောင် ဆိုသူမှာလည်း ကျွန်တော်တို့ တပ်စိတ်မှာပင် ပါလာရှိချေသည်။

အမှန်အတိုင်း လူ ၁၀ ယောက်လျှင် တပ်စိတ် တစ်စိတ်ဖြစ်သော်လည်း ယခုအခါတွင် ထွက်ပြေးသူများ ရှိနေသောကြောင့် စုစုပေါင်း (၈)ယောက်သာလျှင် တပ်စိတ်တစ်စိတ် ဖွဲ့ထားနိုင်တော့သည်။

ခင်မောင်သည် စကားနည်းသော လူတစ်ယောက် ဖြစ်သည်။ သူသည် ခွန်အားဗလ ကောင်းပြီး လုပ်စရာရှိသည်များကို စကားမပြောဘဲ ကျုံး၍ အလုပ်လုပ်သူ ဖြစ်ချေသည်။

များသောအားဖြင့် သူနှင့် စကားပြောလိုသူ မရှိသလောက် ဖြစ်သည်။ ဤသို့ မရှိခြင်းမှာ ခင်မောင် စကား ပြောတတ်၍ မဟုတ်ချေ။ သူကိုယ်တိုင် အလုပ်များကို မရှောင်တမ်း စကား ပြောဘဲ လုပ်တတ်သလို အားလပ် သော အချိန်များတွင် အေးအေးလူလူ တစ်ယောက်ထီးတည်း နေတတ်သော ဝါသနာပါသူ ဖြစ်သည်။

ကျွန်တော်တို့တစ်တွေမှာ ဦးမဲကြီး၏ ဟိန်းဟောက်သော အသံကြောင့် မီးရထားတွဲများ စောင်းကျနေသည်ကို ပြန်လည် မကြည့်အားဘဲ ခပ်သုတ်သုတ် လိုက်သွားသည်။

အလွန် စကားနည်းလှသော ခင်မောင်မှာ သည်တစ်ခါတော့မူ သူ၏ ပါးစပ်မှ ပွင့်ထွက်လာသည်။

"တောက်. . .ဒီလူကြီးဟာ"

ခင်မောင်၏ နှုတ်မှ အခြားစကား ရှည်ရှည်ဝေးဝေး ထွက်မလာချေ။

သူ၏ ရင်တွင်းမှ နာကြည်းစွာ ထွက်လာသော စကားမှာ "တောက် . . ဒီလူကြီးဟာ" ဟူ၍ ဖြစ်သည်။

စကားများများ ပြောသူထက် စကားနည်းနည်း ပြောသူက လက်တွေ့ အလုပ်လုပ်တတ်သူများဖြစ်ပါချေသည်။

ခင်မောင်၏ ဒေါသသံ စကားသည် မည်မျှအထိ ဝမ်းတွင်းဝယ် ဦးမဲ အပေါ် မကျေမနပ် ဖြစ်နေသည်ကို ထင်ရှားစွာ ပေါ်လွင်နေချေသည်။

ကျွန်တော်တို့ သစ်ပင်လဲသော နေရာသို့ ရောက်သွားသောအခါတွင်ကား ရုတ်တရက် မမြင်ဝံ့သော အဖြစ်အပျက်ကို တွေ့ရသည်။

ရုတ်တရက် သစ်ပင်ပိ၍ သေဆုံးသွားသော အင်္ဂလိပ် စစ်သားအလောင်း တစ်လောင်းကို သုံ့ပန်းများက လဲကျနေသော သစ်ပင်အောက်မှ ဆွဲထုတ်နေခြင်းဖြစ်၏။

ဤတွင် လက်ဖတင်နင် မျက်နှာဖြူဗိုလ်က အလောင်းကို စမ်းသပ်ကိုင်တွယ်ကာ မျက်ရည်များစီးကျနေသည်။

ဂျပန်တပ်ကြပ်ကြီး တစ်ဦးက အလောင်းကို တစ်နေရာတွင် ထားစေကာ သစ်ပင်ကို လွှများဖြင့် အပိုင်းပိုင်း ထပ်မံ ဖြတ်စေသည်။

အင်္ဂလိပ် သုံ့ပန်းဗိုလ်က သူတို့ စစ်သားအလောင်းကို သုံ့ပန်းသင်္ချိုင်းသို့ ပို့ရန် ပြောသည်ကို ဂျပန်တပ်ကြပ်ကြီးက ခေါင်းကိုသာ အတွင်ခါ၍ အလုပ်ကို ဆက်လက်လုပ်စေသည်။

ဤတွင် သုံ့ပန်းစစ်သား ၅၀ကျော်လောက်က အလုပ်ကို ဆက်လက် မလုပ်ဘဲ လွှနှင့် ရဲခင်းများကို ပစ်ချလိုက်သည်။ အမှန်တော့ သူတို့ စစ်သားအလောင်းအား အလုပ်ခွင်မှ ခေတ္တရပ်နားစေပြီး သုံ့ပန်းသင်္ချိုင်းသို့ ပို့စေရန် တောင်းဆိုရာမှ မလိုက်လျောသောကြောင့် ဆန္ဒပြခြင်းသာ ဖြစ်လေသည်။

ဂျပန်တပ်ကြပ်ကြီးက အင်္ဂလိပ် လက်ဖတင်နင်၏ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ကာ အော်ဟစ်လိုက်သည်။ အင်္ဂလိပ် သုံ့ပန်းစစ်ဗိုလ်၏ မျက်နှာကြီးသည် နီရဲသွားကာ ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

ဤတွင် စိတ်မထိန်းနိုင်သော အင်္ဂလိပ် သုံ့ပန်းများက သူတို့ ဗိုလ်အား ရိုက်နှက်သည့် ဂျပန်တပ်ကြပ်ကြီးအား ရိုက်နှက်ရန်အတွက် ရှေ့သို့ စုပြုံတိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ဗိုလ်သည် ပါးစပ်မှ သွေးများကို ဘယ်လက်ဝါးဖြင့်သပ်ကာ "စတန်း (ဒ်)"ဟု အော်လိုက်သည်။ အင်္ဂလိပ် စစ်သားအားလုံး ရှေ့သို့တိုးဘဲ ရပ်လိုက်ကြသည်။

ဤအချိန်တွင် ဂျပန်တပ်ကြပ်ကြီးက နှုတ်ခမ်းထောင့်များတွင် တွန့်၍ ပြုံးလိုက်သည်။ ပြီး သူ၏ ခါးမှ ပစ္စတိုကို ဆွတ်ကာ တောင်ကုန်းကလေးပေါ်ဝယ် တော်မီဂန်း ကိုင်၍ ကင်းစောင့်နေသော ဂျပန်စစ်သားအား ပြလိုက်သည်။

"ခွေးမသား မျောက်ဖြူတွေ၊ အားလုံး မသာဖြစ်သွားချင်ရင် ရှေ့ကို တိုးခဲ့ကြစမ်း။ ဟော့ . . . ဒီမှာ နဂါးစကီး၊ ဒီမျောက်ဖြူတွေ အားလုံး နည်းနည်း လှုပ်တာနဲ့ မင်းကျည်ဆန်တွေကို ဒိုက်ထဲ ပစ်သွင်းလိုက်စမ်း။ ဟုတ်လား"

ဤသို့ ပြောလိုက်သောကြောင့် တောင်ကုန်းကလေးပေါ်တွင် တာဝန်ကျနေသော တော်မီဂန်းကိုင် ဂျပန်စစ်သားက "ဟိုက် . . ဟိုက်"ဟု ခေါင်းညိတ်လိုက်လေသည်။

အင်္ဂလိပ် သုံ့ပန်း အားလုံးမှာ အံများ ကြိတ်လျက် ရတ်တရက် နောက်သို့ ပြန်လည် ဆုတ်လိုက်ကြသည်ကို တွေ့ရသည်။

ဂျပန်တပ်ကြပ်ကြီးက အင်္ဂလိပ်စစ်ဗိုလ်ရှေ့ လာကာ အော်ဟစ်လိုက်သည်။

"မင်းတို့ အလုပ်ကို မင်းတို့ မြန်မြန် လုပ်ကြစမ်း"

ဂျပန်စကားဖြင့် အော်ဟစ်ပြောလိုက်ကာ လက်ညှိုးထိုးပြလိုက်သဖြင့် အင်္ဂလိပ်စစ်ဗိုလ်မှာ သူ့ ရဲဘော်များကို လှည့်၍ အမိန့်ပေးလိုက်သည်။

ဦးမဲကြီးက ဂျပန်တပ်ကြပ်ကြီးကို သွား၍ သတင်းပို့နေလေသည်။ ဤအချိန်တွင် လှည်းများပေါ်သို့ အင်္ဂလိပ်သုံ့ပန်းများသည် သစ်ကိုင်းများကိုတင်လျက် ရှိ၏။ အလုပ်သမားများက သစ်ပင် ချုံပုတ်များကို ရှင်းခြင်းနှင့် တောင်ကုန်းများကို ဖြိုသူက ဖြိုလျက် ရှိနေ၏။

ဦးမဲကြီး ခေါ်လာသော အလုပ်သမားများမှာ ကျွန်တော်တို့ တပ်စိတ်ပါနှင့် တပ်စိတ်ပေါင်း ၄ စိတ်၊ လူပေါင်း ၃၀ ကျော် ၄၀ နီးပါးခန့် ရှိသည်။

"မင်းတို့ သစ်တုံးတွေကို လှည်းပေါ် တင်ကြ။ ခပ်သုတ်သုတ်ဟေ့"

ဤအချိန်တွင် အင်္ဂလိပ်သုံ့ပန်းများက သစ်တုံး သစ်ကိုင်းများ လှည်းပေါ် တင်နေခြင်းမှာ နှေးကွေးနေပုံပေါ်သောကြောင့် ဂျပန်တပ်ကြပ်ကြီးက အော်ဟစ်နိုင်းနေ၏။

သို့အခိုက် ဂင်တိုတို ဗလ ကောင်းကောင်း ဂျပန်ဗိုလ်တစ်ဦး ရောက်လာသည်။ သူ၏ လက်ထဲတွင် လိဗ်ကျောက်ဆူးတစ်ချောင်း ကိုင်ထားလျက်။ သစ်ကိုင်း တစ်ကိုင်းကို လှည်းပေါ်တင်နေသည့် အင်္ဂလိပ် သုံ့ပန်းစစ်ဗိုလ်၏ ကျောပြင်ကိုဖြတ်၍ ရွှမ်းခနဲ ရိုက်လိုက်သည်။

အင်္ဂလိပ် သုံ့ပန်းစစ်ဗိုလ် အင်္ကျီများ စုတ်ပြတ်ထွက်သွားလျက် သွေးများသည် တစက်စက် ကျလာသည်။

"အား"ဟု ပါးစပ်မှအော်ကာ မြေပေါ်သို့ ဖင်ထိုင်လဲကျသွားပေ၏။

ဂျပန်စစ်ဗိုလ်က သဘောကျစွာ တဟားဟား ရယ်မောနေသည်။ ပြီး "ခူးဒါး ဘာကဲရိုး"ဟု ထပ်မံ အသံကြီးဖြင့်အော်ကာ ရွှမ်းခနဲ ရွှမ်းခနဲ ဖြတ်၍ ရိုက်လိုက်ပြန်သည်။

ကျွန်တော်တို့ ကြည့်ရသူများအဖို့ပင် အသည်းနှလုံးများ တုန်လှုပ်ချောက်ချားလာမိသည်။

နောက် ၃ ချက်မျှ ဆင့်၍ ဆင့်၍ ရိုက်လိုက်ခြင်းခံရသော အင်္ဂလိပ် သုံ့ပန်း စစ်ဗိုလ်မျက်နှာနှင့် တစ်ကိုယ်လုံးမှာ သွေးများ ခြင်းခြင်းနီနေတော့သည်။

ကျွန်တော်တို့အထင်တွင် ဂျပန်စစ်ဗိုလ်သည် တစ်နေရာတွင် ရောက်ရှိကာ ကြည့်နေပုံရသည်။ ပြီး . . . ဂျပန်တပ်ကြပ်ကြီးနှင့် အချီအချ ပြောရာမှ နောက်ဆုံး ဂျပန်တပ်ကြပ်ကြီး၏ လက်ဝါးဒဏ်ခံရပြီး သူ၏ ရဲဘော်များက တန်ပြန် ကလဲ့စားချေရန် ကြိုးစားလာသည့်အတွက် ဖြစ်သည်ကိုလည်း သိရှိရပုံရသည်။

သို့တစေ ဂျပန်စစ်ဗိုလ်က အင်္ဂလိပ်စစ်ဗိုလ်အား ဘာမျှ ဆင်ခြင်လဲရန် အခွင့်မပေးနိုင်ပုံရသည်။ သုံ့ပန်း ဆိုသည်ကား သူတို့ခိုင်းသမျှ လုပ်ရမည်၊



www.burmeseclassic.com

www.burmeseclassic.com

နိုင်းမရသော် သတ်ချင် သတ်ဖြတ်ပစ်မည်ဟူ၍သာ သူတို့စိတ်တွင် သတ်မှတ်ထားပုံရသည်။

ရန်သူအား နည်းနည်းကလေး အခွင့်အရေး လျှော့မပေးသော ဂျပန်တို့၏ စစ်ဝါဒကားကြောက်စရာကောင်းလှသည်။ လူသားတစ်ဦး ဖြစ်ပါလျက် လူစိတ် ကင်းပျောက်နေသော စစ်ဘီလူးစိတ်အသွင် ရောက်နေသည့် သူများပေတည်း။

ကျွန်တော်တို့လည်း သစ်ကိုင်း၊ သစ်တုံးများကို လှည်းပေါ်တင်ရင်းက ကြည့်နေမိသည်။

နောက်ဆုံး အင်္ဂလိပ်စစ်ဗိုလ်မှာ သွေးသံရဲရဲဖြင့် မြေပေါ်ဝယ် လဲနေသည်။ ဤအချိန်တွင် လုံးဝ မခံမရပ်နိုင် ဖြစ်လာသော အင်္ဂလိပ် စစ်သားတစ်ဦးသည် သူ၏ လက်ထဲမှ ရဲဒင်းဖြင့် တအားကုန် ပစ်လိုက်သည်ကို တွေ့လိုက်ရသည်။

ဂျပန် တပ်ကြပ်ကြီးက အော်ဟစ်လိုက်သော်လည်း နောက်ကျသွားချေပြီ။ ဂျပန်စစ်ဗိုလ်ဦးခေါင်း နောက်စေ့ကို ရဲဒင်းသွားသည် မိမိရရကြီး ထိမှန်သွားကာ ဦးခွံကြီး လန်ထွက်၍ ဘိုင်းခနဲ မြေပေါ်သို့ လဲကျသွား၏။

ဦးနှောက်များသည် မြေပေါ်ဝယ် အတုံးလိုက်ကျ ထွက်လာသည်။ ဂျပန်စစ်ဗိုလ်ကား မည်သို့မျှ စကားမေးမရဘဲ အသက်ထွက်သွားပြီ ဖြစ်၏။

ဤတွင် တောင်ကုန်းပေါ်မှ တော်မီဂန်းကိုင် ဂျပန်စစ်သားက ရဲဒင်းဖြင့် ပစ်သူ အင်္ဂလိပ်စစ်သား သုံ့ပန်းဘက်သို့ လှည့်၍ ပစ်လိုက်သည်။

တော်မီဂန်း စက်ကလေး၏ အသံက ဆူညံသွားပြီးလျှင် အင်္ဂလိပ် သုံ့ပန်းစစ်သား ၃ ဦး သွေးအလိမ်းလိမ်းဖြင့် လဲကျသွားပေသည်။

ဂျပန်တပ်ကြပ်ကြီးက လက်ပြကာ ရပ်လိုက်သောကြောင့်သာလျှင် ကျန်သောသုံ့ပန်းစစ်သားများ သေမကုန်ကြခြင်းဖြစ်သည်။

ချက်ချင်းပင် ဂျပန် လက်နက်ကိုင် စစ်သားများ ပြေးလာကြသည်။ အင်္ဂလိပ်စစ်သုံ့ပန်းများနှင့် မသေသေးဘဲ ကြာပွတ်ဒဏ်ခံလိုက်ရသော အင်္ဂလိပ်စစ်ဗိုလ်သည် မတ်တတ်ရပ်ကာ ကျဆုံးသွားသော သူ၏ရဲဘော်များအတွက် ခပ်တိုးတိုး ဆုတောင်းနေကြသည်ကိုတွေ့ရသည်။

ပြေးလာသော ဂျပန်စစ်သား လက်နက်ကိုင်များအနက် ဂျပန်စစ်ဗိုလ်ကြီးတစ်ဦးလည်း ပါရှိလာလေသည်။ သူကား နှုတ်ခမ်းမွေး ခပ်တိုတိုနှင့် အလွန် ရက်စက်ကြမ်းကြုတ်မည့်ပုံ ပေါ်နေချေသည်။

အနီးရောက်လျှင် သေဆုံးသွားသော အလောင်းများနှင့် အင်္ဂလိပ် သုံ့ပန်းများ ကြည့်ကာ သူ၏ မျက်နှာသည် ပို၍မှောင်လာသည်။

မျက်နှာတစ်ခုလုံး သွေးရဲရဲနှင့် မတ်တတ်ရပ်နေသော အင်္ဂလိပ်စစ်ဗိုလ်ကိုလည်း ကြည့်ပြီး သူ၏တပ်ကြပ်ကြီး အစီရင်ခံသမျှကို နားထောင်ကာ မျက်နှာတွင် ဒေါသရောင် လွှမ်းမိုးလျက်ရှိနေချေသည်။

"ခွေးအင်္ဂလိပ်၊ မင်းတို့ကို အကုန်လုံးသတ်ပစ်ရမယ်"

ဂျပန်စစ်ဗိုလ်က ကြုံး၍အော်လိုက်သည်။

အင်္ဂလိပ်စစ်ဗိုလ်နှင့် သူ၏ အဝတ်အစားစုတ်ပြတ်နေသော ရဲဘော်များမှာ ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက် ငြိမ်သက်နေပေသည်။

ထို့နောက် ဂျပန်စစ်ဗိုလ်က ဒေါသကြီးစွာ အော်ဟစ်လိုက်ပြီး အင်္ဂလိပ်စစ်ဗိုလ်အနီးသို့ ကပ်၍ ပါးကို ဖြန်းခနဲ လွှဲရိုက်လိုက်သည်။

အင်္ဂလိပ်စစ်ဗိုလ်မှာ ခပ်စောစောကပင် အနှိပ်စက်ခံထားရသူ ဖြစ်သောကြောင့် ယိုင်လဲ၍သွားသည်။ သည်တစ်ခါတော့မှ သုံ့ပန်းများအား လက်နက်များဖြင့် ချိန်၍ ဝိုင်းထားသော ဂျပန်စစ်သားများက ရှိနေချေသည်။

အခြေအနေ လှုပ်ရှားမှုကို သုံ့ပန်းများက ပြုလိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် စုပြု၍ ထွက်လာမည့် ကျည်ဆန်ချွန်များက သုံ့ပန်းများ၏ ဝမ်းဗိုက်ထဲသို့ စုပြုဝင်ရောက်သွားမည်မှာ သေချာလှချေသည်။

အင်္ဂလိပ်စစ်ဗိုလ်သည် ဣန္ဒြေရရပင် မတ်တတ်ရပ်လိုက်သည်။

သူက ပြန်၍ တည်ငြိမ်သော အသံဖြင့် ပြောလိုက်၏။ ထိုသို့ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com

ဆဲ့ ပါးစပ်တွင်းမှ သွေးများနှင့် နဖူးမှ သွေးများ တစိမ့်စိမ့် စီးဆင်းကျနေလေသည်။

ကျွန်တော်သည် အင်္ဂလိပ်-မြန်မာ ၁၀တန်းအထိ ပညာသင်လာသူ ဖြစ်၍ အင်္ဂလိပ်စစ်ဗိုလ် ပြောသော စကားများကို ကျွန်တော် အနည်းအပါး နားလည်သည်လည်းရှိ၏။ အချို့ နားမလည်ခြင်းလည်း ရှိချေသည်။

အင်္ဂလိပ်စစ်ဗိုလ်က ပြောနေသော စကားများမှာ များသောအားဖြင့် သူတို့ဘက်မှ ခုခံကာကွယ်ပြောဆိုနေခြင်း ဖြစ်သည်။

"ကျုပ်တို့ ဗြိတိသျှ စစ်သားတွေရဲ့ အမှားမဟုတ်ပါဘူး။ ကျွန်ုပ်တို့ အလုပ်ကို တာဝန်ရှိတဲ့အတိုင်း လုပ်ပါတယ်။ ဒီလို လုပ်နေတာကို အလုပ်မပြီးစီးဘူးဆိုပြီး ကျွန်ုပ်ကို သင်တို့အရာရှိက ဆဲစက်ခဲ့တယ်။ ဒီအချိန်မှာ ကျွန်ုပ်တို့ရဲ့ စစ်သားထဲက စိတ်မထိန်းနိုင်တဲ့ စစ်သားတစ်ဦးက ရှိတဲ့လက်နက်နဲ့ ကျွန်ုပ်ကို ကာကွယ်လိုတဲ့ သဘောနဲ့ ပစ်လိုက်တာပဲ။ ဘယ်သူက မှားသလဲဆိုတာ ခင်ဗျား စဉ်းစားကြည့်နိုင်ပါတယ်။ ကျွန်ုပ်ရဲ့ စစ်သားများလည်း သေဆုံးခဲ့ပါတယ်"

အင်္ဂလိပ် စစ်ဗိုလ်က တည်ငြိမ်စွာ ပြောလိုက်သည်။ ဂျပန်စစ်ဗိုလ်သည် အတွေ့မျှ တွေဝေသွားသေး၏။ ပြီးမှ-

"ဒီမှာ ကပ္ပတိန်၊ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ ဘုရင်မင်းမြတ်အတွက် အလုပ်လုပ်နေတယ်။ ကျွန်ုပ်တို့ လုပ်သမျှ ဘုရင်မင်းမြတ်အတွက် လုပ်တဲ့အတွက် မှန်ကန်တယ်။ ကျွန်ုပ်တို့ စစ်သားတွေဟာ တာဝန်ရှိတဲ့အတိုင်း လုပ်ကြတယ်။ သင်တို့ စစ်သားအားလုံးကို ကျွန်ုပ်ရဲ့ စစ်သားက ဒီနေရာမှာ သတ်ဖြတ်ခြင်းဟာ ဘုရင်မင်းမြတ်အတွက် တာဝန်တစ်ရပ်ကိုထမ်းဆောင်လိုက်ခြင်းသာ ဖြစ်တယ်။ ဒါပေမဲ့ နိပ္ပွန်တပ်မတော်အရာရှိတစ်ဦး သေဆုံးမှုအတွက် ပြင်းပြင်းထန်ထန် ဒဏ်ခတ်ခြင်းခံရမယ်။ အခု သင်တို့ရဲ့ စစ်သားအလောင်းကို လှည်းပေါ် တင်ယူသွားနိုင်တယ်။ ချက်ချင်း မြေမြှုပ်ပစ်ဖို့ ကျွန်ုပ် အမိန့်ပေးတယ်"

ဤသို့ ဂျပန်စစ်ဗိုလ်က ပြောလိုက်သောကြောင့် အင်္ဂလိပ် စစ်ဗိုလ်သည် သူ၏ စစ်သားများအား လှည့်၍ အမိန့်ပေးလိုက်သည်။

ဂျပန်စစ်သားများလည်း သူတို့စစ်ဗိုလ်၏ အလောင်းကို ဝိုင်းဝန်းမချီကာ ကားတစ်စင်း ရပ်ထားသောနေရာသို့ ယူဆောင်သွားပေ၏။

အင်္ဂလိပ်စစ်သား အလောင်းများကိုမူ အင်္ဂလိပ် စစ်သားများကိုယ်တိုင် လှည်းတစ်စီးပေါ်ဝယ် တင်ကာ ထွက်သွားကြပေ၏။

ဘေးမှ ဂျပန် လက်နက်ကိုင် ၅ ယောက်တို့က ဝိုင်း၍ လိုက်ပါသွားခဲ့သည်။

ကျွန်တော်တို့လည်း သစ်ကိုင်းများကို လှည်းများပေါ်တင်ကာ ၂ဖာလုံခန့်ဝေးသော ချောက်ကမ်းပါးဆီသို့ လှူအားဖြင့်ဆွဲသွားရသည်။

ကျွန်တော်တို့၊ ကိုလုဖေတို့မှာ လှည်းတစ်စီးကို ဆွဲသွားရသည်။

"ကျွန်တော်ဖြင့် ဒီအဖြစ်တွေ မြင်ရတာ မသတီလိုက်တာဗျာ၊ ဂျပန်တွေကလည်း တော်တော်ရက်စက်တာပဲ"

"အင်္ဂလိပ် သုံ့ပန်းတွေ ကိုယ်တိုင်ကလည်း ဒီလိုဖြစ်မယ်ဆိုတာ မသိဘူးလားဗျ။ သူတို့ကလည်း သုံ့ပန်းဘဝရောက်ပေမယ့် နည်းနည်းကလေးမှ မာန မလျှော့ဘူးဗျ"

ကျွန်တော်က ပြောလိုက်သောကြောင့် "အေးဗျာ၊ အင်္ဂလိပ်တွေက မာနမလျှော့ဘူး။ ခိုင်းတဲ့အခါ မလုပ်ဘူးလို့လည်း ပြန်မပြောဘူး။ ဒါပေမဲ့ အလုပ်မပြီးရင်တော့ အပြစ်ပေးပေါ့ဗျာ။ အခုတော့ ပြောင်ပြောင်ပဲ နှိပ်စက်တာတော့ ဘယ်ခံနိုင်မှာလဲ။ ဒီတော့ သေကာမှ သေရော၊ ပြန်ပြီး ခုခံတာမျိုးတော့ ဖြစ်လာတော့မှာပေါ့ ကိုအောင်နိုင်" ဟု ကိုလုဖေက ပြောလိုက်လေသည်။

သစ်ပင်များနှင့် ဝါးပင်များကို ဖြတ်တောက်ကာ ချောက်တွင်းသို့ သွား၍ ချရ၏။ ချောက်ဝှမ်းတွင်းဝယ် လှည်းကို နောက်မြီးလှန်ချကာ ပစ်ရသည်။

ကျွန်တော်တို့ကဲ့သို့ အလျင်ရောက်ကာ လုပ်နေသော အလုပ်သမားများလည်း ရှိနေချေသည်။

www.burmeseclassic.com

"ဂျို့ . . . ဆရာတို့ သတိထားပြီး သစ်ကိုင်းတွေ ပစ်နော်။ လူပါ ကျပြီး ကိစ္စချောကုန်ဦးမယ်။ ဒီနေ့ လူသုံးယောက်တော့ ချောက စားသွားပြီဗျ"

အခြား သစ်ကိုင်းပစ်သော လှည်း တစ်စီးမှ ကျွန်တော်တို့အား လှမ်း၍ ပြောသည်။

မှန်သည်။ ထိုချောက်ဝှမ်းတွင် သစ်ကိုင်းများကို လှည်းပေါ်မှာ တင်၍ ပစ်ရာတွင် ရုတ်တရက် လှည်းဘီးသည် ချောက်အောက်သို့ ကျွံ၍ ကျသွားတတ်၏။ ထိုသို့ ကျွံကျသွားသော လှည်း၏ အရှိန်ကို မထိန်းနိုင်သော အလုပ်သမား များမှာ လှည်းနှင့်အတူ ချောက်ထဲသို့ ပါကာ သေဆုံးရလေသည်။

မှန်သည်။ ကျွန်တော်တို့သွား၍ ပစ်သော ချောက်ဝှမ်းအား "သေမင်း ချောက်ဝှမ်း" ဟူ၍ အမည်ပေးထား ကြောင်း သိရသည့်အပြင် သုံ့ပန်း အင်္ဂလိပ် စစ်သား တော်တော်များများ ပင် ထိုချောက်ဝှမ်းတွင် ကျ၍ သေဆုံး ကြောင်းကြားရ၏။

အချိန်မှာ မှောင်ရိပ်များ သန်းလာ ပြီဖြစ်သည်။

ညနေ ၅ နာရီတွင် အလုပ်သိမ်း ချိန်ဖြစ်လေရာ၊ ကျွန်တော်တို့ သစ်ကိုင်း များကို လှည်းဖြင့် ဆွဲကာ ၃ ခေါက်မျှ တိုက်၍ပြီးချိန်တွင် အလုပ်သိမ်းရန် အတွက် သံချောင်းခေါက်သံများ ပေါ်ထွက်လာပါချေသည်။

အခန်း (၅)

## သေမင်းခေါ်သူများ

အလုပ်ဆင်းလာသော အချိန်တွင် လူတိုင်း စိတ်နလုံး ချမ်းသာသော အချိန်ဟု ဆိုရပါမည်။

သီချင်းဆိုသူက ဆို၍၊ ပါးစပ်ဆိုင်း တီးသူက တီး၍ ဆူညံလာကြသည်။

ဂျပန် အစောင့်စစ်သားများကား ဤနေရာတွင် မည်သို့မျှ ဝင်ရောက်စွက် ဖက်ခြင်း မရှိပါချေ။ မှန်သည်၊ အလုပ် သမားများ အလုပ်ခွင်မှ ဆင်းလာကာ ပျော်ပျော်ရွှင်ရွှင် ရှိနေသည်ကို ကြည့်၍ သူတို့လည်း ရောနှောကာ ရယ်သူက ရယ်၊ လက်ခုပ်တီးသူက တီးပေးလျက် ရှိနေသည်။

ဤသို့သော ဂျပန်စစ်သားများ၏ အပြုအမူကို ကြည့်ရခြင်းဖြင့် သူတို့ ကိုယ်တိုင် အလုပ်တာဝန် ပြီးဆုံး၍ လွတ်လွတ်လပ်လပ် နေထိုင်သော အချိန်ကိုမျှ ဝင်ရောက် နှောင့်ယှက်လို သောစိတ်ဓာတ်မရှိဘဲ အလုပ်တာဝန် ကျလာသော အချိန်အခါတွင်သာ သဲသဲမဲမဲ ခိုင်းတတ်ကြောင်း နားလည် နိုင်လေသည်။

အထူးသဖြင့် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် ရက်စက်သည့်နေရာ တွင် ရက်စက်သော်လည်း သူတို့တာဝန် ကျသော အလုပ်စခန်းများတွင်ကား သူတို့ကိုယ်တိုင် ခေါင်းဆောင်ကာ လုပ်ကြသည်ကို ကျွန်တော်က တွေ့လာ ရချေသည်။

ကျွန်တော်တို့ ပြန်၍ စခန်းတဲကြီး သို့ ရောက်လျှင်ရောက်ချင်းပင် ကျွန် တော်တို့ တပ်သားသစ်များအတွက် အင်္ကျီ၊ လုံချည်များ လာ၍ထုတ်ယူရန်ကို တစ်ထောင်အုပ် မြားစိမ်းတပ် စိန်ကြည် ကဘွန်တိုက်ချိန်နှင့် ဟန်ချိများအား အော်ဟစ် ပြောကြားလျက် ရှိနေပါ၏။

အဝတ်အထည် မပြည့်စုံသော ကျွန်တော်တို့အတွက် အလွန်ဝမ်းသာ သွားရပါသည်။ ဂျပန်များသည် ယခုလို အဝတ်အထည်ပါ ထုတ်ပေးလိုက်သဖြင့် ကျွန်တော်တို့အတွက် အခြေအနေ မဆိုးသေးပါလားဟု ဝမ်းသာနေရပါ သေးသည်။

အဘ ဦးထွန်းရဲနှင့်အတူ ကျွန်တော်အပါအဝင် လုပ်သား (၃) ယောက်တို့ စစ်ကနေချား တစ်ထောင် အုပ် စိန်ကြည်၏ ရုံးခန်းလုပ်ထားသော အခန်းထဲသို့ သွားရသည်။

တစ်ထောင်အုပ် စိန်ကြည်သည် အလုပ်သမားအချို့နှင့်အတူ အညာ စောင်များ၊ အညာပုဆိုးနှင့် အမရပူရ ထွက် လုံချည်များ အင်္ကျီလက်တိုများ၊ မျက်နှာသုတ်ပဝါ အကြမ်းများကို ထုတ် ထားခဲ့ပါသည်။

ကျွန်တော်တို့ လုပ်သားတစ်ဦးလျှင် လုံချည်နှစ်ကွင်း၊ အင်္ကျီနှစ်ထည်၊ မျက်နှာသုတ်ပဝါ အကြမ်းတစ်ထည်နှင့် အချို့ ကုလားဝါဂွမ်းစောင် အလှည့် သင့်သလို တစ်ထည်စီ ရရှိပါလေသည်။

ယင်းကြောင့်လည်း အလုပ်သမား တိုင်း ပျော်ရွှင်နေကြသည်။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com

သမားများအဖို့ တစ်နှစ်စာအတွက် ဖူဖူလုံလုံဝတ်ရတော့မည်မို့ ဝမ်းမသာဘဲ ရှိပါမည်နည်း။

အညာလုံချည် ရလာသောကြောင့် ကျွန်တော်သည် အနန်းကွင်း ချောင်းထဲသို့ ရေချိုးရန် အောင်သန်း၊ လုဖေ၊ အောင်မြင့်တို့နှင့်အတူ ထွက်လာသည်။

"ဟေ့ . . . အေဝမ်းကို ကြည့်စမ်း။ ကောင်မလေးကို လိုက်ပြီး ဘာတွေ ပြောနေသလဲ မသိဘူး"

ကျွန်တော်တို့ ရေချိုးဆိပ်သို့ ဆင်းလာခဲ့စဉ် အနီးမှ အလုပ်သမား တစ်ဦးက ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားကြောင့် ကျွန်တော်တို့သည် ရေချိုးဆိပ်ဆီသို့ ကြည့်လိုက်မိသည်။

အဘ ဦးထွန်းရှံတို့ဆီသို့ မော်ချီးမှ လာ၍ပေးသော ဂျပန်တပ်ကြပ်ကြီးမဟုတ်ပေ။ အခြား ဂျပန်တပ်ကြပ် တစ်ဦးဖြစ်သည်။

မခင်အေးအား အနီးမှကပ်၍ အားတက်သရော ပြောလျက်ရှိနေ၏။ ပြီး သူ၏ လက်ထဲမှ ပစ္စည်းတစ်ခုကို မခင်အေးလက်ထဲသို့ ထိုး၍ ထည့်ပေးနေချေသည်။

ကျွန်တော်၏ ရင်များသည် ဒိန်းခနဲ ခုန်လှုပ်၍သွားသည်။ မခင်အေးသည် ချောင်းအတွင်းမှ ရေခပ်ကာ ပြန်လာခြင်းဖြစ်သည်။

ထို ဂျပန်တပ်ကြပ်ကြီးကို အလုပ်သမားဟောင်းများက အေဝမ်းဟူ၍ ခေါ်ကြောင်း ကျွန်တော် သိရသည်။

အမှန်တော့ ထို ဂျပန်တပ်ကြပ်မှာ မြန်မာစကား အတော်အသင့်ပြောနိုင်သည်။ ပြီး . . . မျက်နှာခပ်ရှုံ့ရှုံ့ဖြင့် ရယ်ပြုံးကာ မခင်အေးအနီးမှ ခွာထွက်သွားသည်။

ကျွန်တော်တို့နှင့် မခင်အေး ရင်ဆိုင် တွေ့ကြသောအခါတွင် မခင်အေးမျက်နှာမှာ ညှိုးရော်နေသည်။

"ဟို ဂျပန်က ဘာတွေများ ပေးသလဲ အေး"

"မောင်ကြီးရယ်၊ ထဘီတစ်ထည် ပေးတယ်။ ပြီးတော့ . . ."

ပြောရမည်ကို အတော်ရှက်နေပုံရသည်။ ထွက်ရမည့် စကားလုံးများကလည်း မိန်းကလေးတစ်ဦးအတွက် အတော် ရင်လေးစရာ ဖြစ်ဟန်တူပါဘိသည်။

"သိပါတယ် ညီမလေး။ ဒီကောင်တွေဟာ လူစိတ် မရှိဘူး။ ဒီထက်ပိုပြီး ကဲလာစရာအကြောင်း ရှိတယ်။ နောက် ရေခပ်စရာရှိရင် အစ်ကိုကြီးခပ်ပေးမယ်"

အောင်သန်းက အံကြိတ်ကာ ပြောလိုက်လေသည်။

မခင်အေးကို ကျွန်တော်တို့က လမ်းဖယ်ပေးလိုက်သည်။

"ကျွန်တော်တို့တော့ ဒီနေရာက မြန်မြန်ပြေးမှပဲ သူတို့ရန်က သက်သာမှာ ကိုအောင်သန်း၊ ကျွန်တော်က သံဖြူဇရပ်နဲ့ မဝေးခင်ကလေးမှာ သူတို့ရန်က လွတ်အောင် ပြေးချင်တာပဲ"

"ဦးမဲကြီးတို့က အမြဲတမ်း ကျုပ်တို့ အပေါ်မှာ အကဲခတ်ကြည့်နေတယ်ဗျ"

အောင်မြင့်က ပြောလိုက်သည်။

"ဩော် . . . ဒီနေ့ ကိုအောင်နိုင်ကို ကျုပ် ပြောချင်တာကလေး မပြောလိုက်ရဘူး။ ပြီးမှပဲ . . ."

ကိုလုဖေက ချောင်းကမ်းစပ်သို့ ရောက်သောအခါတွင် ပြောလိုက်ခြင်း ဖြစ်သည်။

သို့အခိုက် အလုပ်သမား တစ်ဦးသည် ဝါးတောင်ဝှေးကြီး ထောက်ကာ ကျွန်တော်တို့ ဘေးမှ ထွက်သွား၏။ သူ၏ ခြေသလုံးတွင် ပတ်တီးများ စည်းထားသည်။

လူမှာလည်း အတော်ကလေး ပိန်လိုလျက်ရှိနေချေသည်။

"သူက ဘယ်လို ဖြစ်တာလဲ မသိဘူး"

ကိုလုဖေက ပြောလိုက်သောကြောင့် ထိုလူက ကြားသွားကာ -

"အနာ ဖြစ်တာပေါ့ဗျာ။ ဖြစ်တုန်းကတော့ သေးသေးပါပဲ၊ နောက်တော့ တော်တော်ကြီးလာတယ်။ ဆေးထည့်လို့သာ အတော် သက်သာသွားတာဗျ"

ထိုသို့ ပြောကာ ထွက်သွား၏။

"ဟုတ်တယ် အစ်ကို၊ ဒီအနာတွေက သိပ်ဆိုးတာပဲ၊ အချို့ အလုပ်သမားတွေများ လောက်တွေ ထွက်တဲ့ အဖြစ်ကို ရောက်တယ်တဲ့ အစ်ကိုရဲ့"

ရှေ့လဆက်ဖတ်ပါရန် . . .

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်နန်းမှူး နှင့် ကျင့်ထုံးပုဒ်မ-၁၂၂(၁)

ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

ကျွန်တော်ရေးပြရလျှင် ကိုယ့်ပေါင်ကိုယ်လှန် ထောင်းရာ ကျလေမလားဟု အကြိမ်ကြိမ်တွေးမိသည်။ တခြားမဟုတ်ပါ။ ရှေ့နေအလုပ်ကိစ္စသာ ဖြစ်သည်။ ကျွန်တော်တို့ ရှေ့နေအလုပ်က အနည်းဆုံး အထက်တန်း ရှေ့နေလိုင်စင် ရရှိထားမှသာ လုပ်နိုင်ပေသည်။ တရားခွင် ရှေ့တွင် ရပ်နိုင်ခွင့်ရှိသည်။ လိုင်စင်မရှိပါက ရှေ့နေဟု ပြော၍မရနိုင်။ သို့တိုင်အောင် လိုင်စင်ရှိသော ရှေ့နေတစ်ဦး ခနေ့ဖြင့်လည်း အရပ်လည်၍ "ရှေ့နေလိုက်ရန် ရှိသည် ..."ဟု ပဲပြုတ်သည်နှယ် အော်ဟစ်ကြော်ငြာနေ၍ မရ။ ...ပ်မျှခက်သည့်အလုပ် ဖြစ်သည်ဟု စာရှုသူ စဉ်းစားသာ ...ြည့်ပေတော့။

ကျွန်တော် ဤစာစုကို ရေးရန် အကြောင်းပေါ်ခြင်းမှာ ကျွန်တော်၏ရုံးခန်းသို့ အမှုတစ်ခု လာအပ်ရာမှ အကြောင်းပေါ်ခြင်းဖြစ်ပေသည်။ ထိုအမှုကား မြို့နယ်တရားရုံးမှ ပလပ်ခံရသဖြင့် ခရိုင်တရားရုံး၊ ဒေသဆိုင်ရာ တရားလွှတ်တော်တို့သို့ အဆင့်ဆင့်တက်ရောက်ခဲ့သော်လည်း အောင်မြင်မှုမရ၍ ကျွန်တော့်ထံရောက်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်က ဦးဖွမန်းတတ်သူမဟုတ်။ နေပြည်တော်တွင် ရုံးထိုင်လျက်ရှိသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှုတင်သွင်းပေးရန် အပ်နှံခံရခြင်း ဖြစ်ပေသည်။

အမှုသည်က အမှုအပ်သည့်အတွက် စရန်ငွေနှင့်အတူ အမှုတွဲကို အပ်သည်။ ရုံးအဆင့်ဆင့်မှ ချမှတ်ထားသော အမိန့်များကိုလည်း တာဝန်ခံမိတ္တူကူးပေးသည်။ တိုင်းဒေသကြီးတရားလွှတ်တော်မှ ချမှတ်ထားသည့် အမိန့်ချမှတ်သော ရက်စွဲကို ကြည့်ရှုကာ အမှုသည်ကို တစ်ပတ်ကြာလျှင် ကျွန်တော်၏ရုံးခန်းသို့ ပြန်လာရန် မှာကြားလိုက်သည်။ ကာလစည်းကမ်းသတ် အချိန်မီသေးသည့်အတွက် ကျွန်တော် အေးအေးဆေးဆေး တစ်ပတ်အချိန်ယူ ဖတ်ရှု



www.burmeseclassic.com

www.burmeseclassic.com

ပေသည်။ အမှုကား ပြစ်မှုဖြစ်ပေသည်။

ထိုအမှုသည်ကား တိကျ၏။ အလုပ်အပေါ် ေးစားသူဖြစ်သည်။ ကျွန်တော့်ထံ ကြိုတင်ဖုန်းဆက် သည်။ ချိန်းဆိုသည့်အချိန် တိတိကျကျရောက်လာသည်။ ကျွန်တော်လည်း ထိုသူ၏ အမှုတွဲကို စားပွဲပေါ် အသင့်တင် ထားသည်။ သူပေးအပ်ခဲ့သည့် ရှေ့နေဉာဏ်ပူဇော်ခ စရန် ငွေတစ်ဝက်ကိုလည်း စားပွဲအံဆွဲတွင် အသင့်ထည့်၍ထား ၏ ထိုအမှုသည် ရောက်လာသည်နှင့် သူ၏ အမှုတွဲနှင့် ရန်ငွေကို ပြန်ပေးရန် ဖြစ်ပေသည်။

အမှုဖြစ်စဉ် အကျဉ်းချုပ်ကား ရိုးရှင်းလှသည်။ တိုက်ခန်းတစ်ခန်းဝယ်၏။ သော့ခတ်ထား၏။ ကပ်လျက် အခန်းနေသူက သော့ဖျက်ကျူးကျော်ဝင်ရောက်နေထိုင် သည်။ တိုက်ခန်းဝယ်ထားသူက ကျူးကျော်ဝင်ရောက်သူကို တရားစွဲသည်။ တရားခံထောင်ကျသည်။ တရားလိုက တရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ အမှုစစ်သည့် မြို့နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာ အထွေ ထွေမှုဖွင့်သည်။ ထိုအထွေထွေမှုကို မြို့နယ်တရားရုံးက ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေမှုကို တရားလိုက ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၅၂၂(၁)အရ ဖွင့်လှစ်သည်ဆို ခြင်းမှာ တရားလိုက တရားခံ ကျူးကျော်ဝင်ရောက်သည့် တိုက်ခန်းကို ပြန်လည်သိမ်းပေးစေရန် လျှောက်ထားခြင်း ဖြစ်ပေသည်။ သာမန်အားဖြင့် တရားခံကျူးကျော်မှုကြောင့် ထောင်နန်းစံသွားရသည်ဖြစ်၍ ထိုသူ ကျူးကျော်သည့် တိုက်ခန်းကို ပိုင်ရှင်ထံ ပြန်ပေးစေလျှင် အမှုတစ်ခု မြန်မြန် ဆန်ဆန် နိဂုံးချုပ်သွားနိုင်သည်ဟု စာရှုသူလည်း တွေးမိ မည်။ စာရှုသူတို့ကား ဥပဒေပညာရှင်မဟုတ်၍ ... ဥပဒေပညာရှင်တို့ကား ဥပဒေနှင့် ညှိ၍ တွေးရသည့်မှာ ကွာခြားချက်ဖြစ်ပေသည်။

ကျွန်တော်၏ အမှုသည်သည် တိုက်ခန်းကိုဝယ်၏။ မနေ။ သော့ခတ်ပိတ်ထား၏။ ထိုအခန်းကို တရားခံက ကျူးကျော်ဝင်ရောက်နေထိုင်၏။ မည်သူတစ်ဦးကိုမျှ တုတ်၊ ဓား မပြလိုက်ရ။ အဆုံးစွန်ဆိုရလျှင် မည်သူတစ်ဦးတစ် ယောက်ကိုမျှ 'မိုက်ကြည့်'မျှပင် မကြည့်လိုက်ရ။ လူတစ်ဦး တစ်ယောက်မျှမရှိသည့်အခန်းကို သော့ဖျက်ဝင်ရောက်ခဲ့ ခြင်းကား ဤမျှလွယ်ကူခဲ့သည်ကို အမှုတွဲ၌ ဖတ်ရှုခွင့်ရ သည်။ စာရှုသူလည်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ယှဉ်တွေး နိုင်စေရန် အပြည့်အစုံ ကူးထည့်ပေးလိုက်ရပေသည်။

ပုဒ်မ–၅၂၂(၁) ''မည်သည့်အခါမဆို ပြစ်မှုမကင်း သော အနိုင်အထက်ပြုလုပ်ခြင်း၊ သို့မဟုတ် အနိုင်အထက် ပြုဟန်ပြခြင်း၊ သို့မဟုတ် ပြစ်မှုပြစ်ဒဏ်သင့်အောင် ခြောက်လှန့်ခြင်းပါသည့် ပြစ်မှုတစ်ခုအတွက် တစ်ဦးတစ် ယောက်သောသူကို ပြစ်မှုထင်ရှား စီရင်ရာတွင် ဤသို့ အနိုင်အထက်ပြုမှု၊ သို့မဟုတ် အမှုအရာပြုမှု၊ သို့မဟုတ် ခြောက်လှန့်မှုကြောင့် တစ်ဦးတစ်ယောက်မှာ မရွှေ့မပြောင်း နိုင်သည့်ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ရကြောင်းဖြင့် ထိုရုံးက ထင်မြင်လျှင် ယင်းသို့ကျူးလွန်သူကို ပြစ်ဒဏ်စီရင် ချမှတ်သောအခါ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ပြီးသည့်နေ့မှ တစ်လအတွင်း မည်သည့်အချိန်တွင်မဆို ပစ္စည်းလက်လွှတ် ရသူအား လက်ရှိပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်ခွင့်ရသည်။

အို ...စာရှုသူခင်ဗျား။ ဤ ပုဒ်တစ်ပုဒ်ထဲတွင် 'သို့မဟုတ်' အလုံးပေါင်း ၅ လုံးနှင့် ခေါင်းရှုပ်သွားခဲ့သော် ကျွန်ုပ်အားသာ အပြစ်ပုံချပါ။ မူရင်းအတိုင်း ကူးထည့်သူ ကျွန်တော့်၌သာ တာဝန်ရှိပါသည်။

ပိုင်းဆစ်ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းသည် မည်သည့် ကိစ္စရပ်၌မဆို ရှင်းလင်းစွာ သိစေ၊ မြင်စေနိုင်သည်ဟု ယူဆသည်။ စာရှုသူ မယုံလျှင် အထက်တွင် ကျွန်တော် တင်ပြခဲ့သည့် စာပိုဒ်အား စိတ်ပိုင်းကြည့်ခြင်းဖြင့် လက်တွေ့ နယ်ပယ်ကို ရယူနိုင်ခွင့်ရှိပါသည်။ ဝါကျတစ်ခုလုံးအား၊ သို့မဟုတ်များဖြင့် ဆက်ထား၏။ ကျွန်တော်တို့ ငယ်စဉ်က သင်ကြားခဲ့ရသော ကံ၊ ကတ္တား၊ ကြိယာများကို ပိုင်းကြည့် သောအခါ ရှင်းလင်းသွားနိုင်ပေသည်။

အနှစ်ချုပ်ကြည့်လျှင် ပုဒ်မ–၅၂၂(၁)အရ ပစ္စည်း လက်လွှတ်သူအား တရားခံက အနိုင်အထက်ပြုမှုရှိရန် လိုအပ်ကြောင်း တွေ့မြင်ရပေမည်။ အနိုင်အထက်ပြုသည် ဆိုခြင်း၏ အဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၄၉ တွင် ပြဋ္ဌာန်းထားပေသည်။

ကျွန်တော့်ထံရောက်လာသော အမှုသည်၏ အမှု တွင် ပြဋ္ဌာန်းဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် လိုအပ်သော အင်္ဂါရပ်များ ပါရှိသည်ကို ကျွန်တော်မတွေ့ရပေ။ မြို့နယ် တရားရုံးက တရားလို၏ ပစ္စည်းလက်လွှတ်ဆုံးရှုံးသည်၊ တရားခံ ကျော်နင်းဝင်ရောက်သည်တို့ကို လက်ခံခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တရားခံအား ပြစ်ဒဏ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ လက်လွတ်နေသည့် မရွေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် ပုဒ်မ-၅၂၂(၁)တွင် ပြဋ္ဌာန်းထားသော အချက်များနှင့် ဟပ်စပ်၍ တရားလို၏ ပြစ်မှုဆိုင်ရာ အထွေထွေမှုကို လက်မခံခဲ့ခြင်း ဖြစ်ပေသည်။

စာရှုသူတို့အား ပုဒ်မ-၅၂၂(၁)နှင့် ပတ်သက်၍ ရှင်းလင်းစေရန် ကျွန်တော်တွေ့ရှိထားသော စီရင်ထုံးဖြတ်လမ်းတိုဖြင့် တင်ပြချင်ပါသည်။ ၁၉၇၅ ခုနှစ်၊ စီရင်ထုံးများ မှဖြစ်ပြီး၊ လူပုဂ္ဂိုလ်များဖြစ်ပွားသည့် မှုခင်းမဟုတ်ဘဲ သံဃာတော်ချင်း ဖြစ်ပွားမှုက ထူးခြားနေသည်။ မည်သို့ဆိုစေ ကျွန်တော့်အနေဖြင့် စာရှုသူအား ဥပဒေသုတကို ရှင်းလင်းသောအသိ ပေးလိုခြင်းဖြစ်ပေသည်။

ဦးဓမ္မကေသရသည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ကတိုးကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသည်။ ထိုစဉ် ဦးနန္ဒသာရပါ ၉ ဦးရောက်ရှိလာသည်။ ဧည့်သည်များအဖြစ် သီတင်းသုံးကြ၏။ ထို့နောက် ဦးဓမ္မကေသရကို ခြိမ်းခြောက်၍ ကျောင်းမှထွက်ခွာစေသည်။ ဦးဓမ္မကေသရ ကျောင်းလက်လွတ် ရတော့သည်။

ဦးဓမ္မကေသရက မော်လမြိုင်မြို့နယ်တရားရုံး၌ ဦးနန္ဒသာရပါ ၉ ဦးအပေါ် အမှုတိုင်သည်။ မြို့နယ်တရားရုံးက တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၅၁ အရ ခြောက်လအတွင်း ခံဝန်ချုပ်ဖြင့် ကောင်းမွန်စွာနေထိုင်စေရန် အမိန့်ချသည်။ အမိန့်ချသောနေ့ကား ၆-၁-၁၉၇၃ ရက်နေ့ဖြစ်သည်။ ၈-၁-၁၉၇၃ ရက်နေ့တွင် ဦးဓမ္မကေသရက တရားခံများအား ကတိုးကျောင်းတိုက်မှ ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)အရ လျှောက်ထားသည်။ မြို့နယ်တရားရုံးက ဦးဓမ္မကေသရ၏ လျှောက်ထားမှုကို ၂၀-၄-၁၉၇၃ ရက်နေ့တွင် ခွင့်ပြုကြောင်း အမိန့်ချသည်။

တရားခံများက တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းကြသည်။ တိုင်းတရားရုံးက မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သောအခါ ဦးဓမ္မကေသရက ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သည်။ ဗဟိုတရားရုံးတော်မှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)သည် မူလရုံးနှင့် သက်ဆိုင်၍ အချိန်တစ်လ ကန့်သတ်ထားရှိသော်လည်း ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)တွင် အချိန်ကန့်သတ်ချက် မရှိ။ ထို့ကြောင့် အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုများတွင် ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)အရ ပစ္စည်းလက်လွတ်ခံရသူအား ပစ္စည်းကို ပြန်လည်အပ်နှံရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ထုံးဖွဲ့ညွှန်ပြခဲ့ပေသည်။ ကတိုးကျောင်းတိုက်ကို ဦးဓမ္မကေသရအား လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ပေသည်။

ကျွန်တော်တို့အနေဖြင့် ဦးဓမ္မကေသရ စီရင်ထုံးအရ အနိုင်အထက်ပြုလုပ်မှုဆိုသော အချက်ကိုလည်း တစ်ပါတည်း သီတင်းသုံးနေသည့်ကျောင်းမှ ဧည့်သည် ၉ ဦးက ခြိမ်းခြောက်ဖယ်ရှားခိုင်းခြင်းဖြင့် သိမြင်ခွင့်ရပေသည်။ ပုဒ်မ-၅၂၂(၁)အရ တစ်လအတွင်း အမိန့်ချပေးရမည်ကိုလည်း သိခွင့်ရပေသည်။ အယူခံ၊ ပြင်ဆင်မှု တရားရုံးတော်အနေဖြင့် ပုဒ်မ-၅၂၂(၃)အရ အချိန်ကန့်သတ်ချက်မရှိကြောင်းလည်း သုတတိုးခဲ့ရပေသည်။

ကျွန်တော်၏ စာစုပထမပိုင်းတွင် တင်ပြခဲ့သော တိုက်ခန်းအမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကျွန်တော်က မတင်သွင်းသင့်ကြောင်း အကြံပြုခဲ့သည်ကို ရိပ်မိအံ့ထင်သည်။

နေပြည်တော်သို့ ကား/ရထားတို့ဖြင့် အရောက်သွားရမည်ကို ကြောက်ဖျားသောကြောင့်လည်းမဟုတ်ပါ။ နေပြည်တော်၌ ဆိုင်ကယ်မစီးလို၍လည်း မဟုတ်ပါ။ ကျွန်တော်၏ဉာဉ်ကြောင့်ဟုသာ ဆိုရပါမည်။

ကျွန်တော် စွမ်းနိုင်သမျှ စာဖတ်ဖြစ်ပါသည်။ ဥပဒေအကြံပေးဟု ဆိုင်းဘုတ်တင်မထားသော်လည်း အမှုသည်တို့အား ဥပဒေအတိုင်းသာ ပြောချင်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အချိန်ကုန်ငွေခန်း မဖြစ်စေချင်သည်ကား ကျွန်တော်၏ ဆန္ဒအရင်းခံဖြစ်ပေသည်။

စာရှုသူအပေါင်း ဥပဒေသုတတိုးပွားကြ၍ ပတ်သင်ညိဘဝမှ လွတ်ကင်းနိုင်ကြပါစေသတည်း။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)**

**ကိုးကား**

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂
- ဦးဓမ္မကေသရနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(၁၉၇၅-မတစ-၅၃)



www.burmeseclassic.com

www.burmeseclassic.com

# ကိုကိုးကျွန်း ပုံရိပ်များ

ကိုမောင်သန်းဝင်း

## ကျွန်းတည်နေရာနှင့် အကျဉ်းထောင်သဏ္ဌာန်

ကိုကိုးကျွန်းသည် ရန်ကုန်နှင့် ၂၈၀ ကျော်ခန့် ဝေးသည်။ ကျွန်း အလျားမှာ ၇ မိုင်၊ အနံ ၃ မိုင်ခန့် သည်။

ကိုကိုးကျွန်းအကျဉ်းထောင်ဟု သော်ငြားလည်း အမှန်အားဖြင့် ကျဉ်းထောင်၏ သဏ္ဌာန်မဟုတ်။ ထွက်ရာကို ဝဲဘက်ထောင့်နှင့် တည်၍ အရှေ့ထောင့်ခပ်ယွန်းယွန်း မျက်နှာမူထားသော စတုဂံပုံ ဏ္ဌာန် သံဆူးကြိုးကာထားပြီး အထဲ င် သစ်သားအဆောက်အဦ ၁၀ ကို နှစ်လုံးစီ ဘေးချင်းယှဉ်၍ ဆောက်ထားခြင်းဖြစ်သည်။

အဆောက်အဦတစ်လုံးတွင် လျား ၇၅ ပေ၊ အနံ ပေ ၃၀ ရှိ သည်။ အပြင်လက်ခံ ၁၄ ပေ၊ ခေါင် ပေ ရှိသည်။ စစ်တပ်များထား သည့် ဘားတိုက်များကဲ့သို့လည်း ကောင်း၊ ဇရပ်ဦးပြုများကဲ့သို့လည်း ကောင်း၊ ပျဉ်ကာသွပ်မိုး ရင်ကွဲ အဆောက်အဦများသာ။ ဘေးနှစ်ဖက်တွင် ကျွန်းပျဉ်နှင့် အလုံပိတ်ကာထားပြီး အလယ်တွင် လူသွားလမ်း ၅ ပေခန့် ရှိသည်။ လေဒဏ်၊ မိုးဒဏ် ကာကွယ်နိုင်ရန်အတွက် လေးဖက်စလုံး နှစ်ပေခွဲစီ အမိုးပိုလေးများမိုးထားသည်။

ထိုအဆောက်အဦများကို တစ်ဆောင်စီခွဲ၍ သံဆူးကြိုးများ ကာရံထားသည်။ သံဆူးကြိုးဝိုင်းများမှာ မကျယ်လှပါ။ အလျားပေ ၁၁၀၊ အနံ ပေ ၇၀ သာ ရှိသည်။ အဆောင်များ၏ ဘေးဘက် သံဆူးကြိုးတွင် ဝင်းတံခါးကြီးတစ်ခုစီထားပြီး တစ်ဆောင်နှင့်တစ်ဆောင် ကူးရန် အမြင့် ၄ ပေ၊ အကျယ် ၃ ပေရှိ ငုံ့ပေါက်ကလေး ဖောက်ထားသည်။ သို့သော် တံခါးများကိုမူ အမြဲတမ်း ပိတ်ထားပါသည်။ စစ်ဘားတိုက်ပုံစံ အဆောင် ၁၂ ဆောင်ရှိရာ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း ခြောက်လုံးစီ ခွဲထားသည်။

မီးဖိုအဆောက်အဦကြီး နှစ်ခုမှာ လက်ဝဲ၊ လက်ျာနှစ်ဖက်တွင် ခံ့ညားစွာ ရှိနေသည်။ တစ်ဖက်တွင် ထမင်းစားခန်း၊ ကျန်တစ်ဖက်တွင် မီးဖိုခန်းကြီးများ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဖြစ်သည်။ နောက်ပိုင်းတွင် လက်ဝဲဘက် မီးဖိုကြီးကို ထောင်ကျမီးဖိုအဖြစ်လည်းကောင်း၊ ထမင်းစားခန်းကြီးကို ထောင်မှူးကြီးရုံးခန်းအဖြစ်လည်းကောင်း၊ လက်ျာဘက်မီးဖိုကြီးကို ပုဒ်မ–၅ မီးဖိုအဖြစ်လည်းကောင်း၊ ထမင်းစားခန်းကြီးကို ဆရာဝန်ဆေးပေးခန်းအဖြစ်လည်းကောင်း ပြောင်းလဲလိုက်သည်။

အဆောက်အဦပုံသဏ္ဌာန်မှာ ကြည့်လေကြည့်လေ တပ်ရင်းတစ်ခုရှိ စစ်တန်းလျားနှင့်တူလေ ဖြစ်သည်။ မီးဖိုကြီးများမှာ တကယ့်စစ်တပ်အသုံး အဆောင် မီးဖိုကြီးများပမာ ရှိနေလေရာ ထောင်အတွက်ရည်ရွယ်ပြီး ဆောက်ထားခြင်းမှ ဟုတ်ပါလေစဟု အတွေးပွားစရာပင် . . .။ အကျဉ်းထောင်မှာ ပင်လယ်ကမ်းစပ်နှင့် ကိုက် ၁၀၀ ခန့်သာဝေးသော၊ ရေမျက်နှာပြင်နှင့် ပေ ၄၀ ခန့် အမြင့်ရှိသော သောင်စပ်မြေပြန့်ပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် ပင်လယ်ရေပြင်ကို မမှိတမီ လှမ်းမြင်နေရသည်။

မြန်မာပြည်နှင့် အိန္ဒိယပြည်တို့တွင် ကျရောက်သော မုန်တိုင်းများ

www.burmeseclassic.com

သည့် များသောအားဖြင့် ဤကိုကိုးကျွန်းတွင် စတင်တတ်သည်။ လေအလွန်ပြင်းပုံမှာ အုန်းပင်အရွက်ဖျားများ၊ သစ်ရွက်များ ခြောက်ပြီး မီးမြှိုက်ထားသလိုဖြစ်သွားသည်။ မိုးအဆက်မပြတ်ရွာသော်လည်း မအေးပါ။

## အကျဉ်းထောင်စီမံကိန်း

ကိုကိုးကျွန်းအကျဉ်းထောင် စီမံကိန်းသည် ဖဆပလ အစိုးရခေတ်ကတည်းက ရှိခဲ့သည့် စီမံကိန်းတစ်ခု ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီး သခင်သာခင်လက်ထက်က စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၈ ခုနှစ်(ပထမအကြိမ်) စစ်တပ်က အာဏာသိမ်းပြီးချိန်၌ ထိုစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သူကား ဆိုရှယ်လစ်စစ်ဗိုလ် ဗိုလ်မောင်မောင် ဖြစ်သည်။

ရည်ရွယ်ချက်မှာ မြေပေါ်ရှိ လက်ဝဲနိုင်ငံရေးအင်အားစုများနှင့် ကွန်မြူနစ်ပါတီကို ထောက်ခံအားပေး ကူညီသူများကို ထားရှိရန် ဖြစ်သည်။

ကိုကိုးကျွန်းအကျဉ်းထောင် ဆောက်လုပ်ရန်အတွက် အကျဉ်းသား ၅၀ ဦးကို ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထောင်မှူး၊ ထောင်ကြပ်တို့နှင့်အတူ ရှေးဦးပထမ ပို့ခဲ့သည်။ ဒါသည် ကိုကိုးကျွန်းအကျဉ်းထောင် ပေါ်ပေါက်လာပုံ ဖြစ်သည်။

## ပုဒ်မ-၅ နိုင်ငံရေးအကျဉ်းသမားများ

ကိုကိုးကျွန်းပေါ်တွင် နိုင်ငံရေး အကျဉ်းသားများ ရှိနေသလို၊ တစ်ဖက်တွင် ထောင်ကျအကျဉ်းသားများလည်း ရှိသည်။ အကျဉ်းသား ၂၀၀ ခန့်မှာ ကျွန်း၏မြောက်ဖျား လေယာဉ်ပျံကွင်းတည်ဆောက်ရာ 'ရွာမ'ဘက်တွင် အလုပ်ကြမ်းလုပ်ကြရသည်။ ၁၉၅၉ ခုနှစ် တစ်နှစ်လုံးလိုလို ထိုအကျဉ်းသားတို့မှာ အလျားပေ ၄၀၀၀၊ အနံပေ ၁၅၀ ရှိ လေယာဉ်ဆင်းလမ်းကို လုပ်ကြရသည်။

ပုဒ်မ-၅ နှင့် နိုင်ငံရေးအကျဉ်းသားများမှာ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပထမအသုတ်အဖြစ် ၅၃ ဦး ရောက်ခဲ့သည်။ ကွန်မြူနစ်ပါတီမှ လေထီးဦးအုန်းမောင်၊ မုတ္တမ သခင်ဗတင်ကြီး၊ ပမညတသခင်ဗမောင်၊ ဗိုလ်တထောင်ဦးအုန်းမြင့်၊ လမ်းစဉ်ကိုစောလွင်၊ ပျဉ်းမနားသခင်လှခင်ကြီး စသည်တို့ ပါဝင်ခဲ့သည်။

၁၉၆၀ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဒုတိယအသုတ်အဖြစ် ၅၁ ဦး ရောက်လာခဲ့သည်။ ယင်းတို့အထဲတွင် ထောက်ထောက်ခံခံ နိုင်ငံရေးသမားဖြစ်သည့် သခင်ဖေငွေး ပါဝင်လာသည်။ သခင်ဖေငွေးမှာ အယ်နီခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး၊ သူသည် ၁၉ နှစ်သားကပင် မြင်းပေါ်မှ လိမ့်ကျပြီး အကြောလိုက်ကာ ခါးတစ်ဖက်စောင်း၊ ပေါင်တစ်ဖက်တန်းကာ တုတ်ကောက်ကိုထောက်၍ တစ်မိနစ်တွင် နှစ်လှမ်းမျှလှမ်း၍ သွားနေရသောသူ ဖြစ်သည်။ သူသည် ရန်ကုန်ထောင်တွင် မတရားအသင်းပုဒ်မ ၁၇/၁ နှင့် နှစ်နှစ်မျှ ထောင်ကျပြီး ထောင်မှပြန်မလွတ်ဘဲ ပုဒ်မ-၅ နှင့် ချုပ်ထားသည်မှာ ဖဆပလအစိုးရ အာဏာရစဉ်မှ ဖြစ်သည်။ ထောင်သက် ၁၁ နှစ်ကျော်နေလေပြီ။

၁၉၆၀ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသား ၂၈ ဦးသည် တတိယအသုတ်အဖြစ် ရောက်လာခဲ့သည်။ ဤအသုတ်တွင် လူအတော်စုံသည်။ ပြည်သူ့တိုးတက်ရေးပါတီမှ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၊ သခင်မြသန်း၊ ကိုကိုကြီး၊ ပါလီမန်အမတ် ဦးလှသောင်း၊ ကမ္ဘာငြိမ်းချမ်းရေးအတွင်းရေးမှူး စာရေးဆရာမြသန်း၊ စာရေးဆရာတင်စိုး၊ ဆိုရှယ်နီမှ ကိုအောင်ဘန်း၊ သခင် ခင်ဇော်၊ ရဲဘော်ပါ၊ တကသဥက္ကဋ္ဌ ကိုခင်မောင်အုန်း၊ တကသအမှုဆောင် ဘိုးသာအေး၊ လူငယ်တပ်ဦးကိုသန်း၊ ယူအယ်အိုမှ ကိုမြင့်ဇော်၊ ရွှေဝတီကိုကိုလေး၊ အမှုထမ်းသပိတ်ဟောင်း ကိုသန်းစော၊ ဝတ်လုံဦးထွန်းတင်၊ ဗလစ ကိုကိုလွင် စသည်တို့ ပါဝင်လာခဲ့သည်။

## ကိုကိုးကျွန်းအကျဉ်းထောင် ကာလပိုင်းခြား

သုတေသီတို့က ကိုကိုးကျွန်းအကျဉ်းထောင်ကို ကာလနှစ်ပိုင်းခွဲ သတ်မှတ်ထားသည်။ ပထမအကြိမ် စစ်အာဏာသိမ်းပြီး အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်တွင် ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် သတင်းစာဆရာများ အပါအဝင် စုစုပေါင်း နိုင်ငံရေးအကျဉ်းသား ၁၃၂ ဦးကို ကိုကိုးကျွန်းသို့ ပို့ခဲ့သည့်ကာလသည် ပထမကိုကိုးကျွန်းကာလ ဖြစ်သည်။

ဒုတိယကိုကိုးကျွန်းကာလသည် နောက် ၁၀ နှစ်ကြာ ၁၉၆၉ ခုနှစ် ဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေး ပျက်သွားပြီးနောက် မြေပေါ်ရှိ ငြိမ်း ရေး၊ ဒီမိုကရေစီရေးနှင့် စစ်အာ ရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပါဝင်ခဲ့သည့် နိုင်ငံရေးအင်အားစု ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တစ်ဝန်း နယ်ပယ်ပေါင်းစုံမှ နိုင်ငံ လှုပ်ရှားမှုများတွင် တက်တက်ကြွ ပါဝင်သူမှန်သမျှကို တရစပ် ဖမ်း ထိန်းသိမ်းသည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းသူများထဲမှ ကျောင်းသား ခေါင်းဆောင်များ၊ အမှုထမ်းများ၊ အလုပ်သမားများ၊ ဗမာပြည်ကွန်မြူ စ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ မာပြည် အလုပ်သမားညီညွတ်ရေး တီတို့နှင့် ပတ်သက်ဆက်နွယ်သူ ငံရေးအကျဉ်းသား ၂၃၃ ဦးအား ကိုကိုးကျွန်းသို့ ပို့ခဲ့ခြင်းဖြစ်သည်။

## ကိုကိုကျွန်းထောင်မှ ထူးခြားဖြစ်စဉ် တိုက်ပွဲများ

ကိုကိုးကျွန်းထောင်မှ ထူးခြား ဖြစ်စဉ် တိုက်ပွဲများသည်ကား ဗမာ ပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်များ၏ စ်ရက် ငါးပိပုပ် အစာငတ်ခံ တိုက် ရက် ၄၀ အစာငတ်ခံတိုက်ပွဲနှင့် နောက်ဆုံး ကိုယ်ထူကိုယ်ထ ဖျက် သိမ်းရေးတိုက်ပွဲ၊ ကိုကိုးကျွန်းအကျဉ်း ထောင် ဖျက်သိမ်းရေး ၅၃ ရက်ကြာ အစာငတ်ခံ တိုက်ပွဲတို့ဖြစ်သည်။

၅၃ ရက်ကြာ အစာငတ်ခံတိုက် တွင် ရဲဘော် ၈ ဦး ကျဆုံးခဲ့ရပြီး ကိုကိုးကျွန်းအကျဉ်းထောင်ကိုလည်း အပြီးတိုင် ဖျက်သိမ်းပေးခဲ့ရသည်။ ထို့ ကြောင့် ဒုတိယအကျဉ်းထောင်ကာလ သည် ဒုတိယဖြစ်သလို၊ နောက်ဆုံး လည်းဖြစ်ခဲ့သည်။ ဗမာပြည်အုပ်စိုးသူ တို့၏ အကျဉ်းထောင်သမိုင်းတွင် လည်း ကိုကိုးကျွန်းအကျဉ်းထောင်ကို အပြီးတိုင် ဖျက်သိမ်းပေးခဲ့ရသည့် သမိုင်းလည်းဖြစ်ခဲ့သည်။

ကိုကိုးကျွန်းသို့ အပို့ခံခဲ့ရသော သူတွေများထဲတွင် နယ်ချဲ့ဆန့်ကျင် ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် အမျိုး သားလွတ်မြောက်ရေး တိုက်ပွဲတွင် ပါဝင်ခဲ့ကြသော သခင် ခင်အောင်၊ လေထီးဗိုလ်အုန်းမောင်၊ ဆရာ ရာဂျန် တို့လို နိုင်ငံရေးအရ အစဉ်အလာကြီး မားသည့် ပုဂ္ဂိုလ်များ၊ ဆရာဗန်းမော် တင်အောင်၊ ဆရာမြသန်းတင့်တို့လို စာရေးဆရာတွေလည်း ပါဝင်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများကို ယခင်ကာလများဆီက ရိက္ခာတင် မီးပြသင်္ဘောဖြင့် ကိုကိုးကျွန်းသို့ ပို့ခဲ့ ပြီး၊ နောင်ကာလတွင် ပြည်တော်ညွန့် သင်္ဘောဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းသင်္ဘောသည် ၁၉၇၉ ခုနှစ်တွင် စင်္ကာပူနိုင်ငံ၊ ဆင်ဘာဝမ်သင်္ဘော ကျင်းတွင် မီးလောင်ပျက်စီးခဲ့သည်။ ကိုကိုးကျွန်းအကျဉ်းထောင် အပြီးတိုင် ဖျက်သိမ်းခဲ့သလို အကျဉ်းသားများ အား ပို့ဆောင်ခဲ့သည့် သင်္ဘောသည် လည်း အပြီးတိုင် ပျက်စီးခဲ့ရပြီတည်း။

## ကိုကိုကျွန်းအမှတ်တရ ကျောက်တိုင်

၅၃ ရက် အစာငတ်ခံ ကိုကိုး ကျွန်းအကျဉ်းထောင် ဖျက်သိမ်းရေး တိုက်ပွဲကို ၁၉၇၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၊ နံနက် ၈း၀၀ နာရီတွင် စတင်ခဲ့ပြီး ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် တိုက်ပွဲပြီးဆုံး အောင် ပွဲခံခဲ့သည်။ အကျဉ်းထောင်ဖျက်သိမ်း ခဲ့၍ အောင်ပွဲခံခြင်းဖြစ်သည်။

၅၃ ရက် အစာငတ်ခံတိုက်ပွဲနှင့် ရဲဘော်သိန်းကြည်၊ ရဲဘော်အုံးမော်၊ ရဲဘော်ချစ်ဆွေ၊ ရဲဘော်စိန်ချင်း၊ ရဲဘော်ထွန်းမြင့်၊ ရဲဘော်မောင်မောင် စိုး၊ ရဲဘော်လေးမောင်၊ ရဲဘော်ထွန်း ဝင်းတို့ ၈ ဦး ကျဆုံးခဲ့သည်။ ၎င်းတို့ အတွက် အထိမ်းအမှတ်အဖြစ် ကျောက် တိုင်စိုက်ထူခဲ့ကြသည်။

ကျောက်တိုင်မှာ အမြင့် ၈ ပေ၊ အပေါ်တွင် ၈ လက်အရွယ် ကြယ်နီ တစ်ခု၊ မျက်နှာဖွင့် ၈ ဘက်၊ အုတ်ဂူ ၈ လုံးဖြင့် အမှတ်တရ ကျောက်တိုင် စိုက်ထူခဲ့သည်။ (နောက်ပိုင်း ယင်း အထိမ်းအမှတ်ကျောက်တိုင်ကို စစ် တပ်က ဖြိုဖျက်ခဲ့သည်ဟူ၏။)

ယခုအခါ ကိုကိုးကျွန်းသည် လေယာဉ်၊ သင်္ဘောတို့ဖြင့် အလွယ် တကူ သွားရောက်နိုင်သော အပန်းဖြေ ဆိပ်ကမ်းသာကျွန်း ဖြစ်နေပြီတည်း။

**ကိုမောင်ဿန်းဝင်း**


**မှီငြမ်း**

- ဘာလဲဟဲ့ ကိုကိုးကျွန်း (ကိုကိုလေး)
- ကိုကိုးကျွန်းသူရဲကောင်း အာဇာနည် ၈ ဦးနှင့် ကျွန်းအမှတ်တရပုံရိပ်များ (ကလောင်စုံ)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကိုအာခံ လေယာဉ်ပျံ — ဝေဟင်တိုက်ပွဲ

(ဖြစ်ရပ်မှန်အခန်းဆက်ဝတ္ထုရှည်)

□ ဗိုးကျော်

**(ခင်လမှအဆက်)**

"ဟုတ်ကဲ့ရှင့်၊ သန်ဘက်ခါ တွက်ဆို ရနိုင်ပါတယ်။ သုံးယောက် အတွက် ရပါတယ်"

"ဒါဖြင့် တစ်ယောက်ဘယ် ာက်ကျပါလဲ ခင်ဗျာ"

"စစ်တွေအတွက် တစ်ယောက် ကျပ် ကျပါတယ်ရှင့်"

"ဟုတ်ကဲ့၊ သုံးယောက်အတွက် ဖူးပြုပါခင်ဗျာ"

ဟု ပြောပြီး ဗိုလ်သိန်းကျော်က တံဆိပ် ရာတန်သုံးရွက်ကို ထုတ် လိုက်၏။

"နေရပ်လိပ်စာလည်း ကျေးဇူး ဦးလားရှင်"

"လမ်း ၂၀၊ အိမ်အမှတ်(--) ခင်ဗျား"

"အားလုံး သုံးယောက်အတူတူ ပဲလားရှင်"

"ဟုတ်ကဲ့။ အားလုံး အတူတူပါ ပဲ။ အတူနေတွေပါ"

ဤစကားကိုတော့ ဗိုလ်သိန်းကျော်က ဝင်ပြောလိုက်သည်။

ထို့နောက် စာရေးမလေးသည် နေရပ်လိပ်စာ၊ နာမည်များကို အစုံ အလင် ရေးမှတ်သားပြီး လေယာဉ် လက်မှတ်များပေါ်တွင် တံဆိပ်တုံးများ ကို ရိုက်နှိပ်ပေးသည်။ ကျသင့်သော လက်မှတ်သုံးဆောင်ခငွေကို ယူထား ပြီး ပိုငွေကို လက်မှတ်သုံးစောင်နှင့် အတူ အတိအကျ ပြန်အမ်းပေးသည်။

ဗိုလ်ကျော်အေးက လက်မှတ် သုံးစောင်နှင့် အမ်းငွေကို ပြန်ယူရင်း

"ရုံးကို မနက်ဘယ်အချိန် လာ ရမလဲ ခင်ဗျာ"

ဟု ဆက်မေး၏။

"လေဆိပ်ကို ရုံးကားနဲ့ လိုက် မယ်ဆိုရင် မနက်စောစော လေးနာရီ လောက် လာရပါမယ်ရှင့်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

သူတို့နှစ်ယောက် လက်မှတ် ရောင်းကောင်တာက ခွာလာကြ သည်။ ရုံးအပြင်ကိုကား ချက်ချင်း မထွက်ကြသေး။ ဗိုလ်ကျော်အေးက ဗိုလ်သိန်းကျော်အား အတွေ့အကြုံရှိ ထားအောင် ခရီးသွားများ လက်မှတ် ဝယ်ရာကအစ ပေါင်ချိန်ပုံ၊ ပစ္စည်း အထုပ်အပိုးများ သယ်ယူပုံ၊ ဘယ် နေရာသည် ဘာအတွက်၊ ဘယ်ဌာန



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ကို တစ်ဆင့်တစ်ဆင့် သွားရပုံတို့ကို လိုက်လံပြသ ပြောကြားပြီးမှ လေယာဉ်ရုံးကြီးက ထွက်လာကြသည်။

လေယာဉ်ရုံးက ပြန်လာကြပြီး လမ်း ၂၀ တရုတ်ကြီးအိမ်က နေရာ ရွှေ့ပြောင်းလာကြသည်။ အထုပ်အပိုးများဆွဲပြီး ပထမ ၁၇ လမ်းနှင့် ၁၈ လမ်းကြားရှိ နိုင်ငံခြားအရက်ဆိုင်ဝင်ပြီး ဝီစကီတစ်ပိုင်းနှင့် စားသောက်စရာများ စားသောက်လိုက်ကြသည်။ ပြီးတော့မှ အလုံဘက်ရှိ ဗိုလ်ကျော်အေး အသိ အဒေါ်ကြီးတစ်ယောက်အိမ်ကို လာကြသည်။ ကျွန်တော်တို့ ယခုမှ သင်္ဘောနှင့် ရောက်လာကြောင်း၊ တစ်ညလုံး သင်္ဘောစီးလာကြသဖြင့် အိပ်ရေးပျက်လာကြကြောင်း၊ ဤတစ်နေ့ပဲ တည်းခိုပြီး မနက်ဖြန်ပြန်မည်ဖြစ်ကြောင်း အဒေါ်ကြီးအား ယုံလောက်အောင်ပြောပြီး တကယ် အိပ်ရေးပျက်လာသည့်ပုံနှင့် နှစ်ယောက်သား ထိုးအိပ်လိုက်ကြသည်။ အမှန်ကတော့ ဝီစကီအရှိန်ဖြင့် အိပ်မောကျသွားကြခြင်း ဖြစ်၏။

ညနေ ၄ နာရီကျော်မှာ နှစ်ယောက်စလုံး အိပ်ရာက နိုးလာကြသည်။ အိပ်ရာက နိုးသည်နှင့် ဗိုလ်သိန်းကျော်က –

"ရန်ကုန်တော့ ရောက်ပါပြီနော်"

ဟု ပြောလိုက်ရာ ဗိုလ်ကျော်အေးက –

"ဟုတ်တယ်လေဗျာ။ လက်မှတ်တောင် ဘွတ်ကင်လုပ်ထားကြပြီပဲ"

ဟု ဆို၏။

"ခင်ဗျား ရန်ကုန်ရောက်ရင် လျှို့ဝှက်ချက် ပြောရဦးမယ်ဆို"

"မလိုသေးလို့လေဗျာ"

"ဒါဆို ကျွန်တော် မြို့ထဲက အသိသူငယ်ချင်းတွေဆီ ခဏသွားချင်တယ်"

"သွားတာကတော့ သွား။ ဟိုမှာ သူငယ်ချင်းတွေနဲ့တွေ့ပြီး သောက်စားမူးယစ်တော့ လုပ်မလာနဲ့နော်။ သိပ်အရေးကြီးတဲ့အချိန် ရောက်နေပြီ ဗိုလ်သိန်းကျော်။ အဲ ‥ ကိုဘကျော်၊ ဒါလည်း အရေးကြီးတယ်နော်။ ကျွန်တော်လည်း ဖျားချင်သလိုဖြစ်နေလို့ ဆေးခန်းသွားရဦးမယ်။ ပြီးတော့ … ကိုအစိမ်းကိုလည်း လက်မှတ်ရပြီးကြောင်း၊ ၂၅ ရက်နေ့ ခရီးသွားမယ့်အကြောင်း ဆက်သွယ်မှာကြားရဦးမယ်။ သွားတာကတော့ သွားပါ။ သွားသတိ၊ လာသတိ၊ စားသတိ ရှိပါစေ"

"စိတ်ချပါ ကိုမောင်မောင်ရာ။ ဟဲ … ဟဲ … ဟဲ ‥ သွားမယ်"

ဗိုလ်သိန်းကျော်ပြန်လာသောအခါ ဗိုလ်ကျော်အေးကား စီစဉ်စရာရှိသည်များကို စီစဉ်ထားခဲ့ပြီး ဗိုလ်သိန်းကျော်ကို မြင်သည်နှင့် အိပ်ရာထဲက ငေါက်ခနဲ ထထိုင်သည်။ အချိန်မှာ ည ၉ နာရီကျော်ပြီ။

"ခင်ဗျားဗျာ … ကျွန်တော့်မှာ စိုးရိမ်လိုက်ရတာ။ ဘာလို့ ဒီလောက်မိုးချုပ်အောင် နေခဲ့လဲဗျာ"

ဟု အပြစ်တင်သော လေသံနှင့် ပြောသည်။

"ခင်ဗျား စိုးရိမ်နေမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော်က အလုံမြို့ဆုံးနေရာမှာ သူငယ်ချင်းတွေနဲ့ သွားနေတာပါ"

"ဘယ်နေရာလဲ"

"ဘယ်နေရာလဲဆိုတော့ သခင်
နတို့ မြို့ပြကို ရောက်တုန်းရောက်ခိုက်
ရုပ်ရှင်တစ်ပွဲလောက်တော့ ဝင်ကြည့်ဦး
မှပဲလေဆိုပြီး ရုပ်ရှင်သွားကြည့်နေ
လိုက်တာ။ သူငယ်ချင်းတွေကလည်း
ရောက်ခိုက်ဆိုပြီး ပြုစုကြသေးတာကို
ဗျ။ ဟဲ … ဟဲ … ခင်ဗျားဖျားချင်နေ
တယ်ဆိုတာ ဘယ်လိုလဲ၊ ခု သက်
သာသွားပြီလား"

သူ့ပုံကို ကြည့်ရသည်မှာ သိ
လန်းလန်းဆန်းဆန်း ရှိပုံမရသဖြင့်
အစီအစဉ်များ တစ်မျိုးတစ်ဖုံ ပြောင်း
သွားလေပလားဟု ဗိုလ်သိန်းကျော်က
လည်း ရယ်ရွှန်းပတ်ရွှန်း ပြောပြီး
အားနာစွာနှင့် မေးမိလိုက်သည်။

"သက်သာသွားပါပြီဗျာ"

ဟု ပြောပြီး အိပ်ရာထဲ ပြန်
ချလိုက်သည်။

အမှန်က နောက်မှသိရသည်မှာ
ဗိုလ်ကျော်အေးက လူပျိုဖြစ်သဖြင့် သူ
ဆေးခန်းသွားရင်းက သူ့ရည်းစား
နော်ဝါးနှင့် မမျှော်လင့်ဘဲတွေ့ပြီး
အဆင်မပြေ ဖြစ်လာကြသည်ဆို၏
သူဆေးခန်းသွားပြသော ထိုဆေးခန်း
မှာပင် သူ့ရည်းစား နော်ဝါးကလည်း
သူနာပြုဝင်လုပ်နေရာ တိုက်တိုက်ဆိုင်
ဆိုင် တွေ့လာခဲ့ကြသည်ဆို၏။ သို့
သော် ထိုစဉ်က ဗိုလ်ကျော်အေးသည်
ထိုအကြောင်းကို ဗိုလ်သိန်းကျော်အား
လုံးဝမဟ။ ဗိုလ်သိန်းကျော်ကသာ သူ
အသွင် သိပ်လန်းလန်းဆန်းဆန်း မ
သည်ကို မြင်၍ –

"အစီအစဉ် အပြောင်းအလဲများ
ရှိသေးလား ဗိုလ်ကျော်အေး"

ဟု မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"မပြောင်းပါဘူး။ အားလုံး ...ပါ။ စောအငြိမ်းကို မနက်ဖြန် ...ကို အဲ .. ခင်ပျားကို ရန်ကုန် ...တ်မှ ပြောမယ်ဆိုတဲ့ တော့ ...ရက် ခုပြောမယ်။ ကျွန်တော်တို့ ...ဖြန် စောအငြိမ်းနဲ့ ချိန်းထားတဲ့ ...က အာရ်စီအမ် ဘုန်းကြီးကျောင်း ...ကျောင်းပါပဲ။ အဲဒီမှာ စောအငြိမ်း ...ပြီး ဆက်ဆောင်ရွက်ကြဖို့ပါပဲ။ ...နော်"

သူပင်ပန်းလာသည်။ အစီအစဉ် ...ကို အလျင်စလို စီစဉ်လာရ၍ ...မောလူမော ဖြစ်လာသည်ဟု ယုံ ...ည်ရသဖြင့် ဗိုလ်သိန်းကျော်က –

"ကဲ ... ဒါဆိုလည်းပြီးရော။ ...များလည်း ပင်ပန်းလာမယ်၊ အိပ် ...။ ကျွန်တော်လည်း အိပ်တော့ ..."

ဟု ပြောပြီး နှစ်ယောက်သား ...ထောင်ချ အိပ်လိုက်ကြတော့သည်။

* * * * *

နောက်တစ်နေ့။

နံနက်မိုးလင်းသည်နှင့် သူတို့နှစ်ယောက် ကြိုတင်စီစဉ်ထားကြသည့်အတိုင်း တစ်နေရာသို့ရွှေ့ရန် အထုပ်အပိုး ပြင်ဆင်ကြသည်။ အိမ်ရှင်အဒေါ်ကြီးအား မနက်သဘောနှင့် ပြန်ကြရန် ...ပြီး ထိုအိမ်က အစောကြီး ထွက် ...ခဲ့ကြသည်။

နံနက် ၇ နာရီမှာပင် အာရ်...အမ်ဘုန်းကြီးကျောင်းကို ရောက်လာကြသည်။ ကျောင်းက စောအငြိမ်း ...စိမ်း)ကို စောင့်နေကြသည်။ ကြို...င်ချိန်းထားခဲ့သည့်အတိုင်း ၂၄ ...တ်နေ့ စောအငြိမ်း ဤကျောင်းကို အရောက်လာရမည်။ စောအငြိမ်းမှာ သူ့တာဝန် ခရီးစဉ်အရ ဤနေ့နံနက် ၉ နာရီတိတိအချိန်တွင် ကျောင်းစောင့်ကိုမေးပြီး ဤကျောင်းသို့ အရောက်လာရန် ဗိုလ်ကျော်အေး အမိန့်စာပေးထားခဲ့သည်။

နံနက် ၉ နာရီ ကျော်လာသည်။ စောအငြိမ်းကား ပေါ်မလာသေး။ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ စိတ်ပျက်မိကြသလို စောအငြိမ်းများ တစ်ခုခု ခရီးစဉ် အဆင်မပြေဖြစ်ပြန်ပလားဟု စိုးရိမ်မိကြပြန်၏။

ပထမတော့ သူတို့သည်လောက် မြန်မြန်အလုပ်ဖြစ်ကြလိမ့်မည်ဟု မထင်ခဲ့ကြ။ ယခု စောအငြိမ်းနှင့် ချိန်းထားသော ရက်ထက် နောက်ကျလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ထိုသို့ ထင်ခဲ့ကြသည့်အကြောင်းမှာ နယ်လေယာဉ်ကွင်းမှာလို သင်္ဂါယနာတင် ရဟန်းသံဃာများကို လေယာဉ်နှင့် အသွားအပြန် ဦးစားပေးနေရသည်ကို ကြိုထားခဲ့ကြ၍ ဖြစ်သည်။ သို့သော် ယခုတော့ မနက်ဖြန်ပဲ ချကြရမည်ဖြစ်ရာ စောအငြိမ်းက ပေါ်မလာပြန်။ စောအငြိမ်းမလာလျှင်လည်း နှစ်ယောက်တည်းပဲ ချကြရတော့မည်။ လက်မှတ်ကလည်း ဝယ်ပြီးနေပြီ။ အမှန်က စောအငြိမ်းကို စောစောကပင် သိပ်ပြီး အားမထားခဲ့ကြ။ လူလည်း သိပ်များများ မလို။ ထို့ကြောင့် စောအငြိမ်းကိုစောင့်ရင်း ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့ တိုင်ပင်နေကြသည်။ စောအငြိမ်းမှာ တကယ်လည်း ဗိုလ်သိန်းကျော်ပြောသလို ပေါကြောင်ကြောင်ပါလားဟု ယခုတော့ ဗိုလ်ကျော်အေးပါ အထင်ရောက်လာသည်။ စိတ်မချလည်း ဖြစ်လာမိသည်။

ထို့ကြောင့် စောအငြိမ်းမှာ အူကြောင်ကြောင်နှင့် လာလျှင်လည်း ကျောင်းဝင်ဝ၌ ဟိုမေး၊ သည်မေး ရှာဖွေနေရကာ အခက်အခဲဖြစ်မှာ စိုးရိမ်ရသဖြင့် နှစ်ယောက်သား ကျောင်းဝထိသွားပြီး စောအငြိမ်းကို စောင့်ကြရသည်။

၉ နာရီခွဲခါနီးမှာ လက်ဆွဲအိတ်ကလေးယမ်းကာ လေတချွင်ချွင်နှင့် မောင်မင်းကြီးသား စောအငြိမ်း ပေါက်ချလာတော့သည်။ ထိုအခါမှ စိတ်အေးရပြီဟူသော အတွေးပင် မဆုံးလိုက်ကြ၊ သူတို့ကိုမြင်သည်နှင့် စောအငြိမ်းက ...

"ဟာ ... ဗိုလ်ကြီးတို့ အစောကြီး ရောက်နေကြတာကိုး။ တော်တော် ကြာသွားကြပလား။ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်"

ဟု ဝမ်းသာအားရ မေးလိုက်သည်ကို ဗိုလ်ကျော်အေးက ...

"ဟော့ကောင်၊ ဒီမှာ ရန်သူ့နယ်မြေကွ။ ဗိုလ်ကြီးတွေဘာတွေ မခေါ်ရဘူးဆို တာ ပြောထားရဲ့နဲ့ သတိထားမှပေါ့ကွ"

ဟု တီးတိုး သွားကြိတ်ပြီး အသံကို အုပ်ပြောလိုက်ရသည်။

ဗိုလ်သိန်းကျော်ကတော့ စောအငြိမ်းကို ခပ်တည်တည် ကြည့်လိုက်ပြီး တောက်မခေါက်မိအောင် အံကြိတ်ထားလိုက်ရသည်။ ဤသည်ကို ရိပ်မိပုံပင်မရသော စောအငြိမ်းက ...

"ဆောရီးပဲ ဦးမောင်မောင်ရယ်"

ဟု လုပ်ချလိုက်သေးသည်။

"ဆောရီး လုပ်မနေနဲ့ကွ၊ လာ"



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း ကျောင်းပေါ်ကို ဗိုလ်ကျော်အေးက ခေါ်တင်လာသည်။

ဗိုလ်သိန်းကျော်ကမူ စောအငြိမ်းကို စိတ်ပျက်သဖြင့် အောက်၌ပင် လူသွားလူလာ အခြေအနေကိုကြည့်၍ ကျန်ခဲ့၏။

"ဟေ့ကောင် ... အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တို့အားလုံး စီစဉ်ပြီးပြီ။ မနက်ဖြန်ပဲ ချကြရတော့မယ်။ ဒီအချိန်ကစပြီး မင်းဘယ်မှမသွားရဘူးနော်။ မနက်ဖြန် သွားကြတဲ့အခါလည်း အပြောအဆို၊ အနေအထိုင် အထူးဆင်ခြင်ရမယ်။ သတိထားရမယ်ကွ နော်။ ဒါ .. အမိန့်ပဲလို့မှတ်"

ဟု ဗိုလ်ကျော်အေးက ပြောလိုက်ရာ စောအငြိမ်းက ...

"ဝမ်းသာလိုက်တာ ကိုမောင်မောင်ရာ။ အိုကေ ... စိတ်ချ။ ကျွန်တော် တော်တော်ကို ပျော်သွားပြီ။ ချီးကျူးပါတယ်။ အစီအစဉ် သိပ်တော်တာပဲ"

ဟု ကကယ်လည်း ဝမ်းသာသွားပုံနှင့် ပြောသည်။

"ပင်း ခရီးစဉ်ပင်ပန်းလာလား"

"မပင်ပန်းပါဘူးဗျာ။ ဘယ်လောက်ပင်ပန်းပန်း ကျွန်တော့်ခေါင်းထဲ ချဖို့ကိစ္စပဲ အမြဲရှိနေပါတယ်။ ယုံပါ ဗိုလ်ကြီးရာ"

"ယုံပါတယ်ကွာ ... မင်းကို အော်စီကလည်း အဲဒါကြောင့် တို့နဲ့ ပါမယ့်လူ အခြားမမြင်ပါဘူးပြောပြီး ထည့်ပေးလိုက်တာ။ စောစောက ငါ ပြောပကားတွက်တာ ငါ့အမိန့်မဟုတ် ဘူး။ အော်စီရဲ့ အမိန့်ဆိုတာတော့ နားလည်ပါတယ်နော်"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"အေး ... မင်းခရီးပန်းရင်လည်း ဒီမှာသက်သောင့်သက်သာ လဲလျောင်းနေဦး။ အတော်ကြာမှ ထမင်းထွက်စားကြတာပေါ့။ ခု ... ငါ ဗိုလ်သိန်းကျော်နဲ့ တိုင်ပင်စရာလေး တစ်ခု ကျန်နေသေးလို့ အောက်ဆင်းလိုက်ဦးမယ်"

"ဟုတ် ..."

ဗိုလ်ကျော်အေးက ဗိုလ်သိန်းကျော်ဆီ ဆင်းလာသည်။

တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံရသော ဗိုလ်သိန်းကျော်နား ဗိုလ်ကျော်အေး သွားထိုင်လိုက်သည်နှင့် ဗိုလ်သိန်းကျော်က ...

"ဗိုလ်ကျော် ... ခင်ဗျားလူ ဖြစ်ပါ့မလားဗျာ။ ဒီပေါကြောင်ကြောင်ကြီးကို ထားပစ်ခဲ့မှ ကောင်းလိမ့်မယ် ထင်တယ်။ နှစ်ယောက်တည်းချလည်း ဖြစ်ပါတယ်ဗျာ။ ထားပစ်ခဲ့ရင်မကောင်းဘူးလား"

စောအငြိမ်းကို စိတ်မချဖြစ်နေ၍ ပြော၏။

"ထားပစ်ခဲ့လို့တော့ မဖြစ်ဘူးထင်တယ်ကွ။ ကျွန်တော်လည်း တော်တော် တွေးတာပဲ။ ခုဟာက သူ့ကို ထားပစ်ခဲ့လောက်တဲ့ အပြစ်လည်း မရှိသေးဘူး။ အေး ... နည်းနည်းတော့ သတိထားကြရမှာပေါ့။ နက်ဖြန်ပဲ အလုပ်လုပ်ကြရတော့မယ့်ဟာ။ သူ့ကိုလည်း ဘယ်မှ မသွားခိုင်းတော့ဘူး။ တို့နဲ့ပဲ အတူတူနေခိုင်းထားမယ်။ သူ့ကိုပစ်ထားခဲ့လို့ သာမဖြစ်တာက ခုနကပုံကြည့်ရတာ သူ့ကို လူသိတော့များတယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး အလုံးစုံ မပြောမိထားသေးတော့ သူ ဘယ်ကလာတယ်၊ ဘယ်မှာနေတယ်၊ အဲဒီလို အစအနလေးတွေ လျှောက်ပြောနေရင် ပိုခက်မယ်။ အဲဒါကြောင့် ဒီကောင်ကို ထားခဲ့လို့တော့ မဖြစ်ဘူး။ ထားခဲ့ရင် သူလည်း စိတ်ကောင်းမှာ မဟုတ်ဘူး။ အဲဒါမှ ဒေါ်ပွပွနဲ့ တွေ့ကရာတွေ လျှောက်ပြောရင် ပိုဆိုးသွားလိမ့်မယ်။ ဒီကိစ္စအတွက် သူ့စိတ်သန်နေတာကတော့ အမှန်ပဲ။ စောစောကတောင် ကျွန်တော့်ကို ပြောသေးတယ်။ ပြီးတော့ ... ဒီကိစ္စကို အော်စီက စီစဉ်ညွှန်ကြားသူ။ သူ့ကို ထားခဲ့လို့ အဆင်မပြေဖြစ်ရင် အော်စီက ကျွန်တော်တို့ ခင်ဗျားတို့ပဲ အပြစ်တင်မှာ။ သူပါလာရင်လည်း တစ်အားပေါ့ဗျာ။ ခုချကြရမှာက လေယာဉ်ပျံကလည်း အကြီးကောင်ဆိုတော့ သုံးယောက်ဆို ပိုကောင်းပါတယ်။ သူ့ကြည့်ရတာလည်း စိတ်ပါလက်ပါ ရှိတယ်။ စိတ်ထက်သန်နေတယ်။ အကဲခတ်ရတာ ဘာမှကြောက်ရွံ့တဲ့ပုံ မရှိဘူး။ သတ္တိတော့ကောင်းမယ်။ သူ့ချွတ်ယွင်းချက်က အပြောအဆိုနဲ့ ပေါကြောင်ကြောင် လုပ်တတ်တာကတော့ သူ့ဗီဇလားမှမသိတာ။ အော်စီကလည်း သူ့ကို အရေးကြီးတဲ့ ကိစ္စတွေမှာ သုံးဖူးလို့ ထည့်လိုက်တာ ထင်တယ်။ အလုပ်လုပ်ကြရမှာက နာရီပိုင်း၊ အချိန်ပိုင်းလောက်ပဲဆိုတော့ ထိန်းထိန်းသိမ်းသိမ်း ခင်ဗျားနဲ့ ကျွန်တော် ကြပ်မတ်သွားရင် ဖြစ်ပါလိမ့်မယ်"

စောအငြိမ်းအပေါ် ဗိုလ်သိန်းကျော် စိတ်မချဖြစ်နေသည်ကို ဗိုလ်ကျော်အေးက ရှင်းပြဖျောင်းဖျပြောနေသည်။

"အေးလေဗျာ ... ဒါတော့



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားသဘောပဲ။ ဒါပေမယ့် ခင်ဗျား အကောင်ကို တစ်ယောက်တည်းတော့ ဘယ်မှ မလွှတ်နဲ့တော့နော်။ အလုပ်က ရက်ပိုင်းပဲ လိုတော့တယ်လေ"

"စိတ်ချပါ။ စောအငြိမ်းကို တစ်ယောက်တည်း ဘယ်မှ မလွှတ်ပါဘူး။ ဒါကို ကျွန်တော်လည်း တွက်ပြီးသားပါ"

ကျောင်းပေါ်တွင် သုံးယောက်သား အနည်းငယ် ဆွေးနွေးတိုင်ပင်ကြပြီး မြို့ထဲသို့ ထွက်ခဲ့ကြသည်။

လမ်းတွင်တွေ့သော တက္ကစီဂျစ်ကားကိုငှားပြီး ဟောင်ကောင်ဟိုတယ်သို့ လာကြသည်။ ဗိုလ်ကျော်အေးက ဘရမ်ဒီတစ်ပိုင်းနှင့် စားစရာအစုံ၊ ထမင်းပွဲပါ မှာလိုက်သည်။

စောအငြိမ်း စားပွဲက ရုတ်တရက်ထသွားသဖြင့် သူတို့နှစ်ယောက် လိုက်ကြည့်နေကြရာ မျက်နှာပချိုမချိုနှင့် စားပွဲထိုး တရုတ်မလေးကို ဘာပြောနေပြန်သည် မသိ။ တရုတ်မလေးက အိမ်သာဘက် လက်ညှိုးထိုးပြတာ မြင်မှ သက်မချလိုက်ကြသည်။

"ဗိုလ်ကျော်အေး၊ ခင်ဗျားလူကို ကြည့်ထိန်းနော်။ အတော်ကြာ မူးရူးပြီး ထိန်းမရ သိမ်းမရ ဖြစ်နေလို့ ဒုက္ခဖြစ်နေဦးမယ်"

စောအငြိမ်းကို ယခုထိ စိတ်မချဖြစ်နေသော ဗိုလ်သိန်းကျော်က ဗိုလ်ကျော်အေးနားနားကပ်ပြီး တီးတိုး သတိပေးနေပြန်၏။

"စိတ်ချပါ။ ဒီကောင်ကို မလွန်အောင် ကျွန်တော်ထိန်းပါ့မယ်။ ဒီကောင်ကို ကျွန်တော် အကဲခတ်ပြီးပါပြီ။ အရိုးချောင်းက ခင်ဗျားအိမ်မှာ ဘုရားရှိခိုးကြတဲ့ ညကတည်းက ဒီကောင် ဘယ်လောက်သောက်တတ်သလဲ၊ မူးရင် ဂျီတိုက်သလား၊ ဘာဖြစ်တတ်လဲဆိုတာ သူ့ကို ကျွန်တော် အကဲခတ်ခဲ့ပါတယ်။ အဲဟိုညနေက တောအရက် မီးတောက်ကြီး သုံးခွက်တိုက်ပြီး အကဲခတ်ကြည့်တယ်။ ခင်ဗျား သည်း မှတ်မိမှာပေါ့။ သိပ်ပြီး ရုပ်ပျက်ဆင်းပျက် ဂျီကျတာ၊ စကားများနေတာ မရှိပါဘူး။ အမှားအယွင်းလည်း မပြောပါဘူး။ မူးပြီး အိပ်သွားတာပဲ မဟုတ်လား"

"အဲဒီညကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ခုတော့ လျှော့တိုက်ဗျာ။ ဟိုတုန်းက မဆိုးပေမယ့် ခုဆိုးနေမှ ခက်နေဦးမယ်"

စောအငြိမ်း အိမ်သာက ပြန်ထွက်လာသဖြင့် ဗိုလ်သိန်းကျော်ကို ဗိုလ်ကျော်အေးက လက်ကုတ်လိုက်သည်။

စောစောထသွားတုန်းက ဗိုလ်ကျော်အေး၏ လက်ျာဘက် ကုလားထိုင်က ထသွားသည်။ ယခုပြန်လာတော့ ဗိုလ်သိန်းကျော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး

"ဟိုတယ်က သားနားတယ်နော်။ ကျွန်တော် ဒီကို တစ်ခါမှ မရောက်ဖူးဘူး။ အဲဒါကြောင့် အိမ်သာကို သွားကြည့်တာ . . ဟဲ . . . ဟဲ"

ဟု ဆို၏။

စောအငြိမ်းကို ကြည့်ရသည်မှာ ဘယ်နေရာရောက်ရောက် ဘာမထီသည့် ပုံပင်။

စောအငြိမ်းကို အကဲခတ်ရင်း ဤစစ်ဆင်ရေးကြီးကို စီစဉ်ညွှန်ကြားသူ ဗိုလ်ကြီးအော်စဘွန်းကိုလည်း သတိရစရာ ဖြစ်လာပြန်သည်။ ဗိုလ်ကြီးအော်စဘွန်းနှင့် စောအငြိမ်းတို့က ပုံစံချင်းတူသလိုပင်။ သို့သော် အပြောင်အပြက် အရွှတ်အနောက် မည်မျှပြောပြော ရဲဘော်ရဲဘက်စိတ်တော့ အပြည့်ရှိသည်။ ပျော်ပျော်နေ သေခဲဆိုသော ဝါဒသမား ဖြစ်သည်။

တစ်ခါက အထောင်ရှားခဲ ဧရိယာတွင် အစိုးရတပ်က ထိုးစစ်ဆင်ချိန်တွင် ဗုံးနှစ်လုံး ပျောက်နေသည်။ ဗုံးထောင်သူလည်း တိုက်ပွဲတွင် ကျသွားသဖြင့် ဗုံးကြီးများကို ခရီးသွားလူထုနင်းမိပါက သေကုန်မည်စိုးသဖြင့် ရဲဘော်များကို မဆင်းခိုင်းဘဲ သူကိုယ်တိုင် ဆင်းရှာဖော်ယူခဲ့သည်။

ထို့ကြောင့် ဗိုလ်ကြီးအော်စဘွန်း ထည့်ပေးလိုက်သော စောအငြိမ်းမှာလည်း ရဲဘော်ရဲဘက်စိတ်တော့ အပြည့်ရှိလိမ့်မည်ဟု ဗိုလ်ကျော်အေးက တွက်ဆထားလေသည်။

ထိုနေ့ည ၈ နာရီတွင် ကျောင်းတံခါးကို လုံခြုံစွာပိတ်ကြသည်။ အသင့်စီစဉ်ယူထားသော ခြောက်လုံးပြူး သုံးလက်နှင့် ယမ်းသီးအစုံ လက်ပစ်ဗုံးနှစ်လုံးကို ထုတ်ပြီး အသင့်ချုပ်လာသော အိတ်ရှည်လေး၊ ခြောက်လုံးပြူးချည်ရန်ကြိုး၊ စားမြောင်၊ ကြိုးဖြေ၊ အိတ်ဖြေရန် ဓားပိုင်းလေး စသည်များကို ဗိုလ်ကျော်အေးက နောက်ဆုံးအကြိမ်အနေနှင့် ထုတ်ပေး၍ အသေးစိတ် အစီအစဉ်ကို ပြောကြားသည်။ လေ့ကျင့်မှုအကြိမ်ကြိမ် လုပ်ခိုင်းသည်။ အစီအစဉ်များကို တစ်ခုမကျန် သူကိုယ်တိုင် အထိုင်အထ အစအဆုံး လုပ်ပြသည်။ ပေါင်တွင်ချည်ထားသော ခြောက်လုံးပြူးမှာ အထိုင်အထနှင့် ခုလုခုလု မဖြစ်အောင် အနားက



www.burmeseclassic.com

www.burmeseclassic.com

လျက်နေသူပင် မသိအောင် ပုံစံနမူနာတွေ ပြသည်။

လက်နက်ကိစ္စ ပြီးသောအခါ မနက်ဖြန် ကျောင်းမှ ၃ နာရီခွဲ ထွက်ကတည်းက ယူဘီအေရုံးအရောက် ဆောင်ရွက်ရမည့်တာဝန်များ၊ ယူဘီအေရုံးမှ ကားနှင့် မင်္ဂလာဒုံလေဆိပ်အရောက်နှင့် လေဆိပ်တွင် ဆောင်ရွက်ရမည့် တာဝန်များ၊ လေဆိပ်က လေယာဉ်ပေါ်အရောက် နောက်ဆုံးအလုပ်ပြီးသည်ထိ အဆင့်ပေါင်းများစွာကို သတိဝီရိယနှင့် ဘယ်သူ့တာဝန်က ဘယ်ဟာ၊ ဘယ်အချက်၊ ဘယ်သူက ဘယ်နေရာ၌ ဘယ်သူ့ကို ထိန်းရမည်။ ဘယ်လိုလူက ဘယ်လိုပြုမူလာရင် ဘယ်လိုလုပ်ခိုင်းရမည် ... စသည်တို့ကို အမိန့်ဟုပြောပြီး ဗိုလ်ကျော်အေးက တာဝန်ခွဲဝေပေးသည်။

ထိုသို့သော အစီအစဉ်များကို နှစ်နာရီကျော်ကျော် လေ့ကျင့်ကြပြီး ည ၁၀ နာရီကျော်တွင် အိပ်ရာဝင်လိုက်ကြသည်။

✦ ✦ ✦ ✦ ✦

၁၉၅၄ ခု၊ ဇွန်လ ၂၅ ရက်။

နံနက် ၃ နာရီတိတိတွင် သုံးယောက်စလုံး အစောကြီး နိုးနေကြသည်။ ညဦးကပင် အသင့်ဝယ်ထားသော ဖယောင်းတိုင်ကလေးများကို ထွန်းညှိကာ အဝတ်စနှင့် အပြင်က မြင်အောင် မီးရောင်ကို ကွယ်ထား...က်သည်။ အခန်းလေးထဲမှာ မှိန်...ဖျော့ အလင်းရောင်သာ ရှိနေ၏။ ...ခုန်းက ဗိုလ်ကျော်အေး စီစဉ်ညွှန်...ားထားသည့်အတိုင်း တိုက်ပွဲဝင်မည့် လက်နက်များကို အစီအစဉ်တကျ ဝတ်ဆင်ကြသည်။

ဗိုလ်ကျော်အေး ကိုင်ဆောင်အသုံးပြုမည့် လက်နက်မှာ ၃၈ ဘို့ စပယ်ရှယ် 'ကိုလ်'အမျိုးအစား နီကယ်အဖြူရောင်လက်နေသည့် ခြောက်လုံးပြူးတစ်လက်နှင့် အင်္ဂလိပ်လုပ် လက်ပစ်ဗုံးတစ်လုံး ဖြစ်သည်။

ဗိုလ်ကျော်သိန်းက ၃၈ ဘို့ ပြောင်းတို ခြောက်လုံးပြူး အနက်ရောင်တစ်လက်နှင့် အင်္ဂလိပ်လုပ် လက်ပစ်ဗုံး တစ်လုံး။

စောအငြိမ်း ကိုင်ဆောင်အသုံးပြုမည့် လက်နက်မှာ ဗိုလ်သိန်းကျော် ကိုင်ဆောင်သော ၃၈ ဘို့ ခြောက်လုံးပြူး ပြောင်းတိုအမျိုးအစားပင်။ စောအငြိမ်းတွင် လက်ပစ်ဗုံး မပါပေ။

ကိုယ်ပေါ်တွင် လက်နက်များ ချည်နှောင်ယူသွားကြမည့် အပြင်အဆင်ကို ဗိုလ်ကျော်အေး ညက ပြသထားသည့်အတိုင်း သူကိုယ်တိုင် ဝင်လုပ်ပေးသည်။ စောအငြိမ်းကို ပထမဦးဆုံး ပြင်ဆင်ပေး၏။

လက်ပစ်ဗုံးမပါသော စောအငြိမ်းကို သူ့ပေါင်ရင်း၌ ခြောက်လုံးပြူးကို ကြိုးရှည်ရှည်ထား၍ ပေါင်ရင်းမှာ ပတ်ထားပြီး ကြိုးကို ခါးတွင် တစ်ပတ်ပတ်ကာ ခြောက်လုံးပြူး အောက်ကို လျှောမကျရန် ထိန်းချည်ပေးသည်။

"စောအငြိမ်း ထိုင်ကြည့်စမ်း"

ဗိုလ်သိန်းကျော်က ထိုင်ကြည့်စမ်းဆိုသဖြင့် စောအငြိမ်း ထိုင်ချလိုက်သည်။

"ဟာ ... ဟော့ကောင် ညကပြထားသလို ဒူးကို ကွေးရုံပဲ ကွေးလေကွာ။ တို့ဒီကထွက်ပြီး ကားစီးစီး၊ လေယာဉ်ပျံထက်မှာလည်း ထိုင်ခုံနဲ့ပဲ ထိုင်ကြရမှာ ဘာလို့ ဖင်ထိုင်ချရတာလဲ"

"သိပါတယ် ဗိုလ်ကြီး၊ ဒီလို ဖင်ထိုင်ချရင်ကော သိပ်ပြီး ခုလုခုလု ဖြစ်နေမလားလို့ စမ်းကြည့်တဲ့ သဘောပါ။ တကယ်လို့ တစ်စုံတစ်ခု အကြောင်းမညီညွတ်လို့ ဖင်ထိုင်ချရမယ်ဆိုလည်း အနားက ဘယ်လူမှ မရိပ်မိဖို့ အရေးကြီးတော့ အဆင်ပြေနိုင်မလားလို့ အစမ်းသဘောပါ"

"အေး ... အဲဒါတော့ မင်းက ငါ့ထက် တော်သွားပြီ။ ညက အဲဒါငါ သတိမထားမိဘူး။ သတိဆိုတာ ပိုတယ်မရှိဘူးကွ။ ဘယ့်နှယ်လဲ အိုကေတယ် မှတ်လား"

"အိုကေပါတယ် ဗိုလ်ကြီး"

ဗိုလ်သိန်းကျော်ကတော့ သူ့ခြောက်လုံးပြူးကို ညကလေ့ကျင့်ထားသည့်အတိုင်း သူ့ဘာသာသူ ပေါင်ရင်းပတ်၊ ခါးချည် လုပ်လိုက်သည်။ ပြီးတော့မှ လက်ပစ်ဗုံးကို အဝတ်အိတ်ရှည်လေးထဲ ထည့်ရ၏။ ထိုအဝတ်အိတ်ရှည်လေးကို လိမ်လိုက်သောအခါ အဝတ်ကြိုးတစ်ခုလို ဖြစ်သွားသည်။ မတ်တတ်ရပ်လျှင် လွယ်ကူပြီး ထိုင်လျှင်တော့ အနေအထိုင် အနည်းငယ် ကျပ်သည်။

လေယာဉ်ပေါ်၌ တိုက်ပွဲဝင်ကြရသောအခါ လက်ပစ်ဗုံးကို ပင်ဖြုတ်ကောင်း ဖြုတ်ရမည်။ ထိုအခါ လက်ပစ်ဗုံး မောင်းတံကို ကြာကြာကိုင်ထားနိုင်မည်မဟုတ်။ လက်ညောင်းလာလျှင် လက်ပစ်ဗုံးကွဲ၍ အကုန် ဒုက္ခရောက်နိုင်သည်။ ထို့ကြောင့် ဗိုလ်ကျော်အေးကပင် အစားထိုးရန် ဝယ်လာသော ဆံညှပ်ကလေးများကို ဤ



www.burmeseclassic.com

www.burmeseclassic.com

မနက်မှပြောပြီး ဗိုလ်သိန်းကျော်ကို ပေးသည်။ ဗိုလ်ကျော်အေး ပေးသော အရေးပေါ် လက်ပစ်ဗုံးထိန်း ဆံညှပ် သုံးလေးချောင်းကို ဗိုလ်သိန်းကျော်က လှမ်းယူပြီး သူ့အင်္ကျီအိတ်ထဲ ထည့်ထားလိုက်၏။

ထို့နောက်တွင် ခြောက်လုံးပြူး နှင့် လက်ပစ်ဗုံးကို အဝတ်အတွင်းက အလွယ်တကူ ချက်ချင်း ထုတ်နိုင်ရန် အတွက် ကြိုးမဖြေဘဲ ကြိုးအားလုံးကို ဓားနှင့်ဖြတ်ပစ်ရန် အလွန်ထက်သော တစ်လက်မခန့်ရှိသည့် ဓားပိုင်းလေး များကို ဗိုလ်သိန်းကျော်နှင့် စောအငြိမ်း တို့အား လိုလိုမည်မည် တစ်ယောက် နှစ်ခုစီ ပေးသည်။

လက်နက်တပ်ဆင်ပြီးသောအခါ အဝတ်အစား ဝတ်ကြသည်။

ဗိုလ်ကျော်အေးက အတွင်းရှပ် အင်္ကျီ နံ့သာရောင်အသစ်၊ အပေါ်ဝတ် တိုက်ပုံက မီးခိုးရောင်၊ ပုဆိုးက သံရောင် ဆင်အညို ရခိုင်လုံချည်ကွက်ကျဲ၊ ကုတ်ရှူးအညိုရောင်နှင့် ဦးထုပ်လည်း အညိုရောင်ပင် ဖြစ်သည်။

ဗိုလ်သိန်းကျော်မှာ ပုဆိုးတစ် ပတ်နွမ်း၊ အဖြူကွက်၊ အတွင်းခံ ရှပ် အင်္ကျီအစင်းပေါ်မှာ ကွတ်အင်္ကျီနက် ပြာရောင် အပေါ်ဝတ်နှင့် ညှပ်ဖိနပ် အသစ်ကို စီးထားသည်။

စောအငြိမ်းမှာ အင်္ကျီအဖြူပေါ် က စွယ်တာလက်ပြတ်၊ ဘန်ကောက် လုံချည်နှင့် ညှပ်ဖိနပ်ကို စီးထားသည်။

အားလုံး တိုက်ပွဲဝင် ချပ်ဝတ် တန်ဆာ ဆင်ပြီးကြသောအခါ ဗိုလ် ကျော်အေးက ...

"စောအငြိမ်း ဘယ်လိုလဲကွ"

ဟု မေးလိုက်သည်။

"အားလုံး အိုကေပဲလေ ဗိုလ် ကြီး။ ချဖို့ပဲ လိုတော့တယ်"

"ချဖို့က နေစမ်းပါဦးကွ။ ငါက စစ်တွေသွားမယ့် ရခိုင်သားနဲ့ တူရဲ့ လား"

"ဟာ ... သိပ်တူတာပဲ ကိုမောင် မောင်ရာ။ ရခိုင်လုံချည်ဝတ်လာတဲ့ စိတ်ကူးက အိုကေမှာ စိုပြေနေတာပဲ။ အဲဒီစိတ်ကူး သိပ်ကောင်းတယ်။ ကျွန် တော်လည်း အင်းစိန်ပြန်ပြီး ရခိုင် လုံချည်တစ်ထည်လောက် သွားငှား ဝတ်လာဖို့ စိတ်ကူးမရလိုက်တာ နာ တယ်ဗျ"

ဟု ဆို၏။

ဗိုလ်သိန်းကျော်ကမူ သူတို့နှစ်ဦး ကိုကြည့်ပြီး ပြုံးနေ၏။

နံနက်စောစော လူခြေတိတ် သည့်အချိန်၌ တစ်စုံတစ်ယောက် သည် အလင်းရောင် မထင်မရှား မှုန် ဝါးဝါး အခန်းလေးထဲကို ချောင်းကြည့် လိုက်မည်ဆိုလျှင် သူတို့၏ ပြင်ဆင် လုပ်ကိုင်နေကြသည်များနှင့် တီးတိုး ပြောဆိုနေကြသံများကို စိတ်ဝင်စား စရာ တွေ့ကြမြင်ကြရမည်မှာ မုချပင်။ သို့သော် ဘုရားသခင်၏ အလိုတော် အတိုင်း သူတို့ကို မည်သူမျှ မမြင် မတွေ့လိုက်ကြရပေ။

အားလုံး ပြင်ဆင်ပြီးကြလျှင် ဗိုလ်ကျော်အေးသည် မနေ့က ဝယ် ထားသော ထရိုစီ အရက်ပုလင်းလေး ကိုဖောက်ကာ အသင့်ဝယ်ထားသော ဓာတ်ဘူးငယ်လေးထဲသို့ ထည့်ပြီး ပခုံး၌ ဟန်မပါပါလွယ်လိုက်သည်။ ထို့ နောက် သေချာ၏ မသေချာ၏ကို ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ကို သေသေချာချာ စစ်ဆေးကြည့်သည်။

လက်နက်၊ အဝတ်အစား၊ ဖိနပ်၊ ခေါင်းဖြီးထားတာကအစ စစ်ကြည့်ပြီး

"အားလုံး ... အိုကေ"

ဟုဆိုပြီး

"ကဲ ... နားထောင်ကြ။ လေ ယာဉ်ပျံပေါ်ကျရင် မင်းတို့ ငါ့အရိပ် အကဲကိုသာ ကြည့်နေကြ။ ငါ့ရဲ့လှုပ် ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေ ကြ။ သတိမလစ်စေနဲ့။ ခရီးသည်ထဲမှာ ခုခံသူတွေ့ရင် သေနတ် မသုံးရဘူး နော်။ ဓားနဲ့ထိုးသတ်ရမယ်။ အေးအေး ဆေးဆေးဆိုရင် ခရီးသည်တွေကို ဘာမှမထိခိုက်စေနဲ့။ သူတို့ပစ္စည်းတွေ လည်း မယူရဘူး။ ဘာဆိုဘာမှ မယူရ ဘူး။ ဒါပဲ။ ကဲ ... အသင့်ပြင်ကြ အချိန်နီးပြီ။ ဂွတ်လပ်ခ် ရဲဘော်တို့"

နာရီကိုကြည့်လိုက်ရာ ၃ နာရီ ခွဲပြီ။ အသင့်ပြင်ထားကြသည့်အတိုင်း လက်ဆွဲအိတ်ကလေး ကိုယ်စီ၊ မိုး တွင်းခရီးသည်အဖြစ် ထီးကိုယ်စီနှင့် အာရ်စီအမ် ဘုန်းကြီးကျောင်းက ဆင်း လာကြသည်။ ငါးမိနစ်ခန့် လျှောက် လိုက်ကြစဉ် ကားတစ်စီးလာသည်ကို လှမ်းမြင်ရသဖြင့် ဗိုလ်သိန်းကျော်က "အတော်ပဲ"ဟု ပြောလိုက်သည်။

"ဗိုလ်သိန်းကျော် ကားမစီးရ ဘူး"

"ဘာဖြစ်လို့"

"ခုက ခင်ဗျားတို့ ကျွန်တော်တို့ လေယာဉ်ပျံရုံးကို သွားကြမှာ၊ လေ ယာဉ်ပျံရုံးကို အဝင်အထွက်လုပ်တဲ့ ကားတွေကိုစောင့်ပြီး သူတို့ ကား နံပါတ် မှတ်ချင်မှတ်ထားကြမှာ။ ပြဿနာ တစ်ခုခုဆို အဲဒီကားသမား တွေကို တစ်စီးစီခေါ်စစ်ပြီး ဘယ်နေ ရာက၊ ဘယ်ခရီးသည် ကားကိုတား



www.burmeseclassic.com

www.burmeseclassic.com

ပြီး စီးတာလဲ ဘာညာစစ်လိုက်ရင် မီးခိုးကြွက်လျှောက် လိုက်ကြမှာ။ နောက်ဆုံးည မနေ့ကကို ကျွန်တော် အာရ်စီအမ်ကျောင်းမှာတည်းတာလည်း အဲဒီရည်ရွယ်ချက်ပဲ။ အိမ်ရှင်ပါ ဒုက္ခရောက်မှာစိုးလို့လေ''

ဟု ဗိုလ်ကျော်အေးက ရှင်းပြလိုက်သည်။ ထိုအခါမှ ဗိုလ်သိန်းကျော်က –

''ဟုတ်သားပဲ''

ဟု ဆို၏။

ကားကမူ လွန်သွားပြီ ဖြစ်၏။

ရပ်စောင့်နေကြရာ ဆိုက္ကားနှစ်စီးလာသည်ကို မြင်သဖြင့် လက်တားစီးပြီး ယူဘီအေရုံးသို့ ပို့ခိုင်းလိုက်ကြသည်။ ၄ နာရီ သာသာကလေးတွင် ယူဘီအေရုံးကို ရောက်လာကြသည်။

ရုံးကိုရောက်လျှင် ကြိုတင်ပြောထားသည့်အတိုင်း လူချင်းခွဲ၍ နေရာယူကြရမည်။ ဤသည်မှာလည်း တစ်ယောက်ပြဿနာဖြစ်လျှင် နောက်လူနှစ်ယောက်က ရှောင်နိုင်တိမ်းနိုင်အောင်ကို ဗိုလ်ကျော်အေး ညနေကပင် ပြောထားသည်။ ဘာပြဿနာဖြစ်ဖြစ် သုံးယောက်စလုံးတော့ အမိမခံနိုင်ပေ။

ဗိုလ်ကျော်အေးနှင့် စောအငြိမ်းတို့ ရုံးပေါ်တက်သွားကြသည်။ ဗိုလ်သိန်းကျော်က ရုံးအဝင်အဝတွင် ကုလားကြီးတစ်ယောက်ရောင်းနေသော ဈေးဆိုင်လေးမှ ကပ်စတန်စီးကရက် သံဘူးကြီးတစ်ဘူးကို ဝင်ဝယ်၍ ကျန်ရစ်၏။

စောအငြိမ်းနှင့် ဗိုလ်ကျော်အေးတို့သည် ခရီးသည်များထိုင်သော တန်းလျားပေါ်တွင် လူခွဲထိုင်ကြသည်။ ခရီးသည်များကိုလည်း လေ့လာအကဲခတ်နေကြသည်။ ယူဘီအေရုံးက အလုပ်သမားဝန်ထမ်းများသည် တာဝန်ကိုယ်စီနှင့် အလုပ်ရှုပ်နေကြသည်။ ခရီးသည်များအား အလှည့်ကျ ခေါ်၍ ခေါ်၍မေးကာ မှတ်စရာများကို ရေးမှတ်နေကြသည်။

မကြာမီမှာပင် ဗိုလ်သိန်းကျော် ရောက်လာပြီး ဗိုလ်ကျော်အေးအနားကိုကပ်ကာ ...

''ဟေး ... ကျွန်တော် ခုနက စီးကရက်တစ်ဘူးဝယ်တာ ဆယ်တန်ပေးမိလိုက်တယ်။ ခုမှ သတိရလို့ ကုလားကြီးဆီ ပိုက်ဆံ ပြန်တောင်းရဦးမယ်။ ဒီကုလား ငွေပြန်မအမ်း ..''

ဗိုလ်သိန်းကျော် စကားမဆုံးမီပင် ဗိုလ်ကျော်အေးက အင်္ကျီဘေးဆွဲထားပြီး

''သွားမယူနဲ့တော့။ ဒီပိုက်ဆံက ဘာသောက်ရေးလဲကွ။ ဟိုသွား ဒီသွားနဲ့ အခြေပျက်နေဦးမယ်။ သွားထိုင်နေစမ်း''

ဗိုလ်ကျော်အေးကား ကွန်မင်ဒါပီပီ ရှေ့နောက် အလွန်စေ့စပ်သူဖြစ်သည်။ အကယ်၍ ဗိုလ်သိန်းကျော် သွားပြော၍ မှန်နေသည့်တိုင်အောင် ကုလားကြီးက ပေးပြီးပါပြီဟု ငြင်းလျှင် သူတင်ကိုယ်တင် စကားများကြကာ လူတွေဝိုင်းလာပြီး ဘာမဟုတ်သည့်ကိစ္စ ပုလိပ်ကလည်း မြင်သည်နှင့် လိုက်လာတော့မည်။ ထိုအခါ ဖွဲခိုးမမိ ဆန်ခိုးမိပြီး စတီးလက်ကောက် ဝတ်ရပြီး အဖမ်းခံရမည်ကို ကြိုတင်မြင်သဖြင့် ဟန့်တားလိုက်ခြင်း ဖြစ်သည်။

ဗိုလ်သိန်းကျော်လည်း ဗိုလ်ကျော်အေး တီးတိုးလေး ပြောလိုက်သည့်အတိုင်း အစီအစဉ်အရ ခုံတန်းတစ်နေရာ၌ သွားထိုင်နေလိုက်သည်။

မကြာမီမှာပင် ယူဘီအေအလုပ်သမားများက သူတို့အား ...

''စစ်တွေသွားမယ့် ခရီးသည်များ ခင်ဗျား ...''

ဟု ခေါ်လိုက်ရာ သုံးယောက်စလုံး ခေါ်နေရာသို့ ထသွားကြသည်။ သူတို့အလှည့် ရောက်သောအခါ ...

''ကိုမောင်မောင်၊ ကိုဘကျော်၊ ကိုအစိမ်း''

ဟု နာမည်များခေါ်ပြီး တစ်ယောက်စီ၏ ပစ္စည်းများကို ပေါင်ချိန်ခြင်း ဆွဲအိတ်လေးများပေါ် ကတ်ပြားလေးများ ဆွဲချည်ပေးကြသည်၊ နောက်ခရီးသည် တစ်ယောက်၊နှစ်ယောက်ကို ထိုကိစ္စများ လုပ်ပြီးသည်နှင့် ...

''စစ်တွေသွားမည့် ခရီးသည်များ ခင်ဗျား ... မင်္ဂလာဒုံလေယာဉ်ကွင်းသို့သွားရန် လေဆိပ်ကားပေါ် ကြွကြပါခင်ဗျား''

ဟူသော နှိုးဆော်သံကြောင့် သူတို့သုံးယောက်အပါအဝင် စစ်တွေသွားကြမည့် ခရီးသည်များ ယူဘီအေကားပေါ် တက်လာကြသည်။ စာရေးနှင့် အလုပ်သမားများ ပစ္စည်းတင် စစ်ဆေးပြီးသည်နှင့် ယူဘီအေကားကြီးသည် မင်္ဂလာဒုံလေဆိပ်သို့ စတင်ထွက်ခွာလာတော့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**မိုးဇော်**



www.burmeseclassic.com

www.burmeseclassic.com



အမှုတွေပြေအေးစေမယ့်

# ဥပဒေအမေးအဖြေ

ဦးစောလှိုင်[ B.A (HIST:) H.G.P., R.L ]

## ဖောက်ပြန်တဲ့လင်က ဇနီးကို ပြန်ခေါ်နိုင်သလား

ဆရာရှင့် . . .

ကျွန်မတို့လင်မယားနှစ်ယောက်လုံး အစိုးရဝန်ထမ်းတွေ ဖြစ်ပါတယ်။ ရုံးချင်းတော့ မတူပါဘူး။ ကျွန်မခင်ပွန်းက ဦးစီးအရာရှိဖြစ်ပြီး ကျွန်မကတော့ ရုံးအုပ်ပါ။ အိမ်ထောင်သက် ဆယ်နှစ်ကျော်လာပေမယ့် သားသမီးတစ်ယောက်မှ မထွန်းကားခဲ့ပါဘူး။ အဲဒါ ဘယ်သူ့အပြစ်ဆိုတာကိုလည်း တစ်ခါမှ မစစ်ဆေးခဲ့ဖူးပါဘူး။ စိတ်လည်းမဝင်စားခဲ့ကြဘူး ဆိုပါတော့ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com

အခုတင်ပြမယ့် ကိစ္စက ကျွန်မခင်ပွန်းနဲ့ သူ့ရုံးက စာရေးမလေးတစ်ယောက်နဲ့ ငြိစွန်းနေတဲ့ ပြဿနာပါ။ ဒီကိစ္စ သတင်းသိုးသိုးသန့်သန့် ကြားခဲ့တာတော့ ကြာပါပြီ။ ဒါပေမယ့် ကျွန်မတို့ဟာ နှစ်ဖက်မိဘတွေ သဘောတူပေးစားခဲ့တဲ့ လင်မယားမဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်လို့ လက်ထပ်ယူခဲ့ကြတဲ့သူတွေမို့လို့ အဲဒီဘေးစကားတွေကို အလေးလည်းမထားသလို၊ ယုံလည်းမယုံကြည်ပါဘူး။ ပြီးတော့ အိမ်ထောင်သက် ဆယ်နှစ်ကျော် သစ္စာရှိရှိပေါင်းသင်းလာတဲ့ ကိုယ့်ခင်ပွန်းရဲ့ ကျင့်ဝတ်သိက္ခာကိုလည်း ယုံကြည်လို့ဆိုပါတော့။

ဒါပေမယ့် အဲဒီစာရေးမလေးနဲ့ သတင်းဟာ ရပ်တန့်မသွားတဲ့အပြင် တဖြည်းဖြည်းနဲ့ ကိုယ်တိုင်မြင်တွေ့တဲ့လူတွေဆီက သတင်းတွေပါ ကျွန်မနားထဲ ရောက်လာပါတော့တယ်။ ကျွန်မကတော့ သူ့ကို အသက်နဲ့ထပ်တူချစ်တဲ့ မိန်းမဆိုတော့ ဒီလိုမသေချာတဲ့သတင်းစကားတွေနဲ့ အထင်လွဲစိတ်တွေ မဖြစ်ပေါ်ချင်ဘူးလေ။

ဒီကြားထဲ အလွန်ထူးခြားတဲ့ သတင်းတစ်ပုဒ်ရလာပါတယ်။ အဲဒါကတော့ ကျွန်မခင်ပွန်းနဲ့ စာရေးမလေးတို့ မကြာခဏ ချိန်းတွေ့တဲ့အိမ်နေရာ အတိအကျကို သိတဲ့လူဆီက သတင်းပါပဲ။ နောက်ဆုံးတော့ ကျွန်မလည်း အဲဒီလူပြောတဲ့အချိန်မှာ အဲဒီအိမ်ထဲ ရုတ်တရက်ဝင်ကြည့်တော့ သူတို့နှစ်ယောက်ကို အိပ်ခန်းထဲ ပက်ပင်းကြီးမိတော့တာပါပဲ ဆရာ။

အဲဒီနေ့ကစပြီး ကျွန်မ သူနဲ့ အတူဆက်မနေတော့ဘဲ မိဘအိမ်မှာ ပြန်နေတယ်။ သူ့သတင်းကိုလည်း ဆက်မစုံစမ်းတော့ဘူး။ သူ့မျက်နှာကိုလည်း စိတ်ကူးထဲမှာတောင် လုံးဝမမြင်ချင်၊ မတွေ့ချင်တော့ဘူး။ ကျွန်မ သူ့အပေါ် လင်စိတ်သားစိတ် ကုန်ခန်းသွားလို့ ကွာရှင်းစာချုပ်မှာ ကျွန်မ လက်မှတ်ထိုးလိုက်ပြီး သူထိုးဖို့ အဆင်သင့်လုပ်ထားခဲ့ပါတယ်။

နောက်နှစ်လကျော်လောက်ကြာတော့ သူ ကျွန်မရုံးလိုက်လာပြီး သူမှားပါတယ်၊ စာရေးမလေးလည်း အလုပ်ထွက်သွားလို့ သူနဲ့ပြတ်သွားပြီ။ ဒါကြောင့် သူ့အပြစ်တွေကို ခွင့်လွှတ်ပေးပြီး ကျွန်မကို အိမ်ပြန်လာဖို့ တောင်းပန်တယ်။

ကျွန်မကတော့ ဘူးဆို ဖရုံမသီးနိုင်တော့ဘူး။ အိမ်ထောင်ရေးဖောက်ပြန်တဲ့ယောကျ်ားကို လုံးဝခွင့်မလွှတ်နိုင်တော့ဘူး။ ပြန်လည်းပေါင်းချင်စိတ်မရှိတော့ဘူး။ ဒါကြောင့် ကွာရှင်းစာချုပ်မှာသာ သူ့လက်မှတ်ထိုးပေးဖို့ ချထားပေးလိုက်တယ်။

သူက ခပ်တင်းတင်းပြောတယ်။ ကွာရှင်းစာချုပ်မှာ လုံးဝလက်မှတ်ထိုးမပေးနိုင်ဘူး။ ကျွန်မဟာ သူ့ရဲ့ တရားဝင်လက်ထပ်ထားတဲ့ မယားဖြစ်တယ်။ ဒါကြောင့် ကျွန်မ သူ့ဆီပြန်မလာရင် တရားရုံးကတစ်ဆင့် တရားစွဲပြီး ပြန်ခေါ်ယူရမှာပေါ့လို့ ဒေါနဲ့မောနဲ့ ပြောပြီးထွက်သွားတယ်။

ကျွန်မသိချင်တာက ဒီလို အိမ်ထောင်ရေးဖောက်ပြန်တဲ့ ယောကျ်ားက ကျွန်မဆန္ဒသဘောထားမပါဘဲ တရားစွဲပြီး အတင်းပြန်ခေါ်လို့ ရပါသလား။ တရားဥပဒေအရရော ဘယ်လိုပြဋ္ဌာန်းထားလဲဆိုတာ အမြန်ဆုံးဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။

အစဉ်ရိုသေလေးစားစွာဖြင့်

**မတင်ထွေး**

လွှတ်လပ်ရေးရပ်ကွက်၊ ကန်တော်ကလေး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မတင်ထွေးခင်ဗျား . . .

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ မယားဖြစ်သူ တခြားယောကျ်ားနဲ့ ဖောက်ပြန်မိရင် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုဖြစ်တာကြောင့် လင်မယားကွာရှင်းခွင့်ရှိပါတယ်။

ဒါပေမယ့် လင်ဖြစ်သူ တခြားမိန်းမတစ်ယောက်နဲ့ ကျူးလွန်တာကိုတော့ နောက်မိန်းမယူတဲ့အဆင့် မရောက်သေးလို့ ကြီးလေးသော အိမ်ထောင်ရေးပြစ်မှု မသတ်မှတ်တာကြောင့် လင်မယားကွာရှင်းခွင့်မရနိုင်ပါဘူး။

ဒါကတော့ ဖိုနဲ့မ သဘာဝချင်းမတူတဲ့ အခြေခံပေါ်မှာ မူတည်ပြီး အိမ်ထောင်တစ်ခု လွယ်လွယ်နဲ့ မပြိုကွဲရအောင် ဥပဒေပညာရှင်တွေက ဖေးဖေးမမ စဉ်းစားဆုံးဖြတ်ခဲ့ကြဟန် တူပါတယ်။

သို့ပေမယ့် မတင်ထွေးမေးထားသလို ဇနီးသည်ရဲ့ သဘောဆန္ဒမပါဘဲ ခင်ပွန်းဖြစ်သူက တရားစွဲပြီး အတင်းပြန်ခေါ်လို့ ရမရဆိုတဲ့ မေးခွန်းရဲ့အဖြေကို ဒီစီရင်ထုံးလေး ဖတ်ကြည့်လိုက်ရင် ရှင်းသွားမယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကတော့ (ရ ရန်ကုန်၊ ၄၅၀)က စီရင်ထုံးဖြစ်ပြီး အဲဒီထဲမှာ···

"လင်သည် တခြားမိန်းမနှင့် ကျူးလွန်သည့်အတွက် လင်မယား ...န်ဖြစ်ပြီး မယားက တခြားခွဲနေထိုင်သည်။ လင်က ပြန်လည်ပေါင်းသင်းလိုမှု တရားစွဲရာ လင်သည် မယားအား ခေါ်ခွင့်မရှိ"လို့ ဆုံးဖြတ်ထားတာ တွေ့ရပါတယ်။

ဒါကြောင့် မတင်ထွေးအနေနဲ့ ခင်ပွန်းသည်အပေါ်မှာ တကယ်စိတ်ပြတ်ပြီဆိုရင်တော့ တရားမမှုမှာ ကျွမ်းကျင်တဲ့ ရှေ့နေတစ်ယောက်နဲ့ တိုင်ပင်ပြီး ကွာရှင်းခွင့်ရအောင် ဆောင်ရွက်ရင် အောင်မြင်ပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါရစေ။

•●• •●• •●•

## မိဘက သားသမီးကို အမွေဖြတ်လို့ရသလား

ဆရာရှင်···

ကျွန်မဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က မိဘသဘောမတူဘဲ ချစ်သူတစ်ယောက်နဲ့ တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပါတယ်။ အဲဒီတုန်းက ဖေဖေနဲ့ မေမေက စိတ်ဆိုးပြီး သတင်းစာထဲကနေ အမွေပြတ်ကြေငြာခဲ့ကြပါတယ်။

မနှစ်က မေမေဆုံးပါတယ်။ မေမေ ကျန်းမာစပြုတဲ့အချိန်ကစပြီး ကျွန်မသွားပြီး မေမေ့ကို အချိန်အတော်ကြာပြုစုခွင့်ရခဲ့ပါတယ်။ ဖေဖေကတော့ ကျွန်မကို လုံးဝစကားမပြောတော့ပါဘူး။ အစ်ကိုတွေကလည်း ခပ်တန်းတန်းပါပဲ။

ပြီးခဲ့တဲ့လကတော့ ဖေဖေဆုံးပြန်ပါတယ်။ ဖေဖေက နှလုံးရောဂါအခံရှိနေတာကြောင့် မမျှော်လင့်ဘဲ ရုတ်တရက်ဆုံးတာပါ။ ကျွန်မတောင် အသက်မမီလိုက်ပါဘူး။

ဖေမေ့ရဲ့ပနကိစ္စပြီးလို့ ရက်လည်နေ့မှာ ကျန်ခဲ့တဲ့ ...မွေပစ္စည်းကိစ္စ ပြောကြတော့ အစ်ကိုတွေ၊ ညီမတွေက ...န်မဝေစုကို လုံးဝထည့်မပြောကြပါဘူး။ ကျွန်မဟာ မိဘ ...ဘောမတူတဲ့လူနဲ့ လက်ထပ်ခဲ့လို့ သတင်းစာကနေ အမွေ ...တ်ခဲ့ပြီးဖြစ်တာကြောင့် အခုအမွေဟာ ကျွန်မနဲ့မဆိုင်တော့ ...းလို့ ပြောကြပါတယ်။

ဒါကြောင့်ဆရာ···

ကျွန်မသိချင်တာက ကျွန်မဟာ သမီးအရင်းတစ်ယောက်ဖြစ်နေပါလျက်နဲ့ မိဘရဲ့ အမွေကို ခံစားပိုင်ခွင့်မရှိတော့ဘူးဆိုတာ ဟုတ်ပါသလား။ တရားဥပဒေမှာလည်း တကယ်ပဲ ဒီလိုပြဋ္ဌာန်းထားသလားဆိုတာ အမြန်ဆုံးဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ်ရှင်။

အထူးကျေးဇူးတင်လျက်
**မသီတာကျော်**
နောက်လယ်ရပ်၊ မြိတ်မြို့။

မသီတာကျော်ခင်ဗျား···

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေမှာ လူတစ်ယောက်သေဆုံးရင် ဘယ်သူဘယ်ဝါတွေ အမွေဆက်ခံရမယ်ဆိုတာ အမွေခံအစီအစဉ်အရ အတိအကျ သတ်မှတ်ပေးထားပြီး ဖြစ်ပါကယ်။ အမွေခံတွေဟာ သတ်မှတ်ထားတဲ့ အမွေဝေစုကို တစ်ဦးချင်းအနေနဲ့ သီးသန့်ခံစားခွင့် ရှိပါတယ်။ ဒီအခွင့်အရေးဟာ အပြီးအပိုင် ရရှိထားတဲ့ အကျိုးခံစားခွင့်ဖြစ်ပါတယ်။ အမွေဆက်ခံခွင့်ကို ဆိုင်းငံ့ထားလို့မရသလို၊ ပယ်ဖျက်ရုပ်သိမ်းလို့လည်း မရပါဘူး။ ဒါထက် တိတိကျကျဖြေရရင် မိဘတွေအနေနဲ့ ဘယ်သားသမီးကို အမွေပေးမယ်၊ ဘယ်သားသမီးကို အမွေမခံစားစေရဘူးဆိုပြီး သားသမီးကို အမွေဆက်ခံမှုက ဖယ်ထုတ်လို့မရပါဘူး။

မိဘသဘောမတူတဲ့လူနဲ့ နှစ်ဦးသဘောတူ လက်ထပ်သွားလို့ အမွေဖြတ်လို့မရသလို၊ သတင်းစာကနေပြီး လူသိရှင်ကြား အမွေဖြတ်နေတာတွေဟာလည်း တရားဥပဒေအရ အကျိုးသက်ရောက်မှု မရှိပါဘူး။

ကဲ···ဒါလောက်ဆိုရင် ကောင်းကောင်းနားလည်သဘောပေါက်သွားပြီ ထင်ပါရဲ့။ ဒါကြောင့် အစ်ကိုတွေ၊ ညီမတွေနဲ့ အကျိုးအကြောင်းပြောပြီး ညှိနှိုင်းပါ။ မရရင်တော့ တရားမမှုမှာ နှံ့စပ်တဲ့ ရှေ့နေတစ်ယောက်နဲ့ တိုင်ပင်ဆောင်ရွက်ဖို့ အကြံပြုလိုက်ပါရစေ···။

အောင်မြင်ပါစေ

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထန်ကျွန်အောင်

"စကားကြောမရှည်နဲ့ မိခင်သန်း။ ငါ့ပဟာငါ ခိုးလို့ရရ၊ တိုက်လို့ရရ နင်ငွေရဖို့ အရေးကြီးတယ်မို့လား။ နင်တို့မိသားစု လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် ငါလုပ်နေတယ်ဆိုတာ နင်မှတ်ထား။ လူကို မယုံသင်္ကာနဲ့ ဟိုမေးဒီမေး မနေနဲ့။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုတာလို ကူညီမယ်တော့မရှိဘူး။ ပိုက်ဆံရှာလာတဲ့သူကိုပဲ ဆရာမကြီးအိုက်တင်နဲ့ တောင်တောင်အီအီ လျှောက်မေးနေရသေးတယ်"

"မမေးလို့ မဖြစ်ဘူးလေ ကိုတင်အောင်။ ဒီလောက်များတဲ့ ငွေတွေ ရှင်သမာအာဇီဝနည်းနဲ့ ရှာဖွေခဲ့တာတော့ မဖြစ်လောက်ဘူး။ ထီပေါက်ခဲ့တာဆိုလည်း ဒီနေ့ ထီဖွင့်ရက်မဟုတ်ဘူး။ အကြောင်းရင်းတစ်ခုခုကြောင့် ရလာတဲ့ ငွေမျိုး။ ဒီလိုငွေက ကောင်းကျိုးထက် ဆိုးကျိုးများတယ်။ ခြေခြေမြစ်မြစ်မသိဘဲ ကျွန်မလက်မခံနိုင်ဘူး။ ခုတလော ရှင်ခြေလှမ်းပျက်နေတာတွေ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးပွဲ လောင်းကစားဒိုင် လုပ်နေတယ်လို့ အများကပြောနေကြတာ ကျွန်မကြားတယ်။ လောင်းကစားတယ်ဆိုတာ ကောင်းတဲ့အလုပ်မဟုတ်ဘူး။ ဥပဒေမဲ့တဲ့အလုပ်။ ဟိုလမ်းထိပ်မှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကြီး ရှင်မမြင်ဘူးလား။ ဥပဒေဘောင်တွင်းနေထိုင်ခြင်းက ဘေးကင်းရန်ကွာ လွန်ချမ်းသာတဲ့။

ဥပဒေမဲ့လုပ်နေတဲ့ ရှင်က ပြောသေးတယ်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ကူညီမယ်လို့တော့ စိတ်မကူးဘူးတဲ့။ ဒီမှာ ကိုတင်အောင်၊ ရှင်အလုပ်ဟာ ဥပဒေဘောင်တွင်းက သမာအာဇီဝအလုပ်သာ ဖြစ်စမ်းပါစေ ကိုတင်အောင်။ ဒီက မိခင်သန်းဆိုတဲ့ ခင်သန်းတို့က တစ်ရွက်မဟုတ်၊ ဆယ်ရွက်၊ အရွက်တစ်ထောင်မက ရွက်ခဲ့တဲ့ မိန်းမဆိုတာ ရှင်တွေ့ခဲ့ဖူးပါတယ်"

"တောက် . . . ဒီမိန်းမ။ သူ့ဖို့မှန်းမသိ၊ ကိုယ့်ဖို့မှန်းမသိတဲ့ ဟာမ။ လုပ်လိုက်ရင် သေတော့မှာပဲ . . . ထွီ"

အဲဒီကစပြီး ကိုတင်အောင်နဲ့ မခင်သန်းတို့ ငယ်လင်၊ ငယ်မယား ကွဲကွာဖို့အထိ စကားတွေများပြီး ကိုတင်အောင်က သူ့မိဘအိမ် ဆင်းသွားတဲ့အထိ ဖြစ်သွားတယ်။

ကိုတင်အောင်နဲ့ မခင်သန်းတို့ဟာ ငယ်လင်၊ ငယ်မယားများဖြစ်ပြီး တစ်ရွာတည်းနေ၊ တစ်ရေကည်းသောက်ကြသူများဖြစ်သည်။ နှစ်ဖက်မိဘများ သဘောတူညီချက်နဲ့ လက်ထပ်ခဲ့ပြီး၊ အိမ်ထောင်သည်ဘဝ စခဲ့ကြကာ သမာအာဇီဝကောင်းရောင်းကောင်းဝယ် ကိုတင်အောင်က လက်သမားလုပ်၍၊ မခင်သန်းက စက်ချုပ်စားခဲ့ကြတယ်။ မခင်သန်းအနေနဲ့ အိမ်တွင် အိမ်ဆိုင်လေးလည်း ဖွင့်ထားသလို၊ တစ်ဖက်က စာအုပ်အငှားဆိုင်လေးပါ ဖွင့်ထားရာ အထိုက်အလျောက် ငွေပိုငွေလျှံလေးရသဖြင့် အသင့်အတင့် စုစောင်းမိခဲ့ကြတယ်။ ရှေးလူကြီးများပြောတဲ့ စကားတောင်ရှိသေးတယ်။ သမမျှတတဲ့ အမြတ်အစွန်းယူပြီး ဈေးရောင်းတဲ့ ဈေးသည်ဟာ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝသတဲ့။ မခင်သန်းကလည်း ဒီဆိုရိုးစကားအတိုင်း ရောင်းဝယ်တာဆိုတော့ သူတို့စားဝတ်နေရေးလည်း ချောင်ချောင်လည်လည် ရှိကြပါတယ်။

"မခင်သန်း . . . နေကောင်းလား။

ဝင်းသောင် [ရမည်းသင်း]



www.burmeseclassic.com

www.burmeseclassic.com

ကြည့်စမ်း။ ခင်ဗျားဆိုင် ပစ္စည်းအတော်စုံတာပဲ"

"ဟုတ်ကဲ့ ကိုမြချစ်။ ဝယ်သူက ဘာပစ္စည်းမေးမေး မရှိဘူးဆိုတာ မဖြစ်ရအောင် ကုန်စုံတင်ထားတဲ့သဘောပါ။ ကိုမြချစ် ဘယ်ကလှည့်လာတာလဲ။ မန္တလေးတို့သားအမိ နေကောင်းလား"

"ကျွန်တော် ဒီကိုသက်သက်လာခဲ့တာ မခင်သန်း"

"ကိုတင်အောင်က အကျိုးတော်ဆောင် ဖွားတယ်ထင်တယ်"

"ခင်ဗျားတို့ကိစ္စ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်မှာ စိုးတယ်။ ဘယ်လိုဖြစ်တာလဲ မခင်သန်းရယ်။ သမီးလေးအတွက် ထည့်တွက်ကြဦးနော်"

"ကျွန်မက ကျွန်မသမီးအတွက် ထည့်တွက်တာပေါ့ရှင်။ ကိုတင်အောင်ကသာ ဘာမှထည့်မတွက်တဲ့ ငါ့လေ့ငါထိုး ပဲနွှးရောက်ရောက်လုပ်နေတာ ကိုမြချစ်ရဲ့"

ကိုမြချစ်တစ်ယောက် မခင်သန်းအိမ်သို့ ရောက်လာတဲ့အကြောင်းရင်းမှာ သူ့အကျိုးအတွက် မဟုတ်ပါ။ ကိုမြချစ်သည် ကိုတင်အောင်နဲ့ ငယ်သူငယ်ချင်းဖြစ်သလို၊ မခင်သန်းနဲ့လည်း တစ်ရွာတည်းသားချင်းမို့ ကွဲမယ်ကွာမယ် တကဲကဲ ဖြစ်နေသူနှစ်ယောက်ကို ရင်ကြားစေ့ပေးဖို့ ရောက်လာခြင်းဖြစ်ပါတယ်။ ဒါပေမယ့် မခင်သန်းပြောသလို ကိုတင်အောင်ကလည်း ထင်ရာစိုင်းနေတာမို့ ခက်တော့ ခက်သားပဲလေ။

လင်မယားနှစ်ယောက် စိတ်တူ၊ ကိုယ်တူ စီးပွားရေးလေးရှာလိုက်တာ ကောင်းမယ်မကြံသေးဘူး။ ကိုတင်အောင်က အောက်ခြေလွတ်လာတယ်။ အသုံးအစားက လိုတာထက် ပိုလာတယ်။ ချဲယောင်ယောင်၊ ဖဲယောင်ယောင်၊ နှစ်လုံးသုံးလုံးအပြင် ဘောလုံးကိုပါ အကြီးအကျယ် လောင်းကစားလာတဲ့အပြင် တစ်ချိန်က လုံးဝအသောက်အစားမရှိတဲ့ ကိုတင်အောင် အသောက်အစားပါ ဖက်လာတယ်။ လောင်းကစားနဲ့ အကျိုးပေးသလားတော့ မသိဘူး။ သူ့လက်ကိုင်သားရေအိတ်ထဲမှာ ငွေစက္ကူတွေဆိုတာ အပြည့်အမောက်ပဲ။ လက်က ဟင်(န်း)ချိန်းနဲ့ လည်ပင်းက ဆွဲကြိုး၊ လက်က လက်စွပ်နဲ့ဆိုတော့ တစ်ချိန်က လက်သမားတင်အောင်နဲ့ ခုလက်ရှိတင်အောင်က ကွာသမှ အတော်ကိုကွာတာ။

ကနဦး ကိုတင်အောင်ခြေလှမ်းပျက်ပျက်ချင်း မဟုတ်တာမလုပ်ဖို့ ဥပဒေအတွင်းက သမာအာဇီဝအလုပ်ကို ကောင်းကောင်းလုပ်ဖို့ တိုးတိုးတိတ်တိတ် အကျိုးနဲ့ အကြောင်းနဲ့ ပြောပြခဲ့တယ်။ ဘယ်လောက်အထိလည်းဆို အကယ်၍ လောင်းကစားမှုနဲ့ ထောင်ကျခဲ့ရင် သမီးအတွက် ဘယ်လောက်အရှက်ရ မျက်နှာငယ်ရမလဲ။ ထောင်ထွက်သမီးဆိုတဲ့ အမည်းစက်နဲ့ ဘယ်လို လူတောတိုးမလဲ စသဖြင့် ကိုတင်အောင် နားလည်လောက်အောင် ပြောပြခဲ့တယ်။ ဒါပေမယ့် ကိုတင်အောင် နားမဝင်ဘူး။ နားမဝင်တဲ့အပြင် "တောက်...ဒီကောင်မ၊ မဦးမချွတ်နဲ့ သေတော့မယ် ဘာမ၊ ညာမ" တိုင်းထွာပြီး မဆဲသဖူး ဆဲသေးတာ။ ဒါပေါ့လေ။ သူ့မှာက ရွှေနဲ့ငွေနဲ့ ဖြစ်နေပြီကိုး။

လူ့နေချိုကြား၊ စိတ်နေဘုံဖျားလို့ ပြောချင်ပြော၊ မခင်သန်းကတော့ ဥပဒေမဲ့ရှာထားတဲ့ ကိုတင်အောင်ရဲ့ပိုက်ဆံကို မစင်ကဲ့သို့ စက်ဆုပ်ရွံရှာတယ်။ ဒါကြောင့် ကိုတင်အောင်က ဘယ်အချိန် အငွေပေးပေး သမာအာဇီဝရှာဖွေခဲ့တဲ့ ငွေမဟုတ်လို့ကတော့ လက်ကိုမခံဘူး။ အဲဒီလို ဖြစ်လေလေ ကိုတင်အောင်က သူ့ကို ထော်လော်ကန့်လန့်လုပ်တယ်ဆိုပြီး မခံချင်ဖြစ်လေလေ။ ပြဿနာ တစ်စထက်တစ်စ တက်ကြရင်း နောက်ဆုံး လင်မယားတွေ မခေါ်နိုင်၊ မပြောနိုင်ရာက ခုလို ကွဲကွာနေကြတာ။

မခင်သန်းဘက်က ကြည့်တော့ သူပြောတာမှန်တယ်။ သမီးလေးက ခုဆို ကိုးတန်းကျောင်းသူ ဖြစ်နေပြီ။ နောက်နှစ် ဆယ်တန်းတက်တော့မှာ။ သမီးက ကျောင်းမှာ အတန်းတိုင်း ပထမချည်းရထားတာ။ ဆယ်တန်းလည်း အမှတ်ကောင်းကောင်းနဲ့ အောင်မယ့်ကလေး။ သမီးလေးရဲ့ဆရာမနဲ့ တွေ့တုန်းက သမီးရဲ့ပညာရေးက အားရစရာကောင်းတယ်။ မိဘတွေက ဘေးက ဖေးမပေးမယ်ဆိုရင် ဆရာဝန်လည်းဖြစ်နိုင်သလို၊ အင်ဂျင်နီယာလည်း ဖြစ်နိုင်သတဲ့။ ဒါကြောင့် မခင်သန်းက ကိုတင်အောင်ကိစ္စနဲ့ သမီးကို မှဲ့မစွန်းစေချင်ဘူး။ ဒီအသိတရား ကိုတင်အောင်လည်း သိထားပြီး မိဘနှစ်ပါးက သမီးလေးကို မြေတောင်မြှောက်ပေးချင်လို့ တဖွဖွပြောနေတာကို မခင်သန်းက ကတ်ဖဲ့လုပ်တယ်ဆိုပြီး ပြောကြဆိုကြရင်း ကိုမြချစ်ပြောသလို အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ကြတာ။

"ကိုမြချစ်ရေ...ရှင့်သူငယ်ချင်းက သူသိ၊ သူတတ် တော်ရေ။ သူလျှောက်တဲ့လမ်းက ရွှေလမ်းငွေလမ်း၊ သူဌေးဖြစ်မယ့်လမ်းတဲ့။ သူဌေးပဲဖြစ်မလား၊ ခွေးပဲဖြစ်မလား စောင့်ကြည့်လိုက်ဦးမယ်"

နောက်ဆုံးတော့ မခင်သန်းကလည်း အပြတ်ပဲပြောလိုက်တယ်။ ကိုမြချစ်အနေနဲ့ ကောင်းစေချင်တဲ့ စေတနာနဲ့ပြောတာဆိုပေမယ့် ကိုတင်အောင့်

www.burmeseclassic.com

www.burmeseclassic.com

အပြုအမူတွေက ဥပဒေနဲ့ မကောင်းဘူးမို့လား။ လောင်းတမ်းကစားတာတွေ၊ နှစ်လုံး၊ သုံးလုံးဆိုတာတွေ မကောင်းသမျှ မခင်သန်းက ဝေလာဝေးပဲ။

× × × × ×

"မခင်သန်း···မောင်တင်အောင်ကို သိပ်ပြီးလွှတ်မထားနဲ့ကွဲ့။ သူ့မိဘတွေနဲ့ အတူမနေတော့ဘဲ နာရီစင်ထိပ်ကလမ်းမှာ အိမ်ငှားနေသတဲ့။ နေတာကတော့ သူတပည့်လို့ပြောတဲ့ ကောင်လေးနှစ်ယောက်နဲ့ အတူနေတာ။ ဒါပေမယ့် ကောင်မလေးတွေလည်း အဝင်အထွက်များတယ်။ သူ့မိဘတွေနဲ့ အတူမနေတော့ဘူးဆိုတာ မခင်သန်းသိလား"

"ဟုတ်ကဲ့၊ အမေပြောပြလို့သိပါတယ်"

"မောင်တင်အောင်ရဲ့ အမေကပြောတာလား။ ကြီးကြီးက သူတို့နဲ့ မခင်သန်း စကားမပြောကြဘူးထင်နေတာ"

"အပြစ်ရှိတာက ကိုတင်အောင်လေ။ ကျွန်မအနေနဲ့ ကိုတင်အောင်အမေ၊ အဖေကို ဘာလို့ မခေါ်မပြောနေရမှာလဲ ကြီးကြီးရယ်။ ကျွန်မဟာချွေးမဖြစ်ပေမယ့် ကိုတင်အောင် အမေ၊ အဖေက ကျွန်မကို သမီးလိုပဲ သဘောထားကြတာ ကျွန်မက ထာဝရမိဘလိုသဘောထားပါတယ်။ ကျွန်မအိမ်မှာ စားကောင်းသောက်ဖွယ် ရှိရင်ပဲဖြစ်ဖြစ်၊ ဟင်းကောင်းချက်ရင်ပဲဖြစ်ဖြစ် ဦးဦးများများ တစ်ခွက်အရင်ပို့ပေးပါတယ်"

"ဒါနဲ့များကွယ်။ ဒီသားနဲ့ ဒီချွေးမကွဲမလို၊ ကွာမလိုဖြစ်နေတာ မိဘတွေက ကြားဝင်ပြောဆို ပေါင်းစည်းပေးပါတော့လားကွယ်"

"ဟုတ်ကဲ့၊ ကြီးကြီး။ ဒါကတော့အဖေ၊ အမေတို့လည်း ပြောတာပေါ့။ ကိုတင်အောင်က သူ့ရဲ့ တစ်လုံး၊ နှစ်လုံးကိစ္စတွေ မစွန့်လွှတ်နိုင်ဘူး။ ကျွန်မကလည်း အဲဒါတွေ သူမကောင်းသမျှ လုံးဝလက်မခံနိုင်ဘူးလေ"

"အိုကွယ်···လင်နဲ့မယား ပေါင်းသင်းလာကြတာ သမီးတောင် အပျိုကြီးဖားဖားဖြစ်နေပြီဟာ တစ်ယောက်ယောက်က လျှော့ပေးရင် မပြီးဘူးလား"

"ဟုတ်ကဲ့···ဟုတ်ကဲ့၊ အခြေအနေအရပေါ့ ကြီးကြီးရယ်"

တစ်လမ်းတည်းနေ ဒေါ်လုလုနဲ့ ဈေးတွင်တွေ့ရာ ဒေါ်လုလုက မေးလာသဖြင့် သူတို့အကြောင်း မခင်သန်းပြောဖြစ်သွားသည်။ တကယ်တော့ ကိုတင်အောင်ရဲ့အကြောင်း သတင်းစုံသိပြီးပြီမို့ အကောင်းနဲ့အဆိုး ခွဲခြားမသိတဲ့ ကိုတင်အောင်အပေါ် ကရုဏာဒေါသဖြစ်မိတာမှအပ အခြား ဘာခံစားချက်မှ မရှိပါ။ မှန်တာကို ဝန်ခံရရင်တော့ နက်ဖြန် သမီးလေးတို့ကျောင်း ရွှေလသာခန်းမတွင် ကျင်းပမယ့် ပညာရည်ချွန်ဆုပေးပွဲကိုတော့ အခြားကလေးမိဘများနည်းတူ မိဘနှစ်ယောက်လုံး တက်ရောက်ချင်တယ်။ သမီးလေးက ပညာရည်ချွန်ဆု လက်ခံရမယ့်ပွဲလေ။ မခင်သန်းအနေနဲ့ ပညာသင်ဆဲကာလတစ်လျှောက် အစစအရာရာ မချို့ငဲ့အောင် ထားနိုင်ခဲ့ပေမယ့် ဖခင်ဖြစ်တဲ့ အဖေကိုတော့ ပညာရည်ချွန်ဆုပေးပွဲသို့ ခေါ်မလာနိုင်ခဲ့ဘူး။ ဒါကြောင့် သမီးလေးအတွက် စိတ်မကောင်းဖြစ်မိတာ အမှန်ပါ။

× × × × ×

"မခင်သန်းယောက်ျား ကိုတင်အောင်တို့များ ကြီးပွားနေလိုက်တာ ရွှေနဲ့ငွေနဲ့ ကားနဲ့ ဟင်း(န်)ဖုန်းနဲ့ဗျ။ သူ့အလုပ်က ပြေလည်သလားမမေးနဲ့။ စာရေးမနှစ်ယောက်တောင်ထားပြီး လက်ခွဲတွေလည်း ဆယ်ယောက်၊ ဆယ့်ငါးယောက်လောက်ရှိတယ်။ ကျွန်တော်တော့ အားကျတယ်ဗျာ"

"အားကျတယ်ဟုတ်လား စံရှိန်။ အားကျရင် မင်းသူနဲ့သွားပေါင်းပါလား"

"ကိုတင်အောင်က ခေါ်တယ်၊ ကျွန်တော်က ကြောက်လို့"

"မင်းက ဘာကိုကြောက်တာလဲ စံရှိန်"

"ရဲဖမ်းမှာကို ကြောက်တာပေါ့ဗျာ။ ရဲက ဖမ်းမိလို့ကတော့ ထောင်ကျ။ ပြီး··ထောင်ကလွှတ်ပြန်တော့ ထောင်ထွက်ဆိုပြီး လက်သမားအလုပ်တောင် ဘယ်သူကမှ ယုံယုံကြည်ကြည်နဲ့ ငှားဝံ့တော့မှာမဟုတ်ဘူးဗျ"

"အေး···ငါ့မောင် စံရှိန်၊ မင်း ကိုတင်အောင်ထက် တော်တယ်။ ငါ့ယောက်ျားကိုတင်အောင် မင်းလို ကြောက်ရမယ့်ဟာကို မကြောက်ဘူး။ ထောင်ထွက်လို့ အမည်ရပြီး ဘဝပျက်မှာလည်း မရှက်ဘူး။ မရှက်တတ်၊ မကြောက်တတ်တဲ့သူ၊ ဥပဒေဘောင်တွင်းမှာ မနေချင်သူတွေဟာ တစ်နေ့ မလွဲမသွေ သောကဒုက္ခနဲ့ ပင်လယ်ဝေကြလိမ့်မယ်။ ဒီမှာ ငါ့မောင်စံရှိန်၊ လက်သမားဆိုတဲ့ အတတ်ပညာဟာ သာမင်ညောင်ညပညာမဟုတ်ဘူး။ အဲဒီအတတ်ပညာနဲ့သာ ကောင်းကောင်းမွန်မွန်လုပ်ကိုင်စား။ တစ်ဝမ်းတစ်ခါး လုရုံသာမကပါဘူး၊ မိသားစုဝမ်းလည်း ဝပါတယ်။ ဟိုတုန်းက ကိုတင်အောင်က လက်သမားလုပ်၊ ငါကလည်း တစ်ဖက်တစ်လမ်းက စက်ချုပ်၊ အိမ်ဆိုင်လေးဖွင့်တာ ငါ့မောင်တို့အမြင်ပဲ



www.burmeseclassic.com

www.burmeseclassic.com

အထိုက်အလျောက် စားရ၊ ဝတ်ရ၊ နေရပါတယ်။ စိတ်လည်းချမ်းသာရပါတယ်။ ခုတော့ ကိုတင်အောင်နဲ့ပတ်သက်ပြီး ဘာသံများကြားရမလဲဆိုတာ ရင်တထိတ်ထိတ်ပဲ"

"ဒါဆို . . . မခင်သန်းကလည်း ကိုတင်အောင်ကို အနိုင်ပိုင်းသလို ရပ်ခိုင်းလိုက်ပါလား။ ကျွန်တော်သိရသလောက် ကိုတင်အောင် တော်တော်ထောနေပြီဗျ"

"ဒီလိုရှိတယ် မောင်စံရှိန်။ ကိုတင်အောင်က မင်းတို့ပြောသလို ရွှေနဲ့၊ ကားနဲ့၊ တပည့်တပန်းတွေနဲ့ လက်ကိုင်ဖုန်းလက်ကမချနိုင်လောက်အောင် အလုပ်တွေများ၊ ငွေကလည်း ဒီရေအလားတဖွေးဖွေးဝင်နေတဲ့အချိန်မှာ ငါကလို လက်မထောင်နေတဲ့သူမို့ ဘယ်လိုပြောပြော နားမဝင်ဘူး။ ခလုတ်ထိမှ အမိတလိမ့်မယ် ထင်တာပဲ"

"ကျွန်တော်တို့ နောက်လမ်းမှာ အိမ်တစ်လုံးလက်ခံထားတာ အပြီးသတ်ခါနီးပြီ။ ကိုတင်အောင်ဆီမှာ ကျွန်တော့်လွှနဲ့ ဆောက်ခုံလေးတစ်လက်ရှိတယ်။ အဲဒါလာယူတာ"

"အေး . . . အေး . . . မောင်စံရှိန်၊ ဟိုသေတ္တာလေးထဲမှာ ရှာယူသွားလေ"

ထိုနေ့က စံရှိန်နဲ့ စကားပြောဖြစ်တော့ ကိုတင်အောင်ဟာ အကူလက်သမားလေး စံရှိန်လောက်တောင် အသိဉာဏ်မရှိတာ တွေးမိပြီး စိတ်မကောင်းဖြစ်မိပြန်တယ်။

× × × × ×

"မိခင်သန်း၊ ညည်းသမီးကော ကျောင်းသွားပြီလား"

"အေး"

"အတော်ပဲ။ ညည်းယောက်ျားအကြောင်းပြောမလို့ ငါလာတာ။ ကာလေးရှေ့ မပြောချင်ဘူး ကောင်မရယ်။ နေစမ်းပါဦး မိခင်သန်းရယ်၊ ဒီလောက် အကျော်အေးယျဖြစ်နေတဲ့ ညည်းယောက်ျားကိစ္စ ညည်းမသိဘူးလား။ မကြားဘူးလားဟာ"

"ဘာလဲ ခင်ထွေး၊ ကိုတင်အောင်က အရင်က တင်အောင် မဟုတ်ဘူး၊ ရွှေနဲ့၊ ငွေနဲ့၊ ကားနဲ့၊ လက်ကိုင်ဖုန်းနဲ့ ဒါပြောမှာမဟုတ်လား။ ငါကြားလွန်း၊ သိလွန်းလို့ နားမဆံ့တော့ဘူး"

"အဲဒါလည်း အဲဒါ၊ ငါညည်းကို ပြောမှာက ညည်းလင်နဲ့ ဈေးတောင်ဘက် မျက်နှာစာတန်းက မြန်မာဆေးမျိုးစုံရောင်းတဲ့ ကေသီနဲ့ ယူကြတော့မယ်တဲ့"

"ကြားကြားချင်း ဝမ်းသာလိုက်တာ မိခင်ထွေးရယ်"

"ဟဲ့ . . . မိခင်ထွေး၊ ငါအကောင်းပြောတာ၊ ညည်းက ငါ့စကား ပေါ့ပျက်ပျက်မလုပ်နဲ့။ တော်တော်ကြာ ညည်းနားနဲ့မျက်ရည် သုတ်နေရလိမ့်မယ်။ အချိန်မီ ညည်းယောကျ်ားတွေပြောပြီး မတားဘူးလား။ ဒီဟာမတွေက မအေကော၊ သမီးကော အလည်မတွေဟဲ့"

"ကျွန်ဝယ်ရာ အဆစ်ပါချင်လို့ စီစဉ်ကြတာ မြန်မြန်ဖြစ်လေ ကောင်းလေပဲ မိခင်ထွေး။ ညည်းက စေတနာနဲ့ပြောတာ ငါသဘောပေါက်တယ်။ ဒါပေမယ့် ငါ ကိုတင်အောင်ကို ပေယျာလကန်ထားခဲ့တာ ကြာပြီ"

ခင်သန်းနဲ့ ခင်ထွေးတို့သည် ငယ်စဉ်က ရွာကအလယ်တန်းကျောင်း၌ ခြောက်တန်းအထိ အတူပညာသင်ခဲ့ဖူးသော ငယ်သူငယ်ချင်းများ ဖြစ်သည့်အတွက် ညီမရင်းချာသဖွယ် ချစ်ခင်ကြသည်။ ဒါကြောင့် ခင်ထွေးက မခံမရပ်နိုင်သဖြင့် မခင်သန်းအိမ်သို့ အရောက်လာကာ ပြောဆိုခြင်းဖြစ်သည်။

"အေးလေ . . ညည်းလင်ကို ညည်းကိုယ်ကိုင်က ပေယျာလကန်ထားပြီးသားဆိုတော့ ငါလည်းမတတ်နိုင်ဘူး မိခင်သန်း။ ညည်းတစ်ခု သိထားဖို့က ညည်းလင်ဟာ ဒီနေ့ ရွှေခဲ၊ ငွေခဲ၊ ပတ္တမြားခဲနော်"

"မိခင်ထွေးရယ်။ ညည်းပြောတဲ့ အဲဒီ ရွှေခဲ၊ ငွေခဲ၊ ပတ္တမြားခဲဆိုတာကို ငါက လမ်းခင်းတဲ့ ကျောက်ခဲလောက်တောင် တန်ဖိုးမထားပါဘူး သူငယ်ချင်း"

"အေး . . . ဒါဆိုလည်း ငါသွားပြီ"

× × × × ×

"ဒကာမကြီး . . . နေထိုင်ကောင်းလား"

"မှန်ပါဘုရား . . . ကြွပါဘုရား။ ဦးလေးစောလည်း ပါလာတာကိုး"

"ကျောက်ဆောက်လုပ်ရေးအတွက် လိုအပ်နေတဲ့ ကုန်မာပစ္စည်းလေးတွေ လာဝယ်ကြတာ။ ဦးပဉ္စင်းတစ်ယောက်တည်း သိပ်နားမလည်လို့ လက်သမားဆရာကြီး ဒကာကြီးဦးစောကိုပါ ခေါ်ခဲ့တာ"

"ဦးလေးစောတို့တွေ နေထိုင်ကောင်းကြရဲ့လား။ ဦးလေးစောသမီးကော ကျောင်းပြီးပြီလားဟင်"

"ကောင်းပါတယ် မခင်သန်းရယ်။ ဆရာတော်ရဲ့ အစီအမံနဲ့ပဲ တွဲဖက်အလယ်တန်းကျောင်းမှာ ကျောင်းဆရာမဝင်လုပ်နေတယ်။ မခင်သန်းသမီးလေး စာဘက်မှာ အတော်ထူးချွန်တယ်လို့ ရွာမှာ ပြောနေကြတာ ကြားမိတယ်"

"ဟုတ်ကဲ့ ဦးလေးစော။ ဆေး

www.burmeseclassic.com

တက္ကသိုလ်ပထမနှစ် တက်နေပါတယ်ရှင့်"

"ဒကာမကြီးရေ . . . တိုက်အုပ်ဆရာတော်ဘုရားက အမေးရှိလို့ ကြားဖြတ်မေးရဦးမယ်။ ဒကာကြီးဦးတင်အောင်နဲ့ ဒကာမကြီးတို့ စီးပွားရေးကောင်းပြီး ချမ်းသာနေတယ်ကြားလို့ တိုက်အုပ်ဆရာတော်ဘုရားက ဝမ်းသာကြောင်းနဲ့ သာကြောင်းမာကြောင်း သတင်းမေးခဲ့ဖို့ မှာလိုက်တဲ့အတွက် ဦးပဥ္စင်းဝင်လာတာပါ။ အခြားအကြောင်း မရှိပါဘူး ဒကာမကြီး"

"လိမ္မော်ရည်အေးအေးလေး ဘုဉ်းပေးတော်မူပါ ဘုရား။ ဦးလေးစောလည်း သုံးဆောင်ပါရှင့်"

တိုက်အုပ်ဆရာတော် ဆိုသည်မှာ မခင်သန်း၏အမေ့မောင်အရင်းမို့ ဦးလေးတော်စပ်သည်။ ဆရာတော်သိချင်တာ ဘယ်လိုဖြေရမယ် မသိသဖြင့် အာဂန္တုဦးပဥ္စင်းအမေးကို မဖြေသေးဘဲ ဆိုင်တွင်အသင့်ရှိနေသော လိမ္မော်ရည်ပုလင်းကို ဖောက်၍ ရေခဲသေတ္တာတွင်းမှ ရေခဲနှင့်ကပ်ရင်း အချိန်ယူလိုက်သည်။

"မှန်ပါ ဦးပဥ္စင်း၊ တပည့်တော်နဲ့ ကိုတင်အောင်တို့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကင်းကွာနေတာ သုံးနှစ်သုံးမိုးရှိပါပြီဘုရား"

"သြော် . . . သြော်၊ ဦးပဥ္စင်းတို့ကြားတာက ဒကာကြီးဦးတင်အောင်မှာ ရှမ်းဂျစ်ဆိုလား ဘာလား အဲဒီကားလည်း ရှိပြီး၊ အရာရှိကြီးတွေ၊ သူဌေးကြီးတွေမှ ကိုင်နိုင်တဲ့ လက်ကိုင်ဖုန်းတောင် ကိုင်နိုင်တယ်လို့ ကြားတာကြောင့် ဦးပဥ္စင်းတို့က ဝမ်းသာလို့ မေးကြည့်တာပါ ဒကာမကြီး"

"တပည့်တော်မကတော့ ဦးပဥ္စင်းမြင်တဲ့အတိုင်းပါပဲ ဘုရား။ သူကတော့ တပည့်တော်နဲ့ ကင်းကွာနေတာ ကြာပြီမို့ တပည့်တော်မ မလျှောက်တတ်ပါဘုရား"

ဒကာကြီး ဦးစောနဲ့ ဦးပဥ္စင်းတို့လည်း ရွာမှ ဆွေမျိုးတွေအကြောင်း အပြန်အလှန်မေးကြ၊ ပြောကြပြီးနောက် မခင်သန်းကိုနှုတ်ဆက်ကာ ပြန်ကြွသွားကြသည်။

ဒုက္ခပဲ၊ ကိုတင်အောင်ဆိုတဲ့ လူအကြောင်းက တောရွာအထိ သတင်းပေါက်နေတာပဲ။ ကိုတင်အောင်နဲ့ပတ်သက်လာတဲ့သူများ တစ်နေ့တခြား များလာသဖြင့် ကိုတင်အောင်ကို မခင်သန်းအတော် စိတ်ပျက်မိသည်။ ဒါကြောင့်နောက်များ ကိုတင်အောင်နဲ့ပတ်သက်မယ့်ဧည့်သည် မလာပါစေနဲ့ဟု မခင်သန်းဝမ်းတွင်းမှ ကြိတ်ဆုတောင်းမိသည်။

မခင်သန်း ဆုတောင်းမပြည့်ပါ။ သူ့ဆုတောင်းမဆုံးခင်ဘဲ . . .

"မခင်သန်းရေ . . ."

"သြော် . . . ဘယ်သူများပါလိမ့်"

"ကျွန်တော်တို့ပါ၊ ရပ်ကွက်ဥက္ကဋ္ဌနဲ့ မြို့နယ်ရဲတပ်ဖွဲ့ကပါ"

"ဟုတ်ကဲ့ရှင့်၊ ဘာကိစ္စရှိလို့ပါလဲရှင့်"

"ဒီလိုပါ မခင်သန်း။ ဒီနေ့မနက်က တိုင်းရဲတပ်ဖွဲ့နဲ့ မြို့နယ်ရဲတပ်ဖွဲ့က နှစ်လုံး၊ သုံးလုံးဒိုင်တွေကို စီမံချက်နဲ့ ပိတ်ဆို့ဖမ်းဆီးခဲ့တာ ကိုတင်အောင်တို့ဒိုင်အဖွဲ့ကို ဖမ်းမိခဲ့တယ်။ တရားခံတွေကတော့ ကိုတင်အောင်အပါအဝင် ကျားငါးယောက်၊ မ နှစ်ယောက်ကို သက်သေခံပစ္စည်းတွေနဲ့အတူ ဖမ်းမိခဲ့တယ်"

"ဒီကိစ္စနဲ့ ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ဟုတ်ပါတယ်။ မခင်သန်းနဲ့ မပတ်သက်ဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒီပတ်ဝန်းကျင်နဲ့ ရပ်ကွက်ထဲမှာပါ မြို့နယ်ရဲတပ်ဖွဲ့က နယ်ထိန်းတပ်ဖွဲ့ဝင်တွေနဲ့ ရပ်ကွက်ကောင်စီဝင်တွေ ပူးပေါင်းစုံစမ်း မေးမြန်းပြီး ရဲစခန်းမှူးနဲ့ တိုင်းရဲတပ်ဖွဲ့က ရဲမှူးပါ အသေးစိတ် စစ်ဆေးပြီးပါပြီ။ ဒါပေမယ့် ရဲတပ်ဖွဲ့ဆိုတာ လုပ်ငန်းစဉ်တွေ ဆောင်ရွက်တိုင်း ရဲလုပ်ငန်းထန်ကုန်အောင် ဆောင်ရွက်ရပါတယ်။ မခင်သန်းဟာ လက်ရှိအခြေအနေမှာ ကိုတင်အောင်ရဲ့ဇနီးဆိုတော့ မခင်သန်းအိမ်ကို မရှာမဖြစ်ရှာရတာ စိတ်မကောင်းပါဘူး။ လုပ်ငန်းသဘောအရ တာဝန်ထမ်းဆောင်ရတာကို နားလည်ခွင့်လွှတ်ပါနော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါ။ ရှာပါရှင့် ရှာကြပါ"

"တောက် . . . ဒီလူဟာလေ . . . ဟင်း"

မခင်သန်းတစ်ယောက် ကိုတင်အောင်နဲ့ မပတ်သက်ချင်ဘူးဆိုပါမှ ပတ်သက်လာရဖြင့် မခံချိမခံသာဖြစ်ကာ တောက်တစ်ချက် ခပ်ပြင်းပြင်းခတ်ပြီး ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ကိုတင်အောင်နဲ့ အပေါင်းအပါများကတော့ ထောင်ထဲမှာ အနေကြာတော့မှာ သေချာပါသည်။

**ဝင်းသောင်(ရမည်းသင်း)**

ထန်ကုန်အောင်ဆိုသည်မှာ ရဲလုပ်ငန်းအရ အမှုကြီးငယ်မဟူ စစ်ဆေးဆောင်ရွက်ကြရာတွင် ဘာပဲဖြစ်ဖြစ် ကျန်ခဲ့သည်ဆိုတာမရှိအောင် အဖက်ဖက်က ထောင့်စေ့အောင် အမှုစစ်အရာရှိများက ရေဆုံး၊ မြေဆုံး၊ လက်တစ်ဆုံး စစ်ဆေးဆောင်ရွက်ကြရသည်ကို ရဲတပ်ဖွဲ့တွင် အတိုကောက် ပြောဆိုသုံးနှုန်းသော စကားဖြစ်ပါသည်။ *(စာရေးသူ)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လေပြည်လေညင်းနှင့် အတူ သစ်ရွက်ကြွေသံ၊ ကိုင်းခြောက်တို့ ပွတ်တိုက်သံကိုသာ ကြားနေရသည်။ ဟိုအဝေးမှ ရယ်သံတချို့ လွင့်ပျံလာသည်ထိလည်း ဘယ်သူကမှ ဂရုမစိုက်အားကြ။ ကိုယ့်အာရုံနှင့်ကိုယ် ငြိမ်သက်နေကြခြင်းပါ။

ဒူးထောက်အနေအထားနှင့် ဖြစ်၍ 'ထင်ရှား'၏ ခြေသလုံးတွေ ကျင်ခဲနေပြီ။ ခေါင်းငုံ့စူးစိုက်၊ ငြိမ်တောင့်ကျုံ့ရှုံ့ထားရတာ ကြာလာတော့ လည်တံနှင့် ကျောရိုးတို့လည်း ညောင်းညာတောင့်တင်းနေပြီ။

ဒါပေမယ့် 'ထင်ရှား'မှ တုတ်တုတ်မျှမလှုပ်ရဲသေးပါ။ ချုံအကွယ်ကြားထဲဖြစ်၍ သစ်ရွက်၊ သစ်ခက်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားမှာ စိုးရသည်။

သည်ချုံအကွယ်ကို ထင်ရှားထက် အရင်ရောက်နေသော လူရွယ်ကလည်း ထင်ရှားလိုပင် ငြိမ်သက်စူးစိုက်နေ၏။ အမှန်တော့ ဒီလူကြောင့် စိတ်ဝင်တစားဖြစ်ပြီး ဒီလိုလိုက်လုပ်မိခြင်းပါ။ မူလရည်ရွယ်ချက်ကတော့ ဒီပန်းခြံထဲ လျှောက်လည်ရုံ သက်သက်ပဲဖြစ်သည်။

ရှေ့မှ လူနှစ်ယောက်ကို ကြည့်ရင်း ထင်ရှားရင်ထဲ မွန်းကျပ်လာပြီ။ ချုံကွယ်မှ ထိုလူသားနှစ်ယောက်ကတော့ ဆိတ်ကွယ်ရာဟု ထင်မှတ်ပြီး ထင်တိုင်းကြဲနေ၏။

ကြည့်ရင်းနှင့်ပင် ခြေလက်တွေ အေးသလိုလို၊ နားရွက်တွေ ပူသလိုလိုနှင့် ရင်ခုန်သံတွေ မြန်လာသည်။ အသက်ကိုမျှင်းမျှင်းရှူ၍ ခြေသံဖွဖွဖြင့် ထိုချုံကြားမှ လှည့်ထွက်ခဲ့သည်။

အင်း ...ပန်းခြံတွေ၊ ပန်းဥယျာဉ်တွေဆိုတာ အများပြည်သူတို့ အပန်းဖြေဖို့ တင့်တယ်လှပအောင် မွမ်းမံပြင်ဆင်ထားသည်ပဲ။ ခုတော့ ချစ်သူစုံတွဲတွေ ချစ်ချင်းပြိုင်ဖို့ နေရာလို ဖြစ်နေပါရောလား ...။ အတွေးနှင့်ပင် ထင်ရှားရင်ထဲ လေးလေးပင်ပင် ဖြစ်လာသည်။

ဆောင်းကာလ၏ ဆည်းဆာချိန်ဖြစ်၍ နှင်းမှုန်တို့ တဖွဲဖွဲကျလာပြီ။ မကြာမီ မှောင်ရီပျိုးတော့မည်။ သူမြင်ခဲ့သော စုံတွဲကတော့ ခုထိပြန်မယ့်ပုံ မပေါ်သေး။ ထင်ရှားကတော့ ပြန်ဖို့တွေးရင်း ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လိုက်သည်။ နောက်မှ တရှပ်ရှပ်ခြေသံနှင့်အတူ ခုနက အတူတူ ရှိနေခဲ့သော လူရွယ်က ထင်ရှားနှင့် ယှဉ်မိအောင် လျှောက်ရင်းမှ ...

"ဟေ့ ...ချာတိတ်၊ မင်းပြန်တော့မလို့လား။ ဟိုဘက်က ချုံကွယ်တွေနားသွားရအောင်။ အဲဒီမှာ ဒါမျိုးတွေ အများကြီးပဲ ..."

ထိုလူက စိတ်ပါလက်ပါ ပြောရင်း စီးကရက်ကို မီးညှိဖွာရှိုက်နေ၏။ သူ့ကိုကြည့်ရတာ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုကို အပျင်းပြေလုပ်နေသည့် ပုံမျိုး။ ဘာမှမဖြစ်သလိုနှင့် ပြုံးရယ်လို့ပဲ။ ထင်ရှားမှာတော့ ရင်တွေတုန်လို့။ ဟန်မပျက်အောင် ရှပ်အင်္ကျီလက်ရှည်ကို ပင့်တင်၊ ကျောပိုးအိတ်ကိုပြင်နှင့် စိတ်ထိန်းရသည်။

ထိုလူရွယ်က စီးကရက်ဖွာရင်း လှည့်မေးသည်။

"လိုက်ခဲ့မယ် မဟုတ်လား။ ဗဟုသုတပေါ့ကွာ .. ဟား ... ဟား"

သူ့ဘာသာပြောရင်း သဘောကျစွာ ရယ်နေသေးသည်။ ထင်ရှား ခေါင်းခါလျက် မလိုက်ချင်ကြောင်း ပြောပြီး နီးရာခုံတန်းလျားပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ လူရွယ်ကလည်း သူနှင့်အတူတူ ရောထိုင်လျက် ...

"မင်းကို အရင် စနေနေ့တွေမှာ မတွေ့ဖူးပါဘူး။ ဒီကို ဘယ်လိုနေ့မျိုးမှာ လာတာလဲ၊ ငါ့နာမည်လည်း မှတ်ထားဦးနော် ...ဝေမြင့်တဲ့"

"ကျွန်တော်က မော်လမြိုင်မှာ နေတာပါ။ ရန်ကုန်ကို ရောက်နေတာတော့ နှစ်ပတ်လောက်ရှိပြီ။ ဒီပန်းခြံထဲ မရောက်ဖူးလို့ လျှောက်ကြည့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာလျှောက်ကြည့်ရင်းနဲ့ ကိုဝေမြင့် ချောင်းနေတာတွေ့လို့ လိုက်လုပ်မိတာ လေ''

''အဟား ... ဟား ... ငါလုပ် သလို လိုက်မလုပ်နဲ့ကွ။ ငါက စနေနေ့ တိုင်း လာရမှုကို နေတတ်တော့တာ။ ဒီအလုပ်က စွဲတယ်ကွ''

ကိုဝေမြင့်က ပြောရင်း အရှက် ပြေရယ်တော့ သူပါ ရယ်မိသည်။ ဒီလူ နှင့်သူက အသက်သိပ်မကွာလှဟုထင် သည်။ သူ့ထက်ကြီးလှ သုံးလေးနှစ်ပေါ့။

သူက ၁၇ နှစ်ပဲ ရှိသေးတယ် လေ။ ဒီလူ့အသက်ရှိလှရင် နှစ်ဆယ် ဝန်းကျင်ပေါ့။ လူကလည်း နှာတံပေါ် ပေါ်၊ အသားဖြူဖြူ၊ နှုတ်ခမ်းလှလှနှင့် ဆိုတော့ မိန်းကလေးတွေ ကျလောက် သည့် ရုပ်မျိုး။ ဒါတောင် ဒီလူက ချစ်သူနှင့်မတွဲဘဲ ဘာလို့ အတွဲလာ ချောင်းရတာလဲ။ စဉ်းစားလို့ မဆုံးမိ ထိုလူရွယ်က ...

''မင်း ... နောက်စနေနေ့ လာ ခဲ့ဦးကွာ။ တို့အတူတူ လျှောက်လည် ကြမယ်။ တခြားပန်းခြံတွေမှာလည်း ဒီလိုမျိုး ချောင်းစရာတွေ ပြည့်လို့ပဲ။ မင်းတောင် မော်လမြိုင်မပြန်နိုင်ဘူး ဖြစ်သွားမယ်။ လာမယ် မဟုတ်လား''

ကိုဝေမြင့်က စကားဆုံးတာနှင့် ထင်ရှား ခေါင်းဆတ်ခနဲ ညိတ်ပြီးသား ဖြစ်နေပြီ။ တကယ်ဆိုလျှင် သူငြင်း လိုက် ဖို့ကောင်းသည်။ ဒါမျိုး ဝါသနာ မပါဘူးဆိုတာမျိုး၊ ကျွန်တော် မအား ဘူး ဆိုတာမျိုး ...။

ဘာရယ်မသိဘဲ သူ့စိတ်က နောက်တစ်ပတ်မှာ ကိုဝေမြင့်နှင့် တွေ့ ချင်နေသေးသည်။ ကိုဝေမြင့်က အနား မှ ဖြတ်လျှောက်သွားသော စုံတွဲများကို လိုက်ကြည့်နေသည်။ တချို့လည်း ကြာခြေရရ လက်ချင်းတွဲလို့၊ တချို့ကျ တော့ ကြာခြေမရ ရယ်မောရင်း ချုံ အကွယ်မှ ထွက်လာကြသည်။ သူတို့ ဆံပင်တွေကလည်း ဖရိုဖရဲနှင့် လွင့်ပျံ့ ဖွာကြဲလို့ ...။

ကိုဝေမြင့်က သူ့ကို အလွန် ရင်းနှီးပြီးသား သူငယ်ချင်းအချင်းချင်း ပြောသည့် လေသံဖြင့် ....

''ဟော့ ... ဟိုမှာကြည့်စမ်း ... ဟိုစုံတွဲက ငယ်ငယ်လေးရှိသေးတယ် နော်။ သူတို့က စနေနေ့တိုင်း ဒီပန်းခြံ ကို လာတယ်ကွာ။ အံ့ရော ... မိဘ တွေတော့ ရင်ကျိုးလောက်ပါရဲ့ ...''

''သူများကို မပြောနဲ့လေဗျာ။ ခင်ဗျားရော စနေနေ့တိုင်း ဒီကို လာ ချောင်းတာပဲ မဟုတ်လား။ အလကား အလုပ်ပျက်တယ်''

''ငါက အဖော်မရှိသေးလို့ပါ ကွာ။ ငါ့မှာ ချစ်သူလေးရှိရင် ဒီလို ဘယ်ချောင်းမလဲ။ သူတို့လို စကား လေးတပြောပြောနဲ့ လျှောက်လည်မှာ ပေါ့။ အေးလေ ... အဲဒီတော့လည်း မင်းလိုချောင်းတဲ့ ချာတိတ်မျိုးနဲ့ တွေ့ ဦးမှာပေါ့ကွာ''

ရယ်ဟဟဖြင့် ပြောနေသော ကိုဝေမြင့်ကို မကြည့်ဘဲ သူခေါင်းခါ လိုက်သည်။ မချောင်းချင်ပါဘူးဟု တိုးတိုးတိမ်တိမ်ပြောရင်း အဝေးသို့ ငေးနေမိသည်။ မင်းရော ချစ်သူလှလှ လေး မရှိဘူးလားဟု ကိုဝေမြင့်ကမေး တော့ သူထိတ်ခနဲဖြစ်မိ၏။

''ဟင့်အင်း ... မရှိပါဘူး။ မော် လမြိုင်ရောက်မှ ရှာမယ်။ ရန်ကုန်သူ တွေကိုတော့ ကြောက်လွန်းလို့ ...''

သူ့အပြောကို ကိုဝေမြင့်က သဘောတကျနှင့် တဟားဟားရယ် လျက် သူ့ပခုံးကို ဖက်လိုက်သည်။ အလိုမကျစွာဖြင့် ထရပ်ရင်း ပြန်တော့ မည်ဟု သူပြောတော့ ကိုဝေမြင့်က လည်း ထရပ်သည်။

''အေး .. ပြန်ကြတာပဲ ကောင်း ပါတယ်။ မှောင်လာတော့မယ်။ လက် ဖက်ရည်ဆိုင်မှာ ဗိုက်ဖြည့်ကြတာပေါ့''

ပြောပြောဆိုဆို ကိုဝေမြင့်က သူ့လက်ကိုလှမ်းဆွဲပြီး ရှေ့ကလျှောက် သည်။ ဒီတော့လည်း မရည်ရွယ်ဘဲနှင့် ကိုဝေမြင့်နှင့်အတူတူ လက်ဖက်ရည် ဆိုင် ထိုင်ဖြစ်ကြပြန်ပြီ။ တစ်ယောက် အကြောင်းတစ်ယောက်မသိဘဲနှင့် ဒီလူ့ကို သူဘာကြောင့် ယုံကြည်နေ မှန်း မသိ။

ကိုဝေမြင့်ပြောသော ရယ်စရာ မပါသည့် စကားလုံးများကို နား ထောင်ရင်းမှ ရယ်မောပျော်ရွှင်နေမိ၏။ အမှန်တော့ ကိုဝေမြင့်ကို အထီးကျန် သူတစ်ယောက်အဖြစ် စာနာစွာ ခင်မင်သွားခြင်းပါပဲ။ ကိုဝေမြင့်က သီချင်းသံကို စည်းချက်လိုက်နေရင်းမှ

''မင်းနာမည်လည်း ပြောဦးလေ ကွာ။ မင်းအိမ်အထိ ငါလိုက်ပို့မယ်။ တို့နှစ်ယောက် အဖော်ရတာပေါ့''

''အင်း ... လိုက်ပို့လေ။ ကျွန် တော်က လမ်းသုံးဆယ်က အဒေါ်အိမ် မှာတည်းတာ။ နာမည်ကတော့ ... ထင်ရှားတဲ့။ ကျွန်တော်က သင်တန်း တစ်ခုလာတက်နေတာလေ။ နောက် စနေနေ့မှာ တွေ့ကြဖို့ ဆိုတာတောင် ကျွန်တော်က နှစ်နာရီနောက်ပိုင်းမှ လာဖြစ်မှာနော်''

''အိုကေ ... ကိုယ်လည်း နှစ် နာရီကျော်လောက်မှ လာခဲ့မယ်။

www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားထက် ကိုယ်က အရင်စောရောက်နေမှာပါကွာ။ ဒါမျိုးချောင်းဖို့အလုပ်ဆို ကိုယ်က ဝီရိယကောင်းတယ်လေ ... ဟဲ ... ဟဲ''

ကိုမြင့်ဝေ၏ ရှက်ရယ်ဟန်ကို ကြည့်ပြီး အထင်သေးရမလို၊ လှောင်ပြောင်ရမလို တွေးမိသည်။ ဘွဲ့ရပညာတတ် ဖြစ်ပါလျက်နှင့် ဒီလိုအမှုအကျင့်မျိုးလုပ်တာ မရှက်ဘူးလားဟု မေးချင်ပေမယ့် မမေးဖြစ်ခဲ့။

အဓိကအကြောင်းရင်းမှာ အဖော်ကောင်းမရှိလို့ဘဲဟု ကောက်ချက်ချမိသည်။ ကိုဝေမြင့်အတွက် အဖော်ကောင်းတစ်ယောက်အဖြစ် သူရပ်တည်ချင်သည်။

နှင်းမှုန်များအောက်မှာ အေးအေးလူလူလျှောက်ရင်း စကားတွေပြောဖြစ်သည်။ ထင်ရှားကတော့ ပြောချင်စိတ်မရှိ၍ သိပ်မပြောဖြစ်။ ကိုဝေမြင့်ကသာ သူရောက်ဖူးသော မြို့များအကြောင်း၊ သူသွားဖူးသော ပန်းခြံများအကြောင်း၊ သူချောင်းခဲ့ဖူးသော စုံတွဲများအကြောင်းနှင့် သူ့ပညာ၊ သူ့အလုပ်တွေအကြောင်း စုံနေအောင်ပြောသည်။

လမ်းခွဲခါနီးတွင် နောက်တစ်ပတ်မှာဆုံဖို့ ထပ်ပြောဖြစ်သည်။

ကိုဝေမြင့်ကို သူတကယ်ခင်နေပြီ မဟုတ်ပါလား ...။

× × × × ×

အိမ်ရှေ့သို့ လှမ်းဝင်စဉ် အိမ်ထဲမှ ဒေါ်လေး၏ ခါးထောက်ကြိုနေသော ဟန်ကို မြင်ရသည်။

ရန်ကုန်သို့ ထင်ရှား သင်တန်းလာတက်ကတည်းက ဒေါ်လေး စိတ်ရှုပ်ရခြင်းပါ။ ရန်ကုန်မြို့တွင် မလည်မဝယ်နှင့် လျှောက်သွားနေမည့် ထင်ရှားကို ဒေါ်လေး စိတ်မချ။ စောစောပြန်လာဖို့ အထပ်ထပ်မှာ။ သူကလည်း အချိန်ကုန်မှရောက်။ ဒေါ်လေးက ထိုင်စောင့်ပြီး ဆူပူကြိမ်းမောင်း။ ဒေါ်လေးအတွက် သူက ဒုက္ခအိုးလေးပါပဲ။

''ကဲ .. လာပါ .. လာပါ။ ဒါက ဘယ်က[illegible]မ္ဘာက ကြွလာတာလဲဟင်။ သင်တန်းပြီးချိန်က ကြာလှပြီ။ ဘယ်တွေလျှောက်သွားမှန်း မသိဘူး။ သွားစရာရှိရင် ဒေါ်လေးလိုက်ပို့မယ်ဆိုတာ ပြောထားသားနဲ့။ ထင်ရှားနော် ... လူပုံကိုက တိမ်လိုလို တောင်လိုလိုနဲ့။ ငါရင်လေးလိုက်တာ ထင်ရှားရယ်။ သင်တန်းမြန်မြန်ပြီးရင် မော်လမြိုင်ကို ပြန်ပါတော့''

''အဟင်း ... ဒေါ်လေးကလည်း စိတ်ပူနေပြန်ပါပြီ။ ကျွန်တော်က တောင်ကြီးလို မတ်မတ်ခိုင်ခိုင်ကြီး မနေချင်ပါဘူး။ တိမ်တွေလို လွတ်လပ်ပေါ့ပါးချင်တယ်။ နေရာအနှံ့ လွင့်မျောနေချင်တယ်။ ဒါမှ လောကသဘာဝကို သိနိုင်မှာပေါ့ ဒေါ်လေးရဲ့''

ဒေါ်လေးက ပူပူပန်ပန်ပြောနေခြင်းကို ကြည့်ပြီး ထင်ရှားဘာသာ ရယ်ချင်နေသည်။ ဒေါ်လေးကို ဖက်လှဲတကင်းလုပ်ရင်း စိတ်ဆိုးပြေအောင် ချော့နေမိသည်။ ဒေါ်လေးက ပြုံးတုံ့တုံ့မျက်နှာထားဖြင့် ...

''အံမယ် ... တိမ်လို လွတ်လပ်ပေါ့ပါးချင်သလေး ဘာလေးနဲ့ ကဗျာဆန်ဆန် မှတ်နေပြန်ပြီတော်။ ကိုယ့်ကိုယ်ကို ဘာကောင်အောက်မေ့နေလဲ မသိဘူး''

ဒေါ်လေးဆူပူသံ မဆုံးမီ ထင်ရှားကတော့ ရေချိုးခန်းထဲ ရောက်နေပြီ။ ဆံပင်တိုတိုကို ကုတ်ဖွရယ်မောရင်းမှ သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ် အော်ဆိုလိုက်၏။

ရေချိုး၊ ထမင်းစားပြီးချိန်တွင် စာမဖတ်ဖြစ်တော့ဘဲ ခုတင်ပေါ် လှဲအိပ်လိုက်တော့သည်။ ညအိပ်မပျော်မီ ကိုဝေမြင့်ကို သတိရမိသေးသည်။ တော်တော်ချောတဲ့ လူပဲဟု သူ့ဘာသာ မှတ်ချက်ချနေမိတော့သည်။

× × × × ×

စနေနေ့။

ကိုဝေမြင့်နှင့် အတူတူဆုံဖို့ ချိန်းထားသည့်နေ့။

ထင်ရှား ရင်တွေခုန်နေပြီ။

ဒီနေ့မှာ သူ့ကိုယ်သူ ဂရုတစိုက်ပြင်ဆင်နေမိ၏။ ဆံပင်တိုတိုကို ဖျံ၏အမွေးလို ချောပြောင်နေအောင် ဆီမွှေးလိမ်းသည်။ ဂျင်းဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီအကွက်သေးသေးကို ရွေးပြီး မီးပူအထပ်ထပ်တိုက်၊ ရေမွှေးဆွတ် ...။

ဒီလို စတိုင်ကျကျနှင့်ဆိုလျှင် ကိုဝေမြင့် ဘာပြောမလဲ။ သူ့ကို သပ်ရပ်ရည်မွန်၍ အလွန်ကြည့်ကောင်းသော လူငယ်အဖြစ် မြင်စေချင်သည်။ ကိုဝေမြင့်၏ ချီးမွမ်းစကားကို ကြားရလျှင် ဘယ်လိုတုံ့ပြန်ပြုံးပြရမလဲဆိုတာ မှန်ထဲကြည့်၍ လေ့ကျင့်လိုက်သေးသည်။

ချိန်းထားသော ပန်းခြံထဲရှိ ခုံတန်းလျားတွင် စတိုင်ကျကျထိုင်ရင်း ကိုဝေမြင့်ကိုမျှော်သည်။ ထင်ရှားစိတ်ထဲ တွေးရင်းနှင့် ရှက်နေမိ၏။ သူဘာကြောင့် ဝီရိယပိုပြီး အရင်ရောက်နှင့်နေတာလဲ။ တကယ်ဆို ကိုဝေမြင့်

www.burmeseclassic.com

ရောက်ပြီးမှ သူရောက်ဖို့ ကောင်းတာပေါ့ ...။

မျှော်ရင်း၊ တွေးရင်း၊ မောနေစဉ် ခြေလှမ်းကျဲကျဲနှင့် သွက်သွက်လျှောက်လာသော ကိုဝေမြင့်ကို လှမ်းမြင်ရပြီ။ ထင်ရှားရင်ထဲ ကျေနပ်စွာပြုံးနေသည်။ ကိုဝေမြင့်ကလည်း ဒီနေ့မှ ပို၍ ကြည့်ကောင်းအောင် ပြင်လာသလိုပင်။

"ကိုယ်နောက်ကျသွားတယ် ချာတိတ်ရာ။ မင်းက ယောကျ်ားဆိုတော့ စိတ်ကောက်မှာ မဟုတ်ဘူးနော်"

ကိုဝေမြင့်စကားကြောင့် စိတ်ကောက်ဟန်ဆောင်မည့် ထင်ရှားကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ အဟဲဟု အရှက်ပြေပြောရင်း ခုံတန်းလျားပေါ်မှ ထလိုက်သည်။ ကိုဝေမြင့်က သူ့ကိုစေ့စေ့ကြည့်ရင်း ...

"အမယ် ... မင်းလေးက သားနားပါလား ချာတိတ်ရ၊ ရေရေလည်လည် မိုက်တယ်ကွာ။ ကိုယ်တောင် ကျလာပြီ"

"အဟုတ် ... လျှောက်လည်ဖို့ဆိုတော့ ဒီလိုပေါ့။ ဒါမှ မိန်းကလေးတွေ ဝိုင်းကြည့်မှာလေ"

"အေးပါကွာ၊ မင်းကိုဝိုင်းကြည့်မှာ သေချာပါတယ်၊ တို့တွေ အတွဲအရင်ချောင်းဦးမယ်နော်။ ပြီးမှ လျှောက်လည်ကြတာပေါ့။ လာ .. သွားမယ်"

ကိုဝေမြင့်က စကားမဆုံးမီ ထင်ရှားလက်ကို ဆတ်ခနဲဆွဲ၍ ချုံထူထူများရှိရာသို့ ဦးဆောင်၍ လျှောက်သည်။ ခါးကိုညွတ်၍ ခြေသံဖွဖွဖြင့် ချုံများကြား တိုးဝင်ပြီး နှစ်ယောက်သား ပူးကပ်၍ တစ်ဖက်မှ စုံတွဲကို ချောင်းသည်။

တစ်ခါတစ်ရံ ကိုဝေမြင့်က သူ့ပခုံးကို လှမ်းဖက်လိုက်၊ သူ့ဒူးအပေါ် လက်တင်လိုက်နှင့် ကိုဝေမြင့်က အရှေ့ကိုမဲ၍ ချောင်းနေပေမယ့် ထင်ရှားမှာတော့ အသက်ပင်မရှူမိ။

မြင်နေရသော မြင်ကွင်းကြောင့်လား၊ ကိုဝေမြင့်၏ အထိအတွေ့ကြောင့်လား မသိ။ ထင်ရှားစိတ်ကိုယ်လုံး ပူရှိန်း၍ ဒူးတွေတုန်နေတော့သည်။ ကိုဝေမြင့်၏လက်ကို အသာဖယ်ချပြီး ချုံကွယ်မှ ခြေသံလုံလုံနှင့် ပြန်ထွက်ခဲ့သည်။

ရင်ထဲမှာ ပူတာရော၊ မောတာရော ပေါင်းပြီး ထင်ရှားတွင် ချွေးများစို့စွတ်နေပြီ။ ကိုဝေမြင့်ကိုစောင့်ရင်း လေနုအေးတိုက်ခတ်သော မြက်ခင်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ မျက်စိကိုမှိတ်ပြီး အသက်ဝဝရှူရင်း အမောဖြေနေစဉ် ကိုဝေမြင့်၏ ခြေသံရှပ်ရှပ်ကို ကြားရသည်။

"ထင်ရှား ... ဘာဖြစ်လို့လဲ၊ မကြည့်ချင်တော့ဘူးလား"

"မကြည့်ချင်တော့ပါဘူးဗျာ။ နိုင်ငံခြားဗီဒီယိုခွေလောက်နီးနီး အရှက်မဲ့ကြတယ်။ ကျွန်တော်ဖြင့် မျက်စိတောင် ရှက်တယ်"

မျက်နှာပူပူနှင့် ပြောနေသော သူ့ကိုကြည့်၍ ကိုဝေမြင့် ရယ်တော့သည်။

"အဟား .. ဟား .. ဒါမျိုးပေါ့ကွ။ ယိုသူမရှက် မြင်သူရှက်ဆိုတာ"

"မရယ်နဲ့ဗျာ ...။ ကျွန်တော်တကယ်ရှက်တာ။ ကိုဝေမြင့်လည်း မချောင်းနဲ့တော့၊ ကျွန်တော်နဲ့လိုက်ခဲ့။ တစ်ခုခုစားပြီး လျှောက်လည်ရင်း ပြန်ကြမယ်"

ပြောပြောဆိုဆို သူကရှေ့မှ ဦးဆောင်၍ လျှောက်လိုက်သည်။ သူ့နောက်မှ ကိုဝေမြင့်၏ခြေသံရှပ်ရှပ်ကို ကြားရပေမယ့် ခါတိုင်းလိုမဟုတ်ဘဲ တုံ့တုံ့နှေးနှေး ဖြစ်နေသလိုလိုပင်။ သူ့ကို နောက်မှနေ၍ စေ့စေ့စူးစူး ကြည့်နေသလိုလိုပင် ...။

ထင်ရှားစိတ်ထဲ မလုံချင်။ ခြေလှမ်းကိုတုန့်ခနဲရပ်၍ ကိုဝေမြင့်ကို ကြည့်လိုက်သည်နှင့် ...

"ထင်ရှား ... နေဦးကွာ။ မင်းကို ငါပြောစရာ ရှိလို့ပါ"

ကိုဝေမြင့်က ထင်ရှား၏လက်ကို လှမ်းဆွဲပြီး တင်းတင်းဆုပ်ထားသည်။ ကိုဝေမြင့်အသံတွေ ပုံမှန်မဟုတ်ကြောင်း သူသိနေပြီ။ မှုန်မှုန်သော မျက်လုံးတွေက မောဟတွေ၊ ရာဂတွေ ရောပြွမ်းနေကြောင်း သိသည်နှင့် လက်ကို တအားရုန်းထွက်ပြီး သူပြေးမလို ခြေလှမ်းပြင်လိုက်သည်။

ကိုဝေမြင့်က ထင်ရှားကို လွှတ်မပေးဘဲ ချုံထူထူအကွယ်သို့ ဆွဲခေါ်သည်။

"တို့နှစ်ယောက် ဒီနားမှာ ခဏထိုင်ရအောင်ကွာ။ စကားပြောရအောင်ပါ"

"ဟင့်အင်းဗျာ ... ကျွန်တော်ပြန်တော့မယ်။ မှောင်ရီပျိုးနေပြီဗျ"

ကိုဝေမြင့်အသံက မောသံပါနေသလို ထင်ရှားအသံကလည်း ကြောက်ရွံ့ ထိတ်လန့်သံပါနေပြီ။ အသက်ရှူသံတွေပြင်းပြီး တစ်ခုခု အမှားအယွင်းလုပ်တော့မည့် ကိုဝေမြင့်၏ မျက်လုံးများက စူးလက်တောက်ပြောင်နေသည်။

"ထင်ရှား ... မင်းကို ငါသိပ်ချစ်တယ်။ မင်းကို ငါတဂကြီးချစ်ပြီးမှ ပြန်လွှတ်နိုင်မယ်။ မင်း ငါ့အလိုကို

www.burmeseclassic.com

လိုက်ရမယ်''

''ဟာဗျာ ... ယောကျ်ားချင်း ချစ်လို့ရမလားဗျ။ ခင်ဗျား ရူးနေပြီလား''

မာကျောပြတ်တောက်သည့် ကိုဝေမြင့်၏စကားကို မနာခံဘဲ ဗလုံးဗထွေးနှင့် သူပြန်အော်လိုက်သည်။ ကိုဝေမြင့်က သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်ညှပ်၍ ပင့်တင်ပြီး နှုတ်ခမ်းကို ငုံမိအောင် ကြိုးစားနေပြီ။ နှုတ်မှလည်း ...

''မင်းက ယောကျ်ားမဟုတ်ဘူး ထင်ရှား။ မင်းမိန်းကလေးဆိုတာ ငါသိတယ်။ မင်းကို ဘာမှမလုပ်ရဘဲနဲ့ ငါပြန်မလွှတ်နိုင်ဘူး ... ထင်ရှား''

ကိုဝေမြင့်က ပြောလည်းပြောရင်း အတင်းဖက်တွယ်ရင်းနှင့် နမ်းရှိုက်နိုင်အောင် ကြိုးစားနေသည်။ ရုန်းကန်ရင်းဖြင့် နှစ်ဦးပင် ချုံကွယ်သို့ လဲပြိုကျသွားတော့သည်။

ထင်ရှားတစ်ကိုယ်လုံး ရက်စိတ်ဖြင့် တုန်ရင်နေပြီး ကြောက်လွန်းလှစွာဖြင့် ငိုရှိုက်မိသည်။ ကိုဝေမြင့်က ကိုယ်လုံးကြီးဖြင့် ဖိနှိပ်ချုပ်ကိုင်ထားသောကြောင့် ထင်ရှားရင်ထဲ မွန်းကျပ်နေပြီ။ ငိုသံပါဖြင့် ကြောက်လန့်စွာ အော်နေမိသည်။

''ဖယ်နော် ... ခင်ဗျား မတရားမလုပ်နဲ့ ... ကျွန်တော်ယောကျ်ားဗျ''

''လုပ်မနေနဲ့ ထင်ရှား။ မင်းဘယ်လိုပဲနေနေ မိန်းမဆိုတာ မိန်းမပဲ။ ငါသိပြီးသား''

ပြောရင်း ... ရုန်းကန်ရင်းနှင့် ထင်ရှားလက်က ဘောင်းဘီအိတ်ထဲမှ ဓားမြှောင်လေးကို စမ်းမိသွားသည်။ အခမ့်အကျပ်ကိုင် အနိုင်ကျင့်နေသော ကိုဝေမြင့်၏ လည်ကုပ်ကြားထဲသို့ ဓားမြှောင်ကို အားစိုက်၍ ထိုးချလိုက်သည်။

စူးစူးဝါးဝါးအော်သံတစ်ခု ထွက်ပေါ်လာပြီး ကိုဝေမြင့်၏ကိုယ်လုံးကြီး ဘေးသို့ ပြုတ်ကျသွားသည်။ ထင်ရှားလည်း ချုံကွယ်ကြားမှ တအားပြေးထွက်ခဲ့တော့သည်။

× × × × ×

မြို့နယ်ရဲစခန်းတွင် ထင်ရှားကို စစ်ဆေးနေသည်။ အခင်းဖြစ်ပွားမှုကို ပြောပြရင်း ထင်ရှားကတော့ တရှုံ့ရှုံ့ ငိုဆဲ။ အကြောင်းစုံကို သိရပြီးသောအခါ စခန်းမှူးကြီးက ထင်ရှားကို ကြည့်၍ သက်ပြင်းချသည်။

''အင်း ... မင်းအဖြစ်အပျက်တွေကို ခြုံငုံကြည့်ပြီး ကောက်ချက်ချရတော့ အထိန်းအကွပ်မဲ့ လွတ်လပ်ချင်တဲ့ ဆန္ဒကြောင့် အန္တရာယ်နဲ့ ကြုံရတာလို့ ပြောရမှာပဲ။ အခုတော့ မင်းက လူသတ်တရားခံဖြစ်နေပြီ။ ဦးတို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်ရော၊ ဒုစရိုက်လုပ်ငန်းတွေ ပပျောက်အောင်ရော ကူညီဆောင်ရွက်ပေးနေရတာ မဟုတ်လား။ မင်းကိုလည်း တရားဥပဒေအရ အရေးယူရတော့မှာပေါ့။ ကဲ ... ထင်ရှားလို့ခေါ်တဲ့ 'မထင်ရှားမေ'၊ မင်းဘာပြောဖို့ ကျန်သေးလဲ''

စခန်းမှူးကြီးက အေးဆေးတည်ငြိမ်စွာဖြင့်ပြောပြီး ထင်ရှားကို မေးသည်။ ထင်ရှားက ခေါင်းကိုငုံ့လျက် အထစ်ထစ်အငေါ့ငေါ့နှင့် ...

''ကျွန်တော့်ကို သူက မတရား ... မတရားလုပ်လို့ ဓားနဲ့ထိုး ... ထိုးလိုက်မိတာပါ။ ကျွန်တော် ... ကျွန်တော် သူ့ကို သတ်ဖို့မရည်ရွယ်ပါဘူး ဦးရယ် ...''

''အေးပေါ့လေ ... မင်းက မိန်းကလေးဆိုတော့ ကိုယ့်ကိုကိုယ် ခုခံကာကွယ်ပိုင်ခွင့် ရှိပါတယ်။ မင်းအမှု သက်သာအောင်တော့ ဦးတို့ ကူညီဆောင်ရွက်ပေးမှာပါ။ ထင်ရှားမေကိုတော့ ဦး သတိပေးစကား ပြောချင်သေးတယ်။ မြန်မာမိန်းကလေးပီပီ သိမ်မွေ့ယဉ်ကျေးတဲ့ အမူအကျင့်နဲ့ နေပါလို့ မှာချင်တယ်နော်။ နေရာတကာမှာ ယောကျ်ားလေးနဲ့ယှဉ်ပြီး လွတ်လပ်ချင်လို့ မရဘူးဆိုတာ အမြဲသတိရှိစေချင်တယ်။ အထိန်းအကွပ်မဲ့တဲ့ လွတ်လပ်မှုတိုင်းမှာ အန္တရာယ်ရှိတာချည်းပါပဲ ကလေးရယ်''

''ဟုတ်ကဲ့ပါဦး ... ထင်ရှား နောင်တရပါပြီ ဦးရယ်။ ကိုယ့်ကိုကိုယ် ပြုပြင်ပါ့မယ်''

စခန်းမှူးကြီးကို လေးစားစွာဖြင့် ကတိတွေ အထပ်ထပ်ပေးမိသည်။ ထင်ရှားအနေနဲ့ ဥပဒေ၏ အဆုံးအဖြတ်ကိုခံယူပြီးလျှင် စခန်းမှူးကြီး ဆုံးမလိုက်သည့်အတိုင်း သူ့ကိုယ်သူ ပြုပြင်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ပထမဆုံးအနေနဲ့ သူ စွဲလမ်းနှစ်ခြိုက် ဝတ်ဆင်ခဲ့သော ယောကျ်ားဝတ် ဘောင်းဘီရှည်နှင့် ပုဆိုးများ။ ပြီးတော့ သူကြိုးစားလေ့ကျင့်ခဲ့ရသော ယောကျ်ားသဏ္ဌာန်နှင့် အမူအကျင့်များ ...။

အို ... အားလုံးကိုပဲ သူကျောခိုင်းတော့မည်။

မိုးဝန်းမွန်(ရာမည)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီနီ ၁၀၃

တာတေကြီး

တည်းခိုခန်းတံခါးကို တွန်းဖွင့်ကာ အထဲသို့ ကျွန်တော် ဝင်လိုက်သည်။ မန်နေဂျာ ဖြစ်ဟန်တူသူသည် မှတ်ပုံတင်များကို ကြည့်ကာ ဧည့်စာရင်း ရေးနေပုံရ၏။

"ကျွန်တော် အခန်းလိုချင်လို့ဗျာ"

"အခန်းမရှိတော့ဘူးဗျ၊ နေပါဦး ဆရာက တစ်ည တည်းမှာလား"

"ရက်ရှည်တည်းမှာ ဘယ်လိုရနိုင်မလဲ စဉ်းစားပေးပါဦး"

"ကျွန်တော်တို့ တည်းခိုခန်းမှာ ဘယ်သူမှ မတည်းရဲတဲ့ အခန်းတစ်ခန်းတော့ ရှိတယ်၊ အပေါ်ထပ် အခန်း အမှတ် ၁၀၃ ပဲ။ တစ်ညတစ်လေ တည်းတဲ့လူ ဆိုရင်တော့ အဲဒီအခန်း ပေးလို့ ရတယ်၊ ရက်ရှည်ကျတော့ အဆင်မပြေနိုင်ဘူး"

"ဘာဖြစ်လို့လဲဗျ"

"အဲဒါတော့ မသိချင်ပါနဲ့ဗျာ၊ ကျွန်တော် ပြောခွင့်မရှိဘူး"

"ခက်တာပဲဗျာ၊ ဒီမြို့လေးမှာက လည်း ခင်ဗျားတို့ နှင်းဆီနီ တည်းခိုခန်း တစ်ခုပဲ ရှိတာဆိုတော့ ကျွန်တော် ဘာ ဆက်လုပ်ရမှန်းတောင် မသိတော့ဘူး၊ ဒီမှာ ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော် အဲဒီ ၁၀၃ ကို ယူမယ်ဆိုရင်ကော ခင်ဗျား ငြားမလား"

"ကျွန်တော် ပြောပြီးသားကိုမှ ခင်ဗျားက တည်းမယ်ဆိုရင် လက်မခံဘဲ မနေပါဘူး"

"ကျေးဇူးပဲ၊ ရော့ မှတ်ပုံတင် ဒီမှာ ကြိုတင်ငွေ တစ်သောင်း"

ကျွန်တော်သည် တည်းခိုခန်း မန်နေဂျာကို ပေးပြီးနောက် မန်နေဂျာက အလုပ်သမားတစ်ဦးကို ကျွန်တော့် သေတ္တာဆွဲလျက် လိုက်ပို့စေသည်။ အခန်း အမှတ် ၁၀၃ ကို ဖွင့်ပေးလိုက်သည်။

"ဆရာ လိုတာရှိရင် မှာပါ၊ ကျွန်တော့်ကို ခေါ်လိုက်ပါ၊ သံလုံးဆို တည်းတဲ့လူတိုင်း သိပါတယ်"

"ကောင်းပြီ"

သံလုံး ဆိုသည့် အလုပ်သမား ပြန်သွားပြီးနောက် ဘေးခန်း ၁၀၄ မှ လူတစ်ယောက် ကျွန်တော့်အခန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ တံခါးပြန်ပိတ်မည့် ကျွန်တော့်မှာ သူ့ကို တွေ့သဖြင့် မပိတ်ဖြစ်သေးပေ။

"ခင်ဗျား ဒီအခန်း တည်းမလို့လား။ ဒီအခန်းအကြောင်း မသိဘူးနဲ့တူတယ်"

"ဒီအခန်းက ဘာဖြစ်လို့လဲဗျ"

"ဒီအခန်းမှာတည်းတဲ့ ရာဇာဆိုတဲ့ လူကို ရန်ငြိုးရှိတဲ့ လူတစ်ယောက်က ဒီအခန်းမှာ လာသတ်သွားတယ်၊ သတ်တဲ့လူကို ရဲကဖမ်းမိပေမယ့် ဒီအခန်းကတော့ ရာဇာ ဆိုတဲ့လူက မကျွတ်ဘဲ ခြောက်လှန့်နေတာဗျ"

"ဒီအခန်း တည်းတဲ့ လူတိုင်း အခြောက်ခံရလား"

"ဒါပေါ့ဗျာ တစ်ရက်ကနေ နှစ်ရက်ဆို ထွက်ပြေးရတာချည်းပဲ"

"ကျွန်တော်တော့ ဒီအခန်းပဲရလို့ ဒီမှာပဲ တည်းရမှာ"

ကျွန်တော့်အခန်းတံခါးကို ပိတ်လိုက်သည်။ အချိန်က ညကိုးနာရီခန့်ရှိပြီ ဖြစ်သည့်ပြင် ထမင်းလည်း စားသောက်ပြီးခဲ့ပြီမို့ ကျွန်တော်သည် အိပ်ရာထဲ တန်းဝင်ခဲ့ပါသည်။

မနက်မိုးလင်း အောက်ထပ်ဆင်းတော့ တည်းခိုခန်းမန်နေဂျာက. . .

"ကောင်းသော နံနက်ခင်းပါ၊ ကိုဖေရှိန်း ညက အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ အေးအေးချမ်းချမ်းပါပဲ"

ကျွန်တော်သည် သူ့ကို ပြန်ဖြေပြီး မြို့ထဲသို့ ထွက်လာခဲ့သည်။

ပထမဆုံးလုပ်ရမည့်အလုပ်က လက်ဖက်ရည်ဆိုင်ကောင်းကောင်းရှာပြီး ထိုင်ဖို့ပဲဖြစ်၏။ လက်ဖက်ရည်ဆိုင်တွေ့တော့ ထိုင်ဖြစ်သည်။ တို့ရှည်တစ်ပွဲပါ မှာစားလိုက်၏။

◆

ထိုည(ဒုတိယည) အိပ်ရာဝင်သည့်အခါ အေးစက်နေသည့် လက်ကြီးတစ်ဖက်က ကျွန်တော့်ကို အတင်းလှုပ်နှိုးသဖြင့် အိပ်ရာမှ နိုးသွားသည်။

"တောက်"

ကျွန်တော် ဖွတ်ပေပြီး ထပ်အိပ်သည်။ အိပ်ပျော်သွား၍ မကြာမီမှာပင် အေးစက်သည့် လက်ကြီး၏ အထိအတွေ့ကို ခံရပြန်သည်၊ အိပ်၍မရသဖြင့် ဒေါကန်သွား၏။

"တောက် ခက်တော့တာပဲ"

ကျွန်တော်သည် မီးခလုတ် ကဖွင့်ပြီး ဆက်အိပ်သည်။ နှာခေါင်းထဲ ပုပ်အက်အက်အနံ့က စူးရှစွာ ဝင်လာသည်၊ မျက်လုံးဖွင့်ကြည့်သည်။ ဘာဆိုဘာမျှ မတွေ့။ မီးကလည်း ဖွင့်ထားဆဲသား။ အနံ့ကတော့ ဆက်ပေးနေဆဲ။

ကျွန်တော်သည် နှာခေါင်းကို လက်ကိုင်ပဝါနှင့်ပိတ်ပြီး ဖွတ်အိပ်လိုက်သည်။ မီးခလုတ်ကို ပိတ်လိုက် ဖွင့်လိုက် အကြာကြီး ဆက်လုပ်နေသေးသော်လည်း ကျွန်တော်က ဂရုမစိုက်သောအခါ ရပ်သွားလေတော့၏။

သည်လိုနှင့်ပင် မိုးစင်စင်လင်းသည်။ သံလုံးက သန့်ရှင်းရေးလုပ်ရန် လာသည့်အခါ ကျွန်တော်က ထိုအကြောင်းကို ပြောပြလိုက်သည်။ သံလုံးက ကြောက်၍ပြီး သန့်ရှင်းရေးပင် မလုပ်ရဲသဖြင့် ကျွန်တော် စောင့်ပေးပြီး သန့်ရှင်းရေး လုပ်ခိုင်းရသည်။ အာဂသတ္တိခဲ သန့်ရှင်းရေး ဝန်ထမ်းပင်။

ထိုမြို့ရှိ စီးပွားရေးနှင့် ပတ်သက်သည့် တွေ့ရန်ရှိသူများကို သွားရောက်တွေ့ဆုံပြီးနောက် ထမင်းမဆာသေးသဖြင့် ဝက်ထမင်းကြော်တစ်ပွဲမှာပြီး ပါဆယ်ထုပ်ယူကာ တည်းခိုခန်းသို့ ပြန်ခဲ့သည်။

နှင်းဆီနီ တည်းခိုခန်းမှာ သူ့မြို့နှင့်သူတွက်လျှင် အဆင့်မီသည်ဟု ဆိုနိုင်သည်။ အအေးခန်းဖြစ်ပြီး အိမ်သာ ရေချိုးခန်းက တွဲလျက်ဖြစ်သည်။ ကျွန်တော်သည် ထမင်းကြော်ကို ဖြည်ကာ စားမည်ပြုသေးသည်။ ပြီးမှ ရေချိုးချင်လာသဖြင့် ရေအရင်ချိုးဖို့ ဆုံးဖြတ်လိုက်၏။

ရေချိုးပြီးနောက် ထမင်းစားဖို့ ကြည့်လိုက်တော့ ထမင်းထုပ်က မရှိတော့ပေ။

"တောက် သွားပါပြီကွာ"

ကျွန်တော်သည် ရာဇာဆိုသည့် သကောင့်သား လက်ချက်မှန်း သဘောပေါက်လိုက်သည်။ သည်ပုံနဲ့သည် အမြဲတမ်း အလစ်ချောင်းနေပုံ ရသည်။ ကျွန်တော်လည်း အသင့်ဝယ်ထားပြီးသားရှိသည့် ကိတ်မုန့်ကိုစားပြီး ရေသောက်ကာ အိပ်လိုက်တော့သည်။

နောက်နေ့ ချိန်းဆိုထားသူများနှင့် သွားတွေ့ပြီး ငွေကြေးကိစ္စများ ပြောဆိုရှင်းလင်းကာ တည်းခိုခန်းသို့ ပြန်ဖို့ပြင်သည်၊ ခေါက်ဆွဲကြော်ဝယ်ဖို့ ကြံသည့်အခါ နှစ်ထုပ် ဝယ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းသို့ ရောက်သော်. . .

"ရာဇာဆိုတဲ့ ပုဂ္ဂိုလ် ဒီမှာ ခင်ဗျားနဲ့ တစ်တုပ်ပေးလာတယ်၊ စည်းနဲ့ကမ်းနဲ့ ကိုယ့်အတွက် ဝယ်လာတာပဲစားနော် ကြားလား"

ညသည့်အချိန်တွင် စားသွားသည်မသိ၊ မနက်မိုးလင်းတော့ ဖက်များသာ တွေ့ရတော့သည်။ ယိုဆို့မကျွေးခင် ရက်ပိုင်းသာ ညဖအိပ်မျှော် အသံပေးလိုက် အနံ့မေးလိုက် လူ့အိပ်ပျော်လျှင်လာခိုးလိုက် လုပ်တတ်သေးသည်လည်း ကျေးသည့်ညမှ စပြီး ကောင်းမွန်စွာ အိပ်မက်ရှုသည်။

နောက်တစ်ရက် နှစ်ရက် သည်အတိုင်းပင် လူ့အတွက်ဝါ ခွဲတမ်းပိုဝယ်လာပြီး ထားသွားပေးသည်။ ထိုရာဇာသည် ကျေနပ်နေပုံရ၏။

ကြည်းခိုခန်း မန်နေဂျာနှင့် အလုပ်သမားကတော့ ကျွန်တော့်ကို ပြောင်းမပြီးသဖြင့် လူ့ထွင်းကောင်းကြီးသဖွယ် မှတ်ယူနေဟန်ရှိသည်။

◆

သုံးပင်ကောက်ကောက် အသားမဲမဲ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ရာဇာသည် ကျွန်မတော့်အား လူခြေတိတ်ချိန် အခန်းထဲတွေ့သည်။

"ကျုပ်ကို သတိတရ ကျွေးမွေးနေတဲ့ မိတ်ဆွေကြီးကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ခုလိုလာတွေ့တာပါ မကြောက်ပါနဲ့"

"မကြောက်ပါဘူး၊ မကြောက်လို့လည်း ဒီအခန်းမှာ နေရဲတာပေါ့၊ ခင်ဗျား စားချင်မှန်းသိလို့ ကျုပ်ကျွေးတာ ကျုပ်စေတနာပါ"

ရာဇာသည် ပြုံးလိုက်သည်။ ပြီးနောက် စကားဆက်ပြော၏။

"အရင် ဒီအခန်းမှာ တည်းတဲ့လူတွေဆို ကျုပ်က မရေပန်းတွေဖွင့်လိုက်သူတို့ကို အိပ်မရအောင် နှိုးလိုက်လုပ်ရင် တစ်ခါတည်း မအိပ်တော့ဘဲ ထွက်ပြေးတော့တာပဲဗျ။ မိတ်ဆွေကြီးကျမှ ကျုပ်အံ့သြတယ် မိတ်ဆွေကြီးက သတ္တိကောင်းသလို စေတနာလည်းကောင်းတယ်၊ ဒါကြောင့် ကျုပ် ခင်ဗျားတို့ ကျေးဇူးဆပ်ဖို့ ဆုံးဖြတ်ထားတယ်"

"ခင်ဗျားက ကျုပ်ကို ကျေးဇူးဆပ်မလို့ ဟုတ်လား"

"ဟုတ်တယ် ကျုပ်က အရောင်းအဝယ်သမား၊ တစ်နေ့ မမျှော်လင့်ဘဲ ဒုစရိုက်သမားတွေနဲ့ဆုံပြီး အရောင်းအဝယ် လုပ်ဖြစ်တာမှာ ကျုပ် သူတို့အပေါ် ကဟုံးပေါ် ထိပ်ကွက်လိုက်လို့ ကျုပ် ရှောင်တိမ်းနေတဲ့ ဒီတည်းခိုခန်းထိလိုက်ပြီး ကျုပ်ကို အပြတ်ရှင်းလိုက်တာ"

"ခင်ဗျားအကြောင်း ကျုပ် နည်းနည်းပါးပါးတော့ ကြားဖူးတယ်"

"ကျုပ်ဇာတိက ဒီမြို့လေးနဲ့ ဆယ့်ငါးမိုင်လောက်ဝေးတဲ့ မြို့လှမြို့ပဲ၊ မြို့လှ တောင်ပိုင်းစက်တုန်းရပ်မှာနေတယ်။ တစ်ယောက်တည်းသမား တစ်ကောင်ကြွက် အဲ ကျုပ်ပြောချင်တာက အဲဒီကျုပ်အိမ်ကို ခင်ဗျားသွား၊ လူမသိ သူမသိ အိမ်ထဲရအောင်ဝင် အဲဒီအိမ် ကျုပ်ငှားထားတာ လ,မစေ့သေးတော့ အိမ်ရှင်က အိမ်ငှားအသစ်တင်ဦးမှာ မဟုတ်ဘူး၊ ကျုပ် ဗီရိုအံဆွဲထဲမှာ ကျုပ်စုထားတဲ့ ရွှေနှစ်ကျပ်သားနဲ့ ငွေတစ်သိန်းလောက် တွေ့လိမ့်မယ်။ အဲဒီအိမ်လိပ်စာကို ရဲက မသိတော့ အဲဒါတွေ ရဲလက်လည်း မရောက်နိုင်ဘူး၊ အဲဒီရွှေနဲ့ ငွေကို ခင်ဗျား ယူလိုက်ပါ၊ ကျုပ် ကျေးဇူးဆပ်တာပါ"

"ခင်ဗျား တကယ်ပြောနေတာပါနော်"

"တကယ်ပေါ့၊ ခင်ဗျား မနက်ဖြန်သွားကြည့်လိုက်"

"၁၀၃ တံခါးဖွင့်ပါ၊ ညွှန်စာရင်း နည့်စာရင်း"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် ကျွန်တော် လန့်နိုးသွားသည်။ မက်လက်စအိပ်မက်လည်း ပြီးဆုံးသွားသည်။ တံခါးဖွင့်ပေးလိုက်တော့ ရဲနှင့် ရပ်ကွက်လူကြီးများ။ ကျွန်တော့်မှတ်ပုံတင်နံပါတ် နာမည်စသည်တို့ကို မေးပြီး စာရင်းနဲ့ တိုက်ကြည့်ကာ ပြန်ထွက်သွားသည်။

သူတို့ ပြန်သွားတော့ ကျွန်တော့် အိပ်မက်ထဲမှာ ရာဇာ၏စကားကို အနုလုံ ပဋိလုံ စဉ်းစားနေမိသည်။ ကာဝဲဖြစ်ဖြစ် ဝေးကွာသည့် ခရီးလည်း မဟုတ်သဖြင့် သွားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

◆

မြို့လှသည် ရွာသာသာမျှသာ ဖြစ်၏။ ကျေးဇူးရှင် ရာဇာပြောသည့် စက်တုန်းရပ်ကို မေးမြန်းပြီးသွား၏။ စက်တုန်းရပ်ရောက်တော့ အကြော်ဆိုင်တစ်ဆိုင်ရှေ့ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အကြော်သည်မှာ အဘွားကြီး ဖြစ်၏။ အကြော်တစ်ပွဲ မှာလိုက်သည်။

"အဒေါ်က ဒီရပ်ကွက်ကပဲလား"

"ဟုတ်တယ်ကွဲ့၊ ဘာဖြစ်လို့လဲ လူလေး"

"ဒီရပ်ကွက်ကဆိုရင် ကျွန်တော့် မိတ်ဆွေတစ်ယောက်ကို သိလားလို့ မေးချင်လို့ပါ။ သူ့နာမည်က ရာဇာတဲ့ အရောင်းအဝယ်သမားလေ သူ့အိမ်ကို ကျွန်တော် သွားချင်လို့"

"ဩော် လူလေးက ရာဇာ့မိတ်ဆွေကိုး၊ ရာဇာက ခရီးထွက်နေတာ များတယ်ကွဲ့၊ ခုတစ်လောပြန်လာတာ မတွေ့ဘူး၊ သူ့အိမ်က ဟိုမျက်စောင်းထိုးက တစ်ထပ်ပျဉ်ထောင်အိမ်လေးပဲ"

"ဒါဆို သူ မရှိဘူးပေါ့နော်၊ အဲဒါ သူ့အိမ်ပိုင်လား"

"ငှားနေတာကွဲ့ ဒီလကုန်ရင် ပြည့်ပြီ အိမ်ရှင်က ဟိုဘက်ရပ်ကွက်မှာ နေတယ်"

အိမ်လေးကိုလှမ်းကြည့်ရာ ခြံစည်းရိုးရှိသော်လည်း ခြံတံခါး မထားပေ။ အိမ်တံခါးကိုတော့ သော့ခတ်ထားတာ တွေ့ရသည်။ သို့နှင့် ညဘက်တွင် လူအလစ်၌ အိမ်ဘေးပြတင်းပေါက်ကို အသာရအောင်ဖွင့်ပြီး အိမ်ပေါ် တက်ခဲ့ရသည်။ ရာဇာပြောသည့်အတိုင်း ရွှေရောင်ငွေပါ တွေ့သဖြင့် ယူပြီး ပြန်ဆင်းခဲ့သည်။

မနက်မိုးလင်းသည်နှင့် အစောပိုင်းထွက်သည့်ကားနှင့် နှင်းဆီနီသို့ ပြန်ခဲ့သည်။ သည်တစ်ရက်ဆိုလျှင် သည်မြို့လေးမှာ အလုပ်ပြီးပြီမို့ ပြန်ရပေဦးတော့မည်။ ထို့ကြောင့် အလုပ်ထွက်လုပ်ပြီးနောက် တည်းခိုခန်းသို့ စောစောပဲပြန်လာသည်။ တည်းခိုခန်းမန်နေဂျာနှင့် တွေ့လျှင်. . .

"ခင်ဗျားကို အကူအညီတောင်းချင်တယ်၊ ကျွန်တော့်အခန်းအမှတ် ၁၀၃ မှာ သေသွားတဲ့ ကိုရာဇာကို ရည်စူးပြီး ဘုန်းကြီးသုံးပါးပင့်လို့ ဆွမ်းကပ်ချင်တယ် အဲဒါ ခွင့်ပြုနိုင်ရင် ခွင့်ပြုပေးပါ"

"ခွင့်ပြုရမှာပေါ့ဗျာ၊ ဒါကောင်းတဲ့ အလုပ်ပဲ၊ ကျွန်တော်တို့ကိုယ်စား ခင်ဗျားက လုပ်ပေးတာတောင် ကျေးဇူးတင်ရမှာပါဗျာ"

"ဒါဆိုလည်း သံဃာပင့်ဖို့ စီစဉ်ပေးဗျာ၊ ပြီးတော့ သံဃာတွေအတွက် ဒံပေါက် အော်ဒါမှာပေး၊ ကျသလောက် ကျွန်တော့်ဆီက ထုတ်ယူပါ"

"ဟုတ်ကဲ့ အားလုံးစီစဉ်ပေးပါ့မယ်"

"ဒီတည်းခိုခန်းမှာ တည်းနေတဲ့ လူတွေကို မုန့်နဲ့ လက်ဖက်ရည်ပေါ့ဗျာ၊ အဲဒါလည်း စီစဉ်ပေးပါ၊ ကျွန်တော်က ဆွမ်းကျွေးပြီး နောက်နေ့ဆို ပြန်တော့မယ်"

"ဗျာ"

တည်းခိုခန်း မန်နေဂျာ အတော်လေး အံ့သြသွားပုံရသည်။ ကိုယ်ဆက်တည်းဦးမည့် အခန်းလည်း မဟုတ်ပါဘဲနှင့် ယခုကဲ့သို့ အလှူအတန်း လုပ်သည်ကို နားကြားများ လွဲရှေ့သလားဟု စဉ်းစားနေပုံလည်းရှိသည်။

◆

ကျွန်တော်သည် ၁၀၃ သို့ ရောက်သည်တွင် မိတ်ဆွေကြီးရာဇာ သိသာရန် စကားပြောဖို့ အခန်းတံခါးကို ပိတ်လိုက်သည်။

"ကဲ ကိုရာဇာ ခင်ဗျားပြောတဲ့အတိုင်း အားလုံးရခဲ့ပါတယ်ဗျာ၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ ကျုပ်က ခင်ဗျားကို မေတ္တာစေတနာထားပြီး ကျွေးမွေးခဲ့လို့ ခင်ဗျားက ကျုပ်ကို မေတ္တာပြန်ထားပြီး ရွှေငွေတွေ ပေးတယ်။ ကျုပ်က တစ်ခါ ခင်ဗျားကို မေတ္တာပြန်ထားပြီး ခင်ဗျားအတွက် ရည်စူးလို့ ကုသိုလ်ကောင်းမှု ပြန်လုပ်ပေးတယ်။ မေတ္တာရောင်ပြန်ဟပ်တဲ့ သဘောတွေပေါ့ဗျာ။ ကျုပ်အမျှဝေတဲ့ အခါ သာဓုခေါ်နိုင်အောင် ကြိုးစားဗျာ ဟေ့လူကြီး ကျုပ်ပြောတာ ကြားလား"

ကျွန်တော်သည် တစ်ယောက်တည်း ထိုသို့ ပြောနေရာတွင် နံရံအထက်ဆီမှ အိမ်မြှောင်စုတ်ထိုးသံကို ကြားလိုက်ရသည်။ ကိုရာဇာ သိသွားပြီဟု ယူဆရပေသည်။

မနက်ဖြန်ဆိုလျှင် သံဃာတော်အရှင်မြတ်များအား ဆွမ်းကပ်လှူဒါန်း အမျှဝေရပေမည်။ ထိုကုသိုလ်ကောင်းမှုအစုစုကို သာဓုခေါ်နိုင်ပါက ကိုရာဇာသည်လည်း လွတ်ပေကျွတ်ပေမည်။ နှင်းဆီနီ ၁၀၃ သည်လည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသွားပေတော့မည်။

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com

## ခက်ခက်ခဲခဲ အသက်ကယ်ရခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျင်ကျွန်းပြည်နယ်တွင် တိုက်ဖုန်းမုန်တိုင်းဒဏ်ခံရသော သဘာဝဘေးဒဏ် အတော်ခံစားရသည်။ လူများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရသည်။ ရဲတပ်ဖွဲ့အပါအဝင် ကယ်ဆယ်ရေးလုပ်သားများက အတော်ပင် ရှင်းလင်းကယ်ဆယ်ကြရပြီး အချို့လုပ်ငန်းများ ခက်ခဲသည်ဆို၏။

တိုင်တီးရွာကလေး၌ ကြုံရသည့် အခြေအနေကို တွေ့ရပေသည်။

မောင်ကောင်းယဉ်

*Ref: The Star, 12.7.2013*

## ဖိလစ်ပိုင်နိုင်ငံ ရဲအက်ဥပဒေ(လက်နက်ဥပဒေ)

မနီလာမြို့တော်မှ သတင်းတစ်ရပ် ဖော်ပြချက်တွင် မြို့ရွာအေးချမ်းသာယာရေး၊ လုံခြုံမှုအတွက် ဖိလစ်ပိုင်ရဲတပ်ဖွဲ့အား လက်နက်အသစ် အပြည့်အစုံပေးအပ်ခဲ့၏။ ဖိလစ်ပိုင်ရဲသားတစ်ဦး၏ အနိမ့်ဆုံး လစာငွေမှာကား ဖိလစ်ပိုင်ငွေ ပက်ဘို ၂၁၀,၀၀ ဖြစ်ရာ ပစ္စတိုတစ်လက်၏ တန်ဖိုးကတော့ ၎င်းလစာ၏ တစ်ဝက်ခန့်၊ ပက်ဘို ၁၀,၀၀၀ ကျော်ကျော်ရှိသည်။ ၎င်းလက်နက်အား ရောင်းစားပါက ဖိလစ်ပိုင်ရဲအက်ဥပဒေ(လက်နက်ဥပဒေ)အရ အလုပ်ပြုတ်မည့်အပြင် တရားစွဲခံရ၊ ထောင်ကျခံရမည်ဖြစ်၏။ ဖိလစ်ပိုင်လက်နက်မှောင်ခိုဈေးကွက်ရှိ၏။



ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: C.S.T. (Singapore), 5.7.2013, Page: 18*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ပေါင်းသည်မရှိ (၆)

(ယခင်လမှအဆက်)

● မင်းဟိန်းထိဒ်

(၂)

လမ်းခင်းတော့မည်ဖြစ်၍ အလုပ်သမားများ ပိုမိုရောက်ရှိလာကြသည်။ ထို့ကြောင့် မောင်အေးချမ်းမှာ ပို၍ အလုပ်များလာရ၏။ အလုပ်သမားများ၏ စားပတ်နေရေး အားလုံးကို မောင်အေးချမ်းကသာ တာဝန်ယူ၍ ဖြေရှင်းပေးရလေသည်။ အလုပ်သမား ဦးရေ ငါးရာကျော်ရှိလာ၍ မောင်အေးချမ်း၏ တာဝန်သည်လည်း ပို၍ပိလာ၏။

ထို့ကြောင့် မောင်အေးချမ်းသည် စားရေးရိက္ခာ ဖြည့်တင်းရန်အတွက် မင်းဘူးကို စာတစ်စောင်ရေးပို့ပြီး အမ်းကိုလည်း စာတစ်စောင်ရေးပို့လိုက်ရသည်။ မင်းဘူးမှာ ဆန်၊ ဆီ၊ ပဲ၊ ငရုတ်စသည်ဖြင့်။ အမ်းမြို့မှာ ငါးပိ၊ ဆား၊ ငါးခြောက်၊ ပုစွန်ခြောက်၊ စသည်ဖြင့်၊ ဒေသအလိုက် အဆင်ပြေသလို မှာယူရသည်။

မှာထားသော ပစ္စည်းများ အားလုံး အဆင်သင့်ဖြစ်မှ မောင်အေးချမ်း ဆင်းကြိုယူရမည် ဖြစ်သည်။ ယခုလောလောဆယ်တွင် မောင်အေးချမ်း အသစ်ရောက်လာကြသော အလုပ်သမားများအား နေရာထိုင်ခင်းပေးခြင်း၊ အလုပ်ပေးခြင်းကိစ္စများကို မနားတမ်း လိုက်လုပ်ပေးနေရသည်။

"ဟေး . . . ဆရာအေးချမ်း။ ဒေါ်ခင်တင့်က နေမကောင်းဘူးတဲ့ကွ"

ဟု ကားသမား ဦးမြကြိုင်က လှမ်းပြော၏။ ထို့ကြောင့် မောင်အေးချမ်းက ဦးမြကြိုင်၏အနားသို့ လျှောက်သွားပြီး မခင်တင့်၏ အကြောင်းကို မေးကြည့်လိုက်သည်။

"မခင်တင့်က နေမကောင်းဘူးဆိုတော့ ဘယ်လိုများ ဖြစ်နေလို့တုံး"

"ဖျားနေတယ်။ ဒါပေမယ့် မင်းမှာတဲ့ စားကုန်ပစ္စည်းတွေကိုတော့ တပ်–တောင်ရွာကြီးက ပွဲရုံကို တစ်ဆင့်မှာလိုက်ပြီလို့ ပြောတယ်။ ပစ္စည်းတွေရောက်လာရင် သွားကြိုမယ့်လူ တောင် ရှိပါ့မလားဆိုပြီးလည်း ညည်းသေးတယ်"

တပ်တောင်ပွဲရုံမှ မော်တော်ဖြင့် တင်ပို့လိုက်သော ပစ္စည်းသည် အမ်းမြို့ကို ဒါရိုက်မရောက်ပေ။ အမ်းမြို့နှင့် နှစ်မိုင်ဝေးသော အောက်ရွာဆိပ်ကမ်းမှာပင် မော်တော်ကိတ်ဆုံးသည်၊ အောက်ရွာဆိပ်မှ လူကြုံဖြင့်တစ်ဆင့် အမ်းမြို့သို့ သယ်ယူရသည်။ ထိုသို့သဘောရှိ၍ မောင်အေးချမ်း သက်မချလိုက်၏။

"ဒါမှ ဒုက္ခပဲ။ ကျွန်တော်က မနက်ဖြန်စောစော ပစ္စည်းသွားသယ်တော့မလို့"

"အေး . . . အဲဒါတော့ ငါမသိဘူး။ ငါသိတာက ဒေါ်ခင်တင့် ပြောပြလိုက်တာကိုပဲ ပြန်ပြောပြတာ။ ပစ္စည်းအသယ်သွားတဲ့အခါ ငါ့ကားကိုပဲ ခေါ်ပါနော်"

ဟု ပြောထားခဲ့ပြီး ဦးမြကြိုင်သူ့ ကားကို ဆက်မောင်းသွား၏။

မောင်အေးချမ်း သက်မ နောက်တစ်ချက်ကို ဟင်းချလိုက်၏။ မင်းဘူးဘက်ကပစ္စည်းကို မှာလိုက်ရုံဖြင့် ရောက်လာနိုင်သော်လည်း အမ်းဘက်က ပစ္စည်းကိုမူ ကိုယ်တိုင်သာ ဆင်းကြိုယူရသည်။ ကြားရသည့် သတင်းအတိုင်းသာဆိုလျှင် အလွယ်တကူ သွားကြိုယူ၍ ရနိုင်မည့်အနေအထား မရှိဘဲ အောက်ရွာဆိပ်ရောက်အောင် ကိုယ်တိုင်လိုက်ရမလို ဖြစ်နေသည်။

ဤကိစ္စကိုလည်း တာရှည်ဆွဲနေ၍ မဖြစ်ပေ။ ချက်ချင်းလိုက်သွားမှ ဖြစ်ပေလိမ့်မည်။ နောက်တစ်ရက် ကြန့်ကြာနေ၍လည်း မဖြစ်ကော့။ ထို့ကြောင့် မောင်အေးချမ်းသည် ဦးမြကြိုင်၏ကားအလာကိုသာ စောင့်နေရ



www.burmeseclassic.com

တော့သည်။ ဦးမြကြိုင်၏ကား ရောက်လာလျှင်လည်း ချက်ချင်းထလိုက်သွားရန် အသင့်ပြင်ထားလိုက်သည်။

ပွဲရုံရှေ့တွင် ကားကိုရပ်ပြီး အခြေအနေကို ကြည့်သည်။ မခင်တင့်ကို မတွေ့ရပေ။ ယုမေကိုလည်း မတွေ့ရ။ မောင်အေးချမ်း ပွဲရုံထဲသို့ ဝင်သွား၏။ ခုတင်တွင် စောင်ကိုခြုံပြီး မှိန်းနေသော မခင်တင့်ကို ယုမေက နှိပ်နယ်ပေးနေ၏။

"ဟာ ... အန်တီ ... ဟိုမှာ ဦးလေးအေးချမ်းလာနေတယ်"

ယုမေက ပြောလိုက်၍ မခင်တင့် မျက်စိဖွင့်ကြည့်လာသည်။

"မောင်လေး ... ထိုင်ဦးကွယ်။ ကားဆရာကြီးကော မမြင်ပါလား"

"ကားပေါ်မှာပဲ နေရစ်ခဲ့တယ်"

"အေး ... အားနာစရာကြီးတော့ ဖြစ်ရပြီကွယ်။ မောင်လေးမှာတဲ့ စားကုန်ပစ္စည်းတွေကိုတော့ တပ်တောင် လှမ်းမှာထားလိုက်ပါပြီ။ ခုညနေ ၃ နာရီလောက်ကို မော်တော်နဲ့ ရောက်လာမှာ။ ဒါပေမယ့် ခက်တာက သွားကြိုမယ့်လူ မရှိဖြစ်နေတယ်။ ငါ့တူ၊ တူမတွေဆိုတာလည်း သိတယ်မဟုတ်လား။ တကယ်တော့ အားကိုးရတာ တစ်ယောက်မှ မရှိပါဘူး။ သူတို့လိုသရွေ့သာ ငါက ထောက်ပံ့နေရတာ။ ပြောရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုပါပဲ။ တကယ် ... တကယ်။ ကြာလေ စိတ်ပျက်လာလေပဲ"

"ဒါဆိုရင် ကျွန်တော် ဘာလုပ်ရမှာလဲ။ ဒီအတိုင်း ပြန်သွားရမှာလား"

"နေပါဦး"

ဟုပြောပြီး မခင်တင့် ထထိုင်၏။

"မခင်တင့်လည်း သာမန်ဖျားရုံလေးပဲ မဟုတ်လား"

"သာမန်ဖျားရုံလေးပါ။ ဒါပေမယ့် ပစ္စည်းအကြိုသွားနိုင်တဲ့ အနေအထား မရှိဘူးလေကွယ်။ ဒါကြောင့် မောင်လေးကိုတော့ အကူအညီတောင်းချင်ပါသေးတယ်"

"ကျွန်တော်က မော်တော်အရောက်ကို စောင့်ကြိုပြီး ပစ္စည်းတွေကို သွားယူပေးရမှာလား"

"အေး ... လို့ ဆိုချင်တာပဲ။ အားတော့နာတယ်။ မောင်လေးကော အချိန်ရတယ် မဟုတ်လား"

"ဒါဆိုရင် ... ကျွန်တော်အခုပဲ သွားကြိုလိုက်တော့မယ်"

"နေပါဦး။ ခုချိန် မော်တော် မရောက်လောက်သေးပါဘူး။ ဒီရေအတက်နဲ့သာ လာမှာဆိုတော့ လိုပါသေးတယ်။ ကဲ ... ယုမေ ဈေးဝက ဦးကျော်လင်းလက်ဖက်ရည်ဆိုင်မှာ မုန့်နဲ့လက်ဖက်ရည် သွားဝယ်စမ်း"

"သမီးဖျော်လိုက်မယ်လေ ... အန်တီရဲ့။ သမီးဖျော်တတ်ပါတယ်။ အိမ်မှာ နို့ဆီ၊ ကော်ဖီနဲ့ မုန့်တွေလည်း ရှိသားပဲ"

"ဟိုက်ကောင်မ ... မရှုပ်နဲ့။ ငါခိုင်းတာကိုသွား"

ယုမေသည် မခင်တင့် အော်လိုက်၍ လန့်ဖျပ်သွားဟန်ရှိသည်။ မခင်တင့်ပေးသော ပိုက်ဆံကို လှမ်းယူပြီး သုတ်ခနဲ ပြေးသွားလေ၏။

ထို့နောက် ... မခင်တင့်သည် မောင်အေးချမ်း၏ အနားသို့ လာထိုင်ပြီး ဖက်၏။ တစ်အောင့်လေး ငြိမ်နေပြီးမှ ...

"မောင်လေး မမရဲ့အဖြစ်ကို မြင်တယ်မဟုတ်လား။ ကိုယ်တိုင်လိုက်ပြီး မလုပ်နိုင်ရင် ဘာမှမဖြစ်ဘူး။ အားကိုးရမယ့်သူဆိုလို့လည်း တစ်ယောက်မှ မရှိဘူး။ အဲဒါကို မောင်လေး နားလည်မပေးနိုင်ဘူးလား"

"မခင်တင့်ကလည်း"

"ဘာမှလည်းမနေနဲ့၊ မမ မောင်လေးကို အားကိုးချင်တယ်။ မောင်လေး နားလည်ပေးပါကွယ်"

"ကျွန်တော်က ငယ်ပါသေးတယ် မခင်တင့်ရယ်။ ပြီးတော့ မခင်တင့်ကလည်း ကျွန်တော့်အစ်မလောက် ရှိနေတယ်"

"မဆိုင်ပါဘူး မောင်လေးရယ်။ အချစ်မှာ မျက်စိမပါဘူးဆို မဟုတ်လား။ ဒါကြောင့် မမပြောတဲ့စကားကို မောင်လေး ခေါင်းညိတ်လိုက်ရုံပါပဲ။ မမအိမ်ကို မောင်လေးရောက်လာရင်လည်း ဘာမှ အပင်ပန်းခံပြီး လုပ်ကိုင်စရာမလိုပါဘူး။ လိုအပ်တာလေးတွေကို စီမံပေးရုံပါပဲ။ ဒီကိစ္စတွေ အားလုံးကို မမကိုယ်တိုင် တတ်ကျွမ်းပြီးသားဆိုတော့ မောင်လေး ဘာမှမလုပ်ပဲနေလို့တောင် ရပါတယ်။ မမရဲ့မေတ္တာကို လက်သင့်ခံရုံလေးပါ"

မောင်အေးချမ်း ဘာမှ ပြန်မပြောမိပေ။ မခင်တင့်ကို သနားနေမိသည်မှာ မှန်သော်လည်း မိမိထက် အသက်ကြီးသော သူတစ်ဦးကို မယားအဖြစ် မယူချင်ဟူသောသဘောကြောင့် မခင်တင့်ဖွင့်ဟနေသော ကိစ္စတွင် များစွာသော အနှောင့်အယှက်သဖွယ် ဖြစ်နေရလေ၏။

ဤသည်ကိုလည်း မခင်တင့် သိ၏။ သိသော်လည်း အပျိုကြီးဖြစ်သော မခင်တင့်သည် စွဲမိစွဲရာ မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ချမ်းအား စွဲနေလေ၏။ အပျိုကြီးတို့၏ သဘောမှာလည်း အရွယ်ရှိစဉ်အခါက အစစအရာရာ ကိုယ်နှင့် အဆင့်ချင်း ဟူမျှသော ယောက်ျားတစ်ယောက်ကို သာ မရလျှင် မိမိထက် အသက်ကြီး ချင်တိုင်းကြီး၊ ငယ်ချင်တိုင်းငယ်၊ မုဆိုးဖို၊ တစ်ခုလပ်၊ ဖုန်းတောင်းယာစကာ၊ စာရင်းငှား ရရာကို ကောက်ယူတတ် ကြကြောင်း ကြားဖူး၏။

ထိုသို့ သဘောသာ စင်စစ် အမှန်ရှိခဲ့ပါမူ အပျိုကြီးဖြစ်သော မခင်တင့်သည် မောင်အေးချမ်းအား စွဲလမ်း နေမိသည်မှာ မဆန်းဟူ၍ပင် ဆိုရပေ တော့မည်။ အဘယ်ကြောင့်ဆိုသော် မောင်အေးချမ်းသည်လည်း မိန်းမကပ် လေ့ရှိ၏။ မိန်းမတစ်ယောက်နှင့် သင့်တင့်သော ကာလမျှ တွေ့ဆုံဖူးလျှင်ပင် ထိုမိန်းမသည် မောင်အေးချမ်း၏ အပေါ်၌ ညွတ်နူးလာတတ်၏။ အနည်းဆုံးသော ရာခိုင်နှုန်း ခြောက်ဆယ်မျှ သည် ထိုသဘောရှိ၏။ သို့တည်း မဟုတ် ထိုထက်ပို၏။

ဤသည်မှာ မောင်အေးချမ်း သည် လူဘဝ၌ ပျော်ပိုက်ရန် စိတ်ကူး မရှိ။ ဘာသနာလောက ရဟန်းဘဝ ဖြင့်သာ မဂ်ရရေး ဖိုလ်ရရေး တစ်ကြောင်းတည်းသော ဦးတည်ချက်ဖြင့် ဆုံးဖြတ်ထားသောကြောင့်ပင် ဖြစ်လေ သလားဟု ယူဆမိသည်။ စင်စစ်တွင် မောင်အေးချမ်းမှာ မဂ်စရာမရှိဟု ဆိုချင်သည်။

ရုပ်ရည်လည်း သင့်ရုံသာ။ ခေတ်ပညာသည်လည်း ဆယ်တန်းပင် မအောင်။ မိဘလည်း တောင်သူလယ်သမား။ ဥစ္စာအားဖြင့်လည်း ပြောလောက်အောင် မရှိ။ လက်ရှိအလုပ်သည်လည်း အလုပ်သမားခေါင်းဆောင် အဆင့်မျှသာ။ ထို့ကြောင့် သူလိုကိုယ်လို သာမန်ကောင်လေးတစ်ယောက် မျှသာ ဖြစ်၏။

သို့သော် မကြာခဏဆိုသလို ပင် မိန်းမများ ကပ်လေ့ရှိ၏။ မိမိအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စွဲလမ်းခြင်းမထားသော်လည်း တစ်ဖက်ကစွဲမြဲခြင်းမျိုး ရှိလာသောအခါ ရှောင်ရခက်သည်။ လွတ်လပ်သော ဘဝကို ပိုင်ဆိုင်နေကြသူများ ဖြစ်၍ ချစ်သူအဖြစ်ကိုလည်းကောင်း ဘဝ လက်တွဲဖော် အဖြစ်ကိုလည်းကောင်း အတားအဆီးမဲ့ ရောက်ရှိ ရယူနိုင် သည်။

မည်သို့ပင်ဆိုစေကာမူ မောင်အေးချမ်းသည် ခန္ဓာဝန်ကိုထမ်း၍ ရှည်လျားလှသော သံသရာခရီးကိုလျှောက် လိုပေ။ ကိုရင်ဝတ်ဖြင့် ဗုဒ္ဓစာပေကို ကြာကြာသင်ခဲ့ဖူး၍ ပြောလောက် သည်အထိလည်း တတ်မြောက်ထား သောကြောင့် သံသရာလမ်းစဖြတ်မည့် ဘိက္ခုအဖြစ်ကို ရယူရန် ဆုံးဖြတ်ထား သည်။

ဘိက္ခုဟူသော သဒ္ဒါသည် သံသရာဘေးကို မျှော်တွေးကြောင့်ကြ ကြောက်တတ်သူဟု အနက်ဆိုသည်။ မှန်သောအားဖြင့် မောင်အေးချမ်း သည် ဘဝကို စက်ဆုပ်သည်ဟု ဆို နိုင်သောအဆင့်တွင် မရှိသေးသော် လည်း သံသရာကို ကြောက်သည်မှာ မှန်ကန်၏။ ထို့ကြောင့် စွဲငြိစရာအား လုံးကို ခွာ၏။ ရှောင်၏။

ငယ်သောအရွယ် ဖြစ်သော ကြောင့် ထိလျှင်ငြိတတ်၏။ ငြိလျှင်စွဲ တတ်၏။ စွဲပြီးနောက် မြဲသွားခဲ့သော် သံသရာကို လမ်းစဖြတ်မည့် ရည်မှန်း ချက် ဦးတည်ချက်သည် တိမ်းချော် သွားနိုင်၏။ တိမ်းချော်ရာမှ ကိမ်းပါး ပျောက်ကွယ်၍ အလုံးစုံလည်း ပျက်စီးသွားနိုင်၏။ ဤသည်ကို သတိအမြဲ ရှိရှိဖြင့် မိမိကိုယ်ကို မျက်ခြည်မပြတ် စောင့်ကြည့်၍ နေရ၏။

"မောင်လေး ဘာတွေတွေးနေ တာလဲ။ မမကို မယုံလို့လား။ မမက မောင်လေးကို ချစ်တာပါ။ မောင်လေး က မမကို ချစ်တာမဟုတ်ပါဘူး။ ဒါကို သိသိကြီးနဲ့ အခုလို မိန်းကလေးတန်မဲ့ ဖွင့်ပြောနေတယ်ဆိုတာ မောင်လေး အတွက် ဘယ်အတိုင်းအတာထိ နိုင်မြဲ သွားနိုင်သလဲဆိုတာ ထည့်မစဉ်းစားမိ ဘူးလား။ မောင်လေး ထည့်စဉ်းစားပါ။ မကြာခင်လည်း အဖြေပေးပါ။ မမ အနေနဲ့လည်း အချိန်မဆွဲချင်တော့ ဘူး။ မမမှာ ဆွေမျိုးသားချင်းတွေ ရှိ ပေမယ့် တကယ်တော့ တစ်ယောက် တည်းလိုပါပဲ။ ဒါကိုလည်း မောင်လေး သိပါတယ်။ အခုပဲကြည့်။ အောက်ရွာ ဆိပ်ကို ပစ္စည်းသွားကြိုမယ့်လူတောင် တစ်ယောက်မှ မရှိကြဘူး။ ဒီထက် အရေးကြီးတဲ့ကိစ္စမျိုးသာဆိုရင် ဘယ် လိုများနေမလဲ။ ဒါဟာ မမတစ် ယောက်တည်း စီးပွားရေးလုပ်ငန်းတွေ နဲ့ ရှေ့ဆက်လျှောက်လို့ မရနိုင်ဘူး ဆိုတာ မီးနီပြလိုက်တာပဲ။ ဒါကြောင့် မောင်လေးကို မမအားကိုးချင်တယ်။ မောင်လေး ဆုံးဖြတ်ပေးပါ။ သိပ်ကြီး လည်း အချိန်မဆွဲပါနဲ့တော့။ ကဲ ... ဟိုမှာ ယုမေလာနေပြီ"

ဟု ပြောပြီး မခင်တင့်သည် မောင်အေးချမ်း၏အနားမှ ခွာသွား၏။ ထို့နောက် ခုတင်မှာအိပ်၍ ခေါင်းကို

www.burmeseclassic.com

ခြိုု၏။

"ဟိုလေ ... မခင်တင့်ကို ကျွန်တော် ပြောချင်တယ်"

ဟု မောင်အေးချမ်းက ပြော၏။

"ပြော ... မြန်မြန်လေး"

"ယုမေလေးကို သိပ်ပြီး မဆူမငေါက်ပါနဲ့လို့"

"အေး ..."

လက်ဖက်ရည်နှင့် အီကြာကွေးအထုပ်များကိုဆွဲပြီး ယုမေက ချက်ချင်း အနားသို့ရောက်လာ၏။ မခင်တင့်က တစောင်းအနေအထားဖြင့် လက်ထောက်ထရင်း ...

"ပေး ... အဲဒါတွေကို။ ပြီးတော့ လက်ဖက်ရည်သောက် ပန်းကန်နှစ်လုံး သွားယူလိုက်ဦး"

ယုမေသည် လုစ်ခနဲ မီးဖိုဆောင်ထဲသို့ ပြေးဝင်သွား၏။ ထို့နောက် မခင်တင့်က တိုးတိုးလေး

"ခုတင်က လက်ဖက်ရည်ဝယ်ခိုင်းရင်း ယုမေအပေါ် ပြောလိုက်မိတာကို မောင်လေးက ပြောတာမဟုတ်လား"

BURMESE CLASSIC .com

"ဟုတ်ပါတယ်"

"မမကလည်း ယုမေကို ချစ်ပါတယ်။ ဒါပေမယ့် မောင်လေးနဲ့ စကားကောင်းကောင်း ပြောခွင့်ရအောင်ဆိုပြီး လက်ဖက်ရည်ဝယ်ခိုင်းတာ။ ယုမေက ရှီးတီးရားတားလုပ်နေတာ စိတ်မရှည်လို့ ပြောလိုက်မိတာပါ။ မမ ဒီကလေးမကို ချစ်ပါတယ်။ နောက် ... အဲဒီလို မအော်မိအောင်လည်း ဆင်ခြင်ပါ့မယ်။ အားကိုးရာမဲ့ပြီး လိမ္မာရေးခြားရှိတဲ့ သူ့ကို အော်လိုက်မိတဲ့အတွက် မမလည်း စိတ်မကောင်းပါဘူး"

ယုမေသည် လက်ဖက်ရည် ပန်းကန်နှစ်လုံးကိုယူပြီး ချက်ချင်းပြန်ရောက်လာသည်။ မခင်တင့်က သူမထံမှ ပန်းကန်များကိုယူပြီး လက်ဖက်ရည်များကိုငှဲ့ထည့်ကာ မောင်လေးအေးချမ်းအား တစ်ခွက်ပေးပြီး ကျန်တစ်ခွက်ကို ကားသမား ဦးမြကြိုင်အား သွားပေးရန် ယုမေကို ခိုင်းလိုက်သည်။

မောင်အေးချမ်း လက်ဖက်ရည်သောက်ရင်း နာရီကိုကြည့်သည်။ ၃ နာရီ မတ်တင်းရှိနေလေပြီ။ ထို့ကြောင့် လက်ဖက်ရည်ကို ကပျာကယာ မော့သောက်လိုက်ပြီး ...

"ကဲ ... မခင်တင့် ကျွန်တော် ပစ္စည်းအကြို သွားပေးရမယ်ဆိုရင် အခုပဲ သွားလိုက်တော့မယ်။ ၃ နာရီတောင် ထိုးလုနေပြီ"

"အေးကွယ် ... အခုလို မောင်လေးကို အကူအညီတောင်းရတာ အရမ်းအားနာတာပဲ။ မောင်လေးသွားပေးတာကိုလည်း ကျေးဇူးတင်လို့မဆုံးပါဘူး။ ဒီတော့ ယုမေကို ခေါ်သွား။ လိုအပ်ရင် တောက်တိုမယ်ရခိုင်းလို့ရတာပေါ့"

မောင်အေးချမ်း ယုမေဘက် လှည့်၍ ကြည့်လိုက်သည်။ ယုမေသည် ဝမ်းသာအားရဖြင့် ပြုံးလျက်က လက်ခုပ်ဖွဖွလေး နှစ်ချက်သုံးချက်တီးလိုက်ပြီး မောင်အေးချမ်း၏အနားတွင် လာရပ်၏။

"ရော့ .. ယုမေ၊ ငါနဲ့ အောက်ရွာဆိပ်ကို လိုက်မယ်ဆိုရင် ဒီပန်းကန်ကို သွားဆေးပြီးတော့ ကားဆရာကြီး ဦးမြကြိုင်ဆီက ပန်းကန်ကိုလည်း ယူပြီး ဆေးလိုက်။ ပြီးတော့ ကားပေါ်ကို မြန်မြန်တက်"

"ဟုတ် ..."

ယုမေသည် ခပ်သွက်သွက်လေးပင် လက်ဖက်ရည်ပန်းကန်များကိုယူပြီး ဆေးကြောလေသည်။

မောင်အေးချမ်း အပြင်ထွက်လာခဲ့သည်။ ယုမေရောက်လာပြီး ကားနောက်ခန်းကိုတက်သွားမှ မောင်အေးချမ်းလည်း ကားရှေ့ခန်းကိုဖွင့်ကာ တက်လိုက်သည်။ ထို့နောက် ကားကို မောင်းထွက်လာကြသည်။ အောက်ရွာနှင့် အမ်းမြို့သည်ကား နှစ်မိုင်မျှသာ လှမ်းသည်။ ထို့ကြောင့် တစ်အောင့်မျှမောင်းလျှင်ပင် အောက်ရွာကို ရောက်သည်။

ကားကို ဘုန်းကြီးကျောင်း ခြံထဲတွင် ထိုးရပ်ထားလိုက်ကြသည်။ ကားဆရာ ဦးမြကြိုင်က ဘုရားအာရုံခံ တန်ဆောင်းကြားထဲသို့ ဝင်သွားသည်။ မောင်အေးချမ်းနှင့် ယုမေတို့ မော်တော်ဆိပ်သို့ ဆင်းလာခဲ့ကြသည်။ အောက်ရွာမော်တော်ဆိပ်ကား သီးသန့်ဖောင်တော်ဟုခေါ်သော ဘောတံတားမရှိပေ။ ရွာအောက်တွင်ရှိသော သဲကမ်းကြီး တစ်နေရာကိုသာ မော်တော်ဆိပ်အဖြစ် သတ်မှတ်ထားကြသည်။

ဆိပ်ကမ်းတွင် မော်တော် သုံးလေးစီးကို တွေ့ရသည်။ အမ်းဗိုလ်အမည်ရှိသော မခင်တင့်၏ ပစ္စည်းများ ပါလာမည့် လိုင်းမော်တော်ကြီးကို မတွေ့ရပေ။ မော်တော်သမားအချို့ မောင်အေးချမ်းနှင့် ယုမေကို ထွက်ကြည့်ကြသည်။ တပ်တောင်ရွာကြီးကို လိုက်မည့် ခရီးသည်ဟု ထင်သလားမသိ။ မောင်အေးချမ်းနှင့် ယု



www.burmeseclassic.com

www.burmeseclassic.com

မေတို့က ဘာမျှ မမေးမမြန်း မစုံစမ်း၍ ထင်၏။ စူးစမ်းကြည့်နေကြသူများ မော်တော်ဝမ်းခေါင်းထဲသို့ ပြန်ဝင်သွားကြသည်။

မော်တော်စောင့်ရင်း မောင်အေးချမ်းနှင့် ယုမေ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်ကြသည်။ ဗိုက်မဆာသော်လည်း လက်ဖက်ရည်ဆိုင်ထဲတွင် အလကားဝင်ထိုင်ရန် မသင့်၍ မုန့်နှင့် လက်ဖက်ရည်များ မှာယူစားသောက်ကြသည်။ တစ်အောင့်လေး အကြာတွင် စက်လှေတစ်စီး ဆိုက်ကပ်လာသည်။

စက်လှေမှ တက်လာကြသော လူများကို မောင်အေးချမ်း ကြည့်သည်။ ဦးမောင်စောဖြူနှင့် သူ့တပည့်များ ဖြစ်သည်။ ဦးမောင်စောဖြူကား မောင်အေးချမ်းနှင့် သိကျွမ်း ရင်းနှီးကြသည်။ ဇာတိ အမ်းမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု ရွာသူကြီးဖြစ်ပြီး ထို့နောက် တိုက်သူကြီး ဖြစ်လာခဲ့သည်။ ယခု မြို့နယ်ကောင်စီတွင် အီးစီဖြစ်နေလေပြီ။ ရိုးသားမှုဖြင့် ရာထူးအဆင့်ဆင့်တက်လာသော လူကြီးလူကောင်း တစ်ယောက်ဖြစ်သည်။ ဦးမောင်စောဖြူသည် လက်ဖက်ရည်ဆိုင်ထဲကို ငုံ့ကြည့်ပြီး မောင်အေးချမ်းအား နှုတ်ဆက်သည်။

"ဟင် … အေးချမ်းလေး၊ ဒီမှာ ဘာလာလုပ်တာတုံး"

"ကျွန်တော် မော်တော်စောင့်နေတာပါ။ လာထိုင်ဦးလေ ဦးလေး။ လက်ဖက်ရည်လေး ဘာလေးသောက်ရအောင်"

"တော်ပြီ။ ငါ အမ်းမြို့ကိုပဲ တန်းသွားတော့မယ်။ ဒီနားမှာ မြင်းလှည်းလေးဘာလေး မရှိကြဘူးလားကွ"

"ခဏလေးနားပြီး အမောဖြေစမ်းပါဦး ဦးလေးရဲ့။ လိုင်းဘုတ်ရောက်ရင် ပစ္စည်းတင်ပြီးတာနဲ့ ကျွန်တော်တို့ ကားထွက်မှာ။ ဒီတော့မှ အေးအေးဆေး ကားနဲ့လိုက်ပေါ့"

"ဟင် … လိုင်းဘုတ် အမ်းဗိုလ်လား"

"ဟုတ်ပါတယ်။ အမ်းဗိုလ်မှာ ကျွန်တော်တို့ ငါးပိ၊ ငါးခြောက်တွေပါမှာ။ ကျွန်တော် အဲဒါကို စောင့်နေတာ"

"အေး … စောင့်။ မင်း အမ်းဗိုလ် လုံးသောင်မှာ တင်နေတုန်း။ ဖျားတက်လို့ သောင်ကလွတ်မှ ထွက်လာရမှာဆိုတော့"

ဦးမောင်စောဖြူ သူ၏ လက်ပတ်နာရီကို ကြည့်လိုက်ပြီး ..

"ညနေ ၅ နာရီကျော်လောက်မှ အမ်းဗိုလ် ဒီကိုရောက်မှာကွ"

"ဟာ … ဒီလိုဆိုရင်တော့ သွားပါပြီဗျာ။ မိုးချုပ်တော့မှာပဲ"

ဦးမောင်စောဖြူသည် ဘေးဘီများကို လှမ်းကြည့်ရင်း မြင်းလှည်းတစ်စီးကို မြင်သွား၏။

"ဟေး … ဟိုက ဘယ်သူလဲ။ ဟိုမြင်းလှည်းကို ဒီလှမ်းခေါ်လိုက်စမ်းကွ"

ဦးမောင်စောဖြူသည် ထိုသို့ လှမ်းပြောပြီး သူ့လူများနှင့် မြင်းလှည်းဘက်ကို လိုက်သွားလေသည်။

မောင်အေးချမ်းသည် သက်မ တစ်ချက်ချလိုက်သည်။ သည့်အတိုင်းသာလျှင် မောင်အေးချမ်း စခန်းအပြန်နောက်ကျပြီး မိုးချုပ်ပေလိမ့်မည်။ မိုးချုပ်မည်ဖြစ်သောကြောင့် လုပ်ကိုင်ရသွားလာရမည့် ခရီးတစ်လျှောက်တွင်လည်း ဗာဟီရကိစ္စ ဒုက္ခများပေလိမ့်မည်။ မတတ်နိုင်။ ပေါက်သည့်နဖူး မထူးတော့။

ယုမေကိုခေါ်ပြီး ဆိပ်ကမ်းဘက်သို့ ဆင်းလာကြပြန်သည်။ ဆိပ်ကမ်းတွင် အခြားမော်တော်များ ရောက်ရှိနေကြသည်ကို တွေ့ရသည်။ သို့သော်လည်း ထိုအထဲတွင် အမ်းဗိုလ်အမည်ရှိသော မော်တော်မပါပေ။ အမ်းဗိုလ်မော်တော်သည်ကား အခြားသောလိုင်းဆွဲနေကြသည့် မော်တော်များထက် ကြီးသည်။ အမ်းမြို့နယ်အသင်းက ဦးစီးထူထောင်ထားသော မော်တော်ကြီး ဖြစ်သည်။

အမ်းမြို့နယ်အသင်းက ထူထောင်ထားသော အမ်းမင်းအမည်ရှိသည့် မော်တော်ကြီးတစ်စီးလည်း ရှိသေးသည်။ အမ်းမင်းသည်ကား ရခိုင် တစ်ပြည်နယ်လုံးကို လှည့်ပတ်၍ ပြေးဆွဲနိုင်သည့် မော်တော်ကြီးဖြစ်သည်။ အရွယ်အစားအားဖြင့်လည်း အမ်းဗိုလ်ထက်ကြီးသည်။ လိုင်းသင်္ဘောကြီးများနီးပါး ကြီးသော မော်တော်ကြီးဖြစ်သည်။

"ဦးလေး … ဟိုဘက်သဲခုံကြီးက အရမ်းသာယာတာပဲနော်"

တစ်ချိန်လုံး ငြိမ်ချက်သားကောင်းနေသော ယုမေက စ၍ စကားဆိုလာ၏။ အောက်ရွာဆိပ်ကမ်းနှင့် လှမ်းသော အထက်ဘက်တစ်နေရာက သဲခုံကြီးကို မေးထိုးပြပြီး ပြောသည်။ ထိုနေရာသည်ကား ဆင်ထိုးရွာအနီးက ယာယီတံတားကြီး၏ အောက်နားက ချောင်းသဲခုံကြီး ဖြစ်သည်။ မင်းဘူး

www.burmeseclassic.com

အမ်းလမ်းကြီးအတွက် အောက်ရွာဆိပ်ကမ်းက ကြိုးတံတား ထိုးလုပ်မည်ဖြစ်သော်လည်း ယခုလောလောဆယ်တွင် ဆင်ထိုးရွာအနီးမှသာ ယာယီတံတား ထိုးလုပ်ပြီး ကားများ ပြေးနေရခြင်း ဖြစ်သည်။

"ဦးလေး ... သမီးတို့ အချိန်ရသေးတယ်မဟုတ်လား။ အချိန်ရသေးရင် သမီး အဲဒီသဲခုံကြီးကို သွားချင်တယ်"

"အချိန်ရသေးတာပေါ့ ယုမေရဲ့။ အမ်းဗိုလ်မော်တော်က ညနေ ၅ နာရီကျော်လောက်မှ ရောက်လာမှာဆိုတော့ သွားလို့ရပါတယ်"

ယုမေသည် မောင်အေးချမ်းလက်ကို ဖွဖွလေးကိုင်ပြီး ကမ်းပါးလမ်းအတိုင်း လျှောက်ဆင်းလာကြ၏။ ထို့နောက် ကိုင်းခင်းလေး သုံးလေးခင်းကို ဖြတ်လိုက်ပြီး ဆင်ထိုး သဲခုံကြီး၏အစပ်သို့ ရောက်လာကြသည်။ ထိုသဲခုံကြီးကို တစ်ဖာလုံခန့် လျှောက်တက်လျှင် ဆင်ထိုးတံတားကို ရောက်သည်။ ဆင်ထိုးတံတားကို ဟိုသည် လျှောက်ကြည့်ကြသည်။

ထို့နောက် တံတားကြီး၏အလယ်မှ အပြင်ဘက်ကိုထွက်နေသည့် သစ်သားစွန်းတွင် ထိုင်လိုက်ကြသည်။ ယာယီတံတားဖြစ်သောကြောင့် နွေမှာသာ ဤတံတားရှိပြီး မိုးရာသီတွင် တံတားမရှိပေ။ မိုးရာသီတွင် တံတားမရှိသောကြောင့် အမ်းမြို့နှင့် တပ်တောင်ရွာကြီးကို ကားမပြေးနိုင်ဘဲ ရေကြောင်းခရီးကိုသာ အဓိကထားပြီး သွားလာနေကြရသည်။

ယာယီတံတား တည်ဆောက်ပုံမှာ တောင်ကျအမ်းချောင်းကြီးကို ဖြတ်ပြီး ဦးစွာ ဆယ်ပေ၊ ဆယ့်ငါးပေခန့် သင့်သလိုခွာ၍ သစ်သားတိုင်များကို ထုရိုက်ပြီး စိုက်ရသည်။ ထို့နောက် ဝါးချိုင့်ကို ကြီးကြီးပတ်ပြီး ကျောက်အပြည့်သည့်ရသည်။ ထိုကျောက်ချိုင့်ကြီးများပေါ်မှသာ ယက်မပြေးပြီး ဆင့်စီ ပျဉ်ခင်းကာ လက်ရန်းများလုပ်ထားခြင်းဖြစ်သည်။

တံတားကြီး၏ ပတ်ဝန်းကျင်တွင် ကိုင်းခင်းများရှိသည်။ ကိုင်းခင်းထဲတွင် ကိုင်းသမားများ အလုပ်လုပ်နေကြသည်ကိုလည်း လှမ်းမြင်နေရသည်။ ကိုင်းခင်းများ၏ ဟိုဘက်တွင် လယ်ကွင်းများ နွားစားကျက်ကုန်းများရှိသည်။ နွားများကို ကြိုးဆွဲ၍ ဂုန်ထားကြသည်။ နွားစားကျက်ကုန်း၏ ထိုဘက်တွင် ရခိုင်ရိုးမကြီး၏ တောင်စွယ်တောင်တန်းများသည်သာ ပက်လည်ဝိုင်းလျက် ရှိသည်။

နွေရာသီဖြစ်၍ တောင်ကျရေအားနည်းသောကြောင့် တံတားကြီး၏အောက်တွင် ရေသိပ်ပြီး မနက်ပေ။ အောက်ခံသဲကျောက်များကိုပင် မြင်နေရသည်။ ကိုင်းသမားများ ပစ်ချလိုက်သော ဒိုက်သရောတို့သည်လည်း တံတားကြီး၏အောက် ရေစီးကြောင်းအတိုင်း မျောသွားကြသည်။

ယုမေသည် တံတား အောက်မှ ရေစီးအလျဉ်ကို စိုက်၍ကြည့်နေသည်။ ခါတိုင်းဆိုလျှင် ယုမေသည် စကားအတော်များများ ပြောလေ့ရှိသည်။ မောင်အေးချမ်းနှင့်ဆိုလျှင် ပေါ့ပေါ့ရွှင်ရွှင် လွတ်လပ်စွာဖြင့် နေခွင့်ရသောကြောင့်သာ၍ပြောသည်။ ယခုတွင်မူ ယခင်နေ့များနှင့် မတူဘဲ ဆိတ်ဆိတ်ငြိမ်နေသည်ကိုသာ တွေ့ရ၏။

သူ့မိဘများကို သတိရ၍လား။ ထောင်ကျနေသည့် သူ့ဦးလေးကိုပင် အောက်မေ့၍လား။ သူကျင်လည်ခဲ့ရာတွင် တွေ့ဆုံခဲ့ဖူးသော မိတ်ဆွေသူငယ်ချင်းများကိုပင် ပြန်လည်အမှတ်ရ၍ စိတ်ထိခိုက်ပြီး ငိုင်နေမိလေသလား။ မောင်အေးချမ်း မခွဲခြားတတ်ဖြစ်နေမိသည်။ မောင်အေးချမ်း ကြည့်မိတိုင်း ယုမေသည် တွေ၍သာနေ၏။

ယုမေသည် မောင်အေးချမ်း၏ လက်မောင်းကို ခပ်ဖွဖွလေးကိုင်၏။ ထို့နောက် ဆုပ်၏။ ခဏလေးဆုပ်ထားပြီးနောက် မေး၏။

"ဦးလေး ဒေါ်ခင်တင့်နဲ့ ကြိုက်နေကြသလား"

မောင်အေးချမ်း အံ့ဩသွား၏။ ယုမေမျက်နှာကိုလည်း ကွက်ခနဲကြည့်လိုက်မိသည်။ ယုမေကား တည်တည်အေးအေး အမူအရာဖြင့် ချောင်းရေကိုသာ စိုက်ကြည့်နေသည်။ မောင်အေးချမ်း၏လက်မောင်းကိုလည်း ကျစ်ကျစ်ဆုပ်ထားသည်။ တကယ့်အတည် ပေါက် မေးနေသည့် သဘောပင်။

"ဦးလေး ပြောလေ"

"ဘာကိုလဲ ယုမေ"

"ဒေါ်ခင်တင့်နဲ့ ကြိုက်နေကြသလား ဆိုတာကိုပေါ့"

မောင်အေးချမ်း သက်မချလိုက်သည်။

"ဦးလေး သက်မချတယ် နော်"

ယုမေသည် ခြေထောက်ဖက်ကို တွဲလောင်းချထား၏။ မောင်အေးချမ်း၏ လက်မောင်းကို ကျစ်ကျစ်ပက်ထား၏။ မျက်လုံးအစုံက ချောင်းရေအလျဉ်ကို စိုက်ကြည့်နေသည်။ အမူအရာလေးက တည်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သက်မချတယ်ဆိုတာက ...
ယုမေ မသိမဆိုင် မေးတာကိုပါ"

"ယုမေဦးလေးနဲ့တွေ့ဖူးတဲ့
ခုက်ယအကြိမ်လောက်ကပင် ဦးလေး
နဲ့ ဒေါ်ခင်တင့်တို့ရဲ့ အပြုအမူတွေကို
ရိပ်မိလာခဲ့တယ်။ နောက် ပျော်ပွဲစား
သွားကြတဲ့အချိန်မှာ လုံးဝသိလိုက်
တယ်။ ဒါကြောင့် ပျော်ပွဲစား သွားကြ
တုန်းက ဒေါ်ခင်တင့်ဟာ လူပိုမခေါ်ဘဲ
သွားတာပါ။ ဒါကို ရိပ်မိလာလို့ ယုမေ
လည်း အတတ်နိုင်ဆုံး ရှောင်ပေးနေခဲ့
တယ်။ ပြီးတော့ အကဲခတ်တယ်"

"အကဲခတ်တော့"

"အကဲခတ်တော့ ဒေါ်ခင်တင့်
က ဦးလေးကို ဖက်နမ်းနေတာ မမြင်
ချင်တဲ့ အဆုံးပဲပေါ့"

"ငါက ဒေါ်ခင်တင့်ကို ပြန်ဖက်
တာ၊ နမ်းတာကိုကော ယုမေ မြင်
သလား"

"အဲဒါတော့ ဘယ်သိမလဲ။ နှစ်
ယောက်မှာ တစ်ယောက်က ဖက်နမ်း
နေပြီဆိုတော့လည်း နားလည်ရပြီ
ပေါ့"

မောင်အေးချမ်း လေးလံတိုးတိုး
ဖြင့် တစ်ချက်ရယ်လိုက်၏။

"မဟုတ်ပါဘူး ယုမေရယ်။
အဲဒါက မခင်တင့်ရဲ့ ဝါသနာတစ်မျိုး
လို့ ဆိုရမလားပဲ။ တကယ်တော့ မခင်
တင့်က ငါ့ထက်အသက်ကြီးပြီး အစ်မ
တစ်ယောက်အရွယ်ပါ"

"ဦးလေးက ဒေါ်ခင်တင့်ကို
ကိုယ့်အစ်မအရွယ်ဖြစ်လို့ မချစ်ဘူး
ပေါ့။ ဒါကြောင့် ယုမို့လည်း စိတ်ကူး
မရှိဘူးပေါ့"

"အင်း ..."

"ဒါဆိုရင် ဦးလေး ယုမေကိုယူ
ပါလား"

"ဟာ ..."

ယုမေသည် မောင်အေးချမ်း၏
မျက်နှာကို ခွေးတွေးစွာဖြင့် တစ်ချက်
မော့ကြည့်၏။ ယုမေ၏မျက်နှာလေး
က တည်၏။ ထို့နောက် ကြည့်လင်
ချောင်းရေကိုသာ စိုက်ကြည့်နေပြန်
သည်။ ယုမေ ပြောလိုက်သော စကား
သည်လည်း တကယ့်အတည်ပေါက်
သဘောကို ဆောင်နေလေသည်။ ထို့
ကြောင့် မောင်အေးချမ်းမှာ ဘာပြန်
ပြောရမှန်း မသိပင် ဖြစ်သွားရသည်။

"ယုမေက ကလေးရှိသေးတာ
ပဲလေ"

"ဘာမှ မကလေးဘူး။ ယုမေ
အပျိုဖြစ်နေတာ တစ်နှစ်တောင်ပြည့်
တော့မယ်။ အသက်လည်း ဆယ့်သုံး
နှစ်ပြည့်ပြီ။ ဘာမှ ကလေးမဟုတ်
တော့ဘူး"

ယုမေက မောင်အေးချမ်း၏
လက်မောင်းကို ဖက်ထားပြီး ခြေ
ထောက်တစ်ဖက်ကို တွဲလောင်းချကာ
လှုပ်လျက် ချေပြင်ကို စိုက်၍ ကြည့်
နေသည်။ မောင်အေးချမ်း သက်ပြင်း
တစ်ချက်ကို ချလိုက်မိပြန်သည် ...။
မောင်အေးချမ်း ယုမေလေးကို ချစ်
သည်။ မိဘဆွေမျိုး တစ်စုံတစ်ခုမျှ
အားကိုးမှီခိုရာမရှိသဖြင့် သနားသည်။

ထိုထက်ကား မပိုပေ။ ယုမေ
အား ချစ်သည်ဟု ဆိုခြင်းမှာလည်း
သမီးရည်းစား အချစ်မျိုး မဟုတ်ပေ။
သားရင်းသွေးရင်းထဲက ကလေးတစ်
ယောက်ကို ချစ်သကဲ့သို့သာ ချစ်
သည်။ သနားသည့်အရာတွင်ကား
တကယ့်ကို လှိုက်လှိုက်ကဲ့လှဲကြီးပင်
ဖြစ်သည်။ ကံဆိုးမလေး ဖြစ်သော
ကြောင့်လည်း ပိုခဲ့မိသည်။

ထို့ကြောင့် မောင်အေးချမ်းက
အရိုးဝင်လွန်း၍ပင် ကြီးစဝင်ပြီး အရွယ်
ကလေးဖြစ်လာခဲ့ပြီဖြစ်သော ယုမေ
သည် မောင်အေးချမ်းအား အချစ်ပိုပြီး
ဘဝအဖော်မွန်အဖြစ်တိုင်အောင် စိတ်
ကူးယဉ်ခဲ့လေသလား။ မောင်အေးချမ်း
မတွေးတတ်သောက်အောင်ပင် ဖြစ်
သွားရသည်။

"ဒီမနက်က ယုမေကို အတင်း
လက်ဖက်ရည်ဝယ်ခိုင်းပြီး ဟောက်
တာလည်း ဒေါ်ခင်တင့်ဟာ ဦးလေး
အနားကို ကပ်ချင်နေလို့ပေါ့။ ဒါကိုသိ
လို့လည်း ယုမေက ကိုယ့်အိမ်မှာ ဖျော်
တိုက်မယ်ဆိုပြီး ကပ်ပြောလိုက်တာပါ။
ဒါပေမယ့် ဒေါ်ခင်တင့်က နေရာကြီး
ကြီးယူထားသူဆိုတော့ သူကပဲ အနိုင်
ရတာပေါ့။ ရှင်းရှင်းပြောရရင် ဒေါ်ခင်
တင့် ဦးလေးအနားကပ်တာကို လုံးဝ
မကြိုက်ဘူး။ ဦးလေး ယုမေကိုပဲ ယူရ
မယ်"

မောင်အေးချမ်း သက်မတစ်
ချက်ကို ချလိုက်ရပြန်သည်။

ယုမေကလေးရယ် ...။

မောင်အေးချမ်းကား လူ့ဘဝ
လူ့လောကတွင် ကျင်လည်ပျော်ပိုက်
ရန် စိတ်ကူးမရှိပေ။ ပင်ကိုကပင်
ကိုရင်ထွက်လေးဖြစ်ပြီး ကိုရင်စိတ်
လည်း သိပ်ပြီးမပျောက်ပေ။ ဖခင်
ဖြစ်သူသေဆုံး၍ ခေါင်းမှုးရောဂါစွဲကပ်
လျက် ဂိလာနဖြစ်နေသော မိခင်ကြီး
အား လုပ်ကျွေးရန် အခိုက်အတန့်မျှ
လိင်ပြန်လာရခြင်း ဖြစ်သည်။

လူဖြစ်လာပြန်တော့လည်း လူ
တို့၏ အလုပ်အကိုင်များကို လိုက်၍
လုပ်ကိုင်ရင်းက ယခုအခါသို့ပင်



www.burmeseclassic.com

www.burmeseclassic.com

အောင်ပင် ရက်လတို့ရှည်၊ အချစ်တွေများပြီး လူတို့၏ခရီးသွားခြင်းဖြင့် သည့်အဖြစ်အပျက်တွေနဲ့ တွေ့ကြုံလာခဲ့ရသည်။ သဘာဝတရားတို့သည် တစ်စုံတစ်ယောက်ဖန်တီး၍ ရကောင်းသော အရာ မဟုတ်ပေ။ သဘာဝကပင် သဘာဝ၏ သဘောအတိုင်း ဖြစ်လာရသည်။

ယခု ကိုရင်ဘဝမှ လိင်ပြန်ပြီး လူဖြစ်လာရသော လူ့ဘဝတွင် လူတို့၏လမ်းကို ကာလကြာကြာလျှောက်လှမ်းလာခဲ့ရပြီဖြစ်၍ လူတို့နှင့်အပေါင်းကျကာ ဆက်စပ်ဖွယ်ရာများ ဖြစ်လာရပြီ။ ဤသည်အတိုင်း စပ်ဆိုင်၍ပင် ယုမေလေးက သူ၏အချစ်ကို အရောင်ပြပြီး အခု အကျပ်ကိုင်နေလေပြီဖြစ်၏။

သို့သော်လည်း မောင်အေးချမ်းသည် လူ့ဘဝတွင်ပျော်ပိုက်ရန် စိတ်ကူးမရှိပေ။ အကြောင်းကို အနီးစပ်ဆုံး ဆိုရလျှင် သံသရာကိုဆွဲ၍ မဆန့်လိုသောကြောင့် ဖြစ်၏။ သံသရာကို ကြောက်၏။ မွေးသေပေါင်း ဘဝများစွာကို ထိတ်လန့်၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားဆုံးကြီးကိုလည်း ရင်မဆိုင်ချင်တော့ပေ။

လွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော တရားဘာဝနာဖြင့်သာ သံသရာကို အဖြေရှာ၍ ရေရာပြည့်ဝသော ဘဝတစ်ခုကို တည်ဆောက်လိုသည်။ အာမခံမရှိသော ရပ်တည်ခြင်းမျိုးကို မခံမင်လိုတော့ပေ။ ကပ်ငြိတွယ်တာခြင်းကြောင့် လက်တစ်ကမ်းတွင် နစ်မြုပ်ကြရသော သာဓကများကား စာဟောင်းများ၌ တွင်တွင်ရှိ၍ ဖတ်မှတ်သိခဲ့ရလေပြီ။

သို့သော်လည်း သစ်သားရုပ်မဟုတ်သော မောင်အေးချမ်းသည် လူသားထဲက လူတစ်ယောက်ဖြစ်သောကြောင့် ပစ်လျှင်ထိ၏။ ထိလျှင်တုန်လှုပ်၏။ တုန်လှုပ်လျှင် ချောက်ချား၏။ ပြိုလဲ၍မသွားအောင် ထိန်း၍သာ ထားရသည်။ ထိစရာနှင့် ထိတာသည် အမြဲတမ်း ဒွန်တွဲလျက် ရှိနေသောကြောင့် ထိစရာရှိနေလေတိုင်း ထိနေဦးမည်သာ ဖြစ်သည်။

နောက်ကြောင်းကို ပြန်ပြောင်းပြီး အနည်းငယ်မျှဆိုရလျှင် မောင်အေးချမ်းအနေဖြင့် မခင်တင့်လည်း ငြင်းဖွယ်ရာမရှိပေ။ စီးပွားရေးရော ရုပ်ရည်ရူပကာယပါ သင့်တင့်လျောက်ပတ်သူ တစ်ဦးသာ ဖြစ်၏။ သူကိုယ်တိုင် ကမ်းနေသည်ဖြစ်၍ လှမ်းလိုက်ရုံသာရှိသည်။

ဤယုမေလေးကိုလည်း တစ်မျိုးတစ်ဖုံအားဖြင့် ငြင်းဖွယ်မရှိဟု ဆိုရမည်။ ယုမေသည် ရုပ်အဆင်းအင်္ဂါရှိ၏။ ယခု ဖွံ့ဖြိုးစအချိန်မှာပင် အနာဂတ်တိုင်အောင် အလှဖြင့်တည်မည့် မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းကို သိနိုင်သည်။ အသားအရေ၊ အရပ်အမောင်း၊ ကိုယ်ခန္ဓာအချိုးအစားမှစ၍ ဆိုစရာမရှိပေ။

မိဘတဆိုး အားကိုးရာ ချို့တဲ့သူလေးဖြစ်သောကြောင့် မောင်အေးချမ်းထားရာအရပ်တွင် နေမည့်သဘောလည်း ရှိသည်။ အရွယ်မရောက်မီကပင် ဘဝကို ကြံ့ကြံ့ရင်ဆိုင်လာရသူလေး ဖြစ်၍ ဘဝနာသောကြောင့် လိမ္မာရေးခြားလည်း ရှိသည်။ ထိုသို့ အကြောင်းအရာ အချက်အလက်တို့ ရှိနေ ၍ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လာနိုင်သော လက္ခဏာများလည်း အပြည့်ရှိသည်။

မောင်အေးချမ်းအနေဖြင့် ထိုက်သင့်သော ကိုယ်စွမ်းကိုယ်စရှိနေသောကြောင့် မိန်းမတက်ကပါလာမည့် ပစ္စည်းဥစ္စာများကို အနည်းငယ်မျှပင် မျှော်လင့်ချက် မထားပေ။ အိမ်သူကို အိမ်မှာထား၍ ယောက်ျားပီပီ ကျားကျားလျားလျားကြီးသာ စွန့်စားခန်းများဖြင့် ဘဝကို တည်ဆောက်လိုသည် ...။ ယောက်ျားတို့၏သတ္တိကို အပြည့်အဝ အသုံးချလိုသည်။

သို့သော် ဤသည်မှာလည်း စပ်မိ၍ စကားတစ်ရပ်အနေဖြင့် ဆိုခြင်းသာ ဖြစ်၏။ ဤဆိုသော စကားသည်လည်း အိပ်မက်မျှပင် တည်ဆောက်ရန် မရှိပေ။ လူစင်စစ်က ရဟန်းစိတ်လွှမ်းနေသော မောင်အေးချမ်းအဖို့ သံသရာဘေးကိုတွေးလျက် ကြောက်နေမိသည်သာ ဖြစ်သည်။ ဤကြောက်စိတ်ကြောင့်လည်း နောက်လိုက်အာရုံများ ယနေ့အချိန်ထိ မလွှမ်းမိုးနိုင်ခြင်း ဖြစ်သည်။

ဤသည်ကိုလည်း စိတ်လှုပ်ရှားစအရွယ်တွင် အသည်းနုပြီး တစ်ဖက်သတ် ယုံကြည်ဖွံ့နမိသော ယုမေလေးအား တောက်တောက်ပြောင်ပြောင် ပြောဆိုရန်မသင့်ပေ။ သိုင်းဝိုင်းသွယ်ဝိုက်၍ သူလက်ခံနိုင်လောက်သော စကားများကိုသာ ရွေးချယ်ပြီး ပြောရန်သင့်သည်။ သို့တည်းမဟုတ် သူနားလည်နိုင်သည့် ဆုံးဖြတ်ချက်တစ်ခုကို ပေးစွမ်းနိုင်သည်အထိ မောင်အေးချမ်း ကြိုးစားရပေတော့မည်။

(နောက်လဆက်ရန်)

**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

# ဆယ်ကျော်သက်အရွယ်ကတည်းက ပျောက်ဆုံးခဲ့သည့် မိန်းကလေးသုံးဦးကို ၁၀ နှစ်ကျော်ကြာမှ ပြန်လည်တွေ့ရှိခြင်း



အမေရိကန်နိုင်ငံ၊ အိုဟိုင်းယိုးပြည်နယ်တွင် ၁၀ နှစ်ကြာ အတင်းအဓမ္မဖမ်းဆီးပြီး၊ ထိန်းသိမ်းချုပ်နှောင်ခြင်း ခံထားရသော အမျိုးသမီးသုံးဦးကို စာနာစိတ်ရှိသောသူတစ်ဦး၏ သတင်းပေးမှုဖြင့် ရဲတို့က ကယ်တင်နိုင်ခဲ့ကြောင်း ၁၅-၇-၁၃ အင်တာနက်သတင်း၌ ဖော်ပြလိုက်သည်။

မစ္စတာချာလီရမ်ဆီသည် အိုဟိုင်းယိုးပြည်နယ်၊ ကလီဗီလန်မြို့တွင် နေထိုင်သူတစ်ဦးဖြစ်သည်။ (---)နေ့တွင် သူ၏ နေအိမ်မှ အပြင်ထွက်လာစဉ် ၎င်း၏နံဘေးအိမ်မှ အော်ဟစ်အကူအညီတောင်းသံတစ်ခု ကြားလိုက်ရသည်။

"ကယ်ကြပါ ... ကယ်ကြပါ၊ ကျွန်မဟာ အမန်ဒါဘယ်ရီဖြစ်ပါတယ်။ ၁၀ နှစ်ကျော် ချုပ်နှောင်ထားခြင်းခံရသူဖြစ်ပါတယ်။ ကယ်ကြပါ"ဟု အော်သံကို ချာလီရမ်ဆီ ကြားလိုက်ရသည်။ အသံလာရာဆီသို့ လှမ်းကြည့်သောအခါ မိန်းကလေးတစ်ဦး အိမ်တံခါးမှ ထွက်နိုင်အောင် ကြိုးစားနေသည်ကို တွေ့ရသည်။ သူမရှိရာသို့ ချာလီသွားရောက်ပြီး တံခါးကို ချိုးဖောက်ဖျက်ဆီးကာ ကလေးတစ်ဦးပွေ့ချီထားသော အမန်ဒါဘယ်ရီကို ကယ်ထုတ်နိုင်ခဲ့သည်။ သူမ၏ ဆက်လက်ပြောကြားချက်အရ အိမ်တွင်း၌ အခြားအမျိုးသမီးများကျန်သေးကြောင်း ပြောကြားခဲ့သည်။ ချာလီသည် အရေးပေါ် ၉၁၁ ဖုန်းကို အကူအညီတောင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်လာပြီး အဆိုပါအိမ်ကို စီးနင်းရှာဖွေရာ မြေအောက်တိုက်ခန်းတစ်ခန်းတွင် သံကြိုးများဖြင့် ချည်နှောင်ထားသော အခြားအမျိုးသမီး နှစ်ဦးကိုပါ ကယ်တင်နိုင်ခဲ့သည်။ အမန်ဒါဘယ်ရီ၏ ပြောကြားချက်မှာ သူမ အသက် ၁၆ နှစ်အရွယ်၌ စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေစဉ် (၂၁-၄-၂၀၀၃)နေ့တွင် လူတစ်စုက အတင်းအဓမ္မဖမ်းဆီးပြီး၊ မျက်နှာကိုအဝတ်စည်းကာ ခေါ်ဆောင်ပြီး ယခုအိမ်တွင် သံကြိုးတပ် ချုပ်နှောင်ခဲ့ကြောင်း၊ ထိုကာလအတွင်း အလိုမတူဘဲ သားမယားပြုကျင့်ခံရကြောင်း၊ ကလေးတစ်ဦးပင်ရခဲ့သည်ဟု ပြောကြားခဲ့သည်။ ဤသို့ လွတ်မြောက်ခြင်းမှာလည်း သူမကို ဖမ်းဆီးထားသူများမရှိခိုက် ကံကောင်းစွာ လွတ်မြောက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ သို့ဖြစ်၍ ပြန်လွတ်မြောက်ချိန်တွင် သူမအသက် ၂၆ နှစ်ရှိပြီ ဖြစ်သည်။

အခြားသူနှစ်ဦးမှာ ၂-၄-၂၀၀၄ နေ့တွင် ပျောက်ဆုံးခဲ့သော ဂျီနာဒီဂျူးဖြစ်၍ ထိုစဉ်က အသက် ၁၄ နှစ်သာ ရှိသေးသည်။ ၂၀၀၀ ပြည့်နှစ်ကတည်းက ပျောက်ဆုံးခဲ့သော မစ္စမီရှယ်နိုက်မှာ စတင်ဖမ်းဆီးချုပ်နှောင်ခံရစဉ်က အသက် ၂၀ သာရှိသေးသည်။ သူတို့ကို အကျဉ်းချထားစဉ် ကာလတစ်လျှောက်လုံး သံကြိုးဖြင့် သော့ခတ်ချည်နှောင်ထားခြင်း ခံရပြီး၊ မျက်နှာကြက်တန်းတစ်ခုတွင် သံကြိုးများ ရဲတပ်ဖွဲ့ဝင်တို့က တွေ့ရသည်။ အလိုမတူဘဲ မုဒိမ်းကျင့်ခံရသော မိန်းကလေးများသည် ကိုယ်ဝန်ရှိလာသောအခါ မြေအောက်ခန်းတွင်ပင် မီးဖွားခဲ့ရကြောင်းနှင့် ဂျီနာဒီဂျူး မီးဖွားစဉ် အမန်ဒါဘယ်ရီကို မီးဖွားရာတွင် ကလေးအသက်ရှင်အောင် ကူညီရမည်၊ သေဆုံးပါက အစာအငတ်ထားမည်ဟု ခြိမ်းခြောက်ခံရကြောင်း၊ သို့ရာတွင် ကလေးမှာ မွေးစကပင် သေဆုံးသွားသဖြင့် အမန်ဒါဘယ်ရီကို သံကြိုးခတ် အငတ်ထားခြင်းခံရကြောင်း ပြောကြားခဲ့သည်။ ကလေးအလောင်းကို အိမ်ခြံဝင်းအတွင်း၌ မြှုပ်ခဲ့ကြသည်။

မိန်းကလေးသုံးဦးကို ဖမ်းဆီးထားသော တရားခံများမှာ အရီရယ်ကက်စထို ၅၂ နှစ်နှင့် ၎င်း၏ညီနှစ်ဦးတို့ဖြစ်ကြသည်။ ၎င်းတို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး အသေးစိတ် စစ်ဆေးနေသည်။ သေဆုံးသွားပြီဟုထင်ကြသော မိန်းကလေးသုံးဦးတို့၏ မိဘဆွေမျိုးများမှာ ဝမ်းသာမဆုံးဖြင့် ပြန်လည်ဆုံစည်းခဲ့ကြသည်။ မိန်းကလေးများကို ဆေးရုံသို့ ဆေးကုသစေရာတွင် ၎င်းတို့၌ ရေဓာတ်ခန်းခြောက်ခြင်း၊ အာဟာရချို့တဲ့ခြင်း ဝေဒနာများ ခံစားနေရသော်လည်း အသက်အန္တရာယ်အတွက် စိုးရိမ်စရာမရှိကြောင်း ဆရာဝန်တို့က ပြောကြားခဲ့သည်။

ညီမြင့်လွင်(မော်ကျွန်း)

*Ref: Internet News, 20.7.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တမလွန်က သံစဉ်

## ဒါရိုက်တာ မျိုးဇော်အောင်

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လရောင်ကား သချိုင်းကုန်းထဲ ကျရောက်နေသည်။ ထိုးထိုးထောင်ထောင် မှတ်တိုင်များ၊ ဂူများ၊ မြေပုံမို့မို့များကို လရောင်အောက်၌ မြင်ဇနရ၏။

တစ်ချက် တစ်ချက် လေက ဝှေ့တိုက်သည်။ သစ်ခက်သစ်ရွက်သံတို့ လှုပ်ခတ်သံကလည်း ကြားနေရပြန်၏။ နာနာဘာဝတို့ မြူးသံ၊ ညည်းသံကဲ့သို့ ချောက်ချောက်ချားချား ရင်ခုန်ဖွယ် ကောင်းနေတော့သည်။

သို့သော် ကျော်ဇေယျအဖို့ကတော့ ချောက်ချားမှုကင်းလျက် ဒေါသအမျက် ခြောင်းခြောင်းတို့ကသာ တင်းလျက် အံတကြိတ်ကြိတ်၊ မာန်တတင်းတင်း ဖြစ်နေသည်။

"တောက် . . ကံပေါ် . . ကံပေါ်၊ တွေ့ကြသေးတာပေါ့ကွာ"

ကျော်ဇေယျ၏ ရေရွတ်သံနှင့် တောက်ခေါက်သံတို့က ညဥ့်ယံကို ခွင်းဖောက်လိုက်သလို၊ ညဥ့်ငှက်အကောင်တို့၏ ထိတ်လန့်စွာ ဝုန်းခနဲ တဖျပ်ဖျပ် ထပျံသွားကြသည့် အသံတို့ကလည်း ကျယ်လောင်လှ၏။

အသည်းငယ်သူများသာဆိုလျှင် ထိုည၏ ချောက်ချားမှုအောက်တွင် အသက်ပျောက်သွားနိုင်ဖွယ် မြင်၏။

ထိုညသည် . . .

အဆုံးအဖြတ်ပေးမည့် ညဖြစ်သည်။

ကျော်ဇေယျ ကံပေါ်နှင့် အချိန်းအချက်လုပ်ထားသည်။ သူလာမှာ သေချာသည်။

ဟင်း . . . လာစမ်းပါစေ။ ဒင်းနှင့် တစ်ယောက်ချင်းတွေ့ဖို့သာ ကျော်



www.burmeseclassic.com

www.burmeseclassic.com

ဖေယျ အလိုရှိနေသည်။ တွေ့လို့ကတော့ဖြင့် သူသေ၊ ကိုယ်သေ ဓားရေးယှဉ်ကြမည့်ပွဲ၊ ယောကျ်ားတို့ သတ္တိယှဉ်ပွဲ ...။

သူ့ကိုလည်း ဆောင်ဓားတစ်လက် ဆောင်ယူလာဖို့ ကျော်ဖေယျ ပြောခဲ့ပြီးပြီ။ အဖော်မခေါ်ဘဲ တစ်ယောက်တည်းလာဖို့ကိုလည်း ကတိကဝတ်ပြုခဲ့ပြီးပြီ။ မှာခဲ့ပြီးပြီ၊ လာလိမ့်မည်ဟု ထင်၏။

ကံပေါ်အကြောင်းတွေးရင်း ပန်းအိ ... ပန်းအိ မျက်နှာကို အတွေးထဲမြင်ယောင်ဖြစ်သည်။

"တားမရလို့သာ မောင့်ကို ခွင့်ပြုရတာ။ မိုးကုတ်က အရမ်းအေးတာ။ နာဖျားရောဂါလည်း ထူတယ်လို့ပြောတယ်။ မောင့်ကို ပန်းအိအရမ်းစိုးရိမ်တာပဲ မောင်ရယ်"

"မောင်နားလည်ပါတယ်။ ဒီလိုမှ မစွန့်စားရင် ပန်းအိနဲ့မောင်တို့ အရမ်းဝေးသွားမှာပေါ့။ မောင် ကျောက်အောင်ခဲ့ရင် ချက်ချင်းပြန်လာခဲ့မှာပါ။ ပန်းအိဘာမှစိတ်မပူနဲ့။ ဒီအလုပ်ကို မောင် ကျွမ်းပါတယ်"

ထိုနေ့က ပန်းအိနှင့် ကျော်ဖေယျတို့ ပြောခဲ့သော စကားများကို ပြန်လည်ကြားရင်း ကံပေါ်ကို ပို၍ဒေါသဖြစ်ခဲ့သည်။ သူ့ကြောင့် ပန်းအိနှင့် ကျော်ဖေယျတို့ကြားမှာ သံသယလေးတွေ ဖြစ်သွားခဲ့ရ၏။ အဲဒါ ကံပေါ် နှောက်လို့ .. နှောက်လို့၊ ကံပေါ် မွှေလို့ပဲ။

ကျော်ဖေယျ ကြိုးစားပမ်းစား မနားမနေ လုပ်ခဲ့၍လည်း ကျောက်အောင်ခဲ့သည်။ ဌာနေကိုပြန်လာတော့ ချစ်သူပန်းအိနှင့် ဆုံဖြစ်သည်။ ထိုအခါ ပန်းအိ၏ အနေအထားနှင့် စကားတို့က အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့၏။

"မောင်က မိုးကုတ်မှာ မိုးကုတ်သူဌေးသမီးနဲ့ ညားနေပြီဆို။ သူဌေးဖြစ်နေပြီဆို။ ဘာလို့ ပန်းအိဆီကို ပြန်လာတာလဲ"

မထင်မှတ်သော ပန်းအိ၏စကားကြောင့် ကျော်ဖေယျတစ်ယောက် ထိတ်လန့်တုန်လှုပ်သွားသည်။ အံ့လည်း အံ့ဩသွားသည်။

"ပန်းအိ ... ပန်းအိ ဘာတွေပြောနေတာလဲ။ ဒီစကားက ဘယ်က လာတဲ့စကားလဲ"

"ရှင့်သူငယ်ချင်း ကိုကံပေါ်ဆီက လာတဲ့စကားပဲ"

အတိတ်၏ အရိပ်၊ အတိတ်၏ စကားသံနှင့်အတူ ပန်းအိ၏ မျက်နှာလှလှလေးက ဒေါသရိပ်၊ ဒေါသငွေ့ကြောင့် အလှပျက်ချင်သလိုလို၊ အပြုံးမဲ့ချင်သလိုလို၊ အယဉ်လျော့ချင်သလိုလို ပြန်မြင်ယောင်မိ၏။

"တော်တော်ယုတ်မာတဲ့ ကံပေါ်၊ တော်တော်သစ္စာမဲ့တဲ့ ကံပေါ်။ မဟုတ်မဟတ် လုပ်ဇာတ်တွေခင်းပြီး ငါ့ကို ချောက်တွန်းခဲ့တဲ့ ကံပေါ်၊ ငါ့အချစ်ကို လုတဲ့ ကံပေါ် ဒီညတော့ မင်းဘဝနိဂုံးချုပ်မယ့်ညပဲ ... တောက်"

ဒေါသစိတ်ကြောင့် ကျော်ဖေယျတစ်ယောက် ကံပေါ်ကို အခုပင်အပြေးသွားတွေ့ချင်တော့၏။ စောင့်ရသည်က ကြာလွန်းသည်ဟုထင်သည်။

ထိုစဉ်မှာပင် "ဂိ .. ဂိ .. ဂိ" ဆိုသော ငှက်ဆိုးသံ ကြားလိုက်ရ၏။ လရောင်မှုန်မှုန်မွှားမွှားကြားမှ ကံပေါ်ကို ဘွားခနဲ တွေ့လိုက်ရတော့၏။

ထိုအခါ ကျော်ဖေယျ၏ ဒေါသတို့သည်လည်း ထောင်းခနဲ ထွက်လာတော့၏။

မှတ်တိုင်တချို့နှင့် မြေပုံမှိုမှိုတစ်ခုကို ကံပေါ် ကျော်ခွလာပြီး ကျော်ဖေယျနှင့် ခပ်လှမ်းလှမ်းမှာ ရပ်လိုက်သည်။

"ငါ ကတိတည်တယ်နော် ... ကျော်ဖေယျ"

"အေး ... ကတိတည်တာကိုတော့ ငါလေးစားတယ်။ အဖော်ခေါ်လာရင်တော့ မင်းသစ္စာဖောက်တာပဲ"

"အဖော်ဆိုလို့ ငါ့မှာ ဒီဓားပဲပါတယ်။ ငါယောကျ်ားပါ ကျော်ဖေယျ။ ဒီပွဲမှာ ငါနိုင်ရင်တော့ ပန်းအိက ငါ့ဘဝ၊ ငါ့အလှ။ မင်းကတော့ မရဘူး။ ဒီလိုသဘောပဲ ထားလိုက်ပါ ကျော်ဖေယျ"

ကံပေါ်၏ ရိသဲ့သဲ့ မထီတထိ လေသံကို ကျော်ဖေယျ တုံ့ပြန်ချင်စိတ် မရှိတော့။ ရင်ထဲမှာ၊ စိတ်ထဲမှာ ကံပေါ်ဆိုတဲ့ကောင်ကို အမြန်ဆုံး သုတ်သင်ချင်သည့် စိတ်တွေက တဖွားဖွားဖြစ်နေမိတော့သည်။

"စကားခရီးရှည်မနေနဲ့။ ဟေ့ကောင် ... ဓားအပြီးကျွေးဖို့ မင်းကို ငါစောင့်နေတာ။ ပြောနေကြာတယ်ကွာ။ လုပ်ငန်းစလိုက်ကြရအောင်"

ကျော်ဖေယျက ပြောပြီး လက်ထဲက ဓားကို ဝှေ့ယမ်းလိုက်သည်။ ကံပေါ်ကလည်း ဓားကို လေထဲဝှေ့ယမ်းလိုက်သည်။ ကံပေါ်ကလည်း ဓားကို လေထဲဝှေ့ယမ်းလိုက်၏။

ကျော်ဖေယျ ခြေတစ်လှမ်းတိုး၍ ဓားကို ဝှေ့ယမ်းပြီး ကံပေးထံ တိုးလာသည်။ ကံပေါ်လက်ထဲက ဓားကို



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဖေယျနည်းတူ ငွေယမ်းပြီး ခြေတစ်လှမ်း ဆုတ်သည်။ ကျော်ဖေယျ လက်ထဲမှဓားကို လေထဲမှာ ဝှေ့၍ ဘယ်ညာခြေတစ်လှမ်းစီ တိုးကာ ကံပေါ်၏ဇက်ကို ပိုင်းချလိုက်တော့သည်။

ကံပေါ် ကြောက်ကြောက်ဖြင့် နောက်သို့အဆုတ် ခလုတ်တိုက်၍ လဲကျသွားစဉ် ကျော်ဖေယျ၏ ဓားက မလေထဲ ပိုးခနဲဖြတ်၍ ကံပေါ့်ခေါင်း သီးသီကလေး လွတ်သွားသည်။

ထိုစဉ်မှာပင် အရိပ်သဏ္ဌာန်တစ်ခုကို မထင်မှတ်ဘဲ ကျော်ဖေယျ ရိပ်ခနဲမြင်လိုက်စဉ်မှာပင် "ဒိုင်း ... ဒိုင်း" ဟူသော အသံနှင့်အတူ ကျော်ဖေယျ လဲကျသွား၏။

သေနတ်သံနှင့်အတူ ငှက်များလည်း လန့်ပျံသွားကြ၏။ သည်နောက် သွေးအိုင်ထဲတွင် လဲကျ အသက်ပျောက်နေသော ကျော်ဖေယျကိုကြည့်ကာ ...

"သာဒိုး .. ကျော်ဖေယျကိစ္စကို သုဘရာဇာကိုခေါ်ပြီး မင်းစီစဉ်လိုက်တော့။ ပြီးရင် ဒီကောင့်ဆီကရတဲ့ စေစုတစ်စက် ငါ့အိမ်မှာလာယူ။ ငါစောင့်နေမယ်"

ဟု ပြောပြီး ကံပေါ်မှာ အေးဆေးစွာပင် လရောင်အောက် သချိုင်းထဲမှ ထွက်ခွာ၍ သွားလေတော့၏။

* * * * *

ထိုအဖြစ်မှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလက အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။ ယခုအချိန်မှာ ကံပေါ်သည် သူဌေးဦးကံပေါ်ဖြစ်၍ ပန်းအိမှာလည်း သူဌေးကတော် ဒေါ်ပန်းအိ ဖြစ်နေပေပြီ။ သူတို့၏ တစ်ဦးတည်းသောသမီးလေး အင်ကြင်းမှာလည်း ဘွဲ့ရ ခေတ်ပညာတတ် အပျိုကြီးဖားဖားပင် ဖြစ်နေပေပြီ။ သာဒိုးတစ်ယောက်ကတော့ သေသလိုလို၊ ထောင်ကျနေသလိုလို ကြားသည်။

တစ်နေ့သ၌ သုံးပန်လုစံအိမ်ကြီးဆီသို့ လူတစ်ယောက် ရောက်လာသည်။ သုံးပန်လုစံအိမ်ကြီးမှာ ဦးကံပေါ်၊ ဒေါ်ပန်းအိတို့ ပိုင်ဆိုင်သော စံအိမ်ကြီးဖြစ်လေ၏။ သန့်မာထွားကျိုင်းသော နက်ကျော်မှာ ဦးကံပေါ်၏ လက်ရုံးဖြစ်ပြီး စိတ်ချရသောကြောင့် ခြံစောင့်အဖြစ်ထားသည်။

ခြံစောင့်နက်ကျော်သည် ရောက်လာသော လူရွယ်အား မချေမငံ ဆက်ဆံသဖြင့် ဦးကံပေါ်၊ ဒေါ်ပန်းအိတို့ရှေ့မှာပင် ထိုလူရွယ်က နက်ကျော်ကို ထိုးကြိတ်လိုက်သောကြောင့် နက်ကျော်မှာ စကားမေးပင် မရတော့ဘဲ ခြံဝတွင် သတိမေ့မော့သွားခဲ့လေ၏။

"မောင်ရင် ဘယ့်နှယ်လုပ်လိုက်တာလဲ"

ဦးကံပေါ်က လူရွယ်ကို မကျေမနပ်ဖြင့် မေးသည်။ ဒေါ်ပန်းအိက လူရွယ်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"ငါဘာလုပ်တယ်ဆိုတာ မင်းမြင်ပါတယ် ကံပေါ်။ ဒီမယ် ကံပေါ်၊ မင်း ငါ့တောင် မမှတ်မိတော့ဘူးလားကွ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က မင်းသူငယ်ချင်း ကျော်ဖေယျလေ။ သေသေချာချာကြည့်စမ်းပါဦး။ ခု လူဝင်စားဘဝနဲ့ မင်းဆီ ငါရောက်လာတာ။ မင်းနဲ့ စာရင်းရှင်း၊ အကြွေးတောင်းဖို့ ငါ ဆင်သေတောင်သချိုင်းက ကျော်ဖေယျအရိုးတွေ ပေါ့ဒီမှာ ငါယူလာခဲ့တယ်။ မင်းတို့ ပန်းအိတို့ ငါ့အကြောင်း သိပါတယ်"

ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့မှာ လူရွယ်ပြောသော စကားနှင့် လူရွယ်၏ ရုပ်သွင်သဏ္ဌာန်ကို သေသေချာချာ အကဲခတ်ကြည့်မိကြပြီး တစ်ယောက်နှင့်တစ်ယောက် မျက်လုံးပြူးမျက်ဆန်ပြူးက ဖြစ်နေလေတော့၏။ ထိုစဉ် လူရွယ်က သူတို့နှစ်ယောက်ကို မသိမသာကြည့်ပြီး -

"အင်း (သက်ပြင်းရှည်တစ်ချက်ချပြီး) အခုဘဝမှာတော့ ငါ့နာမည်က ကျော်ဖေယျ မဟုတ်ဘူး။ 'မင်းမောင်' ပေါ့ကွာ။ မင်းတို့နှစ်ယောက်ကိုတော့ ငါဘယ်တော့မှ မမေ့ဘူး။ မင်းတို့နှစ်ယောက် ရုပ်တွေလည်း သိပ်မပြောင်းလဲဘူးနော်"

ဦးကံပေါ် ထိတ်လန့်သွားပြန်သည်။ ထို့အတူ ဒေါ်ပန်းအိသည်လည်း အံ့ဩသွားပြန်၏။ အဘယ်ကြောင့်ဆိုသော် မင်းမောင်ဆိုသော ထိုလူရွယ်သည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလက သေဆုံးသွားခဲ့သော ကျော်ဖေယျနှင့် ရုပ်ချင်းခွဲမရအောင် တူနေသောကြောင့် ဖြစ်သည်။ တူသည်ဆိုတာထက် ကျော်ဖေယျမှ ကျော်ဖေယျအစစ် ရောက်လာသလို ရုပ်ရော၊ အသံရော၊ ဟန်ရော၊ ပန်ရောက ကျော်ဖေယျပဲဆိုတာ ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့ ခံစားနေရသည်။

"ကံပေါ် .. ငါမင်းတို့နှစ်ယောက်နဲ့ စာရင်းရှင်းစရာရှိတယ်။ ဒီတော့ ငါ မင်းအိမ်မှာ ခဏတည်းမယ်။ ကိစ္စအားလုံး ပြတ်သွားရင်တော့ ငါပြန်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဒါပဲ ကံပေါ်''

ဟု လူရွယ်က ခပ်ထန်ထန်ပြော လိုက်တော့ ဦးကံပေါ်၊ ဒေါ်ပန်းအိတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး

''ဒီမယ် မောင်ရင်၊ ဘာတွေ ပြောနေတာလဲ။ မောင်ရင့်ကို ကျုပ်တို့ သိလည်းမသိဘူး၊ တည်းခိုခွင့်လည်း မပြုနိုင်ဘူး။ ကိုယ့်ဘာသာ ကိုယ့်လမ်း ကိုပဲ ပြန်ပါမောင်ရင်''

ဟု ဦးကံပေါ်၏ ပြောဆိုချက် ကို -

''ဟား ...ဟား ...ဟား၊ ဒီမယ် ကံပေါ်၊ မင်း လက်မခံလို့မရ ဘူးလေ ကံပေါ်။ ငါက တမလွန်က လာတဲ့ ကျော်ဇေယျကွ။ မင်းတို့နဲ့ စာရင်းကို ရှင်းရမှာ။ မရှင်းလို့မဖြစ်ဘူး ကံပေါ်။ မကြခင် မင်းရဲ့ သားဒိုးလည်း မင်းဆီရောက်လာလိမ့်မယ်။ အဲဒီအခါ ကျရင် မင်းရယ်၊ ငါရယ်၊ သားဒိုးရယ် ကိစ္စပြတ်ရှင်းကြလင်းကြတာပေါ့ကွာ။ ဒီတော့ မင်းရော၊ ငါရော သားဒိုးအလာ ကို စောင့်ရလိမ့်မယ်''

ဟု လူရွယ် မင်းမောင်က ပြော ပြီး သုံးပန်းလုစံအိမ်ကြီးကို လေ့လာ သုံးသပ်ကြည့်၏။

ထိုစဉ် သုံးပန်းလုစံအိမ်ကြီး၏ ခြံဝင်းသို့ ဦးကံပေါ်၊ ဒေါ်ပန်းအိတို့၏ သမီးဖြစ်သူ အင်ကြင်းပြန်ရောက်လာ သည်။ ခြံဝတွင် မှောက်နေသော နက် ကျော်ကိုကြည့်ပြီး ဖေဖေဦးကံပေါ်နှင့် မေမေ ဒေါ်ပန်းအိတို့ကို လှမ်းကြည့် သည်။ သည့်နောက် လူရွယ်မင်းမောင် ကိုကြည့်ပြီး အဖေနဲ့ အမေကို မေးငေ့ါ မေးလိုက်သည်။ ဒေါ်ပန်းအိက မျက် နှာပျက်ပျက်ဖြင့် ခေါင်းခါယမ်းပြလိုက် သည်။

''ကံပေါ် .. မင်းက အိမ်ကြီးကို တော်တော်ကောင်းအောင်၊ ကြီးကျယ် ခမ်းနားအောင် ဆောက်ထားတာပါ လား။ အေးလေ .. ငါမခံစားလိုက်လို့ မင်းခံစားလိုက်တာ မင်းကုသိုလ်ကံ တော်တော်ကောင်းတာပဲလို့ ပြောရမှာ ပဲ ကံပေါ်။ ဒါပေမယ့် သားဒိုးရောက် လာရင်တော့ ကံပေါ်ရေ ... ဒီသုံးပန် လုစံအိမ်ကြီးဟာ တမလွန်က ကျော် ဇေယျပိုင်တဲ့ ...အိုကွာ ...ငါပိုင် အိမ်ကြီး ပြန်ဖြစ်သွားမှာပါ ကံပေါ်''

ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့ နှုတ် ဆိတ်သွားကြသည်။ ထိုလူရွယ် မင်း မောင်ပြောသမျှ ဆိုသမျှ စကားတို့မှာ လည်း ကွယ်လွန်သူ ကျော်ဇေယျ ကိုယ်တိုင် လာပြော၊ လာဆိုနေသကဲ့ သို့ စိတ်ထဲ ဇဝေဇဝါ ဖြစ်မိလေသည်။ တမလွန်က ဝိညာဉ်က လာပြောနေ တာလား။ သေဆုံးသွားတဲ့ ကျော်ဇေ ယျ အနှစ်နှစ်ဆယ်ကျော်မှ သချိုင်း ကုန်းက အသက်ပြန်ဝင်ပြီး ထလာ တာလား။ ဒါလည်း မဟုတ်သေးပါဘူး လေ။ သူပြောတော့ သချိုင်းကုန်းက ကျော်ဇေယျအရိုးတွေကလည်း ပါလာ တယ်ဆိုတော့ အို ...ဒုက္ခပါပဲ။

''ဒီမယ် မောင်ရင်၊ မင်း ငါတို့ ကို လာလိမ်မနေနဲ့။ မင်းဘာလိုချင်လို့ မဟုတ်မဟတ် လုပ်ဇာတ်တွေ လာ ပြောနေတာလဲ။ ဘာကိစ္စနဲ့ ငါတို့ကို လာခြိမ်းခြောက်နေတာလဲ''

''ဒီမယ် ငါအမှန်အတိုင်းပြော နေတာ ကံပေါ်။ မင်းကို ငါခြိမ်းခြောက် နေတာမဟုတ်ဘူး။ ဒီဘာဂျာတော့ မင်းသိမှာပါ''

လူရွယ်မင်းမောင်က ပြောပြော ဆိုဆို ဘောင်းဘီအိတ်တွင်းက ဘာ ဂျာကို ထုတ်ပြသည်။ ပြီးနောက် ကျော်ဇေယျ မှုတ်လေ့မှုတ်ထရှိသော သီချင်းတစ်ပုဒ်ကို မှုတ်ပြလေ၏။

ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့ ဘာဂျာမှုတ်သံ ကြားလိုက်ရသောအခါ လိပ်ပြာလွင့်စဉ်မတတ်အောင် ထိတ် လန့်တုန်လှုပ်၍သွားကြလေ၏။ ကျော် ဇေယျကိုယ်တိုင်ပင် သေရွာက ပြန် ထလာပြီး ဘာဂျာမှုတ်နေသလား ထင်လိုက်ရလေ၏။

ထိုအချိန်မှာပင် တစ်ချိန်လုံး ငြိမ် သက်၍ မျက်နှာများကို အကဲခတ် နား စွင့်နေသော အင်ကြင်းက -

ဟုတ်တယ် ကံပေါ်။
မင်းငြင်းလို့မရတော့ဘူး။
မင်းနှုတ်ပိတ်ခပေးခဲ့ပြီး
ရှင်းလင်းအစဖျောက်ခိုင်းတဲ့
သုဘရာဇသူတော်လို့ခေါ်တဲ့
ငါကလည်း
ခုထိမသေသေးဘူးကွ။
မင်းပြေးလို့လည်း
မလွတ်တော့ဘူး ကံပေါ်။
ဘာဖြစ်လို့လဲ
ဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီမယ်ရှင် . . . ရှင်တော်တော် ယဉ်ကျေးမှုမရှိတဲ့လူတစ်ယောက်ပဲ။ ရှင့်အသက်အရွယ်နဲ့ ရှင်က ကျွန်မ ဖေဖေနဲ့ မေမေ အသက်အရွယ်ကို ရှင်ပဲကြည့်လိုက်ပါဦး။ သက်တူရွယ်တူ လည်းမဟုတ်၊ သူငယ်ချင်းလို ပြောဆို ဆက်ဆံနေတာ ဘာသဘောလဲ။ ရှင် ရူးနေလို့လား။ ရူးရင်ပြန်တော့၊ ဒီမှာ လာမကြောင်နဲ့"

အင်ကြင်း ပေါက်ကွဲသဖြင့် ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့က ဟန့်တားလိုက်သည်။

"ရပါတယ် ပြောပါစေ ကံပေါ်။ မင်းတို့၊ ငါတို့ အတိတ်ကဖြစ်ရပ်တွေကို သူမှမသိတာ။ မင်းသမီးပြောတာကို ငါဖွေမယူပါဘူး။ ခွင့်လွှတ်တယ်"

"ခွင့်မလွှတ်လည်း ဂရုမစိုက်ဘူး။ လာကြောင်မနေနဲ့။ လူဝင်စားတွေ၊ နတ်ဝင်စားတွေ အယုံအကြည်မရှိဘူး။ ရှင် လာလိမ်နေတာသိတယ်"

"သမီး . . အဲဒီလိုမပြောနဲ့လေ"

"ပြောမှာပဲ။ ဒီမယ် မေမေ၊ သူသက်သက်လာပြီး ဖေဖေနဲ့ မေမေတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာနှောင့်ယှက်နေတာ"

ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့မှာလည်း သမီးလေး အင်ကြင်း ဝင်ပေါက်ကွဲပြောဆိုမှုအပေါ် မျက်စိပျက်မျက်နှာပျက် ဖြစ်နေကြသည်။

ထိုစဉ် ခြံဝတွင် သတိမေ့လဲနေသော နက်ကျော်သည်လည်း သတိပြန်ရကာ ဟိုဒီကြည့် ထလိုက်သည်။

"မင်းနေရာ မင်းသွားနေ၊ ငါတို့ ဒီမှာ စကားမပြတ်သေးဘူး။ ဒီတစ်ခါ ဝင်ရှုပ်လို့ကတော့ ဆေးရုံကိုအရောက်ပို့ပစ်လိုက်မယ်။ ကဲ . . . ထွက်သွား၊ သွားလေ"

လူရွယ် မင်းမောင်၏ ပိုင်စိုးပိုင်နင်း စကားကိုလည်း အင်ကြင်းကျေနပ်ပုံမရပေ။ ဒေါ်ပန်းအိက အင်ကြင်းလက်ကို ဆွဲ၍ ငြိမ်ငြိမ်နေဟု သတိပေးသည်။

ဦးကံပေါ်ကမူ နက်ကျော်ကို ဒီနားက ထွက်သွားဖို့ မျက်ရိပ်ပြသည်။

"နေပါဦးကွ၊ မင်းတို့နှစ်ယောက်က အိမ်ထဲ ဖိတ်မခေါ်ဘဲ ငါ့ကို ဒီအတိုင်း အပြင်မှာ ညှော်ခံမှာလားကွ။ လာ . . . ကံပေါ်"

ဦးကံပေါ် ဘာပြောရမှန်းမသိ အူကြောင်ကြောင်နှင့် ဒေါ်ပန်းအိတို့ လှည့်ကြည့်သည်။ သည်တွင် ဒေါ်ပန်းအိက လူရွယ်မင်းမောင်ကို . . .

"ကြွပါ အိမ်ထဲ၊ အေးအေးဆေးဆေး ပြောကြဆိုကြ၊ ဆွေးနွေးကြတာပေါ့"

လူရွယ် မင်းမောင်အပေါ် အပြုံးကို မြင်ရသကဲ့သို့ အင်ကြင်း၏ မကျေမနပ် အမဲ့တို့ကိုလည်း ဦးကံပေါ်နှင့် ဒေါ်ပန်းအိတို့ သတိထားမိပုံရသည်။

* * * * *

သုံးပန်လုစံအိမ်ကြီးအတွင်းသို့ အားလုံးဝင်ရောက်လာကြပြီး ညှော်ခန်းမှာ ထိုင်ဖြစ်ကြသောအခါ လူဝင်စားတစ်ဖြစ်လဲ လူရွယ်မင်းမောင်က မထိုင်သေးဘဲ တစ်အိမ်လုံးကို အကဲခတ်ကြည့်၍ -

"ကံပေါ် . . ဒီသုံးပန်လုစံအိမ်ကြီးကို မင်း ငါကျောက်အောင်တဲ့ ပိုက်ဆံတွေနဲ့ ဆောက်လိုက်ပုံရတယ်။ ကောင်းပါတယ်။ ငါအောင်ခဲ့တဲ့ ကျောက်က ပတ္တမြားလယ်သီးရည်နော်။ ထုခွဲရောင်းချလိုက်လို့လည်း မကုန်လောက်ပါဘူး ကံပေါ်။ မင်းလက်ထဲမှာ အထိုက်အလျောက်တော့ ကျန်နေဦးမှာပေါ့"

ပြောပြီး လူရွယ်မင်းမောင် ညှော်ခန်းရှိ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ချလိုက်သည်။

"နေစမ်းပါဦး မောင်ရင်"

"ကံပေါ် . . . မောင်ရင်တွေဘာတွေ လုပ်မနေနဲ့၊ အရင်အတိုင်း ကျော်ဖေယျလို့ပဲ ပြောဆိုဆက်ဆံပါကွာ"

"ဟော့ . . . ဟော့ . . ငါမဆက်ဆံဘူး။ မင်းက ကျော်ဖေယျမှမဟုတ်ဘဲ။ မင်းလိမ်နေမှန်း ငါသိတယ်"

လူရွယ်မင်းမောင် ဘာမှမပြောတော့ဘဲ သူယူလာတဲ့ အိတ်ထဲက လူရိုးအပိုင်းအစတွေကို ညှော်ခန်းထိုင်ခုံတွေရဲ့ အလယ်မှာ သွန်ချလိုက်ပြီး -

"ဒီအရိုးတွေက ကျော်ဖေယျရဲ့ အရိုးတွေပဲ။ အနှစ်နှစ်ဆယ်ကျော်သွားပေမယ့် ဒီအရိုးစုတွေက မင်းကို စကားပြောလိမ့်မယ်။ သက်သေတွေလည်း မကြာခင် ရောက်လာလိမ့်မယ်"

ဟု ပြောလိုက်ရာ ဦးကံပေါ်က

"ဘယ်က သက်သေတွေလဲ။ ယုတ္တိ ယုတ္တာမရှိ၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာပြောမနေနဲ့၊ ကျော်ဖေယျဝင်စားတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မင်းအခု ငါ့အိမ်ထဲက အမြန်ဆုံးထွက်သွားလိုက်ပါ"

"ထွက်သွားဖို့ မလိုပါဘူးကွာ။ သူပြောတာ အားလုံးမှန်တယ်။ ငါ့ကိုတော့ မင်းကောင်းကောင်းမှတ်မိမှာပေါ့ ကံပေါ်။ ဟင်း . . . ဟင်း . . . ဒီသူငယ်လိမ်ပြောနေတဲ့ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com

ဟာ မင်းနဲ့ငါ့အတွက်တော့ အမှန်တွေချည်းပဲကွ''

ရုတ်တရက်ရောက်လာသော ဦးသာဒိုးကို မြင်လိုက်လျှင် မြင်လိုက်ချင်း ဦးကံပေါ်မှာ ကြီးစွာ တုန်လှုပ်ချောက်ချား၍သွားလေ၏။ ဒေါ်ပန်းအိမှာလည်း တအံ့တသြဖြစ်၍နေလေ၏။ အင်ကြင်းကတော့ သူမ နားမလည်နိုင်အောင် ဖြစ်နေ၍ ငြိမ်နေသည်။

''ငါအခုပဲ ထောင်ကလွတ်လာတာ ကံပေါ်။ မင်းသတ်ခိုင်းတဲ့ ကျော်ဖေယျကတော့ ...မင်းရှေ့မှာတင် သေနတ်ဒဏ်ရာနဲ့ သေခဲ့တာ အမှန်ပဲ။ မင်းက ဝေစုတစ်ဝက်ခွဲပေးမယ်ဆိုလို့ ငါ ကျော်ဖေယျကို နှစ်လုံးပြူးနဲ့ ပစ်သတ်ပေးခဲ့တာလေ။ ငါ့မှာတော့ ဝေစုတစ်ဝက်မရတဲ့အပြင် ထောင်နန်းစံခဲ့ရတယ်။ မင်းကတော့ ကျော်ဖေယျကျောက်နဲ့ ချမ်းသာနေတယ်။ ခု ငါလာတာ ငါ့ဝေစု ငါလိုချင်တယ် ကံပေါ်။ မပေးဘူး၊ မရှိဘူး မငြင်းနဲ့။ ငါ့လက်ထဲက သေနတ်က မင်းတို့မိသားစုဘဝတွေကို ခြေပစ်နိုင်တယ် ကံပေါ်။ ကဲဟေ့ ...မြန်မြန်သာ ထုတ်ပေးပေတော့''

ဦးကံပေါ်တို့ မိသားစုအားလုံး နှုတ်ဆိတ်၊ နှုတ်ပိတ်နေကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိတော့သည်။ သည့်တွင် ဦးကံပေါ်က

''သာဒိုး ...မင်း ..မင်း ထောင်ထဲမှာ လူသတ်မှုထပ်ဖြစ်တယ်လို့ ငါကြားတယ်။ ပြီးတော့ ထောင်ထဲမှာပဲ မင်းသေသွားတယ်လို့ ဆက်ကြားတယ်။ အဲဒါတွေက ...''

''အဲဒါတွေက အားလုံးမှန်တယ်။ ဒါပေမယ့် ငါမသေခဲ့ဘူး ကံပေါ်။ ငါသေလို့မဖြစ်သေးဘူး။ ငါ့အတွက် ဝေစုတစ်ဝက်က မင်းဆီမှာရှိနေတာပဲလေ။ အဲဒီအတွက် ငါမသေနိုင်သေးဘူး ကံပေါ်။ မင်းငြင်းလို့မရဘူး ကံပေါ်''

''ဟုတ်တယ် ကံပေါ်။ မင်းငြင်းလို့မရတော့ဘူး။ မင်းနှုတ်ပိတ်ခပေးခဲ့ပြီး ရှင်းလင်းအစဖျောက်ခိုင်းတဲ့ သုဘရာဇသူတော်လို့ခေါ်တဲ့ ငါကလည်း ခုထိ မသေသေးဘူးကွ။ မင်းပြေးလို့လည်း မလွတ်တော့ဘူး ကံပေါ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းရှေ့မှာထိုင်နေတဲ့ သေရွာပြန် လူဝင်စားလို့ပြောတဲ့ မောင်မင်းမောင်က ရဲထောက်လှမ်းရေးအဖွဲ့က ရဲအရာရှိတစ်ယောက် ဖြစ်နေတဲ့အတွက်ကြောင့်ပဲ''

ထိုစကားကိုပြောပြီး ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာသူမှာ သချိုင်းကုန်းမှ သချိုင်းစောင့် သုဘရာဇာ ဦးသူတော်ပင် ဖြစ်လေသည်။

သည့်တွင် မင်းမောင်မှာလည်း ကိုင်ထားသော ဘာဂျာကို ကောက်မှုတ်လိုက်သောအခါ အချိန်းအဆက်လုပ်ထားသော ရဲတပ်ဖွဲ့ဝင်များ အလျှိုအလျှို သုံးပန်လုံးစံအိမ်ကြီးဆီသို့ ဝင်ရောက်လာကြ၏။

''တကယ်တော့ ကျွန်တော်ဟာ ဦးကျော်ဖေယျနဲ့ ရုပ်ချင်းဆင်ပြီး တူတော်ပါတယ်။ ဦးလေးကျော်ဖေယျ အစစ်မဟုတ်ပါဘူး။ လူဝင်စားလည်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က လူသတ်မှုကို ဦးလေးကျော်ဖေယျရဲ့အစ်ကို ကျွန်တော့်ဖေဖေ ဆားပုလင်းဦးကျော်သူရ လိုက်ခဲ့ဖူးတယ်။ ကျွန်တော့်ဖေဖေဟာ ညီဖြစ်သူ ကျော်ဖေယျသေဆုံးမှုနှင့်ပတ်သက်ပြီး စိတ်ထိခိုက်ခဲ့တယ်။ အမှုမှန်မပေါ်ဘဲ မြုပ်နေရာက နောက်တစ်နှစ်လောက်အကြာမှာ ဖေဖေလည်း ကွယ်လွန်သွားရှာတယ်။ ခု ကျွန်တော့်လက်ထက်ကျမှ ဦးသူတော်ရဲ့ကျေးဇူး၊ ဒီက ဦးသာဒိုးရဲ့ကျေးဇူးကြောင့် ဒီအမှုကို အစပြန်ကောက်နိုင်ခဲ့တာပါ ဦးကံပေါ်။ ယုတ္တိ ယုတ္တာ ဖြစ်အောင်လို့ ဦးတို့၊ ဒေါ်ဒေါ်တို့အပေါ် ပြောမှား၊ ဆိုမှား၊ ဆက်ဆံမှုအမှားတွေနဲ့ ဆက်ဆံခဲ့မိတာကိုတော့ ခွင့်လွှတ်ပေးကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်။ ဟောဒီက မအင်ကြင်းကိုလည်း ကျွန်တော် တစ်ဆက်တည်း တောင်းပန်ပါတယ်။ တာဝန်အရ ကျွန်တော့်ကို ဆက်ပြီး ဆောင်ရွက်ခွင့်ပြုပါလို့ ထပ်ပြီး မေတ္တာရပ်ခံပါတယ်။ ကဲ ...ရဲဘော်တို့၊ ဦးကံပေါ်ကို လက်ထိပ်ခတ်လိုက်တော့''

မင်းမောင်၏ စကားအဆုံးတွင် ဦးကံပေါ်ကို တာဝန်ရှိရဲနှစ်ယောက်က လက်ထိပ်ခတ်လိုက်ကြသည်။

မင်းမောင်တို့အဖွဲ့ ထွက်ခွာသွားသောအခါ ငှက်ရှိုက်သံကို ကြားလိုက်ရ၏။

ဒေါ်ပန်းအိ၏ ငိုရှိုက်သံလား။

မအင်ကြင်း၏ ငိုရှိုက်သံလား။

သေချာတော့ မသိ။ ထိုငိုရှိုက်သံကိုတော့ မင်းမောင်မောင်တစ်ယောက် စိတ်မကောင်းစွာ ကြားလိုက်ရပေတော့သတည်း ...။


ဒါရိုက်တာမျိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူနိုင်ငံ ဆေးလိပ်သောက်မှု ပိတ်ပင်တားဆီးရေးဥပဒေချိုးဖောက်သူ အရေးယူ



စင်ကာပူနိုင်ငံတွင် ပြည်တွင်းခရီးသည်များဖြစ်စေ၊ ပြည်ပ(နိုင်ငံခြား) ကမ္ဘာလှည့်ခရီးသည်များဖြစ်စေ ဈေး၊ ဆေးရုံ၊ ကျောင်း၊ ရုံး၊ ရေဆိပ်၊ လေဆိပ်၊ ပန်းခြံ၊ ကားဂိတ် အစရှိသည်ဖြင့် အများပြည်သူများ သွားလာရာနေရာ (Public Place) တွင် ဆေးလိပ်မသောက်ရဟု ဥပဒေအရ ဘားဆီးပိတ်ပင်ထားပါသည်။ ပထမအကြိမ် ကျူးလွန်ပါက ဒဏ်ငွေ ဒေါ်လာ ၂၀၀ ပေးဆောင်ကြရမည်။ ဒုတိယအကြိမ် ထပ်မံကျူးလွန်လျှင် ဒေါ်လာ ၄၀၀ စသည်ဖြင့် ဒဏ်ငွေ တိုးမြှင့် ကောက်ခံသွားမည်ဟု သိရှိရသည်။ စင်ကာပူမြို့တွင် ရက်သတ္တ နှစ်ပတ်အတွင်း၌ ဥပဒေချိုးဖောက်သူများ ၁၈၀ လောက်ရှိသည်ဟု ဆိုသည်။ ယင်းမှာ ပြည်ပနိုင်ငံခြားသားများဖြစ်သည်ဟု သိရ၏။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref: C.S.T. (Singapore), 2.5.2013, Page: 2*

# ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာကထွက် ကိန်းဆိုက်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှ အရာရှိကြီး

ဘင်္ဂလားဒေ့ရှ်၊ ဒါကာမြို့တော်မှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗဟိုမှ ဒါရိုက်တာတစ်ဦးကို မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုနှင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၂၁. ၇. ၁၃ သတင်းစာတွင် ဖော်ပြလိုက်သည်။

မစ္စတာနိုင်းသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗဟိုဌာနတွင် တာဝန်အကြီးဆုံး ဒါရိုက်တာအဖြစ် ၁၂ နှစ်ကြာ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ လွန်ခဲ့သောလက မူးယစ်ဆေးမှောင်ခိုကုန်ကူးသူများထံမှ ကိုကင်း အမြောက်အမြားကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။ ထိုကိုကင်းများ ထွက်ပေါ်ရာလမ်းစကို အစဖော်စုံစမ်းစစ်ဆေးသောအခါ ကိုကင်းများရောင်းချသူသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗဟိုဌာန၏ အကြီးအကဲဖြစ်နေသည်။ ရာထူးအရှိန်အဝါကြီးမားသော ပုဂ္ဂိုလ်ဖြစ်နေသဖြင့် သမ္မတထံဖြစ်စဉ်တင်ပြခဲ့ရာတွင် သမ္မတက တရားစွဲခွင့်အမိန့်ပေးခဲ့သဖြင့် မစ္စတာနိုင်းကို ကိုကင်းရောင်းဝယ်မှုနှစ်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းလစ်လပ်သွားသောရာထူးကို မစ္စတာကီတာကို အစားထိုးခန့်ထားလိုက်သည်။ သမ္မတက စုံစမ်းတွေ့ရှိချက်တစ်စုံတစ်ရာကို ၎င်းထံ တိုက်ရိုက်တင်ပြရန် ညွှန်ကြားခဲ့ပြီး၊ အမှန်ကရားအတွက် မည်သူကမျှ ဟန့်တားနိုင်ခြင်းမရှိကြောင်းနှင့် ထိုအမှုကို အချိန်တိုအတွင်း စီရင်ဆုံးဖြတ်ရန် ပြောကြားခဲ့သည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref: Internet News, 25.7.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လမိုင်းဆိုး ကပ်လေတော့

(မော်တင်သိန်းဇော်ဇ)

ဖြစ်မှုတစ်ရပ်ကို တရားခံဖြစ်သူတို့အနေနှင့် ကျူးလွန်လုပ်ဆောင်မိကြရာ၌ "သက်ဆိုင်ရာတရားခံဖြစ်သူ" ၏ "စိတ်ဆန္ဒကြောင့်၊ စိတ်ဖောက်ပြန်မှုကြောင့်၊ ပတ်ဝန်းကျင်၏ စေ့ဆော်တိုက်တွန်းမှုကြောင့်၊ ဒေါသအမျက်ရန်ကြွေးရန်စကြောင့်နှင့် "အခြားပြင်ပပယောဂ လမိုင်းကြောင့် စသဖြင့် အကြောင်းနှင့်အကျိုး အခြင်းအရာအမျိုးမျိုးတို့ကြောင့် "တင်ကြို၍ဖြစ်စေ၊ ရုတ်တရက်ဖြစ်စေ၊ မတော်တဆဖြစ်စေ၊ သဘောမျိုးများနှင့် ကျူးလွန်လုပ်ဆောင်မိတတ်ကြပါသည်။

ထိုကဲ့သို့ ဖြစ်မှုများကို တရားခံဖြစ်သူတို့အနေနှင့် အကျိုးနှင့်အကြောင်း အခြင်းရာအမျိုးမျိုးတို့နှင့် ကျူးလွန်မိကြရာ၌ အထူးသဖြင့် ဆန်းကြယ်နက်နဲလှသည့်။

ပယောဂ "လမိုင်း" တို့ကြောင့် ရည်ရွယ်ချက်အလျဉ်းမရှိဘဲ အကောင်းပကတိပုံမှန်မှနေ၍ ရုတ်တရက်စိတ်အသိအာရုံ ပျက်ယွင်း၊ ဖောက်ပြန်ကာ သတ်ဖြတ်၊ ကျူးလွန်မိရသော မှားမိသော ဖြစ်မှုဖြစ်အင်တို့က အထူးတလည်မှု စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ဝမ်းနည်း သတိချပ်ဖွယ်လည်း ကောင်းလှပါသည်။

လွန်ခဲ့သော ၁၉၇၀ ကျော်တစ်ဝိုက်ခန့်ဆီက ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်မြို့စွန်နားရှိ ရပ်ကွက်ကြီးတစ်ကွက်၏ ကြီးမားသည့် အထင်ကရ ရေကန်ကြီးတစ်ကန် လူနစ်သေသည်။ မကြာခဏ အစောင့်လဲကာ လူစားသည်ဟု "သတင်းကြီးသော ကန်ကြီး" ၏ ဘေးပတ်လည် အနီးအနားတစ်ဦး တစ်ဝိုက်တစ်ကြောဆီ၌ အခြေအနေမဲ့ ကျူးကျော်ပျံကျ မိသားစုအများတို့ မှီတင်းနေထိုင်ခဲ့ကြလေသည်။ ထိုအထဲတွင် "ပေါက်ကြီး" တို့မိသားစုတစ်စုလည်း အပါအဝင် ဖြစ်ခဲ့သည်။

အခြေအနေမဲ့ ကျူးကျော် လူတန်းစားများဖြစ်သော်လည်း ပေါက်ကြီးတို့ မောင်နှံနှင့် မိသားစုတို့မှာ ပခုံးထမ်းလုပ်သားများအဖြစ် သမာအာဇီဝ၊ ရိုးသားအေးချမ်း ကောင်းမွန်စွာ ရှာဖွေစားသောက်နေထိုင်ခဲ့ကြသူများ ဖြစ်ကြလေသည်။ တစ်ဦးနှင့်တစ်ဦးကိုလည်း အထူးကြင်နာ ချစ်ခင်ခဲ့ကြလေသည်။

"တစ်နေ့၌ ပေါက်ကြီးနှင့် ဇနီးမောင်နှံမိသားစုတို့ထံသို့ မထင်မှတ်သော အကုသိုလ် ကြမ္မာဘေးဆိုး အနိဋ္ဌာရုံဆိုး ဖြစ်အင်ကြီး" တစ်ရပ်က ဆိုက်ရောက်၍ဖြစ်ပေါ်ခဲ့လေသည်။

ယင်းဖြစ်အင်ကြီး ဖြစ်ပွားမည့်နေ့ ထိုနေ့ ညနေပိုင်းခန့်ဆီ၌ ပေါက်ကြီးသည် မြက်မြက်ကလေးမျှ ဝင်ငွေကောင်းစွာ ထမ်းလာခဲ့ရ၍ ညနေစောင်း အလုပ်သိမ်းချိန်၌ ဈေးထဲသို့ ဝင်ကာ အမဲသားတစ်ပိဿာကို ဝင်၍ဝယ်ယူခဲ့ပြီး ဝမ်းပန်းတသာနှင့် အိမ်သို့ အပြေး

www.burmeseclassic.com

အလွှားနှင့်ပြန်ခဲ့ပေလေသည်။ အိမ်ရောက်သော် ရေကန်ကြီး၏ဘေး ကန်ပေါင်ဘေးစောင်း ဆင်ခြေလျှောနေရာဆီ၌ မီးဖိုဂ၊ အမြန်ဆင်း၍ မွှေးကြလေသည်။

ကန်ပေါင်ကြီးဆီသို့ တက်ကြကာ "ပေါက်ကြီး"က သူဝယ်လာသော သွေးသံရဲရဲ လတ်လတ်ဆတ်ဆတ် ဖြစ်သည့် အမဲသားများကို သားလှီးဓားချွန်နှင့် ခုတ်ထစ်၊ လှီးဖြတ်သည်။

ဇနီးဖြစ်သော မိတင်က ပေါက်ကြီး ရှေ့တည့်တည့် မျက်နှာတူရူ၊ လက်တစ်ကမ်းနားဆီ၌ မျက်နှာချင်းဆိုင်ထိုင်၍ ငရုတ်သီးထောင်းနေလေသည်။

ထိုအတူ လင်မယားနှစ်ဦးတို့မှာ မိသားစုရေးရာများကို အချီအချ အပြန်အလှန်မျှပြောဆို တိုင်ပင်ကြသလို တစ်ဦးကိုတစ်ဦးလည်း ချစ်ကြည်စယ်သောသဘောဖြင့် နောက်ပြောင်ကျီစယ်၍ ရယ်မောရင်း ပျော်ရွှင်နေမိခဲ့ကြလေသည်။

ထိုသို့ ကန်ပေါင်ပေါ်တွင် ထိုနေ့ညနေ နေဝင်ရီတရောအချိန်ခန့်ဆီ၌ ပေါက်ကြီးနှင့် ဇနီးမိတင်တို့ အနေနှင့် တစ်ဦးက အမဲသား လှီး တစ်ဦးက ငရုတ်သီးထိုင်ထောင်းကာ ရယ်မောဘူနစ်ကိုယ်ပျော်ရွှင်ကြ၍ အကောင်းကတိရှိနေခဲ့ရာမှ ပေါက်ကြီးသည် ဇနီးသည် မိတင်ကို အမဲသားလှီးနေသည့် သားလှီးဓားချွန်နှင့် ရုတ်တရက် လျှပ်တစ်ပြက် ဆိုသလို ပယောဂ လမိုင်းကပ်ပြီး ပုံမှန် အသိအာရုံစိတ်ရင်းသတိကား ယိုယွင်းကာ ဇနီးသည် မိတင်၏ ဗိုက်ပြင်ကို စွပ်ကနဲ လှမ်းကာ ထိုးမိလိုက်လေသည်။

မိတင်မှာ ပေါက်ကြီး၏ ဓားလက်ချက်နှင့် ကန်ပေါင်ပေါ်တွင်ပင် ပွဲချင်းပြီးရာပြီ၊ အသက်ပျောက်ခဲ့ရရှာလေသည်။ ပေါက်ကြီးက အဖြစ်သနစ်အမှန်အရှိအတိုင်းတို့ကို တင်ပြဖြောင့်ချက်ပေး ဝန်ခံကာ အဖမ်းခံခဲ့လေသည်။

လူသတ်မှုနှင့် အရေးယူခံခဲ့ရလေသည်။

"လူမျိုးနှင့် ဘာသာမရွေးပင် ဆိုသလို ဆိုင်ရာ မိရိုးဖလာ အယူအယုံအကြည်စသဖြင့် ရပ်ရွာဒေသစွဲ အချို့ရှိတတ်ပါသည်။

အထူးသဖြင့် မြန်မာလူမျိုးတို့ အနေနှင့်လည်း ရှေးလူကြီးသူမများနှင့် ကျေးလက်တောရွာနေ မိဘသက်ကြီးရွယ်အိုတို့က ...

နွားရိုင်းသွင်းချိန် နေဝင်တော့မယ် အပြင်မှာ အသား ငါးတွေ မချက်မသယ် မထုတ်ကြနဲ့ ထုတ်၊ ဓား၊ လက်နက်တွေနဲ့ မရွယ်မဆော့ မကစားကြနဲ့။

"ဒေါသမထွက်၊ ရန်မဖြစ်ကြနဲ့၊ သစ်ပင်တွေ၊ သစ်ခက်တွေ၊ မချိုးကြနဲ့၊ သစ်ကြီး၊ ဝါးကြီးအောက်မှာ ထမင်းစား၊ ဟင်းစားတွေ မလုပ်ကြနဲ့။

"ပယောဂ အပတွေ သရဲတစ္ဆေတွေ" မှီလို့ လမိုင်းတွေကပ်လို့ ဒုက္ခတွေကြုံတတ်တယ်"

ဟု စိုးရိမ်တကြီးနှင့် လူငယ်များကို သတိနှင့် ပညာများပေးလေ့ရှိတတ်ကြပါသည်။

ပေါက်ကြီးအနေနှင့် ကျူးလွန်မိရသော ယခုတင်ပြပါ လူသတ်မိမှုဖြစ်မှုနှင့် ဖြစ်အင်ဆန်းမှာလည်း အပပယောဂ လမိုင်းဆိုး တစ်ရပ်က ပူးဝင်ကပ်ငြိ စေ့ဆော်၍ ပုံမှန်အသိအာရုံစိတ်ရင်းမှန် ကင်းလွတ်ကာ တစ်သက်တာမျှ ပေါင်းသင်းလာခဲ့ရသော ဇနီးသည်ကို မမျှော်လင့် မကြံစည်ဘဲ သတ်မိရ၊ ကျူးလွန်ခဲ့မိခြင်းပင် ဖြစ်သည်။

ဟု ထိုစဉ်က ပေါက်ကြီးတို့ လင်မယား၏ ကြေကွဲ ဝမ်းနည်းဖွယ်ကောင်းသော ဖြစ်အင်ဆိုးကို မီလိုက်ကြုံလိုက်ရသူတို့က သုံးသပ် ပြောဆိုခဲ့ကြလေသည်။ စုတ်တသတ်သတ် ရင်ထုမနာဖြစ်ကာ ကရုဏာသက်မိခဲ့ကြရလေသည်။

ထွေပြားဆန်းကြယ် လူ့လောကဖြစ်နယ်၌ ထူးကဲ အံ့ဖွယ်ရာ ဖြစ်မှုအသွယ်သွယ်တို့ အထင်အရှားနယ်ရှိတတ်ကြပါသည်။ ။

အမည်များ လွှဲပြောင်း၍ ဖြစ်ရပ်မှန်ကို တင်ပြခြင်းဖြစ်ပါသည်။


မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်တွင် နောက်ထပ်ဓားတစ်လက် ဝရုန်းသုန်းကား သောင်းကျန်းခြင်း



ဓားတစ်လက် ကိုင်စွဲထားသော တရုတ်လူမျိုးတစ်ဦးသည် လူငါးဦးအား သေအောင်ထိုးသတ်ပြီး၊ နောက်ထပ် သုံးဦးအား 'ဟီနန်'ပြည်နယ်အလယ်ပိုင်းတွင် ဒဏ်ရာရအောင် ရမ်းကားခဲ့ရာ ယင်းဖြစ်ရပ်မျိုးကို မြင်တွေ့ရ၍ ဘီဂျင်းရှိ စူပါမားကတ်များရှိ စင်များပေါ်မှ ဓားများကို အမြန်ဖယ်ရှားခဲ့ကြကြောင်း သိရှိရသည်။

'ဒိုင်ဂျင်ဟွာ'သည် 'ဒါဖူဇောင်' ကျေးရွာတွင် ကြာသပတေးနေ့က လူသုံးဦးအား သတ်လိုက်ပြီး အနီးရှိ ပရိဘောဂဈေးဘက်သို့ မောင်းထွက်သွားပြီး ထိုနေရာ၌ အမျိုးသမီးဆိုင်ရှင်တစ်ဦးနှင့် အငှားယာဉ်မောင်းတစ်ဦးတို့အား သတ်လိုက်ပြီးနောက် ကားကို ဆက်လက်မောင်းထွက်သွားကြောင်း 'ဟီနန်'ပြည်နယ် ရဲဌာနက ယမန်နေ့က ပြောကြားလိုက်သည်။ 'ဒိုင်'သည် နောက်ပိုင်းတွင် ဒုတိယမြောက် အငှားယာဉ်တစ်စီးကို အပိုင်စီးပြီး ယာဉ်မောင်းအား ဓားဖြင့် ဒဏ်ရာရအောင် ပြုလုပ်ပြန်သည်။ ရဲတပ်ဖွဲ့က နောက်ထပ်ဒဏ်ရာရရှိသူ နှစ်ဦးအား ဖော်ပြထားခြင်း မရှိပေ။

အရပ် ၁.၇၅ မီတာရှိပြီး မျက်မှန်တပ်ထားသူ၊ အငှားယာဉ်ကို အပိုင်စီးသူ 'ဒိုင်'အား မည်သည့်နေရာတွင် ရှိကြောင်း သတင်းပေးလျှင် ဆုတော်ငွေ ယွမ် ၂၀,၀၀၀ (ဒေါ်လာ ၄,၀၀၀)၊ ဖမ်းဆီးနိုင်ရန် သဲလွန်စပေးနိုင်လျှင် ယွမ် ၅၀,၀၀၀ ချီးမြှင့်မည်ဟု ရဲဌာနက ထုတ်ပြန်ကြေငြာထားသည်။ ယခုသီတင်းနှစ်ပတ်ကျော်အတွင်း မြို့တော် 'ဘီဂျင်း'၌ ကြာသပတေးနေ့ တိုက်ခိုက်သတ်ဖြတ်ခဲ့မှုနှစ်ရပ်တွင် လူသုံးဦးသေဆုံးခဲ့ပြီး၊ သုံးဦးဒဏ်ရာရရှိသွားခဲ့သည်။ မြို့တော်ဘီဂျင်း 'ချာယိုလန်'ခရိုင်ရှိ ရှော့ပင်မောတစ်ခုအပြင်ဘက်တွင် ဇူလိုင်လ ၁၇ ရက်နေ့က အမေရိကန်ပြည်ထောင်စုမှ အမျိုးသမီးတစ်ဦးအပါအဝင် လူနှစ်ဦးအား ဓားဖြင့်ထိုးသတ်ခဲ့သည့် တရုတ်နိုင်ငံ ရှန်ဒေါင်ပြည်နယ် အရှေ့ပိုင်းမှ အသက် ၂၇ နှစ်အရွယ် အဆိုပါ လူသတ်သမားသည် စိတ်ဝေဒနာရှင်ဖြစ်ကြောင်း သိရှိရသည်။

တနင်္လာနေ့က အသက် ၅၀ အရွယ် ဘီဂျင်းဒေသခံတစ်ဦး၊ မျိုးရိုးအမည် 'ဝမ်'ဆိုသူသည် ဘီဂျင်းမြို့ 'ဇီကျန်'ခရိုင်ရှိ 'ကာရီဖော်' စူပါမားကတ်တစ်ခု၌ စင်တီမီတာ ၂၀ ရှည်သော ဓားတစ်လက်ဖြင့် လူလေးဦးတို့အား ထိုးခဲ့ရာ တစ်ဦးသေဆုံးသွားခဲ့ပြီး သုံးဦးဒဏ်ရာရရှိသွားခဲ့သည်။ 'ဝမ်'သည် ဘီဂျင်းစိတ်ရောဂါကု ဆေးရုံတွင် လေးလကြာ ကုသမှုခံယူခဲ့ပြီး ဇန်နဝါရီလတွင် ဆေးရုံမှ ဆင်းလာသူဖြစ်ကြောင်း ရဲကပြောကြားလိုက်ပြီး၊ ၎င်းအား နေရာတွင်ပင် ဖမ်းဆီးလိုက်သည်။ 'ဝမ်'သည် 'ကာရီဖော်'စူပါမားကတ်မှ အမည်မဖော်လိုသူ အမျိုးသမီးအရောင်းစျေးသည်တစ်ဦးထံမှ အဆိုပါဓားကို ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်ရပ်ကြောင့် 'ဇီကျန်'ရှိ ကာရီဖော်ဆိုင်ခွဲမှ ဓားများကို စင်ပေါ်မှ ဖယ်ရှားလိုက်ရန်ညွှန်ကြားလာကြောင်း၊ ဘီဂျင်းရှိ အခြားဆိုင်ခွဲများမှ ဓားများကို ဖယ်ရှားသွားရန် ညွှန်ကြားလိုက်ကြောင်း အရောင်းစျေးသည်က ပြောကြားလိုက်သည်။

**လေးဝတီကျော်**

***Ref: Another knife rampage in China, The Strait times, Saturday, July 27, 2013***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထိတ်လန့်ဖွယ်

## ညနေခင်း

ယုံပါပြီ · · ·ယုံပါပြီ၊ မနေ့တစ်နေ့ကအထိ သရဲမရှိဘူးလို့ ပြောခဲ့တဲ့ ဒီပါးစပ်ကိုပဲ အခါခါပိတ်ပြီး စိတ်တိုနေမိတယ်။ သေချာ ပြန်တွေးကြည့်လေ ပိုသိသာလေ ပါးစပ်အဟောင်းသား ဖြစ်မိလေပါပဲ။ ကျွန်တော် တွေ့ခဲ့တာ တစ်ခေါက်တည်းမှ မဟုတ်တာ။ နှစ်ခေါက်တိတိ ကြုံခဲ့ရတာ။ တကယ်တမ်းတော့ အကြီးအကျယ် ကြုံခဲ့ရတာမဟုတ်ပေမယ့် သရဲအခြောက်ခံရတယ်ဆိုတာ ကိုယ်တိုင်ကြုံဖူးမှပဲ ကိုယ်ချင်းစာတတ်ကြတာ။ အခုတော့ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်ချင်းစာတတ်သွားပါပြီ။ ကျွန်တော် ကြုံခဲ့ရတာက ဒီလိုခင်ဗျာ။

◈ ◈ ◈ ◈ ◈

ကျွန်တော့်နာမည်က ဦးကိုကိုပြုံး။ ကျွန်တော်က ပုဂ္ဂိုလ်ကိုပြုံးတော့မြို့နယ်၊ တိုက်ခန်းလေး တစ်ခန်းမှာ တစ်ကိုယ်တည်း လူပျိုကြီးအဖြစ်နဲ့ တစ်ယောက်တည်းနေလာတာ အတော်ကြာပါပြီ။ ဒီတမ်းဒီမြေမှာ ကျွန်တော် ခြေမချဘူးတဲ့နေရာဆိုတာ မရှိသလောက်ပါပဲ။ ဟုတ်တယ် ကျွန်တော်က အဲ့သလောက်ကို နှံ့စပ်တာ။ လူပျိုကြီးလည်း ဖြစ်ပြန်တော့ အနီးအနားက အိမ်နီးနားချင်းတွေနဲ့လည်း တည့်အောင်ပေါင်းထားရတယ်။ အကူအညီ လိုအပ်တဲ့အခါ တောင်းနိုင်အောင်ပေါ့၊ ကျွန်တော်က ကုမ္ပဏီတက်ခုရဲ့ မန်နေဂျာဆိုတော့ တစ်ခါတလေ အိမ်ပြန်နောက်ကျတတ်တယ်။ အင်း · ·တစ်ယောက်တည်းသမားဆိုတော့ မနက်စာ၊ ညစာကလည်း ဖြစ်သလိုစားလိုက်တာပါပဲ။ အိမ်ပြန်နောက်ကျတာ၊ အပြင်စာ ဝယ်စားတာ ဒီလိုက မကြာမကြာ ဖြစ်တတ်လေတော့ ကျွန်တော့်အတွက် မထူးဆန်းတော့ပါဘူး။ အဲ·· ဒါပေမယ့် ဇာတ်လမ်းက အဲ့သလို အိမ်ပြန်နောက်ကျတာက စတာပဲ။

အဲ့သည့်နေ့က မိုးနည်းနည်းရွာထားတော့ ပတ်ဝန်းကျင်တစ်ခုလုံး စိုစိုစွတ်စွတ်ကြီး။ အချိန်ကလည်း ညနေ ၆ နာရီ ကျော်ကျော်လောက်ဆိုတော့ နေဝင်ရီတရောအချိန်ပေါ့။ ကျွန်တော်လည်း ပြန်လာနေကျဖြစ်လေတော့

www.burmeseclassic.com

> *"တချပ်ချပ်" နဲ့ နောက်ကလိုက်လာတဲ့ ခြေသံကို ကြားလိုက်ရတယ်။ ခြေသံက တကယ့်ကို နီးနီးကပ်ကပ် ရှင်းရှင်းလင်းလင်းကြီးကို ကြားလိုက်ရတာ။ ကျွန်တော် နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ဘာဆို ဘာမှမရှိဘူး။ ဒါဆို ကျွန်တော် နားကြားမှားတာပဲနေမှာပါဆိုပြီး ဆက်လျှောက်လာခဲ့တော့ ဟော . . ကြားရပြန်ပြီ။ ဒီတစ်ခါတော့ တော်တော် နီးနီးကပ်ကပ်ကိုကြားရတာ။ ကျွန်တော့်ခြေရာနဲ့ ထပ်ကြပ်မကွာ လိုက်လာသလိုမျိုးလေ . . .*

စိတ်ထဲမှာ ဘာမှကြောက်ရွံ့ထိတ်လန့်မှုလည်း မရှိပါဘူး။ ကျွန်တော်တို့နေရာက လူ လည်းသန့်တော့ ဓါးထောက်လုမှာတို့၊ တုတ်နဲ့ရိုက်လုမှာတို့ မပူရဘူးလေ။ ဒါနဲ့ ကျွန်တော်လည်း အိမ်ရောက်ရင်စားဖို့ ဝယ်လာတဲ့ ဝက်ခေါင်းသုပ်နဲ့ ဆိတ်ရိုး ဖွပ်ပြုတ်ကို လက်မှာဆွဲရင်း ခပ်အေး အေးပဲ လမ်းလျှောက်လာတာ လမ်းကွေ့ သရက်ပင်နားကို ရောက်လာတယ်။ လမ်းကွေ့သရက်ပင်နဲ့ ဆက်စပ်ပြီးပြော ရရင် အဲ့သည့်နားက မှုကြီးကျောင်းက နာမည်ကြီးဗျာ။ ပြောရင် ကြားရာ ရောက်ဦးမယ်၊ တကယ့်စိတ်ဒိတ်ကဲ့ မိသားစုတွေရဲ့ သားသမီးတွေကိုမှ လက်ခံတာ။ ဒါပေမယ့် ခုလိုအချိန်မှာ တော့ ဘယ်သူမှ မရှိတော့ဘူးပေါ့။

ကျွန်တော် ခပ်အေးအေးနဲ့ လျှောက်လာတုန်း "တချပ်ချပ်" နဲ့ နောက် ကလိုက်လာတဲ့ ခြေသံကို ကြားလိုက်ရ တယ်။ ခြေသံက တကယ့်ကို နီးနီးကပ် ကပ် ရှင်းရှင်းလင်းလင်းကြီးကို ကြား လိုက်ရတာ။ ကျွန်တော့်နောက်ကို ဆတ် ခနဲ လှည့်ကြည့်လိုက်တော့ ဘာဆို ဘာမှမရှိဘူး။ ဒါဆို ကျွန်တော်နားကြား မှားတာပဲနေမှာပါဆိုပြီး ဆက်လျှောက် လာခဲ့တော့ ဟော . . ကြားရပြန်ပြီ။ ဒီ တစ်ခါတော့ တော်တော် နီးနီးကပ်ကပ် ကိုကြားရတာ။ ကျွန်တော့်ခြေရာနဲ့ ထပ်ကြပ်မကွာ လိုက်လာသလိုမျိုး လေ။ ဒါနဲ့ ကျွန်တော်လည်း ခုတိယမ္ပိ ဖျပ်ခနဲ လှည့်ကြည့်လိုက်တော့ ရုတ်တ ရက် တစ်ကိုယ်လုံး အေးခနဲ ခံစား လိုက်ရတယ်။ အဲ့သလို ခံစားလိုက်ရပြီး ကျွန်တော် ရင်တုန်သလို၊ ကြောက် သလိုကြီး ဖြစ်လာတယ်။ ဆံပင်တွေဆို ချွန်တက်သွားသလို ခံစားလိုက်ရပြီး ခေါင်းကြီးကလည်း ဆန်အိတ်ကြီး ရွက် ထားရသလို လေးလံလာတယ်။ "ခေါင်း နားပန်း ကြီးတယ်" ဆိုတာ ဒါမျိုးထင် ပါတယ်။

ကျွန်တော်လည်း အဲ့ဒီနေရာကို စိတ်ထဲ မသက်မသာဖြစ်တာနဲ့ ဘုရားစာ ရွတ်ရင်း ခပ်သွက်သွက်လျှောက်လာခဲ့ တယ်၊ အဲ့နောက်တော့ လိုက်လာတဲ့ ခြေသံကို မကြားရတော့ဘူး။ ဒါက ပထမနေ့မှာ ကျွန်တော်ကြုံရတာပါ။

နောက်တစ်နေ့ မှာလည်း ကျွန်တော် ပုံမှန်အတိုင်း အိမ်ပြန်နောက် ကျတယ်။ မနေ့ကကိစ္စကိုမေ့မေ့ပျောက် ပျောက်ဖြစ်နေပေမယ့် လမ်းကွေ့သရက် ပင်နားရောက်တော့မှ သတိရသွားပါ တယ်၊ အစောကသာ သတိရမိရင် အမဲအူနှပ်နဲ့ ပဲပေါင်းရည်ကို ဝယ်မလာ ပါဘူး။ ဒါနဲ့ စိတ်တင်းရင်း လျှောက်လာ လိုက်တာ သရက်ပင်အောက်ကို ရောက်လာတယ်။

နောက်ကတကယ်မှ မကြားရတာနဲ့ မသက်သာ လှည့်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

လား…လား…ခွေးသည်းနက်ကြီးတစ်ကောင်က အမဲနှပ်ကိုဆွဲဖို့ ချောင်းနေတယ် လေ။ ဒီခွေးကြီးကို လည်း ကျွန်တော် ဒီနားမှာ တစ်ခါမှ မမြင်ဖူးဘူး။ ကြက်သီးတွေ တဖြန်းဖြန်းထပြီး ခေါင်းနားပန်းတွေကလည်း မနေ့ကလို ကြီးလာတယ်။ ဒါပေမယ့် အားကိုးစရာ ရှာနာသုံးပါးရှိလေတော့ သမ္ဗုဒ္ဓေဂါထာကိုစိတ်ကရွတ်ရင်း "ဟဲ့…သွားစမ်း"လို့ ခွေးကြီးကို မောင်းထုတ်ပစ်လိုက်တယ်။ အဲဒီနောက်တော့ ကျွန်တော်လည်း အိမ်ကို မပြေ့ရုံတယ် ခြေလှမ်းတွေနဲ့ ပြန်လာခဲ့တယ်။

ကျွန်တော့်မှာ မနက်မိုးလင်းချိန်အထိ အဲ့သည့်အကြောင်းကိုပဲ တွေးနေမိတယ်။ ဟိုအရင်တုန်းက ဥဒဟိုသွားလာခဲ့ပေမယ့် ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး။ အခုမှ ဘယ်လိုဖြစ်ရတာလဲဆိုတာ အဖြေရှာမရ ဖြစ်နေတုန်း အပေါ်ထပ်က ဒေါ်သီရိနဲ့ လမ်းမှာ ဆုံဖြစ်ကြတယ်။

"ဒေါ်သီရိ…မနက်ဘက် အပြေးလေ့ကျင့်တာလည်း မတွေ့ပါလား"လို့ စကားဆိုလိုက်မိတယ်။ ဟုတ်တယ်လေ ဒေါ်သီရိက ကျန်းမာရေးလိုက်စားတဲ့သူဆိုတော့ အရင်ကဆို မနက်စောစောတပြီးပြေးနေကျ။ ကျွန်တော့်အမေးကြောင့် ဒေါ်သီရိမျော မျက်နှာလေးကွက်ခနဲ့ ပျက်သွားကာ နံဘေးကို ဝေ့ဝဲကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့်…

"မပြောချင်ပါဘူး ဦးပြူးရယ်။ ဟိုတစ်နေ့က တပြေးတာလေ သရက်ပင်အောက်ရောက်တော့ ဘယ်လိုကြီးသဲမသိဘူး။ ငိုသံလိုလို၊ ညည်းသံလိုလို ကြားရတယ်။ အဲ့ဒါနဲ့ ကျွန်မလည်း အပေါ်ထပ်က ဒေါ်မြင့်ကို ပြောပြတော့ အဲ့ဒါ သရဲခြောက်တာတဲ့။ အဲ့သည့်နားမှာ အရင်က အသုပ်ဆိုင် တစ်ဆိုင်ရှိတယ်လေ။ အသုပ်သည် အဘွားကြီးက လွန်ခဲ့တဲ့ အဂါနေ့ကမှ ဆုံးသွားတာ။ တစ်ပတ်မပြည့်သေးဘူးပေါ့၊ ဆိုင်နေရာလေးကို စွဲလမ်းပြီး မကျွတ်ဘဲ ဖြစ်နေတယ် ထင်ပါရဲ့"

"ဩော်…မည်းမည်းဝိန်ဝိန်နဲ့လေ၊ အဲ့ဒီအဘွားကြီး ဆုံးသွားပြီလား။ ကျွန်တော်တောင် မကြာမကြာ အသုပ်ဝယ်စားသေးတယ်။ ဘာရောဂါနဲ့ ဆုံးသွားတာလဲ"

"အညာကိုအပြန် လမ်းမှာ ကားမှောက်ပြီးဆုံးသွားတာတဲ့။ ဦးပြူးလည်း ညဘက်ပြန်လာရင် သတိနဲ့ပြန်ပေါ့။ တော်ကြာ သရဲခြောက်ခံထိနေဦးမယ်"

ဒေါ်သီရိ ထွက်သွားကာမှ ကျွန်တော် အသုပ်သည်အဘွားကြီးကို သနားသွားမိတယ်။ မပြည့်စုံတဲ့ သူ့ဘဝမှာ သူပိုင်ဆိုင်တဲ့ အသုပ်ဆိုင်နေရာလေးကို စွဲလမ်းနေတယ် ထင်ပါရဲ့။

"ဟာ…ကိုကျော်အောင်ပါလား။ ထူးထူးဆန်းဆန်း ဒီဘက်ရပ်ကွက်တွေ ဘာတွေ လာလို့ပါလား"

ဆိုအတွေးနှင့် ဆက်လျှောက်လာရင်း ဟိုဘက်ရပ်ကွက်က ကိုကျော်အောင်ကို တွေ့လိုက်ရလို့ ကျွန်တော် လှမ်းခေါ် နှုတ်ဆက်လိုက်တယ်။ ကိုကျော်အောင်ဆိုသော သူက လူတစ်မျိုးအကြောင်းကိစ္စ မရှိဘဲ အိမ်ထဲက အိမ်ပြင် ထွက်တတ်သူ မဟုတ်။

"မပြောချင်ပါဘူး…ကိုပြူးရယ်။ ကျုပ်ဘကြီး မွေးထားတဲ့ အင်းခွေးကြီး မနေ့က ပျောက်သွားလို့။ အဲ့ဒါ လိုက်ရှာနေတာ။ ခွေးအရောင်ကလည်း အမည်းရောင်ဆိုတော့ မသိရင် ကြောက်စရာကြီး။ မကိုက်တတ်ဘူးလို့တော့ ဘကြီးကပြောပေမယ့် တော်ကြာ ကလေးတွေဘာတွေ ကိုက်မိရင် ဒုက္ခ။ စိတ်ညစ်ပါတယ်ဗျာ။ ကျုပ် လိုက်ရှာလိုက်ဦးမယ်"

ဟု ပြန်ဖြေပြီး ကိုကျော်အောင်က သုတ်သုတ်ပျာပျာနဲ့ တစ်ဖက်လမ်းဘက်ကို ထွက်သွားလေတယ်။ ကျွန်တော်လည်း ရုံးချိန်နောက်ကျမှာစိုးလို့ ကားဂိတ်ကို ခပ်မြန်မြန် လျှောက်လာလိုက်ရင်းမှ -

"ကိုကျော်အောင်ရဲ့ ခွေးအရောင်က အမည်းရောင်ဆိုတော့ ညက တွေ့ခဲ့တဲ့ ခွေးကြီးများလား။ ဒါမှမဟုတ် ဒေါ်သီရိ ပြောသလိုပဲ သရဲခြောက်ခံထိတာလား"

ကျွန်တော် နားမလည်နိုင်စွာ တွေးတောနေတုန်း ၆၂ ကားကြီး ဆိုက်ရောက်လာတာကြောင့် ရုံးချိန်အမီရောက်နိုင်စေရန် ကျွန်တော် လူအများကြားထဲမှ ဘတ်စ်ကားပေါ်သို့ အတင်းတိုးတက်သွားလိုက်ပါတော့သည်။

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com

# ကာလတွင်းပြေပါမိုး

မောင်တောက်ထိန်



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်းပြပါဗျို့...

မောင်ဝေတံထိန်

လွင်မောင် အသက်ခုနစ်နှစ် အရွယ်က 'ဇော်' ရုပ်ရှင်ရုံအပေါ်ထပ်တွင် နေခဲ့ပါသည်။ 'ဇော်'ရုပ်ရှင်ရုံသည် ပုဇွန်တောင်မြို့နယ်တွင်ရှိသော ပြဇာတ်ရုပ်ရှင်ရုံကြီး ဖြစ်ပါသည်။ ဇော်ရုပ်ရှင်ရုံသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် အိမ်ကြီးလမ်းထောင့်တွင် တည်ရှိပါသည်။ ရှေ့မျက်နှာစာမှာ နှစ်ထပ်ဖြစ်၍ နောက်ခန်းမကြီးမှာ ရုပ်ရှင်ပြသည့် ခန်းမကြီး ဖြစ်ပါသည်။ သစ်၊ အုတ်၊ သံပြားများဖြင့် တည်ဆောက်ထားသည့် ကျယ်ပြန့်ခိုင်ခံ့သော အဆောက်အအုံကြီး တစ်ခု ဖြစ်ပါသည်။ ၁၉၅၅ ခုနှစ် တစ်ဝိုက်တွင် စည်ကားလှသော ရုပ်ရှင်ရုံကြီးဖြစ်ကာ ပုဇွန်တောင်မြို့နယ်မှ ပြဇာတ်ရုပ်ရှင်ကြိုက် ပရိသတ်များ၏ ဖျော်ဖြေရာဌာနကြီး ဖြစ်ပါတော့သည်။

လွင်မောင်တို့ မိသားစုသည် ဇာတ်ရုံအပေါ်ထပ်တွင် နေသဖြင့် ရုပ်ရှင်ကြည့်ပရိသတ်လို တိုးဝှေ့ကြည့်စရာ မလိုပါ။ လွင်မောင်တို့အိမ်ခန်းနှင့် ရုပ်ရှင်ပြသည့်အခန်းမှာ သံပြားများ ကာရံထားသည့် ထရံတစ်ချပ်သာ ခြားပါသည်။ တံခါးဖွင့်၍ ဝင်ကြည့်မလား။ မိမိတို့အခန်းထဲမှ ကြည့်မလား၊ ဘယ်လိုပဲကြည့်ကြည့် ရုပ်ရှင်ကြည့်ဖို့က မခက်ပါ။ အခန်းထဲမှ ကြည့်သည်ဆိုရာတွင် စမတ်ကျကျ ထိုင်၍တော့ မဟုတ်ပါ။ ကာထားသော သံပြားများကို အစ်ကိုကြီးများက ဖောက်ထား၍ ထိုအပေါက်များမှ ခုံကလေးခုကာ ချောင်းကြည့်ခြင်းသာ ဖြစ်ပါသည်။ ဘာပြဇာတ်၊ ဘာရုပ်ရှင် ကြည့်ချင်ကြည့်၊ မကြည့်ချင်နေ။ မအားလျှင် မကြည့်။ အားတော့မှ ဆက်ကြည့်။ တစ်နေ့လေးကြိမ်ပြသော ရုပ်ရှင်ကို ဘယ်လိုကြည့်ကြည့် ကြိုက်သလိုကြည့်နိုင်ပါသည်။ အချိန်ရွေးစရာလည်း မလိုပါ။

အထက်ပါ အကြောင်းတို့ကြောင့် လွင်မောင်တို့အိမ်သို့ အလည်လာသောညီသည်များ အလွန်ပင်အကြိုက်တွေ့ကြပါသည်။ အိမ်လည်းလည်ရ၊ ရုပ်ရှင်လည်းကြည့်ရဆိုတော့ အကြိုက်တွေ့ပေမပေါ့။ လူကြီးများကတော့ အားရင် အားသလို ကားကောင်းလျှင် ကောင်းသလို ကြည့်ကြပါသည်။ ထိုအထဲတွင် ကားလဲတိုင်း မလွတ်တမ်းကြည့်သူကတော့ လွင်မောင်၏ သူငယ်ချင်း ဖဆွေမြင့် ဖြစ်ပါသည်။ ဆွေမြင့်ကား ရုပ်ရှင်သရဲပါပေ။ သူမကြည့်လိုက်ရသော ရုပ်ရှင်ဟူ၍ မရှိစေရ။ လွင်မောင်တို့အိမ် လူရှုပ်နေပါက တစ်မတ်တန်းက ဝင်ကြည့်၏။ တစ်မတ်တန်းက ကြည့်ပြီးလျှင်လည်း မကျေနပ်သေးပါ။ အားတိုင်း လွင်မောင်တို့အိမ်ခန်းပေါက်များမှ ကြည့်တတ်သေး၏။ ဆွေမြင့်က ၅၁ လမ်းတွင် နေသူဖြစ်သဖြင့် လွင်မောင်တို့နေသော ဇော်ရုပ်ရှင်ရုံကြီးနှင့် အလွန်နီး၏။ ထိုအချိန်က ၅၁ လမ်းသည် တဲတန်းများသာများ၏။ အိမ်ကြီးအိမ်ကောင်း တစ်အိမ်၊ နှစ်အိမ်လောက်သာ ရှိပါသည်။ ဆွေမြင့်တို့ လွင်မောင်တို့သည် သူငယ်ချင်းများပီပီ သွားအတူ၊ လာအတူ ကစားအတူ၊ ရုပ်ရှင်ကြည့်လည်း အတူတူပင်၊ တတွဲတွဲအမြဲဖြစ်ပါသည်။

ထိုခေတ်က ရုပ်ရှင်ကို ရုပ်ရှင်ဟု မခေါ်သေးပါ။ 'ဘိုင်စကုတ်'ဟု ခေါ်ကြပါသည်။ အင်္ဂလိပ်စကား BY SCOPE ကို မြန်မာလို တိုက်ရိုက်ခေါ်ခြင်း ဖြစ်ပါသည်။ တစ်ယောက်က ရုပ်ရှင်သွားဖို့ခေါ်လျှင် "လာဟေ့ ဘိုင်စကုတ် သွားမယ်"ဟု ပြောလေ့ရှိပါသည်။ ၁၉၅၀ ကျော်နှစ်များသည် ဘိုင်စကုတ် ခေတ်ဦးဟုလည်း ခေါ်နိုင်ပါသည်။ ၁၉၅၅/၅၆/ ၅၇/၅၈ နှစ်များ တစ်ဝိုက် ဘိုင်စကုတ်ကို နေ့ကြီးရက်ကြီး လွတ်လပ်ရေးပွဲတော်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်များ

www.burmeseclassic.com

တွင် လမ်းဘေး၌ ပိတ်ကားကြီးများ ထောင်ကာ ပျော်ပွဲရွှင်ပွဲများတွင် ပြသလေ့ ရှိပါသည်။

လွင်မောင်တို့ ဆွေမြင့်တို့က ရပ်ကွက်ထဲ ထိုသို့ ရုပ်ရှင်ပြတော့မည်ဟု သတင်းရသည်နှင့် မနက်ကတည်းက သူတို့တွေကြည့်ရန် ဖျာစုတ်များ၊ ဂုန်နီအိတ်များ ယူကာ နေရာအကောင်းဆုံးတွင် ဦးအောင် ခင်းကြလေ၏။ ကြိုတင်ခင်းထားခြင်းဖြစ်၍ မိမိဖျာကို သူများတွေ မဖယ်ပစ်အောင် တစ်နေကုန်စောင့်ရသည်မှာလည်း တစ်ဒုက္ခ၊ လွင်မောင်တစ်လှည့်၊ ဆွေမြင့်တစ်လှည့် သူသွားလျှင် ကိုယ်စောင့်၊ ကိုယ်သွားလျှင် သူစောင့်။ ဒါမှမဟုတ် နှစ်ယောက်စလုံး မအားပါက သူငယ်ချင်းတစ်ယောက်ကိုခေါ်ကာ မင်းလည်း ဖျာပေါ်မှာ ကြည့်ရမယ်၊ တို့ဖျာမှာ ခဏစောင့်ဟု ပြောကာ လူစောင့်ထားရသေး၏။ ဒီလိုဒီလို ဖျာနေရာရအောင် လွင်မောင်တို့၊ ဆွေမြင့်တို့က ဦးထားရ၏။ ပြချိန်နီးသောအခါ အစ်မများ၊ အစ်ကိုများက စမက်ကျုကျု ထိုင်ကြည့်ကြရ၏။

တစ်ခါတစ်ရံ လွင်မောင်တို့၊ ဆွေမြင့်တို့ ခင်းထားသော ဖျာကို အခြားလူငယ်တစ်စုက ဖယ်ပစ်သဖြင့် အချင်းများကာ ဖိုက်တင်ပလေးရသည်များလည်း ရှိသေး၏။ လမ်းဘေးဘိုင်စကုတ်မပြခင်ကလည်း ကလေးတစ်သိုက် ဆူညံပျော်ရွှင်နေကြသကဲ့သို့ ပြသည့်အခါတွင်လည်း လက်ခုပ်သံ တဖြောင်းဖြောင်း၊ ဝီစီမှုတ်သံ တရှီးရှီးနှင့် ဆူညံနေတော့၏။ ရုပ်ရှင်ကားကြီးမပြမီ သတင်းကားများ၊ ကျန်းမာရေးနှင့် ပတ်သက်သော ရုပ်ရှင်ကားတိုကလေးများ ပြတတ်၏။ သတင်းကားများကို မကြိုက်သော လွင်မောင်တို့၊ ဆွေမြင့်တို့လို ကလေးများက ''ကာတွန်းပြပါဗျို့''ဟူသော အသံကား ဆူညံနေပါတော့သည်။

လွင်မောင်တို့ ဆွေမြင့်တို့၏ နေ့စဉ်အလုပ်ကား ဘယ်မှာ ရုပ်ရှင်ပြမည်နည်း၊ ဘယ်နေ့လဲ ဒါပဲဖြစ်ပါသည်။ ပြမည်ဟုကြားသည်နှင့် ဖျာလိပ်ထမ်းကာ ပြေးခင်းကြတော့၏။ ရုပ်ရှင်ပြီးညမိုးချုပ်တွင်လည်း လွင်မောင်နှင့် ဆွေမြင့်တို့က ဖျာစုတ်များကို ဘယ်သူသိမ်းသိမ်း၊ မသိမ်းသိမ်း သူတို့နှစ်ယောက်က သိမ်းရ၏။ ဘယ်သူ့ကိုမှ စိတ်မချ၊ အပြစ်မပြော၊ သူတို့ဝါသနာအလိုက် နေရာဦးမည်၊ ပြီးလျှင်သိမ်းမည်။ နောက် ဘယ်နေရာမှာ ပြမည်ဆိုသည်ကို စုံစမ်းပေးရဦးမည်။ ကြီးလည်းကြီးလိုက်တဲ့ တာဝန်တွေပင်။ လွင်မောင်တို့၊ ဆွေမြင့်တို့က ရုံတွင်ပြသော ရုပ်ရှင်၊ လမ်းဘေးတွင်ပြသော ရုပ်ရှင် ထိုရုပ်ရှင်များကိုပင် အသေအလဲ ကြည့်ကြသည်မဟုတ်။ ရုပ်ရှင်ဆိုလျှင် ဘယ်ရုပ်ရှင်ဖြစ်ဖြစ် အသေရရ၊ အရှင်ရရ ကြည့်ကြမည်သာ ဖြစ်ပါသည်။

ကြည့်ပါ။ ထိုခေတ်ထိုအခါက ဘယ်လောက် ရုပ်ရှင်ခေတ်စားသနည်းဆိုသော် ဖော်ပြခဲ့သလို ရုံတွင်တစ်မျိုး၊ လမ်းဘေးတွင် တစ်ဖုံသာမက၊ လှည်းရုပ်ရှင်ပါ ရှိသေး၏။ လှည်းရုပ်ရှင်ဆိုသည်မှာ လှည်းကို အကာအရံများ တပ်ကာ ရုပ်ရှင်ပြစက် အစုတ်တစ်လုံးဖြင့် ရုပ်ရှင်ကား အပိုင်းအစများကို ပြသခြင်းဖြစ်ပါသည်။ ပြသသော ကားများမှာ ကာတွန်း၊ ဟောတွင်းသား ဟာဖ်၊ ရွှေဘာ၊ တင်ညွှန့်၊ ချစ်ရွှေကြီး၏ ကားများ COWBOY ခေါ် လူရိုင်းများနှင့် အမေရိကန်စစ်သားများ မြင်းကိုယ်စီနှင့် တိုက်ပွဲကားများ ဖြစ်ပါသည်။ အထူးသဖြင့် ထိုရုပ်ရှင်လှည်းကလေးသည် ပွဲလမ်းသဘင်ရှိသော အချိန်များနှင့် ပွဲလမ်းသဘင်များ မရှိက ကလေးကြိုက်ကားများ ပြကာ တစ်လမ်းဝင်၊ တစ်လမ်းထွက် မောင်းကလေးတီး၍ ပြသခြင်း ဖြစ်ပါသည်။ ထိုလှည်းကလေးလာသည်နှင့် ရပ်ကွက်တွင်းမှကလေးများ စုပြုံကာ တိုးကြည့်ကြပါတော့သည်။

ထိုလှည်း ရုပ်ရှင်ရုံလေးသည် ကလေးလေးငါးယောက်ခန့်သာ ဆံ့၏။ တစ်ခါပြလျှင် ဆယ်မိနစ်ခန့်သာ ကြာပါသည်။ ရုပ်ရှင်ပြသည်နှင့် ပြသူသည် ပါးစပ်မှ ဇာတ်ကြောင်းပြောကာ လက်မှ လင်းကွင်းကို တချွင်ချွင် တီးပါသည်။ ပြသည့်ပြကွက်များမှာ အထူးသဖြင့် ဖိုက်တင်ခန်းများ ဖြစ်ပါသည်။ ဘယ်တော့မှ မဆုံးပါ။ တစ်ဝက်တစ်ပျက်သာပြပါသည်။ မဆုံးဆို သူပြောသော အခန်းများမှာလည်း တစ်ဝက်တစ်ပျက်သာပြရသော ဖလင်လိပ်များ ဖြစ်သောကြောင့် ဖြစ်၏။ ကလေးတစ်ဖွဲ့ ငါးမိနစ်၊ ဆယ်မိနစ်ခန့် ကြည့်ပြီးလျှင် ပြီးပါပြီ။ နောက်တစ်ဖွဲ့ လေးငါးယောက်ဝင်၊ နောက် မဆုံးသောကားပြ။ လင်းကွင်းတီး၊ တစ်ရုံလုံး ဆူညံလေလေ ကလေးတွေက စိတ်ဝင်စားလေလေ။ ကြည့်ခတစ်ပဲ။ ထိုခေတ်က အသံတိတ်ကားများ ဖြစ်သောကြောင့် ပြသူက သူထင်ရာပြောကာ လင်းကွင်းဖိတီးလေ၏။

ကလေးများက ဟုတ်သည်၊

www.burmeseclassic.com

မဟုတ်သည့် ဘေားချိတ်၊ ဖိုက်တင်ခန်းများ ကြည့်ရသည်ကိုပင် ကျေနပ်ကြလေသည်။ တစ်ခါ လွင်မောင်တို့၊ ဆွေမြင့်တို့အုပ်စု လှည်းရုပ်ရှင်ကို ဝင်ကြည့်ရာ မကြာခဏ ကားပြတ်၏။ ကားပြတ်သည်ဆိုသည်မှာ ပြသော ဖလင်များ ဟောင်းသဖြင့် ပြတ်ခြင်း ဖြစ်၏။ ရပ်လိုက်၊ ဆက်လိုက်၊ ပြန်ပြလိုက်၊ ပြတ်လိုက်၊ ကြာတော့ လွင်မောင်တို့၊ ဆွေမြင့်တို့ ကလေးအုပ်စု မကျေမနပ်ဖြစ်ကာ လှည်းရုပ်ရှင်ရုံနံရံများအား ပိုင်းထုကြ၏။ လှည်းကိုလည်း အတွင်းမှ ပိုင်းလှုပ်ကြသဖြင့် လှည်းရုပ်ရှင်ရုံကလေးမှာ ဘယ်ညာယိမ်းကာ မလဲရုံတစ်မည်သာ ရှိတော့၏။ ရုပ်ရှင်ပြသူ လှည်းဆရာလည်း မနေနိုင်တော့ဘဲ ရုပ်ရှင်ပြခြင်းကို ရပ်ကာ ကလေးအုပ်စုအား တောင်းပန်၍ ပိုက်ဆံတစ်ပဲစီ ပြန်ပေးလိုက်ရလေ၏။ ထိုလှည်းရုပ်ရှင်ရုံသည် ဘယ်တော့မှ လွင်မောင်တို့လမ်းသို့ မလာရဲတော့ချေ။ လွင်မောင်တို့ ကလေးတစ်သိုက်ကတော့ ပျော်လွန်း၍ တဝါးဝါးရယ်ကာ ပြန်ရလိုက်သော ပိုက်ဆံ တစ်ပဲကို အောင်သေအောင်သား မုန့်ဝယ်စားလိုက်ကြလေသတည်း။

လွင်မောင်တို့၊ ဆွေမြင့်တို့သည် အသံတိတ် ရုပ်ရှင်ခေတ်မှ သံစုံသွင်း၊ အသံထွက်၊ အသံမျိုးစုံကဲ ရုပ်ရှင်ကို အသေအလဲ အရူးအမူး နှစ်ခြိုက်ကြ၏။ ၅၁ လမ်းမှ တဲအိမ်များ ဖျက်သိမ်းခံရသောအခါ ဆွေမြင့်တို့မိသားစု သာကေတမြို့သစ်သို့ ပြောင်းရွှေ့သွားသဖြင့် လွင်မောင်တို့နှင့် အဆက်ပြတ်သွားလေသည်။ လွင်မောင်တို့မိသားစုလည်း ဖော်ရုပ်ရှင်ရုံကြီး ပိတ်သိမ်းသည်အထိ နေထိုင်ခဲ့ကြပြီး မြို့တွင်းတွင် တိုက်ခန်းရသဖြင့် ပြောင်းရွှေ့ခဲ့ကြလေသည်။ ပြောင်းရွှေ့ခဲ့သောနေရာသည် ရန်ကုန်မြို့လယ်၏ ရုပ်ရှင်ရုံကြီးများဖြစ်သော ရွှေဂုံ၊ မြို့မ၊ ဆုထူးပန်ရုံကြီးများရှိသည့် လမ်းဖြစ်နေလေသည်။ ထိုရုံကြီးများတွင်လည်း လွင်မောင်တို့ ကလေးတစ်စုသည် ရုပ်ရှင်ရုံတံခါးကြားမှလည်းကောင်း၊ ရုပ်ရှင်ရုံဝန်ထမ်းများကို အသိဖွဲ့၍လည်းကောင်း ကြည့်ကြပြန်ပါသည်။

ဘယ်လိုပင် အသိဖွဲ့ဖွဲ့ မိမိစိတ်တိုင်းကျတော့ မဖြစ်ပါ။ အချိန်မရွေး မကြည့်နိုင်ပါ။ မကြည့်ရပါ။ ပိုက်ဆံပေး၍ ကြည့်ခြင်းကသာ ပို၍ ထိရောက်ပါသည်။ ထိုခေတ်ထိုအခါက ရုပ်ရှင်တစ်ပွဲကြည့်ရှုရန် ရုပ်ရှင်ရုံသို့ တကူးတက သွားကြရပါသည်။ ကြိုတင်လက်မှတ် မဝယ်နိုင်သူများက ရ၅ါးတန်း ၃/၅ဝါးတန်း စသည့် လက်မှတ်ပေါက်များတွင် ကြိုတင်၍ နေရာယူကြရပါသည်။ ကားကောင်းလျှင် ကောင်းသလို စောစောလာပြီး လက်မှတ်ပေါက်နှင့် အနီးဆုံးနေရာကို ဦးကြရပါသည်။ တန်းစီကြရပါသည်။ တန်းစီ၍ကော ရုပ်ရှင်လက်မှတ် ရမည်လား၊ တာဝန်မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်ထိုအခါက ရုပ်ရှင်လက်မှတ်တိုး၍ ရောင်းစားသူများကြောင့် ဖြစ်ပါသည်။ ထိုသူများသည် အုပ်စုဖွဲ့ကာ သာမန်ရိုးရိုးသားသား ရုပ်ရှင်ကြည့်သူများကို ဟိန်းဟောက်၍လည်းကောင်း၊ တွန်းထိုးလုယက်၍လည်းကောင်း လက်မှတ်ကို အလုအယက်ဝယ်ကာ ပြန်ရောင်းစားကြပါသည်။

တိုးဝှေ့မကြည့်နိုင်သူများ၊ စောစောမလာရောက်နိုင်သူများနှင့် ရှ မမည်များ၊ အမျိုးသမီးများက ထိုသူများထံမှ ဈေးကြီးပေး၍ ရုပ်ရှင်လက်မှတ်ကို ဝယ်ယူ၍ ကြည့်ရပါသည်။ ထိုရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းသူများက ရုပ်ရှင်ရုံတိုင်းလိုလို ကြီးစိုးထားသည်မှာ ဗီဒီယိုမပေါ်ခင် အချိန်အထိ ဖြစ်ပါတော့သည်။ အချို့လူငယ်များ၊ လူကြီးများ၊ မိသားစုများသည် ၎င်းမှောင်ခိုသမားများနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားရပါသည်။ စိတ်ချမ်းသာမှု ရရှိစေရန် ရုပ်ရှင်ကြည့်ကြသည်ဆိုသော်လည်း ထိုရုပ်ရှင်လက်မှတ် မှောင်ခိုသမားများကြောင့် အလွန်ပင် စိတ်မချမ်းမမြေ့ဖွယ် ဖြစ်ရပါသည်။ ထိုခေတ်ထိုအခါက ရုပ်ရှင်ကားကောင်းတစ်ကား ကြည့်ရှုရန် မလွယ်ရေးချ မလွယ်ကူပါချေ။ အချို့သူများ ရုပ်ရှင်ကြည့်ရန် သားသားနားနား ဝတ်စားဆင်ယင်လာပြီး ဇနီးအတွက်၊ သားသားမီးမီးအတွက် ရုပ်ရှင်ကြည့်ရန် လက်မှတ်ပေါက်သို့ ဝင်တိုး၍ လက်မှတ်ဝယ်ရာ တစ်ကိုယ်လုံး ချွေးသံတရွှဲရွှဲ ဝတ်ထားသည့် အဝတ်အစားများ ကြေမွကာ လက်မှတ်တစ်စောင်၊ နှစ်စောင်အတွက် အသက်ထွက်မတတ် လှုပ်ရှားရပါသည်။ ထိုသို့ အသက်ထွက်လုမတတ် လက်မှတ်ဝင်တိုးပြီး လက်မှတ်မရပါက မှောင်ခိုလက်မှတ်သမားတွေထံ အားပေးလိုက်ရပါတော့သည်။ ဩော် ... ထိုခေတ်က ရုပ်ရှင်သည် အလွန်ပင် ရှင်ရှုပ်ရပါသည်။

ထိုအချိန် ထိုအခါတွင် လွင်မောင်တို့သည် လူပျိုပေါက်များ ဖြစ်နေပြီဖြစ်၍ လစ်ခနဲ ရုပ်ရှင်ကားကောင်း



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ကြားသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင်ရုံ ရောက်နေပါတော့သည်။ ရုပ်ရှင်သရဲ ဆွေမြင့်ကလည်း သာကေတမှ တကူးတကလာရောက်ကာ အပတ်စဉ် သောကြာနေ့ ရုပ်ရှင်ကားသစ် လဲသောနေ့တွင် လွင်မောင်ဆီသို့ ရောက်လာပါတော့သည်။ ဆွေမြင့်က လျှင်သည်၊ ဖျံကျသည်၊ နပ်သည်ဟု ဆိုရပါမည်။ သူသာကေတမှလာ၍ ရုပ်ရှင်ကြည့်တိုင်း သူကြိုက်သည့်ဇာတ်ကားကို ကြည့်ဖြစ်အောင် ကြည့်ပါသည်။ မကြည့်ရသည် မရှိ။ အရင်ကလို အပင်ပန်းခံ၍ စောစောနေရာ လာဦးသည့်အလုပ်ကို မလုပ်တော့။ ပညာပါပါ လူပေါ်လူဇော်လုပ်၍ ရုပ်ရှင်ကြည့်ပါသည်။

ပထမဦးဆုံး ဆွေမြင့်က သူကြိုက်သည့် ရုပ်ရှင်ကားကြည့်ရန် လွင်မောင်ကိုခေါ်သည်။ ရုပ်ရှင်ရုံသို့ရောက်သောအခါ လွင်မောင်ကို လက်မှတ်ပေါက်နှင့် မနီးမဝေးနေရာတွင် နေခိုင်းသည်။ သူက လက်မှတ်ပေါက်နှင့်အနီးဆုံး ရှေ့ဆုံး(သို့) ဒုတိယလူ၊ တတိယလူတွေကို အနီးကပ်လေ့လာကာ သဘောကောင်းမည်ဟု ထင်သောသူထံ အသာလေးကပ်ကာ မိတ်ဖွဲ့ပါသည်။ သူနယ်ကလာသည့်အကြောင်း၊ သူတို့မြို့တွင် ရုပ်ရှင်ရုံမရှိသည့်အကြောင်း၊ ရန်ကုန်ရောက်တုန်း ရုပ်ရှင်အလွန်ကြည့်ချင်ကြောင်း၊ လေသံပျော့ပျော့နှင့် မျက်နှာထားအချိုဆုံး၊ သနားစရာအကောင်းဆုံး၊ တတွတ်တွတ် ပြောပါတော့သည်။ တန်းစီနေသော လူကလည်း ဤမျှလောက် တောင်းပန်တိုးလျှိုးနေသဖြင့် လက်မခံချင် ခံချင်၊ နောက်ကလူများ အခြေအနေကို ကြည့်ကာ အားတုံ့အားနာ သူ့ဘေးနားတွင် ဝင်ရပ်စေပါသည်။ ဘေးမှလူများကိုလည်း ဆွေမြင့်က သွားဖြီးပြုံးပြကာ ဝင်ကပ်ပါတော့သည်။ ဆွေမြင့်ဝင်ကပ်လိုက်သော အချိန်သည် လက်မှတ်ပေးရန် မိနစ်အနည်းငယ်သာ လိုတော့သဖြင့် ရုပ်ရှင်လက်မှတ် တန်းစီသူများ ရုတ်ရုတ်သဲသဲ ဖြစ်နေချိန် ဖြစ်ပါတော့သည်။

ဆွေမြင့် နေရာရသောအခါ မလှမ်းမကမ်းတွင် အခြေအနေကြည့်နေသော လွင်မောင်ကို ဆွေမြင့်က လက်မှတ်စပေးသည်နှင့် မျက်ရိပ်ပြကာ လှမ်းခေါ်ပါသည်။ လွင်မောင်ကလည်း လက်မှတ်ရရန်သာ ဂရုစိုက်နေပြီး ရုတ်ရုတ်သဲသဲဖြစ်နေသော လူအုပ်ထဲသို့ ဝင်ပူးကာ ဆွေမြင့်ဘေးသို့ ကပ်လိုက်ပါသည်။ လက်မှတ်ပေးနေပြီမို့ ရုပ်ရှင်သရဲများ လူကို ဂရုမစိုက်တော့။ လက်မှတ်ကိုသာ ဂရုစိုက်နေချိန်မို့ လွင်မောင်ကို ဘယ်သူမှ ဂရုမစိုက်နိုင်တော့ချေ။ သည်တော့မှ ဆွေမြင့်ကော လွင်မောင်ပါ လူအုပ်ကြီးနှင့် မျောပါသွားကာ တိုးတိုးကြိတ်ကြိတ်နှင့် လက်မှတ်တစ်စောင်စီ ရလိုက်ပါတော့သည်။

လက်မှတ်ရသောအခါ သူငယ်ချင်းနှစ်ဦး စပ်ဖြီဖြီနှင့် ကွာစေ့ထုပ်ဝယ်ကာ ရုပ်ရှင်ရုံအေးတန်းတွင် ငြိမ့်ငြိမ့်ကလေး မှေး၍ ဇိမ်ခံနိုင်ပါတော့သည်။ ဩော် ... ထိုခေတ် ထိုအခါက ရုပ်ရှင်ကြည့်ရပုံများ မလွယ်ရေးချ မလွယ်ပါတကား။ ဆွေမြင့်သည် သူကြည့်ချင်သော ရုပ်ရှင်ကားတိုင်းကို ထိုနည်းနှင့်ပင် ရအောင် ကြည့်တတ်ပါသည်။ တစ်ကြိမ်တွင်တော့ ... ရုပ်ရှင်ပြခါနီး ဆွေမြင့်သည် ရှေ့နားမှလူကို ဝင်ပူးပြီး ထုံးစံအတိုင်း အာလူးပေးပါတော့သည်။ အဖြစ်အပျက်များသည် တစ်ခါတစ်ရံ ကြုံကြိုက်ဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ကြုံတတ်ပါသည်။ ကြည့်ပါ။ ဆွေမြင့်က သူ့ပုံစံအတိုင်း လက်မှတ်ပေါက်နားမှလူကို အာလူးပေးနေစဉ် ထိုလူက ဆွေမြင့်အား သေသေချာချာ ကြည့်ကာ "ဩော် ... ဟိုတစ်ခါတုန်းကလည်း နောင်ကြီး ဒီလိုပဲပြောပြီး ကြည့်တယ်နော်။ အခုလည်း ဒီလိုပဲ လုပ်ပြန်ပြီ"ဟု အမှတ်မထင်ပြောလိုက်သောအခါ ဖြတ်ထိုးဉာဏ်ကောင်းလှသော ဆွေမြင့်က "အဲဒါ ကျွန်တော်မဟုတ်ပါဘူး နောင်ကြီးရယ်။ ကျွန်တော့်ညီသာ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုဟာ အမြွှာပူးခင်ဗျ။ အဲ ... ဝါသနာချင်းကလည်းတူ၊ ရုပ်ချင်းကလည်းတူဆိုတော့ နောင်ကြီးမှားမယ်ဆိုရင်လည်း မှားနိုင်ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်က ဒီတစ်ခါပဲ ရန်ကုန်မှာ ရုပ်ရှင်ကြည့်ဖူးတာပါခင်ဗျာ"ဟု ပြောနေစဉ် ရုပ်ရှင်လက်မှတ် စပေးပြီဆိုတော့ ထိုလူသည် ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ နေရာပေးလိုက်ရပါတော့သည်။ တော်တော်တတ်နိုင်တဲ့ ဆွေမြင့်ဗျနော်။

စကားစပ်၍ ပြောရပါဦးမည်။ ဆေးရုံကြီးသို့ ဆေးရုံဖွင့်ချိန် မဟုတ်သည့်အချိန်တွင် ဆွေမြင့်က ရအောင် ဝင်နိုင်ပါသေးသည်။ ဒီလိုပါ။ တစ်ခါ လွင်မောင့် အမေဆေးရုံတက်နေစဉ် ဆွေမြင့်က သွားချင်သည်ဟု ပြောသဖြင့် လွင်မောင်က ညနေဆေးရုံ ညှော်သည့်ဝင်ချိန်မှ သွားရန်ပြောသော်လည်း ဆွေမြင့်က သူ့အချိန်မရ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ ရုံးပြန်တက်ရဦးမည် ဖြစ်ကြောင်း၊ နေ့လယ်ကွင်လည်း သူဝင်၍ရအောင် လုပ်နိုင်ကြောင်း ပြောပြီး လွင်မောင်ကိုလည်း တိုက်ပုံ၊ ဖိုင်တွဲများ ကိုင်နိုင်းပြီး သူကိုယ်တိုင်ကတော့ လွင်မောင်အစ်ကို၏ ဘောင်းဘီ၊ နက်ကတိုင်များကို ငှားဝတ်ကာ နှစ်ယောက်သား ခပ်တည်တည်ဖြင့် ဆေးရုံကြီးသို့ ထွက်ခဲ့ကြ၏။

ဆေးရုံကြီးဂိတ်ပေါက်နှင့် မလှမ်းမကမ်းသို့ရောက်သောအခါ လွင်မောင်အား "မင်း မရယ်နဲ့နော်၊ ငါ့နောက်က ခေါင်းညိတ်ပြီး ခပ်တည်တည်နဲ့ လိုက်ခဲ့"ဟုဆိုကာ ဆေးရုံကြီး ဂိတ်မကြီး တည့်တည့်သို့ ရင်ကိုကော့ပြီး တန်းဝင်သွားပါသည်။ ဂိတ်ပေါက်နား ရောက်သည့်အခါ အင်္ဂလိပ်လို ဘာတွေပြောမှန်းမသိ မှုတ်ပြီး ဖိုင်တွေလှန်ပြရင်း ပြောနေစဉ် တံခါးစောင့် ကုလားလေးက တံခါးမကြီးကို တရိုတသေ ဖွင့်ပေးလိုက်ပါသည်။ ဖွင့်ပေးလိုက်သော တံခါးမကြီးထဲသို့ ဆွေမြင့်ရော လွင်မောင်ပါ မျက်နှာကြောတင်းတင်းနှင့် ဝင်ရောက်ခဲ့ကြပါတော့သည်။

ဆေးရုံကြီး လွင်မောင်တို့အမေ အခန်းသို့ ရောက်သောအခါမှ နှစ်ယောက်သား တခစ်ခစ် ရယ်ကြပါတော့သည်။ ဆွေမြင့်က ပြောလိုက်ပါသေးသည်။ "လောကကြီးမှာ ဟန်ကိုယ့်ဖို့ဆိုတာ ဒါပဲကွ"တဲ့။

ဤသို့သော ရုပ်ရှင်သရဲ ဆွေမြင့်နှင့် လွင်မောင်တို့က ကိုယ်အခြေအနေ မကောင်းက အောက်ကျခံကြ၏။ အကြောင်းရိုက်ကြ၏။ ကိုယ်အခြေအနေကောင်းက ပါဝါပြကြ၏။ တော်တော် လူလည်ကျတဲ့ကောင်တွေ။ သူတို့တစ်တွေ စာမေးပွဲအပြီး စာမေးပွဲနောက်ဆုံးနေ့ ရုပ်ရှင်ရုံသို့ အပြေးသုတ်ကြ၏။ ဒီအခါကျတော့ နှစ်ယောက်တည်း မဟုတ်ကြတော့ . . .။ ကျောင်းသားသူငယ်ချင်းများ စုဝေး၍ ချီတက်ကြခြင်း ဖြစ်၏။ ရုပ်ရှင်ရုံသို့ အုပ်စုဖွဲ့ကာ စုရုံးကြ၏။ တစ်အုပ်ကြီး လက်မှတ်ပေါက်တွင် တန်းစီကြ၏။ ဘယ်လိုလူမျိုးကိုမှ ဖြတ်တိုး၍ မခံ။ ဖြတ်ခုတ်၍ မခံ။ လက်မှတ်မှောင်ခိုဆိုသူတွေကိုလည်း မခံ။ သူတို့အုပ်စုက တစ်ပြုံကြီး။ လက်မှတ်မှောင်ခိုအုပ်စုလောက်ကတော့ ဂရုမစိုက်။ လက်မှတ်မှောင်ခို အုပ်စုကလည်း နပ်ပါသည်။ ကျောင်းသားတွေ တစ်အုပ်ကြီး ကျောင်းယူနီဖောင်းတွေနဲ့ဆိုတော့ မယှဉ်ဝံ့ကြတော့။

"ဟော့ . . . ဘယ်ကောင်မှ အကပ်မခံနဲ့ကွ။ ကပ်ရဲကပ်ကြည့် ခေါင်းကွမ်းစားသွားမယ်" ဆွေမြင့်တို့ လွင်မောင်တို့ အသံဖြစ်၏။ သို့သော် ပြဿနာတော့ မဖြစ်ပါ။ တော်ရုံတန်ရုံလူတွေ ရှောင်သွားကြသည်။ သာမန်ရုပ်ရှင်ကြည့် လူငယ်တွေကလည်း ကျောင်းသားအဖွဲ့နှင့် သံရောင်လိုက်ကြလေသည်။ ရုပ်ရှင်ရုံထဲ ရောက်တော့ရော တဝါးဝါး၊ တဟားဟား၊ အော်လိုက်ဟစ်လိုက်၊ ဘယ်သူမှ မပြောရဲ။ အားလုံးက ခွင့်လွှတ်ကြပါသည်။

လွင်မောင်တို့ အဖွဲ့ကလည်း ၇၅ ပြားတန်မှ၊ ၁/၅၀ါးတန်၊ ထို ၁/၅၀ါးတန်းမှ ၂/၅၀ါးတန်း စသည့် အတန်းတွေကို ကူးလိုက်သန်းလိုက်။ ရုပ်ရှင်ရုံဝန်ထမ်းတွေကလည်း သည်းခံကြပါသည်။ ထိုမျှ လောင်သော လူငယ်တွေ ဖြစ်ပါတော့သည်။

ဤ၍ဤမျှ ဇရတ်ကျသော ရုပ်ရှင်သရဲ ဆွေမြင့်နှင့် လွင်မောင် ရုပ်ရှင်ကို နံပြတ်သွားသည့်ကိန်း ဆိုက်ပါတော့သည်။ အဖြစ်က ဤသို့ဖြစ်ပါသည်။ လွင်မောင်ရော ဆွေမြင့်ပါ အိမ်ထောင်ကျပြီး သားသမီးများပင် ရရှိနေပါပြီ။ တစ်နေ့ ဆွေမြင့်က သူ၏သားကလေးကိုခေါ်ကာ လွင်မောင်ထံလာ၍ ရုပ်ရှင်ကြည့်ရန် ခေါ်ပါသည်။ လွင်မောင်ကလည်း ဆွေမြင့်ခေါ်လျှင် တိမ်ပေါ်အထိ လိုက်မည်ဖြစ်ပါသည်။ ကလေးပါတော့ ညနေ ၃ နာရီခွဲပွဲကို နေ့လယ် ၁ နာရီလောက်က သွားလျှင် လက်မှတ်ပေါက်နှင့် အနီးဆုံးနေရာ ရနိုင်သည်။ ထိုအချိန်သည် ယခင်ကလို ရုပ်ရှင်ရုံလက်မှတ်ပေါက်များကို ဖြောင်မထားတော့။ အရင်ရောက်သူသည် အရင်လက်မှတ်ရလေအောင် သံပိုက်များ၊ သံချောင်းများဖြင့် ကာရံပေးထားပါသည်။ ဤပုံစံကြောင့် အရင်ရောက်သူသည် အရင်လက်မှတ်ရပေမည်။ ဘေးမှလည်း ဝင်တိုး၍ မရတော့ပါ။

ဆွေမြင့် သားကလေးသည် အသက်သုံးနှစ်ကျော်ကျော် ရှိပါသည်။ အသားလတ်လတ်၊ ဆံပင်ကောက်ကောက် အဖေ့ရော အမေပါ တူသူ။ ချစ်စရာကောင်းသည့် ကလေး။ ဆွေမြင့်နှင့် လွင်မောင်တို့သည် ကလေးကို တစ်ယောက်တစ်လှည့်ချီကာ သမတရုံသို့ ရောက်ခဲ့ကြသည်။ သူတို့ရောက်ချိန် စောသဖြင့် သံပန်းအတွင်းသို့ ဝင်ကာ အေးအေးဆေးဆေးပင် မုန့်များဝယ်၍ စားလိုက်၊ ကလေးအား မြှူလိုက်နှင့် အချိန်ဖြုန်းနေကြပါသည်။ သူတို့သည် သံပန်းအတွင်း နံပါတ်သုံး

www.burmeseclassic.com

နေရာလောက်တွင် နေရာရသဖြင့် စိတ်အေးချမ်းသာ ဖြစ်နေကြ၏။

တဖြည်းဖြည်း ရုပ်ရှင်ပြချိန် နီးလာလေလေ တန်းစီသူများ များများလာလေ ဖြစ်ပါသည်။ သူတို့နောက်တွင် တန်းစီသူများ မနည်းလှပေ။ သံပန်းဘေးပတ်လည်တွင်လည်း လူများ ဝိုင်းနေလေသည်။ ဆွေမြင့်ရော လွင်မောင်ပါ ထိုသူများကိုကြည့်ကာ

"ဒီဘဲတွေ ဘယ်လိုမှ လက်မှတ်ရမှာ မှုတ်ဘူးကွ"

"ဟာ ... မောင်ခိုလက်မှတ်ဝယ်ကြည့်ကြမှာပေါ့ကွ"

သူတို့နှစ်ဦး စကားပြောနေရင်း လူငယ်တစ်ယောက်နှစ်ယောက်က သံချောင်းများကို တွယ်တက်ကာ သူတို့အပေါ်မှ တွယ်ဆင်းလာကြလေသည်။

"ဟေ့ ... ဘယ်လိုလဲကွ"

"ရပါတယ် အစ်ကိုကြီးရာ။ တစ်ယောက်နှစ်ယောက်ပါ"

တွယ်ဆင်းလာသော လူငယ်က ပြော၏။

"ဟာ ... ဟိုမှာလည်း သုံးယောက်"

"ဟုတ်တယ်ဟေ့။ ဟော ... တစ်ယောက်ပြီးတစ်ယောက် တွယ်တက်လာပြီကွ"

တွယ်တက်ပြီး သူတို့တန်းစီနေရာသို့ ခုန်ချနေကြပြီ။ တစ်ယောက်မက တွယ်ဆင်းလာကြပြီ။ ခုမှ လွင်မောင်တို့ သတိပြုမိလေပြီ။ ကာထားသော သံတိုင်များတွင် အပေါ်က မပိတ်။ ထို့ကြောင့် တွယ်တက်၍ ခုန်ဆင်းလာကြခြင်း ဖြစ်ပါသည်။

"ဟေ့ ... မလုပ်နဲ့ကွ။ ဒီမှာ ကလေးပါတယ်"

ဘယ်လိုပြောပြော တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းနေကြသည်။ သံပန်းတွင်း တန်းစီနေသူများ ပြည့်ကျပ်ကုန်ပြီး လက်မှတ်ကလည်း ပေးပြီ။

"ဟေ့ကောင် ဆွေမြင့် ... ကလေးကို ကာထား"

ဆွေမြင့်သည် သူ့သားကို ကျောနှင့်ကာကွယ်ထားရင်း ရှေ့သို့ ကျပ်ညပ်နေသည့်ကြားမှ တိုးနေရသည်။

လွင်မောင်ကလည်း အားရှိသရွေ့ တောင့်ကာ ဆွေမြင့်နှင့်ကလေးအား ကာကွယ်ထားရသည်။ လူများ ပွတ်သိပ်ကျပ်ညပ်လာသဖြင့် ဆွေမြင့်ကလေး အော်ငိုလေသည်။ ကလေးအော်ငိုသဖြင့် လွင်မောင်ရော ဆွေမြင့်ပါ ခုန်ချလာသောသူများ မနင်းမိစေရန် နှစ်ယောက်သား ကလေးကို အလယ်တွင်ထား၍ မိုးထားကြပါသည်။ သံပန်းပေါ်မှ ခုန်ဆင်းလာသောသူများက လွင်မောင်နှင့် ဆွေမြင့်တို့ကို နင်းသူနင်း ဖိသူဖိနှင့် လူများကို ဂရုမထားဘဲ ရုပ်ရှင်လက်မှတ် ရရှိရေးကိုသာ ဂရုစိုက်နေကြပါသည်။ ဆွေမြင့်နှင့် လွင်မောင်တို့ နေရာဦးစဉ်က သံပန်း၊ သံတန်းများကြားတွင် ရောက်ရှိနေသည်ကို လုံခြုံသည်ဟု ထင်မိသည်မှာ အမှားကြီး မှားပေပြီ။

လွတ်နေသော အပေါ်ကို သတိမပြုခြင်းက ပို၍ မှားသွားခြင်း ဖြစ်ပါသည်။ ပညာရှိ သတိဖြစ်ခဲ့များပေလားမသိ။ ထိုသို့ ကလေးငိုသံ၊ လွင်မောင်နှင့် ဆွေမြင့်တို့၏ အော်သံတို့သည် တိုးဝှေ့ဆူညံနေကြသော ရုပ်ရှင်လက်မှတ်တိုးသူတို့၏ အသံကို ကျော်လွှားနိုင်ခြင်း မရှိပါပေ။ နောက်ဆုံး မတတ်သာတော့၍ လက်မှတ်မဝယ်တော့ဘဲ ရှေ့ထွက်ပေါက် ရရှိရေးကိုသာ အဓိကထား၍ ကလေးကို ဆွေမြင့်ကပွေ့ကာ အလုအယက် တိုးထွက်ရပါလေပြီ။ လွင်မောင်က ဆွေမြင့် တိုးထွက်၍ရနိုင်စေရန် ရှိသမျှအားကို အကုန်ထုတ်၍ ကာကွယ်ထားရပါသည်။

ကံကောင်းထောက်မ၍ သမတရုပ်ရှင်ရုံမှ ဝန်ထမ်းတစ်ဦးက တွေ့ကာ

"ဟိုး ... ဟိုး ... ရပ်ကြပါဦး။ ကလေးညပ်နေတယ်ဗျို့။ ကလေးတစ်ယောက် ညပ်နေတယ်ဗျို့"

ဟု သံကုန်အော်ဟစ်၍ ဆွေမြင့်နှင့်ကလေးကို အတင်းဝင်၍ ကူညီပါသည်။ ထိုအခါမှ လက်မှတ်တိုးသူများ ရပ်တန့်ကုန်ပါသည်။ လက်မှတ်ရောင်းခြင်းလည်း ရပ်တန့်သွားပါသည်။ ထိုသို့ အရောင်းရပ်တန့်လိုက်တော့မှ တိုးသည့်လူများလည်း ငြိမ်သွားပါတော့သည်။ ဆွေမြင့်ကလေးနှင့် လွင်မောင်တို့သည် ခုခါမှပင် အသက်ရှူနိုင်သော်လည်း ကလေးက ကြောက်အားလန့်အားနှင့် အော်ငိုနေဆဲ ဖြစ်ပါသည်။

"ဘာဖြစ်လို့ ကလေးခေါ်ခဲ့ရတာလဲဗျာ"

"ကလေးနဲ့ ရုပ်ရှင်ကြည့်ရင် အနည်းဆုံး ၅/၆ဝါး တန်းလောက်က ကြည့်ဗျ"

"ကံကောင်းလို့နော် ကလေးကို မနင်းမိတာ။ တော်တော် ကုသိုလ်ကောင်းတယ်"

"ကလေးကို ချစ်ရင် ဒီလိုမချစ်ရဘူးဗျ။ တော်တော်တုံးတဲ့ လူတွေ"

လူတွေက ကလေးကိုကြည့်ကာ လူကြီးတွေကို အပြစ်ဝိုင်းတင်ကြပါ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ဆွေမြင့်နှင့် လွင်မောင်တို့ ခေါင်းမဖော်နိုင်တော့ပြီ။ တစ်ကိုယ်လုံး အနင်းခံ၊ အနှိပ်ခံထားရတာတွေ ဘယ်ပျောက်ကုန်မှန်းမသိ။ ရှက်လွန်း၍ ပြောမပြတတ်ပြီ။ နှစ်ဦးစလုံး ကလေးကို အငိုတိတ်အောင် မနည်းချော့ရကော့သည်။ လွင်မောင်နှင့် ဆွေမြင့် တစ်ကိုယ်လုံး မည်းညစ်နေပြီး လူရုပ်ပင် မပေါ်တော့ပြီ။ ကလေး အငိုတိတ်အောင် မနည်းချော့ကာ လူအုပ်ကြားထဲမှ အပြေးထွက်ခဲ့ကြပါတော့သည်။ ကြည့်ချင်ဦးဟဲ့ ရုပ်ရှင်၊ ပြချင်ဦးဟဲ့ ရုပ်ရှင်။ ကံသီ၍ ကလေး မကျိုးမကန်း။ လူကြီးတွေကဖြင့် တစ်ပတ်လောက် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေပါတော့သည်။ သည်ကိစ္စကို မည်သူ့ကိုမျှ မပြောရဲပေ။ ပြန်၍လည်း မတွေးရဲတော့ပေ။ တကယ်လို့များ ကလေးတစ်ခုခု ဖြစ်သွားရင်။ ထိုအချိန်မှစ၍ ဆွေမြင့်နှင့် လွင်မောင်တို့သည် ရုပ်ရှင်ကို နံပြတ်သွားပါတော့သည်။

လွင်မောင်သည် လွန်ခဲ့သော ၁၉၅၅ ဝန်းကျင်နှစ်များက ရုပ်ရှင်နှင့် ၁၉၇၀ ကျော်နှစ်များက ရုပ်ရှင်သရဲ ဖြစ်ခဲ့ပုံကို ပြန်၍ သတိရမိပါသည်။ ယခုခေတ်တွင်ကား ရုပ်ရှင်သည် အိမ်တွင်း၌လည်းကောင်း၊ လက်တစ်ကိုင် အတွင်းတွင်လည်းကောင်း၊ ကားပေါ်တွင်လည်းကောင်း အိပ်ရင်း၊ ထိုင်ရင်း၊ လမ်းလျှောက်ရင်း ကြိုက်သလို ကြည့်နိုင်ပေပြီ။ ဘယ်ရုပ်ရှင်ရုံကိုမှ တကူးတက သွားမကြည့်ရတော့ပါ။ လက်မှတ်တစ်စောင်အတွက် ရန်ဖြစ်၊ တိုးဝှေ့ လုယက်၍လည်း ကြည့်စရာ မလိုတော့ပါ။

ဘယ်ကားကြည့်မလဲ။ ခေတ်ဟောင်းကားလား၊ ခေတ်သစ်ကားလား၊ ကားသစ်လား၊ ဂျပန်လား၊ တရုတ်လား၊ ကိုရီးယားကားလား၊ အိန္ဒိယကားလား ကြိုက်သည့်ကားပြော။ မိမိအိမ်ခန်းထဲတွင် စိတ်အေးချမ်းသာ ကြိုက်သည့်အချိန် ကြည့်ရှုနိုင်ပေပြီ။ တစ်ခွေတည်းနှင့် ရုပ်ရှင် လေးငါးဆယ်ကား ကြည့်နိုင်သည်။ ဆန်းပေစွ၊ ခေတ်မီပေစွ၊ တီထွင်သူများကို ချီးကျူးရပါသည်။ လေးစားရပါသည်။ သို့သော် မကြည့်သင့်သည့် ကားများကလည်း တစ်ပုံတစ်ပင်ကြီး။ စီးပွားရေးသောင်းကျန်းသူ လောဘသားများ၏ လုပ်ရပ်ဖြစ်သည်။

မည်သို့ပင်ဆိုစေ . . လမ်းဘေး ရုပ်ရှင်တစ်ခေတ်မှ ယနေ့မိမိအိမ်ထဲသို့ ရုပ်ရှင်ရောက်လာသဖြင့် ဆွေမြင့်တို့တစ်တွေ ကြည်နူးဝမ်းသာရသည်ကား အမှန်ပင်။ တစ်ခါ လွင်မောင်၏ တူလေးက သူ၏မွေးနေ့အတွက် ရုံတွင် ရုပ်ရှင်ပြမည်ဟုဆို၍ လိုက်ဟောက်ရုံ (DE)တွင် လိုက်ကြည့်ပါသည်။ အနှစ်သုံးဆယ်ခန့် ရုပ်ရှင်ရုံနှင့် ဝေးကွာခဲ့သော လွင်မောင် အထူးအဆန်းလို ဖြစ်ရပါတော့သည်။ ၁၄ လက်မမြင်ကွင်း၊ ၂၁ လက်မမြင်ကွင်းကို အမြဲကြည့်နေသည့် မျက်လုံးများက ရုံထဲမှ ရုပ်ရှင်ပိတ်ကားကြီးမှာ အရမ်းကြီးနေသည် ထင်ပါတော့သည်။ အသံများကလည်း အရမ်းကျယ်လောင်နေသည်ဟု ထင်ပါသည်။ လူရုပ်ပုံများကလည်း အကြီးကြီး၊ ကြည့်ရသည်မှာ အူကြောင်ကြောင်ပင် ဖြစ်ရပါတော့သည်။

ရုပ်ရှင်ရုံခေတ်သည် နောက်ကျ၍ ကျန်ရစ်လေပြီလား၊ ယခင်တုန်းကလို အုန်းအုန်းကျွက်ကျွက် လှုပ်လှုပ်ရှားရှားမရှိတော့ဟု ထင်ပါသည်၊ ယခင်လို တိုးဝှေ့လုယက်၍လည်း ကြည့်ကြမည် မထင်တော့ပါ။ ကလေးများအတွက်လည်း မပူရတော့ပါ။ ကာတွန်းကြည့်မလား၊ ရယ်ရွှင်ဖွယ်ကြည့်မလား၊ အထူးအဆန်းများ ကြည့်မလား၊ အခွေသာဝယ်လိုက်လျှင် လက်တစ်ကမ်းအတွင်း အမျိုးမျိုး ကြည့်နိုင်လေပြီ။ ကလေးများကလည်း ဗွီဒီယိုလက်တော့၊ ဒက်တော့၊ ကွန်ပျူတာ၊ MP4/MP3 အားလုံးကို အလွယ်တကူ ကြည့်နိုင်၊ နှိပ်နိုင်ကြလေပြီ။

ကိုလွင်မောင်သည် ဗွီဒီယိုကြည့်နေသော မြေးကလေးအား ကြည့်ရင်း မိမိတို့ငယ်စဉ်က ရုပ်ရှင်ရှုခဲ့ပုံများကို သတိရမိရင်း ပြုံးမိပါသည်။ ဩော် . . . အိုင်တီခေတ်ကြီးကား မည်မျှတိုးတက် ထွန်းကားလာဦးမည်နည်း။ လမ်းဘေးတွင် "ကာတွန်းပြပါဖို့"ဟုလည်း အော်စရာမလိုတော့ပါ။ ကာတွန်းကားများကား ကြည့်၍မဆုံး။ တစ်မျိုးပြီး တစ်မျိုး။ ကလေးများအတွက် မရိုးရလေအောင် ပညာရှင်များက အသုံးတော်ခံလေပြီ။ မြန်မာ ကာတွန်းများပင် ကလေးပရိသတ်များကြားတွင် ထိုးဖောက်ရန် ကြိုးပမ်းနေသော ခေတ်ဖြစ်ပါသည်။


တီထွင်သူများကား အံ့ဖွယ် ဆက်လက်တီထွင်ကြပေဦးမည် ဖြစ်ပါသည်။

**မောင်တော်ထိန်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အောင်အုန်းမြင့်

### အခက်ကြမ္မာ

ရှေ့ဘဝ၊ နောက်ဘဝကို မယုံကြည်သူများသည်း ကံကြမ္မာကို အထိုက်အလျောက် ယုံကြည်လေ့ရှိတတ်ကြ၏။ လူ့ဘဝ ေ◌ာကီ,လောကုတ္တရာ အရေးအရာများ၊ လူသားတို့၏ ဉာဏ်အမြင်နှင့် မမ ာ အဖြစ်အပျက်မျိုး မြောက်မြားစွာ ဟုက်ဆိုင်ဖြစ်ပျက်လေ့ရှိတတ်၏။ လူတစ်ဦးတစ်ယောက်၏ လက်ဝါးပြင်ပေါ်တွင် အထင်အရှားရှိနေသော လက္ခဏာလမ်းကြောင်းများထဲတွင် အထူးသဖြင့် အသက်လမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းသည် အတိုင်းအတာ တူညီသောဆုံချက်တစ်ခု၌ အတူပြတ်လပ်နေပါက လက္ခဏာရှင်သည် ထိုအသက်အပိုင်းအခြားတွင် ဥပစ္ဆေဒကကံ မြောက်တတ်သည်၊ (သို့) တစ်နည်းနည်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို အဆုံးစီရင်သွားတတ်သည်ဟူ၍ ဖြစ်သည်။

ပြတ်နေခြင်းမျိုး မဟုတ်သော်လည်း အန္တရာယ်လမ်းကြောင်းတစ်ခုခုက ဆိုးဆိုးဝါးဝါး ထင်ရှားစွာ တိုက်ခိုက်ဖြတ်ထားပါက လက္ခဏာရှင်သည် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးရတတ်၏။ အကယ်၍ ပြတ်လပ်နေသောလက္ခဏာမျိုးတွင် ဉာဏ်လမ်းကြောင်းပေါ်၌ ကျွန်းခံနေမည်ဆိုပါက လက္ခဏာပိုင်ရှင်သည် စိတ်ဝေဒနာမျိုးဖြင့် အသက်ဆုံးရှုံးရတတ်ပါသည်။

ထိုလက္ခဏာရှင်မျိုး၌ လက်မအလွန်တိုနေပါမူ အလွန်ရက်စက်သူဖြစ်မည်။ သောကြာခါးပတ်များ ရှုပ်ထွေးနေပါက ရည်မှန်းချက်ကြီးမားတတ်ပေမယ့် လက်တွေ့၌ လက်ကြောမတင်းသူများ၊ စိတ်မြန်,စိတ်မရှည်သူများဖြစ်နေတတ်မည်။ ကံကြမ္မာလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းကောင်းမွန်နေပါမှ ဘဝကို ကယ်တင်နိုင်မည် ဖြစ်ပါသည်။

### မလိခဂေဟာ

လွန်စွာ တိတ်ဆိတ်သော ညတစ်ည မှန်ဝါးဝါး လရောင်အောက်တွင် ယောက်ျားပျိုနှင့် မိန်းမပျိုနှစ်ယောက်

www.burmeseclassic.com

လေဟုန်စီး၍ မေတ္တာစာတ်ပက်ဖျန်း၍ ချစ်ကျီစယ်နေကြသော ဒေါင်းကြင်ဖော်အလား လက်ချင်းယှက်၍ ပေါ့ပါးသွက်လက်စွာ လျှောက်လှမ်းကြလျက် အချစ်ကဗျာရွတ်ဆိုနေကြ၏။ ပခုံးချင်းဖက်၍ အချစ်၏ ချိုမြိန်သော အရသာကို ခံစားနေကြ၏။ နားဝင်ပီယံ စကားအလှများကို သီကုံးပြောဆိုနေကြ၏။ လှလော၊ နတ်လော၊ ကျတ်လောဟု ထင်ရ၏။ လှပသော ယောက်ျားပျိုနှင့် မိန်းမပျိုတို့၏ ပေါ့ပါးသွက်လက်သော လှုပ်ရှားမှုကို ရုပ်ရှင်ပြဇာတ်အလား ပြကတိ မြင်တွေ့ရ၏။

မရပ်မနား စီးဆင်းလှုပ်ရှားတေးသံပေးနေသော ဧရာဝတီမြစ်ကြီး၏ တေးဂီတ တီးလုံးသံများသည် ည၏ အလှပန်းချီကားချပ်ကို အသက်သွင်းနေသည့်အလား ဖြစ်ပေတော့၏။ ယောဟာဏီမြစ်သည် သာကီနွယ်ဝင် မင်းမျိုးတို့၏ မှီခိုရာ၊ အားထားရာ ဖြစ်စေခဲ့သလို ဧရာဝတီမြစ်ကြီးသည် မြန်မာတို့အတွက် မှီခိုအားထားရသော မြစ်ဖြစ်သည်။ ထို ဧရာဝတီမြစ်နဒီကို မြစ်ဖျားခံရာအရပ်တွင် နေထိုင်ကြသော ကချင်တိုင်းရင်းသားတို့က "မလိခ"ဟူ၍ ချစ်စနိုးခေါ်ဆိုကြ၏။ မလိခခေါ် ဧရာဝတီမြစ်နဒီကြီး၏ တစ်ခုသော မြစ်ကမ်းနဖူးပေါ်တွင် စန္ဒာလမင်းကြီးကို ကြယ်စင်နက္ခတ်စိန်ပွင့်တို့က ခယစီထားသည့်ပမာ ရောင်စုံသော ပန်းမန်မျိုးစုံတို့၏ အလယ်၌ တ်မီလှပတင့်တယ်စွာ ဆောက်လုပ်ထားသော မလိခအိမ်ဂေဟာကြီးသည် ကြီးနားမြို့၏ ကျက်သရေဆောင်ဖြစ်လာသည်။

ထိုမလိခ အိမ်ဂေဟာကြီးကို ကိုလိုနီခေတ်က ကျော်ကြားသူဌေးကြီး ဦးကျော်စိမ်းက ပိုင်ဆိုင်၏။ ဦးကျော်စိမ်းသည် အလှူအတန်း စွန့်ကြဲပေးကမ်းတတ်ပြီး လူမှုဆက်ဆံရေးကောင်းသော တရုတ်လူမျိုးဖြစ်သည်။ သူ့တွင် ဖျက်မရသော လူမျိုးရေး အစွဲရှိလေ၏။ စီးပွားရေးလုပ်ငန်းများ၌ မည်သို့ပင် အဆင်ပြေချောမွတ်သည် ဆိုသော်လည်း လူမျိုးအမည်ရေးတွင် မျိုးနွယ်စုအမည် တရုတ်စာလုံးတစ်လုံးပါမှ အတွင်းလူအဖြစ် လက်ခံတတ်သော အစွဲအလမ်းသန်သူ ဖြစ်လေသည်။

ခတ္တာပန်းရနံ့ သင်းပြီး ထက်မိုးကောင်းကင်၌ LEO ခေါ် ခြင်္သေ့မင်းနှင့် စန်းယှဉ်၍ ပန်းဝင်သော မိုးညတစ်ညမိုးသည်းထန်စွာ ရေသွန်ချသကဲ့သို့ ရွာသွန်းဖြိုးသောည၊ သူဌေးကြီးဦးကျော်စိမ်း၏သမီး အပြာရောင်နီလာကို မြတ်နိုးတတ်သော ဟောင်ယုံ့လီသည် အချစ်ရေး ဆုံးဖြတ်ဒဏ်ကို မကျော်လွှန်နိုင်သဖြင့် မိမိဘဝကို အဆုံးစီရင်သွားခဲ့ရာမှ မလိခဂေဟာအိမ်ကြီးသည် ခေတ်မီသော အလှတရားများ တည်ရာဘဝမှ အကျည်းတန်သွားလေတော့သည်။

လက်ဝါးဖြန့်ထားလျက် နီလာဆွဲကြိုးကိုကိုင်ထားသော ဟောင်ယုံ့လီ၏ လက်ဝါးပြင်ပေါ်မှ နီလာဆွဲကြိုးကို ဖြုတ်ယူလိုက်သောအခါ လက္ခဏာလမ်းကြောင်း၌ ယခုရောက်သက်တွင် အသက်လမ်းကြောင်း၊ နှလုံးလမ်းကြောင်းနှင့် ကံလမ်းကြောင်းသည် ထင်ထင်ရှားရှား ပြတ်နေသည်ကို တွေ့ရသည်။ ရှုပ်ထွေးပြီး၊ အကြောင်းရေများနေသော အလွန်အားနည်းသည့် သောကြာခါးပတ်က ဟောင်ယုံ့လီကို စိတ်ဝေဝါး ရှုပ်ထွေးစေပြီး မကောင်းမှုကျူးလွန်စေရန် စေခိုင်းခြင်း ဖြစ်နိုင်ပေသည်။

SAPPHIRE ခေါ် အပြာရောင်နီလာသည် နဝရတ်ကိုးပါးဝင် ရတနာတစ်ပါးဖြစ်လေ၏။ နီလာသည် ရတနာအားလုံးတို့၏ အသက်ဝိညာဉ်ရတနာဖြစ်ပြီး ဝတ်ဆင်ထားသူများကို ထူးထူးခြားခြား ကောင်းကျိုးချမ်းသာ ရရှိစေနိုင်သည်။ ၅၂၈ စစ်မှန်သော မေတ္တာနှင့် ပူပြင်းသော ၁၅၀၀ အချစ်ကို ပေါင်းကူးဂဟေဆက်ပေးနိုင်သော မေတ္တာရေးကျောက်ဖြစ်သည်ဟု ဆိုသော်လည်း နီလာတွင် လက်နက်တစ်မျိုးမျိုးနှင့်တူသော ဒဏ်ရာပြစ်ချက်ပါလျှင် ပိုင်ရှင်ခိုက်တတ်သည်ဟု ဆိုသည်။

သူဌေးသမီးဟောင်ယုံ့လီ၏ နီလာဆွဲကြိုးတွင် အကြီးဆုံး အလယ်အစီးပွင့်၌ ဒဏ်ရာပြစ်ချက်တစ်ချက် တွေ့ရ၏။ ပြစ်ချက်သည် ရိုးရိုးပြစ်ချက်မျိုးမဟုတ်ဘဲ ဓားမြှောင်တစ်ချောင်းနှင့်တူသော ပြစ်ချက်ဖြစ်နေသည်ကို တွေ့ကြရသည်။ သောကြာခါးပတ်နှင့် ဓားမြှောင်ပြစ်ချက်က ဟောင်ယုံ့လီကို အပြီးချုပ်ငြိမ်းသွားစေခြင်း ဖြစ်ပေတော့သည်။

**ဘာလာရမ်း**

မစ္စတာမဂျစ်ဆင်းသည် ချမ်းသာသော စိန်ဘာဘူကုလားသူဌေးကြီး ဖြစ်၏။ လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် စိန်လက်ဝါးကြီးအုပ် လုပ်ကိုင်နေသူ ဖြစ်သည်။ မစ္စတာမဂျစ်ဆင်းသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် အခြေစိုက်ထားသော ဒီဘီးယားစိန်ကုမ္ပဏီကြီးနှင့် တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်သောကြောင့် အိန္ဒိယနိုင်ငံအပါအဝင် အရှေ့တောင်အာရှ စိန်လောကကို ကိုင်လှုပ်နိုင်သူ ဖြစ်လေသည်။

မစ္စတာမဂျစ်ဆင်းတွင် ဇနီး ပွစ္စပါးဒေဝီနှင့် သားယောက်ျားလေး သုံးယောက် ထွန်းကားသည်။ သားကြီးနှစ်ယောက်တို့မှာ အိန္ဒိယနိုင်ငံ ဖလင်၏ စိန်လုပ်ငန်းကို ဦးဆောင်စီမံ လုပ်ကိုင်နေကြရသည့်ပြင် ပြည်ပအရောင်းအဝယ်ကိစ္စများကို တာဝန်ယူထားကြရပြီး ကျန်းမာရေး အနည်းငယ်ညံ့၍ စိတ်အားငယ်နေသော သားငယ် ဘာလာရမ်းသည် မိဘများနှင့် အတူလိုက်၍ နေထိုင်လျက်ရှိသည်။

ငွေကြေးပြည့်စုံသော သူဌေးကြီး မစ္စတာမဂျစ်ဆင်းသည် လူခြေအရောက်အပေါက်နည်းသော နေရာမျိုးတွင် ဘဝကို စိတ်အေးလက်အေး အနားယူနေထိုင်လိုသဖြင့် မလီခအိမ်ဂေဟာကြီးကို ဝယ်ယူပြီး လုံခြုံရေးအစီအမံများကို စနစ်တကျပြုပြင်၍ အခြွေအရံ အပြည့်အစုံနှင့် နေထိုင်လေ၏။ အာရှတိုက်၏ အကြီးမားဆုံး စိန်ဈေးကွက်ဖြစ်သော အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့(ယခု မွန်ဘိုင်း)တွင် အများဆုံးနေထိုင်ပြီး မလီခအိမ်ဂေဟာတွင် ဒုတိယအများဆုံး အပန်းဖြေ နေထိုင်လေ့ရှိတတ်သည်။ အဓိကရည်ရွယ်ချက်မှာ ဆရာဝန်များ၏ ညွှန်ကြားချက်အရ မိမိနှင့် သားငယ်၏ ကျန်းမာရေးကြောင့်လည်း ဖြစ်သည်။

မလီခအိမ်ဂေဟာကြီး၏ ညာဘက်တွင် လုံခြုံရေးအပြည့်နှင့် မျက်နှာဖြူအရာရှိကြီး နေထိုင်ပြီး ဘယ်ဘက်တွင် အစောင့်အရှောက်နှင့် ပြည်နယ်မင်းကြီး နေထိုင်လျက်ရှိ၏။ သို့ဖြစ်၍ သူဌေးကြီးမစ္စတာမဂျစ်ဆင်း မိသားစုအတွက် လုံခြုံရေးစိတ်ချရသော အိမ်မျိုးဖြစ်သော်လည်း မဂျစ်ဆင်းမိသားစု နေအိမ်ဝင်းတွင် နာနာဘာဝ၊ ဝိနာဘာဝဆန်သော ထူးထူးခြားခြား ကသောက်ကရောက် ဖြစ်ရပ်ဆန်းများ မကြာခဏ တွေ့မြင်ရတတ်သည်ဟူ၏။ အထူးသဖြင့် သန်းခေါင်ကျော် လသာညများတွင် ခြံဝင်းကျယ်အတွင်း၌ လူမဟုတ်၊ နတ်မမည် ပရလောကသားဟု ထင်ရသော ယောက်ျားသဏ္ဌာန်နှင့် မိန်းမသဏ္ဌာန်နှစ်ခု ကိုယ်ရောင်ထင်ပြ လှုပ်ရှားကြည်နူးနေကြသည့် အမြင်သဏ္ဌာန်များကို မကြာမကြာ တွေ့မြင်ရတတ်သည်ဟူ၍ ဖြစ်သည်။

စိတ်ကျန်းမာရေး ချို့တဲ့သော သားငယ် ဘာလာရမ်းအတွက် စိတ်သောက ဖိစီးခံနေရသဖြင့် နာတာရှည် အိပ်မပျော်၊ ရောဂါစွဲကပ်ခံရကာ ဆေးစား၊ ဆေးကုခံယူနေရသည့် မစ္စတာမဂျစ်ဆင်း မလီခအိမ်ဂေဟာကြီး၌ အနားယူနေထိုင်ရသဖြင့် စိတ်သက်သာမှု အတော်လေးရလာ၏။ ဒါပေသိ အရှင်းမပျောက်သေး။ ထွေလီကာလီ အိပ်မပျော်တာတွေက ကျန်နေသေးသည်။ သားငယ် ဘာလာရမ်း မိဘပေါ် ကောင်းချင်ရင် နှစ်ယောက်မရှိ ကောင်းတတ်၏။ တစ်ခုခုကြောင့် စိတ်အလိုမကျဖြစ်ပြီး စိတ်ကြွသောင်းကျန်းလာလျှင်လည်း သူ့ပြင် နှစ်ယောက်မရှိ။ ဆင်မှန်ယိုသလို မှန်ယစ်လာတတ်၏။ မိဘစိတ်ဆင်းရဲအောင် ပြောတတ်၊ ဆိုတတ်၊ လုပ်တတ်သည်။ တစ်ခါတလေ မှန်တိုင်းထန်လာလျှင် တုတ်ကိုင်၊ ဓားကိုင် ထိန်းမရ ဖြစ်တတ်သည်။

မစ္စတာမဂျစ်ဆင်း သားအတွက် အများကြီး စိတ်မအေးဖြစ်နေရ၏။ သားစိတ်ဝင်လာလျှင် ညလုံးပေါက် အိပ်မပျော်နိုင်ဖြစ်တတ်သောကြောင့် ရာမယဏာကျမ်းမြတ်ကို ဖတ်ရင်း အိပ်ရန်ကြိုးစားသည်။ ဟိန္ဒူဘာသာတွင် ရာမအမျိုးမျိုးရှိ၏။ ရာမယဏာကျမ်းမြတ်သည် လေးမြားကိုင် မယ်သီတာ၏ ခင်ပွန်း အလောင်းတော်ရာမ၏ ကျမ်းမြတ်ဖြစ်ပြီး ပရာသုရာမသည် ရဲခင်း လက်နက်ကိုင်ထားသော ရာမ ဖြစ်လေသည်။ မစ္စတာမဂျစ်ဆင်းသည် ဒသဂီရိမင်းနှင့် ရာမမင်း စစ်ထိုးခန်းအရောက်တွင် အိပ်ပျော်သွားသည်။ ထိုည မစ္စတာမဂျစ်ဆင်း ကပေါက်တိကပေါက်ချာ အဆက်အစပ်မရှိသော အိပ်မက်အမျိုးမျိုး မြင်မက်လေ၏။ နံနက်လင်းတော့ မိသားစုများက မိမိကိုစောင့်နေကြ၏။ ညက ဘာလာရမ်း ဘယ်ထွက်သွားမှန်း မသိဟူ၍ ဖြစ်သည်။

မစ္စတာမဂျစ်ဆင်း မိသားစုနှင့်အတူ ခြံရှိ အလုပ်သမားများအားလုံး ခြံဝင်းကျယ်ကြီးထဲ လူစုခွဲ၍ ငန်းတိုက်ကာ ပိုက်စိပ်တိုက် ရှာဖွေကြသောအခါ ဘာလာရမ်းသည် လသာညများတွင် လျှောက်နေကျအတိုင်း လမ်းလျှောက်ထွက်နေရင်းက ရောဝတီမြစ်ကမ်းဘေး ကမ်းနဖူးဘောင်ပေါ် ရောက်သွားပြီး အတွင်းအတုတ်ခြံစည်းရိုးကြား ချောက်ကမ်းပါးထဲ ချော်ကျသေဆုံးနေသည်ကို တွေ့ကြရ၏။ ပေါက်ကွဲလဲဆုံးပန်းပွင့်သော မာယနကွတ်စန်းယှဉ်သည့် ကုံရာသီ တပို့တွဲလသည် သာမန်လူများကို စိတ်ကူးအမျိုးမျိုး ယဉ်စေတတ်ပြီး စိတ်ဝေဒနာအခံ ရှိသူများကိုမှု စိတ်ရိုင်းဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မှန်တိုင်းကျစေတတ်သော လဖြစ်သည်။

ဘာလာရမ်း၏ ရောက်သက်၌ လက်ဝါးပြင်ပေါ်ရှိ လက္ခဏာလမ်းကြောင်း အခင်းအကျင်းများမှာ အပျက်ဘက်ကို ဦးတည်နေ၏။ အသက်ကို တိုင်းတာပေးသော အသက်လမ်းကြောင်းနှင့် ကျန်းမာရေးအလို့ငှာ နှလုံးသန်မာမှုကို တိုင်းတာပေးသော နှလုံးလမ်းကြောင်းသည် ရောက်နေသည့် သက်တမ်းတွင် အဆုံးသတ်နေ၏။ အားနည်းမထင်ရှားပြတ်နေသော အောင်မြင်ရေးလမ်းကြောင်းရှိပြီး၊ ကံကြမ္မာလမ်းကြောင်းကို အလွန်အားကောင်းသော အန္တရာယ်လမ်းကြောင်းက မညာမတာဖြတ်ဝင်ထားသည်ကို တွေ့ရ၏။ တိုနေသော လက်ညှိုးကို ရှည်လျားသော လက်ခလယ်နှင့် လက်သူကြွယ်တို့က အပြီးအပိုင် စိုးမိုးထားလေ၏။ အချောင်းရေများပြီး ဖွာဆန်ကြနေသော သောကြာခါးပတ်လမ်းကြောင်းများသည် ပူးကပ်ရှုပ်ထွေးနေ၏။ လက္ခဏာပညာရပ်တွင် နှလုံးနှင့် သောကြာခါးပတ်လမ်းကြောင်း ညံ့လျှင် စိတ်ဝေဒနာဖြစ်တတ်သည်ဟု ဆိုသည်။

### တစ္ဆေခြောက်သောအိမ်

လူသည် အသိဉာဏ်ရှိသည် ဆိုပေမယ့် လောဘအကြီးတတ်ဆုံးနှင့် အကြောက်တတ်ဆုံး သတ္တဝါလည်း ဖြစ်၏။ တိရစ္ဆာန်လောကသားများတွင် တစ္ဆေသရဲခြောက်သည်၊ စုန်းအောက်လမ်းပြုစားသည်ဟူ၍ မရှိသော်လည်း လူသားဘဝတွင် မရေမတွက်နိုင်သော ကြောက်စရာမျိုးစုံတို့နှင့် ပြည့်နှက်နေလေသည်။

တကယ်ကြောက်သင့်ကြောက်ထိုက်၍ ကြောက်ရသည်မျိုးရှိသလို၊ ဘာမှန်းညာမှန်း မစူးစမ်းဘဲ သူတစ်ပါးပြောသံကြားရ၍ (သို့) ရေးက ယုံရကြောက်ရသည့် အစဉ်အလာများ ရှိခဲ့၍ ဘာလိုလို ကြောက်ပွဲဝင်ကြသည်ကလည်း ဒုနဲ့ဒေးရှိ၏။ လူသည် အသိဉာဏ်ပညာအမြင့်ဆုံး သတ္တဝါဖြစ်သလို၊ လိမ်ရညာရ၊ လှည့်စားရ အလွယ်ဆုံး သတ္တဝါလည်း ဖြစ်ပါသည်။

မည်သို့ပင် ပညာဂုဏ်ကြီးမားသူ၊ ရာထူးဌာနန္တရကြီးမားသူ ဖြစ်စေ လိမ်ကွက်၊ ညာကွက်၊ ဆင်ကွက်ထဲ မကျဖူးသူဟူ၍ မရှိ။ လိမ်ခံရခြင်း၊ ညာခံရခြင်း၊ ယုံကြည်လွယ်ခြင်းများသည် လူပီသသော စရိုက်လက္ခဏာများ ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။ သို့ဖြစ်၍ လူသားဘဝမှန်သမျှ၌ လိမ်ခြင်း၊ ညာခြင်း၊ ယုံကြည်ခြင်းကိစ္စများသည် ထိပ်ဆုံးကနေ လူကို စိုးမိုးထားလျက်ရှိတော့သည်။

မစ္စတာမကျစ်ဆင်သည် သားငယ်ဘာလာရမ်း ဆုံးပြီးနောက် မလိခအိမ်ဂေဟာကြီးတွင် မနေလိုတော့သဖြင့် မလိခအိမ်ဂေဟာကြီးကို ရဈေးနှင့်ရောင်းပစ်ပြီး အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့သို့ အပြီးအပိုင် မိသားစုအလိုက် ထွက်ခွာပြန်သွားကြ၏။ ထိုအချိန်မှစ၍ မလိခအိမ်ဂေဟာကြီးသည် ထူးထူးခြားခြားတစ္ဆေခြောက်သည်ဟူသော ဖြစ်ရပ်ဆန်းမျိုးစုံနှင့် နာမည်သတင်းဆိုးကြီး ပိုင်ဆိုင်ထားပြီး အထီးကျန်ဘဝမျိုးနှင့် ရှိနေလေတော့သည်။

### ထူးဆန်းသော ဧည့်သည်

နောက်ပိုင်းနှစ်များတွင် မလိခအိမ်ဂေဟာကြီး ပိုင်ရှင် မကြာခဏလက်ပြောင်းလက်လွှဲ ဖြစ်ခဲ့ရ၏။ ယခုနောက်ဆုံး ဝယ်ယူထားသော ပိုင်ရှင်သည် အကြားအမြင် ဦးဘဆန်း၏ လုပ်ဖော်ကိုင်ဖက် ဒေါက်တာဦးအောင်မြတ်ကျော် ဖြစ်သည်။ ချမ်းသာကြွယ်ဝသော မိသားစုဝင် တစ်ဦးတည်း သူဌေးသားဖြစ်ပြီး၊ မိဘအမွေအနှစ် မြောက်မြားစွာဆက်ခံထားသူ၊ အိမ်ထောင်မရှိ တစ်ကိုယ်ရေတစ်ကာယ လူပျိုကြီး ဖြစ်သည်။

အကြားအမြင် ဦးဘဆန်းသည် E.S.P. ခေါ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိမြင်နိုင်သော ပညာရှင်ဖြစ်ပြီး ဒေါက်တာဦးအောင်မြတ်ကျော်သည် စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ စိတ်ပညာရှင် ဖြစ်သည်။ သို့ဖြစ်၍ ပညာရပ်ချင်းနီးစပ်သော အကြားအမြင် ဦးဘဆန်းနှင့် ဒေါက်တာဦးအောင်မြတ်ကျော်တို့သည် ပညာဖလှယ်ရင်း ပညာစခန်းအတူတကွ သွားကြသော လုပ်ဖော်ကိုင်ဖက် အသိမိတ်ဆွေများ ဖြစ်၏။ လိုအပ်သောအခါ ပူးပေါင်းဆောင်ရွက်လေ့ ရှိတတ်ကြသည်။

ဦးအောင်မြတ်ကျော်သည် သဘာဝမဟုတ်သော ထူးထူးခြားခြား ဖြစ်ရပ်ဆန်းများကို လွန်စွာ စိတ်ဝင်စားတတ်သော နာနာဘာဝ မုဆိုးကြီးဖြစ်လေ၏။ ငွေကြေးပေါ်များနေသော ဒေါက်တာဦးအောင်မြတ်ကျော် မလိခအိမ်ဂေဟာကြီးကို ဝယ်ယူလိုက်ခြင်းသည် လူနေထိုင်ရန်မဟုတ်၊ နာနာဘာဝများအကြောင်း အသေးစိတ် လေ့လာနိုင်ရန် မိတ်ဆွေကြီး အကြားအမြင်ဦးဘဆန်းနှင့် တိုင်ပင်၍ ဝယ်လိုက်ခြင်းဖြစ်သည်။ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

သောည မန္တလေး-မြစ်ကြီးနား ရထား ဝင်ချိန် ဒေါက်တာဦးအောင်မြတ်ကျော် သုတေသနစာတမ်းများ ပြုစုနေစဉ် အိမ်ရှေ့တံခါး ခေါင်းလောင်းသံ မြည်လာသည်။ ဒေါက်တာဦးအောင်မြတ်ကျော် စေ့ထားသော သံတံခါးဖွင့်၍ ထွက်ကြည့်သောအခါ လတစ်ခြမ်းသာ၍ မှုန်ပျပျမိုးကောင်းကင်အောက်၌ အစိမ်းရောင်ဝမ်းဆက်နှင့် သားသားနားနား အမျိုးသမီးငယ်တစ်ယောက်။

"ဘာကိစ္စလဲ"

ဒေါက်တာဦးအောင်မြတ်ကျော် တိုတိုတုတ်တုတ် မေးလိုက်၏။ အမျိုးသမီးငယ် အတန်ကြာ စဉ်းစားနေဟန် ပြုနေပြီးမှ -

"ကျွန်မ အကူအညီတောင်းချင်လို့ပါ"

တိတ်ဆိတ်သွား၏။

"ဘာအကူအညီမျိုးလဲ။ ဖြစ်နိုင်တဲ့ အကူအညီမျိုးဆို ကူညီနိုင်ပါတယ်"

ဒေါက်တာဦးအောင်မြတ်ကျော် စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။

"သမီး ခုတင်ပဲ မန္တလေး-မြစ်ကြီးနား ရထားနဲ့ ရောက်လာတဲ့ ဧည့်သည်ပါ။ တက္ကစီပေါ်ကဆင်းပြီး တရားသူကြီး ဦးဘမော်အိမ်လိုက်ရှာရင်း လမ်းမှားပြီး ဒီရောက်လာတာပါ။ ဒေါက်တာဦးအောင်မြတ်ကျော်ဆိုတဲ့ စာတန်းတွေ့ရလို့ ဆရာများ သိမလားဆိုပြီး ဝင်မေးကြည့်တာပါ"

"မကြားမိဘူး။ ဆရာလည်း ဒီရောက်လာတာ တစ်လလောက်ပဲ ရှိသေးတယ်"

အမျိုးသမီးငယ် အိမ်ဘက်ကို ကြည့်ရင်း...

"ဒါဖြင့် သမီးကို ဆရာ့အိမ်မှာ တစ်ညလောက် တည်းခိုခွင့်ပြုပါလား ဆရာ။ မနက်ကျမှ တရားသူကြီးအိမ် လိုက်ရှာတော့မယ်။ သမီးအခက်အခဲ ကြုံနေလို့ အားကိုးပါရစေ ဆရာရယ်"

ဒေါက်တာဦးအောင်မြတ်ကျော်သည် ဗူလိနတ်စ အစွဲအလမ်းရှိသူ မဟုတ်သည်ကတစ်ကြောင်း၊ တရားသူကြီးတစ်ဦး၏ အမည်ပါဝင်နေသည်က တစ်ကြောင်းကြောင့် ဦးကာချပြီး ဘာဘညာညာ စစ်မေးမနေတော့။ အာဂန္တုဧည့်သည်ကို ရောရောရှုရှု လက်ခံလိုက်သည်။

အသက် ၅၀ ကျော်အရွယ် လူပျိုကြီး ဒေါက်တာဦးအောင်မြတ်ကျော်သည် အသက် ၂၀ ကျော်ခန့်ရှိ သမီးအရွယ်ဧည့်သည်နှင့် အာလာပသလ္လာပ ပြောဆိုကြရင်း ကြည်နူးနေမိ၏။ ဘယ်လူစိမ်း အမျိုးသမီးနှင့်မျှ ဒီလောက်ကြီး ကြာကြာ စကားမပြောဖြစ်ခဲ့ဖူးသော ဒေါက်တာဦးအောင်မြတ်ကျော် အတော်လေး လျှာပေါ့နေ၏။ တက်ကြွပျော်ရွှင်နေမိ၏။ ဧည့်သည် အမျိုးသမီးငယ်၏ မျက်နှာသည် ကြည့်လေလေ လှလေလေဟု ထင်နေရ၏။ ကြည့်လို့မဝ၊ ရှုလို့မဝ ဒီအသက်အရွယ်ရောက်မှ ရင်ခုန်ချင်သလိုလို၊ နလုံးတုန်ချင်သလိုလို တောက်ပအရောင်လက်နေသော မျက်လုံးနှစ်လုံးက မိမိကို စိုက်ကြည့်နေပြီး အသံချိုချိုနှင့် စကားပြောနေသည်မှာ လူ့ဟုမထင်ရ၊ ကောင်းကင်က နတ်သမီးအလား ထင်ရ၏။ အမျိုးသမီးငယ်သည် ငယ်ပင်ငယ်သော်လည်း မိမိထက် ဗဟုသုတကြွယ်သူ ဖြစ်နေသည်ကို တွေ့ရ၏။ အမျိုးသမီးငယ်က ပြောသူ၊ မိမိက နားထောင်ရသူ။ ဒါပေသိ ဒေါက်တာဦးအောင်မြတ်ကျော် နားထောင်လို့မဝ၊ ဆက်ပြီးနားထောင်ချင် နေမိတော့သည်။

## တစ္ဆေခြောက်ခြင်း

ဒေါက်တာဦးအောင်မြတ်ကျော်သည် ဧည့်သည်အမျိုးသမီးငယ်၏ ဩဝါဒကို နားထောင်ရင်း ညနက်သည်ထက် နက်လာတော့၏။ ဒါပေသိ အမျိုးသမီးငယ်၏ မျက်နှာသည် လှသည်ထက် လှနေဆဲ၊ စကားသံသည် သာယာနေဆဲ။ ဒေါက်တာဦးအောင်မြတ်ကျော် နားထောင်နေရင်း တဖြည်းဖြည်း ငိုက်မျဉ်းလာပြီး တစ်ချက်သတိလစ်သွားသည်။

ဒေါက်တာဦးအောင်မြတ်ကျော် သတိပြန်ရသည့်အခါ ဧည့်သည်အမျိုးသမီး၏မျက်နှာ မသိမသာ အရောင်ပြောင်းလဲနေသည်ကို သတိထားလိုက်မိ၏။ အဖြူရောင်ဝင်းလာသည်။ ထို့နောက် အစိမ်းရောင်သန်းလာသည်။ တဖြည်းဖြည်း ပြူးကျယ်လာသော မျက်လုံးနှစ်လုံးသည် မိမိကို စပါးကြီးမြွေတစ်ကောင် ညှို့နေသည်ဟု မသိစိတ်က ခံစားနေမိသည်။

ဒီတော့မှ...အာဂန္တုဧည့်သည် အမျိုးသမီးငယ်သည် ကေန်စင်စစ် လူမဟုတ်၊ တစ္ဆေ၏ လှည့်စားနေခြင်းသာ ဖြစ်သည်ကို သိရတော့၏။ ဒါပေသိ ဒေါက်တာဦးအောင်မြတ်ကျော် စိုးစဉ်းမျှ ကြောက်စိတ်မဝင်။ သားကောင်နှင့် မုဆိုး တွေ့ကြရသည်မှာ ဓမ္မတာဟု လက်ခံထား၏။ နာနာဘာဝမှုဆိုးအတွက် တစ္ဆေနှင့် ချိန်းတွေ့သကဲ့သို့ ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com

တော့၏။ တစ္ဆေမ၏ ခြိမ်းခြောက်မှုသည် တစ်ဆင့်ပြီးတစ်ဆင့် တက်လာသည် ထင်ရ၏။ မျက်ဆန်မပါသော မျက်လုံးမျိုး ဖြစ်လာသည်။ ကျိုးပဲ့နေသော သွားများကြားက အစွယ်ရှည်များ ထိုးထွက်လာပြီး၊ ပါးစပ်ထဲက သွေးနီနီရဲရဲများ ယိုစီးကျလာသည်။ ဆံပင်ဖြူများ လူတစ်ရပ်မြုပ် ရှည်ထွက်လာသည်။ တစ္ဆေမ၏ အရပ်အမောင်းသည်လည်း ကြီးသည်ထက် ကြီးထွားလာသည်။ ပြီးတော့ အလွန်ကြောက်စရာကောင်းသော အောင်ပွဲခံ ရယ်မောသံနှင့်အတူ ဒေါက်တာဦးအောင်မြတ်ကျော်ကို နပန်းသမားကဲ့သို့ အမိအရ ခုန်ဖမ်းထားပြီး လည်ပင်းညှစ်တော့သည်။ မကြောက်တတ်သော ဒေါက်တာဦးအောင်မြတ်ကျော် ကြောက်စိတ်များ တဖြည်းဖြည်း ကြီးထွားလာတော့၏။ ကြက်သီးမွေးညင်း တဖြန်းဖြန်းထသည်။ အားကြီးမသော တစ္ဆေနှင့် အသက်လု နပန်းလုံးနေရသည်။

ဒေါက်တာဦးအောင်မြတ်ကျော်၏ ခံအားသည် လက်ပန်းကျလာပြီး တစ္ဆေမ အပေါ်စီးရလာသည်။ တစ္ဆေမသည် ဒေါက်တာဦးအောင်မြတ်ကျော်၏ လည်မျိုကို မိမိ၏ အစွယ်ကျဲကျဲနှင့် ကိုက်ဖောက်ပြီး သွေးစုပ်ယူရန် ကြိုးပမ်းလာသည်။ ဒေါက်တာဦးအောင်မြတ်ကျော် အသေအလဲ အားကုန်ထုတ်၍ ာဏာကုန်ခုခံနေသည့်ကြားက တဖြည်းဖြည်း အားပိုသန်လာသော တစ္ဆေမက ဒေါက်တာဦးအောင်မြတ်ကျော်ကို အပိုင်ကိုင်ထားနိုင်ပြီး ကြောက်စရာကောင်းသော မျက်လုံးနှင့် ငုံ့ကြည့်နေ၏။

လိပ်ပြာလွင့်မတတ် ကြောက်နေသော ဒေါက်တာဦးအောင်မြတ်ကျော်၏ လည်မျိုကို တစ္ဆေမ တအားကျုံးပြီး ကိုက်ဖောက်လိုက်သည်။

"အမလေး…သေပါပြီဗျ"

ဒေါက်တာဦးအောင်မြတ်ကျော်သည်းထိတ်ရင်ဖို ကြောက်အားလန့်အား ကျုံးအော်လိုက်သဖြင့် နေ့ခင်းကြောင်တောင် အိပ်မောကျနေရာမှ လန့်နိုးလာ၏။ ထိုနေ့မှစ၍ နာနာဘာဝမုဆိုးကြီး ဒေါက်တာဦးအောင်မြတ်ကျော် မလိခတစ္ဆေအိမ်ဂေဟာကြီးတွင် တစ်ယောက်တည်းမနေရဲတော့။ ဟိုတယ်တစ်ခုတွင် ပြောင်းရွှေ့နေထိုင်ပြီး၊ မိမိ၏ လုပ်ဖော်ကိုင်ဖက် အကြားအမြင် ဦးဘဆန်းထံ အမြန်လာရောက် ဆက်သွယ်ရန် ဖုန်းဆက်အကြောင်းကြားလိုက်သည်။

## အတိတ်ဘဝဇာတ်လမ်း

အကြားအမြင် ဦးဘဆန်းနှင့် စိတ်ပညာရှင်ကြီး ဒေါက်တာဦးအောင်မြတ်ကျော် မလိခအိမ်ဂေဟာကြီး၏ နောက်ခံသမိုင်းကြောင်းများကို နှံ့နှံ့စပ်စပ် လေ့လာသုတေသနပြုပြီးသောအခါ အောက်ပါအတိုင်း ဖြစ်လေ၏။ သူဌေးကြီးဦးကျောက်စိမ်း၏သမီး ဟောင်ယုံ့လီသည် စစ်တရုတ်ထဲက ဘုရင်မတစ်ပါးလို ကိုင်ရှေ့၍ ရနိုင်မည့်သူ မဟုတ်သဖြင့် မိမိ၏ အိမ်ထောင်ရေးကိစ္စကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်လို၏။ အဆုံး၌ လူမျိုးခြားနှင့် လက်ထပ်မည့်အရေးကို မိဘဆွေမျိုးများက ဝင်ရောက်တားဆီးသဘောမတူနိုင်ကြသဖြင့် မိသားစုပဋိပက္ခများကြားမှ ဘဝလွတ်မြောက်ရေးအတွက် မိမိ၏အသက်ကို စွန့်သွားခြင်းဖြစ်၏။ ကုလားသူဌေးကြီး မစ္စတာမဂျစ်ဆင်း၏သား ဘာလာရမ်းသည် စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်သည်။ သူ၏ စိတ်ဝေဒနာသည် အလွန်ထူးဆန်းနည်း၍ စိတ်ကြွရောဂါနှင့် စိတ်ကျရောဂါ နှစ်မျိုးရောထွေးသော စိတ်ဝေဒနာမျိုးဖြစ်၏။ ချစ်သူနှင့် တိတ်တိတ်ပုန်း လူမသိအောင် တွေ့ဆုံပျော်ပါးလိုသော ရောဂါဆန်းတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဘာလာရမ်းသည် မိမိတို့မိသားစုနှင့်အတူ လာရောက်အပန်းဖြေနေထိုင်သော အထည်စက်သူဌေးသမီး မိန်းမပျိုလေး လာလီတားဒေဝီနှင့် တိတ်တိတ်ပုန်း ချစ်ကြိုးသွယ်မိသွားချိန်မှစ၍ လူခြေတိတ်သော လသာသောညကာလများတွင် ချစ်သူတို့နှစ်ဦးသား အချစ်ချင်းပုံအပ်၍ လှုပ်ရှားခဲ့ကြခြင်းသာ ဖြစ်ပါသည်။

အကြားအမြင် ဦးဘဆန်းနှင့် ဒေါက်တာဦးအောင်မြတ်ကျော်တို့သည် မလိခအိမ်ဂေဟာကြီးတွင် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားကြပြီး မကျွတ်မလွတ်ကြသေးသူများအားလုံးကို ရည်စူး၍ နှစ်စဉ် သံဃာတော် ၁၁ ပါး ပင့်ဖိတ်အလှူအတန်းကြီးပြုလုပ်၍ မေတ္တာပို့၊ အမျှအတန်းဝေ၊ ဆုတောင်းကောင်းမှုများပြုလုပ်ပေးချိန်မှစ၍ မလိခအိမ်ဂေဟာကြီး၏ မကောင်းသတင်းများ ကင်းပသွားပြီး၊ ကောင်းသတင်းများ ပြန်လည် ဝေဆာသွားလေတော့သတည်း။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့နိုင်ကြပါစေ…။


**အောင်ဘုန်းမြင့်(ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်များ အုပ်စုလိုက်သောင်းကျန်းမှု လျော့နည်းလာ



စင်ကာပူတွင် လူငယ်များ အုပ်စုလိုက်သောင်းကျန်းမှုများရှိရာ ၂၀၁၀ ၌ ထိုသို့ သောင်းကျန်းမှုကြောင့် ဖမ်းဆီးခြင်းခံရသော လူငယ်ဦးရေမှာ ၄၁၇၄ ယောက်ရှိခဲ့ရာ ၂၀၁၂ တွင် ၃၃၂၀ သို့ လျော့ကျသွားသည်ဟု သက်ဆိုင်ရာပြည်ထဲရေးဌာနမှ သတင်းထုတ်ပြန်လိုက်၏။

ထိုသို့ လူငယ်များ အုပ်စုလိုက်သောင်းကျန်းခြင်းကို တားဆီးသည့် ဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဥပဒေအတိုင်း လိုက်နာမှုရှိရန် ကြပ်မတ်မှုများ ရှိလာသောကြောင့် ထိုသို့ လျော့နည်းသွားခြင်းဖြစ်သည်ဟု သိရသည်။

လူငယ်များသည် ဘီလီယက်ခုံများ၊ ဂိမ်းကစားရန်နေရာများတွင် အုပ်စုလိုက် သောင်းကျန်းတတ်လာရာ လူငယ်များကိုသာမက သက်ဆိုင်ရာ လုပ်ငန်းပိုင်ရှင်များကိုပါ အရေးယူမှု၊ သတိပေးမှုများ ရှိလာသောကြောင့် ထိုသို့လျော့နည်းသွားခြင်း ဖြစ်၏။

ပြဋ္ဌာန်းဥပဒေအရ လူငယ်များအလာများသောနေရာများ၊ အဆောက်အဦများ စသည်တို့တွင် လူဝင်လူထွက်များကို ဓာတ်ပုံရိုက်ယူရန် လုံခြုံရေးကင်မရာများကို တပ်ဆင်ထားရသောကြောင့် အရေးအကြောင်းရှိလျှင် ထိုကင်မရာအကူအညီဖြင့် လူငယ်များပြစ်မှုကျူးလွန်သော လူငယ်များကို ရှာဖွေဖော်ထုတ်ရာ၌ လွယ်ကူလာ၏။

စင်ကာပူတွင် လူငယ်များအား ဒုစရိုက်လောကထဲဝင်လာရန် စည်းရုံးသူအချို့ရှိရာ ထိုသူများကိုလည်း ဥပဒေအရ ရှာဖွေဖော်ထုတ်မှု ပြုလုပ်လျက်ရှိ၏။

စင်ကာပူ၏ အုပ်စုလိုက်သောင်းကျန်းမှုကျူးလွန်သူ လူငယ်များအား ပြစ်မှုထင်ရှားတွေ့ရှိပါက ထောင်ဒဏ် ၁၀ နှစ်အထိ အများဆုံး အပြစ်ပေးနိုင်၏။ ကြိမ်ဒဏ်လည်း ချမှတ်နိုင်၏။

အသက် ၁၆ နှစ်အောက် လူငယ်များအား ရာဇဝတ်မှုကျူးလွန်ရန် သိမ်းသွင်းသော ဂိုဏ်းခေါင်းဆောင်ကိုလည်း ပြင်းထန်စွာ အရေးယူပိုင်ခွင့်ရှိ၏။

စင်ကာပူတွင် အုပ်စုလိုက်သောင်းကျန်းနေသော လူငယ်အုပ်စုသည် ၃၀ နှင့် ၄၀ အကြား၌ရှိသည်ဟု သိရသည်။ အချို့အုပ်စုများသည် ညဘက်တွင် ဈေးဆိုင်ထဲသို့ဝင်၍ ရာဇဝတ်မှုများ ကျူးလွန်လေ့ရှိ၏။ တစ်ယောက်တည်းသွားသော လုံခြုံရေးဝန်ထမ်းကိုလည်း ရိုက်နှက်ထိုးကြိတ်သွားတတ်၏။

ဆိုးသွမ်းလူငယ်အုပ်စုများသည် တစ်ဖက်နှင့်တစ်ဖက်လည်း မကြာခဏ ချိန်း၍ သတ်ပုတ်တတ်ကြ၏။ သူတို့သည် ရုပ်ရှင်ရုပ်မြင်ထဲမှ ပုံစံများကို အတုယူ၍ ကင်းများချထားပြီး ရာဇဝတ်မှုများကို ကျူးလွန်လေ့ရှိကြသည်ဟု သိရ၏။


**ဦးဦးသိန်း**

*Ref: TST, 21.6.2013*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်းနမိုက် လူသတ်သမားများ

## The Cases on Dynamite by David Braly

ဘနှင်း(မြန်မာပြန်)

၁၉၅၆ ခု၊ ဩဂုတ်လတွင် အမေရိကန်ပြည်ထောင်စု အယ်လာဘားမားပြည်နယ်၊ ကင်းဘရယ်မြို့လေးမှာ 'မော်လ်တန်အယ်လစ်' ဆိုသူသည် သူ့ဇနီးအား သူကိုယ်တိုင်သတ်ဖြတ်ခဲ့သည့်အမှု၌ ဖြောင့်ချက်ပေးခဲ့သဖြင့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ် ခံယူသွားခဲ့ရသည်။

သူ့ဝန်ခံစကားမှာ ...

"ကျွန်တော် အိမ်ကိုပြန်ရောက်တိုင်း ကျွန်တော့်မိန်းမက ငိုငိုပြနေတာများ ငါးနှစ်၊ ခြောက်နှစ်လောက် ရှိပြီဗျာ။ ငိုပြီဆိုရင်လည်း အိပ်ရာထဲမှာ မရပ်မနား သုံးနာရီလောက်ကြာအောင် ငိုနေတတ်တယ်။ ကြောင်နေတာလား ရူးနေတာလား မသိဘူးဗျာ။ ဒီတော့ ကျွန်တော် သည်းမခံနိုင်တော့တာနဲ့ သူ့ကို အပျောက်ရှင်းပစ်ခဲ့တာပါ"

အယ်လစ်သည် သူ့ဇနီးကို အပျောက်ရှင်းပစ်ပုံမှာ ရက်စက်လွန်းလှသည်။ ဇနီးကို ဒိုင်းနမိုက် ယမ်းဘီလူး ၁၆ ချောင်းဖြင့် ဖောက်ခွဲသတ်ဖြတ်ပစ်ခဲ့သောကြောင့် ဖြစ်သည်။

ထို့ပြင် သူသည် အလိမ္မာကြီးစွာဖြင့် ဒိုင်းနမိုက်များကို အသုံးချခဲ့သဖြင့် သူ၏ဇနီးအိပ်ခန်းနှင့် ကပ်လျက်ရှိသော အခန်းတွင်း၌ရှိနေသည့် သူ၏မွေးစားမိခင်ကြီးနှင့် အသက် ၁၅ နှစ်အရွယ် သားတစ်ယောက်တို့မှာ ဒဏ်ရာလုံးဝမရခဲ့ကြချေ။

သူသည် စနက်တံကို နာရီဝက်ကြာမှ ပေါက်ကွဲရန် ချိန်ကိုက်ထားခဲ့ပြီး အခင်းဖြစ်သည့်အချိန်၌ သူသည် အခြားတစ်နေရာ၌ ရှိနေပါသည်ဟူသည့် 'အလီဘိုင်'ကို ခိုင်မာစွာ ပြနိုင်ခဲ့သည်။ ထို့ကြောင့် အခင်းဖြစ်သည့်အချိန်က သူသည် အရက်ဆိုင်အတွင်း၌ ရှိနေခဲ့သည်ဆိုသည့် အချက်ကို သက်သေအမြောက်အမြားက ထွက်ဆိုခဲ့သောကြောင့် သူ့အပြစ်ကို မဖော်ထုတ်နိုင်ခဲ့ချေ။

သို့သော် ...

သူကြိုတင်ကြံစည် ကျူးလွန်ခဲ့သည့်အမှု၌ သူ့ဘက်က 'ပိုင်'ပြီဟု ထင်မြင်ယူဆခဲ့သော်လည်း သူ့ကိုယ်သူသတိမပြုမိသည့် အချက်အလက်၊ အကြောင်းအရာအချို့နှင့် အမှားအချို့ကို အမှုလိုက်ရဲမှူး 'ကလိုက်ဒီမောရစ်'က ထောက်ပြနိုင်လိုက်သည့် အခါတွင်တော့ အယ်လစ်ခမြာ မငြင်းသာတော့ဘဲ နောက်ဆုံး ထိုလူသတ်မှုအတွက် ဖြောင့်ချက်ပေးခဲ့ရလေတော့သည်။

ထို့ကြောင့် ၁၉၄၂ ခုနှစ်၊ မတ်လ ၁၃ ရက်၊ သောကြာနေ့ညက ကျူးလွန်ခဲ့သည့် ထိုလူသတ်မှုအတွက် မော်လ်တန်အယ်လစ်သည် ထောင်တစ်သက်တစ်ကျွန်း ကျခံသွားရလေသည်။

* * *

လွန်ခဲ့သည့် ၁၆ နှစ်က 'ဘွန်နီ'သည် အရွယ်အစားအားဖြင့် ၁၇ နှစ်



www.burmeseclassic.com

www.burmeseclassic.com

ခန့်သာရှိသေးသည့် မိန်းမချောလေး တစ်ဦးသာ ဖြစ်ချေသည်။ ထိုစဉ်က မော်လ်တန်သည် အသက် ၂၃ နှစ် အရွယ် လူချောလေးတစ်ဦးဖြစ်ပြီး ကျောက်မီးသွေးတွင်း အလုပ်သမား တစ်ဦးလည်း ဖြစ်သည်။ ထိုသို့ ငယ်ငယ်ရွယ်ရွယ် သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ရာသက်ပန် အိမ်ထောင်ဖက်အဖြစ် ဆုံးဖြတ်ရွေးချယ်ခဲ့ကြသည်။

'မော်လ်တန်'က သူ့ဇနီးချောကလေး ဘွန်နီကို အသက်မက ချစ်လှပါသည်ဟု အမြဲသစ္စာစကား ဆိုခဲ့သည်။ သူ့ဇနီးချောကလေးကို ဘယ်တော့မှ မပစ်နိုင်၊ မကွာနိုင်၊ မငြီးငွေ့နိုင်ဟု သူ့စိတ်အထင်၌ ထင်မှတ်ထားခဲ့သည်။

သို့သော် ကံကြမ္မာက သူတို့နှစ်ယောက်အပေါ် တစ်မျိုးတစ်ဖုံ ဖန်တီးလာခဲ့သည်။ အကြောင်းမှာမူ မော်လ်တန်တစ်ယောက် ဘွန်နီနှင့် ပေါင်းသင်း၍ ဆယ်နှစ်ခန့်အကြာ၌ မမျှော်လင့်ဘဲ အမျိုးသမီးလေးတစ်ယောက်နှင့် ဆုံတွေ့လိုက်ရသောကြောင့်ပင်တည်း။

ထိုအခါ မော်လ်တန်၏ အချစ်အသစ်က လက်ရှိအချစ်ဟောင်းနှင့် မည်သို့မျှ မဆိုင်သလို ကွဲပြားခြားနားနေသည်ဟု မော်လ်တန်က မြင်မိတော့သည်။ ထို့ကြောင့် မော်လ်တန်သည် ထိုအချစ်ကလေးအပေါ် သံယောဇဉ် တစ်မျိုးတစ်ဖုံ တွယ်တာနေမိလေပြီဟု သူ့ကိုယ်သူ အံ့အားသင့်မိသည်။

မော်လ်တန်အဖို့ အပြောင်းအလဲ လိုလာချေပြီ။

လက်ဦးအစ၌ မော်လ်တန်၏ အပြောင်းအလဲ ဖြစ်နေမှုကို သူ့ဇနီး ဘွန်နီခမျာ မသိရှာချေ။ သို့သော် မူမမှန်တော့သည့် မော်လ်တန်၏ အပြုအမူတွေကြောင့် နောက်ပိုင်း၌ သူ့ဖောက်ပြန်မှုကို ဇနီးသည်ရော သူ၏ မွေးစားမိခင်ကြီးပါ သိရှိသွားတော့သည်။

ဇနီးသည် သိရှိသွားရသည့် အကြောင်းကလည်း ရှင်းသည်။ မော်လ်တန်သည် အချစ်သစ်ကလေးနှင့် စတွေ့ပြီး ကတည်းက ထုံးစံအတိုင်း အိမ်သို့ အချိန်မှန်မှန် ပြန်မလာတော့။ အိမ်သို့ အပ်နေကျငွေကိုလည်း မှန်မှန် မအပ်တော့။ ထိုကြောင့် ဇနီးသည် ဘွန်နီက သံသယဝင်လာသည်။ သံသယဝင်လာသဖြင့် စုံစမ်းကြည့်သည်။ သို့ဖြင့် သူ့ခင်ပွန်းသည်၏ 'အချစ်သစ်'ကလေးကို သိလိုက်ရတော့သည်။

သို့တိုင်အောင် မော်လ်တန်သည် သူ့အချစ်သစ်ကလေးနှင့် ခြောက်နှစ်တိုင်တိုင် စခန်းသွားခဲ့သေးသည်။ ဇနီးသည် ဘွန်နီကတော့ ရှင်းသည်။ မော်လ်တန်အနေနဲ့ အချစ်သစ်ကို စွန့်လွှတ်လိုက်ပါဟု တစာစာ တောင်းဆိုခဲ့သည်။ သို့ သော် မော်လ်တန်က အချစ်သစ်လေးကို တန်းတန်းစွဲဖြစ်နေသဖြင့် ဇနီးသည်၏ တောင်းဆိုချက်ကို လုံဝ လက်မခံနိုင်ဖြစ်သည်။ အချစ်သစ်ကလေးနှင့် အတည်တကျ ရွှေလက်တွဲ၍ နေဖို့အရေးမှာလည်း တကယ်လက်တွေ့တွင် မလွယ်ကူ။ သူအလွန်နှစ်သက်သည့် လက်ရှိအလုပ်အကိုင်ကိုလည်း ထိခိုက်မှာ စိုးရိမ်နေသေးသည်။

နောက်တစ်ချက်မှာ သူ့ဇနီးသည်ခမျာ ဘာမျှ အပြစ်မရှိသဖြင့် သူ့အနေနှင့် ကွာရှင်းခွင့်မတောင်းနိုင် ဖြစ်နေသည်။ ထိုမှတစ်ပါး ဇနီးသည် ဘွန်နီက မော်လ်တန်တစ်ယောက် တစ်နေ့ သူမထံ ပြန်ရောက်ရှိလာမည်ဟု မျှော်လင့်ထားပြန်သေးသည်။

'ဘွန်နီ'သည် မော်လ်တန်အား သူ့အချစ်သစ်ကလေးကိစ္စနှင့် ပတ်သက်၍ အမြဲတစေ ဆူပူကြိမ်းမောင်း၊ ပြစ်တင်မောင်းမဲနေတတ်သည်။ သို့သော် ယင်းသို့ပြုမူခြင်းက ဘာမျှမထိရောက်သောအခါ ဘွန်နီသည် တိုက်ကွက်ကို ပြောင်းခဲ့သည်။ လက်နက်သစ်ကို ကိုင်စွဲခဲ့သည်။ ထိုလက်နက်သစ်ကား တခြားမဟုတ်၊ မိန်းမတို့၏ မျက်ရည်ပင်တည်း။

ဘွန်နီက မော်လ်တန်ကို မျက်ရည်ဖြင့် ဆန္ဒပြသည်။ မျက်ရည်ဖြင့် တိုက်ပွဲဝင်သည်။ တစ်ခါတစ်ရံ ထိုတိုက်ပွဲ၌ မော်လ်တန်၏ မွေးစားမိခင်ကြီးနှင့် သားတော်မောင်တို့ကပါ ဘွန်နီကိုလိုက်၍ မျက်ရည်စက်ကျကြလေသည်။

အထူးသဖြင့် လစာထုတ်ရက် အိမ်ပြန်သည့်အခါ လစာငွေမပါဘဲ အိမ်ပြန်ရောက်လာသည်နှင့် မော်လ်တန်ခမျာ ညလုံးပေါက်လိုလို မျက်ရည်တိုက်ပွဲဒဏ်ကို အလူးအလဲခံရသည်။ ထိုအခါမျိုး၌ မော်လ်တန်သည် တချို့တည်း အရက်ဆိုင်သို့ ပြေးရတော့သည်။ သို့သော် အရက်မူးပြီး အိမ်ပြန်တော့လည်း ငိုသံက မစဲ။

"မငိုစမ်းပါနဲ့ကွာ။ တိတ်စမ်းပါ"

မော်လ်တန်က အော်ပြောသည်။

"ရှင် ... ဟိုကောင်မနဲ့ အဆက်ဖြတ်ရင် ကျွန်မလည်း အငိုရပ်ပါ



www.burmeseclassic.com

www.burmeseclassic.com

မယ်''ဟု ဘွန်နီက အကျပ်ကိုင်တတ်သည်။

မော်လ်တန်တစ်ယောက် ဘွန်နီ၏ မျက်ရည်တိုက်ပွဲဒဏ်ကို မခံနိုင်တော့ပြီ။

နောက်ဆုံး မော်လ်တန်ခေါင်းထဲ အတွေးတစ်ချက် ဝင်လာသည်။ ယင်းအတွေးကား တခြားမဟုတ်၊ ဖနီးသည် ဘွန်နီကို ရှင်းပစ်ရေးပင်ဖြစ်သည်။

* * *

လူတစ်ယောက်ကို သတ်ဖြတ်ရေးမှာ သာမန်အားဖြင့် မလွယ်ပါ။

မော်လ်တန်သည် လူသတ်မှုများအကြောင်း ရုပ်ရှင်ထဲ ကြည့်ဖူးသည်။ ဝတ္ထုထဲဖတ်ဖူးသည်။ ယင်းလူသတ်မှုများ၌ လူသတ်သမားသည် မည်မျှအသေးစိတ် ကြံစည်ကြံစည် နောက်ဆုံး ဘာမှမဟုတ်သည့် သဲလွန်စကလေးဖြင့် အဖမ်းခံကြရစမြဲ ဖြစ်သည်ကို မော်လ်တန် ကောင်းကောင်းသိသည်။ ယင်းသို့မဖြစ်အောင် လုပ်နိုင်ရမည်ဟု မော်လ်တန်က ဆင်ခြေပေးတတ်သည်။ သူ့အနေနှင့် လူသတ်မှု ကျူးလွန်သည့်အခါ အခင်းဖြစ်ပွားသည့်နေရာ၌ လူမရှိလျှင်ပင် အလွန်နိုင်လုံစိတ်ချရသော 'အလီဘိုင်'တစ်ခုအဖြစ် ဖန်တီးရမည်။

မော်လ်တန်သည် တစ်ချိန်က ကျောက်မီးသွေးတွင်း အလုပ်သမားတစ်ဦးပင် ဖြစ်သည်။ ထို့ကြောင့် ဒိုင်းနမိုက်များကို အမြဲကိုင်တွယ်နေကြဖြစ်သည်။ ဒိုင်းနမိုက်ကိုလည်း စနစ်တကျ ကိုင်တွယ်ပစ်ပေါက်တတ်သည်။ ဒိုင်းနမိုက်နှင့်ပတ်သက်၍ မော်လ်တန်က တစ်ဖက်ကမ်းခပ်ပင် ဖြစ်သည်။

ဘွန်နီနှင့် အိမ်ထောင်ကျသော မော်လ်တန်သည် ကျောက်မီးသွေးတွင်း နက်ပိုင်း၌ တာဝန်ယူရသည့် အလုပ်သမား တစ်ဦးဖြစ်သည်။ ထို့ကြောင့် ဒိုင်းနမိုက်ကို အမြဲကိုင်တွယ်အသုံးပြုနေရသည်။ ဤသည်ကို ဘွန်နီက စိုးရိမ်သဖြင့် မော်လ်တန်ကို အန္တရာယ်များသည့် ဒိုင်းနမိုက်ဖောက်ခွဲရေး လုပ်သားအဖြစ်မှ စက်ပစ္စည်းစတိုခန်းစာရေးအဖြစ် ပြောင်းလဲ တာဝန်ထမ်းဆောင်စေခဲ့သည်။ ထိုစတိုခန်းထဲတွင်လည်း ဒိုင်းနမိုက်များက အစုအပုံ ရှိနေသည်။

ထို့ကြောင့် မော်လ်တန်ခေါင်းထဲ အတွေးတစ်ရပ် ဝင်လာသည်။

ဒိုင်းနမိုက် သုံး၍ မိန်းမကို အပျောက်ရှင်းမည်။ သို့သော် သူ့တွင် နိုင်လုံသော 'အလီဘိုင်'ရှိရမည်ဟူ၍။

သို့ဖြင့် သူ့မိန်းမအိပ်ရာရှိရာ နေရာ၏ အောက်တည့်တည့်၌ ဒိုင်းနမိုက်များကို ချထားလိုက်သည်။ ယင်းဒိုင်းနမိုက်များ၏ စနက်တံကြိုးကို ပေ ၃၀ ခန့် ထားသည်။ ယင်းစနက်တံက မီးရှို့လိုက်လျှင် တစ်မိနစ်လျှင် တစ်ပေသာ မီးလောင်သည်။ ထို့ကြောင့် ဒိုင်းနမိုက်များ ပေါက်ကွဲရေးအတွက် သူ့တွင် မိနစ် ၃၀ တိတိ အချိန်ရမည်။ ထိုမိနစ် ၃၀ အတွင်း သူ့အနေဖြင့် တစ်နေရာရာ သွားနေလိုက်လျှင် သူလိုချင်သော အလီဘိုင်ကို ပြနိုင်ချေပြီ ဖြစ်သည်။

ပြဿနာတစ်ရပ် ရှိနေသည်မှာ ဒိုင်းနမိုက်များ၌ ယမ်းဘီလူးအား မည်မျှ သုံးရမည်နည်းဆိုသည့် ကိစ္စပင်ဖြစ်သည်။

ယမ်းအားနည်းနေလျှင် သူ့မိန်းမ ဇီဝိန်ကြွေမည် မဟုတ်သလို ယမ်းအား သိပ်များလျှင်လည်း သူချစ်သော သူ့ကျေးဖူးရှင် မွေးစားမိခင်ကြီးနှင့် သားတော်မောင်တို့ အန္တရာယ်ရှိနိုင်သည်။ သူက သူ့မိန်းမ ဘွန်နီတစ်ယောက်တည်းကိုသာ သေစေချင်သူဖြစ်သည်။

တစ်ည ...

မော်လ်တန်သည် ဒိုင်းနမိုက်ချောင်း ရှစ်ချောင်းနှင့် ပေ ၃၀ ရှိ စနက်တံကြိုးတစ်ချောင်း ယူလာသည်။ ပြီးနောက် ကားဂိုဒေါင်အတွင်း ဝှက်ထားလိုက်သည်။ ယမ်းအား မည်မျှသုံးရမည်ကို ၆ ရက်မျှ တွက်ချက်လိုက်သည့်အခါ ထိုမျှအရေအတွက်နှင့် မရနိုင်ကြောင်းသိရသဖြင့် နောက်ထပ် ဒိုင်းနမိုက် ရှစ်ချောင်း ယူလာခဲ့ရသည်။ ၁၆ ချောင်းဆိုလျှင်တော့ လုံလောက်ချေပြီ။

ထို့ကြောင့် အားလုံး အဆင်သင့်ဖြစ်သည့်အခါ နေ့ကောင်းရက်မြတ်ကို ရွေးသည်။

၁၃ ရက်၊ သောကြာနေ့တွင် မော်လ်တန်သည် အလုပ်မှအဆင်း ဘီယာဆိုင်လေးသို့ ရောက်ရှိလာသည်။ ထိုဆိုင်ကလေးက သူ့နေအိမ်နှင့် မိုင်ဝက်ခန့်သာလှမ်းသည်။ ထိုဆိုင်ကလေး၌ မော်လ်တန် နာရီဝက်ခန့် အပေါင်းအသင်းများနှင့် စကားစမြည်ပြောခဲ့သေးပြီးနောက် သူ့နာရီကို တစ်ချက်ကြည့်လိုက်ပြီး အိမ်ပြန်အိပ်တော့မည်ဟု အပေါင်းအသင်းတစ်ယောက်ကိုပြောကာ ဆိုင်အတွင်းမှ ထွက်ခွာလာခဲ့သည်။

အိမ်ပြန်ရောက်တော့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို မော်လ်တန် တွေ့လိုက်ရသည်။ အိမ်နီးနားချင်း အိမ်များမှ ပြတင်းပေါက်မှန်များ အကုန်လုံးလိုလို ကွဲကြေနေသည်။ နောက်အိမ်နီးနားချင်းများက သူ့မွေးစားမိခင်ကြီးနှင့် သားတော်မောင်အား ဝိုင်းဝန်းမေးမြန်းနေကြသည်။ သူ့အိမ်ကိုကြည့်လိုက်တော့ အိမ်တစ်ခြမ်းလုံးလုံး ပျောက်နေသည်။

"အမေ့ကို ရှာပေးပါ၊ အမေ့ကို ရှာပေးပါ"

သားတော်မောင်က မော်လ်တန်ကို အော်ပြောနေသဖြင့် မော်လ်တန်သည် ပျက်စီးနေသည့် အိမ်ခန်းအတွင်း ဝင်ကြည့်ရတော့သည်။ သူတွေ့လိုက်ရသည်ကတော့ သစ်သားစများ၊ အင်္ဂတေပုံများကြား အသက်ပျောက်နေသည့် ဘွန်နီအယ်လ်၏ အလောင်းကိုပင် ဖြစ်သည်။

"အို ... ဖြစ်မှဖြစ်ရလေ ဒါလင်ရယ်။ လုပ်ကြပါဦး ... ကျုပ်မိန်းမအလောင်းကို ဖုံးပေးထားကြပါ"

မော်လ်တန်က သွေးရူးသွေးတန်းဖြင့် အနီးတစ်ဝိုက်က လူများကို အော်ပြောလိုက်သည်။

သူ့မွေးစားမိခင်ကြီးက ဘွန်နီ၏ အလောင်းအား နီးရာအိပ်ရာခင်းတစ်ခုဖြင့် ဖုံးအုပ်လိုက်သည့်အချိန်၌ မော်လ်တန်က တစ်စုံတစ်ယောက်ကို လှမ်းမေးကြည့်လိုက်သည်။

"ခင်ဗျားတို့ ရဲအဖွဲ့ကို အကြောင်းမကြားဘူးလားဗျ"

"ဟုတ်ကဲ့၊ သွားခေါ်နေပါပြီ"

တစ်စုံတစ်ယောက်ဆီမှ ဖြေသံကြားလိုက်ရသည်။

ဒီတော့မှ မော်လ်တန်က စကားတစ်ခွန်း ထပ်ပြောပြန်သည်။

"ကျုပ်သာ အရက်ဆိုင်ဝင်ပြီး ဘီယာမသောက်ခဲ့ရင် ကျုပ်ပါ ပါသွားမှာ သေချာတယ်။ ဒီကောင်တွေ သတ်ချင်တာ ကျုပ်ကိုပဲဖြစ်မှာ။ ကျုပ်ကို ဘယ်သူတွေကများ သတ်ချင်နေပါလိမ့်"

မော်လ်တန်က သူ့လုပ်ရပ်များ အလွန်ပိရိမှုအတွက် အကျေနပ်ကြီး ကျေနပ်နေသည်။

သို့သော် ရဲအရာရှိ 'မောရစ်' နှင့် 'ရောဘတ်ဆောင်းဒါး' တို့၏ လိမ္မာပါးနပ်မှုကြောင့် သူသည် အိပ်မက်ဆိုးကြီးမှ လန့်နိုးခဲ့ရသည်။ ရဲအရာရှိများက မော်လ်တန်၏ မွေးစားမိခင်ကြီးနှင့် သားတော်မောင်တို့ကို စုံစမ်းမေးမြန်းကြည့်သောအခါ မော်လ်တန်၏ သုံးပွင့်ဆိုင် အချစ်ပြဿနာက ဘူးပေါ်သလို ပေါ်လာတော့သည်။

ဤတွင် လူသတ်မှု အကြောင်းရင်းကို ရဲတပ်ဖွဲ့က သံသယဝင်ဖြစ်သွားသည်။

သုံးပွင့်ဆိုင် ချစ်ပြဿနာနှင့် ဗိုင်းနမိုက်၊ ယမ်းဘီလူးများ ကိစ္စသည် လူသတ်မှုနှင့် ပတ်သက်၍ သက်သေမပြနိုင်သေး၍ ခေါင်းခဲရတော့သည်။

နောက်ဆုံးတွင်တော့ ရဲအရာရှိများက မော်လ်တန် အလုပ်လုပ်ရာ ကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီမှ သက်ဆိုင်ရာကို စုံစမ်းကြည့်သည့်အခါ ထိုနေ့က မော်လ်တန်သည် အလုပ်ခွင်မှ တစ်နာရီခန့်စောစော၍ ပြန်သွားသည်ဟု သိလိုက်ရသည်။

မော်လ်တန်သည် ထိုအချိန် တစ်နာရီ၌ ဘာများလုပ်ပါသနည်းဟု တွေးစရာ ဖြစ်လာသည်။

မော်လ်တန်၏ မွေးစားမိခင်ကြီးက ထိုနေ့သည် အခင်းမဖြစ်ပွားခင် ကားတစ်စီး အိမ်ရှေ့၌ ထိုးရပ်သံ ကြားရသဖြင့် အဘွားကြီးက လူစိမ်းတစ်ဦး ထင်ကာ လိုရမည်ရဆောင်ထားသည့် နှစ်လုံးပြူးသေနတ်ကို ထယူပြီး ကားကို ပြန်ကြည့်လိုက်ရာ ထိုနေရာ၌ မတွေ့ရတော့ဟုပြောပြသည်။ အဘွားကြီးက ထိုအချိန်ကို မှတ်ထားလိုက်သည်။ အရက်ဆိုင်မှ လူများကလည်း မော်လ်တန်ရောက်လာသည့် အချိန်ကို မှတ်မိကြသည်။ နောက်ဆုံး ဗိုင်းနမိုက်များ ပေါက်ကွဲသည့် အချိန်ကိုလည်း မမှတ်မိစရာ အကြောင်းမရှိ။ အဘယ်ကြောင့်ဆိုသော် ဗိုင်းနမိုက်များ ပေါက်သည်နှင့် အနီးအနားရှိအိမ်များမှ နာရီလက်ပတ်များလည်း တစ်ပြိုင်နက် ရပ်တန့်သွားသောကြောင့် ဖြစ်သည်။

သို့ဖြင့် နောက်ဆုံးတွင် ကွင်းဆက်များ တစ်ခုပြီးတစ်ခု ဆက်စပ်ကြည့်လိုက်ရာ ထိုလူသတ်မှုအား ကျူးလွန်ခဲ့သူ မော်လ်တန်အား ရုပ်လုံးဖော်ဆောင်နိုင်ခဲ့လေသည်။ မော်လ်တန်သည်လည်း မည်သို့မျှ မငြင်းတော့ဘဲ အမှန်အတိုင်း ဖြောင့်ချက်ပေးခဲ့လေသည်။

သုံးပွင့်ဆိုင် ချစ်ပြဿနာကို ဗိုင်းနမိုက်ဖြင့် ဖြေရှင်းခဲ့သည့် လူမိုက်ကြီး မော်လ်တန်အယ်လစ်၏ နောက်ဆုံး သွားရာလမ်းကား သေဒဏ်ပါတည်း။

ဘနှင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ မယားစရိတ်၊ ကလေးစရိတ် ရပိုင်ခွင့်ပြဿနာ

မြန်မာနိုင်ငံ မယားစရိတ်(စားစရိတ်)နှင့် ကလေးစရိတ်(စားစရိတ်) ရပိုင်ခွင့်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပြီး၊ သိသင့်မှတ်သင့်သော ဥပဒေပြဿနာကို အလျဉ်းသင့်သဖြင့် အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြ **တင်ဆက်လိုက်** ပါသည်။

**[က] မယားစရိတ်နှင့် ကလေးစရိတ်**
**ငွေကြေးပမာဏ အရေအတွက်**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၄၉၀ အထူးမှတ်ချက် ဖော်ပြချက်အရ မယားစရိတ်၊ ကလေးစရိတ်ကို ရယူလျှောက်ထားတောင်းဆိုရာတွင် တရားမကြောင်းနှင့်ဖြစ်စေ၊ ပြစ်မှု(ရာဇဝတ်)ကြောင်းနှင့်ဖြစ်စေ လျှောက်ထားတရားစွဲဆိုနိုင်ပါသည်။ (ခင်ပွန်းသည် လင်ယောကျ်ားအပေါ် တရားစွဲဆိုနိုင်ခြင်းကို ဆိုလိုပါသည်။) အကယ်၍ တရားမကြောင်းဖြင့် တရားစွဲဆိုပါက စရိတ်မှာ အကန့်အသတ်မရှိချေ။ သို့ရာတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုလျှင်မူ မယားစရိတ်မှာ ငွေကျပ် ၁၀၀/–ထက် မပိုစေရပါ။ ကလေးစရိတ်ကတော့ သားသမီးတစ်ယောက်လျှင် ငွေကျပ် ၁၀၀/–ထက် ပိုမိုရပိုင်ခွင့်မရှိပါ။

**စာရေးသူ၏ အကြံပြုချက်တစ်ခု**

ဤတွင် စာရေးသူက တရားလွှတ်တော်ရှေ့နေတစ်ယောက်အနေဖြင့် မြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်အား အပြုသဘောဖြင့် အကြံပြုလိုသည်မှာ တရားမ

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းဥပဒေနှင့် ရာဇဝတ်ကြောင်းဥပဒေတို့ကို စားစရိတ် တစ်ပြေးတည်း၊ တစ်ညီတည်းဖြစ်အောင် ညီတူညီမျှဖြစ်အောင် ပြန်လည်ပြင်ဆင်ပေးသင့်ပါသည်။ ဆိုလိုသည်မှာ ယခုမျက်မှောက်ခေတ်တွင် ငွေ ၁၀၀ိ/-ကျပ်မှာ မည်မျှ တန်ဖိုးမရှိချေ။ ခေတ်ငွေကြေးတန်ဖိုးနှင့်အညီ တိုးမြှင့်ပြင်ဆင်ပေးသင့်လှပါသည်။ လွှတ်တော်အရပ်ရပ်တွင် မည်သည့်ပြည်သူ့ကိုယ်စားလှယ်ကမျှ အဆိုတင်သွင်းသည်ကို မတွေ့ရှိရ၍ စာရေးသူက ယခုလို အပြုသဘောဖြင့် အကြံပြုခြင်းဖြစ်ပါသည်။ (ရိုးသားစွာ အကြံပြုခြင်းဖြစ်ပါသည်။ ပြည်သူ့အကျိုးအတွက်သက်သက်ပါ။ ဉာဏ်အမြော်အမြင်ကြီးသော လွှတ်တော်ကိုယ်စားလှယ်နှင့် ရှေ့နေကြီးများ ပြန်လည်ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုလိုပါသည်။)

## မယားစားစရိတ်ရပိုင်ခွင့်

(က) လင်ယောက်ျား ခင်ပွန်းသည်နှင့် ကွာရှင်းပြတ်စဲပြီးလျှင်ဖြစ်စေ၊ မယားက နောက်အိမ်ထောင်ပြုလိုက်လျှင်ဖြစ်စေ လင်ယောက်ျားခင်ပွန်းသည်ထံမှ မယားစရိတ် တောင်းပိုင်ခွင့်၊ ရပိုင်ခွင့် မရှိတော့ချေ။

(ခ) လက်ထပ်ပြီးသည့်နောက် ပေါင်းသင်းခြင်းမရှိသည့်တိုင်အောင် လင်ဖြစ်သူက မယားအား စားစရိတ်ပေးရပါမည်။ (ဥပဒေအကိုးအကား 1965-B-L.R, Page:149)

(ဂ) လင်မယား သဘောမတိုက်ဆိုင်၍ မယားက အိမ်ပေါ်မှ ဆင်းသွားပြီး ၎င်း၏ မိဘအိမ်သို့ ခဏခေတ္တသွားရောက်နေထိုင်လျှင် မကွာရှင်းသမျှ ကာလပတ်လုံး လင်က နောက်မိန်းမယူသည့်တိုင်အောင် ခင်ပွန်းသည်အနေဖြင့် မယားစရိတ်ထောက်ပံ့ရန် တာဝန်ရှိသေး၏။ [ဥပဒေအကိုးအကား–1965-B.L.R(CC), Page: (662)]

(ဃ) လင်နှင့်မယား နှစ်ဦးသဘောမတိုက်ဆိုင်၍ နှစ်ဦးသဘောတူ ခွဲခြားသီးခြားနေထိုင်ကြလျှင် မယားက မယားစရိတ်တောင်းဆိုပိုင်ခွင့်မရှိတော့ပါ။ [ဥပဒေကိုးကားချက်–1969-B.L.R(CC) ကရားရုံးချုပ် ဆုံးဖြတ်ချက်၊ စာမျက်နှာ(၂၄၄)]

(င) လင်မယားပြန်ပေါင်းကြသည့်တိုင်အောင် ခွဲခြား(သီးခြား)နေထိုင်စဉ်ကာလအတွက် မယားစရိတ်ကို ခင်ပွန်းသည်က ပြန်လည်စုပေါင်းတွက်ချက်ပေးရန် တာဝန်ရှိ၏။ (တရားရုံးတော်က မယားစားစရိတ်**ချမှတ်**ပြီးသည့်အခါမှ စပြီး ပေးရမည်ဖြစ်၏။ [ဥပဒေကိုးကားချက်–1971-B.L.R, Page: 9]

## ကလေးစားစရိတ်

ကလေးစားစရိတ် ဆိုသည်မှာ ကလေး၏ ကျန်းမာရေး၊ ဆေးဖိုးဝါးခများ၊ ပညာရေးစရိတ်(ကျောင်းနေစရိတ်များ) ပါဝင်ပါသည်။ စားဝတ်နေရေး အကုန်ပါဝင်၏။ ကောလိပ်၊ တက္ကသိုလ်စရိတ်ပါ ပါသည်။

(က) ကလေးသည် မိမိဘဝရပ်တည်နိုင်သည်အထိ ဖခင်က ကလေးစားစရိတ် ထောက်ပံ့ပေးရန်တာဝန်ရှိ၏။ [ဥပဒေကိုးကားချက်–1970-B.L.R တရားရုံးချုပ် ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်၊ စာမျက်နှာ(၇၄)]

(ခ) သားသမီးစရိတ်ဆိုသည်မှာ ရရှိသောကလေး တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ ဖခင်က ကလေးစရိတ် ပေးကိုပေးရမည် ဖြစ်သည်။ (ဥပဒေကိုးကားချက်–ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ–၄၉၀၊ မှတ်ချက်၊ ရှင်းလင်းချက်)

(ဂ) လူတစ်ယောက်(ဖခင်)ဖြစ်သူသည် ရဟန်းဘောင်ထဲသို့ ဝင်သွားသည့်တိုင်အောင် မယားစရိတ်နှင့် သားသမီးစရိတ်ပေးရန် တာဝန်ရှိပေသည်။ မယားစရိတ်၊ သားသမီးစရိတ် ပေးကမ်းထောက်ပံ့ရန် တာဝန်ကင်းလွတ်နိုင်မည် မဟုတ်ပါချေ။ [ဥပဒေကိုးကားချက်–1 Ram., Page: 226]

*Ref:-*


(၁) မြန်မာဗုဒ္ဓဘာသာတရားဥပဒေ
(မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ)

(၂) ရာဇဝတ်ကျင့်ထုံးလမ်းညွှန်
(ဦးမြင့်အောင်၊ တရားသူကြီးဟောင်း၊ ယခုကွယ်လွန်၊ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ)



**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# သကြားအိတ် တန်တစ်သောင်းအောက်မှ စစ်လက်နက်ပစ္စည်းများ လျှို့ဝှက်သယ်ဆောင်လာသည့် မြောက်ကိုရီးယား ကုန်တင်သင်္ဘော



ပနားမားနိုင်ငံ၊ ပနားမားတူးမြောင်းကို ဖြတ်သန်းရန် စီစဉ်နေသော မြောက်ကိုရီးယား ကုန်တင်ပင်လယ်ကူးသင်္ဘောကို သက်ဆိုင်ရာအာဏာပိုင်များက မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေစစ်ဆေးသောအခါ ဒုံးလက်နက်များအပါအဝင် စစ်လက်နက်ပစ္စည်းများ လျှို့ဝှက်သယ်ဆောင်လာသည်ကို ဖမ်းဆီးရမိကြောင်း ၂၂-၇-၁၃ သတင်းတွင် ဖော်ပြလိုက်သည်။


မြောက်ကိုရီးယား ကုန်တင်သင်္ဘော ချောင်ချွန်ဂန်သည် ကျူးဘားနိုင်ငံမှ သကြားအိတ်များ တင်ဆောင်လာသည်ဟု ကြေညာချက်ထုတ်ပြန်ပြီး မြောက်ကိုရီးယားနိုင်ငံသို့ ဦးတည်ခုတ်မောင်းစဉ် ပနားမားနိုင်ငံပိုင် တူးမြောင်းကို ဖြတ်သန်းစဉ်အတွင်း သက်ဆိုင်ရာတို့က သင်္ဘောကို မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေသောအခါ သကြားအိတ်များအောက်တွင် လျှို့ဝှက်သယ်ဆောင်လာသည့် တရားမဝင် စာရင်းဖော်ပြထားခြင်းမရှိသော ခေတ်ဟောင်းစစ်လက်နက်ပစ္စည်း တန်ချိန် ၂၄၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။ တွေ့ရှိသော ပစ္စည်းများမှာ မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက် နှစ်စင်း၊ အသင့်တပ်ဆင်မထားသော ဒုံးပျံ ၉ ခု၊ MIG.21 အင်ဂျင် ၁၅ လုံးနှင့် စက်သုံးလောင်စာဆီထည့်ထားသော MIG.21 စစ်လေယာဉ် နှစ်စင်းတို့ဖြစ်သည်။ ထိုသို့ရှာဖွေဖမ်းဆီးရမိစဉ် ကုန်တင်သင်္ဘောကပ္ပတိန်သည် သူ့လည်ချောင်းကိုသူ လှီးဖြတ်သတ်သေရန် ကြိုးစားခဲ့သည်ဟု ဆိုသည်။ ပနားမားသမ္မတက ၎င်းတို့၏တူးမြောင်းသည် ငြိမ်းချမ်းရေးအတွက် ဖြတ်သန်းသွားလာနိုင်သော တူးမြောင်းဖြစ်ပြီး၊ စစ်ရေးနှင့်ပတ်သက်သော သယ်ဆောင်ဖြတ်သန်းရန်မဟုတ်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံ၏ ပြောကြားချက်မှာ ၎င်းစစ်လက်နက်ပစ္စည်းများသည် ဆိုဗီယက်နိုင်ငံလုပ် ခေတ်ဟောင်းစစ်ပစ္စည်းများဖြစ်ကြပြီး ပြန်လည်ပြုပြင်ပြီး နိုင်ငံကာကွယ်ရေးအတွက် အသုံးချရန်အတွက် ပြင်ဆင်နိုင်ရန် မြောက်ကိုရီးယားသို့ ပေးပို့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသံထက်မြန်သော MIG.21 စစ်လေယာဉ်များတွင် စက်မောင်းဆီ အသင့်ထည့်ထားသဖြင့် လက်ရှိအသုံးပြုနေသော စစ်လေယာဉ်များဖြစ်သည်ဟု ယူဆရကြောင်း ပနားမားသမ္မတက ပြောကြားခဲ့သည်။

ညီမြင်းလွင်(မော်ကျွန်း)


*Ref: Internet News, 25.7.2013*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကြုံခဲ့ဖူးသော ထိုတစ်နေ့

## မောင်မြင့်မား (ပိုလ်ကလေး)

သောကြာတစ်ရက်ဖြစ်သည်။ နှစ်တွေ၊ လတွေ၊ ရက်တွေတော့ မမှတ်မိတော့။ ကျွန်တော်သည် ထုံးစံအတိုင်း မဂ္ဂဇင်းတိုက်ပေါင်းစုံကို ခြေတိုအောင် လှည့်လည်ပြီး နောက်ဆုံးပိတ် လာဘ်မိုးဓွေတိုက်ကို ရောက်လာသည်။ လာဘ်မိုးဓွေတိုက်တွင် ရေးဖော် ညီငယ်နန္ဒာမိုးကြယ် ရှိသည်။ နောက် ရေးဖော်သူငယ်ချင်းများဖြစ်ကြသော မောင်မြေသွေး (မြန်မာစာ)(ယခုကွယ်လွန်)၊ မောင်ညိုသွေး (ယခုကွယ်လွန်)တို့ ရှိကြသည်။

ကျွန်ဟော်သည် နန္ဒာမိုးကြယ်ထိုင်သော စားပွဲဘေးရှိ ခုံတစ်လုံးပေါ်တွင် ဝင်ထိုင်ရင်း သူ့ကိုလှေ့လာလိုက်သောအခါ သူ့စားပွဲပေါ်တွင် ကွန်ပျူတာစီပြီးသား စာမူများ၊ ဒီဇိုင်းလုပ်ရန် ပန်းချီပုံများ၊ ဓာတ်ပုံများ၊ ဖလင်ချပ်များနှင့် အလုပ်ရှုပ်နေသည်။ ကျွန်တော်အတန်ကြာအောင်ထိုင်နေသည်အထိ သူ့အလုပ်များနေဆဲ။ ကျွန်တော့်ကို လှည့်မကြည့်အား။ ခဏနေပြီးမှ အပြောင်းဆန့်ဟန် ပြုလိုက်ကာ ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။ ပြီးမှ အံ့သြဟန်ဖြင့် –

"ဟာ ... အစ်ကိုကြီး၊ ရောက်နေတာ ကြာပလား"

"ဟေ ... ကြာဆို ထမင်းတစ်အိုးချက်လောက် ရှိပေါ့"

"ဆောရီး အစ်ကိုကြီးရာ။ ဖောင်ပိတ်ခါနီးဆိုတော့ အလုပ်တွေများနေလို့။ အတော်ပဲ အစ်ကိုကြီးရောက်လာတာနဲ့"

"ဟေ ... ဘာတော်တာလဲကွ။ ငါနဲ့မတော်ဘူး။ ချောင်နေတယ်။ သူတို့ဆိုက်က အင်တာနေရှင်နယ်ကွ"

"ဟာ ... အစ်ကိုကြီး ဘာတွေပြောနေတာလဲ"

"မင်းပြောတော့ အတော်ပဲဆို။ မင်းနဲ့တော့ တော်ရင်တော်မယ်။ ငါနဲ့က မတော်ဘူး။ စာတမ်းဖတ်ပွဲကပေးတဲ့ လက်ဆောင်ကို ပြောတာမဟုတ်လား။ မင်းတို့တောင်မရလို့ ငါက မင်းကိုတစ်ခု၊ မောင်မြေသွေးကို တစ်ခုတောင် ပြန်ပေးလိုက်သေးတယ်လေ။ အဲဒါပြောတာ မဟုတ်လား"

"ဟာ ... အစ်ကိုကြီးက ရှုပ်ကုန်ပြီ။ ကျွန်တော်ပြောတာက လာမယ့် တနင်္ဂနွေနေ့မှာ ကျွန်တော့်သား မင်္ဂလာဆောင်ရှိတယ်။ အစ်ကိုကြီး လာဖြစ်အောင်လာပါ။ ရင်းတဲ့လူတွေပဲ ကျွန်

www.burmeseclassic.com

တော်ဖိတ်တာ။ ရော့ . . . အစ်ကိုကြီး အတွက်ဖိတ်စာ''

''သြော် . . . ဒီလိုလား။ ဒါဆိုရင် လာရမှာပေါ့ကွာ''

''စနေနေ့ည ကိုချစ်ကိုကိုယုတို့၊ ကိုအောင်ဆင့်တို့ လာအိပ်လိမ့်မယ်။ အစ်ကိုကြီးရော အားရင်လိုက်ခဲ့ပေါ့''

''ညအိပ်တော့ မလိုက်နိုင်ပါဘူး ကွာ။ အဓိဋ္ဌာန်ပျက်လိမ့်မယ်။ တနင်္ဂနွေ နေ့ကျတော့ လာခဲ့ပါ့မယ်''

ဤသို့ဖြင့် ကျွန်တော်သည် စနေ နေ့ကတည်းက ကြို့ချိန်းထားသည့် မောင်မြေကြီး(ပန်းတောင်း)စောင့်နေမည့် လေအန်ကုန်းဟု အမွတ္တသညာပြုထား သည့် လက်ဖက်ရည်ဆိုင်ကို နံနက် ၈ နာရီအရောက် လာခဲ့သည်။ လေအန် ကုန်းတွင် မိုးပန်းမွန်(ရာမည)၊ မောင်ဆန္ဒ (လယ်ဝေး)နှင့် မောင်သာလင်းတို့ ရောက် နေကြသည်။

သူတို့က ကျွန်တော်ရောက်သည် နှင့် သွားရန်ပြင်လိုက်တော့ ခဏနေကြ ပါဦး။ ကိုမြေကြီး(ပန်းတောင်း)နှင့်လည်း ဒီဆိုင်မှာချိန်းထားလို့ စောင့်ကြပါဦးဟု အတင်းတားကာ ထားရသည်။ ဒါတောင် ၈ နာရီ ၁၅ မှမလာရင် သွားကြမယ်ဟု လုပ်နေကြသေးသည်။

၈း၁၅ ရှိသည့်တိုင် ကိုမြေကြီး ရောက်မလာသေးသောကြောင့် ကျွန် တော်တို့အဖွဲ့ ဒလဘက်ကမ်းသို့ကူးရန် ပန်းဆိုးတန်းရှိ သင်္ဘောဆိပ်သို့ ဆင်းလာ ခဲ့ကြသည်။ ၁၅ မိနစ်သာသာလောက် အကြာတွင် ဒလဘက်သို့ရောက်သည်။ သွားမည့်နေရာက ဒလဘက်ကနေ လိုင်း ကား (သို့) တွံတေး၊ ကွမ်းခြံကုန်း ကြုံရာ ကားနှင့်စီး၍ လမ်းတွင်ရှိသော ပိတ်စွယ် ကျေးရွာတွင်ဆင်းရန် ဖြစ်သည်။နန္ဒာ မိုးကြယ်နေသောရွာက ပိတ်စွယ်ရွာဖြစ် သည်။ မင်္ဂလာဆောင်အိမ်ကလည်း ထို ရွာတွင်ပင် ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် လိုင်းကား တစ်စီးပေါ်တွင် လူမပြည့်သေး၍ ကား မထွက်သေးသောကြောင့် ထိုင်စောင့်နေ ရင်း မောင်မြင့်အောင်ဟု ကလောင် အမည်ယူထားသော စာရေးဆရာ အပိန် ကလေးတစ်ယောက် သင်္ဘောဆိုက်သော ကြောင့် လူအုပ်ထဲတွင် လိမ်ကျစ်လိမ် ကျစ်နှင့် ရောပါလာသည်။ မိုးပန်းမွန် (ရာမည)ခေါ်သံကြောင့် မောင်မြင့်အောင် တစ်ယောက် ကျွန်တော်တို့ကား နောက် မြီးတွင်တွဲ လောင်းခိုပြီးလိုက်ပါလာသည်။ ကားခက ထိုင်စီး(၁၀ိ/–)၊ ရပ်စီး (၅ိ/) ဟုသိရသည်။

ဂျက်လေယာဉ်စံချိန်အမီ မောင်း လာသော လိုင်းကားသည် တစ်နေရာ ရောက်လာသောအခါ ကားစပယ်ယာ က –

''ပိတ်စွယ်ကို မင်္ဂလာဆောင်လာ တဲ့ ဧည့်သည်တွေရောက်ပါပြီ''

ဟု အော်လိုက်သည်။ ကျွန်တော် တို့အားလုံး ကားပေါ်က ဆင်းကြသည်။ ကားစပယ်ယာက –

''မင်္ဂလာဆောင်က ဒီမှာဗျ''

လမ်းဘေးက မင်္ဂလာဆောင် မဏ္ဍပ် တစ်ခုကိုလက်ညှိုးထိုးပြသည်။ ကျွန်တော်တို့အထဲမှ အသက်အငယ်ဆုံး နုထွားကြီးဖြစ်သော မောင်ဆန္ဒ(လယ် ဝေး) က–

''ဟာ . . မဖြစ်နိုင်ဘူး။ ဒီမင်္ဂလာ ဆောင်က မဏ္ဍပ်တောင်ဖျက်နေပြီ။ ပစ္စည်းတွေလည်း သိမ်းနေပြီ။ တို့လာတဲ့ မင်္ဂလာဆောင်က ဒီမနက် ၇ နာရီက ၁၂ နာရီထိကွ။ အခုမှ ၈း၃၀ ပဲရှိသေး တာ။ ကဲ . . . ကဲ . . . ကားပေါ် ပြန် တက်ကြ။ ရှေ့နားမှာ ဖြစ်နိုင်တယ်''

ကျွန်တော်တို့အဖွဲ့ ဆရာကြီး အမိန့်အတိုင်း ကားပေါ်ပြန်တက်ကြ သည်။ ထိုအခါ မင်္ဂလာဆောင်မဏ္ဍပ်ထဲမှ လူငယ်တစ်ယောက်ပြေးထွက်လာသည်။

''ဦးတို့၊ အဒေါ်တို့ . . . မင်္ဂလာ ဆောင်က ဒီမှာပါ''

နန္ဒာမိုးကြယ်၏ သားတစ်ယောက် ဖြစ်သည်။ မင်္ဂလာဆောင်တာက သူ။ ဒါဆိုရင် သေချာပြီ၊ ကျွန်တော်တို့အဖွဲ့က ကားပေါ်က ဆင်းကြပြန်သည်။

''မင်္ဂလာဆောင်က ၇ နာရီက ၁၂ နာရီထိဆို . . . ဘယ်လိုဖြစ်တာလဲ''

''ကျွန်တော်တို့အရပ်က ဒီလိုပဲ။ လူစုံသလောက်ရှိရင် မဏ္ဍပ်ဖျက်လိုက် တာပဲ။ နောက်ရောက်လာတဲ့လူတွေ တော့ အိမ်မှာပဲဧည့်ခံတယ်။ အိမ်ကိုသွား ကြပါ''

''ဟေ . . . ဒီဓလေ့က တစ်မျိုးပါ လား''

ဤသို့ဖြင့် ပိတ်စွယ်ဟူသော ရွာ ကြီး၏ ရွာလယ်ပိုင်းလောက်တွင်ရှိသော နန္ဒာမိုးကြယ်၏အိမ်သို့ သတို့သား၏အကူ အညီဖြင့် ချီတက်ခဲ့ကြပါသည်။ ချစ်ကို ကိုယု၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်မြေသွေး(မြန်မာစာ)တို့ လင်မယား နှင့် ကိုမောင်သန်းဝင်းတို့ အပါအဝင် အဖွဲ့ သားတွေ အတော်များများ ဆုံနေကြ သည်။

နောက်ရောက်လာသော ကျွန် တော်တို့အဖွဲ့က မင်္ဂလာလက်ဆောင်များ ကို သတို့သားအမေ သျှက်ပြုံး(မြန်မာစာ) လက်ထဲသို့ထည့်ကာ ပြင်ဆင်ထားသော နံနက်စာကို သုံးဆောင်ကြသည်။ ဖွယ် ဖွယ်ရာရာ ဖြစ်သည်။ ထမင်းစားပြီး ရေ နွေးကြမ်းဝိုင်းတွင် ထွေရာလေးပါး စကား ပြောကြကာ နေ့လယ် ၁၂ နာရီသာသာ လောက်တွင် ဒလသင်္ဘောဆိပ်သို့အပြန် ကားတစ်စီးကြုံသောကြောင့် ထိုကားနှင့် ကျွန်တော်တို့အဖွဲ့ ပြန်လာကြသည်။ မောင်ဆန္ဒ(လယ်ဝေး)တစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခံသောအကျွေးအမွေးအတွက် မကျေနပ်သေးဟုထင်ပါသည်။ ကျွန်နေခဲ့သည်။

အပြန်တွင် ကျွန်တော်တို့အဖွဲ့သည် လေအန်ကုန်းတွင် ခေတ္တထိုင်ကြကာ လေအန်ကြပြန်သည်။ နောက်ဆုံးလေအန်၍ မဆုံးနိုင်သော မောင်မြေကြီး(ပန်းတောင်း)နှင့် မောင်သာလင်းကို ထားခဲ့ကာကျွန်တော်တို့ လမ်းခွဲလိုက်ကြသည်။

ကျွန်တော်ရေးမည့် ထူးဆန်းသောနေ့ တစ်နေ့အကြောင်းက ဤနေရာမှ ဇာတ်လမ်းစရမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နန္ဒာမိုးကြယ်၏သား မင်္ဂလာဆောင်ကိစ္စအတွက် တနင်္ဂနွေနေ့တွင် ရန်ကုန်ဘက်သို့သွားရာမှ ထိုအဖြစ်အပျက်ကို ကြုံတွေ့ရသောကြောင့် ရှေးဦးစွာ မင်္ဂလာဆောင်ကိစ္စကို သိုင်းဝိုင်းနေရခြင်း ဖြစ်ပါသည်။

တနင်္ဂနွေနေ့တိုင်း ကျွန်တော်သည် အိမ်တွင်အနားယူကာ စာရေး၊စာဖတ်သာ လုပ်လေ့လုပ်ထရှိ၍ ရန်ကုန်ဘက်သို့သွားလေ့သွားထမရှိ။ မမျှော်လင့်သော ထိုတစ်ရက်ကျမှ ရန်ကုန်ကတစ်ဆင့် ဒလ၊ ဒလမှ ပိတ်စွယ်ရွာသို့သွားကာ အပြန်တွင် ရန်ကုန်မြို့ထဲမှ လမ်းလျှောက်၍ သန်လျင်ကားဂိတ်သို့အသွားတွင် မောင်ငြိမ်းအောင်(သစ်လုပ်ငန်း)ဆိုသော စာရေးဆရာတစ်ယောက်နှင့် တွေ့ကာ ဇာတ်လမ်းတစ်ပုဒ် ကြုံတွေ့ရခြင်းဖြစ်သည်။

ကျွန်တော်ဆက်ပါမည်။

ကျွန်တော်သည် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထိပ်တွင် ယောင်လည်လည်နှင့် ကားစောင့်နေစဉ် ကျွန်တော်၏ပခုံးကို တစ်စုံတစ်ယောက်က နောက်မှနေ၍ ပုတ်လိုက်သောကြောင့် လှည့်ကြည့်လိုက်မိသည်။ ထိုပုဂ္ဂိုလ်ကား ကျွန်တော်နှင့် လွန်စွာ ခင်မင်ရင်းနှီးသော မောင်ငြိမ်းအောင်(သစ်လုပ်ငန်း)အမည်နှင့် စာရေးနေသည့် လူငယ်တစ်ယောက်ဖြစ်သည်။ မောင်ငြိမ်းအောင်က–

"ဆရာ ဘာလုပ်နေတာလဲ"

"ကားစောင့်နေတာလေ၊ သန်လျင်ပြန်မလို့"

"အတော်ပဲဆရာ။ ဆရာ အချိန်ရတယ်မဟုတ်လား။ ကျွန်တော်နဲ့ ခဏလောက် =လိုက်ခဲ့ပါ"

"ဘယ်ကိုတုံး မောင်ငြိမ်းအောင်ရဲ့"

"ကျွန်တော် ဆရာနဲ့တွေ့တုန်းက ပြောခဲ့ဖူးတဲ့ (မြိတ်)မောင်ယဉ်ဦးနဲ့ ဆရာ့ကို မိတ်ဆက်ပေးမလို့၊ သူကလည်း ဆရာ့ကို တွေ့ချင်နေတယ်။ စောပါသေးတယ် ဆရာ။ ကျွန်တော်နဲ့လိုက်ခဲ့ပါ။ (မြိတ်)မောင်ယဉ်ဦးက တစ်ပတ်လုံးမှ ... ဒီတနင်္ဂနွေနေ့တစ်ရက်ပဲ အားတာ။ သူနဲ့ ၃၆ လမ်းထဲမှာတွေ့မယ်။ ဆရာနဲ့တွေ့ရင် သူဝမ်းသာမှာ"

"ဒါဆိုလည်း သွားလေ"

ကျွန်တော်နှင့် မောင်ငြိမ်းအောင်တို့နှစ်ယောက် ၃၆ လမ်းထဲက ညောင်ဝတီဆိုင်ကို ချီတက်ခဲ့ကြသည်။ မောင်ယဉ်ဦးကို မတွေ့။ ဆက်လက်၍ ပန်းဆိုးတန်းက အားမာန်သစ်ကို ချီတက်ကြပြန်သည်။ မတွေ့။ ဆက်လက်၍ ဘူတာကြီးရှေ့က ဆိုင်တစ်ဆိုင်ကို ချီတက်ကြပြန်သည်။ မတွေ့ပြန်။ မောင်ငြိမ်းအောင်က –

"ဒီဆိုင်မှာ ခဏစောင့်ဆရာ၊ သူ့အိမ်ကို ဖုန်းဆက်ကြည့်မယ်။ သူက တနင်္ဂနွေတစ်ရက်ပဲ အားတာဆိုတော့ မြို့ထဲကိုရောက်နေတတ်တာ။ အခု သူသွားလေ့သွားထရှိတဲ့ ဆိုင်တွေမှာ ရှာမတွေ့ရင် သူ့အိမ်ပြန် ရောက်နေလောက်ပြီ။ ကဲ .. ဆရာကြိုက်တာမှာပြီး ခဏစောင့်။ ကျွန်တော်ဖုန်းသွားဆက်ဦးမယ်"

ကျွန်တော်တစ်ယောက်တည်းထိုင်ကာ စိတ်ကူးတည့်ရာမှာ၍ စားသောက်နေရင်းက ခဏအကြာတွင် မောင်ငြိမ်းအောင်ပြန်ရောက်လာသည်။

"အိမ်မှာတွေ့တယ်ဆရာ။ ခုပဲ အပြင်က ပြန်ရောက်တယ်တဲ့။ ရေချိုး အဝတ်အစားလဲပြီး ထွက်ခဲ့မယ်တဲ့၊ နာရီဝက်လောက် စောင့်ပါတဲ့"

"အေး ...အေး ...စားရင်း သောက်ရင်း စောင့်ကြတာပေါ့"

ကျွန်တော်နှင့် မောင်ငြိမ်းအောင်တို့နှစ်ယောက် ထွေရာလေးပါး စကားပြောကာ စားသောက်နေကြရင်း နာရီဝက်ကျော်လောက်တွင် ဆိုင်အတွင်းသို့ ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်နှင့် တရုတ်ကြီးတစ်ယောက် ကျွန်တော်တို့ရှိရာစားပွဲသို့ရောက်လာသည်။ မောင်ငြိမ်းအောင်က ပျာပျာသလဲထကာ နေရာပေးသည်။

"ထိုင် ... ကိုယဉ်ဦး၊ ကျွန်တော်တို့ရောက်နေတာကြာပြီ။ ဒီဆရာက ကိုယဉ်ဦးကို ကျွန်တော်ပြောပြောနေတဲ့ ဆရာပဲ။ ဒီနေရာမှာ တိုက်တိုက်ဆိုင်ဆိုင် မချိန်းဘဲတွေ့ကြတော့"

"ဟုတ်ကဲ့ဆရာ ... တွေ့ရတာ ဝမ်းသာပါတယ်။ ဆရာ့အကြောင်း မောင်ငြိမ်းအောင်က တွေ့တိုင်းပြောတယ်။ ဆရာ့နာမည်ကိုတော့ ရင်းနှီးနေတာကြာပြီ။ ကျွန်တော်က ကုမ္ပဏီဝန်ထမ်းဆိုတော့ တနင်္ဂနွေတစ်ရက်ပဲ အားတော့ တွေ့တုန်းအေးအေးဆေးဆေးပေါ့ ဆရာ"

(မြိတ်)မောင်ယဉ်ဦးဆိုသည့်အတိုင်း မြိတ်သားဆိုတော့စကားဝဲသည်။ အတော်နားထောင်ယူရသည်။ စကားကြာကြာ ပြောမှ လေယူလေသိမ်းဖမ်းမိကာ နားလည်လာသည်။ အသားဖြူသည်။ တရုတ်ကြီးနှင့်တူသည်။ လူပျိုကြီး ဖြစ်သည်။ ရိုးသားသည်။ ပျော်ပျော်နေတတ်သည်။ အပေါင်းအသင်းကိုလည်း ခင်တတ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သုံးယောက် တစ်နာရီလောက်ထိုင်ပြီး စကားကောင်းနေကြရင်း ထိုဆိုင်တွင် ထိုင်ရသည်မှာ ငြီးငွေ့လာသောကြောင့် ဆိုင်တစ်ဆိုင်ပြောင်းရန် ဆုံးဖြတ်လိုက်ကြသည်။ ဤသို့ဖြင့် ကျွန်တော်တို့သုံးယောက် ၃၅ လမ်း အပေါ်ဘလောက်မှ ထက်(၂)ဟု အမည်ရသော ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။ ထိုဆိုင်တွင် ကျွန်တော်နှင့် မောင်ငြိမ်းအောင် မကြာခဏထိုင်ခဲ့ဖူးသည်။

ထိုဆိုင်တွင် လိုအပ်သော စားစရာ၊ သောက်စရာများမှာရင်း ကျွန်တော်တို့ စကားကောင်းနေကြပြန်သည်။ မောင်ယဉ်ဦးက သူရေးခဲ့သော ဝတ္ထုရှည်အကြောင်းနှင့် သူလေ့လာထားသော ဆလုံရိုးရာဓလေ့များကို မပျင်းရအောင် သူပြောပြသည်။ ဆလုံဓလေ့က စိတ်ဝင်စားဖို့ကောင်းသည်။ စာရေးဆရာများ အရေးနည်းသော လူနည်းစုဖြစ်သော ဆလုံရိုးရာဇာတ်လမ်းများကို သူက ဗီဒီယို အဖြစ်တင်ပြချင်နေသည်။ ကျွန်တော်ကလည်း အားပေးသည်။ ရှားရှားပါးပါး ဇာတ်လမ်းများကို ကျွန်တော်မသိတာတွေ တော်တော်များများရှိသည်။ သူပြောပြသောကြောင့် ဗဟုသုတ တော်တော်ရသည်။

ကျွန်တော်တို့ ထိုဆိုင်တွင် ထိုင်စဉ်က စားသောက်နေကြသော အခြားဝိုင်း တစ်ဝိုင်းသာ ရှိသည်။ ဆိုင်ကဖွင့်ခါစဖြစ်၍ အဲယားကွန်းများတပ်ရန် ပြင်ဆင်နေကြသည်။ ထို့ကြောင့် အဲယားကွန်းတပ်ဆင်နေသော အလုပ်သမားများက အလုပ်ရှုပ်နေကြသည်။ လှေကားထောင်လိုက်၊ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက် လုပ်နေကြသည်။

ကျွန်တော်နှင့် မောင်ငြိမ်းအောင်က ဆိုင်အပြင်ဘက်သို့ မျက်နှာမူ၍ထိုင်ကာ (မြိတ်)မောင်ယဉ်ဦးက ကျောခိုင်းထိုင်နေသည်။ မောင်ယဉ်ဦး၏ကျောဘက် ၁၅ ပေအကွာတွင် လူငယ်တစ်ယောက်က အလူမီနီယံလှေကားကလေး တစ်ခုကို ထောင်ကာ အပေါ်ကိုတက်နေသည်။ မောင်ယဉ်ဦးက ကျောခိုင်းထား၍မမြင်။ ကျွန်တော်နှင့် မောင်ငြိမ်းအောင်က အလုပ်သမားများ လှုပ်ရှားနေပုံကို အားလုံးမြင်နေရသည်။

မျက်နှာကြက်အမြင့်က ၁၅ ပေလောက် မြင့်သည်။ လူငယ်က လှေကားကို မျက်နှာကြက်တစ်နေရာရှိ အထစ်တစ်ခုတွင်မှီ၍ တစ်လှမ်းချင်း တက်သွားသည်။ မျက်နှာကြက်နှင့် ခေါင်းနှင့် ထိခါနီးအရောက်တွင် အောက်ခြေလှေကားရင်းသည် ချောနေသော ကျောက်ပြားပေါ်တွင်ဖြစ်၍ တဖြည်းဖြည်းလျှောကာ အပေါ်ကမှီထားသော အထစ်ကလည်း လွတ်သွား၍ လှေကားရော လူပါ ပြုတ်ကျသွားပါတော့သည်။

မောင်ငြိမ်းအောင်တော့ မသိ။ ကျွန်တော့်မျက်လုံးများ ပြာသွားသည်။ ဝုန်းခနဲအသံနှင့်အတူ စားသောက်နေသော လူများနှင့် ဆိုင်တွင်းမှ အလုပ်သမားများပါ ဆူညံသွားသည်။ မောင်ငြိမ်းအောင်ကြောင်နေသည်။ (မြိတ်)မောင်ယဉ်ဦးက လန့်ဖျပ်ကာ လှည့်ကြည့်လိုက်သည်။ ပြုတ်ကျသွားသော လူငယ်က နေရာတွင် ငြိမ်သက်နေသည်။

ကျွန်တော့်ဘဝတွင် ထိုကဲ့သို့ မျက်မြင်ကိုယ်တွေ့ ထိတ်လန့်ဖွယ်အဖြစ်မျိုး တစ်ခါမှ မကြုံခဲ့ဖူးပါ။ မျက်စိအောက်တွင် သွေးသံရဲရဲအဖြစ်မျိုးလည်း မကြုံဖူးပါ။ (မတော်တဆ ဓားရှ၊ ဓားထိမိတာမျိုးမှ အပဖြစ်သည်) တစ်ခါကဆိုလျှင် ကျွန်တော် အထက်အညာကို ဘုရားဖူးအဖွဲ့နှင့် ခရီးသွားရင်း တစ်နေရာတွင်ကားရပ်၍ ထမင်းဆိုင်တစ်ခုတွင် ထမင်းစားကြသောအခါ အခြား ဘုရားဖူးကားတစ်စီး ဝင်လာသည်။ ထမင်းဆိုင်ရှင်နှင့် ရင်းနှီးပုံရသည်။

သူတို့ပြောစကားအရ ကျွန်တော်တို့ ရှေ့ဆက်သွားမည့်လမ်းတွင် ကားနှစ်စီး ခေါင်းချင်းဆိုင်၍ တိုက်မိကြသောကြောင့် သေကြကျေကြနှင့် သွေးသံရဲရဲ အလောင်းများကို မကြည့်ရဲသောကြောင့် သူတို့ကားကို မြန်မြန်မောင်းထွက်လာကြကြောင်း ပြောနေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့လည်း ထိုအကြောင်းကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ကျွန်တော်ကလည်း ထိုကဲ့သို့အဖြစ်မျိုးကို မကြားလို၊ မမြင်လိုသောကြောင့် ရွတ်ဆိုနေကျ ဂုဏ်တော်၊ ပရိတ်တရားတော်၊ ဂါထာတော်များကို စိတ်ထဲက ရွတ်ဆိုနေမိသည်။ အားလုံး ထမင်းစားသောက်ပြီးကြ၍ ကားပေါ်တွင် လူစုံ၍ ကားစက်နှိုးသောအခါ ကားကနှိုးမရ၊ မိုးမချုပ်မီ မိမိတို့ကားက အချိန်မီ တည်းခိုမည့်နေရာသို့ ပြန်မည်ဖြစ်၍ စိတ်ပူနေကြသည်။

နံနက်မိုးလင်းကတည်းက တစ်လမ်းလုံး ကောင်းလာခဲ့သော ကားသည် အခုမှ နှိုးမရဖြစ်နေသည်။ ထိုနေရာတွင် ကားပြင်ရင်း တစ်နာရီလောက်ကြာသွားသည်။ ကားစက်နှိုး၍ မောင်းထွက်လာသောအခါ လမ်းတွင် ခေါင်းချင်းဆိုင် တိုက်မိသောကားဆို၍ တစ်စီးတလေမှ မတွေ့။ သွေးသံရဲရဲလည်း မမြင်။ နောက်မှ တည်းခိုမည့်နေရာရောက်မှ သိရသည်။ သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းသွား၍ သွေးကွက်များပင် ရေဆေးထားသောကြောင့် မတွေ့ရခြင်းဖြစ်သည်။

နောက်မှ ကျွန်တော်တွေးခဲ့သည်။ ထမင်းဆိုင်တွင် ကားပျက်နေ၍ ကားအလာနောက်ကျသောကြောင့် မမြင်ရခြင်း ဖြစ်နိုင်သည်။ ကားသာမပျက်လျှင် ထိုမြင်ကွင်းကို မိမိတွေ့ရမည်မှာ မုချဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းကလည်း ရန်ကုန်ထဲတွင် လိုင်းကားစီးသွားရင်း ကားမှတ်တိုင်တစ်ခုရောက်တော့ မှတ်တိုင်မှာကား စောင့်နေသော ခရီးသွားအချင်းချင်း ပြောသံ ကြားလိုက်သည်။ လူတစ်ယောက်ကို ကားတိုက်သွားသောကြောင့် သွေးများ အိုင်ထွန်း၍ ပိုးလိုးပက်လက် လမ်းပေါ်မှာ သေနေသည်တဲ့။ ဖြစ်ပျက်တဲ့နေရာက လည်း မိမိသွားမည့်ခရီး၏ ရှေ့တစ်မှတ်တိုင်ကျော်ကျော်မှာ။

သို့သော် မိမိတို့ကား ထိုနေရာကို ရောက်တော့ ဟိုတစ်စု၊ သည်တစ်စု စကားပြောနေသော လူများသာ တွေ့ရတော့သည်။ သွေးသံရဲရဲ မြင်ကွင်းကို မတွေ့ရ၊ သွေးကွက်များကို ရေဆေးထားသော ရေကွက်များသာတွေ့ရသည်။

ကျွန်တော် ထိုကဲ့သို့ အမှတ်တရ ဖြစ်ပျက်ခဲ့သော မတော်တဆ ထိခိုက်မှု မျိုးကို နီးနီးကပ်ကပ်သာ ကြားလိုက်ရသည်။ အဖြစ်အပျက်ကို မမြင်လိုက်ရ၊ သွေးသံရဲရဲမျိုး မတွေ့လိုက်ရ၊ တစ်နည်းမဟုတ်တစ်နည်း လွဲချော်သွားတာမျိုးပဲ ကြုံရသည်။

ကျွန်တော့်တွင် ယုံကြည်ချက်တစ်ခုရှိသည်။ ထိုယုံကြည်ချက်ကို ခိုင်မြဲအောင်လည်း ကျင့်ကြံသည်။ ကျွန်တော် **နို့စို့ဘဝ** လုပ်လေ့လုပ်ထရှိသည်မှာ အိပ်ရာထဲ **ဘုရားရှိခိုး** ဂုဏ်တော် ပရိတ်တော်များ **ရွတ်ဖတ်ပြီး** ကျွန်တော်အလွတ်ရနေသော **အောက်ဖော်ပြပါ** အစချီ ဂါထာများကို တစ်ပုဒ်လျှင် အနည်းဆုံး ကိုးခေါက်ရွတ်သည်။

နံနက်ခင်း အကြောင်းတစ်စုံတစ်ရာကြောင့် ရွတ်ချိန်မရလျှင် နေ့လယ်ရွတ်သည်။ နေ့လယ်မရွတ်မိလျှင် ညကိုရွတ်သည်။

တဏှင်္ကရော အစချီဂါထာ၊

ဘဝသောတံ ဟာဝေဗုဒ္ဓေါ အစချီ ဂါထာ၊

ဣဒ္ဓိမန္တောစ ယေဒေဝါ အစချီ ဂါထာ၊

ပဋ္ဌမံ သက လက္ခဏ အစချီ ဂါထာ၊

အင်္ဂေါ ဗုဒ္ဓေါ အစချီဂါထာ၊

ာဒ္ဒာနမေတံ အစချီဂါထာ၊

သဗ္ဗေဒေဝါစ ယက္ခာစ အစချီ ဂါထာ၊

ဝေဒါသာကု အစချီဂါထာ၊

ဇိနံဝန္ဒထ ဂေါတမံ အစချီဂါထာ၊

ဒိဝါတပတိ အာဒိစ္စော အစချီ ဂါထာ၊

ဇိနောဇယံ ကာယံဝမ္မံ အစချီ ဂါထာ၊

ဣတိပိ ပိဋကတ္တရံ အစချီဂါထာ တို့ ဖြစ်သည်။

ကားမှတ်တိုင်မှာ ကားစောင့်နေလည်း ရွတ်သည်။ ကားစီးရင်းလည်း ရွတ်သည်။ လမ်းသွားရင်းလည်း ရွတ်သည်။ အချိန်အားရတိုင်း သတိရတိုင်း အအားမနေ ထုံမွှမ်းနေအောင် ရွတ်သည်။ ထိုကဲ့သို့ နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် အန္တရာယ်ဆိုး၊ ဘေးဆိုး တစ်စုံတစ်ရာ ပင်မတွေ့၊ မြင်လည်းမမြင်ရ၊ သူများကြုံတာကိုပင် ကိုယ့်မျက်စိရှေ့မှာ မကြုံဖူးပေ။

ယခုလည်း မောင်ငြိမ်းအောင်နှင့် (မြိတ်) မောင်ယဉ်ဦးတို့ မျက်စိမျက်နှာ ပျက်နေချိန်တွင် မိမိက ပူပင်သောကမရှိဘဲ ပြုံးရွှင်စွာနှင့် သူတို့နှစ်ယောက်အား–

"မောင်ငြိမ်းအောင် ... စိတ်မပူပါနဲ့ ဘာမှမဖြစ်ပါဘူး"

"မြင့်တယ်ဆရာ၊ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်"

"မဖြစ်ပါဘူး မောင်ငြိမ်းအောင်။ ငါပြောတာယုံ၊ ငါ့ဘဝမှာ ဒီလိုမျိုး ကိုယ်တွေ့ တစ်ခါမှ မကြုံဖူးသေးဘူး။ ဒါပေမဲ့ ငါယုံကြည်တယ်။ ငါ့ရှေ့မှာ ကြုံတွေ့ရတဲ့ လူငယ်လေး ဘာမှမဖြစ်စေရဘူး။ ပွန်းတာပဲ့တာတောင် မဖြစ်စေရဘူး၊ အချိန်အားရတိုင်း၊ သတိရတိုင်း၊ သတ္တဝါတွေ အားလုံးကို မေတ္တာပို့ပြီး ရွတ်နေတဲ့ဂါထာတွေရှိတယ်။ အိမ်ကထွက်လာကတည်းက ရွတ်နေတာ၊ အဲဒီအားကိုးတွေကြောင့် စောစောက လိမ့်ကျခဲ့တဲ့ လူငယ်ကလေး ဘာမှမဖြစ်စေရဘူးပြောတာ"

မောင်ငြိမ်းအောင်က လူများဝိုင်းအုံကာပြုစုနေသော စောစောက လိမ့်ကျသွားသည့် လူငယ်ရှိရာသို့ ထသွားသည်။ ခဏကြာတော့ သူပြန်လာသည်။

"ဆရာပြောတာမှန်တယ် ဆရာ၊ စောစောက လိမ့်ကျသွားတုန်းက သတိလစ်သွားတယ်။ ခုတော့ သတိပြန်ရပြီ။ ဘာမှမဖြစ်ဘူး ပွန်းတာပဲ့တာတောင်မရှိဘူး။ ကောင်းသွားပါပြီ။ ကျွန်တော်စောစောက မြင်လိုက်တုန်းက မျက်နှာနဲ့မြေကြီးပြင်ပေါ်ကိုကျတာဆိုတော့ အနည်းဆုံးတော့ နဖူးကွဲ၊ ခေါင်းကွဲဖြစ်မှာပဲလို့ ထင်လိုက်တာ အခုတော့ ဘာမှကိုမဖြစ်ဘူး ဆရာ"

မောင်ငြိမ်းအောင်က ကျွန်တော့်အား အထူးအဆန်းတစ်ယောက်လို ကြည့်သည်။ ကျွန်တော်က ပြုံးရုံပဲပြုံးလိုက်သည်။

ကျွန်တော်တို့သုံးယောက် ရောက်တတ်ရာရာစကားများ လက်ဆုံပြောကြပြီး ညနေ ၅ နာရီလောက်တွင် လမ်းခွဲကြသည်။ ကျွန်တော်သည် လိုင်းကားပေါ်တွင် နေ့လယ်က အဖြစ်အပျက်များကို စဉ်းစားရင်း ရွတ်နေကျဂါထာများကို စိတ်ထဲက ရွတ်နေမိသည်။

---


**မောင်မြင့်မား(ဗိုလ်ကလေး)**



www.burmeseclassic.com

www.burmeseclassic.com

# သုံးနှစ်အတွင်း မူးယစ်ဆေးသစ်များ ငါးဆယ်ရာခိုင်နှုန်းတိုးလာ



ဗင်း ဘင်နာမြို့ ရိုက်တာနှင့် အေပီ သတင်းဌာနများမှ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးအေဂျင်စီ၏ သတင်းများကို ကိုးကား၍ တရားဝင်ဆေးဝါး ပုံစံသစ်အသွင်ဖြင့် သုံးနှုန်း၊ အတွင်း၌ မူးယစ်ဆေးသစ်များသည် ငါးဆယ် ရာခိုင်နှုန်းတိုးလာသည်ဟု သတင်းများ ရေးသားလိုက်ကြ၏။ ၎င်းဆေးသစ်များသည် အန္တရာယ်မရှိဟု ထင်ရသော်လည်း သုံးစွဲမိသူများအတွက် မူးယစ်ဆေးသဖွယ် အန္တရာယ်ရှိသည်ဟု ထိုသတင်းဌာနများက ဆက်လက်ရေးသားထား၏။

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေး ရာဇဝတ်မှုရုံး၏ ၁၅၁ မျက်နှာပါ အစီရင်ခံစာထဲတွင် ထိုအကြောင်း ရေးသားထား၏။

ကြောက်စရာကောင်းသော မူးယစ်ဆေးအမြဲသုံးသူများဖြစ်သည်၊ တရားဝင်ရောင်းသော ဆေးဝါးများဖြစ်သည်၊ အင်တာနက်မှတစ်ဆင့် ရောင်းသည်၊ ဆေးဆိုင်ကြီးများတွင်လည်း ရောင်းကြသည်၊ စိတ်ကိုကြွစေသော ဆေးများဖြစ်သည်၊ လုံခြုံစိတ်ချရမှုအတွက် စမ်းသပ်မှုမပြုလုပ်ဘဲ ရောင်းသည်၊ သမားရိုးကျ မူးယစ်ဆေးဝါးများထက် ပင် ပို၍အန္တရာယ်ရှိသည်'' ဟု အစီရင်ခံစာထဲတွင် ရေးသားထား၏။

ဆေးအမည်ထဲတွင် 'စပိုက်စ်'၊ 'မီးညှောင်၊ မီးညှောင်'၊ 'ဘတ်သ်ဆော့စ်' စသည်ဖြင့် ပါရှိရာ လူငယ်များက ကြော်ငြာကိုကြည့်ပြီး ဝယ်သုံးကြရာမှ စွဲသွားကြသည်။ ၎င်းဆေးများကို သုံးစွဲလာသူဦးရေသည် နှစ်ဆတိုးလာသည်ဟု သိရ၏။

အမေရိကန်တွင် အဆိုပါ ဆေးမျိုးပေါင်း ၁၅၈ မျိုးကို ၂၀၁၂ က ဖြင့် ခဲ့ရာ ဥရောပယူနီယံနိုင်ငံများမှာထက် နှစ်ဆရှိခဲ့၏။ ထိုဆေးသစ်များကို အာရှတိုက်နိုင်ငံများ၌လည်း သုံးမှုများ လာသည်ဟု သိရ၏။

ထိုအစီရင်ခံစာထဲတွင် အမေရိကန်၌ ကုတ်ကင်းအသုံးပြုမှုသည် ၅၀ ရာခိုင်နှုန်းလျော့လာ၏။ (၂၀၀၆ က ထက် လျော့လာခြင်း ဖြစ်သည်။) ဥရောပတွင် ဘိန်းဖြူအသုံးသည်လည်း လျော့နည်းလာ၏။ သို့သော်လည်း လက်တင်အမေရိကတိုက်နှင့် အာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးလာသော နိုင်ငံများတွင်မူ ကုတ်ကင်းအသုံးပြုမှုများ လာသည်ဟု ထိုအစီရင်ခံစာတွင် ရေးသားထား၏။

ကမ္ဘာတစ်ခွင်တွင် မူးယစ်ဆေးသုံးစွဲမှုကြောင့် နှစ်စဉ်သေဆုံးနေသော လူဦးရေသည် နှစ်သိန်းရှိသည်ဟု အစီရင်ခံစာအရ သိရ၏။

ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီ၏ ၂၀၁၃ ကမ္ဘာ့မူးယစ်ဆေးအစီရင်ခံစာတွင် မူးယစ်ဆေးကို ဆေးထိုးအပ်ဖြင့် ကိုယ်ခန္ဓာထဲထိုးသွင်းခြင်းကြောင့် အိပ်ချ်အိုင်ဗွီရောဂါပိုးရပြီး အေအိုင်ဒီအက်စ်ဖြစ်သူ လူဦးရေမှာ လျော့နည်းလာသည်ဟု ဖော်ပြထား၏။

၂၀၁၁ တွင် လွန်ခဲ့သော သုံးနှစ်က ခန့်မှန်းခဲ့သည်ထက် ဖော်ပြပါ ဆေးထိုးအပ်ကြောင့် အိပ်ချ်အိုင်ဗွီ ရသူ လူဦးရေဖြစ်သော ၁၅ နှစ်နှင့် ၆၄ နှစ်အကြားရှိ လူဦးရေသည် ၄၆ ရာခိုင်နှုန်း လျော့ကျလာ၏။

မူးယစ်ဆေးသုံးသူများသည် စိတ်ကြွစေသော မူးယစ်ဆေးသစ်ကို အသုံးပြုမှုများလာရာ၌ အာဖရိကတိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ငှင်းဆေးသစ်များ အသုံးပြုမှုများလာ၏။ အထူးသဖြင့်ပင်လယ်ရေကြောင်းလမ်းသင့်သော အရှေ့နှင့်အနောက်အာဖရိက၌ ငှင်းဆေးသစ်များ အရောင်းအဝယ်များနေသည်ဟု အစီရင်ခံစာအရ သိရ၏။


၂၀၀၉ နောက်ပိုင်း၌ အရှေ့အာဖရိကတွင် ဘိန်းဖြူများကို ဖမ်းဆီးရရှိမှုသည် ၁၀ ဆ တိုးလာ၏။

အာရှတိုက်တွင် အထူးသဖြင့် အရှေ့တောင်အာရှတွင် မူးယစ်ဆေးသုံးစွဲခြင်းကို နှိပ်ကွပ်မှုသည် ရှေးကထက် အရှိန်မြင့်လာနေရာ 'အေအက်ဖ်ပီ' သတ ်းတစ်ပုဒ်၌ မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင် ၂၀၁၃၊ ဖွန်လအတွင်းက မူးယစ်ဆေးမျိုးစုံ အမေရိကန်ဒေါ်လာ ၅၁၂ သန်းခန့် တန်ဖိုးရှိသည့် မူးယစ်ဆေးများကို ဖျက်ဆီးခဲ့သည်ဟု ဖော်ပြထား၏။

မြသိန်း

*Ref: T.S.T, 27.6.2013*

## လေယာဉ်ပျက်ကျ မီးလောင်ရာမှ လွတ်မြောက်ခဲ့သော်လည်း မြေပြင်ရောက်မှ ကားတိုက်ခံရပြီး သေဆုံးခဲ့ရသည့်ဖြစ်ရပ်



၆. ၇. ၁၃ နေ့တွင် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တော်မှ အမေရိကန်သို့ ခရီးသည် ၃၀၇ ဦး တင်ဆောင် လာသော အက်စီနာလေကြောင်းကုမ္ပဏီပိုင် ဘိုးရင်း ၇၇၇ လေယာဉ်ကြီးသည် ဆန်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်သို့ အဆင်းတွင် လေယာဉ်အမြီးပြတ်ထွက် ပျက်စီးမီးလောင်ခဲ့ရာ ခရီးသည်များ လေယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရကြသည်မှအပ သေဆုံးမှုမရှိခဲ့သော်လည်း မြေပြင်အရောက် ဘေးလွတ်ရာထွက်ပြေးကြရာမှ တရုတ်လူမျိုး မိန်းကလေးတစ်ဦး ယာဉ်တိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း ဝမ်းနည်းဖွယ်ဖြစ်ရပ်ကို သတင်းစာ၌ ဖော်ပြလိုက်သည်။

ဘိုးရင်း ၇၇၇ လေယာဉ်သည် လေယာဉ်ပြေးလမ်းနှင့် ဘီးထိထိချင်း အမြီးပိုင်းပြတ်ထွက်ကာ မီးလောင်ခဲ့သည်။ ဆန်ဖရန်စစ္စကို လေဆိပ်တွင် အသင့်တာဝန်ချထားသော မီးသတ်ကားများက မီးလောင်နေသော လေယာဉ်ဆီ ချက်ချင်းရောက်လာပြီး ဖုံးတိုက်မီးသတ်သေး (အမြှုပ်များဖြစ်သော ဓာတုမီးသတ်ဆေး)ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းခဲ့သည်။ လေယာဉ်တွင်ပါသော ခရီးသည် ထက်ဝက်ခန့် ဒဏ်ရာရပြီး သေဆုံးမှုမရှိဟု ထင်ရသော်လည်း မီးငြိမ်းပြီး အခြေအနေအေးချမ်းသွားတော့မှ တစ်ပေခန့်အထူရှိသော ဖုံးတိုက်မီးသတ်ဆေးအမြှုပ်များအောက်တွင် သေဆုံးနေသည့် တရုတ်လူမျိုး 'ရီ'အမည်ရှိ မိန်းကလေး၏ အလောင်းကို တွေ့ရသည်။ သေမှုသေခင်းစစ်ဆေးရေးအရာရှိ၏ စစ်ဆေးတွေ့ရှိချက်အရ 'ရီ'မသေဆုံးမီ မီးလောင်လေယာဉ်မှ အသက်မသေ ပြေးထွက်နိုင်ခဲ့သော်လည်း ဘေးကင်းသော အကွာအဝေးရောက်မှ ကားတိုက်ခံရခြင်းဖြစ်သည်။ အခင်းဖြစ်ပွားစဉ်ကလည်း မီးသတ်ကားများသာ သွားလာနေကြခြင်းဖြစ်သော်လည်း မည်သည့်ကားကမျှ 'ရီ'ကို တိုက်မိကြောင်း သတင်းပို့ခြင်းမရှိဟု ဆိုသည်။ သေမှုသေခင်းစစ်ဆေးရေးအရာရှိကတော့ အမှုမှန်ပေါ်ရေးအတွက် မီးသတ်ကားများကို ဖောင်းပေးစုံစမ်းစစ်ဆေးနေသည်။

ညိုမြင့်းလွင်(မော်ကျွန်း)

*Ref: Ruters, 20.7.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆင်ရိုင်းမောင်မောင် နှင့် ရေဘဝဲအမှုကြီး

# ဇာတ်သိမ်းပိုင်း

မောင်မောင်(မြန်မာပြည်)

(ယခင်လမှအဆက်)

မလက္ကာရေလက်ကြားအကျော်

မောင်မောင်ဆက်သွယ်ရေး အရာရှိအဖြစ် တာဝန်ထမ်းရွက်နေသော ရေဘဝဲသင်္ဘောကြီးသည် အင်ဒိုနီးရှားကျွန်းစု မလက္ကာရေလက်ကြားအတွင်း ဖြတ်ကျော်နေပြီဖြစ်၏။ ရေဘဝဲပေါ်လိုက်ပါလာခဲ့သော မူးယစ်ဆေးဝါးဂိုဏ်းသားများက အမြင်မကြည်လင်တော့ပေ။ မောင်မောင်သတိကြီးစွာ နေထိုင်နေရတော့သည်။ တစ်နေ့ ညနေစာ ထမင်းစားချိန်အရာရှိအခန်းထဲ မာလိန်မှူး ဒုတိယအရာရှိ(ပ)အရာရှိတို့နှင့်အတူ ညနေစာစားနေချိန် ရုတ်တရက် သင်္ဘောသားနှစ်ဦးက မောင်မောင်အား နောက်မှနေဖမ်းချုပ်ကြတော့၏။

မောင်မောင်က ကိုင်ဆောင်ထားသော ဇွန်းခရင်းနှင့်နောက်ပြန်တွယ်ထည့်ပြီး ထရန်ကြိုးစားစဉ် နောက်မှနေ ဦးခေါင်းအား သံတုတ်နှင့်ရိုက်ခံလိုက်ရကာ ခေါင်းမူးဝေသွားစဉ် နောက်ပြန်ဖမ်းချုပ်ပြီး မနီလာနိုင်လွန်ကြိုးဖြင့် တုပ်နှောင်ကြတော့၏။ အများနှင့်တစ်ယောက် မဟတ်နိုင်ပေ။ ရုပ်ရှင်ထဲက သိုင်းကားတွေအက်ရှင်ကားတွေလို တော့တစ်ယောက်တည်းမနိုင်ခဲ့ပေ။

မောင်မောင့်အား ထိုင်ခုံပေါ်ထိုင်စေပြီး ဝိုင်းထိုးနှက်ကြပြီး အထူးရဲဘပ်ဖွဲ့ဝင်ဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားခိုင်းတော့၏။ ထိုသူများကို အသနားခံ၍ ရမည်မဟုတ်ချေ။ မောင်မောင်ကလည်း မြန်မာလူမျိုး ပီပီ ဘာမထီသည်မို့ မကြောက်မရွံ့ ရဲဝံ့စွာပင် မိမိအထူးရဲတပ်ဖွဲ့ဝင်ဖြစ်ကြောင်း ဝန်ခံလိုက်တော့သည်။

ထိုအခါ ငဖယ်တွယ်သလို သူတို့ စိတ်ကြိုက်ဝိုင်းကာ ထိုးကြိတ်ကြတော့၏။ မောင်မောင့်မှာ ပေါက်ပြဲဒဏ်ရာများနှင့် သွေးအလိမ်းလိမ်းရှိရတော့သည်။ သတိတော့ လက်မလွှတ်နိုင်သေးသော်လည်း သံမဏိလူသားမဟုတ်သည့်အတွက် ဒဏ်ရာဒဏ်ချက်များကြောင့် မျော့ကာ ရှိတော့သည်။ ထိုအခါမှ သူတို့ လက်စွမ်းပြခြင်းကို ရပ်လိုက်တော့၏။

ခေတ်သေးသည်ဟုဆိုရမည် မောင်မောင်အိတ်များထဲရှိ အသုံးအဆောင်ပစ္စည်းများ မယူဆောင်သွားကြပါ။ သူ့တို့ရှာဖွေသည်က သေနတ်တည်း။ ရှာမတွေ့သောအခါ မောင်မောင့်အား ဒရွတ်တိုက်ဆွဲခဲ့သူများကား ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်များဖြစ်သော တတိယအရာရှိနှင့် စားပွဲထိုးတို့တည်း။ စားပွဲထိုးက စတီးလ်ဓါးလေးတစ်ချောင်းအသာ မောင်မောင်အနားချထားပေးခဲ့၏။ သဘောက နောက်ပြန်ချည်နှောင်ထားသော နိုင်လွန်ကြိုးအား ဖြတ်ရန်တည်း။ အအေးခန်းမှာ တံခါးနှစ်ထပ်ဖြစ်ပြီး ရေခဲအမှတ်အောက်(၅° C)ရှိ၏။ ကြာရှည်ပါက အေးခဲကာ သေဆုံးရမည်ပေ။ ပြီးမှ မောင်မောင့်အလောင်းအားရေထဲပစ်ချကာ ဖျောက်မည်ဖြစ်၏။ စစ်ဆေးမေးမြန်းပါကလည်း ဆက်သွယ်ရေးအရာရှိ အရက်မူးလွန်၍ ရေထဲပြုတ်ကျသေဆုံးသွားသည်ဟု ဖြေကြမည်ပေ။

အများနှင့်တစ်ယောက်မို့ သူတို့ဘက်က ပြောသမျှ သက်သေပြထွက်ဆိုမှုသာ အကျုံးဝင်သည်မို့ အမှန်တရားသည် ပင်လယ်ပြင်ထဲ နစ်မြှုပ်ကွယ်ပျောက်သွားမည်ပေ။ ပင်လယ်ပြင်ထဲ အလောင်းရှာဖို့

www.burmeseclassic.com

ဆိုသည်က မလွယ်ပါ၊ သဗ္ဗေသတ္တာ ကမ္မသကာဟု သဘောထားရပေတော့မည်။ အအေးခန်းထဲရောက်တော့ မောင်မောင်ဒဏ်ရာဒဏ်ချက်များ နာကျဉ်မှုအတွက် မညည်းညူနိုင်အားဘဲ အတွင်းမှ လွတ်မြောက်ရေးအတွက် သာ စဉ်းစားရတော့၏။

နောက်ပြန်ချည်နှောင်ထားသည့် ကြိုးအား ရှေ့ဘက်သို့ရောက်အောင် ကြိုးစားရပါသေး၏။ လွယ်ကူသည်တော့မဟုတ်ပါ။ ကျွမ်းဘားအတတ်ပညာကြောင့်သာ ဖြစ်နိုင်၏။ နောက်ပြန်လက်နှစ်ဖက်အတွင်းသို့ တင်ပိုင်းကို ဦးစွာသွင်းရသည်။ ထို့မှ ဒူးကွေးကာ ခြေနှစ်ချောင်းပါ လက်တွင် ကျွံသွင်းရပြန်၏။ ဒူးညွှတ်ကာပြုလုပ်ရသဖြင့် ကိုယ်ကိုတင်းတောင့်ထား၍ မရ ကိုယ်ပျော့ထားမှ ကိုယ်ကာယ ပျော့ပျောင်းပြီး လုပ်ရနိုင်ပေသည်။

ခက်ရခက်ဆစ်လက်အစုံကို ရှေ့ကသို့ရောက်အောင်ပြုလုပ်ပြီးပါမှ စတီးဓားလေးအား လက်နှစ်ဖက်အတွင်း ရောက်အောင်ပြုရပြန်၏။ ပေါင်မုန့်လှီးသော စတီးယ်ဓားဖြစ်၍ လွှသွား စိတ်ကလေးများပါရှိသဖြင့် ကြိတ်လှီး ဖြတ်ရသည်မှာ ပိုမိုထိရောက်ပေသည်။ အချိန်အခါသည်ကား ရပ်တန့်မနေ စက္ကန့်အမျှ ပြောင်းလဲရွေ့လျားနေ၏။ အအေးဓာတ်များက မောင်မောင်အား နှိပ်စက်စပြုလာနေတော့၏။ ကိုယ်တွင်းအပူငွေ့များကြောင့် သာ ရပ်တည်နေလို့ရပါသေးတော့သည်။

လက်တွင် ချည်နှောင်ထားသော ကြိုးကို ဓားဖြင့်ဖြတ်တောက်ပြီးသည့်နောက်တွင် အအေးခန်းကြီးအား ပိတ်ဆို့ထားသော ထုထည်ခြောက်လက်မအထူရှိသော ရေလုံလေလုံ တံခါး(Water tide Door)အား ဖွင့်ရန် လိုအပ်နေပြီဖြစ်၏။ ထိုတံခါးကို ဖွင့်နိုင်ပါမှ လေအေးစက်(Coller Mechine)ကို ပိတ်ရန် ခလုတ်ကို အသုံးပြုနိုင်ပေမည်။

တော်ပါသေးသည်ဟုဆိုရမည်။ ကံကြမ္မာက ကိုယ့်ဘက်မှာရပ်တည်နေသေး၏။ မိမိအားအင်တာပိုလ်ဌာနချုပ်က ပို့ပေးခဲ့သော ခေတ်မီလက်နက်ဆန်းများပါရှိနေသည်မဟုတ်ပါလား။ ထိုသည်ကား လေဆာရောင်ခြည်ထုတ်လုပ်နိုင်သော ဖောင်တိန်ပင်ဘည်း။ နောက်တစ်ချောင်းက မေ့ဆေးအပ်ငယ်ကလေးများနှင့်ပစ်ခတ်နိုင်၏။ မူးယစ်ဆေးဝါးကိုဏ်းသားများက ရိုးရိုးဖောင်တိန်ထင်မှတ်၍ သိမ်းဆီးမသွားကြချေ။

လေဆာရောင်ခြည်ထုတ်သော ဖောင်တိန်လေးအား ထုတ်လိုက်ပြီး ဦးစွာ အဖုံးကိုလှည့်ဖွင့်ရ၏။ နောက်ဖက်ဖင်တွင် လှည့်၍တပ်ဆင်ရပြန်သည်။ အံဝင်ခွင်ကျတပ်ဆင်ပြီးသော အခါမှ အနည်းငယ်ဆွဲဆန့်ပြီး ဦးစွာ ဘယ်ဘက်သို့ သုံးခါလှည့်ပြီး နောက်ပိတ်အား သုံးချက်နှိပ်ရ၏။ ပြီးသော် ညာဘက်သို့နှစ်ကြိမ်ပြန်လှည့်ပြီး နှစ်ကြိမ်နှောင်ဖင်ကို နှိပ်လိုက်သောအခါမှ နီရဲသော လေဆာရောင်ခြည်တန်းလေး ထွက်ပေါ်လာတော့၏။ ထိုလေဆာရောင်ခြည်ဖြင့် ခြောက်လက်မထုထည်တံခါးကြီးအား သော့ပေါက်နေရာသို့ စတင်ထိုးကာ သံတံခါးထုအား ဖောက်ထွင်းရတော့၏။

လေဆာရောင်ခြည်စွမ်းအားက ပြင်းလှ၏။ သိပ်အချိန်မကြာခင် အတွင်း ခြောက်လက်မသံထုထည် တံခါးကြီးပွင့်သွားပါတော့သည်။ နောက်တံခါးကတော့ ထည်ထည်ပါးလွှာသည်မို့ အခက်အခဲသိပ်မရှိပါချေ။ မဖွင့်မီ အအေးခန်းစက်အားပိတ်ပစ်လိုက်၏။ အရေးပေါ်အချက်ပေး ခလုတ်ပါဖြုတ်ရသေး၏။ (Auto Emergency Signeal Pannnel Switch)ပြီးသော် မှန်ဗိုင်းပေါက်မှ အအေးခန်းသို့ လူလာမလာကိုကြည့်လိုက်၏။ ရှင်းသည်။ ထိုတံခါးအား ဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့၏။ မိမိ၏ လက်ဆွဲတော် ဝေါလ်တာပီပီကေပစ္စတိုသေနတ်အား ဖိနပ်အောက်ခံရော်ဘာဆိုးယ်ခလုတ်အား ဖွင့်ထုတ်ပြီး ကိုင်ဆောင်ကာထွက်ခဲ့ရ၏။ အများနှင့်တစ်ယောက်မို့ သူရဲကောင်းဆန်စွာလက်နက်မဲ့ ပညာများဖြင့် တိုက်ခိုက်၍ မဖြစ်ချေ။

လက်ဦးမှုရယူရမည်ပေ။ သင်္ဘောနောက်ဖက်ထမင်းဟင်းချက်ပြုတ်ရာအခန်း(Galley)သို့ ရောက်လာခဲ့၏။ ထမင်းချက်ကြီးက ကျော့ပေးချက်ပြုတ်နေ၏။ အသာ



www.burmeseclassic.com

www.burmeseclassic.com

ခြေသံမကြားအောင် လှစ်ကနဲကပ်သွားလိုက်ပြီး သေနတ်ဒင်ဖြင့် နောက်စေ့ကို မိတ်ဆက်ပေးလိုက်ရ၏။ ထမင်းချက်ကြီး ကြယ်တွေလတွေ မြင်ယောင်ရာ အသိစိတ်ဟင်းလင်းပြင် ဖြစ်သွားတော့၏။

ထမင်းချက်ကြီးအား ကြမ်းပြင်သို့ အသာဖေးမချလိုက်ပြီး နောက်ဖက်တံခါးပေါက် သင်္ဘောပဲ့ပိုင်း (AFT)မှနေ ထွက်ခဲ့၏။ ဦးစွာအခန်းများနံဘေးမှ ဖြတ်ကျော်ရ၏။ အပြင်သို့ မြင်နိုင်သော မှန်ဝိုင်းပေါက် (Puthole)များအရောက်တွင်တော့ ကိုယ်ကိုငုံ့ကာ ဖြတ်ရ၏။ ရန်သူများ မရိပ်မိအောင် ဂရုစိုက်ရပေသည်။ အသက်ကယ်လှေ၏ အောက် (Under Lifeboat )တွင် အရေးပေါ် အသက်ကယ်လှေပေါ်သို့ ဆင်းသက်ရန် ကြိုးလှေကား(Jaccob Ladder) ထားရှိ၏။ ဖုံးထားသော မိုးရေခံ သရေပြားအားဖယ်ရှားပြီး လှေကားအား ပင်လယ်ပြင်ထဲသို့အသာချရ၏။ ညကြည့်ခရိုနိုဂရမ်ပါ(မီးစုန်းဓာတ်) (Chronograph)လက်ပတ်နာရီကြည့်လိုက်ရာ ညနေ ၆နာရီခန့် ရှိနေပြီ အမှောင်ထုက တစ်ဖြည်းဖြည်းလွှမ်းခြုံလာလျက်ရှိနေပြီတည်း။

ပင်လယ်ရေပြင်နှင့်မိတ်ဆက်မိသောအခါတွင်တော့ သင်္ဘောကြီးအောက်သို့ ငုပ်လျှိုးကာ ယက်မတွင် ချည်နှောင်ထားသော အသက်ကယ်ရော်ဘာလှေ့ရှိရာသို့ အရောက်အား ကန်ကူးခတ်သွားရ၏။ အသက်ကယ်ရော်ဘာလှေအား ချည်နှောင်ကြိုးများ ဖြုတ်ရပြန်သည်။ နံဘေးတွင် ရေငုပ်ဝတ်စုံနှင့် အောက်စီဂျင်ဘူးအလတ်တွဲ ချည်နှောင်ထားပေးခြင်းက အသုံးဝင်လာပေသည်။

ရေထဲတွင် ကြာရှည်စွာအသက်ရှူဖို့ မလွယ်ပါချေ။ စလုံလူမျိုးတို့ဆိုပါက မွေးကတည်းက မွေးပြီးချင်း ရေထဲပစ်ချလိုက်ကြ၏။ ရေပေါ်ပေါ်လာသော ကလေးသာ သူတို့စလုံမျိုးနွယ်အစစ်အမှန် ဘုရားရှင်က ပို့ပေးခဲ့သည်ဟု ယူဆကြ၏။ ရိုးရိုးသာမန်လူတို့မှာ နာရီဝက်ခန့်ပင် မနည်းအသက်ရှူအောင့်နိုင်ကြပေသည်။ အောက်စီဂျင်ဘူးအလတ်အားသည် နာရီ ခြောက်နာရီခန့် အသက်ရှူရန် အထောက်အကူပြု၏။

မောင်မောင်၏ ပေါက်ပြဲတုတ်ပြတ်သည့် အသားအရေဒဏ်ရာများက ပင်လယ်ဆားငံရည်ထိတွေ့မှုကြောင့် အနာကို ဆားသိပ်ခံရသလို မခံမရပ်နိုင်အောင်စပ်ဖျဉ်းဖျဉ်းဖြစ်ရ၏။ သွေးညှီနံ့ရပါကလည်း ငမန်းတို့ရောက်ရှိလာပြီး ရန်ရှာကြမည်ကိုလည်း စိုးရိမ်ရ၏။ သို့သော် ငမန်းရောက်ရှိမလာခင် အသက်ကယ်ရော်ဘာလှေလေးအား အဆင်သင့်ပြုလုပ်နိုင်သဖြင့် အပေါ်ရောက်အောင်ဆွဲနိုင်ပြီး ကိုယ်ကိုလိမ့်တက်လိုက်မိတော့သည်။ မည်သို့ဆိုစေ အသက်ကယ်ရော်ဘာလှေလေးပေါ်ကနေ ကောင်းကင်ပေါ်က ကြယ်တာရာများကို ကြည့်ရသည်မှာ ဘဝအတွက် မမေ့နိုင်း ရာနေ့ညလေးတစ်ည ဖြစ်မည်ထင်ပါသည်။

မူးယစ်ဆေးဝါးနှိမ်နင်းရေး

ခေတ္တပင်ပန်းနွမ်းနယ်သမျှကို ပက်လက်လှန်ကာ အမောပန်းဖြေမိပါသည်။ အသက်ကယ်ရော်ဘာလှေထဲပါသော ဂျော်နီဝါကား(Jonnie Walker)၊ ဘလူးလေဘယ်(Blue Label) ပုလင်းအားဖွင့်ကာ တစ်ငုံလောက် အာခံတွင်းငုံသောက်သောက်လိုက်မှ ပူကနဲ နွေးထွေးကာ သွားတော့၏။ လှေလေးပေါ်ပါသည့် အရေးပေါ် သူနာပြုဘူး(Firstaids tool Box)ဖွင့်ကာ အရက်ပြန်နှင့် ဂွမ်းစထုတ်ကာ ပေါက်ပြဲဒဏ်ရာများကို ဆေးကြောပြီး ဆေးထည့်ရလေ၏။

အနည်းငယ်နေသာထိုင်သာရှိသွားတော့မှ စင်ကာပူအင်တာပိုဌာနခွဲသို့ ဆက်သွယ်ရေးစက်ပါ မီးခြစ်လေးဖြင့် ဆက်သွယ်ရပေတော့သည်။

"စလုံးကကောင်းကင်..စလုံးကောင်းကင်ကြားလား"

"ကြားတယ်..လျှို့ဝှက်အမည်ပြောပါ.."

"ဆင်ရိုင်း..ဆင်ရိုင်းမောင်မောင်ကြားလား"

"ဟား..ဆင်ရိုင်းကြီးရေ့..ကျန်းမာပါရဲ့လားဗျ..."

အဟတ်..ခုထိတော့ စတေးကိုယင်းစတောင်း(Still Going strong) ပါပဲဗျာ.."

"ဝမ်းသာတယ်..ဒါနဲ့ဘယ်က



www.burmeseclassic.com

www.burmeseclassic.com

သတင်းပို့နေတာလဲ··"

"ရေဘဝဲပေါ်ကနေ ပင်လယ်ပြင်ထဲရောက်နေပြီလေ··"

"ဟာ··အခြေအနေဆိုးပါလား"

"ကဲဗျာ··ကျုပ်ကိုရဟတ်ယာဉ်နဲ့ လာခေါ်ပါဦးဗျ··မလက္ကာရေလက်ကြားမှာ N260'E နဲ့ NNE 28° SSE ကြားမှာရှိနေတယ်··အသက်ကယ်ရော်ဘာလှေလေးပေါ်မှာဗျ··နီးလာရင်တော့ ကျုပ်မီးကျည်ဖောက်လိုက်ပါ့မယ်··ဒါပဲ··"

"အေး··ပေးပို့ချက်ရပြီ··သည်မှာ မေလင်းအပျိုကြီးက မင်းကိုသတိရပါတယ်လို့ပြော··ပြော··ဟ··ဟ··ဟေ့··"

သည်လိုပါပဲ မိမိတို့ရဲဘော်ရဲဘက်တပ်ဖွဲ့ဝင်များက မောင်နှမရင်းချာပမာ စကြနောက်ကြတတ်ပါသည်။ အလုပ်တာဝန်အရ သူသေကိုယ်သေအတူ ယှဉ်တွဲတာဝန်ထမ်းဆောင်ကြရ၏။ တစ်ခါတစ်ရံ အကြင်လင်မယားအဖြစ် ပင်ပန်းဆောင်ကာ တာဝန်ထမ်းကြရပါသေး၏။

စိတ်သာမူလဟု ဗုဒ္ဓမြတ်စွာဘုရားရှင်မိန့်တော်မူခဲ့သည်။ အလုပ်သဘောအရ ဆက်ဆံကြရသော်မှ ပြစ်မှားလိုစိတ်မရှိအောင် စောင့်ထိန်းကြရပါသည်။ မောင်မောင့်အား ဆိပ်ကမ်းအာဏာပိုင် (Coast Guard) ရဲတပ်ဖွဲ့မှ ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်ဒေသသို့ လိုက်လံရှာဖွေကယ်တင်ခဲ့ရန် ထွက်ခွာလာပြီဖြစ်ကြောင်း သတင်းပို့ချက်ရ၏။ အဆက်အသွယ်မပြတ်စကားပြောစက်ဖြင့် ပြောကြားခဲ့ရပြီး မိမိရှိနေသောနေရာသဲကွဲစွာတွေ့ရှိစေရန်အတွက် အချက်ပြမီးကျည်ပစ်ဖောက်ပြသရပေသည်။

မိမိအား တွေ့ရှိပြီမို့ ရဟတ်ယာဉ်မှနေ သံခြင်းသံလှောင်အိမ်အား သံမဏိကြိုးဖြင့် ပင်လယ်ပြင်သို့ချပေးခဲ့ကြသည်။ မောင်မောင်ဝင်ရောက်ပြီးသည်နှင့် ရော်ဘာအသက်ကယ်လှေအား လေပေါက်ဖွင့်ကာ ချိတ်ဖြင့် တင်ဆောင်၏။ ရဟတ်ယာဉ်ပေါ်သို့ မကြာမီရောက်ရှိပြီးနောက် စင်ကာပူနိုင်ငံသို့ ဦးရှုထွက်ခွာလာခဲ့ကြတော့သည်။ ရေဘဝဲသင်္ဘောကား မနက်ဖြန် ည ၈ နာရီခန့်အချိန်မှ စင်ကာပူနိုင်ငံရေပိုင်နက်ထဲသို့ ဝင်ရောက်မည်မို့ မိမိတို့လက်ဦးမှုရယူနိုင်မည်ဖြစ်၏။

## ရေဘဝဲကိုဖမ်းဆီးမိပြီ

မောင်မောင်ကား အနားယူချိန်မရသေးဘဲ အင်တာပိုဌာနချုပ်သို့ လိုက်ပါခဲ့ရပြန်သည်။ ရောက်သည်နှင့်မောင်မောင့်အား ဒဏ်ရာဒဏ်ချက်များကို ချုပ်တန်ချုပ် ဆေးထည့်တန်ထည့်ပေးကြရပြန်သည်။ နို့မဟုတ်ပါက ပင်လယ်ရေဆားများစားသဖြင့် အနာမှာ ဟက်တက်ကြီးဖြစ်သွားနိုင်၏။ ဆေးကိစ္စပြီးစီးမှ ဌာနခွဲတာဝန်ခံရဲမှူးကြီးထံသို့ သတင်းပို့ရန် မောင်မောင်သွားရောက်ရ၏။

မောင်မောင်ရေဘဝဲနှင့်ပတ်သက်သမျှအား အစီရင်ခံပြောပြရ၏။ အရေးပေါ်စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရမည်မို့ ရဲမှူးများအပါအဝင် တာဝန်ရှိသူများအားလုံးအစည်းအဝေးခန်းမတွင် မည်သို့ဆောင်ရွက်ကြမည်ကို အသေးစိတ်တိုင်ပင်ဆွေးနွေးခဲ့ကြ၏။ ရဲတပ်ဖွဲ့ဝင်များသည် ဆီဖြည့်ရေဖြည့် မော်တော်ဘုတ်များနှင့် အလုပ်သမားများအသွင် ဟန်ဆောင်ကာ ရေဘဝဲသင်္ဘောသို့ ချဉ်းကပ်ကြမည်ဖြစ်၏။ မောင်မောင်နှင့် ကျန်ရဲတပ်ဖွဲ့ဝင်များ လက်ရွေးစဉ် ငါးယောက်က စားနပ်ရိက္ခာများ သင်္ဘောပေါ်ပို့ဆောင်မည့် ကုမ္ပဏီလူများအဖြစ် သင်္ဘောပေါ်တက်ရောက်ကြမည်ဖြစ်၏။ သင်္ဘောပေါ်ဝင်ရောက်စီးနင်းနေစဉ်တွင်တော့ ကျန်ရဲတပ်ဖွဲ့ဝင်များက ရဲမော်တော်ဘုတ်များဖြင့်လည်းကောင်း ရဟတ်ယာဉ်များဖြင့်လည်းကောင်း သင်္ဘောကြီးကို ဝိုင်းရံအားဖြည့်ကြမည်ဖြစ်၏။ အစီအစဉ်ပြီးဆုံးပြီမို့ မောင်မောင့်အား ပီးရော့ (Parrot) ကြက်တူရွေးဟော်တယ်သို့ ပို့ဆောင်ပေးကြ၏။ အဝတ်အစားအသစ် နှစ်စုံပါဝယ်ယူခဲ့ရပါသေး၏။

ဟော်တယ်ခန်းသို့ ရောက်သောအခါ နံနက် ၃ နာရီခန့်ရှိနေပြီဖြစ်ရာ ရေချိုးခန်းသို့ဝင်ကာ ရေမိုးချိုးရ၏။ တစ်ခါသုံး (One Time Used) သွားပွတ်တံနှင့် မုတ်ဆိတ်ရိပ်ဓားကိရိယာများပါ ထားပေးသဖြင့် တော်သေး၏။ ထိုးထိုးထောင်ထောင်



www.burmeseclassic.com

www.burmeseclassic.com

အမွေးအမျှင်များကို ရိတ်လိုက်ရတော့သည်။ ပင်ပန်းသမျှပေါ့ပါးသွားပေသည်။ မာဘိုရိုစီးကရက်တစ်လိပ်ထုတ်ပြီး သောက်၏။ အခန်းထဲကို ရေခဲသေတ္တာထဲမှ အေဘီစီစကော့(ABC Scott)ဘီယာ တစ်လုံးယူကာ သောက်၏။ ပြီးမှ အိပ်ရာဝင်ခဲ့၏။ အိပ်မက်လေးပင် မမက်နိုင်အားဘဲ တချိုးတည်းနှစ်ခြိုက်စွာအိပ်မောကျသွားခဲ့ရာ နံနက် ၈ နာရီတွင် တယ်လီဖုန်းဖြင့် မေလင်းက သူမစည့်ခန်းတွင် စောင့်နေသည်ဟုပြောကြားမှ မောင်မောင်သတိရတော့၏။ မေလင်းကား အင်တာပိုရဲတပ်ဖွဲ့ဂင်ရဲအုပ်အရာရှိမတစ်ယောက်ဖြစ်ပြီး မောင်မောင်၏ချစ်သူများထဲမှ တစ်ယောက်တည်း။ လက်ထပ်ပေါင်းသင်းကြဖို့တော့ နှစ်ယောက်စလုံးတွင် စိတ်ကူးမရှိကြချေ။

မောင်မောင်လည်း ကိုယ်လက်သန့်စင်ရေမိုးချိုးပြီး ရယ်ဒီမိတ်ညကဝယ်ယူခဲ့သော ဟာဝီယန်ရှပ်လက်တိုနှင့် စတိုင်ဘောင်းဘီရှည်ကိုသာ ဝတ်ဆင်ရတော့၏။ မေလင်းကတော့ ချစ်သူနှင့်တွေ့ဆုံခိုက်မို့ သူမ၏ အလှအပများပေါ်လွင်စေရန် ခြယ်မှုန်းဝတ်ဆင်လာခဲ့ရာသည်။ လူသားတိုင်းအချစ်နှင့်တော့ ကင်းကွာမနေစကောင်းပါပေ။ ငယ်ရွယ်သူများအတွက် အချစ်ဆိုသည်က ဘဝ၏ အစိတ်အပိုင်းတစ်ခုလို ရှိနေ၏။

နံနက်စာအတွက် မောင်မောင်နှင့် မေလင်းတို့ မြန်မာစားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက်ကြကာ မုန့်ဟင်းခါးစားကြသည်။ ကိုယ့်တိုင်းကိုယ့်ပြည်ပြန်ရောက်နေသလို ခံစားရမည်ဖြစ်၏။ မြန်မာပြည်ထွက် ပိုးဖဲကတ္တီပါအဝတ်အစားများ ချိတ်ထဘီဝတ်စုံများပါမက ယွန်းထည်များမကုန်၊ မြန်မာပြည်ထွက်အဖိုးတန်လက်ဝတ်ရတနာများပါ အရောင်းဆိုင်ကြီးများဖြင့် ရောင်းချနေကြပြီပေ။ အမှန်က မေလင်းမှာလည်း မြန်မာမိခင်နှင့်မြန်မာတရုတ်လူမျိုးမှ မွေးဖွားသူလေးသာဖြစ်ပြီး စင်ကာပူနိုင်ငံတွင် အခြေချနေထိုင်နေသောမိသားစုပါပေ။

မောင်မောင်နှင့်မေလင်းတို့က အ·ထ·က(၁)ဒဂုံကျောင်းတွင် အတူတက်ခဲ့ကြသော ကျောင်းနေဖက်များဖြစ်ကြ၏။ နံနက်စာ စားသောက်ပြီးသည်နှင့် ကျားပန်းခြံဘက်သို့(Tiger Blam Garden)စိတ်အပန်းဖြေရန် ထွက်ခဲ့ကြ၏။ ကျားဘမ်းပရုပ်ဆိုသူဌေးကြီးမှာလည်း မြန်မာပြည်ဖွားတစ်ယောက်ဖြစ်ပြီး၊ မြန်မာတိုင်းရင်းဆေးနည်းဖြင့် ကျားကံဆိပ်ပရုပ်ဆီ ထုတ်လုပ်ရာမှ ကမ္ဘာ့အနှံ့အရောင်းအဝယ် တွင်ကျယ်သွားကာ ချမ်းသာကြွယ်ဝလှသော သူဌေးသူကြွယ်ဘဝသို့ ရောက်ရှိခဲ့သူတည်း။

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသော ကျောင်းနေဖက်ငယ်သူငယ်ချင်းများထံသို့ ရောက်တုန်းသွားရောက်လည်ပတ်ကြ၏။ အဲလစ် စကူးလ်၊ နီလာနွယ်၊ ခင်မောင်တင် (ကိုတိုး)တို့ ထံလည်းဝင်ရောက်တွေ့ကာ ငယ်တုန်းက အကြောင်းလေးများပြောဆို မဆုံးနိုင်ရှိခဲ့ရပါသည်။ ငယ်ရွယ်စဉ်တုန်းက အကြောင်းများစွာက အမှတ်တရသတိတရ ဖြစ်နေရဆဲပါတကား။

ညနေစောင်းမှ ပြန်ခဲ့ကြပြီး မေလင်းက သူမကားလေးဖြင့် ပြန်သွားပါတော့သည်။ ဟော်တယ်ရောက်သည်နှင့်ခေတ္တအနားယူမှေးစက်ရ၏။ ညဘက်စစ်ဆင်ရေးအတွက် အားသစ်လောင်းထားပါမှ တော်မည်ဖြစ်၏။ မောင်မောင်က ယန်ချာပီတစ်ယောက်အသွင် ရုပ်ဖျက်ရမည်ဖြစ်၏။ စင်ကာပူနိုင်ငံတွင် လူမျိုးနွယ်လေးမျိုးရှိပါသည်။ အိန္ဒိယနွယ်ဖွားပန်ချာပီများ၊ မလေးနွယ်ဖွားများ တရုတ်နွယ်ဖွားနှင့်နိုင်ငံရပ်ခြားသားများတည်း။ နိုင်ငံတော်၏ ရုံးသုံးစာမှာလည်း လေးမျိုးထားရှိ၏။ အိန္ဒိယ ဟန်ဒီနိုစွတန်စာပေ၊ အင်္ဂလိပ်စာပေ၊ တရုတ်စာပေနှင့်မလေးစာပေ စကားများပါပေ။

ဆိပ်ကမ်းအာဏာပိုင်ရဲတပ်ဖွဲ့မှ ရေဘဝဲသင်္ဘောညာ ၂၀း၃၀အချိန်တွင် ကျောက်ချရာနေရာ(တောင်ဘက်ပိုင်း)တွင် ရပ်နားမည်ဖြစ်ကြောင်း သတင်းပို့၏။ ညနေထုတ်သတင်းစာထဲတွင်လည်း သင်္ဘောကြီးများဆိုက်ကပ်မည့် အချိန်ဇယားတွင်ပါပေသည်။ စင်ကာပူနိုင်ငံသည် ရေကြောင်းလမ်းဆုံမြို့ဖြစ်သဖြင့် နိုင်ငံတကာသွားကုန်တင်ခရီးသည်တင်သင်္ဘောကြီး



www.burmeseclassic.com

www.burmeseclassic.com

များ ဝင်ထွက်သွားလာစမြဲဖြစ်ပေသည်။

မောင်မောင်တို့ ရဲတပ်ဖွဲ့ဝင်များက ရေဘဝဲသင်္ဘော၏ သင်္ဘောကုမ္ပဏီရုံးခွဲအား ဝင်ရောက်စီးနင်းပြီးသားဖြစ်၏။ စင်ကာပူဆိပ်ကမ်းတွင် မူးယစ်ဆေးဝါးတချို့အရောင်းအဝယ်ပြုကြမည်ဖြစ်ပြီး ဆက်လက်၍ ဘန်ကောက်မြို့ ပါပတိုင်းဆိပ်ကမ်းသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း ထွက်ဆို ဖြောင့်ချက်ပေး၏။ ဆီးဖြည့်၊ ရေဖြည့်ကြမည့် ကုမ္ပဏီများသို့ ရေဘဝဲထံ ပို့မည့် ကုမ္ပဏီအား ဝင်ရောက်ကာ နားလည်မှုရယူရပြန်သည်။ ထိုသင်္ဘောဘုတ်များတွင် ရဲတပ်ဖွဲ့ဝင်များက ဟန်ဆောင်ကာ သွားရောက်ကြမည်ဖြစ်၏။

မောင်မောင်တို့အဖွဲ့ဝင်ငါးယောက်ကလည်း ရိက္ခာတင်ပို့မည့် ကုမ္ပဏီသို့ သွားရောက်ကြပြီး ရိက္ခာပို့သင်္ဘောငယ်ဖြင့် လိုက်ပါကာ ရေဘဝဲသင်္ဘောပေါ်သို့ တက်ရောက်ကြမည်ဖြစ်၏။ ညဘက်တွင် ကျောက်ချရပ်နားထားသော သင်္ဘောကြီးများသို့ မော်တော်ဘုတ်ငယ်လေးများဖြင့် အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများရောင်းချတတ်လေ့ရှိပါသည်။ ယင်းမော်တော်ဘုတ်ငယ်တစ်စီးဖြင့် မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်ကြမည်ဆိုသော ဝန်ခံဖြောင့်ချက်ရရှိထားပြီးမို့ အဆင်သင့်စောင့်ဖမ်းကြရန်တည်း။ ကျောက်ချရပ်နားသော သင်္ဘောကြီးများသည် ဆီးဖြည့်၊ ရေဖြည့်၊ ရိက္ခာဖြည့်ပြီးကြသည်နှင့် သူတို့လိုရာခရီးသို့ ဆက်လက်ထွက်ခွာသွားကြလေ့ရှိ၏။

မောင်မောင်တို့ရိက္ခာပို့ မော်တော်ဘုတ်ရေဘဝဲသင်္ဘောသို့ ရောက်ရှိချိန်မှာ ည ၂၁း၂၀ နာရီတွင်ဖြစ်၏။ ရေမော်တော်နှင့်ဆီမော်တော်ဘုတ်များကတော့ ရောက်ရှိနေကြပြီဖြစ်၏။ မောင်မောင်နှင့်ရဲတပ်ဖွဲ့ဝင်နှစ်ယောက်က သင်္ဘောပေါ်တက်ရောက်ခဲ့ပြီး ပစ္စည်းစာရင်းများ မာလိန်မှူးထံ ပေးအပ်၏။ မာလိန်မှူးက စားဖိုမှူးနှင့်အတူ လိုအပ်သော ပစ္စည်းများပါမပါ တိုက်စစ်ဆေးကြရပေသည်။ မာလိန်မှူးက ဂနာမငြိမ်ဘဲ လက်ပတ်နာရီသာ တကြည့်ကြည့်လုပ်နေပေသည်။ မောင်မောင်စိတ်ထဲက ပြုံးလိုက်မိ၏။ သူတို့မူးယစ်ဆေးဝါးများအရောင်းအဝယ်လုပ်ကြမည့် သူများရောက်ရှိလာတော့မည်မှန်း သိသာလှပေတော့သည်။

ထိုစဉ် မာလိန်မှူးထံ တယ်လီဖုန်းဆက်သွယ်လာ၏။ ထိုင်ရာမှ ထကာအခန်းထောင့်တစ်နေရာတွင် လက်ဖြင့်အုပ်ကာ စကားပြောနေ၏။ သို့သော် အခြေအတင်ဈေးစကား မကိုက်သောကြောင့် အသံထွက်လာရတော့၏။

"ဘာကွ..တစ်ကီလိုဒေါ်လာ နှစ်သိန်းဟုတ်လား..နည်းတယ်.. ငါတို့ ဘယ်လောက်စွန့်စားယူခဲ့ရတာမင်းတို့ သိရဲ့နဲ့ကွာ..နှစ်သိန်းခွဲရမှ အရောင်းအဝယ်လုပ်မယ်ကွ.."

"အေး..အဲသည်လိုလုပ်ပါ.. လာခဲ့တော့ အဆင်သင့်ပါပဲ.."

ဖုန်းပိတ်လိုက်ပြီးမောင်မောင်တို့ဘက်လှည့်လာရာ ဘယ်သူမှသူ့ထံ ဂရုမစိုက်သဖြင့် သက်ပြင်းမောအသာ မာလိန်မှူးချလိုက်တော့၏။ မောင်မောင်တို့ကိုယ်ပေါ်မှ အသံဖမ်းစက်မှနေ ဌာနခွဲရုံးသို့ တိုက်ရိုက်ဆက်သွယ်ထားသည်ကိုတော့ မာလိန်မှူးမသိလိုက်ရှာချေ။ အကယ်၍များသိပါက အစီအစဉ်ပြောင်းမည်မှာ သေချာလှတော့၏။ မောင်မောင်တို့ပါလာသည့် ရိက္ခာပစ္စည်းစာရင်းထဲတွင် ရေဘဝဲအတွက်လိုအပ်သော ပစ္စည်းအမျိုးအမည်အချို့မပါရှိသဖြင့် မောင်မောင်က ခပ်တည်တည်ပင် ဌာနခွဲသို့ဖုန်းဆက်ပြီး

"ဟေ့..ခပ်မြန်မြန်လာပို့နော်.. ဒါအရောင်းအဝယ်လုပ်နေတာကွ.. ဖောက်သည်မပျက်ရစေနဲ့ဟေ့..၂၂း၁၅ အရောက်ပို့ပါ ကပ္ပတိန်ကတော့ မိမိကိစ္စရှိနေသဖြင့်ဆိုကာ ဧည့်ခန်းစားသောက်ခန်းမှထွက်သွားပါတော့သည်။ ရိက္ခာပစ္စည်းများတင်နေသည့်နေရာသို့ မောင်မောင်တို့သွားရောက်စစ်ဆေးစရာမလိုအပ်ပါချေ။ တင်ပြီးမှသာ ပစ္စည်းစာရင်းနှင့်တိုက်ညှိစစ်ဆေးကြရမည်ဖြစ်၏။

ထိုစဉ်သင်္ဘောကြီး၏ လှေကား (Gangway)ချဟန်နှင့်မကြာ မာလိန်မှူးနှင့် မိန်းမကြီးနှစ်ယောက်သုတ်သုတ်ပျာပျာဖြင့် မာလိန်မှူးအခန်းသို့



www.burmeseclassic.com

www.burmeseclassic.com

တက်သွားကြကြောင်းတွေ့ရတော့၏။ စင်ကာပူညဘက်ဈေးသည်များမှာ များသောအားဖြင့် အသက်အရွယ်ကြီးရင့်သော ငါးဆယ်ကျော် မိန်းမကြီးများသာတည်း။ သူတို့ကား အားကိုးအားထားရာ လင်ယောကျ်ား မရှိတော့ပြီမို့ ရရာအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသူများပါပေ။

မောင်မောင်က စတင်လုပ်ရှားမည်ဖြစ်ကြောင်း မျက်နှာရိပ်ဖြင့် အချက်ပြလိုက်တော့သည်။ မောင်မောင့်လက်ထဲတွင်တော့ မေ့ဆေးအပ်ချောင်းငယ်ကလေးများ ထွက်လာသော ဖောင်တိန်အား အဖုံးနောက်ဖက်လှည့်တပ်ကာ ကိုင်ဆောင်ထား၏။ နောက်ကခလုတ်ကလေးကို ဖိနှိပ်လိုက်သည်နှင့် သေးမျှင်သော မေ့ဆေးအပ်ငယ်လေးများ ထွက်ရှိလာမည်ဖြစ်၏။

မောင်မောင်တို့ဦးတည်ရာမှာ မာလိန်မှူးအခန်းရှိရာအပေါ်ဆုံးထပ်သို့ပါပေ။ လမ်းတွင် တွေ့သမျှ ရေဘဝဲသင်္ဘောသားများအား ရှင်းလင်းခဲ့ရ၏။ အမှုကိုခိုင်မာအောင် တည်ဆောက်ရန်အတွက် လက်ပူးလက်ကြပ်ပစ္စည်းများနှင့် အတူဖမ်းဆီးရမိရန် အထူးလိုအပ်ပေသည်။ မောင်မောင်က တတိယအရာရှိအခန်းတံခါးကို အချက်ပြဆက်သွယ်မှုစနစ်ဖြင့် သုံးချက်တစ်ခါ တစ်ချက်နှစ်ခါ သုံးချက်တစ်ခါ အသာခေါက်လိုက်ရာ တတိယအရာရှိ ရဲတပ်ဖွဲ့ဝင်က အသာတံခါးဖွင့်လာခဲ့၏။ သူ၏တာဝန်မှာ မာလိန်မှူးအခန်းထဲမှ ပြောသမျှစကားများကို အသံဖမ်းယူကာ သတင်းပေးပို့နေခြင်းပါပေ။ မာလိန်မှူးအခန်းနှင့် တတိယအရာရှိအခန်းမှာ ကပ်လျက်တည်း။ အထဲမှ တံခါးသော့ပိတ်ထား၏။ တတိယအရာရှိက မာစတာကီးအား ထုတ်ကာ တံခါးကိုအသာလှည့်ဖွင့်လိုက်ပြီးနောက်သို့ ဆုတ်ရပ်ကာ လမ်းဖွင့်ပေးခဲ့၏။ မောင်မောင်တို့ကလည်း ခေါင်းအသာဆတ် ညိတ်ပြလိုက်ပြီး လက်နက်များကိုင်ဆောင်ကာ ဝုန်းကနဲဝင်ရောက်စီးနင်းကြတော့၏။ အထဲတွင် ငွေများနှင့် မူးယစ်ဆေးဝါးဘိန်းဖြူထုပ်များ အစစ်ဟုတ်မဟုတ် စစ်ဆေးနေချိန် အငိုက်မိသွားပါတော့၏။ မောင်မောင်က လက်ထဲမှဖောင်တိန်ခလုတ်ကို ဝင်ကတည်းက နှိပ်ကာ မေ့ဆေးအပ်ချောင်းလေးများ ရန်သူတို့ထံ ပလူပျံစေခဲ့၏။ မိန်းမကြီးဟန်ဆောင်ထားသူ မူးယစ်ဆေးဝါးဂိုဏ်းသားက ပြန်ခုခံရန်အထတွင်တော့ မေ့ဆေးအပ်အစွမ်းပြလာသဖြင့် အရုပ်ကြိုးပြတ်'ဝုန်း'ကနဲ ပစ်ကျသွားပါတော့သည်။ ထိုမေ့ဆေးကား တစ်ရွေ့ခုန်မေ့ဆေးတည်း။

ထိုအချိန်တွင် ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ရဲမော်တော်ဘုတ်များထဲမှ ရဲအရာရှိက ရေဘဝဲပေါ်မှ သင်္ဘောသားများအား လက်နက်ချ အညံ့ခံကြရန် လက်ကိုင်စပီကာအသေးဖြင့် သတိလှမ်းပေးခဲ့၏။ တချို့မူးယစ်ဆေးဝါးဂိုဏ်းသားများက ပြန်လည်ခုခံရန်ကြိုးစားခဲ့ကြသော်လည်း ရဲတပ်ဖွဲ့ဝင်များက ကြိုတင်အုပ်စီးမိထားပြီမို့ မတတ်နိုင်ကြတော့ဘဲ အဖမ်းခံကြပါတော့သည်။

ကမ္ဘာ့ဘောလုံးပြိုင်ပွဲအခါတုန်းက တစ်ကြိုဟောကိန်းထုတ်သော ရေဘဝဲလ်ပေါလ်ပင်လျှင် အရေခွံနွှာပြီး စွပ်ပြုတ်လုပ်သောက်လိုသူတွေ ရှိခဲ့ပါသေး၏။ မူးယစ်ဆေးဝါးဂိုဏ်းကြီး၏ ရေဘဝဲသင်္ဘောကတော့ တရားဥပဒေအတိုင်း အရေးယူခံဖို့ အရှုံးပေးခဲ့ပြီဖြစ်တော့၏။ သို့သော် ရေဘဝဲသင်္ဘောကြီးအား ခရီးမဆုံးသေးသည်မို့ ဘန်ကောက်မြို့အထိ ဆက်လက်ထွက်ခွာစေခဲ့တော့၏။

သို့သော် မူးယစ်ဆေးဝါးဂိုဏ်းသားများအစား ရဲတပ်ဖွဲ့ဝင်များက သင်္ဘောသားအဖြစ် လိုက်ပါခဲ့ကြခြင်းပါပေ။ အမှန်တရားဆိုသည် ပေါ်ပေါက်ရစမြဲတည်း။ တရားဥပဒေဘက်တော်သားများတို့သည်လည်း မှုခင်းကျူးလွန်ရေးအတွက် တိုင်းရင်းသားပြည်သူအများ တရားဥပဒေ၏ အရိပ်အောက်တွင် အေးချမ်း ချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက် နေ့ညမပြတ် တာဝန်ထမ်းဆောင်နေကြသည်မဟုတ်ပါလား။ သဗ္ဗေသတ္တာ အပေါင်းလိုရာအနှများ ပြည့်ဝနိုင်ကြပါစေသတည်း။

မောင်မောင် (မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခွေးကာဖမ်းပေးသော မိုးကြိုး

(၁)

"ချစ်လုံး ... ချစ်လုံး ..."

ဒေါ်ပန်းခင်သည် ရွာထဲမှပြန်လာပြီး ခြံဝကနေ သူမွေးထားသောခွေးညိုလေးကို လှမ်းခေါ်လိုက်သည်။

ခွေးညိုလေးသည် ဒေါ်ပန်းခင်၏အသံကို ကြားလိုက်ရသည့်အခါ အိမ်ပေါ်မှ ပြေးဆင်းလာသည်။ ဒေါ်ပန်းခင်၏လက်ထဲမှ အထုပ်ကလေးတစ်ထုပ်ကို ပါးစပ်ကကိုက်ရင်း ဒေါ်ပန်းခင်၏နောက်မှ ပြေးလိုက်လာ၏။

အိမ်ပေါ်ရောက်တော့ ဒေါ်ပန်းခင်သည် အထုပ်ထဲမှ မုန့်တစ်ချပ်ကို ခွေးညိုလေးကို ချကျွေးလိုက်၏။ ဒေါ်ပန်းခင်သည် မီးဖိုတွင် ရေနွေးအိုးတည်နေလိုက်သည်။ ဒေါ်ပန်းခင်၏နံဘေးတွင် လာထိုင်နေသူမှာ ခွေးညိုလေး။

"ကိုဝင်းဖြူ ... ကိုဝင်းဖြူ"

ဒေါ်ပန်းခင်သည် အိမ်ရှေ့ကွပ်ပျစ်တွင် ထမင်းကြမ်းနှင့် ပဲပြုတ်ထည့်ထားသော ပန်းကန်၊ ရေနွေးအိုးကို ချထားရင်း ဦးဝင်းဖြူကို လှမ်းခေါ်လိုက်သည်။ ဦးဝင်းဖြူသည် အိမ်ရှေ့တွင် ထင်းခွဲနေလျက် ...။

"ကိုဝင်းဖြူရေ ... နံနက်စာစားကြရအောင်"

ဦးဝင်းဖြူသည် ဒေါ်ပန်းခင်၏ခေါ်သံကြောင့် ထင်းခွဲရပ်လိုက်ပြီး ဒေါ်ပန်းခင်ဆီကို လှမ်းလာခဲ့သည်။ နဖူးမှစီးကျနေသော ချွေးစများကို သုတ်ရင်း နံနက်စာကို စားသောက်နေသည်။ ဒေါ်ပန်းခင်သည် ထမင်းကြမ်းကို တစ်ဇွန်းခပ်စားရင်း ...

"ကိုဝင်းဖြူ"

"ဘာလဲ ပန်းခင်"

"ရှင့်သားထွေးအောင် ရန်ကုန်မှာ အလုပ်သွားလုပ်တာ ဘာသတင်းမှလည်းမကြားရဘူး။ စာလည်းမလာဘူး"

ဦးဝင်းဖြူသည် ဒေါ်ပန်းခင်ကို စေ့စေ့ကြည့်လိုက်သည်။

"မင်းကလည်းကွာ .. မင်းသားအကြောင်းလည်း သိသားနဲ့၊ ဒီကောင်က မိဘကျေးဇူးတရား၊ မေတ္တာတရားတွေကို ဘယ်တော့မှ သိတတ်တာမဟုတ်ဘူး။ မိဘရဲ့စကားတွေကိုလည်း ဘယ်တုန်းကမှ နားမထောင်ဘူး။ သူလုပ်ချင်တာတွေ ဖွတ်လုပ်တာ"

"ရှင်ကလည်း ကျွန်မသားကို ဘယ်တော့မှ ကောင်းကြောင်းမပြောဘူး"

"မင်းသားက ကောင်းတဲ့လမ်းကိုမှ မလျှောက်ဘဲ။ ကဲ ... တော်ပါကွာ။ မင်းသားအကြောင်း ငါ့ကိုမပြောစမ်းပါနဲ့။ ငါအလုပ်ပျက်တယ်"

ဦးဝင်းဖြူသည် ထင်းများကို ပြန်ခွဲနေသည်။

ထိုစဉ် မိန်းကလေးတစ်ယောက် အထုပ်နှစ်ထုပ်ကိုကိုင်ရင်း ခြံထဲကို ဝင်လာသည်။ ဦးဝင်းဖြူထင်းခွဲနေရာအနီး မြေပြင်ပေါ်တွင် အိပ်နေသော ခွေးညိုလေးသည် ရုတ်ချည်းထပြီး ထိုမိန်းကလေးထံ ပြေးလွှားသွား၏။

"ချစ်လုံး ... ချစ်လုံး"

မိန်းကလေးက ခွေးညိုလေးကို လှမ်းခေါ်လိုက်သည်။ ခွေးညိုလေးသည် မိန်းကလေးထံ တိုးဝှေ့ပြီး ဒေါ်ပန်းခင်ဆီကို ပြေးလွှားသွားသည်။ ဦးဝင်းဖြူက ထင်းခွဲနေရင်း ...

"သမီး ... လာလေ။ နင့်အမေ အိမ်ပေါ်မှာရှိတယ်"

"ဟုတ်ကဲ့ အဖေ။ အဖေလည်း အိမ်ပေါ်ကိုလာပါဦး"

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

"အေး ... အေး ... လာခဲ့မယ် သမီး"

မိန်းကလေးသည် ဒေါ်ပန်းခင် ဆီကို လျှောက်သွား၏။

"အမေ ... ကိုသက် မနေ့က ရန်ကုန်ကပြန်လာလို့ အမေတို့ အမေတို့အတွက် မုန့်တွေလာပို့တာပါ"

မိန်းကလေး၏နာမည်မှာ မခင်ထားနွယ်။ ကိုသက်မှာ မခင်ထားနွယ်၏ ယောကျ်ား။ မခင်ထားနွယ်သည် ခွေးညိုလေးကို မုန့်များချကျွေးရင်း အထုပ်များကို ဦးဝင်းဖြူနှင့် ဒေါ်ပန်းခင်ကို လှမ်းပေးလိုက်သည်။

"သမီး ... ဖိုးသက် ရန်ကုန် သွားတော့ သမီးမောင်လေး ထွေးအောင်အကြောင်း ဘာကြားခဲ့သလဲ"

"မောင်လေးအလုပ်လုပ်တဲ့ ကုမ္ပဏီကို သွားတယ်။ ကုမ္ပဏီပိုင်ရှင်က ထွေးအောင်အလုပ်မဆင်းတာ တစ်လကျော်သွားပြီ။ ထွေးအောင် သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားနေပြီး ဘာတွေလုပ်နေမှန်း မသိဘူးတဲ့"

"ထွေးအောင် သတင်းကြားရတာ နှလုံးတွေတုန်လိုက်တာ သမီးရယ်"

ဒေါ်ပန်းခင်သည် မျက်လုံးပြူး လျက် ရင်ဘတ်ကို ဖိထားလိုက်၏။ ဦးဝင်းဖြူက ဒေါ်ပန်းခင်ကိုကြည့်ရင်း အိမ်ပေါ်မှ ပြန်ဆင်းသွားသည်။

"အမေရယ် .. ကျန်းမာအောင် နေပါ။ မောင်လေးအကြောင်းလည်း သိပ်မစဉ်းစားပါနဲ့။ ကဲ ... သမီး ပြန်လိုက်ဦးမယ်"

မခင်ထားနွယ်သည် အိမ်ပေါ်မှ ဆင်းလာပြီး ထင်းခွဲနေသော ဦးဝင်းဖြူကို နှုတ်ဆက်ရင်း ပြန်လာခဲ့သည်။

မခင်ထားနွယ်ကို ခြံဝအထိ လိုက်ပို့ပေးနေသူမှာ ခွေးညိုလေးပင် ဖြစ်သည်။

× × × × ×

(၂)

"အမေရေ ... အမေရေ"

ခြံထဲကိုအောင်ရင်း ပြေးဝင်လာသူမှာ ထွေးအောင်။

ထိုစဉ် ခွေးညိုလေးသည် ပြေးလွှားပြီး ...

"ဝုတ် ... ဝုတ် ... ဝုတ် ..."

ခြံထဲကိုပြေးဝင်လာသော ထွေးအောင်သည် ခြေလှမ်းရပ်တန့်သွားသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

ခွေးညိုလေးသည် ရှေ့တိုးပြီး ဆက်ဟောင်နေဆဲ။

"ချစ်လုံး .. ချစ်လုံး .. ငါပါကွ။ ထွေးအောင်လေ ... မမှတ်မိတော့ဘူးလား။ လာ .. လာ .. လာ၊ ဟေ့ကောင်ကြီးချစ်လုံး"

"ဝုတ် ... ဝုတ် ... ဝုတ် ..."

ခွေးညိုလေးက သံကြီးမည်းကြီး ဟောင်နေလျက်။

"ချစ်လုံး ... မင်း ဘယ်လိုဖြစ်နေတာလဲ။ မင်းရဲ့သခင် ထွေးအောင်လေ။ မမှတ်မိတော့ဘူးလား"

"မင်းကို ချစ်လုံးက မမှတ်မိတော့ဘူးကွ။ မိဘရဲ့ကျေးဇူးတရားကို နားမလည်၊ မိဘကို ပြန်မကြည့်တတ်တဲ့မင်းကို ချစ်လုံးက ကောင်းခြင်းနဲ့ ဘယ်ကြိုပါ့မလဲ။ လောကကြီးမှာ ကျေးဇူးတရားကို မသိတတ်တဲ့လူကို ခွေးကတောင် မုန်းတတ်တယ်ဆိုတာ မင်းမြဲမြဲမှတ်ထားပါ ထွေးအောင်"

အိမ်ပေါ်မှ ဆင်းပြေးလာသော ဦးဝင်းဖြူကို လှမ်းကြည့်ကာ ...

"ဟာ ... အဖေကလည်းဗျာ။ သားကိုတယ်တော့မှ ကောင်းကြောင်း မပြောဘူး"

"မင်းက ကောင်းတာမှ မလုပ်တာ။ မိဘရဲ့ စကားကိုလည်း နားမထောင်။ မင်းလုပ်ချင်တာပဲ ဖွတ်လုပ်နေတာ မဟုတ်လား"

ဒေါ်ပန်းခင်သည် အိမ်ပေါ်မှ ပြေးဆင်းလာပြီး ထွေးအောင်ကို ပွေ့ဖက်ထားလိုက်သည်။

"ဟဲ့ ... ငါ့သားပါလား"

"အမေ ... ချစ်လုံးကို လုပ်စမ်းပါဦး"

"ချစ်လုံး ... ဒါ ငါ့သား ထွေးအောင်လေ ... သွား ... သွား"

ခွေးညိုလေးသည် သစ်ပင်အောက်ကို ပြေးလွှားသွား၏။

"လာ ... လာ ... သား အိမ်ပေါ်တက်လေ"

ဒေါ်ပန်းခင်သည် ထွေးအောင် လက်ကိုဆွဲပြီး အိမ်ပေါ်ကိုတက်သွားကြသည်။ ဦးဝင်းဖြူသည် ဒေါ်ပန်းခင်နှင့် ထွေးအောင်ကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"သား ... ရန်ကုန်မှာ ဘာတွေ လုပ်နေတာလဲ"

"ကုမ္ပဏီတစ်ခုမှာ သားအလုပ်ဝင်နေတယ် အမေ"

"အဆင်ပြေရဲ့လား သားရယ်"

ထွေးအောင်သည် ဒေါ်ပန်းခင်ကို တစ်ချက်ကြည့်ပြီး လေးလေးတွဲ့တွဲ့ ပြောလိုက်သည်။

"အင်း ... အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

အမေ။ အခုခွင့်ရလို့ ခဏပြန်လာတာ။ အချိန်မရလို့ အမေတို့အမေတို့အတွက် မုန့်တွေဝယ်မလာခဲ့ရဘူး''

''သားရယ်၊ အမေတို့အတွက် ဒါတွေက အရေးမကြီးပါဘူး။ သား ကျန်းကျန်းမာမာနဲ့ ပြန်လာတာကိုပဲ အမေတို့ ဝမ်းသာတယ် သားရယ်''

ဦးဝင်းဖြူသည် အိမ်ပေါ်ကိုလှမ်းတက်လာရင်း ထွေးအောင်ကို မေးလိုက်သည်။

''ထွေးအောင် ... မင်း အခု ရန်ကုန်မှာ အလုပ်မလုပ်ဘဲ သူငယ်ချင်းတွေနဲ့ လျှောက်သွားနေတယ်ဆို''

ဦးဝင်းဖြူ၏စကားကြောင့် ထွေးအောင်မျက်နှာ ရှုတ်ခြည်းပျက်သွားသည်။ ပြီးမှ ...

''ဟာ ... အဖေကလည်း မဟုတ်ပါဘူး။ သား အလုပ်လုပ်ပါတယ်''

''အေး ... ငါ ဘာမှမပြောချင်ဘူး။ နောက်ဆုံးတော့ ကိုယ့်ဘဝကို ကိုယ်တာဝန်ယူရရမယ်။ ကိုယ့်ဘဝကို ကိုယ်နားလည်ရမယ်''

ဦးဝင်းဖြူသည် ထွေးအောင်ကို မျက်လုံးစိုက်ကြည့်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ ဦးဝင်းဖြူကို မျက်လုံးလေး ဝေ့ဝေ့လည်လည်ဖြင့် ငေးရီကြည့်နေသူမှာ ထွေးအောင် ...။

× × × × ×

(၃)

''အမေ''

ထွေးအောင်သည် ဒေါ်ပန်းခင်ကို ခေါ်လိုက်သောအသံသည် တိုးညင်းနေသည်။ ဒေါ်ပန်းခင်သည် ထမင်းအိုးအတွက် ဆန်ဆေးနေရာမှ ...

''ဘာလဲသား''

''မနက်ဖြန် သား ရန်ကုန်ကို ပြန်ရမယ်''

''အေး ... အေး ... ရန်ကုန်ရောက်ရင် အလုပ်ကို ကြိုးကြိုးစားစား လုပ်ပါ။ အမေတို့ဆီကိုလည်း စာမှန်မှန်ရေးကွယ်။ ကြားလားသား''

ထွေးအောင်သည် နှုတ်ဆိတ်နေလျက်။ မျက်လုံးကလည်း ဝေ့လည်လည် ...။

''အမေ''

''ဘာပြောစရာ ရှိလို့လဲ သားရယ်''

''ဟို ... ဟို ... သားပြန်ရင် ငွေပေးလိုက်ပါဦး''

''သားရယ် ... လမ်းစရိတ်အတွက် ပေးလိုက်မှာပေါ့''

''မဟုတ်ဘူး အမေ။ ရန်ကုန်မှာ သူငယ်ချင်းတစ်ယောက်ရဲ့ ငွေကို ယူသုံးထားတာ။ ရန်ကုန်ပြန်ရောက်ရင် ပြန်ပေးရမယ်''

ဒေါ်ပန်းခင်သည် ထွေးအောင်ကို စေ့စေ့ကြည့်လိုက်သည်။

''ဘယ်လောက်များလဲ သားရယ်''

''တစ်သိန်းလောက်တော့ ရှိမယ်''

''ဘုရား ... ဘုရား ... ဘုရား ဒီလောက်ငွေတော့ အမေတို့ဆီမှာ ဘယ်ရှိမလဲ သားရယ်''

ထွေးအောင်သည် ဒေါ်ပန်းခင်အနားကိုရောက်သွားပြီး တိုးတိုးလေး ပြောလိုက်သည်။

''အမေ .. အမေ့ဆီမှာ ဆွဲကြိုးတစ်ကုံး ရှိတယ်မဟုတ်လား။ အဲဒီဆွဲကြိုး သားကိုပေးလိုက်ပါလား အမေ''

''ဘယ်လိုပြောလိုက်တာလဲ သားရယ် ... အဲဒီဆွဲကြိုးက အမေ့ရဲ့ မင်္ဂလာဦးလက်ဆောင်အတွက် သားရဲ့ အဘွားကပေးထားတာ။ ဒီဆွဲကြိုးကို မြတ်မြတ်နိုးနိုးသိမ်းထားခဲ့တာ။ အမေ့ဘဝမှာ အခက်အခဲတွေနဲ့တွေ့ပါစေ။ ဒီဆွဲကြိုးကိုတော့ ဘယ်တော့မှမရောင်းပါဘူး။ ဒီဆွဲကြိုးကို သားကိုပေးလိုက်လို့ မဖြစ်ပါဘူး''

''ဟာ ... အမေကလည်း သား အတွက် ငွေအရမ်းအရေးကြီးလို့ပါ အမေ''

''မဖြစ်ပါဘူး သားရယ်''

''လုပ်ပါအမေရယ် ... သားကို ပေးလိုက်ပါ''

ထိုစဉ် ... ဦးဝင်းဖြူ အိမ်ပေါ်ကို လှမ်းတက်လာသည်။

''ပန်းခင်ရေ ... လာပါဦး''

''ဘာလဲတော် ...''

''ငါ ... ဒီည ဟိုအရှေ့ဘက်ရွာကို ခရီးထွက်စရာရှိတယ်''

''ဟုတ်ကဲ့ပါတော်။ သားလည်း မနက်ဖြန် ရန်ကုန်ပြန်မယ်''

''အေး ... အေး ... သား အတွက် မင်းပဲစီစဉ်လိုက်ပါ။ ထွေးအောင် ... အလုပ်ကိုကြိုးစားလုပ်ပါ။ ငါဒါပဲပြောချင်တယ်''

ထွေးအောင်သည် ငေးငိုင်နေလျက်။ ဦးဝင်းဖြူသည် ထွေးအောင်ကို တစ်ချက်စူးစိုက်ကြည့်ရင်း ...

''ငါပြောနေတာ မကြားဘူးလား''

''ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ပါအဖေ။ သားအလုပ်ကြိုးစားပါ့မယ်''

''အေး ... အေး ... ပန်းခင်ရေ။ ငါသွားမယ်ဟေ့ ...''



www.burmeseclassic.com

www.burmeseclassic.com

ဦးဝင်းဖြူသည် လွယ်အိတ်ဆွဲပြီး အိမ်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်စဉ် ခွေးညိုလေးသည် ဦးဝင်းဖြူရှေ့က ပြေးလွှားကာ ခြံဝတွင်ရပ်နေသည်။

ဦးဝင်းဖြူသည် ခြံဝကိုလျှောက်လာပြီး ခွေးညိုလေးကို လက်နှင့်ပွတ်သပ်ရင်း

"ချစ်လုံး ... ချစ်လုံး ... ငါခရီးသွားဦးမယ်။ အိမ်ကို သေချာစောင့်ကြည့်နော်။ မင်းအမေကြီးကိုလည်း စောင့်ရှောက်နော်။ ကြားလားချစ်လုံး"

ခွေးညိုလေးသည် ဦးဝင်းဖြူကို ကြည့်နေလျက်။ ဦးဝင်းဖြူ ခြံအပြင်ဘက်ကို ထွက်သွားပြီးမှ ခွေးညိုလေးသည် အိမ်ပေါ်သို့ ပြေးတက်ခဲ့သည်။

× × × × ×

(၄)

ညပိုင်းရောက်တော့ အိမ်ရှေ့ကွပ်ပျစ်တွင် ဒေါ်ပန်းခင်နှင့် ထွေးအောင် စကားပြောနေကြသည်။ ထွေးအောင်သည် ဒေါ်ပန်းခင်ကို တစ်ချက်ကြည့်ရင်း ...

"အမေ ... အမေ့ဆွဲကြိုးလေး သားကိုပေးလိုက်ပါ"

"ကဲ ... သား ... သားလည်း မနက်စောစောထပြီး ခရီးသွားရမှာ မဟုတ်လား။ သွားအိပ်တော့၊ အမေလည်း သားအိပ်လိုက်ဦးမယ်"

"မအိပ်ချင်သေးပါဘူး အမေရာ။ အမေ့ဆွဲကြိုးသာ သားကိုပေးလိုက်ပါ အမေ ..."

"ကဲ ... ကဲ ... သားသွားအိပ်တော့နော်။ အမေတော့ သွားအိပ်လိုက်ဦးမယ်"

ဒေါ်ပန်းခင်သည် အခန်းထဲကို ဝင်သွားပြီး အိပ်လိုက်သည်။ မီးခွက်ကိုမှုတ်ပြီး အိပ်လိုက်ခြင်းကြောင့် အခန်းထဲတွင် မှောင်မှောင်မည်းမည်း။

နားထဲတွင် အသံတွေကြားလိုက်ရခြင်းကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ အခန်းထဲတွင် လူရိပ်ကို မှောင်မှောင်မည်းမည်းတွင် တွေ့လိုက်ရသောကြောင့် ရုတ်ခြည်းအိပ်နေရာမှ လျှင်မြန်စွာထလိုက်သူမှာ ဒေါ်ပန်းခင်။

မျက်နှာကို ပုဆိုးစည်းထားသော လူက ဒေါ်ပန်းခင်ပါးစပ်ကို လက်နှင့်ပိတ်ကာ ...

"မအော်နဲ့ ... ဆွဲကြိုးဘယ်မှာထားသလဲ ... ထုတ်ပေးပါ။ မြန်မြန်ထုတ်ပေးပါ။ မထုတ်ပေးဘူးဆိုရင်တော့ ... ပြောတာမကြားဘူးလား"

ကြောက်လန့်ချောက်ချားနေသူမှာ ဒေါ်ပန်းခင်။

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့။ အဒေါ့်မှာ ဆွဲကြိုးမရှိပါဘူး"

"ဘာမရှိတာလဲ။ စကားတွေပြောမနေနဲ့ ... ဆွဲကြိုးထုတ်ပေးပါ"

"တကယ်ပါ ဆွဲကြိုးမရှိပါဘူးကွယ် ..."

ထိုစဉ် ... အခန်းထဲကို ပြေးလွှားရောက်လာပြီး မျက်နှာစည်းထားသောလူ၏လက်ကို ခုန်ကိုက်လိုက်သည်မှာ ခွေးညိုလေး။

"အား ... အား ... အား"

မျက်နှာစည်းထားသော လူသည် နာကျင်စွာအော်ပြီး ဒေါ်ပန်းခင်ပါးစပ်ပိတ်ထားသောလက်ကို ဖယ်လိုက်ရသည်။ ထိုအခါ ဒေါ်ပန်းခင်က ထအော်လိုက်သည်။

"သူခိုး ... သူခိုး ... သူခိုး လုပ်ကြပါဦး"

မျက်နှာစည်းထားသော လူသည် အခန်းထဲမှ အပြင်ဘက်သို့ ပြေးရန်ဟန်ပြင်နေစဉ် ခွေးညိုလေးက ထိုလူ၏ခြေထောက်ကို ဆွဲကိုက်ထားသည်မှာ မလွှတ်တမ်း။

"အား ... အား ... အား"

မျက်နှာစည်းထားသော လူသည် နာနာကျင်ကျင် အော်နေသည်။ အိမ်နီးနားချင်းများ ပြေးလွှားရောက်လာကြသည်။ ကြမ်းပြင်ပေါ်တွင် ခွေးညိုလေး ဆွဲကိုက်ထားသောလူ၏ မျက်နှာပေါ်က ပုဆိုးကို ဆွဲယူလိုက်သည့်အခါ လူများ၏ပါးစပ်က ပြိုင်တူထွက်ပေါ်လာသည့် အသံကား ...

"ထွေးအောင်ပါလား ..."

"ဟာ ... မိုက်လှချည်လား ထွေးအောင်ရယ် ..."

ခွေးညိုလေးသည် ဒေါ်ပန်းခင်နံဘေးတွင်ထိုင်လျက် ထွေးအောင်ကို မာန်ဖီကာ လှမ်းကြည့်နေသည်။ ဒေါ်ပန်းခင်သည် ထွေးအောင်ကို အသံတုန်တုန်ရီရီနှင့် ပြောလိုက်သည်။

"သြော် ... သားရယ်၊ ချစ်လုံးလောက် သစ္စာမရှိပါလား။ မင်းအဖေပြောသလို လောကကြီးမှာ ကျေးဇူးတရားကို မသိတတ်တဲ့လူကို ခွေးကတောင် မုန်းတတ်တယ်ဆိုတာ အမှန်ပဲနော် ..."

ထွေးအောင်သည် ခေါင်းငိုက်စိုက်လျက် တုန်တုန်ရီရီဖြစ်နေသည်။ အိမ်နီးနားချင်းများက ကျေးရွာလူကြီးထံ ခေါ်ဆောင်သွားလေသည်။

ထွေးအောင်သည် ကတုန်ကယင်နှင့် လိုက်သွားရရှာတော့သည်။

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

# လုံခြုံရေးသတိ ပိုတယ်မရှိ နှင့် အင်းစိန်ထောင်အကြောင်း တစေ့တစောင်း

ကိုမောင်သန်းဝင်း

မြန်မာတို့ရဲ့ ဆိုရိုးစကားအရ လူ့ဘဝမှာ အပျော်ဆုံး နေ့ သုံးနေ့ရှိပါတယ်။ "ထောင်ကထွက်တဲ့နေ့၊ ရှင်လိင်ပြန်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့"လို့ ဆိုပါတယ်။

ဆိုပါတော့ ထောင်ကထွက်တဲ့နေ့ဟာ ဘာကြောင့် ပျော်စရာကောင်းရသလဲဆိုတော့ အမှန်းအကျပ်တွေကြားက လွတ်မြောက်လာတာမို့ ဖြစ်မှာပါ။ ဟုတ်လည်းဟုတ်ပါရဲ့။ ထောင်ဆိုတာကလည်း ဖဲမွေ့ရာ ရွှေကော်ဇောနှင့် ခင်းထားတဲ့ နေရာမှ မဟုတ်တာ။

အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ပြစ်ဒဏ်ကျခံရသူတွေကို ထိန်းသိမ်းထားတဲ့က နေရာဟာ ထောင်ပဲပေါ့။ (သေချာတာက အပြင်မှာလို၊ ကိုယ့်အိမ်မှာလို နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင်၊ စားချင်သလိုစားလို့ ရတဲ့ နေရာ မဟုတ်တာပါပဲ။)

ဒီတော့ ထောင်လို့ပဲ ခေါ်ခေါ်၊ အကျဉ်းစခန်းလို့ပဲ သတ်မှတ်သတ်မှတ်၊ ဘဝတက္ကသိုလ်လို့ပဲ ပြောချင်ပြော၊ ဆိပ်ဖလူးနဲ့သင်းတဲ့နေရာလို့ပဲ အနွတ်သညာပြုပြု၊ အဲဒီနေရာဟာ လောဘ၊ ဒေါသ၊ မောဟတွေ အဟုန်ကြီးလို့ ဥပဒေတွေ ချိုးဖောက်ကြသူများရဲ့ အထိန်းသိမ်းခံ စံမြန်းကြရာ နေရာဆိုရင်တော့ မှားမယ် မထင်ပါဘူး။

ဆိုခဲ့သလိုပေါ့လေ။ ထောင်ဆိုတာ ဘာလဲဆိုတာကို အကြမ်းဖျင်း သိလောက်ပါပြီ။ ထားပါတော့။

မြန်မာနိုင်ငံမှာ ထောင် (သို့တည်းမဟုတ်) အကျဉ်းစခန်းက ဘယ်ခေတ်၊ ဘယ်အခါက ပေါ်ပေါက်လာခဲ့သလဲ ဆိုတာကို စေ့ငုကြည့်ကြရအောင်ပါ။

ထောင်ဆိုတာဟာ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ကိုလိုနီ အုပ်ချုပ်ရေးနဲ့အတူ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့ဟာ မြန်မာနိုင်ငံကို မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ တိုက်ခိုက်သိမ်းပိုက်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

လုံးကို ကိုလိုနီနိုင်ငံအဖြစ် သိမ်းသွင်းအုပ်ချုပ်ခဲ့ပါတယ်။ သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသား မျိုးချစ်များဟာ ရရာလက်နက်ကိုင်စွဲ၊ နေရာဒေသအသီးသီးကနေပြီးတော့ ကျူးကျော်နယ်ချဲ့ အင်္ဂလိပ်တို့ကို ပြန်လည်တော်လှန်တိုက်ခိုက်တွန်းလှန်ကြပါသေးတယ်။

မြန်မာတို့က မျိုးချစ်စိတ်ဓာတ်ပြင်းထန်ပေမယ်လို့ လက်နက်အင်အား၊ လူအင်အား မမျှမတ ဖြစ်ခဲ့ရတဲ့အတွက် ရေရှည်မှာ အောင်မြင်မှုမရဘဲ ရှုံးနိမ့်ခဲ့ရပါတယ်။ တိုက်ပွဲတွေမှာ ဖမ်းမိကြတဲ့ မြန်မာတိုင်းရင်းသား မျိုးချစ်သူရဲကောင်းတွေကို အင်္ဂလိပ်အစိုးရက သေဒဏ်၊ ထောင်ဒဏ်တွေ ချမှတ်ပြီး ရက်စွက်စွာ နှိပ်ကွပ်ခဲ့ကြပါတယ်။

နယ်ချဲ့အင်္ဂလိပ်များဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ အိန္ဒိယမျိုးချစ်ပြည်သူတွေကို ရက်စက်စွာ ဖိနှိပ်ခဲ့တဲ့ အတွေ့အကြုံတွေနဲ့ မြန်မာမျိုးချစ် ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်ပြီး အုပ်ချုပ်ဖို့ အကျဉ်းထောင်တွေကို တစ်ထောင်ပြီးတစ်ထောင် တည်ဆောက်ခဲ့ကြပါတယ်။

အင်္ဂလိပ်တို့ဟာ ပထမ အင်္ဂလိပ်-မြန်မာစစ်အပြီး ၁၈၂၇ ခုနှစ်မှာ စစ်တွေမြို့မှာ အကျဉ်းထောင်ကို စတင်တည်ဆောက် ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒါက မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဖွင့်လှစ်ခဲ့တဲ့ အကျဉ်းထောင်ပါပဲ။

အဲဒီနောက် တစ်ထောင်ပြီးတစ်ထောင် ဆက်လက်ဖွင့်လှစ်ခဲ့ရာမှာ ၁၈၃၀ ခုနှစ်တွင် သံတွဲအကျဉ်းထောင်၊ ၁၈၃၁ ခုနှစ်တွင် မော်လမြိုင်အကျဉ်းထောင် (ယခင်ထောင်ဟောင်း)၊ ၁၈၆၀ မှာ ရန်ကုန်ထောင်(ဖျက်သိမ်းပြီး)၊ ၁၈၆၇ မှာ မြိတ်ထောင်၊ ၁၉၆၉ မှာ သရက်ထောင်၊ ၁၈၇၂ မှာ ထားဝယ်ထောင်၊ ၁၈၇၇ မှာ ကျောက်ဖြူထောင်၊ ၁၈၈၉ မှာ ရွှေဘိုထောင်၊ ၁၈၉၀ မှာ မိတ္ထီလာထောင်နဲ့ ပြည်ထောင်၊ ၁၈၉၂ မှာ အင်းစိန်ထောင်၊ မြင်းခြံထောင်နဲ့ သထုံထောင်၊ ၁၉၀၇ မှာ မုံရွာထောင်၊ ၁၉၀၉ မှာ ဖျာပုံထောင်၊ ၁၉၂၄ မှာ သာယာဝတီထောင်၊ ၁၉၃၃ မှာ ကျိုင်းတုံထောင်···စသည်ဖြင့်ပေါ့လေ။ အကျဉ်းထောင်တွေကို တစ်ထောင်ပြီးတစ်ထောင် တည်ထောင်ခဲ့ကြပါတယ်။

အဲဒီလို ဆင့်ကဲဆင့်ကဲ ထောင်များ တည်ဆောက်ခဲ့ကြပြီး ၁၈၉၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ မြန်မာနိုင်ငံအကျဉ်းထောင်လက်စွဲ ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးချိန်လောက်မှာ ဗဟိုအကျဉ်းထောင် ၉ ထောင်၊ ခရိုင်အကျဉ်းထောင် ၁၈ ထောင်၊ လက်အောက်ခံအကျဉ်းထောင် ၆ ထောင်၊ ပြင်ပကျောက်ထုတ်လုပ်ငန်း နှစ်ခု··· စသည်ဖြင့် အကျဉ်းထောင် ၃၃ ထောင်နဲ့ အလုပ်စခန်း နှစ်ခု တည်ဆောက်ခဲ့ပြီးကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ အဲဒါက ကိုလိုနီခေတ်အတွင်း အကျဉ်းထောင်များ တည်ဆောက်ခဲ့မှု အခြေအနေပါ။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်ကစပြီး အကျဉ်းဦးစီးဌာနသည် အကျဉ်းဌာနအဖြစ် တရားရေးဌာနအောက်မှာ ထားရှိပါတယ်။ အကျဉ်းဦးစီးဌာနချုပ်ကို လွတ်လပ်ရေးရပြီးတဲ့နောက် ရန်ကုန်မြို့ ၂၇ လမ်းမှာရှိတဲ့ ၁၉၆၄ ခုနှစ် ရန်ကုန်အကျဉ်းထောင်ကို ဖျက်သိမ်းပြီးတဲ့အခါ ရန်ကုန်အကျဉ်းထောင်အတွင်း ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုလက်ရှိတော့ အင်းစိန်ထောင်ကြီးပါပဲ။

မြန်မာပြည်မှာ ထောင်စတင်ဖြစ်ပေါ်လာပုံကို အကျဉ်းမှူ သိလောက်ပြီ ထင်ပါရဲ့။ အဓိကဖော်ပြချင်တာက အင်းစိန်ထောင်ကြီးအကြောင်းပါ။

အင်းစိန်ထောင်ကြီးကို အင်္ဂလိပ်တို့က ၁၈၈၉ ခုနှစ်မှာ စတင်တည်ဆောက်ပြီး ၁၈၉၂ ခုနှစ်မှာ ပြီးစီးလို့ ဖွင့်လှစ်ခဲ့ပါတယ်။ အင်းစိန်ထောင်ဟာ မြန်မာပြည်မှာ အကြီးဆုံးထောင်ကြီးပါ။ အနှစ် ၁၀၀ ကျော် သက်တမ်းရှိနေပါပြီ။ မြေကေ ၇၀ ခန့်မှာ အကြီးဆုံး၊ အကျယ်ဆုံး ထောင်ကြီးဖြစ်ပါတယ်။ အာရှမှာ အကြီးဆုံးလို့တောင် ပြောကြပါတယ်။ အင်းစိန်ထောင်ကြီးဟာ ခံ့ညားထည်ဝါလှတာမို့ အဝေးက ကြည့်ရင် ကြောက်ရွံ့ဘုန်းလှုပ်စရာကောင်းလှတဲ့ ထောင်ကြီးဖြစ်ပါတယ်တဲ့။

မြန်မာတစ်ပြည်လုံးရှိ အကျဉ်းထောင်များမှာ ချုပ်နှောင်ထားတဲ့ အကျဉ်းသားတွေထဲက အရေးကြီးအကျဉ်းသားတွေကို အင်းစိန်အကျဉ်းထောင်ကြီးမှာ ရွှေ့ပြောင်းထားကြရပါတယ်။ အလုံခြုံဆုံး၊ စိတ်အချရဆုံးဖြစ်လို့ပါတဲ့။ အကျဉ်းသားတွေကိုထားတာက အုတ်ရိုးလေးဘက်ထဲမှာ။ အုတ်ရိုးက အထပ်ထပ်။ အပြင်အုတ်ရိုးဆို ပေ ၂၀ ကျော် မြင့်တာ

www.burmeseclassic.com

အုတ်ရိုးပေါ်မှာလည်း လက်နက်ကိုင်မျှော်စင်တွေက အများကြီး။ ဒါကြောင့် လုံခြုံစိတ်ချရတဲ့ ထောင်ကြီး ဖြစ်ပါတယ်တဲ့။ သို့သော်ငြားလည်း . . .

အင်းစိန်ထောင်ကြီးမှာ တရားရုံးကြီးတစ်ခု ရှိတယ်။ ဆောက်ထားတာ အတော်ကြာပြီ။ အဲဒီ တရားရုံးဟောင်းမှာ သခင်စိုး၊ အုန်းကျော်မြင့်နှင့်အဖွဲ့၊ အာဇာနည်ကုန်း ဗုံးဖောက်ခွဲမှု တရားခံ ဗိုလ်မှူးဇင်ဘိုနဲ့ ဗိုလ်ကြီးကင်မင်ချူး၊ မန်းငွေအောင်၊ မန်းဒါဝိတ် စသည်တို့ကို စစ်ဆေးခဲ့ဖူးတယ်။

၁၉၈၈ အရေးအခင်းမှာ အင်းစိန်ထောင်အတွင်းမှာ အကျဉ်းသားတစ်သောင်းကျော် ရှိနေခဲ့တယ်။ မင်းသိခ်၊ အသံတုဝိဇ္ဇာ ချုပ်ီယံတင်ညွန့်၊ ရုပ်ရှင်က ဇာဂနာ (ခ) မောင်သူရ၊ ဇင်ဝိုင်း၊ ဇာတ်မင်းသား မိုးဝင်း၊ အဆိုတော် ဂျေညီညီ၊ ဗိုလကြီးဟောင်း ဝင်းသိန်း၊ မင်းကိုနိုင်တို့လည်း ရှိနေတယ်။

အရေးအခင်းကာလ အင်းစိန့်မြို့နယ် NLD ခေါင်းဆောင် အေဒင်ဦးချစ်ခိုင်လည်း ရှိနေတယ်။ နာမည်တွေ မှတ်မိတာတွေလည်း မရေးတော့ပါဘူး။ စာရှည်မှာစိုးလို့။ ပြောချင်တာက လုံခြုံရေးကိစ္စ။

အရေးအခင်းမတိုင်ခင်ကတော့ တရားရုံးတွေ မှန်မှန်ကန်ကန် စစ်ဆေးကြရတယ်။ တရားမရေးယန္တရားကလည်း အရှိန်မပျက် မှန်မှန်လည်ပတ်နေတယ်။ ၁၉၈၈၊ မတ်လ အရေးအခင်းမှာတော့ တရားရုံးလည်း မှန်မှန်ကန်ကန် မစစ်နိုင်တော့ဘူး။ အလုပ်တွေရှုပ်ပြီး တရားသူကြီးတွေလည်း ရုံးမထိုင်နိုင်ကြတော့ဘူး။ အမှုမစစ်နိုင်တော့ဘူး။ သက်သေလည်း ခေါ်လို့မရတော့ဘူး။ အချုပ်သားတရားခံကိုလည်း ရက်ချိန်းပေးပြီး ထောင်ပြန်ပို့နေကြရတယ်။ အုပ်ချုပ်ရေးယန္တရားကြီးက မှန်မှန်ကန်ကန် မလည်ပတ်တော့ဘူး။ တရားစီရင်ရေးယန္တရားလည်း မလည်နိုင်တော့ဘူး။ တရားသူကြီးတွေ တရားရုံးမထိုင်နိုင်ကြဘူး။ မထိုင်ရဲကြဘူး။ အိမ်မှာ တောင် ရဲရဲတင်းတင်း မနေနိုင်ရဲကြတဲ့ ကာလ။ ထောင်ဥပဒေတွေကလည်း လျော့ရဲလာတယ်။ မမှန်မကန်တွေ ဖြစ်လာတယ်။ ဥပဒေနဲ့မညီ ဖြစ်လာတယ်။ ထောင်အပြင် ဆန္ဒပြသူတွေကလည်း ထောင်က အကျဉ်းသားတွေ လွှတ်ပေးဖို့ တဖွဖွ အော်နေကြတယ်။

၁၉၄၂ ခုနှစ်၊ အင်္ဂလိပ်တွေ ဆုတ်ခွာသွားတယ်။ သူတို့ဆောက်ခဲ့တဲ့ အင်းစိန်ထောင်ကြီးကို မီးရှို့ဖျက်ဆီးမသွားခဲ့ဘူး။ ဂျပန်တွေဝင်လာ၊ ပြန်ထွက်တုန်းကလည်း အင်းစိန်ထောင်ကို ဖျက်ဆီးမသွားခဲ့ဘူး။ ၁၉၄၈-၄၉ ခုနှစ် ကရင်တွေ အင်းစိန်ကို သိမ်းတုန်းကလည်း အင်းစိန်ထောင်ကို မဖျက်ဆီးကြပါဘူး။ ဒါပေမယ့် ၁၉၈၈ အရေးအခင်း ကာလ အပြင်ကဆူ၊ ထောင်ကဆူနဲ့ ဥပဒေမဲ့ဖြစ်စဉ်များကြောင့် အင်းစိန်ထောင်ပြာကျခဲ့ရတယ်။ အကျဉ်းသားဆိုးတွေ လက်ချက်ကြောင့်လို့ဆိုတယ်။ အင်းစိန်ထောင်တွင်း အိပ်ဆောင် ၂-၄-၅ မီးလောင်ပြာကျခဲ့ရတာပါ။

အဲဒီနောက် အကျဉ်းကျတွေကို တစ်စတစ်စ ပြန်လွှတ်ရတယ်။ ဝန်ခံကတိတွေနဲ့ လွှတ်ပေးတယ်လို့ဆိုတယ်။ ဦးအောင်ကြီး၊ ဂါးဒီးယန်းဦးစိန်ဝင်း၊ တပ်မှူးဟောင်း ဗိုလ်မှူးကြီး ကြည်မောင်၊ ဦးကြည်ဟန်၊ ဦးချစ်ကိုကို၊ ဦးချစ်ညို၊ ဦးဘရွှေနဲ့ ဦးထွန်းရွှေ စုစုပေါင်း ဆယ်ယောက်အဖွဲ့နဲ့ မျက်မှန်ကြီး ဦးတင်ဦး၊ ဦးဘိုနီတို့အပြင် မင်းသိခ်၊ ချုပ်ီယံဟင်ညွန့်၊ ဇင်ဝိုင်း၊ မိုးဝင်း စသည်ဖြင့်ပေါ့လေ။ အကျဉ်းသားတော်တော်များများ လွှတ်ပေးခဲ့ရတယ်။ အဲဒီအထဲမှာ ဆိုးတာက သျှောင်ကြီးဖွေဆိုသူနဲ့ KNDO မြင့်သိန်းတို့ပါ လွှတ်ခဲ့တာမို့ ယောင်အရာတာရှိတွေ ရင်ထုမနာဖြစ်ခဲ့ရတယ်တဲ့။ အဲဒီ ဖြစ်စဉ်တွေက အင်းစိန်ထောင်ကြီးရဲ့ ၈၈ အရေးအခင်းကာလ ဖြစ်စဉ်ပါ။

အင်းစိန်ထောင်ကြီးသည် မြန်မာပြည်တွင်သာမက အာရှမှာပါ အကြီးဆုံးလို့ ဆိုခဲ့ပြီးလေပြီ။ လုံခြုံမှု စိတ်အချရဆုံးဟု အနွတ်သညာပြုခဲ့ကြသည်။ စေ့ငုကြည့်ကြပါစို့ရဲ့။

၁၉၈၉ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ညထောင်အပိတ် အကျဉ်းသားတစ်ယောက်လျော့နည်းနေတာမို့ ထောင်ပိတ်၍မရဖြစ်ရတယ်။ မိုးလင်းတဲ့အထိ ရှာကြဖွေကြ စစ်ဆေးကြရတယ်။ ထောင်ဆိုတာကလည်း အဝင်/အထွက် တစ်ပေါက်တည်း။ နှစ်ပေါက်မရှိဘူးလေ။ လူကြီးတွေဝင်/ထွက်လည်း အဲဒီအပေါက်။ ထောင်မှူး၊ ထောင်ပိုင်တွေ၊ အကျဉ်းသားတွေဝင်/ထွက်လည်း အဲဒီတစ်ပေါက်တည်းသော အပေါက်က ဝင်/ထွက်ကြရတယ်။ ဝင်/ထွက်ပေါက်မှာလည်း တာဝန်ကျဝန်ထမ်းတွေက အဆင့်ဆင့်ရှိတယ်။ အဝင်လာက်

www.burmeseclassic.com

မှတ်/အထွက်လက်မှတ်၊ ဝန်ထမ်းကတ်၊ ညှော်ကတ် စုံစီနဖာ စစ်ဆေးရတယ်။

ပျောက်နေတဲ့ အကျဉ်းသားဟာ ထောင်နံရံကျော် ပြေးလေမလား။ စစ်ဆေးကြည့်တော့ မဟုတ်နိုင်ပြန်ဘူး။ ထောင်နံရံ အုတ်ရိုးပေါ်မှာ ထုံးဖြူသုတ်ထားတဲ့ အုတ်ခဲအဖြူလေးတွေ ဆင့်ကာဆင့်ကာ တင်ထားတာ။ ကျော်ပြေးတယ်ဆိုရင် အဲဒီအုတ်ခဲဖြူလေးတွေ တစ်ဆယ့်ငါးလုံးလောက် အောက်ကို ပြုတ်ကျမယ်။ အခုတော့ အခြေအနေမပျက် ရှိနေလေရဲ့။

ပျောက်သောသူ ရှာလျှင်တွေ့ဆိုတဲ့စကား မှားလေပြီ။ အကျဉ်းသားတွေကို အထပ်ထပ်၊ အပြန်ပြန် စစ်ဆေးလေတော့ ပျောက်သောသူက ပုဒ်မ-၅(ည)မြင့်အောင်၊ ပုဇွန်တောင်မြို့နယ်သား။ အသက်(၃၀)၊ NLD အဖွဲ့ဝင်။ ၁၉၈၉ ခုနှစ် မဟာသင်္ကြန်မှာ အစိုးရအကြည်အညိုပျက်အောင် သံချပ်ထိုးလို့ ဖမ်းထားတာ။ အချုပ်ဆောင်(၁)မှာ ထားတာ။

သူဘယ်လိုပျောက်သွားတာလဲ။ ထောင်အရာထမ်း၊ အမှုထမ်းအားလုံး အုံးစား(ဦးနှောက်ခြောက်)ကြရတယ်။ အကျဉ်းသားမြင့်အောင်ဟာ မြေလျှိုးမိုးပျံ လောကီချာန်ရပြီး ထောင်အပြင်ထွက်သွားလေသလော၊ မဟုတ်။ လုံးဝမဟုတ်။

တစ်နေ့ ၅(ည)မြင့်အောင်ကို စစ်ကြောရေးရဲအရာရှိတစ်ယောက်က စစ်ကြောစရာရှိလို့ဟု ဆိုကာ တစ်ပေါက်တည်းသော တံခါးမှ ဝင်ရောက်လာပြီး ၅(ည)မြင့်အောင်ကို တွေ့ပါတယ်။ စားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင် ထိုင်တယ်။ စစ်ကြောရေးရဲအရာရှိက စာရွက်နှင့် ဘောလ်ပင်ပေးပြီး အခုပြောတဲ့အတိုင်း ရေးဟု ၅(ည)မြင့်အောင်ကိုပြောပြီး တစ်ခဏအကြာ စစ်ကြောရေးရဲအရာရှိက "ရေးထားနှင့်၊ ကိုယ်အိမ်သာခဏသွားပြီး ပြန်လာမယ်၊ ဟုတ်လား"ဟု ထွက်သွားပါတယ်။

၅(ည)မြင့်အောင်ကလည်း ညွှန်ကြားခဲ့တဲ့အတိုင်း ရေးရင်းက အရာရှိရဲ့ လက်ပတ်နာရီနဲ့ ရဲအရာရှိဦးထုပ်ကို အမှတ်မထင် တွေ့လိုက်တယ်။ တစ်ဆက်တည်းပင် နံရံတွင် ချိတ်ထားတဲ့ ရဲအရာရှိရဲ့အိတ်ကို တွေ့ရလေတော့ ဆုံးဖြတ်ချက်ကို တစ်မဟုတ်ချင်း ချလိုက်ပြီး -

ရဲအရာရှိဟန်ဖြင့် တစ်ပေါက်တည်းသော ထွက်ပေါက်မှ ထွက်တယ်။ ၅(ည)မြင့်အောင် ကံကောင်းချက်မှာ ရဲအရာရှိ အိတ်ထဲတွင် ညှော်ကတ်တွေ့လေရာ လည်တွင်ချိတ်ဆွဲပြီး အပေါက်စောင့်ဝန်ထမ်းအား လက်ဟန်ပြဖွင့်ခိုင်းသည်။ "ဆရာ၊ ထွက်လက်မှတ်လေးတစ်ဆိတ်လောက်"ဟု ဆိုသဖြင့် လက်မှတ်ထိုးပေးပြီး ထောင်အပြင်သို့ အပြေးတစ်ဝက်ဖြင့် ရောက်ခဲ့လေတော့၏။ [၅(ည)မြင့်အောင်အား စစ်ကြောရေးရဲအရာရှိနှင့် တွေ့စဉ်က နှစ်ဦးစလုံး အရပ်ဝတ်နှင့်ဖြစ်သည်။]

တာဝန်ရှိသူတွေရော၊ ရန်ကုန်မြို့ရဲဌာနအသီးသီးတွေကပါ ၅(ည)မြင့်အောင်ကို ပိုက်စိပ်တိုက် ရှာကြသော်ငြားလည်း ဘယ်လိုမှ ရှာမရတော့။ သူ့နေအိမ် ပုဇွန်တောင်သို့ပါ ဝင်၍ရှာသည်။ မတွေ့၊ မရှိဟုသာ။

၅(ည)မြင့်အောင်သည် ထောင်ကထွက်ပြီး နေအိမ်သို့ ခေတ္တခဏပြန်ဝင်ကာ ဇနီးသည်ထံမှ ငွေတောင်းယူပြီး ပြည်ပသို့ ထွက်သွားသည်ဟူ၍။

၅(ည)မြင့်အောင် လွတ်ထွက်သွားစဉ် အချိန်ကာလက ထောင်အရာရှိအသစ်၊ အဟောင်း ပြောင်းလွှဲနေချိန်။ ထောင်ဥပဒေအရ ထောင်ကျအကျဉ်းသားကို ရှေ့နေ၊ ထောက်လှမ်းရေး၊ သတင်းတပ်ဖွဲ့ တွေ့ခွင့်ဆိုရင် အကျဉ်းသားကို အရပ်ဝတ်နဲ့ ဂိတ်ထဲမသွင်းရ၊ ထောင်ဗူးဝရုံးခန်းထဲ ခေါ်မလာရ၊ မသွင်းရဟု ညွှန်ကြားချက် ရှိထားတယ်လို့ ဆိုပါတယ်။ အရပ်ဝတ်နဲ့ ထောင်အပြင်ကို ရောယောင်ပါမသွားအောင်လို့ပါတဲ့။ သိသာထင်ရှားအောင် အကျဉ်းသားရဲ့ အဝတ်ကို အပြာရောင်ရင့်ရင့် ချုပ်ဝတ်ထားစေတယ်လို့လည်း ဆိုတယ်။

တကယ်တော့ လုံခြုံစိတ်ချရတယ်ဆိုတာ မရှိပါဘူး။ မဖြစ်သေးလို့ပါ။ ဒါကြောင့် လုံခြုံရေးသတိ ပိုတယ်မရှိလို့ ပြောပြောနေကြတာပေါ့။ အဲ···ဒါပေမယ်လို့ အင်းစိန်အကျဉ်းထောင်ကြီးရဲ့ သမိုင်းမှာ ၅(ည)မြင့်အောင်ဟာ သမိုင်းဝင်သွားတယ်လို့ ဆိုရမှာပဲ။ အဲဒီသမိုင်းဆိုတာကလည်း ကမ္ဘာမှာတောင် ခပ်ရှားရှားရယ်။

**ကိုမောင်သန်းဝင်း**

[ မိတ်ဆွေ စာရေးဆရာ(ထောင်မှူး-ငြိမ်း) ပြောပြချက် ]



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတုများဖြင့် အပေါင်ဆိုင်များကို လိမ်လည်ကြသူများ

ယနေ့ခေတ်၌ အတုများ အလွန်များ၏။ အထူးသဖြင့် ရွှေတုများသည် အလွန်များ၏။

စင်ကာပူနိုင်ငံတွင် အိန္ဒိယလူမျိုး နှစ်ယောက်သည် စင်ကာပူလူမျိုးလေးယောက် အပါအဝင်၊ စုစုပေါင်း ခုနှစ်ယောက်ထဲ၌ ပါဝင်ကာ ရွှေတုများကို အပေါင်ဆိုင်ပေါင်း ၁၁ ဆိုင်၌ ပေါင်ခဲ့မှုဖြင့် ရဲတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။

အိန္ဒိယလူမျိုး ဂါပရိရမ်ဆီဒူး (၂၂) နှစ် (ပုံ-၁)သည် ၂၀၁၂ အတွင်း ဧပြီလနှင့် အောက်တိုဘာလအကြား စင်ကာပူရှိ အပေါင်ဆိုင် ၁၁ ဆိုင်၌ ရွှေတုများ ပေါင်ခဲ့မှုဖြင့် တရားရုံးမှ သူ့ကို ထောင်ဒဏ် တစ်နှစ်နှင့် သုံးလ ပြစ်ဒဏ်ချမှတ်လိုက်သည်၊ အခြား အိန္ဒိယလူမျိုးတစ်ယောက်ဖြစ်သော ဂျပ်စ်ဝိုင်းဒါးဆင်းဘရား(၃၈)နှစ် (ပုံ-၂)ကိုလည်း ရွှေတုများပေါင်မှုဖြင့် ထောင်ဒဏ် ၁၀ လ အပြစ်ပေးလိုက်၏။

သူတို့နှစ်ယောက်သည် စင်ကာပူဒေါ်လာ ငါးသောင်းငါးထောင်ကျော်ကို ရွှေတုများပေါင်ပြီး လိမ်လည်ရယူခဲ့ကြရာ၌ ဦးဆောင်ခဲ့သူများဖြစ်ကြ၏။


သူတို့နှစ်ယောက်သည် တရားသူကြီးများအား သူတို့၏လုပ်ရပ်များကို အမှန်အတိုင်း ဝန်ခံခဲ့ကြသည်။

သူတို့နှစ်ယောက်နှင့်အတူ အခြား အိန္ဒိယလူမျိုး ဂျက်တာဆင်းဆိုသူလည်း ပါဝင်၏။

ဆီဒူးသည် ဂျက်တာဆင်းအား ရွှေတုများကို ဆင်မြန်းပေးပြီး အခြားသူများက ဂျက်တာဆင်းပိုင် ရွှေများဖြစ်အောင် လှည့်စားစေ၏။ ဆီဒူးသည် ရွှေတုများကို အတုဖြစ်ကြောင်း မည်သူ့ကိုမျှ



ပုံ(၁)



ပုံ(၂)

မပြောဘဲ လျှို့ဝှက်ထား၏။

ပြုလုပ်ထားသော ရွှေတုများမှာ ပညာသားပါပါ ပြုလုပ်ထားသောကြောင့် အပေါင်ဆိုင်များမှလူများ အလိမ်အညာ ခံလိုက်ရခြင်းဖြစ်၏။

ဆီဒူးသည် စင်ကာပူရှိ သူနေသော တိုက်ခန်းမှ အခန်းဖော်များကို ရွှေတုများအား အပေါင်ဆိုင်များတွင် အလီလီခွဲ၍ ပေါင်နိုင်းခဲ့၏။

ဆီဒူးသည် အသက် ၂၅ နှစ်အရွယ်ရှိ သူ့ချစ်သူ နူးဝါမာဒီယာဆာလီ အပါအဝင် သူ့မိတ်ဆွေ သုံးလေးယောက်ကိုလည်း ရွှေတုပေါင်ရေး၌ အသုံးချခဲ့၏။

ရွှေတုပေါင်ပေးခအဖြစ် ဆီဒူးသည် ပေါင်ခဲ့သော ရွှေတုအနည်း အများကို လိုက်၍ ပေါင်ပေးသူများကို စင်ကာပူဒေါ်လာ ၅၀ မှသည် ၅၀၀ အထိ ပေး၏။

ဆီဒူးသည် ရွှေတုကို ပြုလုပ်ရာ၌ ကြေးနီပေါ်တွင် ရွှေအစစ်ကို သပ်သပ်ရပ်ရပ်အုပ်ထားပြီးအပေါင်ဆိုင်မှ လူများ ရွှေကို စစ်ဆေးမည့်နေရာများကို မှတ်သားကာ ထိုနေရာများတွင် ရွှေအစစ်ကို ထည့်ထား၏။


ဆီဒူး၏ ရွှေတုလုပ်ငန်းနှင့် ရွှေတုများပေါင်သည့်သတင်းကို သိုးသိုးသန့်သန့်ရသော စင်ကာပူအပေါင်ဆိုင်များ အသင်းမှ တာဝန်ရှိသူအချို့က အပေါင် ဆိုင်များသို့လှည့်လည်၍ စစ်ဆေးရာတွင် ဆီဒူး၏ ရွှေတုလုပ်ငန်းကို ရဲတို့က ဖော်ထုတ်လိုက်နိုင်ခြင်း ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် အထက်ပါ ရွှေတုပြုလုပ်မှုနှင့် လိမ်လည်ပြီးပေါင်နှံမှုတို့အတွက် အများဆုံးကျခံရမည့် ထောင်ဒဏ်မှာ ၁၀ နှစ် ဖြစ်၏။

ဦးဦးသိန်း

*T.S.T-8.8.2013*

www.burmeseclassic.com



www.burmeseclassic.com



# ရေဆွဲပေါက် များသော 'ငါး'

■ ဟန်သီဇင်

"ဟဲ့ ... မာလာမေ ဆုံးပြီတဲ့"

"ဘာ ... ရယ် ... မနေ့က တို့တွေနဲ့ အတူတူ ရှိခဲ့တာကို"

"ဟုတ်ရဲ့လား ... ဟယ်"

"ရှုတ်တရက်ကြီး ဆုံးသွားတော့ နှလုံးရောဂါလား။ ဒါမှမဟုတ် သွေးတိုးရောဂါလား"

"ဦးနှောက်သွေးကြော ပြတ်တာလား ..."

ဒေါ်မာလာမေ၏ တွဲဖော်တွဲဖက် သူငယ်ချင်းများက စဉ်းစားရင်း ပြောဆိုနေကြခြင်း ဖြစ်သည်။ မထင်မှတ်သော နာရေးသတင်းမို့ တအံ့တသြ ဖြစ်ကြရတာ အမှန်ပင် ...။

"dead case နဲ့ ဆုံးတာလို့ ပြောတယ် ..."

"အလို ... ဘုရားရေ ဒီလောက် စိတ်မနောကောင်းတဲ့ မမမေကို ဘယ်သူကများ ရက်ရက်စက်စက် လုပ်ရတာပါလိမ့် ..."

"အပြင်သူစိမ်း မဟုတ်ဘူးဟေ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့သမီးက အမေကို သတ်လိုက်တာ။ ခေတ်သစ်အဇာတသတ်မ လက်သစ်လေ''

''အို ... ကိုယ့်အမေကိုယ် သတ်ရလောက်အောင် ဖြစ်ရတဲ့ကိစ္စက ဘာများဖြစ်လေမလဲ ...''

ဒေါ်မာလာမေ၏ ချစ်မိတ်ဆွေများ၏ အတွေးစများ တစ်နံတစ်လျား ဖြစ်ကုန်လေသည် ...။

''ဒါဆို ... တို့တစ်တွေ အသုဘသတင်းမေးသွားဖို့ ခပ်ခက်ခက်ပဲ''

''အေးဟယ် ... သူ့ရဲ့တစ်ဦးတည်းသောသမီးက မအေကိုသတ်လို့ အဖမ်းခံထားရတယ်ဆိုတော့ ကာယကံရှင် ဦးလှိုင်မင်းတစ်ယောက် ဘယ်လိုမျက်နှာထားပြီး ဧည့်ခံရှာမလဲနော်''

ကိုယ်ချင်းစာအတွေးများနှင့် ဒေါ်မာလာမေ၏ အသုဘသတင်းကို တယ်လီဖုန်းဖြင့်သာ ဆက်သွယ် မေးဝံ့ကြသည်။

× × × × ×

မျက်နှာကြီး အသုဘအခမ်းအနားမို့ လွမ်းသူ့ပန်းခြင်း၊ ပန်းစည်း၊ ပန်းခြင်းများကတော့ အပြည့်အလျှံပင် ...။

ပြင်ဆင်ထားသော အလောင်းစင်အနီးမှာ ပူဆွေး၊ ငိုကြွေးသူမရှိ။ တိတ်ဆိတ်ခြောက်သွေ့လွန်းလှသည်။

ဒေါ်မာလာမေ၏ခင်ပွန်း ဦးလှိုင်မင်းခင်ဗျာ ဖနီးကသေ၊ သမီးက ထောင်နန်းစံဘဝမို့ ခေတ်သစ် 'ကိုပဋာ'ကိန်းဆိုက်နေရရှာသော်လည်း အသက်အရွယ်အရ၊ ဂုဏ်သိက္ခာအရ ရင်တွင်းပရိဒေဝ အပူမီးကို တတ်နိုင်သမျှ ထိန်းချုပ်ထားရဟန် အမှန်ပင်။

သူတို့၏ တပည့်တပန်းများကသာ အသုဘပို့ဆောင်လာသူများအား ဧည့်ခံကြိုဆို နေရာချထားကာ တာဝန်ကျေအောင် လုပ်ကိုင်ပေးနေကြပါသည်။

ထိုအသုဘပို့ လာသူအများစုထဲတွင် ...

''ဟဲ့ .. မမမေသေရတဲ့အကြောင်းရင်းကိစ္စက တို့တွေ ပိုကာဆွဲတဲ့ဝိုင်းကို လာတဲ့ မော်ဒယ်သရုပ်ဆောင်သစ် 'စိုးမရ' ဆိုတဲ့ ကောင်လေးကြောင့်တဲ့ ...''

''ဟင် ...''

''ဘယ်လို ...''

''မဂ္ဂီ ... ရှင်က ဘယ်လိုလုပ် သိလာရတာလဲ''

''အိုင့်ရဲ့ ခဲအိုက မှုခင်းတပ်ဖွဲ့ကလေ။ ဒီသတင်းကို သတင်းနဲ့ ဂျာနယ်တွေမှာ မပါအောင် အတော်ကို အုပ်ဆိုင်းထားရတာတဲ့''

''ဒါဆို ... စိုးမရဆိုတဲ့ကောင် က ဘာအရှုပ်ထုပ်လုပ်ထားလဲမှ မသိတာ''

''အေးလေ ... သေခြင်းသေ အဲဒီကောင် သေပါလား။ ခုတော့ မမမေသေရတယ်လို့ အဟင့် ... ဟင့် ... ရှုတ်''

ဒေါ်မာလာမေ၏ သူငယ်ချင်းများကြားရသမျှ သတင်းအစုစုကို ပြောဆိုကြရင်း ဝမ်းနည်းကာ ငိုကြွေးလေသည်။

× × × × ×

ကျွန်တော့်နာမည်က 'စိုးမရ'ပါ။ မြန်မာပြည်ရဲ့ အရှေ့ရိုးမတောင်တန်းအနီး ကျေးရွာဇနပုဒ်မှာ ကြီးပြင်းလာရသူပါ။ ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒက အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦး အဖြစ်နဲ့ပေါ့။ ရွာကကျောင်းမှာ မူလွန်ကျောင်းတက်ပြီး အလယ်တန်းနဲ့ အထက်တန်းပညာကို တစ်နေ့ကို မနက် ၂ နာရီ ညနေ ၂ နာရီ လမ်းလျှောက်ပြီး ပညာသင်ကြားခဲ့ရပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်ပြီး အဝေးသင်တက္ကသိုလ်ကို မိုင် ၁၀၀ ကျော်ဝေးတဲ့မြို့မှာ သာမန်ဘွဲ့တစ်ဘွဲ့ရဖို့ မနည်းကြိုးစားခဲ့ရတာပါ။ ရွာမှာ ကျောင်းဆရာ လခစားဘဝနဲ့ မြုပ်နှံသွားလို့ရပေမဲ့ တောမှာမွေး၊ တောမှာကြီးပြင်းရတယ်ဆိုပေမဲ့ မြို့ကြီးပြကြီးမှာသာ ကျွန်တော့်ဘဝရဲ့ ကြီးပွားရာ ကြီးပွားကြောင်း ရှာကြံချင်ပါတယ် ...။

ဒါကြောင့် အဘနဲ့အမေကို အတင်းအကျပ် နားပူနားဆာ ပြောလွန်းလို့ –

''ယောက်ျားလေးပဲကွာ။ 'ထောင်' အပြင် 'တန်း'မရှိပါဘူး။ ကောင်းရင်စံ၊ မကောင်းရင်ခံ။ ဒင်းတိုက်နဲ့ ဒင်းကံ စိတ်လျှော့ပြီး မြို့ကို လွှတ်သာလွှတ်လိုက်ပါကွာ ...''

အဘက အမေ့ကိုနားချတာကြောင့် မြို့တက်မယ့် လူကြုံကောင်းရှိတုန်း ကျွန်တော် ရန်ကုန်မြို့ကို ရောက်ရှိလာတာပါ။

ရွာကနေပညာလာသင်တဲ့ ဦးပဇင်းလေး အဆက်အသွယ်နဲ့ ကုမ္ပဏီကြီးတစ်ခုမှာ ညစောင့်အလုပ် ရခဲ့ပါတယ်။ ကျွန်တော်က အလုပ်မရွေးပါဘူး။ ညဘက်မှာ ညစောင့်အလုပ်လုပ်၊ နေ့ဘက်မှာ ပညာဒါန ကျောင်းရှိရာမှာ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာပညာကို သင်ရပါတယ်။ ကျွန်တော့်ဆန္ဒက တီဗွီမှာ မော်ဒယ်မင်းသားတွေကို သဘောကျတော့ အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားနေထိုင်ပါတယ်။ နောက်တော့ ရုပ်မြားကတ်ကြီးတစ်ခုမှာ ကျင်းပတဲ့ မော်ဒယ်ရှိုးဝင်ပြိုင်ရင်း 'မစ္စတာ မော်ဒယ်ဘွိုင်း'ဆုကို ရရှိခဲ့ပြီး နာမည်ကြီးမော်ဒယ်အေဂျင်စီတစ်ခုက ကမ်းလှမ်းလာတာနဲ့ ကျွန်တော်လည်း လက်ခံစာချုပ်ချုပ်ဆိုခဲ့ပြီး ညစောင့်အလုပ်က ထွက်ခဲ့ပါတယ်။

မော်ဒယ်အေဂျင်စီကနေ ကြိုတင်ငွေထုတ်ပြီး ကျွန်တော် အဆောင်မှာ အခန်းငှားနေပါတယ်။ ကျွန်တော့်အနေနဲ့က အောင်မြင်နေသူ မဟုတ်သေးတော့ ရှိုးပွဲတွေရှိရင် သွားစရိတ်၊ လာစရိတ်၊ အဝတ်အစားစရိတ်အပြင် ဝမ်းရေးဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com

ဖို့ ခက်ခဲလှပါတယ်။

ဒါဟာ Top Ten စာရင်းမဝင်သေးတဲ့ ဘဝတူချင်းသာသိနိုင်တဲ့ ဟိုမရောက်၊ ဒီမရောက် မော်ဒယ်လူငယ်တစ်ဦးရဲ့ အတိဒုက္ခရသပဲ ဖြစ်ပါတယ်။

တစ်မြို့တစ်ရွာကို အရဲစွန့်ပြီး လာရတဲ့ လူငယ်တွေအဖို့က ခုလိုခေတ်ကြီးထဲမှာ အားကိုးစရာ ဆွေမျိုးဉာတိမရှိ၊ ရှိလည်း မလွယ်ကူပါဘူး။ ဒါကြောင့် ကိုယ့်ခြေပေါ်ကိုယ် မပြိုလဲအောင် ထမင်းနှစ်နပ်ကို တစ်နပ်ပဲစားပြီး အဆောင်လခမှန်မှန်ပေးနိုင်ဖို့ ဖြေရှင်းရင်း အေဂျင်စီပိုင်ရှင်ထံမှာ ပွဲစဉ်တိုင်း လိုက်ပါခွင့်ရစေဖို့ အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးရပါတယ်။

ကျွန်တော်တို့နဲ့ ဘဝတူ စီနီယာ မော်ဒယ်ဘွိုင်းတစ်ဦးက အရင်နဲ့မတူ စိုပြည်နေတာ သတိထားမိလို့ အသာအကဲခတ်ပြီး ...

"အစ်ကို၊ အလုပ်အကိုင်ကောင်းရှိရင် ကျွန်တော့်ကို လက်တွဲခေါ်လို့ရရင် လမ်းညွှန်ခေါ်ပါလားခင်ဗျာ"

ကျွန်တော့်ရဲ့စကားနဲ့ အသွင်အပြင်ပေါ်မှာ အကဲခတ်မိတယ်နဲ့ တူပါတယ်။

"မင်းနှုတ်လုံမယ်ဆိုရင် ဝင်ငွေကောင်းတဲ့ အလုပ်ရှိတယ်။ မင်းဘဝမအောင်မြင်ခင် ဆက်လျှောက်နိုင်ဖို့အတွက် လူမြင်စရာမလိုဘဲ မပင်ပန်းတဲ့ အလုပ်တစ်ခုရှိတယ်"

"ပင်ပန်းလည်း ရပါတယ် အစ်ကိုရယ်၊ ကျွန်တော်ဖြစ်ချင်တဲ့ မော်ဒယ်သရုပ်ဆောင်ဘဝ ဆက်လုပ်နိုင်ဖို့ အခွင့်အရေးရမယ်ဆိုရင် ကျွန်တော်လုပ်ပါ့မယ်"

"ကောင်းပြီ၊ အဲဒီနေရာက ငါတို့လို ငွေအင်အားမတတ်နိုင်တဲ့ သူတွေအတွက် ဖြတ်ကျော်လျှောက်ရမယ့် နေရာပဲ။ ဒီရှိုးပွဲပြီးရင် မင်းငါနဲ့လိုက်ခဲ့၊ ပို့ပေးမယ်"

ကျွန်တော် စီနီယာ 'ကိုသွင်နေထူး'ကို ကျေးဇူးများစွာ တင်နေမိပါတော့တယ်။

× × × × ×

ကျွန်မနာမည်က 'အပု'လို့ ခေါ်ပါတယ်။ ကျွ..မတို့ရွာက ဒေါ်ကရင် ပို့ပေးလို့ သူဌေးမ ဒေါ်ကေသီအိမ်ကို ရောက်လာတာပါ။ ကျွန်မရဲ့အလုပ်က သူဌေးအိမ်မှာ သန့်ရှင်းရေးအလုပ် လုပ်ရပါတယ်။ နောက်ပြီး တိုက်အောက်ထပ်ကနေ လူခေါ်ခလုတ်နှိပ်လိုက်လို့ သူဌေးမရဲ့ အိမ်တံခါးက တီဗွီမှာ လူပုံပေါ်လာတာကြည့်ပြီး သူဌေးမက ရှိတယ် ... တံခါးဖွင့် ပေးလိုက်ဆိုရင် ကျွန်မက တံခါးဖွင့်ပေးရပါတယ်။

ဪ ... ကျွန်မရဲ့ သူဌေးမက ၁၂ ထပ်မြင့်တဲ့တိုက်ရဲ့ အပေါ်ဆုံးထပ်မှာနေတာရှင့်၊ တိုက်ခေါင်မိုးမှာနေပေမဲ့ အိမ်က အပျံစား နန်းတော်ကြီးတမျှပါပဲ။ ပန်းခြံကလည်း လှမှလှ။ ရန်ကုန်မြို့ကြီးကို အပေါ်စီးကနေ မြင်ရတဲ့ မြင်ကွင်းကကောင်းမှကောင်း။

အင်း ... သူဌေးမရဲ့ယောကျ်ား သူဌေးကြီးက နာမည်ကြီးရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာကြီးဆိုတော့ ကျွန်မတို့က ရုပ်ရှင်မင်းသား၊ မင်းသမီးတွေလည်း မြင်ဖူးရတာရယ်၊ အဟီး ... ကျွန်မတို့ကြိုက်တဲ့ မင်းသားငယ်တွေလည်း နီးနီးကပ်ကပ် အရှင်လတ်လတ်မြင်ရတော့ ပျော်တာပေါ့။

အဲ ... သူဌေးကြီးက မကြာခဏ ရုပ်ရှင်ရိုက်ဖို့ ခရီးထွက်ရတယ်။ သူဌေးကြီး မရှိတဲ့ရက်ဆိုရင် သူဌေးမက တယ်လီဖုန်းနဲ့ဆက်ပြီး သူ့ဘော်ဒါတွေကို ခေါ်တော့တာပဲ။ သူဌေးမအသက်က လေးဆယ်ကျော်၊ ငါးဆယ်လောက် ရှိမယ်ထင်တယ်။ ဒါပေမဲ့ သူဌေးမနဲ့ ဘော်ဒါတွေ အားလုံးက နုဖက်ချောမွတ်နေတော့ .. သုံးဆယ်လောက်ပဲ ထင်ရတယ်။ ကျွန်မတို့ရွာမှာဆို လေးငါးဆယ်ဆို ဆံပြို၊ ပါးတွန့်ချင်ပြီ။ ပြီးတော့ သူ့ဘို့အဝတ်အစားတွေက ကိုးရီးယား ရုပ်ရှင်ကားထဲကလို 'အလန်း'စားတွေ။ စကတ်ပေါင်တို၊ ဘောင်းဘီပြတ်နဲ့ ကျောမပါ၊ ရင်ဗလာ မမြင့်ထွတ်စားတာမျိုးလေ၊ သူဌေးမရဲ့ ဘော်ဒါတွေက သင်္ဘောကပ္ပတိန်ကတော်တဲ့၊ အရာရှိကြီးကြီးကတော်တဲ့၊ လုပ်ငန်းရှင်ကြီးကတော်၊ ကန်တရိုက်တာကတော်၊ အင်ဂျင်နီယာကြီးရဲ့ ကတော်တဲ့ ...။

အင်း ... သူတို့က လူစုံရင် စားစရာကို နိုင်ငံခြားကို လေယာဉ်ကနေ မှာစားချင်စားတာ။ ခမ်းနားထည်ဝါတဲ့ စားပွဲခုံပေါ်မှာ ပိုကာဒေါင်းတယ်ဆိုလား ကိုင်ရက်စရာမရှိတဲ့ ဖဲချပ်အကောင်းစားနဲ့ လူစု ကစားကြတာရှင့်။ နိုင်ငံခြား ရုပ်ရှင်ကားထဲက လောင်းကစားဝိုင်းလိုပါပဲ။ ပိုက်ဆံပုံကြီးကလည်း ဟီးလို့၊ ဒါတောင်မှ သူတို့ အပျင်းပြေအပျော်ကစားကြတာတဲ့ရှင့် ...။

သူတို့ အဲလိုကစားတဲ့နေ့ဆိုရင် ကျွန်မက ပျော်တယ်၊ ဒီနေ့ ဘယ်သူ့ခေါ်ရင်ကောင်းမလဲလို့ တစ်ယောက်ကမေးလိုက်ရင် အသစ်ကလေးတစ်ယောက်လောက်ခေါ်ပါဆိုရင် ကျွန်မက ဘယ်သူများလာမလဲ မျှော်ရတာပေါ့၊ ကျွန်မက ဒီမှာအလုပ်လုပ်တာ ဆယ်နှစ်ရှိပြီလေ၊ တချို့ နာမည်ကြီးတဲ့ မင်းသားတွေဆို သူဌေးမတို့ဝိုင်းမှာ လာထိုင်ပေးခဲ့ဖူးတာကိုး။ သူတို့ကို သူဌေးမအဖွဲ့က ဖဲရိုက်ရင်း

"မောင်လေးရေ မမဖက်ကြောလေး ဆွဲပေးပါဦး ..."

"မမ ရင်ပူလို့ ... အအေးလေး လုပ်ပါဦး"

ဒါမှမဟုတ်ရင် အတွင်းခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com

ဆိုဖာအိစက်စက်ပေါ်မှာ လဲလျောင်းပေးပြီး အကြောတွေဖြေလျှော့၊ နှိပ်နယ်ပေးရတာရှင့် ...။

အင်းပေါ့လေ။ သူတို့က ရုပ်ရှင်ဗွီဒီယိုကားတွေပေါ်မှာ ခေါ်သုံးဖို့ သူဌေးမတွေဆီမှာ အခစားဝင်ရတာမျိုးပေါ့။ ငွေကြေးချမ်းသာသူကျတော့ တစ်မျိုး။ ငွေထုပ်ကို ထွေခင်းလမ်းလျှောက်နိုင်သူမျိုးကိုတော့ ညွှန်ခန်းမှာပဲ ညှော်ခံ စကားပြောပါတယ်။

နယ်ဒေသကနေ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ချို့ချို့တဲ့တဲ့နဲ့ အားမာန်တင်းပြီး သရုပ်ဆောင်ဖြစ်ချင်သူ အချို့ကတော့ သူဌေးမတို့ဆီမှာ အခစားဝင်ကြရတာမျိုးပေါ့။

ကျွန်မတို့ရွာမယ ‌အမေတို့ အဒေါ်တို့နဲ့ ကွာပ့ါ။ သေလောက်အောင် ပင်ပင်ပန်းပန်း မိုးထဲလေထဲ ကောက်စိုက်၊ ပျိုးနုတ်၊ စပါးရိတ် လုပ်ကြရတယ်။ နားပြန်တော့လည်း ကိုက်တာခဲတာဖြစ်ရင် ဆေးပုလိမ်း၊ ရေနွေးသောက်၊ စောင်နွမ်းလေးခြုံပြီးနေကြရတာ၊ သူတို့ကျတော့ ‘ဖက်ရက်မင်းစည်းစိမ်’ ယစ်တယ် ခေါ်မလားပဲ။

ကျွန်မကြားဖူးတာတော့ ... ယောက်ျားဆိုတာမျိုးက အိုင်တွေ့ရင် ခြေဆေးတတ်တာတဲ့။ အခု သူဌေးမတွေကျတော့ ဘဝမှာ အချိန်ပို၊ ငွေတွေပိုနေတော့ အိုင်တူးပြီး ခြေဆေးတယ် ပြောရမလိုပဲ။ သူတို့ယောက်ျားတွေက အပြင်ထွက် စီးပွားရှာတော့ သူတို့ဘဝသူတို့ ဖြေဆေးရှာကြတာထင်ပါရဲ့။ ကျွန်မတို့ **အမေတို့ကျ**တော့ ဘယ်လောက်ပင်ပန်းပါစေ၊ **တစ်နေ့**တာ မိသားစုအားလုံး စုစုစည်းစည်း ထမင်းဝိုင်းဖွဲ့စားနိုင်ဖို့ ချက်ပြုတ် **ကျွေး**မွေးပြီး ဘဝအမောဖြေကြတာများ **သူတို့မှာ** လောကစည်းစိမ်တော့ရပါရဲ့ **မိသားစု**နွေးထွေးမှု အရသာရှိပုံ မရရှာဘူး။

ခုလည်း မော်ဒယ်မင်းသားချောလေး ‘စိုးမရ’ ဆိုတာ ရောက်လာတယ်။ ချောမှချော လူသစ်လေးဆိုတော့ ...။ သူဌေးမတွေကို ခပ်ရွံ့ရွံ့ပေါ့။ ဒါကို ဒေါ်မာလာမေဆိုတဲ့သူက ...

“ဟဲ့ ... ရှက်တတ်ရင် မင်းသားလာလုပ်မစားနဲ့။ မင်းသားလုပ်မယ့်သူက မိန်းမတွေနဲ့ ဖက်လှဲတကင်းမနေတတ်ရင် ရုပ်ရှင်ရိုက်တဲ့ခါ ဘယ်လိုလုပ်မလဲ။ ချချက်ချင်း မင်းပုံစံကို ပြင်လိုက်စမ်း”

ပြီးတော့ ... ဘွားတော်အရွယ်မို့ ‘အန်တီ’ ခေါ်လိုက်လို့ ‘မမ’ ဆိုတာ အကြိမ်တစ်ရာခေါ်ခိုင်းပြီးမှ သောက်ဆူးပေးတာလေ ...။

အဲသလို ပညာပေးမှုအောက်မှာ ‘စိုးမရ’ တစ်ယောက် စည်းစိမ်ရှင်မမများ ထံမှာ အဖြည့်ခံအဖြစ် ဘဝကို ရပ်တည်ခဲ့ရတာပါ။

× × × × ×

ကျွန်မအမည်က ‘ရာသက်စံ’ ပါ။ ဦးလှိုင်မင်း၊ ဒေါ်မာလာမေတို့ရဲ့ တစ်ဦးတည်းသောသမီး။ စင်ကာပူမှာ ကျောင်းသွားတက်ပြီး မြန်မာပြည်ပြန်လာတော့ ဘာအလုပ်မှလည်း ဝင်မလုပ်ဖြစ်တာနဲ့ အပျင်းပြေ မော်ဒယ်ရှိုးဝင်လျှောက်ရင်း 'Miss' ဆုကို ရခဲ့တာပါ။

ဒါပေမဲ့ ကျွန်မရဲ့အောင်မြင်မှုကို ဒက်ဒီက အဝေးမှာမို့ထားပါတော့။ မာမီကလည်း သူ့ပိုကာဝိုင်းလောက် စိတ်မဝင်စားပါဘူး။ အိမ်မှာမရှိကြတာများတယ်။ ကိုယ့်အာရုံနဲ့ကိုယ် နေစားပြီး၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်ခွင့်ပြုထားတဲ့ အိမ်မျိုးပါ။ ကျွန်မပွဲတော်တော်များများ လှုပ်ရှားသွားလာရတော့ ‘စိုးမရ’ နဲ့ ခင်မင်ခွင့်ရခဲ့တာ။ ရှိုးပွဲရှိရင် အဝတ်အစားဒီဇိုင်း အတူရွေးချယ်၊ အကြံဉာဏ်ပေး၊ တိုင်ပင်ရတဲ့တယ်။

ဒီတော့ ကျွန်မအပေါ် နားလည်တတ်သူ၊ ဖေးမတတ်သူ၊ ကျွန်မရဲ့စိတ်ကသူ့အပေါ် လုံးဝအားကိုးမိပါတယ်။

‘စိုးမရ’ ဟာ နယ်မြို့လေးက လာပြီး မော်ဒယ်အလုပ်လုပ်တယ်ဆိုတာက လွဲလို့ ကျွန်မဘာမှ မသိပါဘူး။

× × × × ×

ကျွန်တော်‘စိုးမရ’ ကို ဒုတိယအကြိမ်ပြန်စစ်ဆေးတာဆိုတော့ ‘ရာသက်စံ’ ဆိုတာ ကျွန်တော့်ရဲ့ သူငယ်ချင်းပါ။ ကျွန်တော့်ဘဝမှာ တစ်နေ့တစ်နေ့ ဘဝရပ်တည်ရေးအတွက် ကြေးရတတ် ဘွားတော်ကြီးတွေဆီမှာ အခစားဝင်၊ ရေပူရေချမ်း ကမ်းလှမ်းပြုစုပေးရတာ။ အဲဒီစိတ်ဆင်းရဲခြင်းဒုက္ခက ကင်းဝေးချင်လှပြီ။

ဒါပေမဲ့ မကြာခင်မှာ ဗွီဒီယိုသုံးကားရိုက်ရတော့မှာမို့ အောင့်အည်းနေရတာပါ။ တကယ်တော့ ‘အဘွားကြီးစော်’ နံလှပြီဗျို့လို့ အော်ကာညည်းပစ်ချင်တာများ။ ရုန်းမထွက်နိုင်လို့သာ။

ကျွန်တော့်အပေါ်ကို ‘ရာသက်စံ’ ရဲ့ အားကိုးမှုကို စိတ်ထဲက အပြည့်အဝလက်ခံချင်ပေမဲ့ ကျွန်တော့်ရဲ့ဘဝကို အခုလို ရပ်တည်နေရတာကို မသိစေချင်ဘူး။ ခက်တာက ‘ရာသက်စံ’ ကလည်း တစ်နေ့မတွေ့ရတာနဲ့ ဖုန်းတဂွမ်ဂွမ်ပါပဲ။ ကျွန်တော့်ဘက်ကလည်း ဘွားတော်တွေစက်ကွင်းကလွတ်တာနဲ့ ‘ရာသက်စံ’ ဆီ ပြေးပြီး စိတ်အေးချမ်းမှုကို ယူရတော့တယ်။

အင်း ... ကျွန်တော်တို့ ချစ်သူဖြစ်ပြီး တစ်နှစ်အကြာမှာ ‘ရာသက်စံ’ က လက်ထပ်ကြရအောင် ပြောပါတယ်။ တကယ်တော့ ကျွန်တော့်ရဲ့ဘဝက ဘာမှ ပြီးပြည့်စုံခြင်းမရှိခဲ့လို့ ခေါင်းကြီး သွားရပါတယ်။ ဒါပေမဲ့ ‘ရာသက်စံ’ က ဘာမှ စိတ်မပူပါနဲ့။ သူ့မှာ တစ်သက်စားမကုန်တဲ့ အမွေတွေ ရှိပါတယ်တဲ့။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

က အတန်တန်ခေါင်းခါတော့ သူ့ရဲ့မိဘများက မငြင်းစေရပါဘူးတဲ့။ ကျွန်တော့်ဘက်ကသာ အလိမ္မာအိမ်ပါသမက်အဖြစ် နေပေးပါတဲ့။

'ရာသက်စံ'လို မိန်းကလေးက သူဖြစ်ချင်တဲ့ဆန္ဒတွေ ရှေ့တန်းတင်နေပြီဆိုတော့ ကျွန်တော်ကလည်း ချမ်းသာကြွယ်ဝတဲ့ ချစ်သူကိုလည်း ပိုင်ဆိုင်ခွင့်ရမယ်၊ သူဌေးသမက်အဖြစ် ရွှေဘုံပေါ်စံရမယ့်ဘဝကို မကြိုက် ဘယ်ရှိပါ့မလဲ။ ဘဝဆိုတာ အမိုးရှိမှ အခြေခိုင်မာတိုးတက်ခွင့်ရှိတာဆိုတော့ ခေါင်းညိတ် သဘောတူခဲ့တယ်။

× × × × ×

ဒီနေ့ညနေမှာ 'ရာသက်စံ'ရဲ့ မိဘတွေနဲ့ ကျွန်တော် သွားတွေ့ရပါမယ်။ မနက်ကနေ နေ့လယ်အထိ တုတ်လုပ်သူ ဒေါ်ကေသီက ခေါ်ထားလို့ ထုံးစံအတိုင်း သွားရပါတယ်။

ဘွားတော်ရဲ့ ဝိုင်းနားကနေ အပူ၊ အအေးသုံးဆောင်ဖို့ ဆောင်ရွက်ပေးရုံမက တစ်ဦးချင်း မာဆတ်လုပ်ပေးရတာလည်း ရှိပါတယ်။ ဒါပေမဲ့ အကြောဖြေလျှော့ပေးတာကလွဲလို့ ပြစ်မှားတဲ့ ကျူးလွန်ခြင်းမျိုး ကျွန်တော်လုံးဝ မရှိပါဘူးခင်ဗျာ။

ဒီနေ့မှာ 'ဒေါ်မာလာမေ'တစ်ယောက် သီးသန့်အနှိပ်ခံပြီး သဘောမနော ကောင်းနေပါတယ်။ ပြီးတော့ သူလည်း ဒီကနေ့ စောစောပြန်စရာရှိတယ်၊ ကျွန်တော့်ကိုလည်း စောစောပြန်ဖို့ ပြောပါတယ်။ မုန့်ဖိုးတစ်ပုံးပေးသွားပါတယ်။

ကျွန်တော် ပျော်သွားတယ်။ ဒီကနေ့ လပ်ကီးဒေးပါပဲ။ ချစ်တဲ့သူဆီသွားဖို့ အဆင်ပြေသွားပြီပေါ့။

ဒါပေမဲ့ဗျာ၊ ချစ်သူခြံဝတံခါးကနေ အတူလက်တွဲဝင်လာပြီး သူတို့အိမ်ရဲ့ ဧည့်ခန်းထဲကို ဝင်လိုက်တဲ့အချိန်မှာတော့ ကျွန်တော့်ဘဝမှာ အရှင်လတ်လတ် ငရဲပြည်ထဲ ခုန်ဆင်းလိုက်ရသလိုပါပဲ။

ကျွန်တော်ချစ်တဲ့ 'ရာသက်စံ'ရဲ့ မိခင်ဟာ 'ဒေါ်မာလာမေ'ဖြစ်နေလို့ပါပဲ ခင်ဗျာ။

'ရာသက်စံ'နဲ့ သူ့အဖေကတော့ သမီးကို ဘိမ်းနဲ့ပေးစားရမှာစိုးလို့ နှမြောစိတ်နဲ့ မှုန်ကုပ်ကျတယ် ထင်နေရှာတယ်။ တကယ်တော့ ကျွန်တော်လည်း မျက်နှာထားရခက်နေသလို ဒေါ်မာလာမေလည်း ရှက်စိတ်မွှန်နေတာ သေချာတာပေါ့ဗျာ။

× × × × ×

ကျွန်မက သူဌေး ဦးလှိုင်မင်းနဲ့ သူဌေးမ ဒေါ်မာလာမေတို့အိမ်မှာ အလုပ်လုပ်တဲ့ အိမ်အကူပါ။ အဲဒီနေ့က အိမ်ပေါ်ထပ်ဧည့်ခန်းမှာ ကျွန်မကြမ်းတိုက်နေပါတယ်။ ကျွန်မစတင်ကြားရတဲ့ အသံက

''မဖြစ်နိုင်ဘူး၊ မပေးစားနိုင်ဘူး'' ဆိုပြီး သူဌေးမက ခေါင်းကို ခါယမ်းပြီး သူ့သမီးကို အော်ပြောနေတာပါပဲ။

မမလေးက ငိုနေပါတယ်။ သူဌေးမက ဒီကောင်ကလွဲရင် ဘယ်သူနဲ့ဖြစ်ဖြစ် ပေးစားမယ်လို့ ထပ်ပြောပါတယ်။ မမလေးကလည်း မရ၊ အရကို ယူမှာပဲလို့ ပြောပါတယ်။ မယူရဘူး ဒီကောင်နဲ့ဆို လုံးဝ မဖြစ်ဘူးဆိုပြီး သူဌေးမက ထပ်အော်တော့ မမလေးက ''ဘာကြောင့်လဲဆိုတာ နိုင်လုံတဲ့ အကြောင်းပြပါ''လို့ မေးပါတယ်။ သူဌေးမက ''သမီးသိစရာမလိုဘူး''ဆိုတာ ပြန်ပြောပါတယ်။ သားအမိနှစ်ယောက် အပြန်အလှန် အော်ကြဟစ်ကြတယ်။ မမလေးကလည်း သူ့ဆုံးဖြတ်ချက်မပြင်ဘူးအော်တယ်။ ဒီတော့ သူဌေးမက ''ညည်း ငါ့စကားကိုနားမထောင်ရင် ညည်းအကောင်ကို အရှင်မထားဘူး။ ငါကြိုးစင်တက်ချင်တက်ရပါစေ''ဆိုပြီး လှေကားကနေ ဆင်းလာတယ်။ မမလေးက မာမိက အသားလွှတ်ကြီး အကြောင်းပြချက်မခိုင်လုံတဲ့နဲ့ သဘောမတူဘူးပြောနေတယ်၊ သေသေချာချာရှင်းပြရင် သမီးစဉ်းစားမှာပေါ့။ ခုတော့ တစ်ဖက်သတ်ကြီး ငြင်းဆန်နေတာ သဘောမကျပါဘူး။ လို့ ပြောတဲ့အခါ ''သွား ... နင် ငါ့နောက်လိုက်မလာနဲ့ ... သွား''ဆိုပြီး သူဌေးမက တွန်းထုတ်တယ်။ မမလေးက အတင်းပြန်ဖက်ပြီး မသွားရအောင် ဆွဲတယ်။ အဲ့သလို ရုန်းရင်းဆန်ခတ်ဖြစ်ပြီး လှေကားပေါ်က သူဌေးမ လိမ့်ကျတာပါရှင် ..။ မမလေး တမင်တွန်းချတာ မဟုတ်ပါဘူးရှင်။

မကွယ်မဝှက် အစစ်ဆေးခံ သက်သေထွက်ဆိုကြသည်။ ဦးလှိုင်မင်းအဖို့ သေဆုံးသူ ဇနီး၊ တရားခံက သမီး၊ မည်သို့ တရားစွဲဆိုပါမည်နည်း။ တရားဥပဒေအကြောင်းအရတော့ ရင်ဆိုင်ရပေဦးမည်။

ထိုကာလများ လွန်မြောက်ပြီးသောအခါမှာ ...

'ရာသက်စံ'တစ်ယောက် ဆရာလေး 'မဝဏ္ဏဝတီ'အဖြစ် ဘာဝနာရိပ်သို့ ပုန်းခိုသကဲ့သို့ 'စိုးမရ'လည်း သူ့အိမ်မက်များ အပြီးတိုင်ရုပ်သိမ်းကာ ဇာတိမြေသို့ ပြန်သွားလေတော့သည်။

ဤသို့သော အကြောင်းတရားများနှင့် မကြုံဆုံကြရအောင် သားယောက်ျားလေးများ ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး ကြိုးစားကြပါကုန် ...။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေမောင်းတဲ့ ကား

စံ(ကေတု)

ကျွန်ုပ်ပင်စင်စားရဲ့အရာရှိမောင်စံ မှာ သက်ပြည့်ပင်စင်ယူပြီးနောက် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် (၂)နှစ်၊ တူမတော်ပိုင်ဆံပင်နှင့်အလှပြုပြင်ဆိုင်တွင် (၁) နှစ်၊ မန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့မှ အမှန်တကယ်အနားယူခဲ့ရသည်။ မြို့ပေါ်ရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များတွင် အကျိုးဆောင်အဖြစ်ဆောင်ရွက်ပေးရင်း နေအိမ်တွင် မြေးထိန်းခြင်းအလုပ်ကို ကြည်ကြည်ဖြူဖြူလုပ်ကိုင်နေရတော့သည်။

"ဘိုးဘိုး သားတို့ကျောင်းမှာ သူငယ်ချင်းတွေက သရဲတစ္ဆေအကြောင်းတွေ ပြော ပြောနေကြတယ်။ သူရဲတစ္ဆေဆိုတာ ဘယ်လိုဖြစ်လာတာလဲဘိုးဘိုး၊ တကယ်ရောရှိနေလားဟင်"ဟု (၅)တန်းကျောင်းသားမြေးငယ်လေး ဖိုးလပြည့်က ကျောင်းမှအပြန်လွယ်အိတ်ကမ်းပေးပြီး ကျွန်ုပ်အားမေးလာသည်။ ယနေ့ခေတ်ကလေးများမှာ ကျွန်ုပ်တို့ငယ်စဉ်ကလို လက်ညှိုးထောင်၊ ခေါင်းညိတ်စရိုက်မရှိကြပေ။ အရာရာကိုစူးစမ်းလေ့လာကြသည်။စမ်းသပ်ကြသည်။ အတွေးအခေါ်ဉာဏ်ရည်ဉာဏ်သွေးလည်းမြင့်ကြသည်။ ထို့ကြောင့် မြေးငယ်လေးအမေးကို အလွယ်ဖြေရန်မသင့်ဟု ကျွန်ုပ်သုံးသပ်လိုက်သည်။

"မြေးလေးမေးတာ ဘိုးဘိုးဖြေရခက်တယ်။ တိုတိုနဲ့ဖြေရင် သရဲတစ္ဆေဆိုတာ တကယ်ရှိတယ်။ တကယ်ရှိကြောင်းသက်သေပြရဖို့ကလည်းခက်တယ်။ သရဲတစ္ဆေတွေဘယ်လိုဖြစ်လာတာလဲဆိုရင် လူတွေသေပြီးဖြစ်လာကြတာပဲ။ အဲဒီလိုဖြစ်လာကြောင်းသက်သေပြရဖို့ကလည်း ခက်ပြန်တာပဲ မြေးလေးရ"

"ဘိုးဘိုးအဖြေကလည်း ဟုတ်တာလိုလို၊ မဟုတ်တာလိုလိုနဲ့ မရှင်း မရှင်းကြီးပဲ။ သားကရှင်းရှင်းလင်းလင်း တိတိကျကျ၊ မှန်မှန်ကန်ကန်သိချင်တာ"

"ကဲ မြေးလေးရေမိုးချုပ်၊ ထမင်းစား၊ အိမ်စာတွေပြီးအောင်လုပ်၊ မြေးလေးသိချင်တာကို ဘိုးဘိုးကိုယ်တွေ့နဲ့ပြောပြမယ်။ ကျောင်းစာတွေပြီးရင် ဘိုးဘိုးဆီလာခဲ့" ဟုကျွန်ုပ်ကစကားဖြတ်လိုက်ရသည်။ ချွေးမဖြစ်သူက"အဖေတို့မြေးအဘိုးတွေညကျမှ အေးအေးဆေးဆေးပြောကြပါနော်။ သားလေးရေချိုးနောက်ကျနေမယ်။ သွားရေမြန်မြန်ချိုး" ဟု တစ်ဆက်တည်းဝင်ဖြတ်ပြောလိုက်ပြန်သည်။

မြေးငယ်ရေချိုးနေစဉ် ကျွန်ုပ်ပဋိစ္စသမုပ္ပါဒ်ဒေသနာကိုရွတ်ရင်းဖြင့်မြေးငယ်လေးအား သရဲတစ္ဆေအကြောင်းအလွယ်ကူဆုံးရှင်းပြနိုင်မည့်အဖြေကိုစဉ်းစားရှာဖွေရပါတော့သည်။ ညစာစားပြီး ကျောင်းစာများရေးသားကျက်ဖတ်ပြီးနောက် မြေးကလေးဖိုးလပြည့်အနားကပ်လာတော့သည်။

"ကဲ မြေးလေးကို အဘိုးအရင်စမေးမယ်။ မြေးလေးက ကုသိုလ်နဲ့အကုသိုလ် ဆိုတာကို သိသလောက်ပြောပြပါဦးကွယ်"

www.burmeseclassic.com

''ကုသိုလ်ဆိုတာ ကောင်းမှုကုသိုလ်ပေါ့အဘိုးရဲ့ အကုသိုလ်ဆိုတာ မကောင်းတဲ့အကုသိုလ်ပေါ့''

''အေး ကောင်းမှုကုသိုလ်ဆိုတာက ဘာတွေလဲ၊ မကောင်းမှုအကုသိုလ်ဆိုတာက ဘာတွေလဲမြေးလေးရဲ့''

''ကောင်းမှုကုသိုလ်ဆိုတာက လှူတာ၊ ဘုရားရှိခိုးတာ၊ ဥပုသ်စောင့်တာတွေပေါ့။ မကောင်းမှုအကုသိုလ်ဆိုတာတွေက ခိုးတာဝှက်တာ၊ လိမ်တာညာတာတွေပေါ့ အဖိုးရဲ့''

''မြေးလေးဖြေတာ မမှားတော့မမှားဘူး။ ဒါပေမယ့် မမှန်ဘူးကွဲ့''

''အဘိုးကလည်းမမှားရင်မှန်ရမှာပေါ့။ မမှန်ရင်မှားရမှာပေါ့၊ မမှားဘူး၊ မှန်လည်း မမှန်ဘူးဆိုတော့ အမှန်တစ်ဝက်၊ အမှားတစ်ဝက်ဖြစ်နေလို့လားဟင် သားတော့ နားမလည်ဘူး''

''ဒီလို မြေးလေးရ မမှားဘူးဆိုတာက အကြောင်းတရားအမှန်ဖြစ်နေလို့ပဲ၊ မမှန်ဘူးဆိုတာက အကျိုးတရားမပြည့်ဝလို့လေ။ ဒို့ဘုရားကပြည့်စုံတဲ့ အကြောင်းတရားမှန်မှထင်ရှားတဲ့အကျိုးတရားဖြစ်ပေါ်ရတယ်လို့ ညွှန်ပြထားတယ်လေ''

''ပြည့်စုံတဲ့အကြောင်းတရားတွေက ဘာတွေလဲ အဘိုးရဲ့''

''မြေးလေးသေသေချာချာ နားထောင်နော်။ မြတ်ဘုရားက (၃၁)ဘုံရှိတယ်။ အဲဒီဘုံတွေမှာ ကျင်လည်နေရတာကို သံသရာလည်တယ်လို့ဟောထားတယ်။ အဲဒီသံသရာကိုပိုင်းခြားလိုက်ရင် နိမ့်ကျပြီး သူတော်ကောင်းများမနှစ်သက်၊ လူအများရဲ့အပယ်ခံရတဲ့ဘုံလို့ခေါ်တဲ့ အပါယ်ဘုံ (၄)ဘုံရှိတယ်။ အဲဒါတွေက ၁။ ငရဲဘုံ၊ ၂။ ပြိတ္တာဘုံ၊ ၃။ အသူရကာယ်ဘုံ၊ ၄။ တိရစ္ဆာန်ဘုံတွေပဲကွဲ့။ အဲဒီ ဘုံတွေ ဘဝတွေမှာဖြစ်တည်နေသူတွေဟာ အကုသိုလ်အကျိုးပေးလို့ခေါ်တဲ့ မကောင်းမှုဒုစရိုက်လက္ခဏာ (၁၀)ပါးသောအကြောင်းတရားတွေရဲ့ဆိုးကျိုးတွေကိုပဲ ခံစားနေကြရတဲ့ ဒုက္ခဘုံသားတွေပေါ့။ အပါယ်ဘုံ (၄)ဘုံမှာ တိရစ္ဆာန်ဘုံကိုတော့ လူတွေမြင်တွေ့နေကြရတယ်လေ။ ကျန်တဲ့ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတွေကိုတော့ မမြင်တွေ့ကြရဘူးပေါ့။ နောက် သူတို့အထက်မှာ လူဘုံ (၁)ဘုံ။ လူဘုံရဲ့အထက်မှာ နတ်ဘုံ (၆)ဘုံ။ နတ်ဘုံရဲ့အထက်မှာ ဗြဟ္မာဘုံ (၂၀)ဆိုပြီးဖြစ်တည်နေတယ်။ အပါယ် (၄)ဘုံကို အောက်သံသရာလို့ခေါ်တယ်။ လူ့ဘုံနဲ့နတ်ပြည် (၆)ထပ်ကို အလယ်သံသရာလို့ခေါ်တယ်။ ဗြဟ္မာ့ပြည် (၂၀)ကို အထက်သံသရာလို့ခေါ်တယ်။ သတ္တဝါတွေအားလုံးဟာနိဗ္ဗာန်မရမီစပ်ကြားမှာ အဲဒီဘုံတွေ ဘဝတွေမှာ ကျင်လည်ဖြစ်တည်နေကြရတယ်။ ကုသိုလ်အကျိုးပေးရင် လူ့ဘုံ၊ နတ်ဘုံမှာ ကျင်လည်ရမယ်။ အကုသိုလ်အကျိုးပေးရင် အပါယ် (၄)ဘုံမှာကျင်လည်ရမယ်။ သမထဝိပဿနာဘာဝနာကအကျိုးပေးရင် ဗြဟ္မာဘုံမှာကျင်လည်ရမယ်။ အဲဒီဘုံဘဝတွေကို ရောက်အောင်လုပ်တာက ကုသိုလ်၊ အကုသိုလ်အကြောင်းတရားတွေပဲ။ အပါယ်(၄)ဘုံကတော့ အကုသိုလ်အကျိုးပေးသက်သက်ပဲ''

''အဲဒီအကုသိုလ်ဒုစရိုက် (မကောင်းမှု)အကြောင်းတရား (၁၀)ပါးရှိတယ်။

၁။ ပါဏာတိပါတာ = သူ့အသက်ကို သတ်ခြင်း။

၂။ အဒိန္နာဒါနာ = သူ၏ဥစ္စာကိုခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ = သူ၏သားမယားကို မှီဝဲကျူးလွန်ခြင်းစတဲ့ ကာယကံဒုစရိုက် (၃)ပါး။

၄။ မုသာဝါစာ = မဟုတ်မမှန်သော စကားကိုပြောဆိုခြင်း။

၅။ ပိသုနဝါစာ = သူနှစ်ယောက်အချစ်ပျက်အောင်ကုန်းချောခြင်း။

၆။ ဖရုသဝါစာ = ကြမ်းတမ်းသဖြင့် နားမခံသာသော စကားကိုပြောဆိုခြင်း။

၇။ သမ္ဖပ္ပလာပဝါစာ = နိဗ္ဗာန်မှုဖီလာဖြစ်သောသိမ်ဖျင်းသောစကားကိုပြောဆိုခြင်းစတဲ့ ဝစီကံဒုစရိုက် (၄)ပါး။

၈။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်ပါစေတော့ဟုကြံခြင်း။

၉။ ဗျာပါဒ = သူတစ်ပါးပျက်စီးစေလိုသော ဒေါသရှိခြင်း။

၁၀။ မှားသောအယူကိုယူခြင်း စတဲ့မနောကံ (၃)ပါး။ အဲဒီဒုစရိုက် (၁၀)ပါးကိုလွန်ကျူးကြသူတွေဟာသေတဲ့အခါအပါယ်(၄)ဘုံကိုရောက်ကြတယ်။ ငရဲဘုံနဲ့တိရစ္ဆာန်ဘုံမရောက်ဘဲ ပြိတ္တာဘုံနဲ့ အသူရကာယ်ဘုံကိုရောက်သွားရင် မြေးလေးမေးတဲ့ သရဲတစ္ဆေတွေဖြစ်သွားကြတာပေါ့ကွယ်။ အဲဒီမှာ အသူရကာယ်ဘုံကတော့ အကောင်းအဆိုးတစ်လှည့်စီဖြစ်ပြီး ပြိတ္တာဘုံရောက်သူတွေကတော့ အဆိုးဒုက္ခတွေပဲဖြစ်နေကြတာပေါ့။ အဲဒီ ပြိတ္တာဘုံသားတွေကိုပဲ သရဲ တစ္ဆေလို့ခေါ်ကြတာပေါ့ မြေးလေး''

အဘိုးငယ်စဉ်တုန်းကပေါ့တိတိကျကျပြောရရင် ၁၉၈၁ ခုနှစ်ကပေါ့ကွယ်။ အဲဒီတုန်းကအဘိုးကရဲဝန်ထမ်းဘဝနဲ့တနင်္သာရီတိုင်းမြိတ်မြို့ ခရိုင်ရဲဝန်ရုံးမှာ တာဝန်ကျတယ်။ ဒုလုံခြုံရေးမှူးပေါ့။ ထောက်လှမ်းရေးနဲ့ကွပ်ကဲရေးဌာနစိပ်မှူးတာဝန်နဲ့ပေါ့။ မြို့နယ် ရဲစခန်းတွေက နေ့စဉ်တက်လာတဲ့သတင်းတွေ၊ သောင်းကျန်းသူသတင်းတွေ၊ ရဲစခန်းရဲကင်းတွေရဲ့လုံခြုံရေး၊ အရေးကြီးရုံး၊ ငွေတိုက်၊ လူပုဂ္ဂိုလ်လုံခြုံရေးတွေကိုစိစစ်၊ စီမံဆောင်ရွက်ရတယ်။ အဘိုးရုံးတာဝန်မှူးကျနေတဲ့ရက်မှာ သမုတ်ရဲစခန်းကို ဗကပသောင်းကျန်းသူတွေဝင်စီးလို့ တိုက်ပွဲဖြစ်နေတဲ့ သတင်းဝင်လာတယ်။ ခရိုင်ရဲဝန်ဆီသတင်းပို့ပြီး စစ်ကူလိုက်ဖို့ နယ်စီးရဲအုပ်ကြီးကင်းဦးအဖွဲ့နဲ့ အတူအဖိုးလည်းလိုက်ပါသွားရတယ်ကွယ်။ သမုတ်ရဲစခန်းက မြိတ်ကနေ မိုင် (၂၀) လောက်ဝေးတယ်။ ရေလမ်းကသွားရင်



www.burmeseclassic.com

www.burmeseclassic.com

မိုင် (၃၀)လောက်ရှိတယ်။ ကုန်းလမ်းက သွားရင်လည်း ကျွဲကူးဆိပ်အထိကားနဲ့ သွားပြီး ကျွဲကူးရွာကနေ စက်လှေနဲ့တစ်ဆင့်ထပ်သွားရတယ်။ အဲဒီတုန်းက အဘိုးကိုယ်တိုင်ကြုံခဲ့ရတဲ့ တစ္ဆေမောင်းတဲ့ကား အကြောင်းမြေးလေးကို ပြောပြမယ်နော်။

ခရိုင်ရဲဝန်က ရုံးအဖွဲ့နှင့်အတူ မာဇဒါဂျစ်ဖြင့်လည်းကောင်း၊ လုံခြုံရေးတပ်ခွဲမှူးနှင့်တပ်စု (၁)စုက ဒေါ့ဂျစ်ဖြင့်လည်းကောင်း၊ နယ်စီးရဲအုပ်ကြီးနှင့်အဖွဲ့က ဝီလီဂျစ်ဖြင့်လည်းကောင်း ကား (၃)စီး၊ လူလက်နက်အပြည့်ဖြင့် ခရိုင်ရဲဝန်ရုံးမှ ညနေ (၁၅း၀၀)နာရီတွင် ကျွဲကူးသို့ထွက်ခွာကြသည်။ ကျွဲကူးရောက်သည့်အခါ ဖောင်ကူးတို့ဖြင့် လုံခြုံရေးတပ်ခွဲမှူးနှင့်အဖွဲ့က ကားရောလူရော ကျောက်ဖျာဘက်ကမ်းကို ကူးသွားကြတယ်။ ကျောက်ဖျာရွာကနေ ကားလမ်းအတိုင်း သမုတ်ရဲစခန်းရဲ့ တစ်ဖက်ကမ်းလွတ်လွတ်ရွာကိုကားနဲ့ချီတက်ကြမယ်၊ ခရိုင်ရဲစခန်းနဲ့ နယ်စီးရဲအုပ်ကြီးတို့ (၂)ဖွဲ့က ပဲ့ထောင်ထောင်စက်လှေ (၂)စီးနဲ့ရေလမ်းကနေချီတက်ကြမယ်ဆိုပြီး ပဲ့ထောင် (၂)စီးကိုအရေးပေါ်ချောဆွဲလိုက်ကြတယ်၊ စက်လှေတွေပေါ် ရဲဘော်တွေတက်ပြီးထွက်ခွာဖို့လုပ်မှ ပဲ့ထောင် (၂)စီးလုံးက ဟွန်ဒါအင်ဂျင်တွေမှာ ဓာတ်ဆီမလုံလောက်ကြောင်းသိရတော့တယ်။ မိုးကလည်းချုပ်စပြုနေပြီဆိုတော့ နယ်စီးရဲအုပ်ကြီးရဲ့ဝီလီဂျစ်ကားထဲကပဲ ဓာတ်ဆီ (၄)ဂါလံ၊ (၁)ပုံးထုတ်ပြီး ပဲ့ထောင် (၁)စီးကို (၂)ဂါလံစီခွဲပေးလိုက်ရသည်။

''ဝန်မင်း ကျွန်တော်ရှေ့ကသွားပါမယ်။ ဝန်မင်းစက်လှေကခွာပြီးနောက်ကလိုက်ပါနော်'' ဟု နယ်စီးရဲအုပ်ကြီးဦးမင်းဦးက ခရိုင်ရဲဝန်ထံ သတင်းပို့ပြောပြီး စက်လှေကိုမောင်းထွက်နိုင်းလိုက်သည်။

''နယ်စီး တပ်ခွဲမှူးအဖွဲ့နဲ့ လွတ်လွတ်ရွာဆုံဦးမှာလား'' ဟု ကျွန်ုပ်က မေးလိုက်ရာ နယ်စီးက

''မဆုံတော့ဘူးလေဗျာ။ သူတို့က လွတ်လွတ်ကနေ ကူးတို့ဖောင်နဲ့ သမုတ်ကို ကူးလာကြလိမ့်မယ်။ ကျုပ်တို့က သမုတ်ဘက်ကမ်းကနေတောရိပ်ခိုပြီးသွားမယ်။ ရန်သူနဲ့ထိပ်တိုက်တွေ့နိုင်တယ်''

သမုတ်ရဲစခန်းသို့ ည (၇)နာရီခန့်လောက်တွင် အဖွဲ့စုံညီစွာရောက်ရှိကြသည်။ ဗကပသောင်းကျန်းသူများမှာ ရဲစခန်းအားအနီးကပ်ညှပ်၍စီးနင်းကြသော်လည်း နယ်မြေခံ ခလရ (၁၀၁)မှ လှည့်ကင်းတပ်စိပ် (၁)သိတ်မှနောက်ပိုးသိပ် စစ်ကူးပစ်ခတ်လာသဖြင့် ကားလမ်းအတိုင်း ပုလောမြို့နယ် မီးလောင်ချောင်းဖက်သို့ ဆုတ်ခွာသွားကြလေသည်။ ကူးတို့ဆိပ်မှ အရပ်သား (၁)ဦးနှင့် ရဲစခန်းရှေ့ကင်းမှ ရဲဘော် (၁)ဦးတို့ သေနတ်ကျည်ထိမှန် ဒဏ်ရာရကြသည်မှအပ အခြားထိခိုက်ဆုံးရှုံးမှုမရှိပေ။ ခရိုင်ဝန်က တိုက်ပွဲဖြစ်စဉ်များအကြမ်းဖျဉ်းမေးမြန်းစိစစ်ပြီး ခံစစ်သေအစီအမံနှင့် နယ်မြေတွင်းဆက်လက်ရှင်းလင်းရန်တပ်ခွဲမှူးနှင့် နယ်စီးတို့ကို ညွှန်ကြား၍မြိတ်သို့ပြန်လည်ထွက်ခွာသွားသည်။ နယ်စီးက ကျွန်ုပ်နှင့်အဖွဲ့အား ဒဏ်ရာရသူလူနာ (၂)ဦးကိုခေါ်၍ မြိတ်ဆေးရုံသို့တင်ပို့ပေးရန် ညွှန်ကြားပြီး ၎င်း၏ ကားကိုယူသွား၍ နောက်တစ်နေ့ကျမှ ကားအားဆီဖြည့်ပြီး ကျွဲကူးဆိပ်သို့စေလွှတ်ပေးရန်မှာကြားလိုက်သည်။

ကျွဲကူးဆိပ်သို့ ပြန်ရောက်သည့်အခါ ခရိုင်ရဲဝန်မှာ ၎င်း၏မာဇဒါဂျစ်ကားနှင့်ထွက်ခွာသွားနှင့်ပြီဖြစ်သည်။ နယ်စီး၏ ဝီလီဂျစ် (၁)စီးသာကျန်ရှိပြီး ယာဉ်မောင်းရဲဘော်မှာ အရက်မူးလျက်ကားပေါ်အိပ်နေသည်။ ယာဉ်မောင်းအားနှိုး၍ လူနာ (၂)ဦးကိုတင်ပြီး ကျွန်ုပ်နှင့်အဖွဲ့နယ်စီး၏ ဝီလီဂျစ်ကားဖြင့် ကျွဲကူးမှမြိတ်သို့ပြန်လာကြသည်။ ကားမှာ ကျွဲကူးရွာအလွန်ကျောက်ဖြူတောင်လမ်းဆုံကစ၍ပျက်လိုက်၊ ပြင်လိုက်၊ မောင်းလိုက်ဖြင့် စန္ဒဝတ်ကျေးရွာဘိုတောင်လမ်းဆုံအတက်တွင် လုံးဝနှိုးမရတော့ဘဲ လမ်းဘေးသို့ခေါင်းထိုး၍ရပ်သွားလေသည်။ ယာဉ်မောင်းရဲဘော်မှာလည်း ကားစက်ဖုံးကိုဖွင့်ပြီးပြင်ဆင်လိုက်၊ ကားအောက်ဝင်နှိုက်လိုက်၊ စက်နှိုးကြည့်လိုက်ဖြင့် အချိန်အတော်ကြာသည့်အခါ မူးလည်းမူး၊ မောလည်းမောပြီး လမ်းဘေးတွင်လှဲအိပ်နေရာမှ ခေါ်၍မရ၊ နှိုး၍မရတော့ပေ။ ညလည်း (၁၂)နာရီကျော်ပြီဖြစ်၍ ကားလမ်းမှာအသွားအလာလုံးဝမရှိဘဲ လူအဆက်ပြတ်နေတော့သည်။ ကျွန်ုပ်က ရဲဘော်များအကူအညီဖြင့် ယာဉ်မောင်းကို ကားပေါ်တင်၍နောက်မှတွန်းစေပြီး ဘိုတောင်ကုန်းဆင်းတွင် ကားအားဂီယာထိုး၍နှိုးမောင်းလိုက်ရာ စက်နှိုးပြီးရှမ်းချောင်းရွာထိပ်သချိုင်းအထိ မောင်းလာလိုက်သည်။ ကားစက်သံတဖွတ်ဖွတ်မြည်ပြီး နောက်ထိုးရပ်သွားပြန်သည်။ ကားစက်ဖုံးကိုဖွင့်၍ဓာတ်မီးဖြင့်ကြည့်ရာ လေ၊ ရေ ဆီပိုက်များအားလုံးကောင်းလျက် ကာပရိုက်တာတွင်ဆီခြောက်နေသဖြင့် ချူဆီထည့်ပြီးနှိုးလိုက်ရာ စက်နှိုးသွားပြီး ဆီမလိုက်ဘဲ တဖွတ်ဖွတ်မြည်၍ရပ်သွားပြန်သည်။ ကာပရိုက်တာဂျက်ပင်ဖြုတ်၍ဆီရိုက်တင်ရာမရဘဲဖြစ်နေသည်။ ဆီပိုက်အားဖြုတ်၍ ပါးစပ်ဖြင့်စုပ်ရာတွင်လည်း ဆီမလိုက်ဘဲဖြစ်နေသဖြင့် ပိုက်ပိတ်နေသည်ဟုယူဆလိုက်ပြီး ကားအောက်ဝင်ကာ ဆီတိုင်ကီမှပိုက်ခေါင်းကိုဖြုတ်၍လေမှုတ်လိုက်ရာ ဆီတိုင်ကီတွင် ဆီလုံးဝမရှိတော့သဖြင့် လေသံတရှူးရှူးမည်နေတော့သည်။

ယာဉ်မောင်းအား ရေလောင်း၍ မနိုးနိုးအောင် လှုပ်ကိုင်ရိုက်ပုတ်၍နှိုးရတော့သည်။

''ဆရာထွန်းရီ မလုပ်ပါနဲ့။ ကြောက်ပါပြီ။ နောက်မသောက်တော့ပါဘူးဗျ။ ကြောက်ပါပြီဗျ'' ဟု ယာဉ်မောင်းပါးစပ်မှပြောလည်းပြော၊ လည်းကလည်း ၎င်း၏လည်ပင်းကိုကိုင်၍အားစိုက်ဆွဲထုတ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ်နှင့်ရဲဘော်များက ယာဉ်မောင်းမှာအရက်မူးရှိန်မပြေသေး၍ယောင်ယမ်းနေသည်ဟုထင်ပြီး ရေဖြင့်မျက်နှာနှင့်ပါးနှစ်ဘက်ကို ထပ်ခါထပ်ခါပုတ်နှိုးနေရာနောက်ဆုံးတွင်သက်ပြင်းရှည်ချသံကြီးအတူ "ဟင်း ... တောက်" ဟူသော တောက်ခေါက်သံကြားလိုက်ရပြီး ယာဉ်မောင်းမှာအအော်ရပ်သွားသည်။ ကျွန်ုပ်က ယာဉ်မောင်းအားဆွဲထူလိုက်ပြီး

"မင်းကွာ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ အရက်မူးလွန်အောင်သောက်ရတယ်လို့ကွာ" ဟု အပြစ်ပြောလိုက်သည်။ ယာဉ်မောင်းက "ကျွန်တော်ကြောက်လို့နည်းနည်းသောက်လိုက်မိတာပါ ဗိုလ်လေး"

"မင်းက ဘာကိုကြောက်ရတာလဲ။ သူပုန်နဲ့မင်းနဲ့က အဝေးကြီးပဲဟာကို"

"သူပုန်ကိုကြောက်တာ မဟုတ်ဘူး ဗိုလ်လေးရ။ ဆရာထွန်းရီကို ကြောက်တာပါဗျ"

"ဘယ်ကဆရာထွန်းရီလဲ။ အခုကားက ဆီကုန်နေပြီ။ မင်း ဓာတ်ဆီအပြည့်ထည့်မလာဘူးလား"

"ထည့်လာပါတယ် ဗိုလ်လေးရဲ့။ ကျွဲကူးဆိပ်မှာ စက်လှေတွေအတွက် ကားထဲက ဆီ (၂)ပုံးထုတ်ပေးလိုက်ရတယ်လေ။ ဆရာထွန်းရီဆိုတာ အရင်က ဒီကားကိုမောင်းတဲ့သူပါ ဗိုလ်လေး"

"အော် ငါသတိရပြီ။ ပုလောမှာ တိုက်ပွဲကျသွားတဲ့ နယ်စီးအဖွဲ့နဲ့အတူ ကားမောင်းရင်း သေသွားတာ။ တပ်ကြပ်ထွန်းရီမဟုတ်လား"

"ဟုတ်တယ်လေဗိုလ်လေး။ အဲဒီတုန်းက သူမောင်းတဲ့ကားက ဒီကားပဲလေ။ ကားတစ်စီးလုံး သူပုန်တွေချုံခိုတိုက်ခိုက်တာခံရပြီး ရစရာမရှိအောင် သေနတ်ကျည်ဆံရာတွေနဲ့ လူတွေလည်းသေ၊ ကားဘီးလည်းကြေမွနေတာကို ပုလောရဲစခန်းရောက်အောင်ပြန်မောင်းလာတာ ဒီကားပဲပေါ့"

"အေး သူက မင်းကိုဘာလုပ်လို့လဲ"

"ကျွန်တော် ကားပေါ်မှာအိပ်နေတာကို လာလာပြီး ခေါင်းကိုဆွဲထူတယ်ဗိုလ်လေးရ။ ဒါနဲ့ ကျွန်တော်လည်းကြောက်ပြီး အရက်မူးအောင်သောက်လိုက်တာ"

"ကဲ ဒါဖြင့် ထားလိုက်တော့ အခု ဓာတ်ဆီဘယ်လိုရှာမလဲ။ လူနာ (၂)ယောက်၊ သေနတ်ဒဏ်ရာက ယမ်းဆိပ်တက်ပြီးသေကုန်တော့မယ်"

"ပုလင်းထဲမှာ ချူဆီတော့ (၁)ပုလင်းကျန်သေးတာပဲ။ ဒီကားကို ဆရာထွန်းရီက ဖွဲ့နေတာဆိုတော့ သူ့ကိုပဲမောင်းပို့ခိုင်းပါလား ဗိုလ်လေးရ"

"မင်းကွာ သေသွားတဲ့လူကို ကားမောင်းခိုင်းရမယ်လို့"

"ဗိုလ်လေးကလည်း ဆရာထွန်းရီက သူ့ကားကိုသူသိပ်တွယ်တာပဲ။ ကျွန်တော့်လည်ပင်းကိုညှစ်ပြီးအရက်မသောက်နဲ့ ကားကိုဂရုစိုက် ခုနကပဲပြောနေသေးတယ်လေ"

"မင်းရဲ့ချူဆီ (၁)ပုလင်းထဲနဲ့ ဒီကနေဘိတ်(မြိတ်)ရောက်အောင် ဘယ်လိုမောင်းမလဲကွာ"

ကျွန်ုပ်က နာရီကြည့်လိုက်ရာ (၂)နာရီထိုးပြီ။ မြိတ်ဆေးရုံအရောက်မောင်းရန် (၅)မိုင်ခန့်ခရီးကျန်သေးသည်။ မိုးလင်းထိစောင့်နေလျှင် လူနာ (၂)ဦးအတွက်လည်းစိတ်ပူရသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ယာဉ်မောင်းရဲဘော်ပြောသလို လုပ်ကြည့်ရန်သာရှိတော့သည်ဟုဆုံးဖြတ်လိုက်သည်။ ဆီပိုက်များပြန်တပ်လိုက်ပြီး ချူဆီ (၁)ပုလင်းကို ကားကာဘရိုက်တွင်းသို့ဖြည်းဖြည်းချင်းလောင်းထည့်လိုက်သည်။ ယင်းနောက် စက်ဖုံးပိတ်၍ကားပေါ်အားလုံးတက်စေလိုက်ပြီး "ဆရာထွန်းရီ နားထောင်။ အခု ဒီကားကိုနယ်စီးရဲအုပ်ကြီးဦးမင်းဦးအမိန့်နဲ့ငါမောင်းယူလာတာဖြစ်တယ်။ ကားပေါ်က လူနာ (၂)ဦးကို အချိန်မီဆေးရုံတင်ပို့ရမယ်။ အခုအချိန်ကစပြီး ဆရာထွန်းရီကိုယ်တိုင် ဒီကားကိုဆေးရုံရောက်အောင်မောင်းပို့ရမယ်။ ဒါ တပ်ဖွဲ့အမိန့်ပဲ" ဟု ကားစတီယာရင်အား လက်နှစ်ဖက်ဖြင့်ကိုင်၍အမိန့်ပေးလိုက်သည်။ ယင်းနောက် သော့ဖွင့်၍စက်နှိုးလိုက်ရာ တစ်ချက်တည်းနိုးသွားသည်။ နံပါတ် (၁)ဂီယာထိုး၍ လီဗာကိုဖွဖွနင်းပြီး မောင်းထွက်လိုက်သည်။ ကားမှာအလိုက်သင့်ပင်လမ်းပေါ်ရောက်ပြီး အရှိန်ဖြင့် ပြေးနေရာ ဂီယာကို နံပါတ် (၂)၊ နံပါတ် (၃) ထိအဆင့်ဆင့်ပြောင်းပေးလိုက်ပြီးနောက် လက်ကိုင်ဝှေမှာကျွန်ုပ်အားမထုတ်ရဘဲ သူ့အလိုလိုပင်အကွေ့အကောက်များတွင် လမ်းကြောအတိုင်းလည်ပတ်နေတော့သည်။ ကျွန်ုပ်၏ညာခြေကိုလည်း လီဗာခလုတ်ပေါ်မှရွှေ့၍ကြမ်းပြင်တွင်ချထားလိုက်တော့သည်။ ကားစက်သံမှန်မှန်၊ ပြေးနှုန်းမှန်မှန်ဖြင့် မြိတ်ဆေးရုံကြီးရှေ့ရောက်သည်အထိအလိုအလျောက်မောင်းလာနိုင်ပေတော့သည်။ ဤသို့ဖြင့် ကျွန်ုပ်ရဲဝန်ထမ်းဘဝက တစ္ဆေမောင်းသည့်ကားကို ကိုယ်တိုင်စီးခဲ့ရဖူးလေသည်။ (မှတ်ချက်-ယင်းဖြစ်စဉ်ကာလက ယာဉ်မောင်းတပ်သားအောင်သိန်း၊ ဒုတပ်ကြပ်အောင်ဌေး၊ တပ်သားဌေးရီတို့လည်း အတူပါဝင်စီးနင်းခဲ့ကြရပေသည်။)

"အဲဒါ အဘိုးကိုယ်တွေ့ပဲ မြေးလေးရေ။ လွန်ခဲ့တဲ့ (၂၇)နှစ်တုန်းက ဓာတ်ဆီမရှိတဲ့ဂျစ်ကားကို (၅)မိုင်ခရီးအရောက်မောင်းပေးခဲ့တာ အဘိုးတို့ရဲ့တပ်ဖွဲ့ဝင်ဖြစ်နေတော့ အဘိုးအမိန့်အတိုင်းလိုက်နာခဲ့တာ"

ဖ-ကော

www.burmeseclassic.com

www.burmeseclassic.com

# ထောင်ဒဏ် နှစ် ၁၀၀၀ ကျခံရသည့် ပြန်ပေးဆွဲသူ မုဒိမ်းကောင်



သူသည် အမေရိကန်နိုင်ငံမှ ဘတ်စ်ကားမောင်းသမားတစ်ယောက်။ သူသည် အိုဟိုင်းအိုးပြည်နယ် တစ်နေရာရှိ သူ့နေအိမ်ထဲ၌ အမျိုးသမီးသုံးယောက်ကို ပြန်ပေးဆွဲထားပြီး၊ မုဒိမ်းကျင့်မှုကို ကျူးလွန်ခဲ့၏။ ဆယ်နှစ်လုံးလုံး ထိုပြန်ပေးဆွဲထားမှုနှင့် မုဒိမ်းမှုများကို ကျူးလွန်ခဲ့သည့်အတွက် သူ့အား အမျိုးသမီးသုံးယောက်ကို မုဒိမ်းကျင့်မှုဖြင့် ထောင်ဒဏ်ဆယ်နှစ်နှင့် နောက်ထပ် ပြစ်ဒဏ်အဖြစ်ဖြင့် နှစ် ၁၀၀၀ ကျခံရန် တရားသူကြီးက အမိန့်ချမှတ်လိုက်၏။

အသက် ၅၃ နှစ်အရွယ် အရီးရယ်ကက်စထရိုသည် သူ၏လုပ်ရပ်များအတွက် အပြစ်ရှိကြောင်း ဝန်ခံလိုက်၏။ သူ့လုပ်ရပ်ကို အမေရိကန်တစ်နိုင်ငံလုံး အံ့သြပြီး တုန်လှုပ်သွား၏။

"ကျွန်ုပ်သည် ကြောက်စရာသတ္တဝါတစ်ကောင် မဟုတ်ပါ။ ကျွန်ုပ်သည် လူမမာတစ်ယောက်သာ ဖြစ်သည်"ဟု ကက်စထရိုက တရားရုံးတွင် ပြော၏။

ကက်စထရိုသည် အသက် ၁၄ နှစ်၊ ၁၆ နှစ်၊ ၂၀ နှစ်အရွယ် အမျိုးသမီးသုံးယောက်ကို ၂၀၀၂ နှင့် ၂၀၀၄ အကြားတွင် ပြန်ပေးဆွဲခဲ့ပြီး သူ၏နေအိမ်အခန်းများထဲ၌ တစ်ဦးစီခွဲ၍ ပိတ်လှောင်ထားကာ ထွက်မပြေးနိုင်အောင် ခြေထောက်များကို သံကြိုးများဖြင့် ချည်နှောင်၍ သော့ခတ်ထားပြီး အခန်းတံခါးများကိုလည်း သော့ခတ်ထား၏။ အခန်းတွင်းရှိ ပြတင်းပေါက်များကိုလည်း အလုံပိတ်ထား၏။

၂၀၁၃၊ မေလ ၆ ရက်နေ့၌ အဖမ်းခံထားရသော အမျိုးသမီးတစ်ယောက်ဖြစ်သည့် အမန်ဒါဘက်တီ ဆိုသူသည် ကက်စထရိုမရှိစဉ် တံခါးများကိုဖျက်၍ အိမ်အပြင်သို့ထွက်ကာ အိမ်နီးချင်းများကို အကူအညီတောင်းခံရာမှ ထိုဖြစ်ရပ်ကို ရဲတို့သိသွားပြီး အမျိုးသမီးများကို ကယ်ဆယ်က ကက်စထရိုကို ဖမ်းဆီးလိုက်၏။

ကက်စထရိုကို တရားစွဲသူများက သူ့အား သေဒဏ်မပေးခြင်းကို သဘောတူကြ၏။

ကက်စထရိုက သူသည် ထိုအမျိုးသမီးများ၏ သဘောတူညီချက်ဖြင့် အတူတူနေခြင်းသာဖြစ်သည်ဟု ပြောသော်လည်း တရားသူကြီးများ အပါအဝင် မည်သူကမျှ လက်မခံကြပေ။

ပထမဦးဆုံး ထွက်ပြေးလွတ်မြောက်ခဲ့သော အမန်ဒါဘက်တီတွင် ကက်စထရိုနှင့်ရထားသော ခြောက်နှစ်အရွယ် သမီးတစ်ယောက်ရှိ၏။

အမျိုးသမီးသုံးယောက်က သူတို့အား ကက်စထရိုသည် ရိုက်နှက်၍ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစားအစာများကိုလည်း မှန်မှန်မကျွေးပါ၊ တစ်ခါတစ်ရံ ပုပ်သိုးသော အစာများကို ကျွေးသည်ဟု ပြောပြကြ၏။

ကက်စထရိုကို ထောင်ဒဏ် နှစ် ၁၀၀၀ ချမှတ်လိုက်သောအခါ မစ်ချယ်နိုက်အမည်ရှိ အမျိုးသမီးက –


"ကျွန်မဟာ ၁၁ နှစ်လုံးလုံး အကျဉ်းကျခဲ့ရတယ်၊ အခု သူဟာ ဝဋ်လည်ပြီ"ဟု ပြောလိုက်၏။

မြသိန်း

*N.S.T-3.8.2013*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုတ်

မောင်မောင်(ပိတောက်မြိုင်)

ရွှေဘုတ်က အခြေပြုတ်ခဲ့သူ ဖြစ်သည်။ သူ့ဘဝကလည်း စိုင်ကော်လို့ ချုပေါ်ရောက်တဲ့သူဟု ဆိုရပေမည်။ ဦးဘရွှေနှင့် ဒေါ်အေးတင်တို့က တိုက်ပိုင်ကားပိုင်နှင့် စီးပွားရေးကလည်း အသင့်အတင့်ကောင်းမွန်သူများ ဖြစ်သည်။ အတိတ်ကံမကောင်းခဲ့လို့ပဲဟု ဆိုရပေမည်။ သားသမီးထွန်းကားခြင်း မရှိ ဖြစ်နေသည်။

ဇနီးမောင်နှံနှစ်ယောက် သားရှူး သမီးရှူး ဖြစ်နေကြသည်။ တိုက်ဆိုင်ချင်တော့ ဒေါ်အေးတင်၏ညီမ ဒေါ်အေးသင်တို့ ဇနီးမောင်နှံ ကားတိုက်မိရာမှ ဆုံးပါးသွားကြသည်။ လူမမည် သားယောက်ျားလေးတစ်ယောက် ကျန်ခဲ့သည်။ ကလေးရှူး ရှူးနေသော ဦးဘရွှေနှင့် ဒေါ်အေးတင်တို့က မွေးစားထားလိုက်ကြသည်။ ချစ်စနိုးဖြင့် ရွှေဘုတ်ဟု အမည်ပေးထားခဲ့သည်။

အတိတ်ကံရိပ်က ကောင်းနေသည့်အခါ ဦးဘရွှေနှင့် ဒေါ်အေးတင်တို့ ရွှေဘုတ်ကို ချစ်လိုက်ကြသည်မှာ တုန်နေတော့သည်။ အုံသြစရာကောင်းသည်မှာ လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ ချစ်နေကြခြင်း ဖြစ်သည်။

ရွှေဘုတ်ကလည်း ဆိုးသလားမမေးနဲ့ ကမ်းကုန်သည်။ လူမမည်ဘဝကပင် ထမင်းပန်းကန်၊ ကော်ဖီပန်းကန်၊ ဖန်ခွက် စသည်များကို တစ်နေ့တစ်လုံး မှန်မှန်ခွဲပစ်သည်။ မှန်ဗီရိုနှင့် တီဗွီလည်း မခံနိုင်။ အချစ်တွေပိုနေကြတော့ အပြစ်က မမြင်။ ငွေစလေးက ရှိနေတော့လည်း တစ်ခုပျက်စီးသွားလျှင် နောက်တစ်ခု ထပ်ဝယ်သည်သာ ဖြစ်သည်။

ဦးဘရွှေနှင့် ဒေါ်အေးတင်တို့က ဤမျှ သည်းသည်းလှုပ်နေတော့ ရွှေဘုတ်ကလည်း ရောင့်တက်ပြီပေါ့။ ကျောင်းထားချိန်ရောက်ပြန်တော့လည်း ပထမတန်း၊ ဒုတိယတန်းလောက်ကစ၍ အသုံးအဖြုန်းက ကြီးသည်။ အိမ်က ပေးလိုက်သော မုန့်ဖိုးနှင့်ပင် မလုံလောက်။ ကျောင်းဈေးဆိုင်များတွင် သူ့ကြွေးနှင့်ကင်းသူမရှိ။ သူ့အမေ ဒေါ်အေးတင်ကလည်း မှန်မှန်ဆပ်ပေးနေသည့်အတွက် ဈေးသည်များကလည်း ရွှေဘုတ်ဆိုလျှင် အကြွေးပေးသည်သာ ဖြစ်သည်။

ဦးဘရွှေနှင့် ဒေါ်အေးတင်တို့ကလည်း ရွှေဘုတ်အပေါ် သဲလွန်း၊ ကဲလွန်းလှသည်ဟု ဆိုရပေမည်။ မွေးစားသားပါဟု ဆိုကြ၍ ပတ်ဝန်းကျင်နှင့် စကားများ၊ ရန်ဖြစ်ရသည်မှာ မကြာခဏ ဖြစ်သည်။ "သူများသားသမီး မွေးစားသည်မှာ ကိုယ့်ရင်သွေးထက် ပိုချစ်၍သာ" ဆိုသော စကားနှင့်ညီသော ဦးဘရွှေနှင့် ဒေါ်အေးတင်တို့ ဖြစ်သည်။

ရွှေဘုတ် ကိုးတန်း၊ ဆယ်တန်း ရောက်လာသည့်အခါ အပေါင်းအသင်းက များလာသည်။ ခြေလှမ်းတွေ ကျဲလာသည်။ ကျောင်းပြေးတတ်လာသည်။ ထန်းရည်များပင် သောက်တတ်လာသည်။ စာမေးပွဲကလည်း တဖုတ်ဖုတ် ကျလာတော့သည်။

ရွှေဘုတ် သောက်တတ်၊ စားတတ်သည်ကလည်း အဆန်းတော့မဟုတ်။ ဒေါ်အေးတင်၏ မောင်တော်သူ အရက်သမား မောင်တင်ကလည်း ရွှေဘုတ်ကို ချစ်သည်။ သူသွားလေရာ ခေါ်သွားတတ်သည်။ အရက်ဝိုင်းလည်း ရောက်သည်။ ကြက်ဝိုင်းလည်း ရောက်သည်။ ကြာလာသည့်အခါ အတာမြင် အတတ်သင် ဆိုသလို ရွှေဘုတ် ထန်း



www.burmeseclassic.com

www.burmeseclassic.com

ရည်လည်း သောက်တတ်လာသည်။ အရက်လည်း ကောင်းမှာပဲဟု မှားစွာ ယူဆသွားသည်။

တကယ်တော့လည်း လူသားတွေဟာ ကောင်းသောအကျင့်ကိုလုပ်ရန် ခက်ခဲတတ်ကြသည်။ မကောင်းသောအကျင့်လုပ်ရန်ကျတော့ လွယ်ကူတတ်ကြသည် မဟုတ်ပါလား။

* * * * *

တစ်နေ့တွင် ရွှေဘုတ် ထန်းရည်အလွန်းလာသည်။ သောင်းကျန်းလိုက်သည်မှာ အိမ်ရှေ့ရပ်ထားသော မော်တော်ကား မှန်ကွဲသွားတော့သည်။

ဒီတစ်ခါမှာတော့ သူအလွန်တန်ဖိုးထား ယုယထားသော ကားဖြစ်သဖြင့် ဦးဘရွှေ စိတ်အလွန်တိုသွားသည်။ ဒေါသကို မထိန်းနိုင်တော့ဘဲ မျက်စိရှေ့တွင် မြင်တွေ့ရသော တုတ်တစ်ချောင်းဖြင့် ရွှေဘုတ်ကို တအားရိုက်ချလိုက်သည်။ ခေါင်းမှသွေးပင် ဖြာခနဲထွက်သွားသည်။ ရွှေဘုတ်က ငယ်သံပါအောင် အော်ဟစ်ငိုချလိုက်သည်။

ဒေါ်အေးတင် ပြေးထွက်လာပြီး ရွှေဘုတ်ကို ပြေးဖက်လျက် သူလည်း ငိုသည်။ ဦးဘရွှေကိုလည်း အော်ဟစ်ဆဲဆို ရန်တွေ့သည်။ အကဲပါသော ဒေါ်အေးတင်က ခုနစ်အိမ်ကြား၊ ရှစ်ဒိ ကြား အော်ဟစ်ပြောဆိုသည်။

တ္တု၊ အနုတ္တတွေ ပါလာသည်။

သည်းမခံနိုင်တော့ဘဲ ဒေါသ ဖြင့် အိမ်အပေါ်ထပ်မှ ပြေး အဆင်း လှေကားပေါ်မှ ပြုတ်ကျသွားသည်။ နှလုံးရောဂါအခံရှိနေသော ဦးဘရွှေတစ်ယောက် ဆေးရုံအရောက်တွင် အသက်ပျောက်သွားခဲ့ရတော့သည်။

* * * * *

ဒေါ်အေးတင်တစ်ယောက် ယူကျုံးမရ ဖြစ်ကာ ဦးဘရွှေအလောင်းကို ဖက်လျက် ငိုလေတော့သည်။ ပါးစပ်ကလည်း အပြောကလေးက ပါလိုက်သေးသည်။ သူပြောပုံက ရယ်စရာဖြစ်နေသည်။

"ကိုဘရွှေရယ် . . . ရှင်သေမယ့်အစား ဟိုငမူး မောင်တင်သာ သေလိုက်ပါတော့ . . အီး . . အီး"

"ဟာဗျာ . . . အစ်မကလည်း ဘာမဆိုင် ညာမဆိုင်"

မောင်တင်က ဤမျှသာပြောသည်။ အစ်မဖြစ်သူ ပူဆွေးသောကရောက်ချိန်မှာ ပြောချင်ရာ ပြောတာပဲဟု ယူဆကာ ရယ်ကျဲကျဲဖြင့် နေလိုက်သည်။ အသုဘလာ ဧည့်ပရိသတ်များကတော့ ကျိတ်လျက်ပြုံးနေမိကြသည်။

အသုဘ မြေချခါနီးမှာ ငိုလိုက်ကြသည်မှာ ကျွက်ကျွက်ကို ညံနေတော့သည်။ ဒီအထဲတွင် ရွှေဘုတ်က အကဲဆုံးဖြစ်နေသည်။ ဖခင်အလောင်းကို ဖက်လျက် ငိုလိုက်သည်မှာ ထိန်းမနိုင်၊ သိမ်းမနိုင်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေက ရွှဲနစ်နေသည်။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ပြောနေသည်။

"အဖေရယ် . . . သားကိုချစ်တယ်ဆို၊ အခုတော့ သားကို ခွဲထားခဲ့ပြီလား။ အဖေမရှိရင် သားတော့ ခွေးဖြစ်ပါပြီဗျာ"

ရွှေဘုတ် သူ့အဖေအလောင်းကို ဖက်လျက် ငိုကြွေးရင်းက ပြောသွားသော စကားထဲတွင် "အဖေမရှိရင် သားတော့ ခွေးဖြစ်ပါပြီ" ဆိုသော နိမိတ်ပြစကားသည် ရွှေဘုတ်ဘဝအတွက် ဘယ်အထိ မှန်ခဲ့သည်ကို ချစ်သော စာဖတ်ပရိသတ်များ ဆက်လက်ခံစားကြည့်ကြပါတော့။

* * * * *

မိမိတို့ပြုခဲ့သော ကောင်းမှုကုသိုလ်ကံအရိပ်သည် ပစ္စုပ္ပန်ဘဝ၌ အတိုင်းအတာတစ်ခုအထိသာ အကျိုးပေးနိုင်သည်ဟု တရားသဘောအရ အဆိုရှိသည်။ မိမိပြုခဲ့သော ကုသိုလ်ကံရိပ်အတိုင်းအတာ ကုန်ဆုံးသွားခဲ့သော် -

"ဟေ့ . . . ရွှေဘုတ်တဲ့ကွ။ နှစ်ယောက်မရှိဘူး။ ရှိရင်လည်း ဖွဲ့ပစ်လိုက်မယ်။ သတ္တိရှိရင် ထွက်ခဲ့ကြ။ ရွှေဘုတ်က စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်ရဲတဲ့ကောင်"

ရွှေဘုတ်က ယိုင်တီးယိုင်တိုင်ဖြင့် ခြေလှမ်းများပင် မမှန်တော့။ အော်ကြီးဟစ်ကျယ်နှင့် အိမ်ခြံတံခါးကို တွန်း၍ ဝင်လာသည်။ ဒီအသံကြားလျှင် ဒေါ်အေးတင်တစ်ယောက် ရင်တုန်ပန်းတုန် ခံစားရသည်သာ ဖြစ်သည်။

ဦးဘရွှေမရှိတော့သည့်နောက် စီးပွားရေးက ကျဆင်းလာသည်။ ဦးစီးဦးဆောင်မယ့်သူလည်းမရှိ။ မောင်လုပ်သူ မောင်တင်ကလည်း အားမကိုးလောက်။ တစ်နေ့တစ်နေ မူးနေသည်နှင့် အချိန်ကုန်သည်။ ရွှေဘုတ်ကလည်း ဦးလေးနှင့်အတူ အရက်သမားဘဝလုံးလုံး ရောက်သွားသည်။ ပညာလည်း ကောင်းကောင်းမသင်၊ ကိုးတန်းမျှပင် အဆုံးသတ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိဘများက ငယ်စဉ်ကပင် အလိုက် အကြိုက် ပေးထားသည်မို့ အခုတော့ အလိုလိုက် အမိုက်စော်ကား ဆိုသော စကားနှင့်အညီ မိခင်ကို အသက်ရှိသည်ဟု မထင်။ အရက်မူးလာလျှင် ရမ်းသည်၊ ကြမ်းသည်၊ ငွေတောင်းသည်။ မရလျှင် ရှိသမျှပစ္စည်း ကုန်မည်သာမှတ်ပေတော့။ ဒေါ်အေးတင်က လည်း ပေးနိုင်သလောက် ပေးခဲ့သည်သာ ဖြစ်သည်။

ကြာလာသည့်အခါ စီးပွားရေးက လည်း ကျလာသည်။ ရွှေဘုတ်ကလည်း ဖြုန်းမြဲဖြုန်းသည်။ သောက်မြဲသောက်သည်။ နောက်ဆုံး အိမ်တွင်းပစ္စည်းများကိုပင် ထုခွဲရောင်းစားခဲ့ရသည်။ ဦးဘရွှေ အလွန်မြတ်နိုးသော ဖီးယက်ကားလေးကိုပင် ရောင်းလိုက်ရပြီဖြစ်သည်။ မကြာမီမှာပင် ဒေါ်အေးတင်တစ်ယောက် သောကဖိစီးလာသည်။ အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။

နောက်ဆုံးတော့ မည်သူမှ မလွန်ဆန်နိုင်သော သေမင်းခေါ်ရာသို့ လိုက်သွားခဲ့ရရှာသည်။ အံ့သြစရာကောင်းလှသည်ဟု ဆိုရလေမလား။ ထူးဆန်းလှသည်ဟု ဆိုရလေမလားမသိ။ ရွှေဘုတ် ဘယ်လောက်ပဲမိုက်မိုက်၊ ဘယ်လောက်ပဲ ရမ်းရမ်း၊ ဘယ်လောက်ပဲဖြုန်းဖြုန်း ဒေါ်အေးတင် အိပ်ရာထဲ ဗုန်းဗုန်းလဲသည်အထိ၊ နောက်ဆုံးထွက်သက် ရောက်သည်အထိပင် သားလေးရွှေဘုတ်အပေါ် အပြစ်မဆို၊ အချစ်တွေပိုနေခြင်းပင် ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိခဲ့ပါမူ ဒီအမေနှင့် ဒီသား အတိတ်ဇာတ်ကြောင်းတစ်ခု ရှိခဲ့ပုံကို ဟောကြားတော်မူပါဘုရားလို့ လျှောက်ထားချင်စမ်းပါဘိ။

* * * * *

ရွှေဘုတ်တစ်ယောက်ကတော့ အသိတရားဆိုတာ နားမလည်၊ နောင်တဆိုတာ သူ့ဘာမှန်းမသိ။ အရက်၏ ကျေးကျွန်ဘဝဖြင့် မိဘများ ထားခဲ့ကြသော ပစ္စည်းများကို သုံးလိုက်၊ ဖြုန်းလိုက်၊ သောက်လိုက်၊ စားလိုက်ဖြင့် အချိန်တွေကုန်ခဲ့သည်။ သောက်ဖော်သောက်ဖက် အပေါင်းအသင်းများကလည်း သူ့အိမ်မှာ ပြတ်သည်မရှိ တရုန်းရုန်းဖြစ်နေကြသည်။

အလောင်းအစားလေးလည်း ဖက်လာသည်မို့ အိမ်တွင်းပစ္စည်းတွေ အားလုံးကုန်ပြီ။ နောက်ဆုံး အိမ်နှင့်ခြံပင် ရောင်းလိုက်ရပြီဖြစ်သည်။ လူမိုက်တို့၏ သွားရာလမ်းအတိုင်း ရွှေဘုတ် အိုးမဲ့အိမ်မဲ့ဘဝဖြင့် လမ်းပေါ်ရောက်သွားခဲ့ရသည်။ လမ်းမင်းသားတော့မဟုတ်။ ဝတ်တစ်လှည့် ပြတ်တစ်လှည့် သူတောင်းစားဘဝမျိုးသာဖြစ်သည်။

ဤသည်မှာလည်း အဆန်းတော့မဟုတ်။ ဟို . . . နိပါတ်တော်ထဲက ကုဋေရှစ်ဆယ် သူဌေးသားတောင် ခွက်စုတ်ကိုင် တောင်းရမ်းစားသောက်ရင်းက အမှိုက်ပုံတွင် သေဆုံးခဲ့ရသည်ဟု အဆိုရှိခဲ့သည်မဟုတ်ပါလား။ ရွှေဘုတ်ကို ဦးဘရွှေနှင့် ဒေါ်အေးတင်တို့က ကုဋေရှစ်ဆယ်ပေးခဲ့နိုင်တာမှ မဟုတ်လေဘဲ။

ရွှေဘုတ် ဒီဘဝမျိုးရောက်သွားသည့်အခါ သူကျွေးခဲ့မွေးခဲ့သော အပေါင်းအသင်းတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပြီဖြစ်သည်။ အရက်၏ ကျေးကျွန်ဘဝမို့ အရက်ကလေးကတော့ သောက်ချင်သေးသည်၊ ငွေကမရှိ။

ဤအခါမျိုးတွင် ရွှေဘုတ် အရက်ဆိုင်များသို့ ချဉ်းကပ်ရတော့သည်။ မျက်နှာချိသွေးရသည်။ ခိုင်းသမျှ ဘာမျှမငြင်း။ သန့်ရှင်းရေးကအစ အောက်ခြေသိမ်း လုပ်ပေးသည်။ အရက်ကလေး တစ်ခွက်လောက်တော့ သောက်ခွင့်ရသည်။ အရက်ဆိုင်သို့ အရက်လာသောက်သူများကလည်း လက်တို့လက်တောင်း ခိုင်းကြသည်။ အရက်လက်ကျန်လေးများ ပေးသနားကြသည်။ သူများ စားကြွင်းစားကျန်နှင့် အရက်လက်ကျန်များ ရှင်းရှင်းနှင့်ပင် သူ့ဘဝ အသက်ရှင်ရပ်တည်နိုင်ခဲ့သည်ဟု ဆိုရပေမည်။ သည့်လိုနှင့် သူနာမည်ရှေ့မှာ ဂုဏ်ပုဒ်တစ်ခုရခဲ့သည်။ ခွက်ကျန်ရှင်း ရွှေဘုတ် ဖြစ်သည်။

ရွှေဘုတ်မှာ မာနတစ်ခုတော့ရှိသည်။ သူများမပေးဘဲ ဘယ်သူ့ဆီကမှ အရက်သော်လည်းကောင်း၊ အစားအသောက်သော်လည်းကောင်း ယူစားလေ့မရှိ။ မဟုတ်လျှင် မခံတတ်သည်မှာ ရွှေဘုတ်၏ အပြင်းထန်ဆုံး စိတ်ဓာတ်ဖြစ်သည်။

အရက်ဆိုင်တွင် အရက်မူး ရမ်းကားလာလျှင်ဖြင့် မည်သူ့ကိုမှ ဗိုလ်မထား။ ရှင်းပစ်လိုက်သည်သာ ဖြစ်သည်။ ထိုအချက်ပင်လျှင် ရွှေဘုတ် အတွက် အရက်ဆိုင်များတွင် မှီခိုခွင့်ရနေခြင်းသာဖြစ်သည်။ ဆိုင်ရှင်များက



www.burmeseclassic.com

www.burmeseclassic.com

လည်း ရွှေဘုတ်ကိုသာ အားထားကြသည်။

ရွှေဘုတ်က လက်သံပြောင်သည်။ လက်ကလည်း မြန်သလားမမေးနဲ့။ ထစ်ခနဲဆို တစ်ဖက်လူ သွေးဖြာထွက်သွားသည်သာ ဖြစ်သည်။ သူများက ဦးသွားလို့ အဆော်ခံလိုက်ရသည့်မှာလည်း သူ့ခေါင်းမှာ ဒဏ်ရာဒဏ်ချက်တွေက ပြည့်နှက်နေသည်။

အရက်ဆိုင်မှာ စီခနဲဆိုလျှင် ရွှေဘုတ်ပါစမြဲ။ ရဲစခန်းရောက်ပေါင်းကလည်း မနည်း။ ရိုက်မှု၊ ခုတ်မှုများဖြင့် ထောင်ကျခဲ့သည်ကလည်း အကြိမ်ကြိမ်ဖြစ်သည်။ မင်္ဂလာတောင်ညွန့် ရဲစခန်းနှင့် ရွှေဘုတ်နှင့် မင်္ဂလာတောင်ညွန့်ရဲစခန်း ခွဲမရအောင် ဖြစ်နေတော့သည်။

ရွှေဘုတ်မှာ ထူးခြားချက်နှစ်ခု ရှိသေးသည်။ ပထမတစ်ချက်က ရဲတပ်ဖွဲ့ဝင်များကို လေးစားသည်။ ပြောသမျှလိုက်နာလေ့ရှိသည်။ ဒုတိယအချက်မှာ ပြစ်မှုကျူးလွန်ပြီးလျှင် ရဲစခန်းသို့ သူကိုယ်တိုင် လာရောက်အဖမ်းခံသည်သာဖြစ်သည်။ သူ့ကို သူများက ရိုက်လိုက်လျှင် မည်မျှပင် ဒဏ်ရာရပါစေ၊ အမှုဖွင့် တိုင်ကြားလေ့မရှိ။ နှစ်ဦးနှစ်ဖက် ရဲစခန်းသို့ ရောက်လာသည့်တိုင် အမှုမဖွင့်လိုကြောင်း လက်မှတ်ရေးထိုးသွားသည်သာ ဖြစ်သည်။

* * * * *

ရွှေဘုတ်ကျင်လည်ရာ၊ ဘဝရပ်တည်ရာမှာ အထက်ပုဇွန်တောင်လမ်း၊ အေးတံတားထိပ်က အရက်ဖြူဆိုင်ပင် ဖြစ်သည်။

တစ်နေ့ မိမိတို့အဖွဲ့ တာဝန်တစ်ခုဖြင့် ရပ်တပ်ဖွဲ့ပိုင် လင့်ရိုဗာကားဖြင့် အထက်ပုဇွန်တောင်လမ်းအတိုင်း မောင်းလာခဲ့ကြသည်။ မိုးကလည်း ဖွဲဖွဲလေး ရွာနေသည်။ အေးတံတားထိပ် အရက်ဖြူဆိုင်အနီး အရောက်တွင် လူတစ်ယောက်က ရှေ့က ပြေးလျက်၊ နောက်က လူတစ်ယောက်ကလည်း သဲကြီးမဲကြီး ပြေးလိုက်လာသည်။ သူ့လက်ထဲတွင် ငါးပေခန့်ရှိ သံချောင်းချွန်ကြီး ကိုင်ထားသည့်မြင်ကွင်းက သည်းထိတ်ရင်ဖို အသည်းယားစရာဖြစ်သည်။

မိမိ ကားခေါင်းထဲမှ အသေအချာကြည့်လိုက်သည့်အခါ နောက်မှ သံချွန်ကြီးကိုင် လိုက်လာသူမှာ ရွှေဘုတ်ဖြစ်သည်။ ရှေ့က ပြေးနေသူကလည်း အသက်အန္တရာယ်အတွက် တအားပြေးနေသည်။ အဖြစ်အပျက်က မြန်လွန်းလှသည်။

ရှေ့က ပြေးနေသူမှာ မိုးရွာထားသောအရှိန်ကြောင့် ကတ္တရာလမ်းမပေါ်တွင် ဘိုင်းခနဲ မှောက်လဲသွားသည်။

နောက်က ပြေးလိုက်လာသော ရွှေဘုတ်ကလည်း သနားရောက်လာသည်။ သူ့လက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော သံချွန်ကြီးဖြင့် တအားစိုက်ချရန် သူ့လက်ကို မြှောက်တင်လိုက်သည်။

“ဟေ့ . . . ရွှေဘုတ်၊ ရပ်လိုက်”

မိမိက အသံကျယ်ကျယ်ဖြင့် အမိန့်ပေးသလို အော်ပြောလိုက်သည်။ ရွှေဘုတ်က နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ မိမိတို့ ရဲတပ်ဖွဲ့ကားကို မြင်သွားပုံရသည်။ ရွှေဘုတ်လက်မှ သံချွန်ကြီးသည် လဲနေသူထံ မရောက်တော့ဘဲ လေထဲမှာပင် ရပ်တန့်သွားတော့သည်။

လဲနေသူမှာ အမြန်ထလျက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားသည်မှာ ဘယ်ရောက်သွားမှန်းပင် မသိတော့ပါ။ ရွှေဘုတ်ကို ကားဖြင့် တင်ခေါ်လာခဲ့သည်။ ရာဇဝတ်မှု ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ အရ ၂၄ နာရီ ချုပ်ထားခဲ့ရသည်။

ရွှေဘုတ်လည်း အရက်မူးပြေ၊ ချုပ်ထားချိန် ၂၄ နာရီလည်း ပြည့်ပြီမို့ ကိုယ်တိုင် ခံဝန်ချုပ်ဖြင့် ပြန်လွှတ်ပေးလိုက်သည်။ ရွှေဘုတ်ကတော့ သူ့အတွက် အားထားရာအမှန်ဖြစ်သော အထက်ပုဇွန်တောင်လမ်း၊ အေးတံတားထိပ်က အရက်ဆိုင်သို့သာ ဦးတည်ပြန်သွားလေတော့သည်။ ဤ နေရာမှလွဲ၍ သူ့အတွက် သွားစရာလည်း မရှိတော့။

* * * * *

“ဟေ့ . . . ရွှေဘုတ်”

“ခင်ဗျာ . . . ကိုတုတ်ကြီး”

“ဒီနယ်တစ်ဝိုက်မှာ တုတ်ကြီးကို ဘယ်သူမှ မော့မကြည့်ရဲဘူးဆိုတာ မင်းကြားဖူးတယ် မဟုတ်လား”

“ဟုတ်ကဲ့”

“မင်းကော ငါ့ကို မော့ကြည့်ရဲသလား”

“မကြည့်ရဲပါဘူး ခင်ဗျာ”

“အေး . . . မင်းသဘောပေါက်သားပဲ။ ဟောကောင် ရွှေဘုတ်၊ ဒီကိုလာစမ်း



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို မြေပဲလှော်တစ်ထုပ်နဲ့ ဆေးပေါ့လိပ်နှစ်လိပ် ဝယ်ပေးစမ်း။ ရော့ . . . ငွေတစ်ဆယ်၊ ပိုတာမင်းယူ"

တုတ်ကြီးက အရက်ရှိန်လေးဖြင့် အမိန့်ပေးသော လေသံနှင့် ခိုင်းလိုက်သည်။ ရွှေဘုတ်က တုတ်ကြီးလှမ်းပေးသော ငွေတစ်ဆယ်ကို ယူလျက် ခပ်သုတ်သုတ်ပြေးဝယ်ပေးလိုက်သည်။ တုတ်ကြီးက ဆေးပေါ့လိပ်ကို သူ့မျက်နှာကြီး ရှုံ့မဲ့လျက် သေချာစွာကြည့်လိုက်သည်။

"မင်းတော်တော် အသုံးမကျတဲ့ကောင်ပဲ။ ငါက ကျားပျံမကောက်ကို ကြိုက်တာကွ။ မင်းက စကြာဆေးလိပ်ကြီး ဝယ်လာတယ်။ ရော့ . . ပြန်လဲပေး"

တုတ်ကြီးက ပြောပြောဆိုဆို ဆေးလိပ်ဖြင့် ရွှေဘုတ်မျက်နှာကို ပေါက်လိုက်သည်။ ရွှေဘုတ်က တုတ်တုတ်မျှ မလှုပ်။ တုတ်ကြီးမျက်နှာကို စေ့စေ့ကြည့်လျက် ရပ်နေသည်။

"မင်းက ဘာကြည့်တာလဲ။ ငါ့ကို မင်းအဖေမှတ်လို့လား။ မင်းက ငါ့ကို စမ်းချင်တယ်ပေါ့။ ခွေးမသား၊ တုတ်ကြီးအကြောင်းကို သိသွားချင်တယ်။ ဟေ့ကောင် . . . ရွှေဘုတ်၊ မင်းလိုကောင်မျိုးကို ငါက အရေခွံဆုတ်ပစ်လိုက်မယ် ကြားလား။ လမ်းဘေးနေပြီး အရက်ဆိုင်မှာ စားကြွင်းစားကျန်နဲ့၊ အရက်ခွက်ကျန်လေး သောက်နေရတဲ့ကောင်ကများ . . . ထွီ"

တုတ်ကြီးက တံတွေးမပါဘဲ အသံဖြင့်ထုတ်၍ ကြိမ်မောင်းလိုက်သည်။ သည်တစ်ခါတော့ ရွှေဘုတ်သည်းမခံနိုင်။ စိတ်ကုန်သွားပြီထင်သည်။ စားပွဲတစ်ခုပေါ်က ရေပုလင်းကို ဆတ်ခနဲကောက်ကိုင်လိုက်သည်။ ပုလင်းကို စားပွဲစောင်းနှင့် ရိုက်ခွဲလိုက်သည်။

ချွန်ထက်နေသော ပုလင်းစများ ထိုးထိုးထောင်ထောင်နှင့် ပုလင်းခေါင်းက သူ့လက်ထဲတွင် ကျန်ခဲ့သည်။ ရွှေဘုတ်၏ လက်က မြန်ဆန်လွန်းလှသည်။ မည်သူမှ ဆွဲချိန်၊ ထိမ်းချိန်မရလိုက်တော့။ ရွှေဘုတ်လက်တွင်းက ပုလင်းခေါင်းကြီးသည် တုတ်ကြီး၏ ဝမ်းဗိုက်အတွင်း စိုက်ဝင်သွားသည်။

တုတ်ကြီးတစ်ယောက် "အင့်"ခနဲသာ အသံထွက်လာနိုင်ပြီး သွေးအိုင်ထဲတွင် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲသွားပြီ ဖြစ်သည်။

* * * * *

မိမိနှင့်အဖွဲ့ အခင်းဖြစ်အရပ်သို့ ရောက်သွားချိန်မှာတော့ ရွှေဘုတ်က သွေးသံရဲရဲ ပေကျံနေသော ပုလင်းခေါင်းကျိုးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တွေတွေကြီးရပ်နေသည်ကို တွေ့လိုက်ရသည်။

မည်သူ့ကိုမှ အနားကပ်မခံ။ မည်သူ့စကားကိုမှ နားမထောင်ဘဲ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော တုတ်ကြီးအလောင်းကိုသာ စေ့စေ့ကြီး ကြည့်နေသည်။

"ဟေ့ . . . ရွှေဘုတ်၊ မင်းလက်ထဲက ပုလင်းခေါင်းကို ချလိုက်စမ်း"

မိမိက အမိန့်ပေးသော လေသံဖြင့် အသံကို တမင်မြှင့်၍ ပြောလိုက်သည်။ ရွှေဘုတ် မိမိမျက်နှာကို တစ်ချက်မော့ကြည့်လိုက်သည်။ ပြီးနောက် သူ့လက်တွင်းက ပုလင်းခေါင်းကျိုးကြီးကို စားပွဲတစ်ခုပေါ်သို့ အသာတင်လိုက်သည်။

သူ့လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်လိုက်သည်။ လက်နှစ်ဖက်ကို ဆန့်တန်းလျက် မိမိရှေ့သို့ ထိုးပေးသည်။ အကင်းပါးသော နယ်ထိန်းရဲတပ်ကြပ်မြရွှေက သူ့ခါးကြားမှ လက်ထိတ်ကို အမြန်ဖြုတ်ယူလျက် ရွှေဘုတ် လက်နှစ်စုံကို ခတ်လိုက်သည်။ ရွှေဘုတ်၏ မျက်နှာသည်လည်း မြေသို့ငုံ့ကျသွားလေတော့သည်။

* * * * *


ရွှေဘုတ်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် အမှုဖွင့်ခဲ့ရသည်။ ဤတစ်ကြိမ်မှာတော့ ရွှေဘုတ်ကို မိမိ ကြိုတင်ကာကွယ်မပေးနိုင်သည့်အတွက် စိတ်မကောင်းဖြစ်ခဲ့ရသည်။ အမှုနှင့်ပတ်သက်၍ ရွှေဘုတ်ကလည်း ဝန်ခံခဲ့သည်။ တရားသူကြီးရှေ့မှောက်တွင်လည်း ဖြောင့်ချက်ပေးခဲ့သည်။ သက်သေအထောက်အထားများ ခိုင်လုံစွာဖြင့် တရားစွဲတင်ခဲ့သည်။

မိဘစကား နားမထောင်၊ သွန်သင်မှုကို မလိုက်နာ၊ ပညာလည်း ကောင်းကောင်းမသင်၊ ထင်ရာစိုင်းခဲ့သော ရွှေဘုတ်၊ မိဘတို့၏ ချစ်ခြင်းမေတ္တာကို နားမလည်သော ရွှေဘုတ်တစ်ယောက် ဥပဒေ၏ အဆုံးအမကိုဖြင့် လွန်ဆန်နိုင်တော့မည် မဟုတ်ပါလား။

**မောင်မောင်(ပိတောက်မြိုင်)**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားလေးကိုတဲ့ မြင်းပေါ်တင်

မောင်သာမန် ( ဗိုးကုန်း )

(၁)

ကျွဲတဲရွာနှင့် ကုက္ကိုခွရွာသည် အလွန်ဝေးလှသည်တော့ မဟုတ်။ ရှိပါလှ နှစ်မိုင်ခွဲ သုံးမိုင်ခန့်ပင် ရှိပေလိမ့်မည်။ ကျွဲတဲရွာထိပ်သို့ ထွက်လိုက်သည်နှင့် ကုက္ကိုခွရွာတန်းရှည်အား မှုန်ပျပျလှမ်း၍ မြင်နေရသည်။ ကျွဲတဲရွာနှင့် ကုက္ကိုခွရွာသို့ ဆက်သွယ်ထားသည့် ကျေးလက်ဖွံ့ ဖြိုးရေးလမ်းကား ဖြောင့်ဖြူးလှပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် စိမ်းစိုလန်းဆန်းသည့် မြေပဲခင်းများမှာ တစ်ခေါ်တစ်မျှော် ရှိလှချေသည်။ ထိုဖွံ့ဖြိုးရေးလမ်းပေါ်မှ အရှေ့ဘက်ဆီသို့ မျှော်ကြည့်မည်ဆိုပါက မြောက်မှတောင်သို့ နီမှုံချည်တစ်ခါ မြင့်ချည်တစ်လှည့်ဖြင့် သွယ်တန်းနေ သည့် တနင်္သာရီရိုးမတောင်တန်းကြီးကား မှိုင်းမှုန်ပြာဝေလျက် ရှိနေပေသည်။

ထိုသို့ မှိုင်းညို့ညို့ တောင်တန်းကြီးအား နောက်ခံထား၍ ကောင်းကင်ဝေဟင်ထက် ဝယ် ရေဘဲတစ်အုပ် အုပ်စုဖွဲ့၍ ပျံသန်းနေသည်မှာ ထိုမြင်ကွင်းကို မြင်ကြရသူများအဖို့ လှပသော ပန်းချီကားချပ်သဖွယ် ကြည့်ရသည်ကဲ့သို့ ရင်သပ်ရှုမောဖွယ်မဆုံးရှိမည်မှာ အမှန်ပင် ဖြစ်နေပေလိမ့် မည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်အတန့်လေး၌ပင် ဖွံ့ဖြိုးရေးလမ်းပေါ်၌ မြင့်မား၍ ကြံ့ခိုင်သည့် မြင်းညိုကြီးအား ကဆုန်စိုင်း၍ စီးသွားလေသော ကျွဲတဲရွာသား မောင်မြဝင်းအား လယ်ကွင်းထဲ၌ အလုပ်လုပ်နေကြသော လယ်သမားများကပင် မိမိတို့၏ လုပ်လက်စအလုပ်ကိုရပ်၍ အံ့သြဘနန်း လှမ်းမျှော်၍ ကြည့်ကြရသည်။ ထိုကဲ့သို့ မြင်းညိုကြီး၏ ဝင့်ထယ်မှု၊ ကြံ့ခိုင်မှုနှင့် အတူ အရပ်ထောင်မောင်း၍ ယောက်ျားပီသသည့် ဥပဓိရုပ်ကောင်းသည့် မောင်မြဝင်း၏ လှပသည့် မြင်းစီးပုံသေသပ်မှုကြောင့် အနီးအနားပတ်ဝန်းကျင် လူအများ၏ ဤကဲ့သို့ ငေးမောကြည့်ရှုနေခြင်းကို မောင်မြဝင်းကိုယ်တိုင် သတိပြုမိ၍ မိမိကိုယ်မိမိ အထူးပင် ဂုဏ်ယူဝမ်းမြောက်လျက် ရှိရပေသည်။

ဟုတ်တော့လည်း ဟုတ်ပေမည်။ မြင်းစီးယော.. ကျ်ား လူပြိုထွား မောင်မြဝင်းကား အရပ်ထောင်ထောင်မောင်းမောင်း၊ အသားလတ်လတ်ဖြင့် ယောက်ျားပီသသည့်အပြင် ကျယ်ပြန့်သောရင်အုပ်၊ သို့သာမက သန်မာသော လက်မောင်း၊ လက်ဖျံတို့၌ ထိုးထားသော စမ၊ အင်း၊ သိုင်းအင်းကြောင့် မောင်မြဝင်း၏ ပုံပန်းသဏ္ဍာန်သည် ပို၍ပင် ကြွရွ၍ ခံ့ညားနေသယောင်ယောင်။

ကျနစွာမြင်းစီး၍လာသော မောင်မြဝင်း၏ ခံ့ညားသည့် ဟန်ပန်ကြောင့် ယောက်ျားသားများအနေဖြင့် မထူးဆန်းသေ..်လည်း ဆန့်ကျင်ဘက် ဣတ္ထိယအန္ဒယ်ဝင် မိန်းမပျိုလေးများမှာမူ ခန့်ညည့်သော သူ့ဟန်ပန်ကြောင့် နှလုံးတုန်.ုင်ကာ့နဲ ရှင်ဂဲသည်းလှိုက် ဖြစ်ကြရပေသည်။

မောင်မြဝင်းအနေဖြင့်မူ မိမိအား မိန်းမပျိုလေးများမှ စိတ်ဝင်စားမှုအပေါ် ကျေနပ်အားရမိသော်လည်း မိန်းမပျိုများကိုမူ အထူးတလည် စိတ်ဝင်စားမှုမရှိခဲ့ပေ။ စကားကုန်ပြောရမည်ဆိုပါက မိမိနေထိုင်သော ကျွဲတဲရွာနှင့် အနီးနားရွာများမှ ကွမ်းတောင်ကိုင်မိန်းမပျိုလေးများအား စိတ်ဝင်စားမှု မရှိသကဲ့သို့ ထိုမိန်းမပျိုလေးများနှင့်လည်း ကင်းရှင်းစွာနေခဲ့ပေသည်။ သို့သော် မောင်မြဝင်းသည် မိန်းမပျိုလေးများဖြင့် ကင်းရှင်းစွာနေစေကာမူ ကုက္ကိုခွရွာမှ မိန်းမချောလေး နွေနှောင်းကိုမူ အထူးတလည် စိတ်ဝင်စားလျက် ချစ်ကြိုးသွယ်မိစေရန် စိုင်းပြင်းနေခြင်းဖြစ်ပေသည်။

မောင်မြဝင်းတစ်ယောက် နွေနှောင်းအပေါ် ချစ်ခြင်းမေတ္တာ ထားမိခြင်းသည်လည်း အထူးအဆန်းတော့ မဟုတ်ပါပေ။ ကျွဲတဲရွာ၊ ကုက္ကိုခွရွာတို့နှင့် မလှမ်းမကမ်း၌ရှိချေသော လက်ပံပင်စုရွာလေး၌ ကျင်းပသော မင်္ဂလာဆောင်တစ်ခု၌ အမှတ်ထင်ထင် တွေ့ခဲ့ခြင်းကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ထိုမင်္ဂလာဆောင်သို့ မောင်မြဝင်းသွားခဲ့ရာမှ နွေနှောင်းနှင့် ဆုံစည်းခဲ့၍ မောင်မြဝင်းတစ်ယောက် နွေနှောင်းအား အစွဲလမ်းကြီးစွဲလမ်းခဲ့ရသည်ဟု ဆိုရချေတော့မည်ပင်။

မောင်မြဝင်းသည် သူ၏ရင်ထဲ၌ ဖြစ်ပေါ်လာသော အရာမှန်သမျှ ရင်ထဲ၌ ထိန်းသိမ်းနိုင်စွမ်းမရှိသည်ကြောင့် ထိုမင်္ဂလာဆောင်ပြီး၍ ညနေစောင်း၌ပင် သူမ၏ရွာသို့ ပြန်ရာလမ်းပေါ်၌ နွေနှောင်းအား မဖြစ်မနေ ချစ်ရေးဆိုခဲ့သည်။

ထိုကဲ့သို့ လူပျိုကာလသားတစ်ဦးမှ အပျိုမိန်းကလေးကို ချစ်ရေးဆိုသည်မှာ ထူးခြားသောကိစ္စ မဟုတ်သော်လည်း နွေနှောင်းတစ်ယောက် ရွာသို့ပြန်ရာတွင် လှည်းပေါ်၌ပါရှိသောလူအများရှေ့၌ မြင်းဖြင့်အမီလိုက်ကာ နွားလှည်းကိုရပ်စေလျက် ချစ်ရေးဆိုခြင်း၊ ထိုကဲ့သို့ ချစ်ရေးဆိုရ ..်လည်း မောင်မြဝင်းတစ်ယောက် အရက်သေစာ သောက်စားလျက် ဇာတ်လိုက်မင်းသားဆန်ဆန် ဖွတ်ကရွတ်ပြောဆိုခြင်းများကြောင့် နွေနှောင်းတစ်ယောက် မောင်မြဝင်း၏ ချစ်ရေးဆိုမှုကို လျစ်လျူရှု၍ သူမ၏ ဣန္ဒြေသိက္ခာ၊ အရှက်တရားများကို စော်ကားသည်ဟု ထင်မြင်ယူဆလေတော့သည်။ ထိုစဉ်အခါက ဖြစ်ရပ်ကလေးကို ဖော်ပြရမည်ဆိုပါလျှင် ...။

\+ + + + +

## (၂)

အမှန်ပြောရပါလျှင် နွေနှောင်းတစ်ယောက် မိမိရွာမှအပ တခြားရွာတွေကို မသွားလို။ သို့သော် နွေနှောင်းတစ်ယောက် မသွားမဖြစ် သွားရမည့်ကိစ္စ ပေါ်ပေါက်လာရခြင်းမှာ နွေနှောင်း၏ သူငယ်ချင်း ခင်စန်းနွယ်၏ကိစ္စကြောင့်ဟု ပြောရမည်ပင်။ တစ်ကြိမ်တစ်ခါမျှ ရည်းစားသနာမရှိပါဘဲ ကုက္ကိုခွရွာမှ ခင်စန်းနွယ်၏ မိဘများနှင့် လက်ပံပင်စုရွာမှ ဦးသာအောင်၏သားဖြစ်သူ မောင်သာစိန်နှင့် လူကြီးမိဘများ၏ သဘောဆန္ဒအရ လက်ထပ်မင်္ဂလာ ဆောင်ကြဦးဖြစ်လေသည်။ လက်ထပ်မင်္ဂလာအခမ်းအနားကို သတို့သားအိမ်၌ပင် တခမ်းတနား ဆောင်ရွက်မည်ဖြစ်သည့်အတွက် လက်ပံပင်စုရွာသို့ သတို့သမီးခင်စန်းနွယ်၏ တောင်းဆိုချက်အရ နွေနှောင်းနှင့် သူငယ်ချင်းတစ်စု လိုက်ပါရမည့် အခြေဆိုက်ရောက်လာတော့သည်။

ဘိသိက်မင်္ဂလာအခမ်းအနားကိုမူ ကုက္ကိုခွရွာ ခင်စန်းနွယ်တို့နေအိမ်မဏ္ဍပ်၌ အကျဉ်းမျှ ကျင်းပခဲ့ခြင်း ဖြစ်သည်။ နွေနှောင်းအနေဖြင့် ခင်စန်းနွယ်တို့၏အိမ်၌ ကျင်းပသော မင်္ဂလာပွဲကို တက်ရောက်ခဲ့ပါ၏။ သို့သာမက ခင်စန်းနွယ်၏ တောင်းဆိုချက်အရ လက်ပံပင်စုရွာသို့ လိုက်ခဲ့ပါဟု ဆိုလာသောအခါတွင် ...



www.burmeseclassic.com

www.burmeseclassic.com

"ငါ တခြားရွာတွေကို မလိုက်ချင်ပါဘူးဟယ်။ နင့်အိမ်မှာလုပ်တဲ့ မင်္ဂလာပွဲကိုတော့ နင်မြင်တဲ့အတိုင်းပဲ တတ်နိုင်သလောက် ကူညီခဲ့ပြီဟယ်။ နင့်ရဲ့သတို့သားရွာကို လိုက်ရဦးမယ်ဆိုတော့ ငါလိုက်နိုင်မှာ မဟုတ်ဘူးဟယ်"

နွေနှောင်းရဲ့ ငြင်းပယ်မှုစကားက ခင်စန်းနွယ်အတွက် ဝမ်းနည်းပက်လက်ဖြစ်စေရသည်။ မျက်ရည်ဝိုင်းနေသော သူငယ်ချင်းခင်စန်းနွယ်မှ . . .

"နွေနှောင်းရယ် . . . နင်နဲ့ငါနဲ့လေ ဟိုးငယ်ငယ် ကလေးဘဝကတည်းက ပြောမနာဆိုမနာ ရင်းနှီးခဲ့ကြတာပါ။ နောက်ပြီး ကျောင်းတက်တော့လည်း တပူးတွဲတွဲ မခွဲဘဲ အတူတူကျောင်းတက်ခဲ့ကြတယ်။ ဒါပေမဲ့ အခုလို အရွယ်ရောက်လို့ လူကြီးမိဘတွေ နားချတိုက်တွန်းခဲ့လို့ လူကြီးတွေရဲ့ဆန္ဒအတိုင်း ငါလေ တစ်ရွာသားနဲ့ အကြောင်းပါခဲ့ပြီ နွေနှောင်း။ ဒါကလည်း ငါ့ကံပဲလို့ ကံကို ပုံချရမှာပါ။ ဒီရွာနဲ့ နင့်ကိုခွဲပြီး တစ်ရွာတစ်ကျေးမှာ အခြေချရတော့မယ့်ငါ့ကို နင်မျက်နှာလွှဲလိုက်ပြီလားဟယ်။ ငါနေရတော့မယ့်ရွာကို မထွက်ခွာခင်မှာပဲ သူငယ်ချင်းအဖြစ်က ခွဲခွာခြင်းတွေနဲ့ မျက်နှာလွှဲတော့မှာလား။ မင်္ဂလာပွဲပြီးတဲ့ထိ မလိုက်ဘဲ ချန်နေရစ်တော့မှာလား နွေနှောင်းရယ် . . ."

သူငယ်ချင်းဖြစ်သူ ခင်စန်းနွယ်၏ စကားများသည် နွေနှောင်း၏ ရင်သို့တိုင် အပူကူးစက်သွားရပြီး ဝမ်းနည်းခြင်းတို့ဖြင့် ဆို့နင့်သွားရသည်။ ထို့အပြင် ခင်စန်းနွယ်ကိုလည်း သနားသွားရသည်။

ဤသို့ဖြင့် နွေနှောင်းတစ်ယောက် သူငယ်ချင်း၏ မင်္ဂလာလက်ထပ်ပွဲ ပြီးဆုံးသည့်တိုင် ကူညီစောင်မမှုဖြစ်တော့မည်ဟု စဉ်းစားမိသည်။ ယင်းနောက် သတို့သမီး၏သူငယ်ချင်း၏ သတို့သားနေထိုင်ရာ လက်ပံပင်စုရွာရှိ နေအိမ်မင်္ဂလာမဏ္ဍပ်သို့ သတို့သမီး၏ အပျိုရံအဖြစ် မင်္ဂလာပွဲပြီးမြောက်သည့်တိုင် မဖြစ်မနေ လိုက်ပါခဲ့ရပါတော့သည်။

မည်သို့ပင်ဖြစ်စေ မကြာမီသော အချိန်တွင် အိမ်ထောင်သည်ဘဝရောက်ရတော့မည့် သူငယ်ချင်း ခင်စန်းနွယ် အတွက် နွေနှောင်းတစ်ယောက် ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ မင်္ဂလာဆောင်မဏ္ဍပ်အတွင်း၌ သတို့သား မောင်သာစိန်နှင့် အပေါင်းအသင်းများ ပျော်မြူးနေသလောက် သတို့သမီး ခင်စန်းနွယ်မှာ မိဘများ၊ သူငယ်ချင်းများနှင့် ခွဲခွာရတော့မည်မို့ မျက်ရည်နှင့်မျက်ခွက်။

သတို့သမီးဘေးတွင် သတို့သမီးအပျိုရံအဖြစ် အဖော်ပြု၍နေသော နွေနှောင်းတစ်ယောက် သူငယ်ချင်းဖြစ်သူ သတို့သမီး ခင်စန်းနွယ်ကို လက်ဖြင့်တို့၍ တစ်မျိုး၊ မျက်နှာအမူအရာဖြင့်တစ်သွယ် သတိပေးနေရသည်။ နွေနှောင်းအနေဖြင့် သတို့သမီးကို သတိပေးနေရသော်လည်း သူမကိုယ်တိုင် ငိုချင်ချင်ဖြစ်နေရသည်။ နွေနှောင်းတို့၏အဖြစ်ကိုကြည့်၍ ရယ်ကျဲကျဲလုပ်၍နေသော လူတစ်ယောက်ကို နွေနှောင် သတိပြုမိသည်။ နွေနှောင်းတစ်ယောက် မိမိတို့၏အဖြစ်ကို သိ၍ လှောင်နေတာလားဟူသောအတွေးဖြင့် ထိုသူကို မျက်စောင်းထိုး၍ ကြည့်မိသည်။ ထိုသို့ နွေနှောင်းတစ်ယောက် မျက်စောင်းထိုး၍ ကြည့်လိုက်မှပင် ထိုသူသည် မင်္ဂလာဆောင်မဏ္ဍပ်အပြင်မှနေ၍ အူလှိုက်သည်းလှိုက် ရယ်ချင်သည့်ပမာ ပါးစပ်ပိတ်၍ တခွီးခွီးဖြစ်နေလေသည်။

သူစိမ်းယောက်ျားတစ်ဦးမှ မိမိတို့၏အဖြစ်ကို ကြည့်၍ လှောင်ပြောင်သရော်နေခြင်းဖို့ သိလိုက်သည်နှင့် ပထမရှက်စိတ်ဝင်သွားရသည်။ ပြီးနောက် စိတ်ဆိုးဒေါသထွက်ရသည်။

"ဘယ်လိုလူပါလိမ့်။ တော်တော်ရိုင်းတဲ့လူ"

မည်သို့ပင်ဆိုစေ၊ ထိုလူအား မကျေမနပ်ဖြင့် မျက်စောင်းထိုး၍ နှုတ်ဖျားမှ တတွတ်တွတ်ပြောနေသော နွေနှောင်းအား ရွှန်းရွှန်းစားစားကြည့်၍ ရယ်ပြနေသူကား ကျွဲတဲရွာသား မောင်မြဝင်းမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါပေ။

မင်္ဂလာဆောင်ပြီးမြောက်၍ သတို့သမီးခင်စန်းနွယ်တစ်ယောက် သတို့သားအိမ်၌ အပြီးတိုင်နေရတော့မည်ဖြစ်သည့်အကြောင့် နွေနှောင်းရော၊ ခင်စန်းနွယ်ပါ တစ်ဦးနှင့်တစ်ဦး ခွဲရတော့မည်မို့ လွန်စွာစိတ်မကောင်းဖြစ်၍ ဝမ်းနည်းမျက်ရည်လည်ကြရသည်။

အထူးသဖြင့် သတို့သမီး ခင်စန်းနွယ်က ပိုဆိုးသည်။ သူမ၏မိဘများမှာ နောက်နေ့ နေ့လယ် ထမင်းစားပြီးမှ ပြန်ကြမည်ဖြစ်သော်လည်း နွေနှောင်းတို့ကမူ သူငယ်ချင်းမိန်းကလေးတစ်သိုက်ဖြင့် ရွာသို့ပြန်မည် ဖြစ်သည်။ နွေနှောင်းတို့အိမ်မှ လှည်းနှင့်နွားဖြစ်ပြီး၊ လှည်းမောင်းသူမှာ တခြားသူမဟုတ်။ နွေနှောင်းဦးလေးဝမ်းကွဲတော်သူ ဦးရွှေတိုးဖြစ်ပေသည်။

ရွာမှ သူငယ်ချင်းမိန်းကလေးများ ပျော်ရွှင်ရယ်မောနေသော်လည်း မင်္ဂလာဆောင်မဏ္ဍပ်ရှေ့၌ မျက်ရည်လည်၍ ကျန်ခဲ့လေသော သူငယ်ချင်းခင်စန်းနွယ် အတွက် နွေနှောင်းစိတ်မကောင်းဖြစ်ရပေသည်။

နွေနှောင်း၏ဦးလေး ဦးရွှေတိုးသည်လည်း မင်္ဂလာဆောင်မှ အရက်ဖြင့် ညှော်ဝတ်ပြုသည့်အချိန် မပြေသေးပေ။ သို့ကြောင့် ဦးရွှေတိုးသည် ဆေးပေါ့လိပ်ကို ပါးစပ်တွင်ခဲ၍ တဟဲ့ဟဲ့ဖြင့် နွားလှည်းကို မောင်းနေပေသည်။ နွေနှောင်းအနေဖြင့် နေမဝင်ခင် မိမိတို့၏ ကုက္ကိုခွရွာသို့ ရောက်ရမည်မို့ ဦးလေးဖြစ်သူအား သတိ



www.burmeseclassic.com

www.burmeseclassic.com

ပေးရသည်။ လှည်းပေါ်တွင် ရွာထဲမှ ဒေါ်မယ်ကျင်နှင့် နွေနှောင်းထက်ငယ်သော မိန်းမပျိုလေး လေးယောက် ပါလာပါ၏။

ရွာသို့ပြန်ရာ လမ်းတစ်လျှောက် ဖွံ့ဖြိုးရေးလမ်းပေါ်၌ မဟုတ်။ လှည်းလမ်းမှာ မြေပဲခင်းများကိုဖြတ်၍ ဖောက်ထားသည်ကြောင့် လှည်းမှာ ဝလုံးစခုထူသော လှည်းလမ်းအတိုင်း တအိအိဖြင့် သွားနေရပေသည်။ မိန်းမငယ်လေး လေးယောက်မှာ ဆယ်ကျော်သက်အရွယ်သာသာ ဖြစ်သည်ကြောင့် မင်္ဂလာဆောင်အတွေ့အကြုံများကို ရယ်စရာအဖြစ် ပြောဆိုနောက်ပြောင်လျက်ရှိကြသည်။ ဒေါ်မယ်ကျင်မှာလည်း အရှေ့ပိုင်းတွင်ထိုင်၍ ကျားပျံမကောက်ကြီးကို ဖွာလျက်ပါလာလေ၏။

ထိုစဉ် မိန်းမပျိုလေးတစ်ယောက်မှ တစ်စုံတစ်ရာကို လက်ညှိုးထိုးလျက်

"မမနှောင်း ... ဟိုမှာ .. ဟိုမှာ"

မိန်းကလေး၏ လက်ညှိုးထိုး၍ ပြသည့်နေရာသို့ လှမ်းကြည့်ရာ မြင်းညိုကြီးအား အသားကျစီး၍ လှည်းနောက်သို့ လိုက်ပါလာသော ပုဂ္ဂိုလ်အား အမှတ်တမဲ့ မည်သူမည်ဝါမှန်း နွေနှောင်းတစ်ယောက် မသိပါချေ။ မိမိတို့၏ နွားလှည်းအနီးသို့ ရောက်မှသာ ထိုပုဂ္ဂိုလ်မှ ပြုံးရွှင်၍ပြလိုက်သည့်အခါတွင် နွေနှောင်းတစ်ယောက် နေ့လယ်ပိုင်း မင်္ဂလာဆောင်မဏ္ဍပ်တွင်း၌ မည်သူမျှ မရိပ်မိလိုက်သော အဖြစ်အပျက်တစ်ခုကို သတိရလိုက်ပြီး၊ မြင်းပေါ်မှ မောင်မြဝင်းအား မျက်စောင်းထိုးလိုက်သည်။

လှည်းမောင်းသူ ဦးရွှေတိုးမှ လောကွတ်ချော်၍ –

"မောင်မြဝင်း ... မင်းမြင်းစီးတာ တော်တော်ကြည့်ကောင်းတာပဲကွ။ ငါတို့ငယ်ငယ်က ရုပ်ရှင်မင်းသား ကျော်ဆွေတို့၊ ရွှေဘတို့ကို သွားသတိရတယ်ကွ။ မင်းလည်း သူတို့လို ရုပ်ရှင်မင်းသားဖြစ်နိုင်တယ်မောင် ..."

မောင်မြဝင်းမှ နွေနှောင်းအားကြည့်လျက် ဦးရွှေတိုးအား –

"ဟုတ်မှလည်း ပြောပါ ဦးရွှေတိုးရာ။ တော်တော်ကြာ ကျွန်တော် မိုးပေါ်မြောက်သွားပါဦးမယ်"

"မြှောက်ပြောတာ မဟုတ်ရပါဘူးကွာ။ တကယ်ပြောနေတာပါကွ"

မောင်မြဝင်းမှ –

"ဒါဆိုလည်း ဦးရွှေတိုးကို ကျွန်တော်ညှော်ဝတ်ပြုရဦးမှာပေါ့"

ဦးရွှေတိုးမှ –

"ဟေး ... တော်ပါပြီကွာ။ နေ့လယ်က မင်းတိုက်လိုက်တဲ့အရှိန်က ခုထိမပြယ်သေးဘူးကွ"

ဦးရွှေတိုးရော၊ မောင်မြဝင်းပါ သဘောကျစွာ ရယ်မောလိုက်ကြသည်။

နွေနှောင်းနှင့် လှည်းပေါ်မှ အမျိုးသမီးများ မည်သို့မျှမပြောဘဲ နှုတ်ဆိတ်နေကြသည်။ ဦးလေးဖြစ်သူအား မိတ်ဖွဲ့၍ အရက်တိုက်လိုက်ခြင်းသည် မည်သို့အဓိပ္ပာယ်မှန်းမသိသော်လည်း နွေနှောင်းသည် မောင်မြဝင်းအား အစာမကြေခဲ့ပါ။ မောင်မြဝင်းသည်လည်း နွေနှောင်း သူ့အပေါ် မကြည်မလင်ဖြစ်နေသည်ကို သိနေ၏။ ယင်းကြောင့်ပင် မောင်မြဝင်းသည် နွေနှောင်းထိုင်ရာ လှည်းဘယ်ဘက်ခြမ်းသို့ မြင်းဖြင့်အသာကပ်၍ –

"နွေနှောင်း ... ကိုယ့်ကိုမကြည်လင်ဘူးဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့ မပြောမပြီး မတီးမမြည်ဆိုသလို အခြေအနေမို့ ကျွန်တော်ပြောတာလေးကို နွေနှောင်း နားထောင်ပေးပါ"

နွေနှောင်းတစ်ယောက် မကြားချင်ယောင် ဆောင်နေသော်လည်း နားဖြင့်ဆတ်ဆတ်ကြားနေရပေသည်။ လှည်းပေါ်ပါလူများမှလည်း မောင်မြဝင်းနှင့် နွေနှောင်းတို့၏ အပြုအမူ၊ အပြောအဆိုများကို ကြားနေရသည်၊ မြင်နေရသည်။ မောင်မြဝင်းမှ မြင်းပေါ်မှ သူ၏ခန္ဓာကိုယ်အား ကိုင်းလျက် –

"ကိုယ် နွေနှောင်းကို မြင်မြင်ချင်း အသည်းနှင့်အောင် ချစ်တယ်။ နွေနှောင်း ကိုယ့်ကို ပြန်ချစ်ပါနော်"

လှပ၍ ညိုညက်သော နွေနှောင်း၏ မျက်နှာလေးသည် နီမြန်း၍သွားရပြီး မျက်မှောင်လေးများကြုတ်၍ စိတ်ဆိုးသည့်ဟန်သည် တားမရ၊ ဆီးမရ။ နွေနှောင်းမှ မောင်မြဝင်းအား –

"ရှင် ... ဒီထိအောင် ကျွန်မကို လိုက်နှောင့်ယှက်တာ လွန်ပြီနဲ့တူတယ်။ ကျွန်မကို ဒီထိ အနှောင့်အယှက်မပေးသင့်ဘူးလို့ ကျွန်မထင်တယ်။ ကျွန်မရှင့်ကို ဘာမှမပြောလိုဘူး။ ရှင်ပြန်ပါတော့"

မောင်မြဝင်းသည် နွေနှောင်းတို့၏ နွားလှည်းဘေးမှ ယှဉ်၍ မြင်းစီးလျက်မှ–

"ကိုယ် နွေနှောင်းကို နှောင့်ယှက်တာမဟုတ်ပါဘူး။ ကိုယ်က လူပျိုဖြစ်သလို၊ နွေနှောင်းကလည်း အပျိုတစ်ယောက်ဆိုတာကို ကိုယ်သိထားပါတယ်။ ဒါကြောင့် အပျိုကို လူပျိုက ချစ်လို့ ချစ်ခွင့်တောင်းတာ အဆန်းတကြယ်ကိစ္စမဟုတ်ပါဘူး။ ကိုယ်ထပ်ပြောလိုပါတယ်။ နွေနှောင်းကို ကိုယ်ချစ်တယ်။ တကယ်ပဲ နှစ်နှစ်ကာကာချစ်တယ်၊ နွေနှောင်း ကိုယ့်ကို ပြန်ချစ်ပါနော်"

နွားလှည်းပေါ်မှ ဒေါ်မယ်ကျင်ရော မိန်းကလေးများပါ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေကြသည်။ ထို့ပြင် နွေနှောင်းကို ဝိုင်း၍ကြည့်နေသည်မို့ နွေနှောင်း အလွန်ရှက်ရသည်။ ဦးလေးဖြစ်သူ ဦးရွှေတိုးသည် မောင်မြဝင်းအား ခင်မင်သော်လည်း တူမဖြစ်သူအား မောင်မြဝင်း မူးမူးရူးရူးဖြင့် ရင်ဖွင့်သည်ဟု ယူဆသည်



www.burmeseclassic.com

www.burmeseclassic.com

ပြင် အမြင်မတော်၊ အကြားမတော်သည့် မှီ ...၊

"မောင်မြဝင်းရေ ... မင်းကတော့ လူငယ်ဖြစ်နေတော့ ရင်ထဲမှာဖြစ်ချင်တာကို ပြောချင်ရာပြောလိုက်တာပေါ့။ ခက်တာက မင်းပြောနေတဲ့သူက ငါ့တူမကွ။ မင်းပြောတာ ရိုင်းပျတာမပါပေမဲ့ တို့လူကြီးတွေရဲ့ နားထဲမှာ ..."

မောင်မြဝင်းတစ်ယောက် ဦးရွှေတိုး ပြောမှ သတိတရဖြင့် –

"လွန်တာရှိရင် ဝန္ဒာမိပါ ဦးရွှေတိုးရာ။ ကျွန်တော် နွေနှောင်းကို သိပ်ချစ်မိလို့ ပြောမိဆိုမိ၊ ရင်ဖွင့်မိတာပါ။ နောက်ပြီး နွေနှောင်းကို သိပ်ချစ်မိလို့ ကျွန်တော် သတိလွတ်သွားရတာပါ"

ဦးရွှေတိုးအား မောင်မြဝင်းမှ လှမ်း၍တောင်းပန်လိုက်ပြီး တစ်ဆက်တည်းပင် နွေနှောင်းအား –

"ကိုယ်လေ ဒီတစ်သက် နွေနှောင်းရဲ့အချစ်ကို ရမှဖြစ်မယ်ထင်တယ် ...။ တကယ်လို့များ နွေနှောင်းရဲ့အချစ်ကို ကိုယ်မရခဲ့ရင် ကိုယ်လေ ကိုယ့်ကိုယ်ကို သတ်သေမိမလားမသိပါဘူး နွေနှောင်းရယ်"

နွေနှောင်းသည် ခေါင်းငုံ့၍နေပါ၏။ ဦးရွှေတိုး မောင်းနှင်နေသော နွားလှည်းသည် နေဝင်ခါနီး ရွာသို့ဝင်တော့မည် ဖြစ်ခြင်းကြောင့် နွားများ ခြေလှမ်းသွက်၍လာတော့သည်။ မောင်မြဝင်း၏ မြင်းညိုကြီးမှာမူ ရပ်၍ ကျန်ရစ်ခဲ့ပါ၏။ မောင်မြဝင်းသည် လှည်းပေါ်၌ပါသွားသော ချစ်ရသော နွေနှောင်းအား မျှော်လင့်ခိုးဝေစွာ ငံ့လင့်လျက်ကြည့်နေသကဲ့သို့ နွေနှောင်း၏ လှမ်းကြည့်သော အကြည့်စိမ်းစိမ်းများသည်လည်း မောင်မြဝင်းအပေါ် ဖြန့်ကြက်လျက် ...။

\+ + + + +

(၃)

သည်ရက်အတွင်း မောင်မြဝင်းတစ်ယောက် နေမထိ ထိုင်မသာ ဖြစ်နေရသည်။ မိမိ၏နှလုံးသားတစ်ခုလုံး နွေနှောင်းထံ ပါသွားပြီဟု သူထင်မြင်ရပေသည်။ တစ်ရွာသူ ပျိုဖြူချော နွေနှောင်းအား ချစ်မိသည့်စိတ်၊ လွမ်းမိသည့်စိတ်တို့အား တဒင်္ဂပြေပျောက်စေရန် မည်သို့ပင် ကြိုးစားသော်လည်း ပြေပျောက်နိုင်စွမ်းမရှိ ဖြစ်ခဲ့ရသည်။ သို့သော်မက မောင်မြဝင်းအနေဖြင့် နွေနှောင်းအား မည်သို့မျှ မချစ်ဖူးသော အချစ်ထူးဖြင့် ချစ်မိခြင်းကြောင့် ချစ်ရသော နွေနှောင်းအား မတွေ့ရမနေနိုင်အောင် ဖြစ်နေရတော့သည်။

မောင်မြဝင်းအနေဖြင့် သူ၏မိဘများအား နွေနှောင်းနှင့်ပတ်သက်၍ ဖွင့်ပြောလိုသော်လည်း မိဘများ၏ လယ်လုပ်ငန်းကို ဝင်ရောက်ဦးစီး လုပ်ကိုင်ခြင်း မရှိသေးသောကြောင့် မိဘများသည်လည်း မောင်မြဝင်း၏ နှလုံးသားရေးရာကိစ္စ ဦးစားပေးစဉ်းစားပေးမည်မဟုတ်။ သို့ကြောင့် နွေနှောင်းနှင့် ပတ်သက်၍ မိဘများအား ထုတ်ဖော်တိုင်ပင် ပြောကြားခြင်း မရှိသေးပေ။

နောက်ဆုံးတွင် မောင်မြဝင်းတစ်ယောက် သူ၏ယောက်ဖတော်သူ ကိုမျိုးအား အပူကပ်ရတော့သည်။ ကိုမျိုးသည် မောင်မြဝင်း၏နမဝမ်းကွဲနှင့် အိမ်ထောင်ကျသောသူဖြစ်ပြီး ယခုအခါတွင် ကုက္ကိုခွနှင့် မလှမ်းမကမ်း တောကြီးရွာ၌ အခြေကျနေထိုင်သူဖြစ်သည်။ ကိုမျိုးသည် ပြီးခဲ့သည့် မိုးကာလတစ်လျှောက် နွေနှောင်း၏ မိဘများအိမ်၌ စာရင်းငှားလုပ်ခဲ့သူဖြစ်ရာ နွေနှောင်းတို့၏ အိမ်တွင်းရေး အခြေအနေ အတော်များများ သိရှိသောသူ ဖြစ်ပေသည်။

မောင်မြဝင်းအနေဖြင့် တစ်ရက်ခြားဆိုသလို စီးတော်မြင်းဖြင့် တောကြီးရွာသို့ ရောက်သည်သာမက နွေနှောင်းသိစေ မြင်စေရန် ကုက္ကိုခွရွာလယ်လမ်းသို့လည်း ဖြတ်၍ သွားမြဲလာမြဲပင် ဖြစ်သည်။ သို့သော် ယောက်ဖဖြစ်သူ ကိုမျိုး၏ ပြောစကားကြောင့် မောင်မြဝင်းတစ်ယောက် သူ၏ အသည်းကို အရက်နှင့်စိမ်ရမည်ကဲ့သို့ ဖြစ်ရသည်။

"ဒီလို မောင်မြဝင်းရ၊ နွေနှောင်းက ကုက္ကိုခွရွာမှာ အလှဆုံး၊ အချောဆုံး မိန်းကလေးကွ။ ရွာထဲက ကာလသားတွေ သူ့ကိုသဘောကျလို့ လိုက်ပြောပေမဲ့ ဘယ်သူမှ မရပါဘူးကွာ။ သူ့ကို ကြိုက်တဲ့အထဲမှာ ကျောင်းဆရာတွေတောင် ပါသေးကွ။ ဒါပေမဲ့ နွေနှောင်းကတော့ ဘယ်သူမှမကြိုက်ပါဘူး။ တစ်ခုကောင်းတာက သမီးဖြစ်သူနွေနှောင်း သဘောမကျသရွေ့ သူ့မိဘတွေကလည်း ဖွတ်အတင်း မစီစဉ်ကြဘူးကွ။ အင်း ... ပြောစရာတစ်ခုရှိတယ်။ လယ်ပြီး မိုးနှောင်းကာလက ဆေးဆရာလိုလို၊ ဓာတ်ပိန္နောဆရာလိုလို နွေနှောင်းတို့အိမ် ရောက်လာသကွ။ အဲဒီတိုင်းရင်းဆရာလိုလို ဘာလိုလိုကောင်က ရုပ်ရည်သားနားပြီး ခန့်ချောချောတယ်ပေါ့ကွာ။ နွေနှောင်းတို့အိမ်မှာ သုံးရက်လောက် စတည်းချသွားတယ်။ အဲ ... သူပြန်သွားပြီး ငါသိုးသိုးသန့်သန့် ကြားရတာက အဲဒီဆရာနဲ့ နွေနှောင်းနဲ့ ဘာလိုလို၊ နွေနှောင်းမိဘတွေကလည်း သူ့ကိုသဘောကျကြလေတော့ သူ့မှာ သားကြီးမယားကြီးမရှိရင် နွေနှောင်းနဲ့ ပေးစားဖို့ အသင့်ပဲလို့ ပြောသံကြားရတာပဲ"

မောင်မြဝင်းသည် ကိုမျိုး၏ ပြောစကားကို လက်မခံနိုင်။ သို့သော် မောင်မြဝင်း ဘာလုပ်ရမည်မသိ။ သူ၏ ရင်ထဲတွင်လည်း တင်းကျပ်သလို ခံစားနေရသည်။ နွေနှောင်း၏ အချစ်ကို သူမဆုံး



www.burmeseclassic.com

www.burmeseclassic.com

ရှုံးချင်။ နွေနှောင်း၏အချစ်ကို ပိုင်ပိုင်ရလိုသည်။ မောင်မြဝင်းတစ်ယောက် မအိပ်နိုင်၊ မစားနိုင် ဖြစ်ရသည်။

အမှန်စင်စစ် မောင်မြဝင်းသည် ချမ်းသာကြွယ်ဝသော မိဘများမှ ဆင်းသက်လာသူ ဖြစ်သည့်အပြင်၊ ပဲခူးတက္ကသိုလ်၌ ဒုတိယနှစ်အထိ သင်္ချာဘာသာတွဲဖြင့် ပညာသင်ကြားခဲ့ပါ၏။

သို့သော် ထိုတက္ကသိုလ် ဒုတိယနှစ်၌ပင် မောင်မြဝင်းတစ်ယောက် စာမေးပွဲကျ၍ ဆက်လက်မတက်တော့ဘဲ မိဘရွာသို့ပြန်၍ ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်းပေနေခြင်းသာ ဖြစ်သည်။ သို့ဖြစ်လင့်ကစား မောင်မြဝင်းသည် အပျော်အပါး၊ လောင်းကစား၊ မိန်းမ စသည်များကို မလိုက်စား၊ မတပ်မက်သည့်ပြင် ဝါသနာလည်းမရှိပါပေ။

ကျောင်းနေစဉ်အခါက ခင်မင်ရသော သူငယ်ချင်းတစ်ယောက်ရှိပါ၏။ သူ့နာမည်ကား ကျော်စိုးသော် ဖြစ်ပါသည်။ ကျော်စိုးသော်နှင့် မောင်မြဝင်းသည် မဆိုးမပေသော်လည်း ဘုကန့်လန့်စကားများကိုသာ အပြောများသည့်ကြောင့် ဆရာများ၊ ကျောင်းသားများ၏ ချဉ်ဖတ်ဖြစ်ခဲ့သည်။ ထိုသို့ အများ၏ ချဉ်ဖတ်ဖြစ်ခြင်းကိုပင် သူတို့နှစ်ဦး အကျေနပ်ကြီး ကျေနပ်ခဲ့ကြသည်။ မောင်မြဝင်းတစ်ယောက် ဒုတိယနှစ်စာမေးပွဲကျသည့်အချိန်တွင် ကျော်စိုးသော် အောင်သည်သာမက ဘွဲ့ဒီဂရီပါ ရသွားပေသည်။ မောင်မြဝင်းတစ်ယောက် ရွာ၌ပြန်နေစဉ်အတွင်း ကျော်စိုးသော်တစ်ယောက် ဒုရဲအုပ်စာမေးပွဲဖြေ၍ အောင်မြင်ပြီး အရာရှိငယ်သင်တန်း တက်ရောက်နေခဲ့သည်ကို မောင်မြဝင်းကြားသိရသည်။ ယခုအချိန်ထိ သူငယ်ချင်းနှစ်ယောက် မတွေ့ဆုံခဲ့ပါလေတော့။

မောင်မြဝင်းအနေဖြင့် မိမိချစ်ရသော နွေနှောင်းမှ ပြန်လည်မချစ်ခြင်းအပေါ် သုံးသပ်၍ မောင်မြဝင်းတစ်ယောက် သူ၏အသွင်အပြင် အမူအရာ၊ အနေအထိုင်တို့ကို ပြန်လည်၍ ပြင်ဆင်ခဲ့သည်။ ထို့ပြင် သူ၏ ပညာရေးတစ်ပိုင်းတစ်စအား ပြန်လည်၍ ပြင်ဆင်ပြီး ပညာသင်ကြားရန် ကြိုးစားရာတွင် တက္ကသိုလ်သို့ ပြန်လည်တက်ရောက်ခြင်းမပြုတော့ဘဲ အဝေးသင်ဖြင့် စာမေးပွဲဖြေရန် သူဆုံးဖြတ်ခဲ့သည်။ သို့သာမက မိဘများပိုင်ဆိုင်သည့် လယ်ကေသုံးဆယ်အား စာရင်းငှားများ၊ လယ်လုပ်သားများအား သူကိုယ်တိုင် ဦးစီးလျက် လုပ်ကိုင်လေတော့သည်။ သို့အတွက် သူ၏မိဘများက သူ၏ ထူးဆန်းသော ပြောင်းလဲမှုအတွက် အံ့ဩမကုန် ဖြစ်ကြရလေသည်။

မည်သို့ပင် ထူးခြားစွာ ပြောင်းလဲစေကာမူ မောင်မြဝင်းသည် သူ၏ မြင်းညိုကြီးအားစီး၍ ကုက္ကိုခွရွာသို့ သွားမြဲ၊ နွေနှောင်းတို့ အိမ်ရှေ့သို့ ရောက်စမြဲ။

ထိုသို့ မိမိတို့၏ ကုက္ကိုခွရွာသို့ မောင်မြဝင်းလာရောက်လေ့ရှိသည်မှာ နွေနှောင်းအနေဖြင့် အထူးအဆန်းမဟုတ်ပါလေတော့။ တစ်ခါတစ်ရံပင် မသိစိတ်ကြောင့်လားမသိ၊ မောင်မြဝင်း မြင်းညိုကြီးစီး၍ ရွာထဲသို့ မလာသည့် ရက်များတွင် နွေနှောင်းတစ်ယောက် မောင်မြဝင်းအား မျှော်နေမိသလိုလို၊ သတိရသလိုလို ဖြစ်မိသည်။ မိမိ၏အဖြစ်ကို မိမိကိုယ်တိုင် သတိထားမိလေတော့ နွေနှောင်းမှာ ကိုယ့်ကိုယ်ကို ဒေါသထွက်စွာ အပြစ်တင်မိသည်။ သို့သော် မသိစိတ်က အခါမလပ် လွှမ်းမိုးဆဲပင် ...။

\+ + + + +

(၄)

တစ်ခါတွင် ... ကြုံတောင့်ကြုံခဲ ကုက္ကိုခွရွာထိပ်ရှိ သောက်သုံးရေကန်၌ နွေနှောင်းရေခပ်နေသည်နှင့် ကြုံခဲ့ရသည်။ မောင်မြဝင်း ဝမ်းသာသည်မှာ ပြောဖွယ်ရာမရှိသကဲ့သို့ နွေနှောင်းအနေဖြင့်လည်း မောင်မြဝင်းအပေါ် ရှက်ရွံ့ခြင်း၊ ကြည့်မရခြင်းများဖြင့် မတွေ့လိုပေ။ သို့သော် ဆုံဖြစ်အောင်ဆုံ၍၊ တွေ့ဖြစ်အောင် တွေ့ခဲ့ကြသည်။ ရေခပ်နေသော နွေနှောင်းအား မောင်မြဝင်းမှ –

"တဖြည်းဖြည်းနဲ့ ကိုယ်တို့လည်း အသက်တွေ ကြီးရင့်တော့မယ်။ ခုထိ နွေနှောင်းဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေမရသေးဘူးကွာ။ အခုလေ မျှော်လင့်ချက်မှုန်ဝါးဝါးနဲ့ ကိုယ်ဘွဲ့ယူဖို့ ပြင်ဆင်နေပါပြီ။ နောက်ပြီး လယ်ယာတွေကိုလည်း ဦးစီးလုပ်ကိုင်နေပါပြီ။ တရားဥပဒေနဲ့ လွတ်ကင်းပြီး သမာအာဇီဝကျတဲ့လုပ်ငန်းမှန်သမျှ ကိုယ်လုပ်နေပါပြီ။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ နွေနှောင်းကို ကိုယ်ချစ်လို့၊ နွေနှောင်းရဲ့အချစ်ကို ကိုယ်ပိုင်ဆိုင်ရချင်လို့ ကုန်ကုန်ပြောရရင် နွေနှောင်းရဲ့အချစ်ကို ကိုယ်အဆုံးရှုံးမခံနိုင်လို့။ နွေနှောင်း ကိုယ့်ကို နားလည်ပေးပါနော် ..."

နွေနှောင်းသည် ရေအိုးကို ခေါင်းပေါ်သို့ မတင်သေးဘဲ သူ၏ ယောကျ်ားပီသသော မျက်နှာအား စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး –

"လူဆိုတာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ၊ အရွယ်ရောက်လာရင် ကျောင်းတက်တာပဲဖြစ်စေ၊ အလုပ်လုပ်တာပဲဖြစ်စေ တစ်ခုခုလုပ်ရမှာပေါ့ရှင်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွလို့ ဆိုပေမဲ့ အလုပ်မှန်သမျှ ဂုဏ်မရှိနိုင်ပါဘူး။ ဥပမာ လူတွေခွင့်မလွှတ်တဲ့ အလုပ်မျိုးပေါ့။ ဒါတွေကိုဘေးဖယ်ပြီး ကောင်းမွန်တဲ့အလုပ်တွေကို လုပ်ရမှာ။ ဒါပေမဲ့ မိန်းမတစ်ယောက်ကို တန်းတန်းစွဲချစ်ပြီး အဲဒီမိန်းမ ကျေနပ်မှုရလောက်အောင် အလုပ်လုပ်တာမျိုးတော့ ဒါမဖြစ်သင့်ပြန်ဘူး။ ဥပမာ

www.burmeseclassic.com

အဲဒီမိန်းမက ကျွန်မဆိုပါတော့ရှင်။ ကျွန်မက ဓားပြတိုက်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှုလို့ အားပေးတိုက်တွန်းပြောလိုက်ရင်ရော ကျွန်မကိုချစ်တဲ့အချစ်နဲ့ လုပ်ပြဦးမှာလား။ ကိုယ်က ယောက်ျားပီသတယ်ဆိုရင် မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ် ဝေခွဲနိုင်ဖို့သာ အဓိကပါရှင်''

မောင်မြဝင်းသည် မမျှော်လင့်သော နွေနှောင်း၏စကားများကြောင့် ကြက်သေသေသွားရပြီး၊ ရှက်စိတ်များ မိုးမွှန်သွားတော့သည်။ သို့သာမက နွေနှောင်း၏ မှန်ကန်သောစကားတို့ကြောင့် နွေနှောင်းအား ချစ်သည်ထက် ပို၍ချစ်သွားရတော့သည်။

''ကိုယ်လေ နွေနှောင်းရဲ့စကားတွေကြောင့် ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်ရတဲ့အပြင် ကိုယ့်ကိုပြန်ချစ်ပါလို့တောင် မတောင်းဆိုဝံ့အောင် ဖြစ်သွားရတယ်ကွာ။ ဒါပေမဲ့ နွေနှောင်းကို ကိုယ်အထင်ကြီးလေးစားတဲ့အပြင် ပိုပြီးတောင် ချစ်သွားရပါပြီ နွေနှောင်းရယ်''

နွေနှောင်းသည် ရေအိုးကို ခေါင်းပေါ်၌ရွက်လိုက်ပြီး သက်ပြင်းချလျက် –

''ကျွန်မအထင်ကြီးလေးစားရတဲ့ လူတစ်ယောက်ကို ကျွန်မလက်ထပ်ဖို့ စဉ်းစားတယ်။ ဒါပေမဲ့ . . . ရှင်တော့ မဟုတ်သေးဘူး''

''ဩော် . . . နွေနှောင်းရယ်''

သို့ဖြင့် မြေပဲနုတ်ချိန်၊ အသီးခြွေချိန်ရောက်သည်ကြောင့် ကျယ်ပြန့်သော လယ်ကွင်းပြင်၌ မြေပဲနုတ်သူများ၊ မြေပဲသီးခြွေသည့် တဲကလေးများဖြင့် စည်စည်ကားကားရှိလာရသည်။ မောင်မြဝင်းသည်လည်း နားရသည်မရှိ၊ ကွင်းထဲ၌ပင် အချိန်ပြည့်ရှိနေရသည်။ မောင်မြဝင်းရှိသည့်နေရာတွင် သူ၏မြင်းညိုကြီး၏ မလှမ်းမကမ်း၌ ရှိနေမြဲပင်။

ထိုစဉ် မောင်မြဝင်း၏ ယောက်ဖဖြစ်သူ ကိုမျိုးတစ်ယောက် ပျာယီးပျာယာဖြင့်ရောက်လာ၍ တဲထဲ၌ရှိသော သောက်ရေအိုးကိုဖွင့်၍ ရေတစ်ခွက်ခပ်သောက်လိုက်ပြီး –

''မောင်မြဝင်း . . . မင်းရဲ့နွေနှောင်းတို့အိမ်မှာ ငါဟိုတစ်ခါပြောတဲ့ ဘယောင်ယောင် ညာယောင်ယောင်ဆိုတဲ့ကောင် ရောက်နေတယ်ကွ။ အဲဒီကောင်က နွေနှောင်းကိုလက်ထပ်ပြီး အပြီးခေါ်သွားမယ်လို့ ပြောနေတယ်ကွ။ ရွာက ကောင်မလေး လေးငါးယောက်ကိုလည်း ရွာမှာပင်ပန်းတယ်၊ စက်ရုံတွေမှာ လခကောင်းတယ် လိုက်ပြီးလုပ်ဖို့ ပြောနေတယ်ကွ။ သူပြောတာကတော့ အားကျစရာပဲ။ နွေနှောင်းသာပါသွားရင် ရွာက ကောင်မလေးတွေလည်း လိုက်သွားမှာ ကျိန်းသေနေတယ်ကွ။ မင်းသိအောင် ငါလာပြောတာ။ ဒီကိစ္စမင်းစဉ်းစားပေါ့ကွာ''

ကိုမျိုး၏စကားကြောင့် မောင်မြဝင်းမှာ အူနုကို ကျွဲခတ်လိုက်သည့်ပမာ ဖြစ်သွားရသည်ကြောင့် မောင်မြဝင်းမှာ မလှမ်းမကမ်းတွင်ရှိနေသော မြင်းညိုကြီး၏ကျောပေါ်သို့ ပြေး၍တက်လိုက်ပြီး ကုက္ကိုခွရွာဘက်သို့ ဦးတည်၍ မြင်းညိုကြီးအား အပြင်းနှင်လေတော့သည်။

ကုက္ကိုခွရွာထိပ်သို့ ရောက်သည့်အခါတွင် မြို့ပေါ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များအား တွေ့ရှိ၍ မြင်းကိုအရှိန်လျှော့၍ အသွားကျစီးလာခဲ့သည်။ မောင်မြဝင်းသည် ရဲအရာရှိဖြစ်သူအား စူးစိုက်ကြည့်မိသကဲ့သို့ ရဲအရာရှိဖြစ်သူမှလည်း မြင်းပေါ်မှ မောင်မြဝင်းအား ဂရုတစိုက်ကြည့်နေခဲ့သည်။ အတန်ကြာမှ မြင်းကိုရပ်လိုက်ပြီး မောင်မြဝင်းမှ –

''ခင်ဗျား . . . ခင်ဗျား . . ကျော်စိုးသော်လားလို့''

ရဲအရာရှိမှလည်း –

''ဟုတ်တယ် . . . ကျော်စိုးသော်ပဲ၊ ခင်ဗျားက မြဝင်း . . မြဝင်းမဟုတ်လား။ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ''

ပဲခူးတွင် ကျောင်းအတူတူတက်ခဲ့ကြလေသော သူငယ်ချင်းနှစ်ယောက် မမျှော်လင့်ဘဲ တွေ့ဆုံမှုကြောင့် အံ့သြဝမ်းသာ ဖြစ်သွားကြသည်။ အတန်ကြာသော် ဒုရဲအုပ်ကျော်စိုးသော်မှ –

''မြဝင်းရေ . . . နောက်များကျမှ မင်းနဲ့ငါ တွေ့ကြမယ်ကွာ။ ဖောလော ဆယ် အလုပ်ရှိသေးတယ်၊ ငါ့ကိုခွင့်လွှတ်ပါကွာ''

''ရပါတယ်။ ငါလည်း ကုက္ကိုခွရွာကို ကိုယ်ရေးကိုယ်တာကိစ္စရှိလို့ သွားမလို့ကွ''

ကျော်စိုးသော်မှ –

''ဒါနဲ့ ကုက္ကိုခွရွာက ဦးလူမော်ဆိုတာ ရှိလားကွ''

ကျော်စိုးသော်၏ မေးခွန်းကြောင့် မောင်မြဝင်းတစ်ယောက် တွေသွားရပြီး

''ရှိပါသော်ကောကွာ။ ငါ့ရည်းစားရဲ့ အဖေပဲဟာ''

ဒုရဲအုပ်ကျော်စိုးသော်မှ –

''သတင်းအရ ဦးလူမော်တို့အိမ်မှာ လူစိမ်းတစ်ယောက် ရောက်နေတယ်လို့ ကြားတယ်။ အဲဒီလူစိမ်းက ဖိုးတွမ်တီးတစ်ယောက်။ လူကုန်ကူးတယ်၊ မဟုတ်တာ အကုန်လုပ်တယ်။ သူ့ကို တို့ရဲစခန်းက အလိုရှိနေတာကွ''

မောင်မြဝင်းမှ –

''ဒီအတိုင်းဆို ဟုတ်လောက်တယ်ကွ။ ငါတို့ကြားထားတဲ့သတင်းနဲ့ ဆက်စပ်ပြီးကြည့်ရင် ကုက္ကိုခွရွာက မိန်းလေးတစ်ယောက်ကို အတည်ပေါက်ယူပြီး ကျန်တဲ့မိန်းကလေးတွေကိုလည်း တစ်ပါတည်းခေါ်သွားမယ်ဆိုတော့ . . . မင်း ငါနဲ့လိုက်ခဲ့ကွာ။ သူတို့အိမ်က ရွာလယ်မှာ''

ကျော်စိုးသော်အား မြင်းပေါ်သို့

www.burmeseclassic.com

မောင်မြဝင်းမှ ဆွဲတင်လိုက်ပြီး ရွာထဲသို့ မြင်းအား ကဆုန်စိုင်း၍ အသော့နှင်တော့သည်။ ကျန်သော တပ်ဖွဲ့ဝင်များမှာ ဆိုင်ကယ်များဖြင့် နောက်မှ လိုက်လာကြသည်။

"ဒီကောင်ကွာ ... ရိုးသားတဲ့ တောင်သူလယ်သမားတွေရဲ့ သားသမီးတွေကိုမှ လူကုန်ကူးဖို့ ကြံစည်ရက်တာ လူပေါ်လူညွှန့်ခူးစားတဲ့ မသမာသူတွေကိုတော့ မှတ်လောက်အောင် ပညာပေးသင့်တယ်လို့ ငါထင်တယ်ကွာ"

မောင်မြဝင်း၏ ပြောစကားအား ဒုရဲအုပ်ကျော်စိုးသော်မှ မည်သို့မျှမပြော။ ဆိတ်ဆိတ်နေလေသည်။ မကြာပါချေ။ မောင်မြဝင်းတို့၏မြင်းသည် နွေနှောင်းတို့ အိမ်ရှေ့သို့ ဆိုက်ရောက်သည်နှင့် ... မောင်မြဝင်းရော၊ ဒုရဲအုပ်ကျော်စိုးသော်ပါ မြင်းပေါ်မှ ကပျာကယာဆင်း၍ နွေနှောင်းတို့အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ အိမ်ရှေ့တန်းလျား၌ ထိုင်နေသော လူစိမ်းမှာ မျက်စိပျက်၊ မျက်နှာပျက်ဖြစ်သွားရပြီး အိမ်နောက်ဖေးသို့ ရှောင်ထွက်ရန် ကြိုးစားတော့သည်။

"ဟေ့လူ .. အဲဒီမှာခဏရပ်စမ်း"

ဒုရဲအုပ်ကျော်စိုးသော်၏ အမိန့်ကြောင့် လူစိမ်းမှာ ရှေ့မတိုးရဲတော့ဘဲ တန်းလျား၌ပင် ဟန်မပျက် ပြန်ထိုင်လိုက်သည်။ နွေနှောင်းသည် ထိတ်လန့်တုန်လှုပ်လျက်ရှိပြီး နွေနှောင်း၏မိဘများသည်လည်း နွေနှောင်းကဲ့သို့ပင် ထိတ်လန့်နေကြလေသည်။

နွေနှောင်း၏ ဖခင်မှ –

"ဘာကိစ္စများလဲကွယ်"

ကျော်စိုးသော်မှ –

"ကိစ္စအထွေအထူးမရှိပါဘူး ဦး။ ဒါပေမဲ့ သတင်းအရ ဦးတို့အိမ်ရောက်နေတဲ့ ဖိုးတွမ်တီး လူကြီး(ခေါ်)မောင်မောင်လို့ ခေါ်တဲ့ ဒီလူကို ဖမ်းဝရမ်းထုတ်ထားတဲ့အပြင် ဒီလူဟာ လူကုန်ကူးမှု၊ ဘိန်း၊ စိတ်ကြွဆေး အရောင်းအဝယ်လုပ်မှုနဲ့ ဖောက်ထွင်းမှုတွေကြောင့် သတင်းရရချင်း လာရောက်ပြီး ဖမ်းဆီးတာပါ။ ဖိုးတွမ်တီး လူကြီး(ခေါ်)မောင်မောင်ဟာ ဦးတို့ရွာက မိန်းကလေးတွေကို အလုပ်ဗန်းပြပြီး ရွာကခေါ်ထုတ်ဖို့ ကြိုးစားနေတာလည်း သိရှိပြီးပါပြီ"

ထိုစဉ်အခိုက် လူကြီး(ခေါ်)မောင်မောင်သည် ရုတ်တရက်ဆိုသလို အိမ်နောက်ဘက်သို့ ထွက်ပြေးရန် ကြိုးစားတော့သည်။ သို့သော် မောင်မောင်၏ အကြံအစည်ကား မအောင်မြင်ခဲ့ပါချေ။ ဖိုးတွမ်တီးလူကြီး(ခေါ်)မောင်မောင် ထွက်ပြေးရန် အားထုတ်စဉ် မျက်စိလျင်သော မောင်မြဝင်းမှ လျင်မြန်စွာနှင့်ပင် ထိုသူအား ဖမ်းချုပ်ထားနိုင်ခဲ့သည်။ ဤသို့ဖြင့် လက်မတင်လေး ကံကောင်းမှုများစွာဖြင့်၊ နွေနှောင်းတစ်ယောက် မိမိတို့၏အဖြစ်ကို ယူကျုံးမရ ရှက်စိတ်၊ ဝမ်းနည်းစိတ်များဖြင့် ကျိတ်၍ရှိုက်ငိုနေသကဲ့သို့ သူမ၏ မိဘများသည်လည်း ရင်ဘတ်ကို လက်ဖြင့်ဖိ၍ "ကံကြီးပေလို့ဟု" တဖွဖွပြော၍ မဆုံးနိုင်အောင်ပင်။ နွေနှောင်းတစ်ယောက် ပို၍ဝမ်းနည်း၊ ပို၍ရှက်ရသည်ကား မောင်မြဝင်းရှေ့၌ဖြစ်၍ ပို၍ဆိုးတော့သည်။

\+ + + + +

(၅)

အခုတော့ဖြင့် ကျွဲတဲရွာနှင့် ကုက္ကိုခွရွာတို့ ရွှေလမ်းငွေလမ်း ပွင့်ခဲ့ပြီဆိုသည်ကို မည်သူမျှ ပြောစရာမလိုတော့ပါပေ။ ကျွဲတဲရွာသား မောင်မြဝင်းနှင့် ကုက္ကိုခွရွာသူ နွေနှောင်းတို့၏ မင်္ဂလာလက်ထပ်ပွဲသည် မကြာမီသော ရက်အတွင်း ကျင်းပတော့မည်ဖြစ်သည်။ သတို့သားလောင်းမောင်မြဝင်းဘက်မှ လက်ဖွဲ့အဖြစ် လယ်ဆယ့်ငါးကေနှင့် နိုင်းနွားတစ်ရှဉ်း၊ လက်ဝတ်ရတနာများဖြစ်ကြပြီး၊ သတို့သမီးလောင်း နွေနှောင်းဘက်ကမူ ရွှေတစ်ဆင်စာနှင့် လယ်ငါးကေ ထည့်လိုက်မည်ဖြစ်သည်။

နွေနှောင်းတစ်ယောက် မောင်မြဝင်း၏ သရုပ်မှန်ကို သိရှိသဘောပေါက်သည်မို့ မောင်မြဝင်း၏အချစ်ကို လိုလိုလားလား လက်ခံတုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ မောင်မြဝင်းတစ်ယောက် ချစ်ရသော နွေနှောင်း၏ အချစ်ကို ပုံပုံခဲခဲ ရလိုက်သည်မို့ ဤလောကတွင် သူ့လောက်ပျော်တဲ့လူ မရှိနိုင်ဟု ရင်ကော့၍ ပြောနိုင်ခဲ့ပြီဖြစ်သည်။

ကျွဲတဲရွာမှ ကုက္ကိုခွရွာသို့ မောင်မြဝင်းသည် စီးတော်မြင်းဖြစ်သည့် မြင်းညိုကြီးအား အသားကျစီး၍ ပုံမှန်သွားနေပါ၏။ ယခုတစ်ခါတွင် မြင်းပေါ်၌ မောင်မြဝင်းတစ်ဦးတည်း မဟုတ်ပါလေတော့။ ချစ်ရသော နွေနှောင်းကား မြင်းပေါ်၌ မောင်မြဝင်း၏ ရင်ခွင်တွင်း၌ နွေးထွေးစွာဖြင့်။ နွေနှောင်း၏ တိုးညှင်းသောစကားသံလေးကြောင့် မောင်မြဝင်း ကျေနပ်အားရစွာ ပြုံးနေမိတော့သည်။

"ဟိုးတစ်ချိန်ကလေ ... သူ့ကို မမြင်ဖူးခင် နာမည်ကြားရကတည်းက စိတ်ကူးနဲ့ ချစ်ခဲ့ရတယ်ဆိုတာ သူသိခဲ့ရင် နွေနှောင်းကို အထင်သေးမလားဟင်"

တောင်ဘက်မှ အေးမြသော လေပြေကို ခုခံတွန်းလှန်တိုး‌ဝှေ့၍ မြင်းညိုကြီးသည် ချစ်သူနှစ်ဦးကို သယ်ဆောင်လျက်။

မောင်သာမန်(ဖီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူမှ ရတနာကုန်သည် အိန္ဒိယတွင် အဖမ်းခံရ



သူမ၏အမည်မှာ ဗီဟာရီရှိုသ်(၂၆ နှစ်)(ပုံ) ဖြစ်သည်။ သူမသည် စင်ကာပူနိုင်ငံမှ အောကတ်လမ်းရှိ ဗီဟာရီကျောက်မျက်ရတနာလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်သည်။

သူမသည် စင်ကာပူမှ အိန္ဒိယပြည် မန်ဘိုင်း(ဘုံဘေ) သို့ လေယာဉ်ဖြင့်သွားစဉ် သူမ၏ အတွင်းခံဘောင်းဘီထဲ၌ စိန်များ မြှုပ်ထားသော ရွှေရတနာများကို လျှို့ဝှက်သယ်သွားခြင်းကို အခွန်ဝန်ထမ်းများက သတင်းအရ ရှာဖွေတွေ့ရှိခဲ့သောကြောင့် သူမကို ဖမ်းဆီးအရေးယူလိုက်၏။ သူမက အာမခံဖြင့်နေခွင့်ရရန် လျှောက်ထားခြင်းကို မန်ဘိုင်းတရားရုံးက ပယ်ချလိုက်၏။

ဗီဟာရီရှိုသ်၏ခင်ပွန်းမှာ အိန္ဒိယပြည်တွင် ပိုးထည်စက်ရုံကို ရူပီးငွေ ၁၀ ဘီလီယံဖြင့် လည်ပတ်၍ ပိုးထည်အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်နေသော သူကြွယ်ကြီးတစ်ယောက်၏သား ဖြစ်သည်။ ရတနာကုန်သည် ဗီဟာရီရှိုသ်မှာလည်း ဘိုးဘွားလေးဆက်တိုင်တိုင် စိန်အရောင်းအဝယ်အလုပ်ကို လုပ်လာခဲ့သော စိန်ကုန်သည်မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်၏။

အိန္ဒိယပြည်ထဲသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ယူဆောင်လာခွင့်ရှိသော ရတနာများ၏တန်ဖိုးမှာ ရူပီး ၂၀,၀၀၀ သာဖြစ်ပြီး၊ ယခု ဗီဟာရီရှိုသ်ခိုးဝှက်သယ်ယူလာသော ရတနာများ၏တန်ဖိုးမှာ ရူပီး ၂၃.၅ သန်း ဖြစ်၏။

သူမသည် စင်ကာပူမှလာစဉ် မန်ဘိုင်းလေဆိပ်၌ သတင်းအရ ယခုကဲ့သို့ ဖမ်းဆီးခြင်းခံလိုက်ရ၏။

''ကျွန်တော်တို့ သတင်းအတိအကျရထားလို့သာ ယခုလို ဖမ်းမိတာပါ''ဟု အကောက်ခွန်ဌာန ထောက်လှမ်းရေးအရာရှိတစ်ယောက်က ပြောပြသည်။

အိန္ဒိယနိုင်ငံ၏ အကောက်ခွန်ဥပဒေအရ သူမတွင် အပြစ်ရှိသည်ဟု တရားသူကြီးက ဆုံးဖြတ်လျှင် သူမသည် အများဆုံး ထောင်ဒဏ် ၇-နှစ်အထိ ချမှတ်ခံရဖွယ်ရှိ၏။

ဗီဟာရီရှိုသ်၏ရှေ့နေက သူမတွင် အပြစ်မရှိပါ၊ သူမသည် ဒဏ်ကြေးငွေ ရူပီး ၈ သန်းပေးဆောင်မည်ဟု ပြောသော်လည်း အကောက်ခွန်ဝန်ထမ်းများက လက်မခံခြင်းဖြစ်သည်ဟု ပြော၏။ အစိုးရရှေ့နေကမူ ''သူမသည် သူမတွင်ပါလာသည့် ပစ္စည်းများစာရင်းကို အပြည့်အစုံတင်ပြရန် ပျက်ကွက်ခဲ့သည်''ဟု ပြောလိုက်သည်။

ရှိုသ်သည် သူမ၏အဘိုး ခွင့်ပြုချက်ဖြင့် ၂၀၀၆ တွင် စင်ကာပူ၌ ပထမဦးဆုံး ကျောက်မျက်ရတနာအရောင်းဆိုင်ကို ဖွင့်လှစ်ခဲ့၏။ နောက်နှစ်နှစ်အကြာတွင် သူမသည် မန်ဘိုင်း၌ ကျောက်မျက်ရတနာအရောင်းဆိုင် နှစ်ဆိုင်ကို တိုးချဲ့ဖွင့်လှစ်ရာ သူမ၏ဦးလေးက ထိုဆိုင်နှစ်ဆိုင်ကို ကြီးကြပ်၏။

ရှိုသ်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် စင်ကာပူတွင် အလွန်အောင်မြင်၏။ သူမသည် ဈေးချိုသော ရတနာများအပြင် အမေရိကန်ဒေါ်လာ ၁၅ သန်းအထိ တန်ဖိုးရှိသော ရတနာများကိုပါ ရောင်းချ၏။

အိန္ဒိယအကောက်ခွန်ထောက်လှမ်းရေးဌာနသည် အိန္ဒိယနှင့် စင်ကာပူ ကူးချည်သန်းချည် ပြုလုပ်လေ့ရှိသော ရှိုသ်၏ ခရီးစဉ်များ၌ အခွန်မဆောင်ဘဲ ရတနာများ မည်ရွေ့မည်မျှ သယ်ဆောင်လာသည် ဆိုသည့်ကိုပါ ဆက်လက်ထောက်လှမ်းနေ၏။ မန်ဘိုင်းရှိ သူမ၏ ရတနာဆိုင်ခွဲနှစ်ခုကိုလည်း အကောက်ခွန်ဌာနမှ တာဝန်ရှိသူတို့က ရှာဖွေပြီး ဆိုင်ကို ချိတ်ပိတ်ထားလိုက်သည်။

ဦးဦးသိန်း

*T.S.T-6.8.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂိုဒေါင် မလေးရှား စုန်းမကြီး

စနေနေ့ လခထုတ်တယ်။

ဒက်ဖြန် တနင်္ဂနွေပိတ်ရက်ဆို ... ဘာပြောကောင်းမလဲ။ ရင်ထဲမှာ စံပယ်တွေ ပွင့်ပြီး လသာနေတာပေါ့။

ရေမိုးချိုးပြီး သနပ်ခါးပါးကွက်ကျား။ ကွမ်းတပျစ်ပျစ်၊ ဟန်းဖုန်းတကိုင်ကိုင်နဲ့ပေါ့။ ကိုစိုးကြီးတို့ ရွှေတစ်သိုက် 'ယုန်ညီနောင်' စားသောက်ဆိုင်ကို မြိုင်ဆိုင်စွာ ချီတက်ခဲ့ကြတာပေါ့။ ညနေ ညနေစည်တယ်လေဆိုတာ အရောင်တောက်တော့မှာ သေချာတာပေါ့။

မလေးရှားမှာရှိတဲ့ 'ရွှေ'တွေ သူဌေး ဂိုက်တကာယ်ဖမ်းရင် အဲဒီမှာရှိတဲ့ သူဌေး စစ်စစ်တွေ လိုက်မမီတော့ဘူး။ မှိုင်ကုန်တော့တာ။ ဘဝအမှန်တွေကို အဟုတ်မေ့ ပစ်လိုက်ကြပြီး သောက်စမ်း။ စားစမ်း။ လက်ဖွာဖွာကြီးတွေနဲ့ပေါ့။

အမေ့ရဲ့ ယာခွက်ကြီးပေါင်ထားတာလည်းမေ့၊ ညီမလေးရဲ့ လယ်ကွက်လေးရောင်းစားတာလည်း သတိမရ။ ကဲချင်းတိုင်း ကဲပေါ့။ ခေတ်ကလည်း အလုပ်တွေ လှိုင်လှိုင်ပေါ်နေတဲ့ ခေတ်ကောင်းကိုး။ အိုတီ(Over Time) အမြဲတမ်းရှိနေတာဆိုတော့ လုပ်နိုင်ရင် လုပ်နိုင်သလောက် ပိုက်ဆံရနေတာလေ။

ဘီယာဘူးတွေ၊ အရက်ပုလင်းရောင်စုံတွေ၊ စီးကရက်တံဆိပ်ပေါင်းစုံတွေ၊ အမြည်းတွေ စားပွဲခုံတောင် မဆန့်တော့ဘူး။ လျှံထွက်နေတာ။ ထုံးစံအတိုင်းပေါ့။ ရီတီတီဖြစ်လာတာနဲ့ ကိုစိုးကြီးက သူ့မိန်းမရဲ့ ဓာတ်ပုံကို ထုတ်ပြတယ်။ အမှန်တော့ ကြွားတာပါ။ ရွာမှာကျန်ခဲ့တဲ့ မိန်းမက အသက်ကလည်း ငယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ကြီး
ဖားလျားချလို့။
ကြက်သေကောင်ကြီးကို
လည်ပင်းမှဆွဲထားသည်။
မြင်မြင်သမျှခွေးတွေခများ
မဟောင်ရဲ။
ကြောက်ရှာလွန်းလို့
တအီအီ လုပ်နေကြ၏။
အဲဒီလမ်းတစ်ကြောမှာ
တာဝန်ကျတဲ့ ရှိရှိသမျှ
နာနာဘာဝတွေလည်း
ဘယ်ရောက်ကုန်ပြီ
မသိ။

ရုပ်ကလေးကလည်း ခါတ်ပုံထဲမှာတောင် တော်တော်လေးကို ချောတာ။

"ဟာ ... ခင်ဗျားမိန်းမက သေးသေးလေး"

"ဘာသေးသေးလေးလဲကွ၊ မင်းဟာက"

"ငယ်ငယ်ချောချောလေးလို့ ပြောတာဗျ"

"ဟုတ်ပါ့ဗျာ။ ခင်ဗျားအခွက်ကြီးနဲ့တောင် မတန်ဘူး"

တီဗီမှာ မြူးမြူးကြွကြွ သီချင်းတစ်ပုဒ်ကို ဖွင့်ပေးထားသည်။ ဘီလိယက်ဝိုင်းမှ အားမလို အားမရ အော်သံ ဟစ်သံတွေကို ကြားရသည်။

ကိုစိုးကြီးက ဘီယာဘူးကို နွားငတ်ရေကျ ကောက်မော့သည်။ နှုတ်ခမ်းပါးနားတွင် ကပ်နေသော ဘီယာအမြှုပ်တွေကို တစ်ရှူးစဖြင့် သုတ်ရင်း ဘာရယ်မဟုတ် ဟန်းဖုန်းကို ကလိကာ –

"အဲဒီလို မပြောကြေး၊ မင်းတို့မပြောလည်း ငါ့မိန်းမ ... အဲ .. ငါ့ရဲ့ ပူတူတူးလေးက ချောပြီးသားကွ။ ချောလွန်းလို့လည်း စိုးကြီးက ဟောဒီ မလေးရှားမှာ ပိုက်ဆံလာရှာတာလေကွာ။ ဒါမှ ငါ့မယားလေး ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားနိုင်မှာလေကွာ ... အဟေး"

တစ်ယောက်တစ်ပေါက်။ စကားလုံးတွေက ဦးတည်ချက်မရှိ။ ရွာကိုရောက်လိုက်၊ မလေးရှားရောက်လိုက်နဲ့ ပြောင်းကို ဆန်နေတော့တာ။

ညလုံးပေါက်ဖွင့်ထားတဲ့ ဆိုင်ဆိုတော့လည်း တစ်ညလုံးလိုလို ဘာသာစကားမျိုးစုံနဲ့ မိုးလင်းသွားမှာ သေချာတယ်။ ရွှေတစ်ယောက်က ဟန်းဖုန်းမှ နာရီကိုကြည့်ကာ –

"ကိုကြီးစိုး"

"ဘာလဲကွာ"

စက်ရုံမှာရှိတဲ့ ကိုယ်ဆွေကိုယ့်မျိုးတွေက ကိုစိုးကြီးကို ချစ်စနိုးနဲ့ ကိုကြီးစိုးလို့ ခေါ်ကြတယ်။

"ပြန်မယ်လေဗျာ။ အငြိမ့်ခွေနဲ့လက်ဖွေ့ငှားထားတယ်။ ပြန်ကြည့်ရအောင်"

ကိုကြီးစိုးက ခပ်ထွေထွေမျက်နှာပေးနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ ဘီလိယက်ဝိုင်းကို စွေကြည့်တယ်။

နီပေါ၊ ဗီယက်နမ်၊ ဘင်္ဂလား၊ အင်ဒိုနီးရှား ငတိတွေ ဘီလိယက်ထိုးနေကြတာ။

ကိုကြီးစိုးတစ်ယောက်တည်း ကျိတ်ပြုံးကာ ကောင်တာဘက်လှည့်ပြီး လျှာလိပ်သံကြီးနဲ့ –

"ထိုင်းဆောင်း သုံးလုံး ထပ်ပေးဟေ့"

ထိုင်းဆောင်းအရက်ဆိုတာ လစ်ပိုပုလင်းအရွယ်လေးတွေ။ သောက်ကျင့်ရှိနေတဲ့ အရက်အိုးတွေဆိုရင် သုံးခါလောက်မော့ရင် ကုန်နေပြီ။

"ကိုကြီးစိုး ... ပြန်မလိုက်သေးဘူးပေါ့"

ထိုင်းဆောင်းပုလင်းလေးတွေကို ရင်မှာပိုက်ပြီး ကိုစိုးကြီးက ဘီလိယက်ခုံကို မျက်စပစ်ပြကာ –

"ညေး ... တို့ ပြန်နှင့်"

ညီလေးတို့ ပြန်နှင့်တဲ့။

"ဟိုက ချာတိတ်အချဉ်လေးတွေကို ဘီလိယက်ထိုးတတ်အောင် သင်ပေးလိုက်ဦးမှာ ... ဟား ... ဟား"

ကိုစိုးကြီးသည် သူ့စကားကိုသူ သဘောကျနေ၏။

"ညေးတို့ ပြန်နှင့်ကြကွာ။ မင်းတို့လည်း အိမ်ရောက်ရင် မအိပ်ကြသေးပါဘူး။ ငါပြန်လာရင် ခေါက်ဆွဲကြော် ရှယ်ကြော်ကျွေးမှာ။ ဝက်အူချောင်းပါမယ်၊ ကြက်ဥပါမယ်၊ ကြက်သားပါမယ်။ ဝက်သားပါမယ်ကွာ။ လိုရမည်ရ ရှောက်သီးတစ်လုံးတော့ ဝယ်သွားကြ။ ဒီက အချဉ်တွေက ချိုရဲရဲနဲ့ မကောင်းဘူးကွ"

ရွှေတစ်သိုက်သည် 'ယုန်ညီနောင်' စားသောက်ဆိုင်မှ ရှောက်သီးတစ်လုံးကို အလကားတောင်းကာ ဆိုင်အတွင်းမှ ပေကြောင်ဝေကြောင်ဖြင့် ထွက်သွားကြလေပြီ။

ဟိုစကားပုံလိုပေါ့။ 'ယုန်မပျခင် သံပရာရှာ' ဆိုသလိုပေါ့။

ကိုစိုးကြီးတစ်ယောက် ဘီလိယက်ဝိုင်းထဲ ရောက်နေပြီ။ နီပေါ၊ ယိုးဒယား၊ ဘင်္ဂလား၊ အင်ဒိုနီးရှား၊ ဗီယက်နမ် ... ဘယ်အချဉ်နဲ့ တွေ့မည်မသိ။



www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးကြီးက ပြောတတ်တယ်။ သူဟာ ဘီလီယက်လက်ရွေးစင်တစ်ယောက်တဲ့။ လမ်းလက်ရွေးစင်လား၊ ရပ်ကွက်လက်ရွေးစင်လား၊ မြို့နယ်လက်ရွေးစင်လား။ အဲဒါတော့ သေချာ မပြောဘူး။

အဲ ‥ သေချာတာကတော့ ကြိုက်တဲ့နည်းနဲ့ ဘီလီယက်ထိုး၊ ကိုစိုးကြီးနိုင်တာပါပဲ။ ရှုံးတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။

❋ ❋ ❋

ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်ရလွန်းလို့ အညောင်းထိုင်ကာ အမောတောင်ဖောက်နေပြီ။ သန်းခေါင်ထက်ညဉ့်နက်နေတဲ့ အကာလ ညသမယပေကိုး။

ဓာတ်တိုင်အောက်မှာ ဘွားခနဲတွေ့လိုက်၊ မှောင်ရိပ်အောက်ထဲဝင်သွားလိုက်။ ဒိုက်စိုက်စိုက်၊ ယိုင်တိုင်တိုင်နဲ့ ပုံရိပ်တစ်ခု။ လမ်းမကြီးပေါ်မှာ …

ဆံပင်ကြီးဖားလျားချလို့။ ကြက်သေကောင်ကြီးကို လည်ပင်းမှ ဆွဲထားသည်။ မြင်မြင်သမျှ ခွေးတွေခမျာ မဟောင်ရဲ၊ ကြောက်ရှာလွန်းလို့ တအီအီလုပ်နေကြ၏။ အဲဒီလမ်းတစ်ကြောမှာ တာဝန်ကျတဲ့ ရှိရှိသမျှ နာနာဘာဝတွေလည်း ဘယ်ရောက်ကုန်ပြီမသိ။ သူတို့ထက်ကြောက်စရာကောင်းတဲ့ နာနာဘာဝသဏ္ဍာန်ကြီးကို လတ်လတ်ဆတ်ဆတ် မြင်နေရလို့ သွေးပျက်ကုန်ကြပြီလားမသိ။

"မောင့်ဘဝ … ညဉ့်နက်ခဲ့ … ဘီ ‥ ယေ"

မခံ့လိုက်ပုံများ။ ဓာတ်တိုင်အောက်မှာ ဘွားခနဲထွက်လာတဲ့ ယိုင်တိုင်တိုင်ကြီးက မောင်းကွဲသံကြီးနဲ့ သီချင်းဆိုလိုက်သေး။ မောင့်ဘဝ မိုးချုပ်ခဲ့ပြီတဲ့။ မြန်မာသံကြီး။

ထင်သလို နာနာဘာဝကြီးမဟုတ်ရပါဘူး။ ကိုစိုးကြီးပါ။

ဘီလီယက်နိုင်လာရင် ပြန်လာနေကျစတိုင်။ စက်ရုံမှာရှိတဲ့ ဘော်ဒါတွေကို ခေါက်ဆွဲကြော်ကျွေးနေကျ။

အချိန်မတော်ပြန်လာတိုင်း လက်ထဲမှာ အမဲသား၊ ဝက်သား၊ ကြက်သား၊ အသားစိမ်း၊ ငါးစိမ်း ဆွဲလာနေကျ။

ဒီအချိန်မှာ ဘယ်ဈေးကဖွင့်လို့ ဝယ်လာတာလဲလို့ မေးစရာရှိပါတယ်။

ဟုတ်ကဲ့။ 'ယုန်ညီနောင်' စားသောက်ဆိုင်မှာ ရေခဲရိုက်ထားတဲ့ အသားတွေ ၂၄ နာရီအဆင်သင့်ရှိပါတယ်။ ဖုန်းဆက်ပြီး မှာရင်တောင် ညကြီးသန်းခေါင် ဘာပဲဖြစ်ဖြစ် စိတ်မဆိုးဘူး။ ဆိုင်ကယ်နဲ့ လာပို့တတ်ပါတယ်။

ကိုစိုးကြီးအတွက်တော့ ဓာတာအရမ်းကောင်းနေတယ်လို့ ပြောရင် ရပါတယ်၊ အဲဒီအရပ်မှာ ညဘက်တစ်ယောက်တည်း ဘယ်သူမှ အပြင်မထွက်ရဲကြဘူး။

လုယက်တဲ့သူကို ကြောက်ရတယ်၊ ရဲကားနဲ့တွေ့တာတောင် မပြောတတ်မဆိုတတ်ရင် အချုပ်ထဲ ညအိပ်ရမှာ သေချာတယ်။ ကိုစိုးကြီးအဖို့ ဒီအချိုးချိုးနေတာကြာပြီ။ သူခိုးနဲ့လည်း မတိုး၊ ရဲနဲ့လည်း မတိုး။ ဓာတာက ထန်းပင်ထိပ်ဖျားတက်ကပ်နေတာလို့ ပြောရင်ဖြစ်တယ်။

သားစိမ်းငါးစိမ်းကိုင်ပြီး ညကြီးအချိန်မတော် သွားရဲလာရဲတဲ့ ကိုစိုးကြီးရဲ့သတ္တိကို အားလုံးက လက်ဖျားခါကြတယ်။ ကိုစိုးကြီးအနေနဲ့လည်း သတ္တိရှိလို့တော့ မဟုတ်ပါဘူး။ မူးနေတာလေ။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့အသိက မရှိဘူး။

နောက်ပြီး သူ့ဘော်ဒါတွေကို ကျွေးချင်မေးချင်တဲ့ ဒါနမျိုးစေ့ကလည်း ရှိနေတော့ကာ။

စက်ရုံဂိတ်ဝ အလင်းရောင်အောက်မှာ ဆံပင်ဖျားလျား၊ ကြက်သေကြီးကိုလည်ပင်းကကိုင်ထားတဲ့ ယိုင်တိုင်ယိုင်တိုင် သဏ္ဍာန်ကြီးကြောင့် …

"အဘား … ဘား ‥ ကယ်တော်မူကြပါ"

အိပ်ငိုက်နေတဲ့ ဂိတ်စောင့်ကုလားကြီးခမျာ ရုတ်တရက်ဆိုတော့ သွေးပျက်သွားတာပေါ့။ အသံပြဲကြီးနဲ့ အာခေါင်ခြစ်အော်တယ်။ ပြီးတော့ မိုင်းခနဲ လဲကျသွားတယ်။

စက်ရုံထဲမှာရှိတဲ့လူတွေ အိပ်ပျော်နေရာက ဂိတ်ဝကို ပြေးထွက်လာကြတယ်။

တွေ့လိုက်ရတာက …

ကြက်သေကိုကိုင်ထားတဲ့ ဆံပင်ဖားလျားနဲ့ ကိုစိုးကြီး၊ နောက် အကြောက်လွန်ကာ လဲကျနေတဲ့ ဂိတ်စောင့်ကုလားအဘိုးကြီး။ အတန်ကြာတော့ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြတာပေါ့။ အကြောင်းစုံကို သိလိုက်ကြရတယ်၊ ရယ်လိုက်ကြတာ ခွက်ထိုးခွက်လန်။

အဲဒီညကစပြီး စက်ရုံမှာရှိတဲ့ ရွှေတွေက ကိုစိုးကြီးကို ဒီလိုခေါ်ကြတယ်။

'မလေးရှားစုန်းမကြီး' တဲ့။

❋ ❋ ❋

(Makan) မာကန်း၊ (Minum) မီနွန်း၊ (Mati) မာတီဆိုတဲ့ လူစားမှာ ကိုစိုးကြီးလည်း ပါတယ်လို့ ပြောရင်ရတယ်။

မာကန်း၊ မီနွန်း၊ မာတီဆိုတာ စားမယ်၊ သောက်မယ်၊ သေမယ်(အိပ်မယ်)လို့ ပြောတာလေ။ မလေးရှားလိုပေါ့။ ကိုစိုးကြီး မလေးရှားကိုရောက်တာ သုံးနှစ်ပြည့်တော့မယ်။ မလေးရှားစကားကို ထမင်းစား၊ ရေသောက်အဆင့်ထက်ကို ပိုမသိဘူး။ ဈေးသည်က ရိုတ်ထည့်လိုက်လို့ ခံလိုက်ရရင် ကိုစိုးကြီး၊ ကားသယ

www.burmeseclassic.com

က မတန်တဆဈေးနဲ့ ညှပ်ချလိုက်လို့ ခံလိုက်ရရင် သွားမမေးနဲ့ ကိုစိုးကြီး။

ခံရပါများတော့ ကိုစိုးကြီး နပ်လာတယ်။ ဈေးဝယ်ရင်၊ ကားစီးရင် မလေးရှားစကား တတ်တဲ့လူနဲ့ ကပ်လိုက်သွားတယ်၊ အဖော်ခေါ်သွားတယ်။ ခက်တာက အခြားလူတွေကလည်း သူ့အလုပ်နဲ့သူ၊ သူတို့အကြောင်းနဲ့သူတို့ဆိုတော့ ကိုစိုးကြီး တိုင်ပတ်တာပေါ့။

"ခင်ဗျားဗျာ ... မလေးရှားစကားဘာခက်တာမှတ်လို့၊ သင်ပါလား"

"ဟုတ်သားပဲ ကိုကြီးစိုးရဲ့။ ဟိုဘက်စက်ရုံက ချာတိတ်လေးဆို ရောက်တာ သုံးလမပြည့်သေးဘူး။ သူ့ဒွေးတူမကို ရည်းစားစကားပြောတာလေ။ အလုပ်တောင် ပြုတ်ကုန်ပြီ"

ခင်ရာမင်ရာ ကိုရွှေကိုမျိုးတွေက ဘီယာသောက်ရင်း၊ လက်ဖက်ရည်သောက်ရင်း အကြံဉာဏ်ပေးကြတယ်။ ကိုစိုးကြီးက ပခုံးရောက်လုနီး ဆံပင်တွေကို ဆတ်ခနဲခါကာ ...

"ဟေ့ကောင်တွေ၊ အလုပ်လုပ်ဖို့လာတာ။ စာလာသင်တာ မဟုတ်ဘူး"

တဲ့။ ပြတ်ကရော။ အဲသလို ဘုတောတောပစ်တာ၊ ဒါပေမဲ့ ကိုရွှေကိုမျိုးတွေက ကိုစိုးကြီးကို စိတ်မဆိုးကြဘူး၊ အပြစ်မမြင်ကြဘူး။ တတ်နိုင်သမျှ ဖေးမကူညီကြပါတယ်။ သူ့ခမျာ အသက်ကြီးမှ ဒိန်းမငယ်ငယ်လေးရပြီး မလေးရှားမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရရှာတာဆိုပြီး ဝိုင်းကြဝန်းကြနဲ့ပေါ့။

ပိုပြီးအဆင်ပြေတာက ကိုစိုးကြီးတာဝန်ကတဲ့ ဆိုဒ်ထဲမှာ သူ့ထက် စီနီယာကျတဲ့ ကိုရွှေကိုမျိုးတွေ ရှိနေတာလေ။ မလေးရှားစကားကို မွတ်ထွတ်လို့။

ကိုစိုးကြီးကလည်း သူ့အားနည်းချက်ကိုသိလို့ ပင်ပန်းတဲ့အလုပ်၊ ညစ်ပတ်တဲ့အလုပ်၊ အန္တရာယ်များတဲ့အလုပ်ဆိုရင် သူပဲ ဒိုင်ခံလုပ်တာများတယ်။ ဒါကြောင့် သူ့ဆိုဒ်ထဲမှာတော့ ကိုရွှေကိုမျိုးတွေမကဘူး၊ နိုင်ငံခြားသားတွေပါ ချစ်ကြတယ်။

ဒါကြောင့် မလေးရှား၊ မလေးရှားလို့ ခေတ်ကောင်းနေတဲ့ သမယကြီးမှာ ကိုစိုးကြီးတစ်ယောက် ရွာမှာကျန်ခဲ့တဲ့ မယားအချောအလှလေးအတွက် ပိုက်ဆံတွေ နင်းကန်ပို့ဖို့၊ အလုပ်တွေ နင်းကန်လုပ်နေတာ ဆန်းသလားနော့။

မယားချောလေးနဲ့ တစ်ပတ်တစ်ခါ ဖုန်းနဲ့ အလွမ်းသယ်နေလိုက်တာကြားနေ၊ မြင်နေရတဲ့သူတွေတောင် ကြာတော့ အမြင်ကတ်လာတယ်။

"ငါ့မိန်းမက ရုပ်တင်ချောတာမဟုတ်ဘူးကွ၊ အသံလေးကလည်း ချိုအီနေတာပဲကွ" ... တဲ့။

❋ ❋ ❋

ဆီရွှဲရွှဲဆမ်းထားတဲ့ လက်ဖက်သုပ်ပန်းကန်က အပြည့်အမောက်ကြီး။ ရေနွေးကြမ်းက ဒန်အိုးတစ်လုံး။ တီဗီတီးဂါး(၃)မှာ လာနေတဲ့ တိုက်တန်းနစ်ရုပ်ရှင်ဇာတ်ကားကို ကြည့်ရင်း အပျင်းပြေဖဲရိုက်နေကြတာ။

မိုးနှင်းကျသံ တဖြောက်ဖြောက်ကတံစက်မြိတ်မှ ကျနေတယ်။ မိုးလင်းခါနီးလေလေ အချမ်းဓာတ်က ပိုလာလေလေ၊ ဖွင့်ထားတဲ့ ပန်ကာတွေကို ပိတ်ပစ်လိုက်ကြတယ်။

ညက ညဉ့်ထက် ညဉ့်ကာ ၁ နာရီကျော်နေပြီ။

"ဒီည ခေါက်ဆွဲကြော် စားရဦးမှာပါ့မလားကွ"

ရွှေတစ်ယောက်က ဖဲထုပ်ကို ချိုးပေးရင်း ပြောသည်၊၊ ရင်းဂစ်ငါးမူးစေ့ကို ချရင်း ကျန်ရွှေတစ်ယောက်က –

"စုန်းမကြီး လာခါနီးပါပြီကွ။ ငါတို့ကိုတောင် ခေါက်ဆွဲကြော်ဝယ်နိုင်းထားလို့ဝယ်ပြီးပြီလေကွာ"

"ဟုတ်ပ။ မလောနဲ့ ငါ့ကောင်ရေ။ တစ်ရေးနိုးလို့ ကိုယ့်ဘာသာကိုယ် ကြော်လည်း စုန်းမကြီးလက်ရာကို မမီဘူးကွ။ ဒီတော့ စောင့်ပေါ့ကွာ"

စုန်းမကြီးဆိုတာ ဘီလီယက်ခုံမှာ အချဉ်ဖောက်ဖို့ ကျန်ခဲ့တဲ့ ကိုစိုးကြီးကိုပြောတာ။ အလုပ်ပိတ်ရက်တွေမှာ ခေါက်ဆွဲ၊ ကြာဆံ၊ ထမင်း ... တစ်ခုခု ကြော်ကျွေးနေကျ။ ခေါက်ဆွဲကဝယ်ပြီးပြီ၊ မီးဖိုမှာ အသင့်။

မင်းသားနဲ့ မင်းသမီး ရေခဲမြစ်ကြီးထဲမှာ တိုင်ပတ်နေကြတာ စိတ်မဝင်စား။ ဖဲဝိုင်းကို စိတ်မဝင်စား။ လက်ဖက်သုပ်ကို စိတ်မဝင်စားကြ။

သူတို့မျှော်နေတာကတော့ မလေးရှားစုန်းမကြီးရဲ့ ခြေသံတွေကိုပေါ့။ အဲဒီအချိန်မှာပဲ ...

"ဟ .. ဟ .. ဘာသံတွေလဲဟ"

မီးဖိုခန်းဘက်မှ အသံဗလံတွေ ကြားလိုက်ရသည်။

"ဟင် ... ဟာ"

"စုန်း ... စုန်းမကြီး"

"ဘယ် ... ဘယ်လိုဖြစ်တာလဲ"

တောင့်တောင့်ကြီးရပ်ကာ အသားတွေ ဆတ်ဆတ်တုန်နေသော မလေးရှားစုန်းမကြီး၏ ဆံပင်ဖားလျားကြီးကို ရှေ့ချထားကာ မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်လို့၊ လက်ထဲမှာတော့ ကြက်သေကြီးတစ်ကောင် လည်ပင်းကို ကိုင်ထားတာ။

အားလုံး အံ့အားသင့်ကာ ဝိုင်းကြည့်နေစဉ် စုန်းမကြီးက တဟီးဟီးနဲ့ အသံပေး၏။

"စုန်း ... စုန်း .. အဲ ... ကို ... ကိုကြီးစိုး .. တံတားထိ အဲ ... သတ်ထားလေ"

"ကို .. ကိုကြီး ... ညီလေးပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com

စုန်းမကြီးက ကြမ်းပြင်ကို ဖနောင့်ဖြင့် 'ဒုန်း'ခနဲပေါက်ကာ မလေးရှားအဘွားကြီးတစ်ယောက်၏ အသံဖြင့် . .

''ဘားလေ့ . . . ကမ်းပုန်း . . ဘားလေ့ . . . ကမ်းပုန်း . . . ကျုပတ်စကစ်လား''

အဲဒီစကားကို ထပ်ကာတလဲလဲ ပြောနေတာ။ အသံသြတောတောကြီးနဲ့။ အဓိပ္ပာယ်ကို အားလုံးသိကြတယ်။ ''ရွာကို မြန်မြန်ပြန်ပါလား''တဲ့။ ကြက်ကြီးက လေထဲမှာ ယမ်းတမ်းယမ်းတမ်းနဲ့။ တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေကြစဉ် ကိုကြီးစိုး၏ အသံ၊ အမူအရာတို့သည် ကြမ်းသထက် ကြမ်းလာ၏။

''ဘာလေ့ . . ကမ်းပုန်း . . ကျုပတ်စတစ် . . . လား''

ဆိုတာကို ထပ်ကာ ထပ်ကာ ပြောလို့၊ အသက်အကြီးဆုံးနဲ့ ရွှေတစ်ယောက်က အသိဝင်လာကာ . . .

''ဟေ့ကောင်တွေ၊ စုန်းမ ကိုကြီးစိုးကို ချုပ်ထားလိုက်ကွ''

ဟု ဆိုကာ အိပ်ခန်းဘက်ဆီသို့ ပြေးထွက်သွားသည်။ ကျန်လူများက ကိုစိုးကြီးကို မလှုပ်နိုင်အောင် ဝိုင်းချုပ်ထားကြသည်။

အသက်အကြီးဆုံးရွှေသည် ဘုရားကျောင်းဆောင်မှ သောက်တော်ရေကို လက်အုပ်ချီကာ ရှိသေစွာ ယူသည်။ ပြီးတော့ ဘုရားစာ ရွတ်သည်။ မီးဖိုချောင်ဆီသို့ ပြေးထွက်လာကာ –

''ကိုကြီးစိုး . . . သတိထား၊ သတိထား''

''ညီလေးတို့လေ . . .''

သောက်တော်ရေဖြင့် မျက်နှာကို ပက်သည်။ ပါးစပ်ကို အတင်းဖြဲကာ ရေတိုက်သည်။

ခဏအကြာ ''အင်း''ခနဲအော်ကာ စုန်းမကြီးသည် ပျော့ခွေကာ ငြိမ်ကျသွားသည်။ ပွဲချီကာ အိပ်ရာဆီသို့ ခေါ်သွားကြသည်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ။ ဘယ်သူမှ မပြောတတ်ကြ။

ထိုညက သူတို့ ခေါက်ဆွဲကြော်မစားလိုက်ရပါ။

❋ ❋ ❋

နောက်တစ်ပတ်ခန့် ကြာသောအခါ . . .

စက်ရုံစာရေးမလေး အီသာသည် ကိုစိုးကြီးအား စာတစ်စောင်လာပေး၏။ တစ်ယောက်မှ သတိမထားမိလိုက်ကြချေ။

နောက်နေ့များတွင် ကိုစိုးကြီး၏ အမူအရာသည် တော်တော်လေးကို ပြောင်းလဲသွား၏။ ပြောင်ဟယ်၊ နောက်ဟယ်နှင့် သီချင်းတကြော်ကြော် အော်ဆိုနေသော ကိုစိုးကြီးမဟုတ်တော့။ အမြဲတမ်းလိုလို ငူငူငိုင်ငိုင်နှင့် အလုပ်ထဲ စိတ်မပါတော့၊ မကြာခဏ မတော်တဆ ဖြစ်နေတတ်၏။ ထမင်းလည်း ပုံမှန်မစား။

ညဘက်လည်း မအိပ်တာများသည်။ အပေါင်းအသင်းတွေက မေးကြမြန်းကြသော်လည်း ဘာဆိုဘာမျှ မဖြေပါ။

မလေးရှားစကားတတ်တဲ့လူ တစ်ယောက်မှတစ်ဆင့် သူ့ရွှေကိုပြောခိုင်းသည်။ မြန်မာပြည်ပြန်ချင်တယ်တဲ့၊ ရုတ်တရက်ကြီး အိမ်ပြန်ချင်တယ် ဆိုပါတော့။

ကိုစိုးကြီး၏ အခြေအနေကို ရိပ်မိနေသော သူ့ရွှေက ခွင့်ပြုပါသည်၊ လေယာဉ်လက်မှတ်တောင် ဝယ်ပေးလိုက်သေး။ သဘောကောင်းလိုက်တဲ့ သူ့ရွှေ။

ကိုစိုးကြီး (ခေါ်) စုန်းမကြီးသည် ကျန်ရစ်ခဲ့သော ရွှေတစ်သိုက်အား ဖြေရှင်းရခက်သော၊ နားမလည်နိုင်သော ပုစ္ဆာတစ်ပုဒ်ကို ထားရစ်ခဲ့ကာ မြန်မာပြည်သို့ အမှန်တကယ် ပြန်သွားပါသည်။ ဘာ့ကြောင့်ပြန်ရတာကို လုံးဝမပြောသွား။

❋ ❋ ❋

တရုတ်နှစ်သစ်ကူးပြီးတာနဲ့ မလေးရှားမှာရှိတဲ့ စက်ရုံတွေ အလုပ်နားတယ်။ အလုပ်ပိတ်တယ်။ ခဏတစ်ဖြုတ် တစ်ရက်၊ နှစ်ရက် ပိတ်တာမဟုတ်ဘူး။ ခုနစ်ရက်တစ်ပတ်။ အချို့စက်ရုံတွေဆိုရင် ဆယ်ရက်လောက်ပိတ်တာ။

ပိတ်ရက်ဆိုတော့ စက်ရုံမှာ အလုပ်သမားတွေ မရှိတာများတယ်။ ဂန်းတင်းဟိုက်လန်း (နှင်းတောင်)ကို သွားလည်တဲ့လူ လည်ကြတယ်။ လန်ကာဝီကျွန်းကို သွားကြတယ်။ အချို့က (K.L) ကွာလာလမ်ပူကို သွားကြတယ်။ သူငယ်ချင်းတွေရှိရာ သွားတဲ့လူ သွားပေါ့။ အဲ . . . ပိုက်ဆံကုန်မှာစိုးတာရယ်၊ အပေါင်းအသင်းမရှိတဲ့လူတွေကတော့ စက်ရုံမှာပဲ ပျင်းအောင်နေကြပေါ့။

စက်ရုံမှာ အဖော်မဲ့ ရွှေနှစ်ယောက် ကျန်ရစ်ပါတယ်၊ အနီးအပါးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ ဘိလိယက်ထိုး၊ ဘောလုံးပွဲကြည့်နဲ့ ကြတော့ ပျင်းလာတယ်။

တစ်နေ့ခင်းမှာပေါ့ . . .။ စိတ်ကူးပေါက်တာနဲ့ အိမ်သန့်ရှင်းရေး လုပ်ကြပါတယ်။ မြန်မာပြည်ကို ပြန်သွားတဲ့ ကိုစိုးကြီး (ဒါမှမဟုတ်) စုန်းမကြီးရဲ့ အိပ်ရာအောက်က စာရွက်လေးတစ်ရွက် မမျှော်လင့်ဘဲ တွေ့လိုက်ရပါတယ်။ ကိုစိုးကြီး မေ့ကျန်ခဲ့တာလား။

ဖွင့်ဖတ်ကြည့်လိုက်တော့ . . .

''သားကြီးရေ . . နင့်မိန်းမ လင်နောက်လိုက်သွားပြီကွဲ့ . . . အမေ''တဲ့။

**လူရှိန်အောင်**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပြောင်းလဲသွားသော အကျိုးဆက်

မောင်မောင်စိန်လင်း (နတ်မောက်)

"ဒီမှာ . . . မခင်မှီ၊ မင်းက ကျော်လှိုင်ကို တွယ်တာနေတုန်းပဲလား။ မင်း စကားပြောရင် ကျော်လှိုင်မပါမပြီးဘူး။ အဲဒါ ဘာသဘောလဲ"

"ကိုဆန်းရယ် . . ခင်မှီက ကိုဆန်းမယားပါ။ ကိုကျော်လှိုင်က ကျပ်မပြည့်တဲ့ သူပါ။ ကိုယ့်အိမ်မှာနေသွားတဲ့သူမို့ သူ့နာမည်ထည့်ပြီး ပြောမိတာပါ။ ကိုဆန်း မကြိုက်ရင် ခင်မှီဆင်ခြင်ပါ့မယ်"

ကျော်လှိုင်ဆိုသူကား နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှ နတ်ကတော်ကြီး ဒေါ်ပန်း၏သား ဖြစ်သည်။ ဦးနှောက်ကျပ်မပြည့်သူ ဖြစ်သည်။ မြှောက်ပေးလျှင် ကွေးနေအောင်ကသည်ဆိုသော လူမျိုးဖြစ်သည်။ ရုပ်ရည်က အတော်အသင့် ပြည့်စုံ ပါသည်။ သန့်သန့်မာမာ ထွားထွားကျိုင်းကျိုင်း ယောက်ျားပီသသူတစ်ဦးဖြစ်သည်။ သူတို့မိသားစုတွင် ကျေးရွာမလေ့ထုံးတမ်းစဉ်လာအရ လုပ်ကိုင်စားသောက်ရန် ပဲစိုက် သော ယာမြေ၊ နှမ်းစိုက်သော လယ်မြေ ဘာမျှမရှိ။ လက်လုပ်လက်စားအဖြစ် သူတစ်ပါးခိုင်းတာကို လုပ်စားရသော ဆင်းရဲသားမိသားစု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်လှိုင်ကို ဟိုအိမ်ကခေါ်နိုင်း၊ ဒီအိမ်ကခေါ်နိုင်း၊ တောင်ယာအလုပ်ကို နိုင်းကြသည်။ လုပ်အားခအနေဖြင့် သူ့မိခင်ကြီးသို့ ဆန်၊ ဆီ၊ ဆား ပေးကြသည်။ ကျော်လှိုင်ကတော့ အလုပ်နိုင်းသည့်အိမ်မှာပင် စားရသည်။

ကျပ်မပြည့်သော ကျော်လှိုင်၏ဘဝမှာ ဝက်ချုပ်ရွာထဲရှိ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မိန်းကလေးများရှိသော အိမ်များမှ နိုင်းခြင်းကိုသာ ပျော်ပိုက်စွာ လုပ်လေ့ရှိသည်။ စွဲစွဲမြဲမြဲလုပ်လေ့ရှိသည်။

ရွာ၏အရှေ့တောင်ပိုင်းက မခင်မို့တို့အိမ်ဆိုလျှင် အတော်ကြာကြာလုပ်ခဲ့သည်။ မခင်မို့တို့အိမ်ကား ဖခင်ကြီးဦးမှိုမှအပ မိခင်ကြီးနှင့် သမီး(၄)ဦးတို့သာ နေထိုင်သောအိမ် ဖြစ်သည်။ တောင်ယာလုပ်ကွက်က အတော်များသည်။ နိုင်းနွားကြီး နှစ်ရှဉ်း(လေးကောင်)ဖြင့် တောင်ယာစိုက်ပျိုး ထွန်ယက်လုပ်ကိုင်ကြရသည်မို့ ယောကျ်ားသားရှိမှ ဖြစ်သည်။ သို့ကြောင့်လည်း ကျော်လှိုင်ကို လင်ပြော၊ သားပြော စကားလေးများနှောပြီး ချော့နိုင်း၊ မြှောက်နိုင်း၊ ပင့်နိုင်း၊ သာယာမှုလေးများဖြင့် နိုင်းလာခဲ့သည်။

ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မခင်မို့ကို ရာသက်ပန်အိမ်ထောင်ဘက်အဖြစ် နှစ်ဖက်လူကြီးများက သဘောတူထားသူကား အနောက်မြောက်ပိုင်းမှ ဝက်ချုပ်ရွာ၏ မျက်နှာဖုံးတောသူဌေးကြီး ဦးသာခေါင်၏သား ဆန်းဦးဖြစ်သည်။

ကျော်လှိုင်သည် ကျပ်မပြည့်သူဖြစ်သော်လည်း သူသည် ဖိုသတ္တဝါပုရိသဖြစ်သောကြောင့် မခင်မို့ မသတ္တဝါ ဣတ္ထိယနှင့် ထိတွေ့ပတ်သက်သွားမှာကို ဆန်းဦး စိုးရိမ်ကြောင့်ကြများလာသည်။ ထို့ကြောင့် ကျော်လှိုင်အား ဝိုင်းလုပ်ဝိုင်းစား အဖြစ်မှ ထုတ်ပယ်လိုက်ကြသည်။

ကျော်လှိုင်အတွက်တော့ အလုပ်မရှားပါ။ တောင်ယာအလုပ်ကျွမ်းကျင်ခြင်း၊ သန်မာထွားကျိုင်းခြင်း၊ ကျပ်မပြည့်သောဝေဒနာကြောင့် ဖို+မစိတ်မရှိခြင်းတို့ကြောင့် သူ့ကိုအလုပ်ပေးရန်၊ အလုပ်နိုင်းရန် စောင့်မျှော်နေသူများ ရှိပါသည်။

▸▸▸▸▸

(၂)

ရေဇတ်တုန်းရေတွင်းထဲကျ ဆိုသကဲ့သို့ ပြောရမည်လား၊ ကေန်းသေငစွေပေါ် ဆိုသကဲ့သို့ ပြောရမည်လား မသိ။ ဝက်ချုပ်ရွာကြီး၏ အရှေ့မြောက်ပိုင်းမှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မအေးချိုက ကျော်လှိုင်ကို မိန်းမမာယာသဲကိုးဖြာဖြင့် သူတို့အိမ်သို့လာနေပြီး အလုပ်လုပ်ရန် ခေါ်သည်။

"ကိုကျော်လှိုင်ရယ် .. မခင်မို့က မုန်းလိုက်ပေမဲ့ ဝမ်းမနည်းပါနဲ့၊ အေးချိုတစ်ယောက်လုံးရှိပါတယ်။ ကျွန်မတို့အိမ်လာပြီးနေပါ။ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးလုပ်ပါ။ အမေပန်းနဲ့ ကိုကျော်လှိုင်ရဲ့ညီမလေး အေးဆုကိုလည်း အေးချိုတာဝန်ယူပါတယ်"

"အေးချို .. နင်ပြောတာ ငါလက်ခံတယ်၊ နင်ပြောတဲ့အတိုင်း ငါလုပ်မယ်"

ကျော်လှိုင်သည် မိန်းကလေးများအကြောင်း၊ အထူးသဖြင့် မိန်းမချောလေးများအကြောင်း မြှူဆွယ်ပေးစားပြီးပြောတာကို အလွန်သဘောကျပြီး စိတ်ကျေနပ်သူ စိတ်ဝေဒနာသည်အဖြစ် သတ်မှတ်နိုင်သော ကျပ်မပြည့်သူဖြစ်သည်။ သူ၏ထူးခြားချက်မှာ တောင်ယာလုပ်ငန်းခွင်အတွင်း လူသူမမြင်ရာ ကျည်ကွယ်မျက်ကွယ်ကောင်းသည့် နေရာမျိုးတွင် မိန်းကလေးဖြင့် အတူတူအလုပ်လုပ်နေရသော်လည်း ဖို+မ ဖောက်ပြန်မှု လုံးဝ(လုံးဝ)မရှိခဲ့သူတစ်ဦး ဖြစ်သည်။ သို့ကြောင့်လည်း မိန်းကလေးမိဘများက ကျော်လှိုင်နှင့် စိတ်ချသည်။ သို့သော် ကျော်လှိုင်သည် မိန်းမလျှာအခြောက်လည်းမဟုတ်ပေ။

**ကျော် လှိုင်သည်
တစ်နှစ်လျှင် ပျမ်းမျှ
ဆိတ်ကောင်ရေ ၃၀၀ ခန့်
ပိုင်ဆိုင်သည်။ ကျော်လှိုင်ပိုင်
ဆိတ် ၃၀၀ မှလည်း
နှစ်စဉ်တိုးပွားလျက်ရှိသည်။
အဖော်အလုပ်သမားတစ်ဦး
ငှားပြီး မြင်းကိုယ်စီဖြင့်
ဆိတ်ကျောင်းနေသည်မှာ
ကောင်းဘွိုင်မင်းသားလေး
အောက်မေ့နေရပြီ။**

▸▸▸▸▸

(၃)

ဤနေ့သည်ကား ဝက်ချုပ်ရွာကြီးမှ ဘုန်းတော်ကြီးကျောင်း (၄)ကျောင်းအနက်မှ အလည်ကျ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို ရွာဘုံကထိန်ခင်းသောနေ့ ဖြစ်သည်။ ရွာဘုံကထိန်ပွဲဖြစ်သောကြောင့် ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် အလုပ်လုပ်စီးပွားဖြစ်နေသူများပါ လာရောက်လှူဒါန်းသော ဘုံကထိန်ဖြစ်၍ အတော်စည်ကားနေသည်။ မာဂရက်ဝက်ချုပ်သူ၊ ပလေးဘွိုင်းဝက်ချုပ်သားတို့လည်း အပြိုင်အဆိုင် အလှချင်းပြိုင်နေကြသည်၊ စကတ်တို၊ စကတ်



www.burmeseclassic.com

www.burmeseclassic.com

ရှည်၊ လယ်ဟိုက်ဂျာစီတို့ဖြင့် ရန်ကုန်၊ မန္တလေးရောက် ဝက်ချုပ်သူများကား ဝက်ချုပ်သူဟု မည်သူမျှမထင်မှတ်တော့။ ဟော့ရှော့ ...။ မြို့ကြီးသူများလား၊ ကိုရီးယားမင်းသမီးများလား ထင်ရမလောက်။

ရန်ကုန်၊ မန္တလေးရောက် ဝက်ချုပ်သား ဘောစေ့ငယ်လေးများက ကျပ်မပြည့်သော ပြားကိုးဆယ်ကျော်လှိုင်ကို အင်္ကျီ၊ ပုဆိုး၊ ဂျင်းဘောင်းဘီ၊ အတို–အရှည် လက်ဆောင်ပေးကြသည်။ ထန်းရည်အရက်မသောက်တတ်သော ကိုကျော်လှိုင်ကို ရှပ်ချောစေသောအရက်၊ မိန်းကလေးများကျစေသောအရက်ဟု ပြောဆိုပြီး ရွှေပတ်ဂရင်းဝီစကီကို တိုက်ကြသည်။ ဤအရက်ဝိုင်းတွင် ဆန်းဦး၊ ကုလား၊ အောင်နိုင်တို့လည်း ပါဝင်ကြသည်။ ပျော်ပျော်ပါးပါး စားကြသောက်ကြသည်။ အချိန်ကြာသော် မူးယစ်ထွေပြားလာကြပြီ ဖြစ်သည်။

"ကိုကျော်လှိုင် ... မခင်မိုနဲ့ ကျွန်တော်ယူလိုက်တော့ ခင်ဗျားမှာ ဘာခံစားချက်ရှိလဲ"

"ဘာမှ မရှိပါဘူး ကိုဆန်းဦး"

"ခင်ဗျား မခင်မိုကို စွဲလမ်းခဲ့သလား"

"သံယောဇဉ်ရှိပါတယ်"

"မခင်မိုနဲ့ မအေးချို ဘယ်သူ့ကို ပိုပြီးခင်မင်သလဲ"

"မခင်မိုကို ပိုပြီးခင်ပါတယ်"

"ဘာကြောင့်လဲဗျာ"

"လှလို့ပါ ကိုဆန်းဦး"

"မခင်မိုနဲ့ ကျွန်တော် လင်မယားကွဲလိုက်၊ ကွာလိုက်ပြီဆိုရင် ခင်ဗျား မခင်မိုကို ယူမလား"

"သူက ကျွန်တော့်ကိုကြိုက်ရင် ကျွန်တော်ယူပါတယ်"

အရက်မူးတော့ ကျွဲခိုးပေါ်ဆိုသကဲ့သို့ ဖြစ်သည်။ ကျပ်မပြည့်သော ပြားကိုးဆယ် ကိုကျော်လှိုင်သည် မခင်မိုကို အစွဲအလမ်းရှိသည်၊ မြတ်နိုးသည်၊ တွယ်တာသည်ဆိုသော အချက်ကို အရက်ဝိုင်းတွင် အပိုင်သိကြသည်။

မခင်မိုစကားပြောရာတွင် ကျော်လှိုင်၏နာ ...ည် ပါဝင်ထည့်သွင်းပြောတာကို မကျေ...ပ်ခဲ့သော ဆန်းဦးတွင် ရှုးသွပ်သောအငွေ့အခိုးတွေ များလာသည်။ ဆန်းဦး၏ယောက်ဖ မခင်မို၏အစ်ကိုများဖြစ်ကြသော ကုလား၊ ရန်နိုင်တို့ကလည်း သူဌေးသားဆန်းဦးကို မျက်နှာလုပ်ပြီး အရှုးကတစ်မူးသာဖြစ်နေတာကို ကတုန်းကတိုက်၊ မြှောက်ထိုးပင့်ကော် ပြောဆိုကြသည်။ ဆန်းဦးကလည်း ကျော်လှိုင်က အရင်လူ၊ ငါကနောက်လူ ဖြစ်နေပါလားဆိုသည့် သေးငယ်သိမ်ဖျင်းသော အရက်တွေး တွေးနေသည်။

"ကဲ ... ရောင်းရင်းတို့ ငါတို့သွားကြမယ်။ ဘုန်းကြီးကျောင်းရောက်မှ ဆုံကြတာပေါ့"

ဆန်းဦး၊ ကုလား၊ အောင်နိုင်တို့ အရက်ဝိုင်းမှ ထွက်သွားကြသည်။

"ဒီမှာ ကုလား၊ ဒီအရူးဟာ အေးချိုနဲ့လည်းမတန်ဘူး။ ငါတို့ဝက်ချုပ်ရွာက ဘယ်မိန်းကလေးနဲ့မှလည်း မတန်ဘူး။ ဒါပေမဲ့ အရူးက တစ်မူးသာ ဖြစ်နေတယ်၊ ဘာလုပ်ကြမလဲ"

"လွယ်ပါတယ်ကွာ။ ဒီကောင်ရဲ့ ရုပ်ကို ဖျက်ဆီးလိုက်တာပေါ့။ ငါပစ္စည်းသွားယူမယ်။ မင်းတို့ ဒီမှာစောင့်နေ"

ဆန်းဦးသည် အိမ်သို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ပြန်သွားသည်။ ခဏအကြာတွင် ပြန်ရောက်လာသည်။

"ငါ့မှာ ပစ္စည်းပါတယ် အောင်နိုင်။ ကျော်လှိုင့်ကို ဘုန်းကြီးကျောင်းသွားမယ် ပြောပြီး ခေါ်လာခဲ့။ ငါတို့ ဒီနေရာက စောင့်နေမယ်"

"ဗျို့ ... ကိုကျော်လှိုင်၊ ဘုန်းကြီးကျောင်းသွားကြမယ်။ ကြက်သွန်လှီးဖို့ ဥက္ကဋ္ဌဦးကြာညွန့် ခေါ်ခိုင်းတယ်။ လာပါဗျာ၊ သိပ်များသွားရင် ကြက်သွန်မလှီးနိုင်ဖြစ်နေမယ်"

ပြောပြောဆိုဆို အောင်နိုင်သည် ကျော်လှိုင်ကို ခေါ်သွားသည်။ ကထိန်အလုပ်ကိစ္စဖြစ်၍ ကျော်လှိုင်လိုက်လာသည်။ သူ့တာဝန်ကား ကြက်သွန်လှီးရန် ဖြစ်သည်။

"ဟာ ... ဆန်းဦးတို့ပါလား ..။ ကျောင်းသွားကြမယ်လေ"

ကျော်လှိုင်သည် ဆန်းဦးတို့ကို နှုတ်ဆက်လိုက်သေးသည်။ သို့သော် ကုလား၊ အောင်နိုင်တို့က ကျော်လှိုင်၏ လက်နှစ်ဖက်ကို ခါးမှသိုင်းပြီး ဖက်လိုက်ကြသည်။ ကျော်လှိုင်လန့်ပြီး ရုန်းထွက်လိုက်သည်။ ဆန်းဦးက အသင့်ယူထားသော အက်ဆစ်ဖြင့် ကျော်လှိုင်၏ မျက်နှာ၊ ရင်ဘတ်တို့ကို ပက်လိုက်သည်။

"အား ... ပူတယ်၊ ပူတယ်၊ စပ်တယ်၊ စပ်တယ် ... လုပ်ကြပါဦး၊ လာကြပါဦးဗျို့ ..."

ဆန်းဦး၊ ကုလား၊ အောင်နိုင်နှင့် အမည်မသိတစ်ဦးတို့ ထွက်ပြေးကြသည်။ ရွာမှလူအများ ဝိုင်းလာကြသည်။ ဥက္ကဋ္ဌဦးကြာညွန့်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ရောက်ရှိလာကြသည်။

ကျော်လှိုင်ကို ရဲစခန်းခေါ်သွားသည်။ စစ်ဆေးနေစဉ်မှာပင် အက်ဆစ်လောင်သောကြောင့် ပါးစပ်ပိတ်သွားသည်။ ပြောမရတော့။ မျက်လုံး၊ နားတို့မှ သွေးများထွက်လာသည်။ ထို့ကြောင့် ရဲစခန်းမှ ဆေးရုံသို့ပို့လိုက်သည်။ မြို့နယ်ဆေးရုံမှတစ်ဆင့် တိုင်းဆေးရုံကြီး၊ ထိုမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးတွင် ကျော်လှိုင်ကို ဆေးကုသပေးခဲ့ကြသည်။

▶▶▶▶▶



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျော်လှိုင်၏မျက်စိတစ်လုံး ကန်းသွားသည်။ နားတစ်ဖက် ပြတ်ကျပျက်စီးသွားသည်။ နားပင်းသွားသည်။ မျက်နှာတစ်ခုလုံး အက်ဆစ်လောင်သွားသည့် အမာရွတ်များ ဖြစ်သွားသည်။ ရင်ဘတ်တစ်ခုလုံး အမာရွတ်တွေဖြစ်ကုန်သည်။ ပေါင်တစ်ဖက် အမာရွတ်တွေသာ ကျန်တော့သည်။ တစ်လအကြာ ဆေးရုံမှ ဆင်းခဲ့သည်။

အမှုကိစ္စဆောင်ရွက်ထားမှု အခြေအနေကို ရဲစခန်းသို့ သွားရောက်စုံစမ်းသည်။ ထွက်ပြေးတိမ်းရှောင်သွားသော တရားခံ ဆန်းဦးကို တရားခံပြေးမှုဖွင့်ထားသည်။ ကုလား၊ အောင်နိုင်နှင့် အမည်မသိတစ်ဦးတို့ ကို သက်သေအဖြစ် သတ်မှတ်အမှုတည်ဆောက်ထားကြောင်း သိရှိရသည်။

ထူးခြားဖြစ်စဉ်မှာ ကျော်လှိုင်သည် အရုပ်ဆိုးအကျည်းတန်သော သရဲလေး အောင်စိန် ဖြစ်သွားသော်လည်း ကျပ်မပြည့်သူ မဟုတ်တော့ပါ။ ပြားကိုးဆယ်လူသား မဟုတ်တော့ပါ။ ဦးနှောက်အတွေးအခေါ် ထက်မြက်သူ ဖြစ်လာသည်။ ပုရိသယောကျ်ားကိုယ် ကျားအင်္ဂါများ ရှင်သန်နိုးကြား ထက်မြက်လာသူအဖြစ် ပြောင်းလဲသွားသည်။

တစ်ဖက်မှ ဆန်းဦး၏မိတ်များဘက်သို့လည်း မိမိအနေဖြင့် မည်သည့်အာဃာတမျှမရှိကြောင်း၊ ဝဋ်ရှိလို့ ခံရတယ်လို့သာ မှတ်ယူပါကြောင်း သွားရောက်တင်ပြသည်။ မိမိ၏ဘဝ ပြောင်းလဲသွားသည့် အခြေအနေများကိုလည်း တင်ပြသည်။

ဦးသာခေါင်တို့တက်မှ မောင်ကျော်လှိုင်ဘက်မှ အမှုကို ဆက်လက်ဆောင်ရွက်လိုမှုမရှိတော့ကြောင်း ရဲစခန်းသို့ ကျော်လှိုင်ကိုခေါ်ယူပြီး တင်ပြစေသည်။ သို့ရာတွင် ရာဇဝတ်ဘေး ပြေးမလွတ်နိုင်

သကဲ့သို့ မိမိတို့ ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေအရသာ ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း ရှင်းပြခဲ့လေသည်။

အရုပ်ဆိုးအကျည်းတန်၊ အင်္ဂါမစုံတော့သူ ကျော်လှိုင်ကား ဥပဒေဘောင်အတွင်း အေးချမ်းစွာ၊ လွတ်လပ်စွာ မိသားစုဖြင့် နေခွင့်ရရှိနေလျက်ရှိသည်။ တရားခံပြေး၊ ဝရမ်းပြေး ဆန်းဦးမှာမူကား သူအလွန်ချစ်ရသော ဇနီးမခင်မှီ၊ သားလေး ဖိုးထောင်တို့နှင့် သားတကွဲ မယားတကွဲ အနှစ်နှစ်အလလ နေရလျက်ရှိသည်။ ဤဝဋ်ဒုက္ခ မည်မျှခံစားရမည်ကို မခန့်မှန်းနိုင်သေးချေ။

▶▶▶▶▶

(၅)

ရန်ကုန်ရောက် ဝက်ချုပ်သားဘောစေ့တစ်ဦးရှိသည်။ သူကား အလွန်လျှို့ဝှက်သူဖြစ်၍ သူ့အကြောင်းမရေးရန် တားမြစ်ထားသည်။ ထို့ကြောင့် သူ့အမည်တွင် ဝက်ချုပ်ဘောစေ့ဟုသာ သုံးနှုန်းသွားပါမည်။ သူကား ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းထံမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကွက်လျှောက်ထားသည်။ ရှေးအခါက အပင်ကြီး၊ အပင်ငယ်တို့ဖြင့် စိမ်းလန်းခဲ့သော ဝက်ချုပ်ရွာမှ (၃)မိုင်ခန့်ဝေးသည့် ၇ ပါးတောင်မှာ ယခုအခါ အပင်ကြီး၊ အပင်ငယ်များ မရှိတော့ပါ။ လူ၊ နွား၊ ဆိတ် သတ္တဝါများ သွားလာနေသည်ကိုပင် အဝေးမှ မြင်ရပါသည်။ ဤ ၇ ပါးတောင်ကြီးတွင် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ကွက် ရရှိထားသည်။

ဝက်ချုပ်ဘောစေ့သည် ကြီးမြန်အပင်ကြီး၊ အပင်ငယ်များ စိုက်ပျိုးအောင်မြင်နေသည်။ ဆိတ်ကောင်ရေ ၁၀၀၀ မွေးမြူထားသည်။ ဆိတ်စာအဖြစ် ကြီးမြန်အပင်များ၊ ဆေးဘက်ဝင်ဆိတ်အစာပ - အဓိက စိုက်ပျိုးသည်။ ဆိတ်မွေးမြူရေးလုပ်ငန်းတွင် ကျော်လှိုင်ကို တာဝန်ပေးခန့်ထားသည်။ ဆိတ်မတစ်ကောင်သည် တစ်နှစ်လျှင် (၃)ကြိမ် သားမွေးသည်။ ဆိတ်မတစ်ကောင်မှ တစ်နှစ်လျှင် ဆိတ်တစ်ကောင်နှုန်း လုပ်ခခံစားခွင့် ကျော်လှိုင်ကို ပေးသည်။

ထို့ကြောင့် ကျော်လှိုင်သည် တစ်နှစ်လျှင် ပျမ်းမျှ ဆိတ်ကောင်ရေ ၃၀၀ ခန့် ပိုင်ဆိုင်သည်။ ကျော်လှိုင်ပိုင် ဆိတ် ၃၀၀ မှလည်း နှစ်စဉ်တိုးပွားလျက်ရှိသည်။ အဖော်အလုပ်သမားတစ်ဦးငှားပြီး မြင်းကိုယ်စီဖြင့် ဆိတ်ကျောင်းနေသည့်မှာ ကောင်းဘွိုင်မင်းသားလေး အောက်မေ့နေရပြီ။

သည့်အတွက် ကျပ်မပြည့်သော ကျော်လှိုင်မဟုတ်တော့ပါ။ ဆိတ်ကျော်လှိုင် ဖြစ်နေချေပြီ။ သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်မှ မကောင်းမှုဝဋ်ကို ခံစားခဲ့ရပြီးနောက် ယခုကောင်းမှုကုသိုလ်များ၏ အကျိုးဆက်၊ ပဋ္ဌာန်းဆက်ကို ကျော်လှိုင်ခံစားနေရခြင်းဖြစ်သည်ဟု သူ့ဆရာ မြောက်ကျောင်းဘုန်းကြီး ဦးဇာဂရ(မွေစရိယ)ကလည်း သံဝေဂတရားရကြစေရန် ရွာသားများသို့ ပုံပြဟောကြားခဲ့လေသည်။


ကံဇာတာ တစ်ဖြစ်လဲ ပြောင်းလဲလာခဲ့သော မောင်ရုပ်ဆိုး၊ အကျည်းတန် မောင်ကျော်လှိုင်ကို ဝက်ချုပ်ရွာ၏ အရှေ့မြောက်ပိုင်းမှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မအေးချိုက "ကိုကျော်လှိုင် အရုပ်ဆိုးတာကြောင့်" ဆိုပြီး ထိမ်းမြားလက်ထပ်ယူလိုက်ကြသည်ခင်ဗျား။

**မောင်မောင်စိန်လင်း**
**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



# မှန်းချက်

ပိုက်မင်းဖေ

နေလောင်ထားသဖြင့် အသားအရေမှာ နီစပ်စပ်ဖြစ်နေသော ရေလုပ်သားတစ်ဦးသည် မြို့လယ်ကောင်ရှိ စာအုပ်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွား၏။ စာအုပ်ဆိုင်ရှင်သည် နိုင်ငံခြားသား မှတ်သဖြင့် အင်္ဂလိပ်လို အသင့်အတင့် ပြောတတ်သော အရောင်းစာရေးလေးအား လွှတ်၍ မေးခိုင်းလိုက်၏။ အရောင်းစာရေးမှာ ...

“ဘာစာအုပ်များ အလိုရှိပါသလဲ ခင်ဗျာ”

ဟု ရိုကျိုးစွာ မေးလိုက်၏။ ရေလုပ်သားမှာ ကြောင်တောင်တောင်နှင့် ကြည့်နေသဖြင့် မေးလိုက်သော အင်္ဂလိပ်စကားမှာ မှားသွားလေသလားဟု ထင်မှတ်ကာ သတိထားပြီး နောက်တစ်ခွန်း ထပ်ပြောလိုက်သည်။

ရေလုပ်သား ပြန်ပြောလိုက်သော ဗမာစကား ပီပီသသကြောင့် အရောင်းစာရေးနှင့် ဆိုင်ရှင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

“ဘာတွေပြောနေတာလဲ။ အင်္ဂလိပ်စကားပြောစာအုပ် ရှိသလား”တဲ့။

ပိုက်မင်းဖေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်တို့ မြင်သာရွာကလေးမှာ ရှာလယ်မှတောင်ကျချောင်းတစ်ချောင်းက ဖြတ်သန်းစီးဆင်းနေခြင်းကြောင့် လူနှင့် ကျွဲ၊ နွားများအတွက် ရေ အခက်အခဲမရှိကြပေ။ နွေကာလသို့ရောက်လျှင် ရေတွင်းရေကန်များမှာ ရေခန်းခြောက်သွားကြသည်။ မြင်သာရွာကလေးမှာသည်း ရေခန်းခြောက်ခဲ့ပါသည်။ သို့ပေမယ့် ချောင်းထဲတွင် သဲလက်ယက်တွင်းကလေးများ ဖော်ခြင်းဖြင့် ရေရရှိကြသည်။

"သားရေ···ပေါက်တူး ယူကွာ အဖေတို့ ကျွဲနွားတွေ ရေသောက်နိုင်အောင် သဲတွင်းကလေး တူးကြရအောင်ဟေ့"

သောက်ရေသုံးရေ ရေလောက်ကတော့ သဲလက်ယက်တွင်း တူးထားရုံနှင့်ခပ်ယူသုံးစွဲနိုင်ကြ၏။ ကျွဲ နွားများ ရေတိုက်ရန် ရေချက်ပေးရန်အတွက်က လက်ယက်တွင်းနှင့် မလုံလောက်နိုင်ပေ။ ထို့ကြောင့် အောင်ကျော်တို့သားအဖမှာ သူတို့အိမ်ရှေ့ ချောင်းထဲက သဲခုံတွင် သဲတွင်းခပ်နက်နက် တူးနေကြရသည်။

"အဖေ···နက်နက်တူးထားလည်း သဲတွေကပြန်ပြီး ပြိုကျမှာဆိုတော့ ပြန်ဖို့သွားမှာပဲဗျ"

"ပြန်ပြီးမပြိုကျအောင် လုပ်ရမှာပေါ့ကွ"

"ဟင်···ဘယ်လိုလုပ်ဦးမှာလဲဗျ"

"ငါ့သား အိမ်အောက်ကပေပါပြတ်တစ်လုံးသွားလိမ့် ယူခဲ့ဟေ့"

အောင်ကျော်က သဲတွင်းနက်နက်ထဲသို့ အပေါ်အောက် ထိပ်ပွင့်နေသောပေပါကိုချလိုက်သည်။ ပြီးမှ ဘေးပတ်လည်က သဲများ ဖို့ပေးလိုက်သည်။

"ဟာ···ချောင်းခုံထဲမှာ သဲရေတွင်းကလေး ရသွားပြီဗျ"

"အေးပေါ့ကွာ···သဲပြိုမှာလည်း မပူရတော့ဘူး။ တွင်းကို နက်နက်တူးထားလို့ ရေလည်းအမြဲပြည့်နေမှာပဲပေါ့ကွာ"

နေခင်း စားကျက်မှာကျောင်းပြီး ပြန်မောင်းလာသော ကျွဲ၊ နွားတို့ကို ထိုသဲတွင်းမှ ရေပုံးနှင့်ခပ်၍ ရေတိုက်နိုင်သည်။ ကိုယ်လုံးပေါ်သို့ ရေခပ်ယူ၍ ပက်ပေးနိုင်သည်။ အမြင်လူတွေလည်း သုံးနိုင်ချိုးနိုင်သည်။ သဲတွင်းဖြစ်၍ ရေများအမြဲစိမ့်ထွက်နေကာ သုံးမကုန်ခဲ့ပေ။

မိုးနှင့် ဆောင်းတွင်ရေအခက်မတွေ့ကြပေမယ့် နွေကာလတွင်တော့ ခက်ခဲကြပေသည်။ ရွာသူရွာသားများမှာ မိုးအခါစပါးများ စိုက်ပျိုးခဲ့ကြပြီး၊ ဝမ်းစာဆန်စပါးများရရှိခဲ့ကြသည်။ ဆောင်းပိုင်းရောက်လာတော့ ပဲများ၊ ပြောင်းများ ဆီထွက်မြေပဲ၊ နေကြာများ စိုက်ခဲ့ကြသည်။ ကျေးလက် နေထိုင်ကြသူများဖြစ်ကြ၍ သူတို့တွင် ဝမ်းစာဆန်၊ ပဲနှင့် ငါးပိရှိလျှင် ထမင်းစား၍ဖြစ်ကြလေ

www.burmeseclassic.com

သည်။ မြို့နေလူတွေလို ဈေးလည်း နေ့စဉ် ဈေးသွားရန် မလွယ်ကူပေ။ မြို့မှာက နေ့စဉ် ဈေးသွားကြကာ ဟင်းချက်စရာများဝယ်ခြမ်းကြပြီး ချက်ပြုတ်စားကြလေသည်။ တောမှာကတော့ ထမင်းတစ်အိုး တည်ပြီးသည်နှင့် လှောင်ထားသောပဲကိုပြုတ်ကာ ပဲဟင်းချက်သည်။ ခြံတန်းမှ ကင်းပုံရွက်နှ၊ ကသစ်ရွက်နုများထည့်သည်။ ပြီးတော့ ရေကျိုငါးပိကိုကျို၍ ငါးပိရည်ဖျော်ကာ ပေါက်ပန်းဖြူရွက်၊ ဘူးရွက်၊ ပဲသီးတို့ကို တို့မြုပ်စရာအဖြစ် ဖန်တီးကာ ထိုဟင်းမျှနှင့်ပင် မိုက်ပြည့်အောင် စားတတ်ကြသည်။ ဟင်းကောင်းကျွေးကောင်းက ရွာထဲတွင် ဝက်သားပေါ်သည့်အခါ၊ ဈေးထဲမှ ဟင်းချက်စရာခေါင်းရွက်ဖြင့် လာရောင်းသည့်အခါ ဝယ်ချက်ပါမှ စားကြရလေသည်။

အောင်ကျော်က ရွာနားက လယ်ကွက်များအား စပါးရိတ်သိမ်းပြီးသည်နှင့် မတ်ပဲ၊ ပဲနောက်၊ ကုလားပဲများ ထိုးကြခဲ့သည်။ ရွာနားမြေက မြေစေးများဖြစ်၍ မြေပဲစိုက်ရန် မကောင်းချေ။

"အင်း...ငါမိသားစုမှာ ဈေးက ဆီဝယ်စားနေရပါလား။ ဆီရအောင်တော့ ငါမြေပဲစိုက်ဦးမှပဲ"

မြေပဲက သဲဆန်သော သဲနုန်းမြေမျိုးတွင် ဖြစ်ထွန်းသဖြင့် ချောင်းအထက်ဘက်၌ မြေပဲစိုက်ရန် ချောင်းခုံကျယ်ကျယ် လိုက်ကြည့်ခဲ့လေသည်။ တချို့ကတော့ တောစပ်တွင် သစ်ပင်များကိုခုတ်ထွင်ရှင်းလင်း မီးရှို့ကာ နမ်းကြခဲ့ကြသည်။

"ဟာ…ဒီချောင်းခုံကြီးက ကျယ်လည်းကျယ်တယ်၊ တောစပ်တောင်မြေနဲ့လုမ်းတယ်၊ ဒီချောင်းခုံမှာ မြေပဲစိုက်ကြည့်မှပဲ"

မြေပဲစိုက်လျှင် တောစပ်နှင့် နီးနီးစိုက်၍မဖြစ်ပေ။ မြေပဲဥ ဆင်းချိန်ရောက်လျှင် တောဝက်များက ဝင်စားကြလျှင် စိုက်သာစိုက်ရပြီး လုပ်ပန်းသည်သာ အဖတ်တင်၍ မြေပဲမရနိုင်တော့ချေ။

အောင်ကျော် ချောင်းခုံကြီးထဲတွင် ထယ်ထိုးနေလေပြီ။ သဲနုန်းမြေ ဖြစ်၍ ထယ်ထိုးရသည်က လွယ်ကူလှသည်။ ထယ်နှစ်စပ်ခန့် ထိုးပြီးသောအခါ မြေပဲစိုက်နိုင်ပြီဖြစ်၍ စိုက်ခဲ့တော့သည်။

အချိန်အတန်ကြာလျှင် ထိုမြေပဲခင်းမှာ မည်းထလာခဲ့တော့သည်။ အပင်ပေါက်လည်းညီ၍ စိုက်ခင်းတစ်ခင်းလုံး ပြည့်စွာပေါက်လာခဲ့သည်။

"ဟေ့…အောင်ကျော် မင်းမြေပဲခင်းကတော့ကွာ သဲနုန်းမြေဖြစ်၍လား မသိဘူး တအားသန်တာပဲဟေ့ ပဲတော်တော် ဥလိမ့်မယ်ကွ"

"အေးဗျာ…ကျုပ်လည်းတစ်ခါမှတော့ ဒီနေရာမှာ မစိုက်ဖူးဘူး၊ အခုဟာပထမဆုံး စမ်းပြီးစိုက်ခဲ့တာပဲလေ"

"ပဲရမှာတော့ သေချာတယ်ဟေ့၊ ကျွဲ၊ နွားတွေ ဝင်မစားရအောင် ခြံလေးဘာလေးကာရံ ထားပေးလေကွာ"

"ကာမယ်ဗျ…ခြံကာဝါးတောင် ပဲခင်းဘေးမှာ ခုတ်ပုံထားပြီးပြီလေ"

"မင်းပဲခင်း ဒီလောက် ကောင်းရင် ကြားပေါင်းလိုက်ပေးဦးကွ ဒါမှ ပဲပင် အရင်းကို မြေစာတွေဖို့သွားပြီး ပဲဥများ များဆင်းဥလာနိုင်တာပေါ့ကွာ"

အောင်ကျော်လည်း ခြံမကာမီ မြေပဲခင်းအား ကြားပေါင်းလိုက်ပေးခဲ့သည်။ ပြီးမှ အခင်းပတ်လည်ကို ခြံငုတ်စိုက်ကာ ခုတ်ထားသော ဝါးဒလက်များဖြင့် လေးတန်းခန့်ဆင့်၍ ကာရံပေးခဲ့တော့သည်။

"ဟာ…ပဲပင်တွေ အပွင့်တွေ ဝင်လာနေပြီပဲ၊ ဒါဆိုရင်တော့ မကြာမီ ဥတွေ ဆင်းဥကြတော့မှာပဲ"

"အောင်ကျော်ရာ…မင်းချောင်းခုံမှာမြေပဲစိုက်ခဲ့တာကတော့ နေရာမှန်သွားပြီဟေ့…မင်း ဒီဆောင်းမှာတော့ ပဲတွေအများကြီးရပြီ ပဲဆီတွေလှိုင်လှိုင် သုံးနိုင်ပြီပေါ့ကွာ"

အောင်ကျော်၏ မြေပဲခင်းမှာ မြင်ရသူအပေါင်းက အံ့သြခဲ့ကြရသည်။ ရွာထဲမှာလည်း အောင်ကျော် စိုက်ထားသောပဲခင်း အလွန်ကောင်းလှကြောင်း ကျော်ကြားနေပေတော့သည်။ အောင်ကျော် အားလပ်သည့်နေ့တိုင်း သူ့ပဲခင်းကို သွားသွား ကြည့်ပေးခဲ့သည်။ ကျွဲ၊ နွားတွေ ဝင်မဝင်၊ ရွက်လိပ်ပိုးကျမကျ ကြည့်ပေးရသည်။ ပိုးကျလျှင် ပိုးသတ်ဆေးဖျန်းပက်ပေးရမည်။ ပါးစပ်နား ရောက်ခါမှ ကျွဲ၊ နွားများ ဝင်စားခဲ့လျှင် ခဲလေသမျှ သဲရေကျ ဖြစ်ရပေမည်။ ရွက်လိပ်ပိုး ကျခဲ့လျှင်လည်း ပဲဥ မကောင်းနိုင်ပေ။

နောက်လဝက်ခန့် တစ်ညနေတွင် အောင်ကျော်သူ့ပဲခင်းသို့ လာခဲ့ကာ ပဲပင်တစ်ပင်ကို အစမ်းသဘောနှင့် နုတ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

"ပဲတစ်ပင်မှာတင် ပဲဥတွေတအား ဆင်းဥနေကြပါလား"

ရွာနားတွင် စိုက်ကြသော ပဲခင်းများတွင် ပဲတစ်ပင်ကို ပဲဥဆယ်လုံး ဆယ့်ငါးလုံးမျှသာ ဥသည်။ ယခုရေတွက်ကြည့်မိရာ ပဲဥလေးငါးခြောက်ဆယ်မျှ ရှိလေသည်။ အပင်တိုင်း ဒီအရေအတွက်နှုန်းအတိုင်းသာ ဥလာမည်ဆိုလျှင် အောင်ကျော် ဒီဆောင်းတွင် ပဲအများအပြားရကာ ဆီကြိတ်လျှင် ဝမ်းစာအလုံအလောက်ထားပြီး အပြင်တခြားကိုပင် ရောင်းစားနိုင်မည် ဖြစ်သည်။

ပဲခင်းမှ ပဲများဥနေကြသည်ကို တွေ့မြင်ရသောအခါ အောင်ကျော် အလွန်ပျော်သွားမိသည်။ သူ့သားမှာ ရှင်ပြု ပေးနိုင်သည့် အရွယ်ရောက်နေပြီ ဖြစ်သော်လည်း စုနေဆောင်းနေရသေး၍ မပြုပေးနိုင်သေးချေ။ ပဲခင်းမှဆီတွေ ရခဲ့ပြီး ငွေတွေရခဲ့လျှင်တော့ ဒီနွေမှာ ရှင်ပြုပေးနိုင်မည်ကို တွေးမိကာ ပျော်မိခြင်းဖြစ်သည်။

မကြာမီကာလမှာ ပင်နှမ်းများလည်းရင့်မှည့်စပြုလာကြသည်။ ပဲခင်းလည်းပဲဥများဆင်းကာ ပဲရွက်တချို့ပင် ဝါလာနေပေပြီ။ ပဲဥကတော့ မရင့်သေးပေ။ သိပ်မကြာမီမှာပင် ပဲနုတ်ရပေတော့မည်။

"ဟေ့…အောင်ကျော်၊ ငါတို့တော့ ညဖက်မှာ နှမ်းခင်းသွားစောင့် အိပ်ကြတယ်ကွ၊ မင်းရော မင်းပဲခင်းကိုညဖက်မှာ စောင့်မအိပ်ဘူးလားကွ"

"စောင့်အိပ်ဖို့လိုအပ်ရင်တော့ အိပ်စောင့်ပေးရမှာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ပဲခင်းက တောင်ခြေနဲ့ဝေးနေလို့ တောဝက် တွေဝင်စားကြမှာတော့ မစိုးရိမ်ရဘူးလေဗျာ"

"အင်း…ငါတို့နှမ်းသမားတွေကတော့ ဇစောင့်အိပ်ရတယ်ဟေ့၊ တော်တော်ကြာ နှမ်းသူခိုးတွေက ညဖက်ဝင်ခိုးရိတ်-ဘူးရင် နှမ်းမရပဲပင်ပန်းတာသာအဖတ်တင်နေမှာကွ"

သူတို့ အရပ်တွင် တချို့က ခိုးရိတ်ကြ၏။ ခိုးရိတ်သွားမှန်းသိတော့လည်း ဘယ်လိုမှ ရှာမတွေ့နိုင်ကြပေ။ နှမ်းသမားအချင်းချင်း ခိုးရိတ်ကြခြင်းဖြစ်၍ နှမ်းရိတ်ချိန်၌ ညဘက်မှာခိုးရိတ်ပြီး တလင်းထဲချထားပေမယ့် သူ့နှမ်းခင်းက ရိတ်ထားသော နှမ်းထုံးများနှင့် ရောသမမွှေထားကြခြင်းကြောင့် ခွဲမရနိုင်ချေ။ ထို့ကြောင့် အရိတ်မခံရမီ ညဘက်တွင် စောင့်အိပ်ကြရခြင်း ဖြစ်သည်။ မြေပဲလည်း ထိုနည်းအတိုင်းပင် ခိုးနှုတ်တတ်ကြလေသည်။

အောင်ကျော်သည် သူ့ပဲခင်းကို နေ့စဉ်သွားကာ ကြည့်ပေးနေသည်။ ခြံတန်းပြုတ်ကျနေလျှင် ပြန်တင်၍ ချည်ပေးရသည်။ ပဲခင်းထဲသို့ တောဝက်များဝင်စားမစား လိုက်ကြည့်ရပေသည်။ တောဝက်များသာဝင်စားလျှင် ပဲပင်အရင်းကို နှုတ်သီးနှင့်ပတ်ချာလည့်ထိုးပြီး ပဲဥများကိုသာ စားသွားကြသည်။ ပဲပင်မှာ အပင်တွင် မတ်တတ်ကျန်နေခဲ့လေသည်။ သို့သော် တောဝက်တူးစားသွားသောပဲပင်ကို နှုတ်ကြည့်လျှင် မြေပဲဥ တစ်လုံးမျှမကျန်ခဲ့ပေ။

"အင်း…ငါ့ပဲခင်းက ချောင်းခံ့ထဲလည်းဖြစ်၊ တောမြေနဲ့လည်း ဝေးနေလေတော့ တောဝက်ရန်ကို မစိုးရိမ်ရဘူး။ တောစပ်နဲ့သာနီးလို့ကတော့ ညတိုင်းလာအိပ်စောင့်ပေးနေရမှာပဲ"

သည်နေ့ ညနေပိုင်းတွင် အောင်ကျော် သူ့ပဲခင်းသို့ လာကြည့်ခဲ့သည်။

"ဟာ…ပဲရွက်တွေတစ်ခင်းလုံး ဝါလာကြပြီဆိုတော့ နောက်လေးငါးရက်လောက်ကြာရင်ပဲနုတ်ရတော့မှာပါလား"

ပဲနုတ်သည့်အခါ ရက်ကြာကြာထားနုတ်နေ၍ မဖြစ်ပေ။ တစ်ဝက်တစ်ပျက်ကျန်နေပါက ခိုးနုတ်ခံရသည်ကိုသိနိုင်မည် မဟုတ်ပေ။

"ငါ့ပဲနုတ်ရင်တော့ ရွာထဲကပဲနုတ်သမလေးတွေ ငှားလာပြီး တစ်ရက်တည်းနဲ့ အပြီးနုတ်လေမှပဲ၊ နုတ်ပြီးလို့ အိမ်ရောက်နေရင် တဖြည်းဖြည်း ပဲဥတွေ ခြွေလို့ရတယ်"

အောင်ကျော်သည် ပဲခင်းမှ အပြန်တွင် ပဲဘယ်လိုနုတ်မည်ကို တွေးနေသည်။

"ဟင်…ငါ့ပဲခင်းဘေးမှာပဲပင်လေးပင်ကို မီးဖုတ်စားသွားပါလား၊ ဒါဆိုရင် ငါညဘက်ပါ စောင့်ပေးရတော့မှာပဲ"

အောင်ကျော်လည်း ညစာကို စောစောစားကာ ဓားရှည်တစ်ချောင်းကို လွယ်၍ သူ့ပဲခင်းဆီသို့ လာခဲ့လေသည်။ ညကမှောင်မိုက်နေသည်။ သူ့ပဲခင်းသို့ ရောက်၍ ခပ်လှမ်းလှမ်းရှိ ညောင်ပင်အောက်တွင် နေရာယူကာ ထိုင်စောင့်နေလေသည်။ ညဉ့်တော်တော်နက်လာသည်အထိ ထူးခြားမှု မရှိခြင်းကြောင့် ညောင်ပင်အောက်ရှိ သစ်ရွက်ခြောက်များပေါ်တွင် တုံးလုံးလှဲကာ စောင့်ခဲ့လေသည်။

အောင်ကျော် အချိန်မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည်မသိ၊ သူနိုး



www.burmeseclassic.com

www.burmeseclassic.com

လာသောအခါ သူ့ပဲခင်းဘက်မှ အသံတချို့ကို ကြားရသဖြင့် သူနားစွင့် နေမိသည်။ ထိုစဉ် ခြံတန်းငုတ်တစ်ခုကျိုးသံကိုကြားလိုက်ရသည်။

"ဖြောင်း"

"ဟာ… ဒီအသံဟာ တောဝက်တိုးတဲ့အသံများလားပဲ"

အောင်ကျော်သည် ပဲခင်းဆီသို့ ပြေးသွားကာ လက်နှိပ်ဓါတ်မီးဖြင့် အခင်းထဲထိုးကြည့်လိုက်သည်။

"ဟာ…လှည်းတစ်စီး၊ လူကနှစ်ယောက်ပါလား လှည်းပေါ်မှာလည်း ပဲပင်တွေတင်ထားကြပါလား၊ ဒါဟာငါ့ပဲခင်းကိုလာခိုးနှုတ်ကြတာပဲ"

"သူခိုးဗျို့…ပဲသူခိုးတွေ…ဟေ့ မပြေးကြနဲ့…ရပ်စမ်း"

အောင်ကျော် သူ့ဆောင်ဓားကိုထုတ်ကာ မီးထိုးပြီးလိုက်လေရာ ပဲဝင်ခိုးနှုတ်သူများလည်း မလွတ်သာတော့ပဲ လှည်းပေါ်မှ ခုန်ဆင်းကာ လက် လွတ်ထွက်ပြေး ကြလေတော့သည်။

"ဟာ…သူခိုးတွေတော့ လှည်းနဲ့နွားကိုထားရစ်ခဲ့ပြီးပြေးကြပြီ၊ ငါဒီလှည်းကို ရွာလူကြီးအိမ်ကို မောင်းပို့ပြီး တိုင်တန်းရမယ်"

"တော်တော် ဆိုးတဲ့သူခိုးတွေပဲကွာ၊ ကိုယ့်ဘာသာတော့ မစိုက်ကြပဲနဲ့၊ အောင်ကျော်ဘာမှပူမနေနဲ့ လှည်းနဲ့နွားကျန်နေခဲ့တော့ ဒီသူခိုးတွေ လာယူကြမှာပဲကွ"

ရွာလူကြီးက ထိုလှည်းနှင့်နွားကိုကြည့်ပြီး စုံစမ်းကြည့်လေရာ သူ့ရွာမှလှည်းနွားမဟုတ်ကြောင်း သိရ၏။

"ဒါဆိုရင်တော့ တခြားရွာက လာခိုးကြတာပဲဟေ့"

"အောင်ကျော် ဒီလှည်းနဲ့ နွားကိုမင်းအိမ်မှာပဲထား၊ ငါးရက်သတ်မှတ်ပြီး ပိုင်ရှင်ကိုလာယူဖို့ ကြေညာလိုက်မယ်"

အောင်ကျော်လည်း ရွာလူကြီးပြောသည့်အတိုင်း လှည်းနှင့်နွားကိုသူ့အိမ်သို့ မောင်းယူခဲ့ရသည်။

"အင်း…ငါ့အဖြစ်က ပဲလည်းအခိုးခံရ၊ သူခိုးကျန်ခဲ့တဲ့ နွားတွေကိုလည်းကျွေးထား နေရပါလား"

ရွာလူကြီးသည် သတ်မှတ်ပေးသည့်ရက်ပင် ကျော်လွန်ခဲ့သည်မှာ လေးငါးဆယ်ရက်ရှိနေပြီ ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ လှည်းနှင့်နွားကို လာမယူခဲ့ပါချေ။

"အင်း…ပဲခိုးနှုတ်တဲ့ သူခိုးတွေကတော့ ကျန်ခဲ့တဲ့ လှည်းနဲ့နွားကိုလာမယူရဲကြဘူးထင်တယ်"

"ဘယ်ယူရဲမလဲကွာ…လာယူကြရင် ပဲခိုးနှုတ်ယူတွေမှန်း သိသွားမှာလေကွာ"

အောင်ကျော်လည်း သူ့အိမ်က နွားတွေအပြင် သူခိုးများကျန်နေခဲ့သော နွားနှစ်ကောင်ကိုပါ နေ့စဉ် ကျွေးနေရလေသည်။

"ကျွန်နော်…ဒီနွားနှစ်ကောင်ကို နေ့စဉ်ကျွေးပေးနေရတာ အခုဆိုရင် တစ်လကျော်သွားပြီဗျ၊ ခုချိန်ထိလည်း နွားပိုင်ရှင်တွေ ရောက်မလာကြပါလားဗျာ"

"ဘယ်လာဝံ့ကြပါ့မလဲကွာ၊ လှည်းနဲ့နွားလာယူကြတာနဲ့ပဲ သူခိုးတွေဆိုတာ ဝန်ခံသလိုဖြစ်တော့မှာလေ"

"ဒါဆိုရင် ပဲနုတ်သူတွေလာ မရွေးမချင်း ကျွန်တော်က နွားတွေကိုကျွေးပေးထားရမှာလားဗျာ၊ ဒုက္ခပါပဲ"

"မင်းလည်း တော်တော်ရိုးတဲ့ကောင်ပဲကွ၊ အောင်ကျော်ရ"

"ဟုတ်တယ်လေ…ဒီနွားတွေက ကျွန်တော်ပိုင်နွားတွေမှ မဟုတ်တာပဲ"

"ကဲ…မင်း…သိအောင်ပြောပြမယ်၊ ဒီလှည်းနဲ့နွားပိုင်ရှင်က ဘယ်တော့မှလာယူတော့မှာ မဟုတ်ဘူးကွ၊ လာယူတာနဲ့ ပဲခိုးနုတ်မှုနဲ့ အဖမ်းခံရမှာကို ကြောက်လို့လေ၊ သူခိုးလို့ မဖော်ချင်လေတော့ လှည်း၊ နွားကိုလာမယူတော့ဘူးပေါ့ကွာ"

"ဟင်…ဒါဖြင့် ဒီလှည်းနဲ့နွားတွေက…"

"မင်းရဲ့ပဲခင်းထဲ ခိုးနုတ်ကြလို့ ကျန်နေခဲ့တဲ့ပစ္စည်းတွေပဲ၊ မင်းဘဲပိုင်ဆိုင်ရမှာပေါ့၊ တစ်နည်းပြောရရင်တော့ မင်းပဲခင်းခိုးနုတ်ခံရလို့ မင်းအနေနဲ့ တန်ရာတန်ကြေးပြန်ရတယ်လို့ သဘောထားပြီး အပိုင်သာယူလိုက်ပေတော့ဟေ့"

"သြော်…ဒီလိုလားခင်ဗျား၊ ကျွန်တော်ပြန်ရတဲ့ တန်ရာတန်ကြေးက ကျွန်တော်ပဲခင်း ခိုးနုတ်ခံရတာထက် ပိုပြီးတန်နေတယ်လေဗျာ"

"ဒါကတော့ မင်းရထိုက်လို့ ရတာပဲကွာ"

အောင်ကျော်လည်း ပဲခိုးနုတ်ကြသည့်ပဲသူခိုးများ ကျန်ခဲ့သော လှည်းနှင့်နွားတစ်ရှဉ်းအား တန်ရာတန်ကြေးအဖြစ်ပြန်ရခဲ့သဖြင့် ဝမ်းသာအားရဖြစ်ကာ အိမ်ဆီသို့ အပြေးပြန်လာခဲ့လေတော့သည်။


တင့်ထူး (ဇေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# ခွေးပေါက်စလေး ၂၁ ကောင်ကို ကားထဲဝှက်ပြီး ခိုးသွင်းလာသူ



ကိုးချူးချွမ်သည် စင်ကာပူနိုင်ငံသားတစ်ယောက် ဖြစ်သည်။ ၂၀၁၂ နိုဝင်ဘာလက သူသည် မလေးရှားသို့ ရောက်သွားစဉ် မလေးရှား၌ နိုးလ်ဆိုသူနှင့် အသိမိတ်ဆွေဖြစ်သွားပြီး နိုးလ်က ချူးအား ခွေးပေါက်ကလေးများကို စင်ကာပူသို့ ချူး၏ကားဖြင့် သယ်ပေးသွားပါက တစ်ကောင်ကို စင်ကာပူဒေါ်လာ ၅၀ နှုန်းဖြင့် ဒေါ်လာ ၁၀၅၀ ပေးမည်ဟု ပြောသောကြောင့် ငွေလိုနေသော ချူးက သဘောတူလိုက်ပြီး နိုးလ်နှင့် ထပ်မံတွေ့ဆုံပြီးနောက် သူ၏ ကားနောက်ခန်းထဲရှိ အပိုကားဘီးထားရာနေရာတွင် အိပ်ဆေးတိုက်ကျွေးထားခြင်းခံရသော ခွေးပေါက်ကလေး ၂၁ ကောင်ကို ဝှက်၍ယူလာခဲ့၏။

သူ့ကား စင်ကာပူနှင့် မလေးရှားနယ်စပ်ရှိ ဝုဒ်လင်းစစ်ဆေးရေးဂိတ်သို့ အရောက်တွင် စစ်ဆေးသူများသည် ကားထဲမှ ခွေးပေါက်ကလေးများကို တွေ့သွားလေတော့သည်။

အိပ်ဆေးတိုက်ကျွေးထားခြင်း ခံရသော ထိုခွေးငယ်လေးများကို တိရစ္ဆာန်များစောင့်ရှောက်ရေးဌာနသို့ အမြန်ပို့လိုက်ရသည်။ ၂၁ ကောင်အနက် နှစ်ကောင်သည် သေသွား၏။ ကျန် ၁၉ ကောင်မသေအောင် တိရစ္ဆာန် ဆေးကုသရေး ဆရာဝန်များက ကြိုးစား၍ ဆေးကုသမှုပြုလုပ်ပေးရ၏။

ကိုးချူးချွမ် (၂၈ နှစ်)ကို စင်ကာပူတရားရုံးတစ်ရုံးတွင် နိုင်ငံတွင်းသို့ ခွင့်ပြုချက်မရဘဲ တိရစ္ဆာန်များကို ခိုးသွင်းမှုနှင့် တိရစ္ဆာန်များအပေါ် ရက်စက်မှု စွဲချက်များဖြင့် စွဲချက်တင်လိုက်၏။

စင်ကာပူနိုင်ငံသည် ခွေးရူးရောဂါကင်းဝေးသောနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ရှိပြီဖြစ်သည်ဟု သိရသည်။

စင်ကာပူနိုင်ငံ၏ ဥပဒေအရ ချူးကျူးလွန်ပြစ်မှုမျိုးအတွက် အများဆုံးချမှတ်နိုင်သော ပြစ်ဒဏ်များမှာ ဒဏ်ငွေ ဒေါ်လာ ၁၀,၀၀၀ အထိနှင့် ထောင်ဒဏ် အများဆုံး တစ်မှုလျှင် တစ်နှစ်စီဖြစ်၏။

သို့သော်လည်း တရားသူကြီးသည် ချူးအား ပထမအကြိမ်ကျူးလွန်သူဖြစ်ခြင်း၊ အမှန်အတိုင်း ဝန်ခံခြင်းကြောင့် သူ့အား အမှုများအားလုံးအတွက် ထောင်ဒဏ် ရက်သတ္တ ဆယ်ပတ်ကျခံရန် အမိန့်ချမှတ်လိုက်၏။

စင်ကာပူတွင် ချူးခိုးသွင်းခဲ့သော ခွေးမျိုးတစ်ကောင်၏ ပေါက်ဈေးမှာ ဒေါ်လာ ၃၀၀၀ ခန့်ရှိ၏။

ချူးခိုးသွင်းလာသော ခွေးများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ဌာနမှ ရောဂါကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိပြီးမှ ခွေးမွေးလိုသူများကို လာရောက်ကြည့်ရှု၍ မွေးနိုင်ကြောင်း အသိပေးခဲ့ရာ ခွေးချစ်သူ ၃၂၀ ကျော်ခန့်



လာရောက်ဆက်သွယ်သည်ဟု သိရ၏။

ထိုသို့ လာရောက်ဆက်သွယ်သူများကို ဌာနဆိုင်ရာတို့က တွေ့ဆုံပြီးနောက် အမှန်တကယ် အိမ်၌မွေးထားမည်၊ ပြန်မရောင်းစားပါဟူသော ကတိဝန်ခံချက်ဖြင့် စိတ်ချရသူများကို ခွေးငယ်များအား မွေးခွင့်ပေးလိုက်၏။

၂၀၁၁ မှစ၍ စင်ကာပူနိုင်ငံထဲသို့ ခွေးခိုးသွင်းမှုရှိခဲ့ရာ ၂၀၁၃ နှစ်လယ်အထိ ခွေးကောင်ရေ ၆၀ ကို ဖမ်းဆီးရမိခဲ့၏။

ဦးဦးသိန်း

***Ref: Strait Times, 9.7.2013***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အိပ်မက်ထဲမှာတောင်

## တွေ့ရန်မလွယ်

(၁)

ကျွန်တော်သည် မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်ကို အဆုံးသတ်ရေးပြီးပြီဖြစ်၍ စိတ်လက်ပေါ့ပါးနေပါတော့၏။ သို့ဖြစ်၍ တစ်လောက မောင်မောင်ကြီးဆိုသူ လူငယ်တစ်ဦး လာပေးသွားသော မှတ်တမ်းစာစောင်လက်ရေးမူကို ဖတ်ကြည့်နေမိပါတော့သည်။ မူလက ရိုးရိုးသာမန် ခရီးသွားမှတ်တမ်းဟု တွေးထင်ထားမိပါသော်လည်း စိတ်ဝင်စားဖွယ်အကြောင်းအရာကို ရေးသားထားခြင်းဖြစ်၍ လက်ကမချတမ်း ဖတ်နေမိပါတော့သည်။

''ကျွန်တော့်အဘိုး မှတ်တမ်းပါ။ ဖြစ်နိုင်မယ်ဆိုရင် ဆရာဝတ္ထုလိုရေးပြီး ဘိုင်းပြည်ကို တင်ပြပေးပါ''

ထိုမှတ်တမ်းကို ပေးခဲ့စဉ်က မောင်မောင်ကြီးပြောခဲ့သော စကားဖြစ်သည်။ ကြားရစဉ်တုန်းကတော့ ဤမှတ်တမ်းကို ညွှန်းလှချေလားဟု စိတ်ထဲထင်နေမိ၏။ သူပြောဆိုပုံကိုကြည့်ပါက ဤအကြောင်းအရာကို တိုင်းပြည်ကို တင်ပြရမည်ဖြစ်၏။ တိုင်းပြည်ကိုတောင် တင်ပြရမှာဆိုတော့ ဘယ်လိုများ အကြောင်းအရာဖြစ်နေလို့လဲ ...။

ကျွန်တော်သည် ထိုမှတ်တမ်းကို စိတ်ဝင်စားစွာနှင့် ဖတ်၍ပြီးသွားပါတော့သည်။ သူညွှန်းသကဲ့သို့ တိုင်းပြည်သို့ တင်ပြနိုင်လောက်သည့် အကြောင်းအရာဟုတ်မဟုတ်တော့မသိပါ။ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်ဟုတော့ ပြောရဲပါသည်။ ကျွန်တော်လည်း ကျွန်တော်တတ်ကျွမ်းသော အနုပညာဖြင့် ရေးသားလိုက်ပါသည်။

မရေးသားမီ လူတွေ အသီးမှား၊ အမြင်မှား၊ အကြားမှား လူမျိုးအရပ်ဒေသကွဲပြား၍ မတူညီကြသော စကားအသုံးနှုန်းများပင် ဖြစ်၏။ ဥပမာ ကျွန်တော်လေ့လာဖူးသော ဗုဒ္ဓမိန့်ကြား တားဖြစ်ထားသော စကားရှိပါသည်။ ထိုစကားမှာ လူတို့မစားကောင်းသော သတ္တဝါ (၁၀)မျိုးရှိပါသည်။ ထိုသတ္တဝါများမှာ လူ၊ မြင်း၊ ခွေး၊ မြွေ၊ ဆင်၊ ကျား စသော သတ္တဝါများအပြင် 'အောင်း'ဟူသော သတ္တဝါတစ်မျိုးလည်းပါ၏။

ယခု မောင်မောင်ကြီး၏ အဘိုးဆိုသူ ဘိုးဘိုးကြည်သန့်၏ မှတ်တမ်းတွင် ထူးဆန်းသော သတ္တဝါပါနေ၏။ ထိုသတ္တဝါ၏အမည်မှာလည်း 'ဝေါင်း'ဆိုသည့်သတ္တဝါဖြစ်၏။ ထိုသို့ အောင်းဆိုသော အခေါ်အဝေါ်နှင့် ဝေါင်းဆိုသော အခေါ်အဝေါ်သည် စောစောက တင်ပြထားသလို အသီးမှား၊ အမှတ်မှား၊ အကြားမှားနေ၍ ကွဲပြားနေရတာလား။ သို့မဟုတ် နေရာဒေသ ကွဲပြားနေ၍ အခေါ်အဝေါ် အသံထွက် လွဲမှားနေရတာလားဟု ယူဆဖွယ်ရှိသည်။

ထိုသို့ နေရာဒေသမတူ၊ လူမျိုးချင်းမတူခြင်းက အကြောင်းရင်းရှိပါသည်။ ခေတ်ကာလကလည်း လွတ်လပ်ရေးရပြီးကာလ၊ နေရာဒေသကလည်း ကချင်ပြည်နယ်မှာဆိုတော့ အောင်းဆိုသော သတ္တဝါကို ဝေါင်းဟူ၍ ခေါ်ဆိုတာလည်း ဖြစ်နိုင်သည်။

ထိုသို့ စားသုံးရန်မသင့်ဟု ဘုရားတားမြစ်ထားသော အောင်းသတ္တဝါသည် မည်သို့ပုံသဏ္ဍာန်ရှိမည်ကို မသိနိုင်သကဲ့သို့ ဝေါင်းဆိုသည့် သတ္တဝါသည် မည်သည့်ပုံသဏ္ဍာန်ရှိနေသည်ကို မသိကြဘဲ ဖြစ်နေသည်။ ထိုသတ္တဝါများကို မည်သူမှ တပ်အပ်သေချာစွာ မသိကြသလို မြင်ခြင်းလည်း မရှိကြပါ။

ထိုသို့ ဂမ္ဘီရဆန်သော ဝေါင်း

မုဒုံသုမွန်

www.burmeseclassic.com

သတ္တဝါ(ဘိုးဘိုးကြည်သန့်အဆို)ကို ကိုယ်တွေ့ တွေ့မြင်လို့၍ ဤမှတ်တမ်းရှင်သည် ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် တောအုပ်အဖြစ် အမှုထမ်းနေစဉ် စုံစမ်းထားသည်မှာ . . .॥

××× ×××

(၂)

မြန်မာပြည်လွတ်လပ်ရေးရထားသည်မှာ မကြာမြင့်သော ကာလကပင်ဖြစ်သည်။ ၁၉၅၅ ခုနှစ် မတိုင်မီတွင် ကျွန်ုပ်မောင်ကြည်သန့်သည် တောအုပ်တာဝန်ထမ်းဆောင်ရန်အတွက် ဗန်းမော်ခရိုင်သို့ ရောက်ရှိလာပါသည်။ ဗန်းမော်ခရိုင်သည် ကျွန်းပျဉ်းကတိုးနှင့် သစ်မာအင်ကြင်းတို့ ပေါက်ရောက်ရာ ဒေသဖြစ်ခြင်းကြောင့် နယ်မြေတစ်ခုလုံးသည် စိမ်းစိမ်းစိုစိုနှင့် ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းလျက်ရှိနေပါသည်။

ဗန်းမော်နယ်သည်သာမက ကချင်ပြာနယ်တစ်ခွင်လုံးသည် ထိုနည်းအတိုင်း ညို့ညို့မှိုင်းမှိုင်းနှင့် အုပ်ဆိုင်းနေပါသည်။ ထိုတောကိုမှီ၍ ကျား၊ ဆင်၊ မြွေ စသည်တို့လည်း ပေါများလှသည်။ ထို့ပြင် ထူးဆန်းရှားပါးလှသော တောတိရစ္ဆာန်များလည်း ရှိပါသေးသည်။ ထို့ကြောင့်လည်း တောလိုက်မုဆိုးအများအပြား နေထိုင်ကျက်စားရာဒေသလည်း ဖြစ်သည်။

ထိုသို့များပြားရခြင်းအကြောင်းမှာ စစ်အတွင်းမှ ကြွင်းကျန်ရစ်သော လက်နက်မျိုးစုံကြောင့် ဖြစ်သည်။ တချို့ကလည်း အင်္ဂလိပ်လက်ကျန် လက်နက်များဖြစ်၍ တချို့ကလည်း ဂျပန်လက်ကျန်ပစ္စည်းများဖြစ်သည်။ တချို့လည်း ဒေသထွက်လက်ဖြစ် တူမီးသေနတ် တောပုန်းသေနတ်တို့ ဖြစ်၏။ နိုင်ငံတော်မှလည်း လိုက်လံတားဆီး ပိတ်ပင်တားမြစ်ခြင်းမှာ မစွမ်းနိုင်သေးသော ကာလဖြစ်သည်။ ထို့ကြောင့် မုဆိုးလည်း ပေါများသလို တောကြောင်စားပြများလည်း ပေါများနေပါ၏။

ကျွန်ုပ်၌လည်း သစ်တောဌာနခွင့်ပြုချက်ဖြင့် ကိုင်ဆောင်ထားသော အင်္ဂလန်လုပ် ဒဘယ်ပိုးခေါ် နှစ်လုံးပြူး သေနတ်တစ်လက် ရှိပါသည်။ ကျွန်ုပ်တို့ ဗန်းမော်မြို့ပေါ်တွင် လက်ရှိဝန်ထမ်းမှာ ငါးဦးရှိသည်။ ကျန်အမှုထမ်းများကမူ နယ်ဌာနခွဲများတွင် ရှိနေကြသည်။ ထိုကျွန်ုပ်နှင့် အတူရှိနေသော ဝန်ထမ်းများတွင် ဂျော်ခေါင်ခေါင်သော ဂျိန်းဖောကချင်အမျိုးသားတစ်ဦးလည်း ပါသေးသည်။ သူကား သေနတ်အမျိုးစုံလည်း ကျွမ်းကျွမ်းကျင်ကျင် ပစ်ခတ်တတ်သည်။ တောလည်းကျွမ်းသည်၊ မုဆိုးသားလိုက်အတတ်လည်းတတ်သည်။ မကြာမကြာလည်း တောပစ်ထွက်တတ်သည်။ မကြာမကြာ တောပစ်ထွက်တတ်တာကြောင့် သူ့အား ဂျော်ခေါင်ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ မုဆိုးဟု ဂျိန်းဖောဘာသာစကားဖြင့် ခေါ်ခြင်းဖြစ်ကြောင်း နောင်တော့သိရပါ၏။

''ဂျော်ခေါင် . . . မင်းက မုဆိုးကျော်ဆို''

ကျွန်ုပ်က သွေးတိုးစမ်းသည့်အနေနှင့် သူ့ကို တီးခေါက်ကြည့်မိသည်။ သူက ပြုံးဖြီးဖြီးလုပ်ရင်း ပြန်ဖြေလိုက်သည်။ သူ့အဖြေတွင် ကျွန်ုပ်၏အမေးကို အလေးမထားကြောင်း ပါနေပါ၏။

''ဒီလိုပဲပြောကြတာပဲ ဆရာရယ်''

''မင်းအဖြေက ဟုတ်လျှင်လည်း ဟုတ်တယ်ပေါ့။ မဟုတ်ရင်လည်း မဟုတ်ဘူးပေါ့။ ခုတော့ . . . မင်းနယ်ကွာ''

''ဩော် . . . ဒီလိုဖြစ်နေတာလား။ ခွင့်လွှတ်ပါဆရာ။ ခုတလော ကျွန်တော့်အဖေ ထိပ်ကပ်နာကြောင့် လူနဲ့စိတ်မကပ်ဖြစ်နေတာပါဆရာ''

ကျွန်ုပ်သည် သူ့အဖေခံစားနေရသော ဝေဒနာကို ကိုယ်ချင်းစာမိပါသည်။ ဝေဒနာကို ခံစားဖူးသူမှသိရမည် ဖြစ်၏။ ညအခါ အိပ်စက်သည့်အခါမှ သိရပါသည်။ ပက်လက်လှန် အိပ်စက်သောအခါ အသက်ရှူရတာ အကျပ်ဆုံးဖြစ်သည်။ နှာခေါင်းထဲတွင် တစ်စုံတစ်ခု ပိတ်ဆို့ထားသလို ကျပ်နေပါ၏။ ကတိုးနှာဆေး ရှူလို့လည်းမရ၊ ဘေးတစောင်းအိပ်၍လည်းမရ။ ငုတ်တုတ်ထိုင်နေမှ နေသာလိုရှိ၏။ သည်လို တစ်ညလုံး ငုတ်တုတ်ထိုင်နေရန်လည်း တာရှည်သဖြင့် မလွယ်ပါ။

''တတ်ကျွမ်းနားလည်တဲ့သူရော မရှိကြဘူးလား''

''နားလည်တဲ့သူကပြောတော့ ငေါင်းရိုးရှာခဲ့ပါတဲ့''

''ငေါင်းရိုးဟုတ်လား၊ ဘယ်လို ငေါင်းရိုးလဲ''

အမှန်အတိုင်းဆိုရလျှင် ငေါင်းရိုးဆိုတာ ကျွန်ုပ်တစ်ခါဖူးမျှ မကြားဖူးပါ။ အသစ်အဆန်းဖြစ်နေပါ၏။ ငေါင်းရိုးဆိုတာ သစ်ဥသစ်မြစ်လား၊ သတ္တဝါတွေ၏ ကြွင်းကျန်သော အရိုးစုလား ဘာမျှမသိပါ။ ထို့ကြောင့် အံ့အားသင့်ကာ ပြန်မေးလိုက်ခြင်းဖြစ်သည်။

''ငေါင်းဆိုတာ သတ္တဝါပါဆရာ။ တောထဲမှာနေတယ်''

''ဘယ်လိုပုံသဏ္ဌာန်လဲကွ''

''ဆရာ့အမေးကို ဖြေရမှာခက်ပါတယ်ဆရာ။ ဥပမာ နဂါးကြီးတို့၊ ရေသူမတို့၊ ရေဆင်တို့ကို ဆရာကြားဖူးမှာပါ။ ဒါပေမင့် သူတို့ကို ဆရာတစ်ခါဖူးမှ မမြင်ဖူးဘူးဟုတ်လား။ အဲသလိုပေါ့ဆရာရယ်''

ဤသို့ဆိုလျှင် ငေါင်းဆိုသော သတ္တဝါသည် တောထဲမှာနေသည်၊ ယနေ့ကာလမှာတော့ တွေ့ဖူးမြင်ဖူးကြသူ မရှိတော့ဟု ဆိုကြ၏။ ယခင်ကာလတုန်းကတော့ တွေ့ဖူးမြင်ဖူးသူ ရှိခဲ့၏။ သူတို့တင်



www.burmeseclassic.com

www.burmeseclassic.com

ဆင့်ပြောကြားတာကိုသာ ကြားဖူးသည်။ ကြားဖူးတာကို စိတ်ကူးနှင့် ပုံဖော်တာပဲ ရှိသည်။ နဂါးကြီးတို့ ရေသူမတို့ကို ပုံဖော်သလို ရှိမည်ဟု ကျွန်ုပ် ယူဆပါသည်။

"တောထဲမှာ နေတယ်ဆိုတော့ မင်းလည်းမှဆိုးပဲ၊ လိုက်ရှာပါလား"

"ဟုတ်ပေသားပဲ"

သူ့အား အကြံပေးလိုက်သည်။ သူကလည်း လက်ခံသည်။ သူလက်ခံခြင်းကြောင့် ကျွန်ုပ်လည်း ဝမ်းသာသွားမိပါသည်။ သူတောပစ်ထွက်ရာတွင် ကျွန်ုပ်လည်း လိုက်ပါချင်၍ ဖြစ်သည်။ သူကဲ့သို့သော တောကျွမ်းသူ၊ သေနတ်ပစ်ကျွမ်းကျင်သူ မုဆိုးကျော်နှင့် အမဲလိုက်ရ၍ ကျွန်ုပ်အဖို့ အဖိုးတန်သော အတွေ့အကြုံများနှင့်တကွ မတွေ့မမြင်သေးသော ဝေါင်းသတ္တဝါကို တွေ့ရမည်ဖြစ်၏။ ကိုယ်တိုင်လည်း ဖမ်းယူချင်၍ ဖြစ်သည်။

××× ×××

(၃)

သို့နှင့် ကျွန်ုပ်တို့သည် ဝေါင်းသတ္တဝါတို့၏ ရုပ်ကြွင်းဖြစ်သော အရိုးစုများကို တွေ့ရှိရသည်ဆိုသော ဒိန်ဂါယန် ရွာကလေးဆီသို့ ခရီးထွက်လာကြသည်။ ထိုဒိန်ဂါရွာကလေးသည် မြစ်ကြီးနား–ဗန်းမော်သွား လမ်းမပေါ်တွင်ရှိပါသည်။ ထိုကားလမ်းမကြီး၏ အတွင်းဘက်(၈)မိုင်လောက်တွင်ရှိသော ရွာကလေးဖြစ်သည်။ အိမ်ခြေစုအားဖြင့် (၁၀)အိမ်လောက်သာရှိသည်။

ထိုရွာကလေးတွင် ဝဂျစ်ခန်ဆိုသော မုဆိုးရှိသည်။ သူသည် ဂျော်ခေါင်၏ သူငယ်ချင်းဖြစ်သည်။ သူလည်း ထိုဝေါင်းသတ္တဝါကို ရှာဖွေနေသည်မှာ ကြာပြီဖြစ်သည်။ ကိုယ်တိုင်တော့ မမြင်ဖူးသေးပါ။ သို့သော် ဝေါင်းသတ္တဝါ၏ သဲလွန်စကိုတော့ တွေ့ဖူးသည်ဟု ဆိုထား၏။ ထို့ကြောင့် ဝဂျစ်ခန်နှင့်တွေ့မှ အသေအချာသိရမည်ဖြစ်၏။

ကျွန်တော်တို့သည် ခြေလျင်ခရီးဖြင့် ခပ်ပြင်းပြင်းလာလိုက်ရာ ညနေစောင်းတော့ ထိုရွာသို့ရောက်သည်။ သို့သော် ဝဂျစ်ခန်ကိုမူ မတွေ့ရပါ။ သူ့မိန်းမကို မေးကြည့်တော့ မိုးချုပ်မှပြန်လာမည်၊ တောလိုက်သွားသည်ဟု ဖြေပါသည်။ သူ့မိန်းမပြောသည့်အတိုင်းပင် မီးခွက်မထွန်းမီ ပြန်ရောက်လာသည်။ တောဝက်တစ်ကောင်ကို ခြေလက်ကြိုးတုပ်ပြီး အဖော်နှင့်အတူ ထမ်းလာကြသည်။

သူတို့သူငယ်ချင်းနှစ်ဦး တွေ့ဆုံသည်တွင် ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ဝက်ကိုလည်း ဖျက်ကြသည်။ မနက်ဖြန် ဒေါဖုန်ယန်ဈေးနေ့တွင် သွားရောင်းကြမည်ဖြစ်၏။ ထို့ကြောင့် ရောင်းချရန်ဖယ်တာဖယ်ပြီး ကျန်တာကို ချက်ပြုတ်ရာ ကျွန်ုပ်တို့လည်း မြိန်မြိန်ရှက်ရှက်နှင့် စားသောက်ကြလေတော့သည်။ စားသောက်ပြီးကာမှ အိမ်ရှေ့လသာသာအောက်မှာ ကျွန်ုပ်တို့လာရခြင်းအကြောင်းကို ပြောရပါတော့၏။

"အင်း . . . ဒေါင်းရိုး၊ ဝေါင်းရိုးကတော့ ထိပ်ကပ်နာတို့၊ တိမ်သလ္လာ ဆေးဖော်ရာမှာ သိပ်အသုံးဝင်တာပေါ့ကွာ။ ငါ့ကိုလည်း ဗိန္ဒောဆရာတစ်ယောက်က မှာထားတာမို့ လိုက်ရှာနေတာကြာပါပကော။ ဒေါင်းရိုးကိုတော့ ရပြီးပြီ။ အဲဒါ ဒါပဲကျန်တော့တယ်"

ဝဂျစ်ခန်က သူ၏ ဝါးဆေးတံကို တစ်ဖွာနှစ်ဖွာ ရှိုက်ရှူရင်းပြောလိုက်သည်။ ခုမှ ကျွန်ုပ်သိရသည်မှာ ဝေါင်းရိုးသည် ထိပ်ကပ်နာဆေးဖော်ရုံတင်မက တိမ်သလ္လာဆေး ဖော်စပ်ရာတွင် အသုံးဝင်နေခြင်းပင် ဖြစ်သည်။ ထို့အပြင် ဝေါင်းရိုးတွင်သာမက ဒေါင်းရိုးပါ ပါသေးကြောင်း သိရ၏။ ထိုညက ခရီးပန်းလာမှုကြောင့် ခပ်စောစော အိပ်လိုက်ကြသည်။

နံနက် နေအရှိန်တက်ချိန်မှာတော့ ကျွန်ုပ်တို့ သုံးဦးသားသည် တောကောင်အကြောင်း၊ သားကောင်အကြောင်း ပြောကြားရင်း နေပူဆာလှုံနေကြသည်။ ထိုစဉ်မှာပင် မိန်းမကြီးတစ်ယောက်သည် ကျွန်ုပ်တို့ရှိရာသို့ သုတ်ပျာ သုတ်ပျာနှင့် ဝင်ရောက်လာပါတော့သည်။ သူ့ကိုကြည့်ရသည်မှာ အရေးတကြီးနိုင်လှသည်ဟု မြင်မိပါသည်။ ဒါကိုမြင်သိသော ဝဂျစ်ခန်က –

"ဘာဖြစ်တာလဲ ဒေါ်လုပေါင်ရယ်"

ဒေါ်လုပေါင်က ဝဂျစ်ခန်အမေးကို ချက်ချင်းမဖြေအားသေးဘဲ ခေတ္တမျှ အမောဖြေနေပါ၏။ ဝဂျစ်ခန်ပြောစကားအရ နာချယ်ယန်ရွာမှ တောင်သူတစ်ဦးဖြစ်ကြောင်း သိရ၏။ ထိုနာချယ်ယန်ကလည်း ဝဂျစ်ခန်တို့နေထိုင်ရာ ရွာနှင့် နှစ်မိုင်လောက် ဝေးပါသည်။ ကြည့်ရသည်မှာ ဒေါ်လုပေါင်သည် ထိုခရီးကို မနားတမ်းခရီးနှင်လာပုံရသည်။

"ငါ့စိုက်ခင်းတွေ ပျက်စီးကုန်ပြီ။ အဲဒါ ဒီကောင်တွေကို နှင်လာသတ်စမ်းပါ၊ သတ်ကိုသတ်စမ်းပါ"

မောပန်းလာသည့်ကြား ဒေါ်နှင့်မောနှင့် ပြောလာသည့်အတွက် စကားလုံးတွေက ရောထွေးနေတော့သည်။ သို့သော် သူ့မျက်နှာထား စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် သူဘာကို ဆိုလိုနေသည်ကို သိနိုင်ပါသည်။ ဝဂျစ်ခန်က အေးဆေးတည်ငြိမ်စွာဖြင့် –

"သတ်တာတော့ ဟုတ်ပါပြီ။ ဘာကိုသတ်ရမှာလဲ"

"အခင်းဖျက်တဲ့ အကောင်ကိုပေါ့"

"အင်းလေ . . . အဲဒီအကောင်က ဘာကောင်လဲ။ ဝက်ဝံလား၊ တောဝက်လား၊ ပြောင်တွေလား၊ ဘာတွေလဲ၊ ဘယ်အချိန်လာဖျက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါတွေကို ငါမသိဘူး။ လိုက်ကြည့်မှ သိလိမ့်မယ်"

ဒေါ်လုပေါင်က သူ့စကားကို လိပ်ပတ်လည်အောင် မဖြေရှင်းနိုင်သည့် အဆုံး လိုက်ကြည့်ရန် ဖိတ်ခေါ်လိုက်သည်။ သူ့စကားကြောင့် ဂျော်ခေါင်က ကျွန်ုပ်ကို ကြည့်လိုက်သည်။ သူ့အကြည့်ကို ကျွန်ုပ်ကလည်း နားလည်သဘောပေါက်သည်။ သို့သော် အဓိကဖိတ်ခေါ်ခံရသူမှာ ဝဂျစ်ခန်ဖြစ်နေခြင်းကြောင့် သူ့ဆီက ထွက်ပေါ်လာမည့်စကားကို စောင့်ဆိုင်းနေမိပါသည်။ ခဏကြာတော့ ဝဂျစ်ခန်ထံမှ တုံ့ပြန်စကားသံကို ကြားလိုက်ရပါတော့သည်။ ကျွန်ုပ်တို့လည်း ဝမ်းသာသွားပါတော့သည်။

"လိုက်ကြည့်သပဆိုလည်း လိုက်တာပေါ့လေ"

သို့နှင့် ကျွန်ုပ်တို့သည် နှစ်မိုင်ရှည်သောခရီးကို လျှောက်ရပြန်တော့သည်။ ရာသီဥတုက အေးမြမြရှိနေတာကတစ်ကြောင်း၊ လေးယောက်သား စကားတွေလှိုင်ခဲ့တာကြောင့်တစ်ကြောင်း မမောပန်းရပါဘဲ ဒေါ်လုပေါင်တို့ရွာသို့ ရောက်ပါတော့၏။ ရောက်သည်ဆိုလျှင်ပဲ ဒေါ်လုပေါင်သည် သူ့စိုက်ခင်းဆီသို့ ကျွန်ုပ်တို့အား ဦးဆောင်ကာ ခေါ်သွားတော့သည်။

ဒေါ်လုပေါင်၏ စိုက်ခင်းအကျယ်ကား ငါးဧကလောက်ရှိမည်။ ဖရဲနှင့် ပြောင်းဖူးတို့ကို စိုက်ထားသည်။ အသီးအနှံတွေလည်း အောင်မြင်နေကြသည်။ အသီးအနှံများကို ဆွတ်ခူးရိတ်သိမ်းချိန် ကျရောက်နေပါပြီ။ ထိုအခါကျမှ အသီးအနှံများ ဖျက်ဆီးခြင်းခံနေရသည်။ နှမြောတော့ နှမြောစရာပင် ဖြစ်သည်။

"ဝဂျစ်ခန် . . . ဖျက်သွားတဲ့အခင်းတွေ မြင်တယ်မို့လား"

ဝဂျစ်ခန်သည် မြေစာကျင်းအဖြစ်သို့ ရောက်နေပြီဖြစ်သော ဖရဲခင်းများ ထောင်းထောင်းကြေ ကျိုးပျက်နေသော ပြောင်းခင်းများ၊ မွစာထနေသော မြေနေရာများ၊ ထိုမြေပေါ်တွင် ကျန်ရစ်နေသော ခြေရာများကို တွေ့ရသည်။ ခြေရာများကို အသေအချာကြည့်ပြီး အံ့အားသင့်စွာဖြင့် ဝဂျစ်ခန် ရေရွတ်လိုက်သည်။

"ဟာ . . ကေန္တ ဒါ ဝေါင်းသတ္တဝါပဲ ဖြစ်လိမ့်မယ်"

ကျွန်ုပ်သည် ဝဂျစ်ခန်၏စကားကြောင့် အံ့အားသင့်သွားရသလို ဝမ်းသာခြင်းလည်း ဖြစ်မိပါသည်။ အံ့အားသင့်သွားရတာကတော့ ခက်ခက်ခဲခဲနှင့် တွေ့ရမည်ဟု မျှော်လင့်ထားသော သတ္တဝါကို အခက်အခဲမရှိဘဲ တွေ့ရမည် ဖြစ်၍ ဖြစ်သည်။ ဝမ်းသာသွားရတာကတော့ ကျွန်ုပ်တို့ အတောင့်တဆုံး၊ အမြင်ချင်ဆုံးသောသတ္တဝါကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့မည် ဟူ၍ဖြစ်၏။ သို့နှင့် ကျွန်ုပ်လည်း ခြေရာကို ကြည့်လိုက်တော့ အံ့အားသင့်သွားပါတော့၏။

"ဟင် . . . ခြေရာတွေက တစ်မျိုးပါလား"

ကျွန်ုပ် ဝေခွဲခြင်းငှာ မစွမ်းနိုင်သော ခြေရာများ ဖြစ်နေခြင်းကြောင့် ဝဂျစ်ခန်အား မှတ်ချက်တစ်ခုခု ပေးနိုင်ရန် စကားဟလိုက်ပါတော့သည်။ ဝဂျစ်ခန်ကလည်း ကျွန်ုပ်ဟထားသော စကားအတိုင်း ခြေရာများကို စူးစူးစိုက်စိုက်ကြည့်ရင်း . . .

"ကျွန်တော် ကြားဖူး၊ သိထားဖူးတဲ့ စကားအတိုင်းဆိုရင်တော့ ဝေါင်းသတ္တဝါဆိုတာ သေချာတယ်။ ခြေရာကို ကြည့်ပါလား။ တခြားသတ္တဝါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဒီခြေဖဝါးဟာ နောက်ပြန်သွားနေတာ မဟုတ်ဘူး။ ရှေ့ကိုသွားနေတယ်၊ ဘာလို့လဲဆိုတော့ ခြေခဝါးဟာ နောက်ကိုလှည့်နေပြီး ခြေဖနောင့်ဟာ ရှေ့သို့လှည့်နေလို့ပါပဲ၊ ဒါကြောင့် လူတွေက သူတို့ကို နာနာဘာဝကောင်၊ ကျတ်ကောင်လို့ ထင်နေရတာပဲ"

ဗဟုသုတအသစ်တွေ ကျွန်ုပ်ရလိုက်ပါတော့သည်။ ထူးဆန်းစွာ တည်ဆောက်ထားသော သူတို့ခန္ဓာကိုယ်သည် လူ့ခန္ဓာကိုယ်နှင့် ဆန့်ကျင်စွာ ရှိနေပါတော့သည်။ ထူးခြားတာက သူတို့၏ ခါးရိုးသည် တစ်ဖြောင့်တည်းရှိ၏။ ခါးဆစ်နှင့် ကျောရိုးဟူ၍ မရှိ။ ထို့ပြင် ပေါင်တံရိုးသည်လည်း ခြေကျင်း(ခြေမျက်စိ)အထိ တစ်ဖြောင့်တည်းရှိ၏။ ဒူးဆစ်ဟူ၍မရှိပါ။ ပို၍အံ့ဩထူးဆန်းတာက ခြေတစ်ချောင်းသာရှိသော သတ္တဝါဖြစ်သည်။

ခြေတစ်ချောင်းသာ ရှိသော်လည်း သွားလာလှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသည်။ လှစ်ခနဲ လှစ်ခနဲ ပျောက်ကွယ်သွားလေ့ရှိသည်။ ထို့ကြောင့် မြင်ဖူးတွေ့ဖူး၊ ကြုံဖူးသူများက နာနာဘာဝလား၊ ကျတ်ကောင်လေလားဟု ထင်ကြသည်။ ဂဒူးဂနန်းလူမျိုးများကမူ သူတို့ကို (ဇောက်ကွန်း)ခြေတစ်ချောင်းကောင်ဟု ခေါ်ကြသည်။

သူတို့သည် သစ်ပင်တစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းကို မှီပြီး၊ လွဲပြီး သွားလေ့ရှိသည်။ သူတို့တွင် အဘောင်မဟုတ်သော လက်နှစ်ဖက် ပါရှိသည်။ ညဘက်တွင် အိပ်လေ့ရှိသည်ဟု ဆိုကြ၏။ အိပ်လျှင်လည်း မတ်တတ်ကြီးရပ်လျက် သစ်ပင်ကိုမှီပြီး အိပ်တတ်ပါသည်။ သူတို့သည် သစ်သီးသစ်ဖုတွေကိုသာ စားသုံးသည်။ သားစားသတ္တဝါတော့ မဟုတ်ပါ။

ဟိုယခင်ကတော့ မြစ်ကြီးနားခရိုင် ကောက်ကွေ့ချောင်းဖျားသို့ ရောက်သွားသော ဆင်ခေါင်းဦးချင်းရစ်ဆင်ဆိုသူသည် ထိုဝေါင်းသတ္တဝါကို ကိုယ်တိုင်တွေ့ဖူးသည်ဟု ဆိုပါသည်။ ထိုဝေါင်းသတ္တဝါသည် နောက်စေ့တွင် အချွန်အတက်များပါရှိသည်။ အောက်ချင်းမှုတ်သီးကဲ့သို့ အမာကြီးဖြစ်နေသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အချုန်အတက်ကြီးများဖြင့် လူတစ်ရပ်ခန့် မြင့်သော ကသစ်ပင်၊ အိုင်ပင်များကို ပေါက်ချိတ်ကာ အကြားကြီးရပ်နေလေ့ရှိသည်။ ထိုသို့ ခြေတစ်ချောင်းဖြင့် ပြေးလွှားနေသော ငေါင်းတစ်ကောင် မြင်ဖူးသည်ဟု ဆို၏။

ဟုမ္မလင်းနယ်စပ်ဖြစ်သော နန့်တောရွာ၊ ဆင်လမောင်းရွာ၊ ကိုးထောင်ရွာအနီး တောကြီးအတွင်းမှာ ငေါင်းခြေရာတွေတွေ့၍ မုဆိုးများရာကြဖူးသည်။ ဖန်းမောက်နယ် တောင်ချပ်ကြားတွင် ငေါင်းသေအရိုးများကိုလည်း တွေ့ဖူးသေးသည်။ အရိုးမှာ အလျားလိုက်(၁၀)တောင်ခန့်ရှိကြောင်း သိရ၏။ မျက်နှာမှာမူ ခပ်ကောက်ကောက်ဖြစ်ပြီး မိန်းမမျက်နှာနှင့်တူပါသည်။ ဆံပင်နှင့် အသံပြုလျှင် ငှက်သံပေါက်နေသည်။ ဤကား ဝဂျစ်ခန်ကြားသိထားသမျှ ငေါင်းသတ္တဝါတို့၏ အကြောင်းခြင်းရာများပင် ဖြစ်၏။

"ကဲ ... ဂျော်ခေါင်ရေ၊ ကနေ့ပဲ ငါတို့ဖမ်းရအောင် ကြိုးစားကြပါစို့"

မုဆိုးကြီး ဝဂျစ်ခန်က ဂျော်ခေါင်ကို တပ်လှန့်သည့်အနေအထားနှင့် ပြောလိုက်သည်။ ဤစကားကို ကြားတော့ ဒေါ်လုပေါင်၏မျက်နှာသည် ဝင်းကြည့်သွားပါတော့သည်။ သူ့ကို ဒုက္ခပေးသည့် သတ္တဝါ ဒုက္ခတောတိုးရတော့မည်ဟု တွေးထင်လိုက်၏။ ကျွန်ုပ်သည်လည်း သွေးကြွကာ နှစ်လုံးပြူးသေနတ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

"ဆရာက သေနတ်နဲ့ပစ်မှာပေါ့ ဟုတ်လား။ သေသွားမှာပေါ့ ဆရာရယ်။ ဒီသတ္တဝါက ရှားပါးသတ္တဝါမို့ မပစ်ပါနဲ့"

မုဆိုးကြီး ဝဂျစ်ခန်သည် သေနတ်အားကိုးနှင့် မြောက်ကြွမြောက်ကြွဖြစ်နေသော ကျွန်ုပ်အား တားမြစ်လိုက်သည်။ သူပြောတာမှန်နေတာမို့ ကျွန်ုပ်အနည်းငယ်ရှက်မိပါသည်။ ထို့ကြောင့်လည်း ရှက်ကိုးရှက်ကန်းနှင့် ဆင်ခြေပေးမိတော့သည်။

"သေနတ်ကလွဲပြီး ဖမ်းစရာ ကိရိယာမှ မပါတာဘဲ"

"ဆရာကလည်း ငေါင်းသတ္တဝါကို ဖမ်းတာ ထောင်ချောက်ဆင်တာတို့ ပိုက်ကွန်တို့၊ ကျင်းကတုတ်တို့ လိုတာမှ မဟုတ်ဘဲ။ ကျွန်တော် ဖမ်းနည်းကိုပြမယ် ... ဒီမှာကြည့်"

ဝဂျစ်ခန်သည် စိုက်ခင်းထဲသို့ ငေါင်းသတ္တဝါ ဝင်နိုင်မည့်လမ်းဟူသမျှတွင် ငှက်ပျောရွက်တွေ ဖြန့်ခင်းထားလိုက်သည်။ အနီးအနားတွင် ငှက်ပျောတောများရှိနေခြင်းကြောင့် အဆင်ပြေသွားပါတော့သည်။ ခင်ထားသော ငှက်ပျောဖက်ပေါ် ငေါင်းသတ္တဝါ နင်းမိလျှင် ခြေချော်၍ လဲကျသွားနိုင်သည်။ ငေါင်းသတ္တဝါ၏ လဲအကျကို မုဆိုးတွေက ဖမ်းရန်အဆင်သင့်အနေအထားမှာ ရှိနေရမည် ဖြစ်၏။

ဝဂျစ်ခန်က ငှက်ပျောဖက်ကို ခင်းလည်းခင်း၊ လုပ်နည်းကိုင်နည်းကိုလည်း လက်တွေ့သရုပ်ပြနေပါတော့သည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သားကောင်အမျိုးအစားအလိုက် မုဆိုးများ နည်းအမျိုးမျိုးနှင့် ဖမ်းနေကြ၏။ နေရာတကာမှာ လက်နက်ချည်းအား မကိုးကြဘဲ ဉာဏ်ရှိသလို ဖမ်းနေကြ၏။ ထိုသို့တွေးတောနေစဉ် ...

အရှေ့ဘက်တောတန်းဆီမှ တောကြက်တစ်အုပ် ကြောက်သံလန့်သံနှင့် အော်ဟစ်ကာ ပျံသက်သွားသည်၊ ကြောက်အားချက်နှင့်အတူ နားရွက်ထောင်၊ အမြီးကလေးထောင်ပြီး ချုံအတွင်းမှ ယုန်ငယ်ကလေးကလည်း ပြေးထွက်လာသည်။ မျောက်လေပွေသားအမိကလည်း ထင်းရှူးပင်ထိပ်ဖျားဆီသို့ ပြေးတက်သွားသည်။ တောခြေတစ်လျှောက်သည် လေပြင်းတိုက်ခတ်သွားသလို လှုပ်ခါသွားတော့၏။ ထိုအဖြစ်အပျက်များ မျက်ပါးထင်ထင် တွေ့ရပါသော်လည်း ဘာကြောင့်ဖြစ်ရသည်ကို မသိရပါ။ ထို့ကြောင့် ကျွန်ုပ်က -

"တောခြောက်တာများလား"ဟု ရေရွတ်လိုက်မိသည်။ သည်လိုပါပဲ။ အကြောင်းအရာတစ်ခုတစ်ခုကို ရေရေရာရာ မသိခင်မှာတော့ ထိုသို့မှတ်ချက်ချမိမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဝဂျစ်ခန်က တစ်စုံတစ်ရာသောအကြောင်း ရှိရမည်ဟုဆိုကာ ထိုတောတန်းဆီသို့ သွားကြပါတော့၏။ ရောက်တော့ လတ်လတ်ဆတ်ဆတ် ဖြစ်နေသေးသော ခြေရာကို တွေ့ရသည်။ ခြေရာကိုကြည့်ပြီး မျက်စိလည်သွားနိုင်ပါ၏။ အရှေ့သို့ပြေးသွားသည့် ခြေရာများဖြစ်နေပေမင့် အနောက်ဘက်သို့ မျက်နှာမူနေကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါ၏ ခြေဖဝါးသည် ရှေ့နောက်ပြောင်းပြန် ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဒေါ်လုပေါင်စိုက်ခင်းထဲလာတဲ့ ငေါင်းဖြစ်မှာပဲ။ ကျွန်တော်တို့ကိုတွေ့ပြီး လန့်ပြေးတာဖြစ်မှာပါ"

ထိုနှင့် ကျွန်ုပ်တို့သည် ဒေါ်လုပေါင် စိုက်ခင်းထဲမှာပင် ထိုငေါင်းသတ္တဝါကို စောင့်ဖမ်းကာနေကြသည်။ ကျွန်ုပ်ကလည်း ငေါင်းသတ္တဝါနှင့် သိုးကာသီကာလေး လွဲသွားရ၍ ရင်ထဲ တနုံ့နုံ့ဖြစ်နေပါတော့၏။ အကယ်၍ တပ်အပ်သေချာစွာ တွေ့မြင်ရခြင်း၊ လက်ပူးလက်ကြပ် ဖမ်းမိခင်း ရှိခဲ့ပါမူ ငေါင်းဆိုသည့် သတ္တဝါသည် ရှားပါးသော တိရစ္ဆာန်တစ်ကောင်သာဖြစ်ပြီး၊ တောနေ နာနာဘဝ ကျတ်ကောင် မဟုတ်ကြောင်း သက်သေပြနိုင်မည်ဖြစ်၏။ ထိုသို့စောင့်ဖမ်းလိုသော်လည်း ငေါင်းသတ္တဝါသည် အကြောက်လွန်သွား၍



www.burmeseclassic.com

www.burmeseclassic.com

လား။ ဤဒေသသည် သူ့အတွက် ဘေးအန္တရာယ်များသည်ဟု ယူဆထား၍လား မသိ။ တောပြောင်းသွားပါတော့၏။

ကျွန်ုပ်တို့သည် ဒေါ်လုပေါင်စိုက်ခင်းတွင်း မျက်သတ္တဝါတစ်ပတ်မျှ စောင့်နေပါသော်လည်း ပေါ်မလာသည့်အဆုံး ဗန်းမော်သို့ ပြန်လာခဲ့သည်။ ကနေ့ထက်တိုင် ထိုနေရာ၊ ထိုဒေသသို့ မရောက်ဖြစ်တော့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့ပြန်ရောက်လာပြီး သုံးလလောက်ကြာတော့ မုဆိုးကြီး ဝဂျစ်ခန်၏အကြောင်းကို စိတ်မကောင်းစရာအဖြစ် ကြားသိလိုက်ရသည်။

မုဆိုးကြီး ဝဂျစ်ခန်၏ အကြောင်းကို ကြားလိုက်ရပြီး စိတ်ဓာတ်ကျကား ဤမှတ်တမ်းကို ဆက်ပြီးမရေးတော့ရန် စိတ်ကူးပေါက်ခဲ့ပေမယ့် ကျွန်ုပ်မောင်ကြည်သန့်၏ သမီးမှမွေးလာသော မြေးကလေး မောင်မောင်ကြီးကို အမှတ်ရလာ၍ ဆက်ရေးမိပါသည်။ သို့မှလည်း ငါတို့အဘိုးဟာ ထူးဆန်းရှားပါးသည့် သတ္တဝါကို မတွေ့မမြင်လိုက်ရပေမင့် ငါတို့ကတော့ အဘိုးထက်သာအောင် တွေ့အောင်ရှာပြမည်ဟူသော စိတ်ထားမွေးမြူရန် ဖြစ်သည်။ ဝဂျစ်ခန်၏အကြောင်းမှာ ဤသို့ဖြစ်၏။

ကဝါးပွန်ရွာတွင် ငေါင်းသတ္တဝါတစ်ကောင် ဖမ်းမိထားသည့်သတင်း ဝဂျစ်ခန် ကြားသိရသည်။ ထိုရွာသည် ဝိုင်းမော်မြို့နှင့် ၁၃ မိုင်ဝေးသည်။ ထိုနေရာမှ ၃ မိုင်ခန့်ဝေးကွာသော တောထဲမှ ဖမ်းမိခြင်းဖြစ်သည်။ မာခမ်းဆိုသောသူသည် အိမ်ဆောက်ရန် သစ်ရှာဖွေရန်အတွက် ထိုတောထဲသို့ ရောက်ရှိခဲ့သည်။ သစ်ပင်ကို သပ်ရိုက်ပြီး အိမ်ပြန်လာခဲ့သည်။

နောက်တစ်နေ့ ထိုတောထဲသို့ ပြန်သွားရာ သပ်ကိုဆွဲနုတ်ပြီး ထိုအက်ကြောင်းထဲတွင် လက်ညှပ်နေသော ငေါင်းတစ်ကောင်ကို တွေ့ရသည်။ နုတ်၍မရခြင်းကြောင့် အော်ဟစ်နေပါသည်။ ထို့ကြောင့် မာခမ်းသည် အဖော်နှစ်ယောက်ကို ပြန်ခေါ်ပြီး ကြိုးတုပ်ကာ ရွာသို့ဖမ်းခေါ်လာသည့် သတင်းပင်ဖြစ်သည်။

ထို့ကြောင့် ဝဂျစ်ခန်သည် မာခမ်းနေထိုင်ရာ ကဝါးပွန်ရွာသို့ လိုက်လာခဲ့သည်။ ဝဂျစ်ခန်သည် အလာကောင်းပေမင့် အခါနှောင်းသွားပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မာခမ်းတို့ရွာသားများသည် မြစ်ကြီးနားသစ်တောရုံးသို့ပို့ရန် စီစဉ်ထားစဉ် နောက်တစ်နေ့တွင် ထိုငေါင်းသတ္တဝါသည် သေဆုံးသွားသည်။ ခုဆိုလျှင် တစ်လကျော်၊ နှစ်လနီးပါး ရှိပြီဖြစ်သည်။

သို့နှင့် ဝဂျစ်ခန်သည် စိတ်ထဲက ကသိကအောင့်နှင့် တွေလွဲလွဲနေသည့် ငေါင်းသတ္တဝါအကြောင်း စဉ်းစားနေမိ၏။ သူနောက်ဆုံးပိတ်အနေနှင့် ငေါင်းသတ္တဝါပုံစံကလေးကို ကြည့်ဖြစ်အောင် ကြည့်မည်။ အကယ်၍ ထိုငေါင်းသတ္တဝါ ရုပ်ပျက်ဆင်းပျက်သည့် အနေအထားသို့ ရောက်နေသည့်အတိုင်း အရိုးကိုယူမည့် ဗိန္ဒောဆရာလည်း ရှိနေတာကိုး။

ဝဂျစ်ခန်သည် မာခမ်းပြောလာသည့် ငေါင်းသတ္တဝါ မြှုပ်နှံထားသည့် ကျွဲတညင်းပင်အောက်သို့ ရောက်လာသည်။ ပါလာသောပစ္စည်းများကို တညင်းပင်အောက်မှာ စုပုံထားပြီး ပေါက်တူး၊ ဇန်းပြားတို့နှင့် ငေါင်းသတ္တဝါမြေပုံကို ဖော်နေတော့သည်။ လေကလည်း တသုန်သုန် တိုက်ခတ်နေသည်။ ဝန်းကျင်ကလည်း တိတ်ဆိတ်နေသည်။ တကယ်လည်း ချောက်ချားစဖွယ်ဖြစ်၏။

ဦးခေါင်းသည်မတ်လိုက်၊ ခါးသည်ကုန်းလိုက်၊ မောရမှန်းမသိ။ ဝဂျစ်ခန်တူး[illegible]နေသည့် မြေပုံသည် တဖြည်းဖြည်း နှ[illegible]ပြီဖြစ်သည်။ တစ်ခါတစ်ခါ ပုပ်အဲ့အဲ့အနံ့တွေပင် ရှူရှိုက်မိသည်။ ဤအခါ သူဝမ်းသာမိပါတော့သည်။ ငေါင်းသတ္တဝါထံမှ ရရှိသောအနံ့ပင် ဖြစ်၏။ ထို့ကြောင့် အားအင်ပြည့်ဝလာပြီး ဆက်ပြီးတူးနေပါတော့သည်။

စောစောက လေပြည်ကလည်း တသုန်သုန်တိုက်နေရာက ခပ်ကြမ်းကြမ်းလေးတိုက်လာသည်။ ငေါင်းသတ္တဝါကောင်နှင့် နီးနေပြီဖြစ်သောကြောင့် ပုပ်အဲ့အဲ့အနံ့တွေ လှိုင်နေပါ၏။ သူဝမ်းသာစိတ်နှင့် ပေါက်တူးကိုအချ၊ ခေါင်းကိုလည်းအညွတ်မှာ 'ဒိုင်း'ဟူသော သေနတ်သံနှင့်အတူ သူလည်း ငေါင်းသတ္တဝါနှင့်အတူ မျက်နှာချင်းအပ် မှောက်ကျသွားပါတော့၏။

သူသည် စောစောတုန်းက ကျွဲတညင်းပင်အောက်တွင် ပစ္စည်းများ ပုံထား၏။ ထိုပစ္စည်းများထဲတွင် သူ့လက်ကိုင် ရိုင်ဖယ်သေနတ်လည်း ပါ၏။ ကျည်လည်း အသင့်ထိုးထား၏။ ထိုစဉ် လေလည်း တသုန်သုန်မြူးနေရာမှ ခပ်ကြမ်းကြမ်းတိုက်လိုက်သည်။ ဦးခေါင်းကိုညွတ်ပြီး ပေါက်တူးအချမှာ သေနတ်လည်း လဲကျသွားသည်။ ထိုစဉ် ကျည်ဆန်က ဒိုင်းခနဲအသံနှင့်အတူ ထွက်ပေါ်လာပြီး သူ့ဦးခေါင်းထဲသို့ ဝင်ရောက်သွားသည်။ တစ်ဖန်ပြန်၍ အပြစ်ရှာလိုက်တော့ . . .

သေနတ်ထဲတွင် ကျည်ဆန်ထည့်ထားသည်။ အမှုမဲ့အမှတ်မဲ့နှင့်ထားသည်။ ပြီးတော့ မောင်းထိန်းခလုတ် (safty guard) မပိတ်ထားခြင်းကြောင့် ကျည်ထွက်သွားခြင်း ဖြစ်၏။ ဒါကိုပင် အယူသီးသူများက ပြောဆိုကြပါသည်။

ငေါင်းသတ္တဝါသည် နာနာဘာဝ သို့မဟုတ် ကျတ်တဲ့၊ တွေ့ရန်မလွယ်ပါတဲ့ . . .။


ဖုန်းသုမွန်



www.burmeseclassic.com

www.burmeseclassic.com

# နှစ်(၇၀)အတွင်း အဆိုးရွားဆုံး မီးရထားတိမ်းမှောက်မှု



၂၀၁၃၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် စပိန်နိုင်ငံ အနောက်မြောက်ပိုင်း တစ်နေရာ၌ လူစီးမီးရထားတစ်စီး တိမ်းမှောက်သွားရာ အနည်းဆုံး လူ ၈၀ ခန့် သေဆုံးပြီး၊ လူ ၁၄၀ ခန့် ဒဏ်ရာများ ရသွား၏။ စပိန်နိုင်ငံ မီးရထားတိမ်းမှောက်မှုသမိုင်းတွင် နှစ် ၇၀ အတွင်း အဆိုးရွားဆုံး ဖြစ်ရပ် ဖြစ်သွား၏။

ခရီးသည် ၂၁၈ ယောက် တင်ဆောင်ခဲ့သော မက်ဒရစ်မှ ဖာရိုးသွား အမြန်မီးရထားတွင် မီးရထားလမ်းကွေ့တစ်နေရာတွင် တိမ်းမှောက်သွားရာ တွဲရှစ်တွဲနှင့် စက်ခေါင်းသည် မီးရထားလမ်းပေါ်မှ လွင့်ထွက်သွား၏။

ထိုအကွေ့၌ မီးရထားများသည် အရှိန်လျှော့၍ တစ်နာရီလျှင် ကီလိုမီတာ ၈၀ ဖြင့်သာ မောင်းရန် သတ်မှတ်ထားသော်လည်း စက်ခေါင်းမောင်းသူသည် တစ်နာရီလျှင် ကီလိုမီတာ ၁၉၀ နှုန်းခန့် ဖြင့် မောင်းနှင်သွားသောကြောင့် ထိုသို့ တိမ်းမှောက်ရခြင်းဖြစ်သည်ဟု သိရ၏။

ထိုဖြစ်ရပ်သည် စပိန်စံတော်ချိန် ညရှစ်နာရီခန့်တွင် ဖြစ်ရာ မျက်မြင်သက်သေများက မီးရထားတွဲများသည် ကြည့်ရက်စရာမကောင်းလောက်အောင် ပျက်စီးသွားသည်ဟု ပြောကြသည်။

သေသူများထဲတွင် ပါဝင်သွားခြင်း မရှိသော စက်ခေါင်းမောင်းသမားတစ်ယောက်က မီးရထားသည် သတ်မှတ်အရှိန်ထက် နှစ်ဆပိုမောင်းသည်မှာ မှန်ကန်သည်ဟု ဝန်ခံ၏။

မီးရထားတိမ်းမှောက်ရာ နေရာအနီးတွင် နေထိုင်သော အသက် ၆၂ နှစ်အရွယ် အမျိုးသမီးကြီးတစ်ယောက်က "မိုးခြိမ်းသံထက်ပြင်းတဲ့ အသံကြီးကို ကြားလိုက်ရလို့ အိမ်ပြင်ထွက်ကြည့်လိုက်တော့ အဲဒီနေရာက မီးခိုးလုံးကြီးထွက်လာတာ တွေ့ရတော့တာပဲ"ဟု သတင်းထောက်များကို ပြောပြ၏။

သူမသည် အိမ်နားနီးချင်းများနှင့်အတူ ထိုနေရာသို့ သွား၍ ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ပါသည်ဟု ပြောပြသည်။

သေဆုံးသူများနှင့် ဒဏ်ရာရသူများထဲတွင် နိုင်ငံခြားသားများလည်း ပါဝင်၏။

စပိန်ဘုရင်နှင့် မိဖုရားသည် ဒဏ်ရာရသူများရှိရာ ဆေးရုံသို့သွား၍ ဝမ်းနည်းစကားများပြောကြားပြီး စပိန်ဝန်ကြီးချုပ်က ထိုဖြစ်ရပ်အတွက် ဝမ်းနည်းပူဆွေးသွားခြင်း အထိမ်းအမှတ် ရက်သုံးရက် သတ်မှတ်လိုက်၏။

စပိန်နိုင်ငံတွင် ၁၉၇၂ ၌လည်း မီးရထားနှင့် ဘတ်စ်ကား တိုက်မိ၍ လူ ၈၆ ယောက်သေဆုံးပြီး ၁၁၂ ယောက် ဒဏ်ရာရခဲ့ဖူး၏။

၁၉၄၄ ခုနှစ်၌လည်း မီးရထားနှစ်စင်း မျက်နှာချင်းဆိုင် တိုက်မိ၍ လူပေါင်းရာနှင့်ချီ၍ သေဆုံးခဲ့၏။

၂၀၀၄ ၌လည်း မက်ဒရစ်မြို့တွင်းသွား မီးရထားပေါ်၌ အယ်လ်ကိုင်ဒါအဖွဲ့မှ ဗုံးခွဲခဲ့သောကြောင့် လူ ၁၉၁ ယောက် သေဆုံးခဲ့၏။

မြသိန်း

*Strait Times, 26.7.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရင်းအနှီးဖြင့် သတင်းကြီးသူ

မြင့်ဦးဦးမောင်

ရဲသားကလေး စံမင်း . . .။

ကန္တာရပိုင်းကင်းဘုတ်တွင် တာဝန်အမြဲလိုကျတတ်သည်။

ကန္တာရဈေးကလေးသို့ ခဏခဏ သွား၍ ငှက်ပျောသီး၊ လိမ္မော်သီးများ ဝယ်ယူ၍ ကင်းဘုတ်သို့ ပြန်လာကာ သူ့ရဲဘော်ရဲဘက်များကို ကျွေးသည်။

"ဟဲ . . ဟဲ . . . ဟဲ၊ ဟန်ကျလိုက်လေ အစ်ကိုရာ။ မစမ်းနွဲ့က မြန်မြန်ပြန်ကြိုက် . . . အဲ . . ပြန်မကြိုက်ပါစေနဲ့။ ဒါမှ ကျွန်တော်တို့ ငှက်ပျောသီး၊ လိမ္မော်သီး ကြာကြာစားရမှာ"

"သွားစမ်းပါ၊ ပါးစပ်ပုပ်ကြီးနဲ့။ အပင်းလျှိုမှ အေးအေးအပင်းလျှိုကြကွာ"

"အစ်ကို့အသက်ကလေးက ဈေးရောင်းလည်းကောင်းတယ်၊ ရုပ်ကလေးကလည်း ချေရုပ်ကလေးကျနေတာပဲ။ ကုလားကပြားမလေးဆိုပေမဲ့ အသားအရေက ဝင်းပြီးအိနေတာပဲ"

"ဟဲ . . . ဟဲ . . . ဟဲ"

"အနားမှာ ကာလသားတွေ ဝိုင်းဝိုင်းလည်နေပေမဲ့ နောက်ဆုံးကျတော့ အစ်ကိုပဲ စွံမှာပါ"

"ဟဲ . . . ဟဲ . . . ဟဲ"

"အစ်ကိုက . . ရုပ်ချော၊ သဘောကောင်း။ သူကလေးကလည်း ရုပ်ချော၊ သဘောကောင်း။ ညားသွားရင် သိပ်လိုက်ဖက်ညီမဲ့ အတွဲပဲ။ နေနဲ့လ၊ ရွှေနဲ့မြပဲ"

"ဟဲ . . . ဟဲ . . . ဟဲ၊ ဟဲ . . . ဟဲ . . . ဟဲ"

"တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြမှာဆိုတော့ တစ်နှစ်တစ်ခါ သားသမီးမွေးကြမှာဆိုတော့ နှစ်မြွှာပူး၊ သုံးမြွှာပူးတွေပဲ မွေးကြမယ်ထင်တယ်"

"ဟဲ . . . ဟဲ . . . ဟဲ"

"မစမ်းနွဲ့လို လှတဲ့မိန်းကလေးကို မချစ်တဲ့သူဟာ ယောကျ်ားမဟုတ်ဘူး"

"ဟဲဟဲဟဲ . . . ဟဲဟဲဟဲ"

"ကုလားကပြားမလေးအတွက် အသက်ကို မစွန့်ရဲတဲ့သူဟာ ယောကျ်ားမဟုတ်ဘူး"

"ဟဲဟဲဟဲ . . . ဟဲဟဲဟဲ"

"မစမ်းနွဲ့ကို မမြင်ဖူးတဲ့သူဟာ လောကမှာ အလှဆိုတာကို မမြင်ဖူးသေးတဲ့သူ ဖြစ်တယ်။ မစမ်းနွဲ့ရဲ့အလှက ပြိုင်ဘက်ကင်းတယ်။ အလှဆိုတာ မစမ်းနွဲ့တစ်ယောက်ထဲမှာပဲ စုနေတယ်"

"ဟဲဟဲဟဲ . . . ဟဲဟဲဟဲ"

"တစ်ခုတော့ရှိတယ် အစ်ကို"

"ဟေ . . . ဘာလဲကွ၊ ပြော . . . ဆက်ပြောစမ်း"

"မစမ်းနွဲ့ကို ကြိုက်နေကြတဲ့သူ မှန်သမျှ မယားတရှုးတွေချည်းပဲ"

"ဟဲ . . . ဟဲ . . . ဟဲ၊ ဟိုက် . . . ဘာလဲကွ။ ဘာပြောတယ် မောင်တူး၊ မင်းငါ့ကို မယားတရှူးလို့ ဆိုလိုတာပေါ့"

စံမင်း လက်သီးလက်မောင်းတန်း၍ ထိုးတော့မည်၊ ကြိတ်တော့မည့်ဟန်ဆောင်လိုက်သည်။ မောင်တူးက ပြန်ဖြေလိုက်မှ တသောသော ပွဲကျသွားကြသည်။

"အစ်ကိုကလည်း . . . စကားကို ဆုံးအောင်နားထောင်ပါဦး။ မယားတရှုးတွေချည်းပဲ အစ်ကိုတစ်ယောက်လွဲရင်လို့ ပြောတာပါ"

× × × × ×

"အစမ်းရယ် . . . သူများတွေကို ရောင်းမနေပါနဲ့တော့ဟာ။ ငါပဲ အကုန်လုံးဝယ်ပါ့မယ်။ ငှက်ပျောသီးတွေရော၊ လိမ္မော်သီးတွေရော၊ ကျွဲကောသီးတွေရော၊ ရောင်းတဲ့ဈေးသည်ကလေးကိုရော အားလုံး ငါပဲဝယ်ပါ့မယ်"

"အချစ်ကို စိတ်နဲ့မကြည့်ဘဲ၊ နှလုံးသားနဲ့မကြည့်ဘဲ မျက်စိနဲ့ကြည့်တတ်တဲ့သူကို မရောင်းနိုင်ပါဘော်"

"မျက်စိသက်သက်နဲ့ ကြည့်တဲ့အချစ်ဟာ အပေါ်ယံအချစ်ဆိုတာ ငါသိပါတယ်ဟာ။ ဒါပေမဲ့ စိတ်သက်သက်နဲ့ကြည့်ရင်လည်း မပြည့်စုံနိုင်ပါဘူး။ အချစ်ဆိုတာ မျက်စိနဲ့ရော၊ စိတ်နဲ့ရော၊ နှလုံးသားအသည်းနဲ့ရော သုံးမျိုးလုံးကြည့်ပြီးမှ ချစ်မိတာပါ"

"ယောကျ်ားတွေက ချစ်တယ်ဆိုတိုင်းသာ ပြန်ချစ်ရရင် မိန်းကလေးတစ်ယောက်ဟာ ဘယ်ဘဝများရောက်သွားမလဲ မသိပါဘူး"

"ယောကျ်ားတွေကို မချစ်ပါနဲ့ဟာ၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်းကိုပဲ ငါ့တစ်ယောက်တည်းကိုပဲ ချစ်ပါ''

''ဟင်းဟင်းဟင်း ... ခစ်ခစ်ခစ်၊ စဉ်းစဉ်းစားစားလည်းပြောပါ ကိုလိပ်မျိုးရယ်။ အရွှံးထွက်နစ်နာသွားပါဦးမယ်''

''အချစ်အတွက်ဆို နစ်နာချင် နစ်နာပါစေတော့ကွယ်''

''ပြောလေဆိုးလေပါလားနော်''

''ဝိုင်းဝိုင်းလည်နေတဲ့သူတွေက ရဲဆိုရင်လည်း အရစ်တွေ အပွင့်တွေနဲ့။ ကုန်သည်တွေဆိုရင်လည်း ငွေနဲ့ကြေးနဲ့ ဆိုင်နဲ့ကနားနဲ့။ ငါကတော့ ရဲသားလေး သက်သက်၊ မျက်နှာငယ်လေးသက်သက်။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ပညာနတ္ထိ ဘာမှမရှိတဲ့ မက်စရာဆိုလို့ ဘာမှမရှိတဲ့လူဆိုတော့ ချစ်လို့သာ ချစ်တဲ့အကြောင်းပြောရတာပါ။ မျှော်လင့်ချက်ဆိုလို့ တစ်ရာခိုင်နှုန်းထက် မများဘူးဆိုတာ ငါအစကတည်းက သိပြီးသားပါ။ ဒါပေမဲ့ ချစ်မိပြီဆိုတော့လည်း နောက်မဆုတ်ချင်ဘူး''

''မိန်းမသားဆိုတာ အားကိုးရာကို တစ်ချိန်မှာ ရှာကြရတာပါပဲ။ ဒီတော့ ရာထူးဆိုတာလည်း မက်ရတာပါပဲ၊ စည်းစိမ်ဥစ္စာ,ပညာဆိုတာလည်း ထည့်တွက်ရတာပဲ။ ရွှေဘုံပေါ်မှာလည်း စံချင်တာပဲ။ စိတ်နေသဘောထားကိုလည်း ထည့်တွက်ရမှာပဲလေ''

''ယောက်ျားတိုင်းပဲ မိန်းကလေးတစ်ယောက်က အားကိုးနိုင်လောက်အောင် ရာထူးရော၊ ပညာရော၊ ဥစ္စာရော ရှိချင်၊ ပြည့်စုံချင်ကြတာပဲ။ ငါကတော့ လယ်သမားရဲ့သားမို့ ဆင်းရဲတယ်၊ ဒါပေမဲ့ ငါ့မှာ အရင်းအနှီးပေါ့တော့ အများကြီးရှိပါတယ်။ ရွှေငွေတော့မဟုတ်ဘူး''

''ရွှေငွေမဟုတ်ရင် ဘာအရင်းအနှီးတွေလဲ''

''သဘာဝပေးတဲ့ အရင်းအနှီးတွေပေါ့ အစမ်း''

''ဘာတွေလဲ ဆိုစမ်းပါဦး။ စိတ်ဝင်စားရာပဲ''

''အချိန်ကို တန်ဖိုးရှိအောင် အသုံးချတတ်တဲ့ အရင်းအနှီး၊ ငါ့ရဲ့မွေးရာပါ အားခွန်ဗလ အရင်းအနှီး၊ ဖွဲ့လုံ့လဝီရိယဆိုတဲ့ ကြိုးစားမှုအရင်းအနှီး၊ အကြံကောင်းဉာဏ်ကောင်း အရင်းအနှီး၊ မိတ်ဆွေသင်္ဂဟအရင်းအနှီးတွေပဲပေါ့''

''အများကြီးပါလား''

''အများကြီးပါပဲ။ ကဲ .. ငါသွားတော့မယ်၊ ငါ့ဆရာ ရဲကြပ်ကြီးလာနေပြီ''

''ရဲကြပ်ကြီးလာတာနဲ့ ဘာဆိုင်လို့လဲ''

''ငါ့ရှိတော့ ငါ့ဆရာက နင့်ကို စကားပြောရတာ ရှက်နေ၊ ကြောက်နေမှာစိုးလို့ပေါ့။ မျက်နှာကြီးလာတော့ မျက်နှာငယ်က ရှောင်ပေးရတော့မှာပေါ့။ သူလည်း လူလွတ်လူပျိုပဲဟာ''

စံမင်းတစ်ယောက် သည့်လို ခနိုးခနဲ့ တော့စကား၊ ငေါ့စကားပြောပြီး အမြန်ပြန်ထွက်လာခဲ့သည်။ သို့ပေမင့် မစမ်းနွဲ့၏ လှပသော မျက်စောင်းကလေးကိုတော့ မြင်ဖြစ်အောင် မြင်လိုက်ရပါသေးသည်။

× × × × ×

အချစ်ရေး ပဟေဠိဖြစ်နေစဉ်မှာပင် တာဝန်တစ်ရပ်ကြောင့် နယ်ပြောင်းရလေပြီ။

ပုန်းညက်ပင်ကျေးရွာရှိ ဆန်စက်ကြီးသို့ သောင်းကျန်းသူများက သက်ကြေးတောင်းသဖြင့် သွားရောက်စောင့်ရှောက်ရလေသည်။

ရဲကြပ်ကြီးတစ်ယောက်နှင့် စံမင်းအပါအဝင် တပ်စိတ်တစ်စိတ်ကို တာဝန်ပေးသည်။ ဆန်စက်ကြီးအနီးတွင် ကင်းတဲတစ်လုံးဆောက်၍ တပ်ဝိုင်းကို ရဲကြပ်ကြီးအောင်ဘွင့်က အုပ်ချုပ်သည်။ ကျန်တစ်လုံးတွင် စံမင်းကွပ်ကဲရသည်။

နယ်သို့ပြောင်းလာ၍ လူက ပုန်းညက်ပင်တွင် ရှိနေသော်လည်း စိတ်ကမူ မစမ်းနွဲ့ထံ ကျန်ရစ်နေခဲ့သည်။ ပြောင်းရွှေ့ခါနီးမှာ သွားရောက်နှုတ်ဆက်သောအခါ မစမ်းနွဲ့အနေဖြင့် တစ်စုံတစ်ရာ မျက်နှာထားပြောင်းလဲမှုမရှိ၊ ပကတိပြုံးပြုံးရွှင်ရွှင်နှင့်ပင် စကားပြောလိုက်ခြင်းအတွက် စံမင်း စိတ်မကောင်း။

တကယ်တမ်း ... မိမိအပေါ်တွင် သံယောဇဉ်ရှိသည်ဆိုလျှင် မစမ်းနွဲ့၏ မျက်နှာပေါ်တွင် ဝမ်းနည်းရိပ်၊ ညှိုးငယ်ရိပ် ထင်ရပေမည်။ ယခုကား ဘာမှ မထူးခြားသလိုသာ ပြောဆိုဆက်ဆံလိုက်သည်။ စကားတစ်ခွန်းနှင့်ပင် တော့လိုက်၊ ငေါ့လိုက်သေးသည်။

''ဆန်စက်မှာ သွားစောင့်ရမယ်ဆိုတော့ ကောင်းတာပေါ့နော် ကိုစံမင်း။ ဆန်စက်ဆိုရင် ဆန်စက်အလုပ်သမချောချောလေးတွေ ပေါမယ်။ ပုန်းညက်ပင်ရွာက အိမ်ခြေလေးငါးရာရှိတယ်ဆိုတော့ ကွမ်းယောင်ကိုင်၊ ပန်းခေတာင်ကိုင်မကလေးတွေလည်း အများကြီးရှိမယ်''

ဆန်စက်ကင်းတုပ်ဆိုတော့ စံမင်းအဖော်မှာ ပလွေတစ်ချောင်းသာ ရှိသည်။ ပျင်းပျင်းရှိလျှင် ပလွေကလေးမှုတ်၍ ကြူရသည်။ တပ်ကြပ်ကြီးအောင်ဘွင့်ကဆိုသည်။

''ဘာလဲကွ စံမင်းရ၊ ပလွေမှုတ်နေတာ မြွေတွေလာအောင် ခေါ်နေတာလား''

''မြွေတွေလာအောင် မဟုတ်ပါဘူးဆရာ။ သောင်းကျန်းသူတွေလာအောင် ခေါ်နေတာ''

''ဟာ ... ပေါ်စပ်ပုံကြီးနဲ့ မလုပ်ပါနဲ့ဟ၊ တကယ်လာနေပါဦးမယ်''

''လာရင် လာပေါ့ဆရာ။ လာရင်လည်း ဆော်လွှတ်လိုက်မှာပေါ့။ ကဲ ... လာမှလာလည်း မြန်မြန်လာအောင် တစ်ခေါ်လိုက်ဦးမယ်''

www.burmeseclassic.com

စံမင်း ပလွေကို ဆက်မှုတ်နေသည်။ ရဲကြပ်ကြီးအောင်ဘွင့်က ပြုံးကြည့်၍ မှာသည်။

"စံမင်း ... မင်းကို အားကိုးပြီး ဒီမှာ ကွပ်ကဲခိုင်းတာ။ မင်းကိုတော့ စိတ်ချပါကွာယ်။ ဒါပေမဲ့ သတိဆိုတာ ပိုတယ် မရှိဘူး"

"စိတ်ချပါဆရာ။ ပတ်ဝန်းကျင်ဘဝိုက်။ ရွာတစ်ဝိုက် အနေအထားတွေ လေ့လာပြီး ခုမှ ပြန်ရောက်ခါစပဲ ရှိပါသေးတယ်။ အလွမ်းပြေ ပလွေမှုတ်နေတာပါ"

"အေးပါကွာ။ မင်းဘယ်တုန်းက အပြစ်ပြောခံရဖူးသလဲ။ မင်းအကြောင်း ငါသိပါတယ်။ သတိကတော့ အမြဲတမ်း ပေးနေရမှာပဲကွ။ ငါကင်းဘုတ် ငါပြန်မယ်။ မင့်ကင်းဘုတ် မင့်တာဝန်ပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

နေဝင်သွားပေပြီ။ ပတ်ဝန်းကျင်တစ်ခုံ အမှောင်ထုက လွှမ်းမိုးလာလေပြီ။ ပတ်ဝန်းကျင်တစ်ခု ငြိမ်သက်တိတ်ဆိတ်မှုက ကြီးစိုးနေသည်။

× × × × ×

တဖြည်းဖြည်း ညဉ့်နက်လာသည်။ ဆန့်စက်မှ နာရီသံမျှောင်း တစ်ဆယ့်တစ်ချက် ခေါက်သံကြားရသည်။

ထိုအချိန်၌ပင် မှန်ညာက်ပင်ရွာထဲမှ ခွေးဟောင်သံများ ကြားလိုက်ရသည်။ အဆက်မပြတ် ဆူညံစွာ ဆက်၍ဟောင်နေကြသည်။

စံမင်း ဝေနတ်ကို အဆင်သင့် ပြင်လိုက်သည်။ ရွာဘက်ဆီသို့ နားစွင့်နှင်း မျှော်ကြည့်လိုက်သည်။ ဆန်စက်ကြီးကား ရွာအပြင်ဘက် မလှမ်းမကမ်း၌ တည်ရှိသည်။ ရွာဘက်သို့ အဓိကမထား မူ၍ ရွာအပြင်ဘက်လယ်ကွင်းများဘက်သို့သာ အဓိကထားဦးတည်၍ စောင့်ကြသည်။

"ကင်းသမားတွေ သတိထားစောင့်နော်။ ခွေးဟောင်သံဟာ ထူးခြားတယ်"

မကြာပါ၊ မကြာလှပါ။ မိနစ်ပိုင်းအတွင်းမှာပင် ကင်းဘုတ်နှင့် မလှမ်းမကမ်း အမှောင်ထဲမှ ခပ်တိုးတိုး ခေါ်သံတစ်သံကိုကြားရသည်။

"ဆရာ .. ဆရာ ... ဆရာတို့၊ ဆရာတို့"

"ဟေ့ ... ဘယ်သူလဲ"

"ရွာ ... ရွာထဲမှာ ဓားပြတွေ ဝင်တိုက်နေကြပါတယ်"

"အခုလာပြောတာ ဘယ်သူလဲ"

"တိုးတိုးပြောပါ၊ တိုးတိုးမေးပါ။ သူတို့ကြားသွားပါဦးမယ်။ အခုလာတာ လူထွားနဲ့ မြတ်လှပါ"

"လာ ... ကင်းဘုတ်ထဲကို ဝင်ခဲ့ကြ။ လက်မြှောက်ပြီးဝင်ခဲ့"

"မြန်မြန်လုပ်ပါ ဆရာတို့ရဲ့။ ကျွန်တော်တို့ ဝင်နေစရာမလိုပါဘူး။ ဆရာတို့ ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ကြပါ။ သူတို့ထွက်သွားကြတော့မယ်"

"ဟေ့ ... မင်းတို့ခေါ်တိုင်းမလိုက်နိုင်ဘူးကွ။ မင်းတို့အရင်ဝင်ခဲ့ကြ"

"ကျွန်တော်တို့အသံကို မှတ်မိကြရဲ့သားနဲ့ ဆရာတို့ရယ်။ မြန်မြန်လိုက်ခဲ့ကြပါဗျာ"

"ဟေ့ ... မင်းတို့ဆက်ပါးလို့ ရဲ လုပ်နေတာ။ မင်းတို့မှန်မှန်နဲ့သာဆိုရင် ငါတို့ဆီဝင်ခဲ့၊ မင်းတို့နဲ့အတူ ငါတို့လိုက်ခဲ့မယ်"

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဒက်ဒက်ဒက် ... ဒက်ဒက်ဒက်"

"ဒုတ်ဒုတ်ဒုတ် ... ဒုတ်ဒုတ်ဒုတ်"

"ဖန်းဖန်းဖန်း ... ဖန်းဖန်းဖန်း"

ရန်သူများဘက်မှ လက်နက်မျိုးစုံဖြင့် စတင်ပစ်ခတ်လေပြီ။ သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

စံမင်းတို့ ကင်းဘုတ်မှလည်း တရစပ် ပြန်လည်ပစ်ခတ်လိုက်သည်။ သေနတ်သံများ ပြောင်းဆန်အောင် ထွက်ပေါ်လာသည်။ ညတိုက်ပွဲဖြစ်၍ သေနတ်ပြောင်းဝမှ မီးများ ပွင့်၍ပွင့်၍ထွက်နေသည်ကိုသာ မြင်ကြရသည်။

မီးပွင့်ရာနေရာများဆီသို့ စက်ကလေးဖြင့် ဆဲမွှေ့သည်။ ရန်သူရှိမည့်နေရာ၊ အကာအကွယ်ယူနိုင်သည့်နေရာများကို စိတ်ထဲ၌ ကျက်မှတ်ထားသည့်အတိုင်း နေရာခွဲ၍ သဲကြီးမဲကြီး ပစ်ခတ်နေသည်။

ပစ်ခတ်ရင်းပင် စိတ်ထဲတွင် ပြုံးမိလေသည်။

ရန်သူတို့သည် လှည့်ကွက်နှင့် လာကြခြင်းပါတကား။ ရွာထဲတွင် ဓားပြတိုက် ယောင်ဆောင်သည်၊ တကယ်လည်း တိုက်ချင်တိုက်မည်။

တကယ်တိုက်သည်ဖြစ်စေ၊ တိုက်ယောင်ဆောင်သည်ဖြစ်စေ ရွာထဲမှ အကူအညီ လာရောက်တောင်းဟန်ဆောင်ထားသည်က အမှန်ဖြစ်၏။

အကယ်၍ တွေးတောဆင်ခြင်ခြင်း မရှိဘဲ ကင်းဘုတ်ထဲမှ ထွက်၍လိုက်သွားချေသော် ရန်သူဆင်ထားသော ထောင်ချောက်စက်ကွင်းအတွင်းသို့ တန်းတန်းမတ်မတ် သက်ဆင်းမိပေတော့မည်။ ကင်းဘုတ်နှင့် ရွာစပ်ကြား ကွင်းပြင်တွင် ရန်သူ၏ အမဲဖျက်ခြင်းကို ခံရပေတော့မည်။

ရွာအပေါက် သံယောဇဉ်ကြီးမားကာ သွေးပူပူဖြင့် ထွက်လိုက်မသွားမိခြင်းမှာ များစွာ ကံကောင်းသွားသည်။

တိုက်ပွဲသည် အချိန်မကြာလှပါ။ မိနစ်နှစ်ဆယ်ခန့် အပြင်းအထန် ပြန်လှန်ပစ်ခတ်ကြပြီး ရန်သူများ ဆုတ်ခွာသွားကြပြီလင်သည်။ မှန်းချက်နှင့် နမ်းကွက် မကိုက်မှန်း သိသွားကြပြီ။

သောင်းကျန်းသူတို့ဘက်မှ တိတ်ဆိတ်သွားကြပြီး ဆယ်မိနစ်ခန့်အကြာ

www.burmeseclassic.com

"ဆရာတို့ . . . ဆရာစံမင်း၊ ကျွန်တော် မြတ်လှပါ။ လူထွားလည်း ပါပါတယ်"

"လာပြန်ပြီလားကွ . . . လူထွားနဲ့ မြတ်လှ"

"မပစ် . . မပစ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ ဆရာတို့ဆီလာပါရစေ"

"လာ . . . လက်မြှောက်ပြီးလာ"

နှစ်ယောက်သား လက်မြှောက်ပြီး ကင်းဘုတ်ရှိရာသို့ ကပ်လာကြသည်။ စံမင်းက ဆီး၍မေးသည်။

"စောစောကလည်း မင်းတို့အသံတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ သူတို့က အဲဒီလိုပြောပြီး ခေါ်ရမယ်ခိုင်းလို့ ခေါ်ရတာပါ။ ဆရာတို့များ ထွက်လိုက်လာမလားဆိုပြီး ကျွန်တော်တို့ သွေးပူနေတာ၊ ရွာကိုတော့ ရန်မရှာပါဘူး။ ဆရာတို့ကိုသာ အပိုင်စီးဖို့ကြံတာ။ အခုအပိုင်စီးလို့ မရမှ ရွာထဲမှာ ဓားပြတိုက်ပြီး ထွက်သွားကြပြီ"

"ဓားစာခံ ခေါ်သွားကြသေးလား"

"မခေါ်ပါဘူးဆရာ၊ မခေါ်ဘဲထွက်သွားကြပါပြီ"

"မင်းတို့ပြောတာ အမှန်နော်။ ငါတို့ကို တစ်ပတ်ရိုက်ရင် မင်းတို့ကို ပစ်သတ်မယ်ဆိုတာ မင်းတို့နားလည်လား"

"သတ်ပါ ဆရာ . . .။ သူတို့တစ်ယောက်မှ မရှိတော့ပါဘူး"

ကင်းဘုတ်တွင် အစောင့်နှစ်ယောက် စီထားခဲ့ပြီး စံမင်းတို့ ထွက်၍လိုက်ကြသည်။ ရွာတွင်းသို့ အရင်ဝင်၍ စစ်ဆေးကြသည်။

× × × × ×

မိုးလင်းလုအချိန် . . .။

သောင်းကျန်းသူတို့ ဆုတ်ခွာသွားသည့်လမ်းကြောင်းအတိုင်း လိုက်သော်လည်း မမီတော့။ အရာမရောက်တော့၊ မိနစ်နှစ်ဆယ်လောက် အချိန်ကကွာဟသွားသည်။ သောင်းကျန်းသူများက စက်လှေဖြင့် ထွက်ခွာသွားကြခြင်းဖြစ်၍ နောက်ကလိုက်စရာ ဘာရေယာဉ်မှမရှိ။ ရှိသောနေရာအထိသွား၍ ဆက်လိုက်လျှင်လည်း အကျိုးမရှိနိုင်တော့ပြီ။

အဓိက တာဝန်ပေးထားသည်မှာ ဆန်စက်ကို စောင့်ရန်သာ ဖြစ်လေရာ စံမင်းတို့ တပ်ခေါက်၍ ပြန်ခဲ့သည်။ အဖြစ်အပျက်ကို အထက်သို့ အစီရင်ခံလိုက်သည်။ ခဲယမ်းမီးကျောက်များ ထပ်မံဖြည့်တင်းပေးရန်လည်း ပန်ကြားလိုက်ရသည်။

သောင်းကျန်းသူအဖွဲ့သည် ဘိုကျားအဖွဲ့ဖြစ်သည်ဟု သိရှိရသည်။ မကြာမီ ရဲတိုက်ကင်းအဖွဲ့များ ရောက်ရှိလာကြသည်။ နယ်မြေကျွမ်းကျင်သော စံမင်းနှင့်အတူ တိုက်ကင်းလှည့်ကြသည်။

တောရှင်းသည့်ပမာ တစ်ရွာဝင် တစ်ရွာထွက် ဖြစ်သည်။ သောင်းကျန်းသူတို့ နယ်ကျဉ်းသွားစေသည်။ စံမင်းတို့က တိုက်ကင်းကို ဖိဖိစီးစီး လှည့်လေလေ သောင်းကျန်းသူများ ပင်လယ်ဘက်ထွက်လေလေ ဖြစ်သည်။ ယခုလည်း ပင်လယ်ဘက်သို့ ထွက်သွားကြလေပြီ။

သည်အချိန်၌ ပြဿနာတစ်ခုက တက်လာပြန်သည်။

ရှင်းလင်းသွားသော သောင်းကျန်းသူမျှးနေရာတွင် ဓားပြများ တစ်စခန်းထလာကြခြင်းပင် ဖြစ်သည်။ မြွေမပူတော့ပြီဖြစ်၍ ကင်းများခေါင်းထောင်လာကြခြင်းပင်။

ဓားပြတွေက တစ်ရွာပြီးတစ်ရွာ ဝင်၍တိုက်သည်။ နှစ်ရက်ခြား၊ သုံးရက်ခြား တိုက်သည်။ အတိုက်ခံရသည့်ရွာသို့ သွားရောက်စစ်ဆေးနေစဉ် ငုံစမ်းနေချိန်၌ နောက်တစ်ရွာသို့ ဝင်၍တိုက်ပြန်သည်။

စံမင်းစိတ်မချမ်းမသာ ဖြစ်ရသည်။ သောင်းကျန်းသူတို့ကို ကင်းရှင်းအောင် ပြုလုပ်နိုင်သဖြင့် ရထားသော နာမည်ကောင်းကလေးပင် ပျက်ရပျောက်ရတော့မည့် အခြေဆိုက်နေပြီဖြစ်သည်။

တစ်ခုခုတော့ လုပ်မှဖြစ်တော့မည်လေ။

× × × × ×

စံမင်းတစ်ယောက်တည်း လျှို့ဝှက်စွာ စုံထောက်ပြီး ဓားပြဂိုဏ်း၏ သဲလွန်စကို သဲကြီးမဲကြီးလိုက်ပြီ။

လဝက်နီးပါးကြာမှ ခြစ်မြစ်ကို သွား၍တွေ့သည်။ ဓားပြများသည် လယ်တဲတစ်တဲတွင် နေထိုင်သော မောင်မှော်၏တဲ၌ စခန်းချကြသည့်အကြောင်း။

စံမင်း မောင်မှော်ကို လူလွှတ်ပြီး အခေါ်ခိုင်းသည်။

လယ်တဲတစ်တဲတွင် မောင်မှော်နှင့် နှစ်ယောက်တည်း တွေ့ကြသည်။

"မောင်မှော်ဆိုတာ မင်းလားကွ ညီလေး"

"ဟုတ် . . . ဟုတ်ပါတယ်ဆရာ"

"အေး . . . အေး . . . ထိုင်ကွာ။ သောက်လည်းသောက်၊ စားလည်းစားကွ"

"ဟုတ် . . . ဟုတ်ကဲ့ဆရာ"

စံမင်းက ဘဲဥပန်းကန်လုံးလေးထဲ အရက်ငှဲ့ပေးသည်။ ကြက်သားဟင်းခွက်ကို ရှေ့သို့တိုးပေးသည်။ သည်လိုပြည့်စုံရင်းဖြင့် မောင်မှော်ကို အကဲခတ်သည်။

သူက ခရေရာထားသော အရက်ခွက်ကို မော့လိုက်သည်။ ကြက်သားတစ်တုံးကို နှိုက်လိုက်သည်။ ကြက်သားကို ငါးရင်း စကားစသည်။

"အခု အစ်ကိုလာတာ ငါ့ညီနဲ့ အစ်ကို အပေးအယူလုပ်ရောင်းလို့လာတာကွ"

"ဟုတ်ကဲ့အစ်ကို ပြောပါ၊ ဘာများပါလဲ"

"ဘာများလဲဆိုတော့ . . . ဓားပြ

www.burmeseclassic.com

ငကျော်စွာတို့သုံးယောက်အကြောင်း မင်းကောင်းကောင်းသိတယ်မဟုတ်လား''

''ဟုတ် ‥ ဟုတ်ကဲ့။ သိပါတယ်အစ်ကို။ သိရုံတင်မကပါဘူး။ ကျွန်တော့်တဲမှာ အမြဲစတည်းချကြတဲ့သူတွေပါ။

''အေးပါ၊ ငါက ရဲပဲ။ ဒါတွေအားလုံးသိလို့ မင်းကိုခေါ်နိုင်းလိုက်တာ''

''ဟုတ် ‥ ဟုတ်ကဲ့''

''ငါ့ညီ သိမှာပေါ့။ စားပြလက်ခံမှုနဲ့ မင်းကို အခုချက်ချင်းဖမ်းချုပ်လို့ရတယ်ဆိုတာ''

''သိ ‥‥ သိပါတယ်အစ်ကို။ ကျွန်တော်လည်း သူတို့ကို ကြောက်လို့ လက်ခံရတာပါ''

''အေး ‥‥ သူတို့ကို မိအောင်ဖမ်းတဲ့နေရာမှာ မင်းအကူအညီလိုတယ်''

''ဘယ်လိုကူညီရမလဲ အစ်ကို''

''သူတို့လာရင် အရက်တိုက်မြဲတိုက်၊ ချက်ပြုတ်ကျွေးမြဲကျွေး။ အဲ ‥‥ သူတို့စားမယ့်ဟင်းထဲမှာ ဆေးခြောက်ခတ်၊ ဆေးခြောက်မူးတဲ့အချိန်မှာ အစ်ကိုတို့ကို မီးနဲ့အချက်ပြ၊ အစ်ကိုကို့ လာဖမ်းမယ်''

''ဟုတ် ‥‥ ဟုတ်ကဲ့''

''မင်းကို အစ်ကိုက ဖမ်းလည်းမဖမ်းဘူး၊ ချုပ်လည်းမချုပ်ဘူး၊ ထောင်လည်းမချဘူး၊ မကျစေရဘူး''

''ဟုတ် ‥‥ ဟုတ်ကဲ့အစ်ကို၊ စိတ်ချပါ''

''ကဲ ‥‥ ဒီကိစ္စမှာ တို့တစ်တွေ ညီအစ်ကိုတွေလို ဖြစ်သွားကြပြီ သောက်၊ သောက်ကွ ညီလေး။ စားလည်းစားကွ ညီလေး''

စံမင်း သည်လိုပြောတော့မှ ညှိုးငယ်နေသော မောင်မှော် မျက်နှာပြန်လည်ကြည်လင်၍ တည်ငြိမ်လာသည်။ စံမင်းနှင့်အတူ စကားတပြောပြောနှင့် အရက်ဆက်သောက်ကြသည်။

× × × × ×

စံမင်း ရဲကင်းဆုတ်သို့ ပြန်လာသည်။

ညတိုင်းပင် မောင်မှော်၏ တဲဘက်သို့သွားကာ သတိထားအာရုံပြု၍ စောင့်ကြည့်ကြသည်။ တစ်ယောက်တစ်လှည့် စောင့်ကြည့်ကြရခြင်းဖြစ်သည်။

သုံးရက်မြောက်သောနေ့ ညဆယ့်တစ်နာရီခန့်တွင်ကား မောင်မှော်၏တဲဆီမှ မီးတုတ်ဖြင့် အချက်ပြသည်ကို တွေ့မြင်ရသည်။ စံမင်းက သေနတ်ကိုဆွဲပြီး ရဲဘော်လေးယောက်နှင့်အတူ ထွက်လာသည်။

ညက မှောင်မည်းနေသည်။ ကြယ်ရောင်ကို အားကိုးပြီး ခပ်သုတ်သုတ်ချီတက်ရရာ လမ်းတွင် ခဏခဏလုတ်တိုက်၍ လဲသည်။ မောင်မှော်၏တဲ မရောက်မီ ခပ်လှမ်းလှမ်းကပင် တဲကို ဝိုင်းလိုက်သည်။

သို့ရာတွင် မောင်မှော်ကား တဲထဲသို့ ပြန်၍မဝင်။ မီးတုတ်ကို ကိုင်လျက် တဲအပြင်တွင်ပင် မတ်တတ်ရပ်နေသည်။

စံမင်းက တဲအနီးသို့ တဖြည်းဖြည်းတိုးကပ်သွားသည်။ လယ်ကန်သင်းကို အကာအကွယ်ယူလျက် မှောက်ပြီး တိုးတိုး လှမ်းမေးသည်။

''ဟေ့ ‥‥ မောင်မှော်၊ မောင်မှော်။ ငါရောက်လာပြီကွ''

''ဟား ‥‥ ဟား ‥‥ ဟား။ လာကြပါ အစ်ကိုတို့။ အစ်ကိုတို့ကို သူတို့က ဘာမှ အန္တရာယ်မပေးနိုင်တော့ပါဘူး''

''ဟ ‥‥ ဘာ့ကြောင့်လဲကွ။ သူတို့ အိပ်ပျော်နေကြပြီလား''

''ဟုတ်တယ်၊ အတုံးအရုံးအိပ်ပျော်ကုန်ကြပြီ။ လောကကြီးကို ဘာမှသတိမရကြတော့ဘူး''

''မင်းက ဆေးခြောက်တွေ သိပ်ခတ်လိုက်လို့လား''

''ဟုတ်ကဲ့ ‥ လာ ‥ လာကြပါ''

သတိကို ကိုယ်နှင့်မကွာထားပြီး စံမင်းက သူ့လူတွေကို အချက်ပြလိုက်သည်။ တဲအနီးသို့ ပြေး၍ ချဉ်းကပ်ကြသည်။ သည်မှာ မောင်မှော်က သူ့မီးတုတ်ကြီးဖြင့် တဲထဲသို့ အလင်းရောင်ပေးလိုက်သည်။

''ဟိုက် ‥‥''

တဲထဲတွင် လူသုံးယောက် အလုံးအရင်းလဲကျနေသည်။

တစ်ယောက်မှာ မှောက်ခုံ၊ တစ်ယောက်မှာ ပက်လက်၊ ကျန်တစ်ယောက်မှာ ဘေးစောင်းတိုက်အနေအထားနှင့် ဖြစ်သည်။

တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေကြသည်။ ခန္ဓာကိုယ်အနှံ့အပြား ဓားဒဏ်ရာတွေ ဗရပွဖြင့် မွနေသည်။

''ဟ ‥‥ မောင်မှော်၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ''

''အစ်ကိုတို့အလာကို စောင့်နေရင် လွတ်ထွက်သွားနိုင်တယ်။ မသေချာသလိုကြီး စိတ်ထဲမှာဖြစ်နေလို့ သူတို့အားလုံးကို ခုတ်သတ်ထားလိုက်ရတာ။ ကိုယ့်ကိုသတ်မယ့်သူတွေမို့ ကိုယ်ကပဲ ဦးအောင်၊ သေချာအောင် လုပ်လိုက်ရတာပါ''

× × × × ×

ဤအဖြစ်အပျက်တို့အား အထက်သို့ အစီရင်ခံလိုက်သည်တွင် စကားတစ်ခွန်း သဲ့သဲ့ကြားလိုက်ရသည်။ ''ရဲသား စံမင်းသည် ရဲတပ်ကြပ်ကြီး ဆားပုလင်းတာဝန်ကို ထမ်းဆောင်နိုင်သည်''ဟူ၍ 'အရင်းအနှီးဖြင့် သတင်းကြီးသူ'ဟူ၍။

စံမင်းစိတ်ထဲတွင် ဆားပုလင်းရာထူးရရှိစဉ် အာရုံထဲသို့ ရောက်လာသော မိန်းကလေးကား ပြုံးရယ်၍ အလွန်ချစ်စရာကောင်းနေသော မစမ်းနွဲ့၏ မျက်နှာကလေးပင် ဖြစ်ပါတော့သည်။

မြင့်ဦးဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြွေပွေးကလည်း မြွေပွေး ဖားကလည်း ဖား

ကောင်းမြတ် (ခရာတော)

ကျုပ် သူနဲ့ ထိပ်တိုက်မတွေ့အောင် အမြဲရှောင်ပါတယ်။ ခက်တယ်ဗျာ။ ကျုပ်ဘက်က ဘယ်လောက်ပဲရှောင်ရှောင် သူ့ဘက်က အမြဲတမ်း ကျုပ်နဲ့ ထိပ်တိုက်လာလာတွေ့နေတယ်။ ပြီးခဲ့တဲ့ ဆောင်းတွင်းကလည်း တစ်ကြိမ်တွေ့ပြီးပြီ။ တကယ်တော့ ကျုပ်ထက်စာရင် သူ့မှာ အစစအရာရာ ပြည့်စုံပြီးသားပါ။ စားစရာဆိုလည်း ကျုပ်ထက်ပေါလွန်းပါတယ်။ ကျုပ်မှာက ဒီအစားအစာလေးကိုပဲ ရာသီစာအဖြစ် စားနေရတာ။ အဲဒါကိုပဲ လာလာပြီး လုနေတော့ ခက်တယ်။

ကျုပ်တို့အညာမှာ ဆောင်းအခါဆိုပုရစ်တွေဆိုတာ စက်ရုံဘေး လမ်းဘေးက မီးတိုင်တွေအောက်မှာဆို မည်းမည်းကိုလှုပ်လို့။ အဲဒီ ပုရစ်တွေကို လာလာပြီး စားနေတဲ့ ဖားတွေကို ကျုပ်ကလည်း အသေကြိုက်။ တွေးကြည့်လေဗျာ။ ဖားကိုမကြိုက်တဲ့ မြွေရယ်လို့ ရှိပါ့မလား။ သူကတော့ လွန်ကိုလွန်တယ်။ ကျုပ်ကြိုက်တဲ့ ဖားလည်းကြိုက်တယ်။ ဖားကကြိုက်တဲ့ ပုရစ်ကိုလည်း ကြိုက်တယ်။ ကဲ . . . မခက်ဘူးလား။ ဒါပေမဲ့ သူကအလင်းကလာတဲ့သူ၊ ကျုပ်က အမှောင်ထဲမှာ နေရတဲ့သူ။ ဘယ်မှာ သူ့ကိုယှဉ်ရဲပါ့မလဲ၊ သည်တော့ ကျုပ်ကပဲ ရှောင်ခဲ့ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အဲ ... မိုးဦးကျပြီ ဆိုပြန်တော့လည်း သူ့ကိုပဲ ရှောင်ရှောင်နေရတယ်။ မိုးဦးကျပြီဆို ဖားတွေက ငွီငွီငွမ်ငွမ်၊ တက်တက်တက်နဲ့ အော်ပြီ။ ဖားအော်သံကြားရရင် ကျုပ်တို့ကလည်း အကြိုက်ပေါ့။ နတ်တို့ဖန်၊ ရေကန်အသင့်၊ ကြာအတင့်။ မိုးရေစပ်စပ်လေးထဲ ထွက်လာတဲ့ ဖားလေးတွေ၊ မိုးရေနဲ့အတူ မြူးပျော်နေတဲ့ ဖားလေးတွေကို လျှာခနဲ ပြေးသွားပြီး ဆတ်ခနဲ ကိုက်ယူဝါးမျိုလိုက်ရုံပဲ၊ ကဲ ... ကြည့်။ ကျုပ်စားချင်နေတဲ့ ဖားတစ်ကောင်ကို အလစ်ချောင်းပြီး ကန်သင်းရိုးဘေးကနေ မှေးပြီးကြည့်နေတုန်း ဖြုန်းခနဲဆို ကိုယ့်ဆရာက ကျုပ်ရှေ့က ဓာတ်မီးတစ်လက်ကိုထိုးပြီး တုတ်တစ်ချောင်းနဲ့ အချက်ပိုင်ပိုင်ရိုက်၊ ကားခနဲဖြစ်သွားတဲ့ ဖားလေးကို ဆတ်ခနဲကောက်ယူပြီး သူ့လွယ်အိတ်ထဲ ကောက်ထည့်သွားတယ်လေ။

ကျုပ်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင် မထင်ဘူး။ ကျုပ်ဘယ်လောက်ခံပြင်းမလဲ စဉ်းစားကြည့်ပေါ့ဗျာ။ ကိုယ့်ပါးစပ်နားရောက်နေတဲ့ အစာကို ပုတ်ချခံရတာလေ။ သည်တော့ ကျုပ် သူ့ကို ပေစောင်းပြီးကြည့်နေမိတယ်။ ကျုပ်သည်းခံခဲ့ပါတယ်။ လုပ်ပလေ့စေပေါ့။ သူက လူကိုး။ ထားတော့။ တော်သလင်း။ သီတင်းကျွတ်လောက်ဆိုရင် ကျုပ်တို့အညာမှာ တောင်ပို့မှိုတွေက ပေါက်ပြီ။ မှိုဆိုတာ ပူအိုက်စွတ်စိုတဲ့ကာလ၊ ချောင်ကျကျနေရာတွေ၊ မြေဆွေးတွေ၊ အမှိုက်ပုံတွေ၊ ချုံတွေမှာ ပေါက်တတ်သလို၊ တစ်ခါတလေမှာလည်း တောင်ကုန်းတွေပေါ်က ဒဟတ်ပင်တွေ၊ ဝါးရုံတွေအောက်မှာ ပေါက်တတ်တာကလား။

ကျုပ်တို့သဘာဝကိုကလည်း မှောင်ပေ့ ချောင်ကျတဲ့နေရာတွေမှာသာ ကျက်စာလေ့ရှိတာကိုး။ သည်တော့ သူနဲ့ကျုပ်က ယိုးဒယားအကထဲက သမင်လိုက်ဆိုတာလို ဖြစ်နေတော့တာပေါ့။ ကျုပ်က အေးအေးဆေးဆေးအနားယူပြီး တစ်မှေးလောက်တော့ နှပ်လိုက်ဦးမယ်ဆိုပြီး စိတ်ကူးနေတုန်းရှိသေးတယ် ကျုပ်အနောက်ဘက် နဘူးချုံတွေကို တုတ်ရှည်ရှည်နဲ့ တဖြုန်းဖြုန်းရိုက်ပြီး လှမ်းလာတဲ့ ခြေထောက်တစ်စုံကို တွေ့လိုက်ရတယ်။

လားလား ... ဘယ်သူလဲမှတ်တယ်၊ လက်စသတ်တော့ ကိုယ့်ဆရာကိုး။ 'ငအေး' ဆိုတဲ့ ငနဲပေါ့။ ကျုပ်လည်း သူ့လက်ထဲက တုတ်ရန်ကို မနည်းရှောင်ကွင်းပြီး ချောင်ကျတဲ့ဘက်ကို လျှာခနဲ ပြေးထွက်ခဲ့ရတယ်။ အဝေးရောက်မှ လှည့်ကြည့်လိုက်တော့ ကျုပ်နေခဲ့တဲ့ နေရာနားက မှိုကျင်းထဲက တောင်ပို့မှိုတွေကို အားပါးတရနုတ်ပြီး သူ့လွယ်အိတ်ထဲ ထည့်နေတယ်လေ။ ဩော် ... မှိုရတဲ့ မျက်နှာဆိုတာ ဒါမျိုးမျက်နှာကို ခေါ်တာပါလားလို့ ကျုပ်တွေးလိုက်မိပါရဲ့။

♛ ◆ ♛

တစ်နှစ်မှာ သုံးရာသီရှိတဲ့အနက် အဲဒီသုံးရာသီလုံးလုံး ငအေးနဲ့ လွတ်တယ်ကိုမရှိဘူး။ မျှစ်ချိုးချိန်မှာလည်း သူနဲ့၊ မှိုပွင့်ချိန်မှာလည်း သူနဲ့၊ ပတတ်ထွက်ချိန်မှာလည်း ငအေးပဲ။ သည်ဆင်ကြပ်တောင်နဲ့ ယာတစ်ကြောမှာတော့ ငအေးကို ရှောင်ဖို့မလွယ်ဘူး။ သည်တော၊ သည်တောင်၊ သည်ယာတစ်ရိုးကို သူ့ကို များ အပိုင်စားပေးထားလေရော့သလား တောင် ထင်ရတယ်၊ တောထဲက ဝါးခုပ် ရောင်းတယ်၊ ဒဟတ်သား၊ သန်းသား ခုတ်၊ ထင်းလုပ်ရောင်းတယ်။ အလေ့ကျပေါက်တဲ့ သနပ်ခါးပင်ပေါက်တွေ တူးပြီး ရောင်းတယ်။

တစ်ခါတစ်ခါ မှုတ်ပြောင်းနဲ့ ချိုးထောင်တယ်။ ယာစပ်အဝင်တွေမှာ ယုန်ထောင်တယ်။ နောက် ပွေးကျင်းတွေ လိုက်တူးတယ်၊ တစ်တော၊ တစ်တောင်လုံး သူ့ခြေရာချည်းပဲ၊ အဲ ... ဘာမှမရတဲ့အဆုံး အင်ဖက်တွေခူးပြီး ဈေးမှာ ဈေးသည်တွေကို ရောင်းတယ်။ မနေ့က အဖြစ်ကတော့ ကျုပ်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ မလုပ်လို့ကလည်း မဖြစ်ဘူးလေ။ ကျုပ်ဘာသာ ဝက်ဖရုံပင်ချုံအောက်က ကျင်းတိမ်လေးမှာ မှေးကောင်းနေတုန်း ထုံးစံအတိုင်း ငအေးရောက်လာတယ်။

သူကြည့်ရတာ ဒီကနေ့ တွက်ခြေ

တစ်နှစ်မှာ သုံးရာသီရှိတဲ့အနက်
အဲဒီသုံးရာသီလုံးလုံး ငအေးနဲ့ လွတ်တယ်ကိုမရှိဘူး။
မျှစ်ချိုးချိန်မှာလည်း သူနဲ့၊ မှိုပွင့်ချိန်မှာလည်း သူနဲ့၊
ပတတ်ထွက်ချိန်မှာလည်း ငအေးပဲ။
သည်ဆင်ကြပ်တောင်နဲ့ ယာတစ်ကြောမှာတော့
ငအေးကို ရှောင်ဖို့မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com


ကိုက်ပုံမပေါ်ဘူး ထင်တယ်။ ကျုပ်အပေါ်က ဝက်ဖရုံပင်ချုံနွယ်ကို ဆေးလိပ်တိုမှာရှိန်း အဝေးက လှမ်းကြည့်နေတယ်။ နောက် ... ပုဆိုးကို တိုတိုပြင်ဝတ်လိုက်တယ်။ အပေါ်ပိုင်းကတော့ ထုံးစံအတိုင်း အင်္ကျီအပေါင်း ကျောပြန်နဲ့။ ခေါင်းမှာ ခမောက်အစုတ်ကို ဆောင်းလို့။ ဓားမကို ခါးမှာထိုးထားသေးတယ်။ ပြီးမှ ဆေးလိပ်တိုကို အဝေးကို လွှင့်ပစ်လိုက်ပြီး ကျုပ်ဆီကို တည့်တည့်လျှောက်လာတယ်။

ကျုပ်လည်း ဝက်ဖရုံရွက်ဆိုတာ ဝက်တွေသာစားတဲ့ အရွက်ဆိုတော့ အေးနဲ့တော့ လွတ်တန်ကောင်းရဲ့ဆိုပြီး ခပ်အေးအေးပဲ နေလိုက်တယ်။ ပြီးတော့ ကျုပ်ကျွင်းလေးရဲ့အပေါ်မှာလည်း အမှိုက်ပုံတွေရှိနေသေးတော့ အန္တရာယ်ကင်းလောက်တယ်ပေါ့။ ဒါကြောင့် ခပ်ငေါ့ငေါ့ နေလိုက်မိတယ်။

ကျုပ်ခွေပြီးအိပ်နေတဲ့ ခါးတည့်တည့်ပေါ်ကို လေးလံတဲ့အရာတစ်ခု ဖိထားခြင်းခံလိုက်ရတယ်။ သိတယ်မဟုတ်လား။ မြွေပွေးဆိုတာ လျင်တဲ့နေရာမှာ ယှဉ်ကောင်တောင် မလွတ်ဘူးလေ။ သည်တော့ ခါးကို ရှေ့ဆန်းလိုက်ပြီး ခေါင်းနဲ့ လှည့်ထွက်လိုက်တယ်။ ဒါပေမဲ့ ကျုပ်ခါးပေါ်က အရာက ကြွမသွားဘူး။ သည်တော့ ကျုပ်လည်း ဒေါသအကြီးအကျယ်ထွက်သွားပြီး ဆက်ကာဆက်ကာ ပေါက်ပစ်လိုက်တယ်။ သည်တော့မှ –

"အား"ခနဲ အော်သံနဲ့အတူ ကျုပ်ခါးပေါ်ကနေ ကြွသွားတယ်။

♛◆♛



ကြေးစည်သံတစ်ချက် ကြားလိုက်ရတယ်။

"အမလေး ... ကိုအေးရဲ့။ ကျေးရွာမှူးကြီးရေ ... မိသောင်းကို ကလေးခြောက်ယောက်နဲ့ ပစ်ထားခဲ့ပြီလားတော့။ အငယ်ဆုံးကောင် နေမကောင်းလို့ ဆေးဝယ်ဖို့ဆိုပြီး တောထဲထွက်သွားခဲ့တာ။ ဘာမှမရတဲ့အဆုံး ဝက်ဖရုံရွက် တစ်အိတ်ငါးဆယ်တော့ ရမယ်ဆိုပြီး ဝက်ဖရုံချုံနွယ်တွေ ဆွဲချနေတာ ခြေထောက်က မြေကျင်းထဲ ကျွံဝင်သွားလို့ မြွေပွေးကို တက်နင်းမိတာ ရုတ်တရက် ခြေထောက်ကို ပြန်နုတ်တာ နုတ်မရသလို ဖြစ်သွားတာပေါ့။ သည့်တော့ မြွေပွေးကလည်း မသေမချင်းပေါက်တော့တာပေါ့။ အိမ်ပြန်ရောက်တော့ သတိမရတော့ဘူး။ ဝက်ဖရုံတွေပိုက်ရင်း ပြန်လာခဲ့တယ်လေ။

ဆေးရုံပို့မယ်ဆိုတော့ နွားလှည်းကမရှိ။ ထွေးလေးတို့ အရှေ့ပိုင်းကို နွားလှည်းသွားယူဖို့ အလတ်ကောင်ကို နိုင်းလိုက်ကတည်းက သတိမရတော့တာပါပဲတော့။ နွားလှည်းရောက်လာပြီး ဆေးရုံကိုသွားကာ ဆေးရုံက ခြောက်မိုင်လောက်ဝေးတာလေ။ သည့်တော့ လမ်းမှာတင်ဆုံးတာပေါ့။ အမလေး ... ကိုအေးရဲ့ မိသောင်းတို့မိသားစု ခွေးဘဝရောက်ပါပေါ့လား"

"ဟဲ့ .. ဟဲ့ ... လုပ်ကြပါဦး။ မိသောင်းတက်သွားပြီ ... နှာနှပ်ကြပါဦး။ သချိုင်းအထိ ခေါ်မသွားနဲ့။ အိမ်မှာပဲထားခဲ့။ ဝော်ကြာ ပိုဆိုးနေမယ်။ ကဲ ... လုပ်ကြဟေ့၊ ဟိုမှာ ဘုန်းတော်ကြီးတွေတောင် ကြွသွားနှင့်ပြီ"

ကြေးစည်သံက ဝေ့ခနဲ ဝေ့ခနဲ ကြားနေရဆဲ။

♛◆♛

မြွေပွေးချည်း အပြစ်တင်ဖို့ကလည်း အခက်။ အေးကလည်း အေးပဲ။ မိသားစုကများတော့ တောထဲကထွက်ရတယ်လို့ မရှိဘူး။ တောထဲက ထင်းလေးတွေ ဖြတ်တောက်၊ စည်းနှောင်ပြီး ဈေးထဲသွားသွင်း၊ ရလာတဲ့ ငွေလေးနဲ့ ဆန်လေးဝယ်၊ ပြီးတော့ မျှစ်ပြုတ်လေးနဲ့ ရောကျိုပြီး စားနေရတဲ့ဘဝ။ အကြီးကောင်က စစ်ထဲဝင်သွားတာ ခုထိ တစ်ခေါက်မှ ပြန်မလာသေး။ ကျန်တဲ့ကလေးတွေကလည်း ကျောင်းတစ်ဝက်တစ်ပျက် ထွက်ရနဲ့ ...။

ဆန်ဈေးတွေကလည်း ခုနစ်ရာ၊ ရှစ်ရာ။ ဆီဈေးက နှစ်ထောင်ကျော်။ အသားငါးကတော့ ဝေလာဝေး။ ဒီမိသားစုကို ဒီလိုမှ ရှာမကျွေးရင်လည်း မိဘဝတ္တရားကျေပွန်မှာမဟုတ်။ အဖေဆိုတဲ့ ဂုဏ်ပုဒ်နဲ့ညီအောင် သူတတ်တဲ့ပညာနဲ့ပဲ သည်တော့၊ သည်တောင်မှာ ရှာကျွေးရတာပေါ့။

အမှန်တော့ မြွေပွေးကလည်း မြွေပွေး။ အေးကလည်း အေးပါပဲလေ။

မြေကျင်းဖို့ရင်း တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကို အေးတစ်ယောက် လုံးဝမကြားတော့သလို ... မသောင်းတစ်ယောက်လည်း တက်ရာက ခုထိ သတိမရသေး။

ကြေးစည်သံက ဝေ့ဝဲနေဆဲ ...။

---

**ကောင်းမြတ်(ခရာတော)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာဂေဟာ

ဇင်

"အဖေ အဖေ"

"မောင်လေး၊ မောင်လေး အဖေ့ကို ခဏကြည့်ထား။ မမ အမေ့ကို ပြေးခေါ်လိုက်မယ်"

သားအဖသုံးယောက် စကားပိုင်းဖွဲ့ပြောနေခဲ့ ဖေဖေစကားပြောရင်း ပါးစပ်ဟာပ်ခြမ်းရွဲ့ကာ စကားသံမပီမသဖြစ်လာတာမို့ ရုတ်တရက် ဖုံ့အားသင့်သွားကာ သမီးအတွက် စီးရိမ်စိတ်က ရိုင်းနဲ့တက်လာတာမို့ အတွားဘို့အိမ်ရောက်နေသည့် အမေ့ကို အပြေးအလွှားသွားခေါ်ရသည်။

အမေရောက်လာတာနဲ့ ချက်ချင်းသားငှားသော ဆေးရုံတန်းတင်လိုက်ရသည်။ အမေ့ညီမဝမ်းကွဲက ဆရာဝန်မို့ အစစအဆင်ပြေအောင် ဆောင်ရွက်ပေးလို့တော်တော့သည်။ အမေနှင့် ဖွန်တို့မောင်နှမမှာ ဆောတာနဲ့မို့ ဘာလုပ်လို့ဘာကိုင်ရမှန်းပင် မသိ၊ အဖေ့အတွက် ပူပန်ကာ ချက်ရှည်တည်ညှိနှင့် အားကိုးရာခဲ့နေသလို ဝမ်းနည်းအားငယ်နေပါသည်။

အဖေ ငူးငူးဝါးဝါးနဲ့ ကယောင်ကတမ်းပြောလေ ဖွန်တို့သားအမိတွေမှာ ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားနေမိသည်။ ဆရာဝန်ကြီးတွေ အဖေ့နားမှာ ဝိုင်းဝိုင်းလည်နေတော့ ဂရုစိုက်ကုသပေးမှုကိုဝမ်းသာရသလို အသက်အန္တရာယ်ပါ ထိခိုက်လာနိုင်လို့ မျက်ခြည်မပြတ်ကြပ်မတ်ကာ ဆေးသွင်းပေးနေလေသလား တွေးမိတော့ မိုးရိမ်စိတ်က တစ်ဖက်၊ အဖေ့အခြေအနေက် မခန့်မှန်းရဲ။

အမေ့ခမျာလည်း ဆရာဝန်ကြီးတွေရဲ့ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ရခက်စွာဖြင့် ညှိုးငယ်နွမ်းလျနေသည်။ အဖေ့ကိုစိတ်မချ၍ ဆေးရုံဝင်းထဲက အမေ့ညီမ ဒေါက်တာမေဦးအိမ်မှာပဲ သားအမိသုံးယောက် စုအိပ်ရသည်။ အမေ့မှာ တစ်ညလုံး အိပ်မရ။ သက်ပြင်းတချချနှင့် ကျက်သက်ကုလားထိုင်ပေါ်က မထ။ အိပ်ချင်စိတ်သည်း ရှိပုံမရ။

မိုးလင်းတာနဲ့ ရေချိုးပြီး အနေနဲ့ကြည့်မယ်ထင်တဲ့ ကောင်းနိုးရာရာလေးတွေကိုဝယ်၊ ယနေ့တီမေတို့အိမ်မှာပဲ ချက်၊ ပြီးတာနဲ့ အဖေ့ဆီ ထမင်းသွားပို့၊ ပြန်လာတော့ ဖွပ်စရာလျှော်စရာရှိတာတွေ တစ်ခါတည်း ယူလာပြီး ဖွပ်၊ နေလှန်း။ ခြောက်တာနဲ့ မီးပူတိုက်။ ဖွန်နဲ့ မောင်လေးဇော်ကလည်း အဖေ့နား တစ်လှည့်စီစောင့်။ လေဖြတ်သွားတဲ့ အဖေ့နားက တစ်ဖဝါးမခွာပြုစုရင်း သားအမိတွေမှာ အဖေ့အတွက် ရင်ထိတ်ယိတ်။

အဖေ့ရောဂါ တော်တော်လေးသက်သာလာတော့မှ ဟင်းချနိုင်သည်။ ဆေးရုံပေါ်မှာ ၁ လ ကျော်ကြာပြီး ဆင်းခါနီးတော့ ဆရာဝန်ကြီးက ကျန်းမာရေး ဂရုစိုက်ဖို့ အထပ်ထပ်မှာသည်။ အသက်ရှည်ရှည်နေချင်ရင် ဆေးလိပ်၊ အရက်မသောက်ပါနဲ့တဲ့။ အဖေလည်း ခေါင်းပြင်းပြင်းငြိမ်သန့် ခံစားထားရတော့ ကြိုးစားလိုက်နာရှာပါသည်။ လုပ်ငန်းခွင်ပြန်ဝင်နိုင်ပြီး ကျန်းမာရေးအတော်အသင့်ကောင်းလာတဲ့အခါ တချို့တပည့်တွေက ဆေးလိပ်ဓိုးကအစ ညှိပေးပြီး စီးကရက်မျိုးစုံ အတင်းတိုက်တဲ့အခိုက် အားနာနာနဲ့ မငြင်းသာဘဲ စသောက်တော့သည်။

နိုင်ငံခြားစီးကရက်အစ ဆေးပေါ့လိပ်ထိ ကြိုက်ရာကို လက်ညှိုးညွှန်ရုံနဲ့ ပါးစပ်နား တေ့ပေးကြတဲ့ တပည့်တွေကြောင့် အဖေဖြတ်မရအောင် ဖွဲ့လမ်းသွားခဲ့သည်။ အဖေ့လက်ကြားမှာ တစ်လိပ်ပြီး တစ်လိပ် အဆက်မပြတ် တွေ့နေရတော့သည်။ တချို့က်မက်မက်ဖွာရင်း ပီတိဖြစ်နေသော အဖေ့ပုံစံကို အမေက ဘဝင်မကျ။ ဆရာဝန်ကြီးမှာသမျှအားလုံး မေ့လျော့သွားပြီဖြစ်တဲ့အဖေ့ကို ကျန်းမာရေးထိခိုက်လာမှာစိုးလို့ ဘယ်လိုပြောပြော နားမဝင်တော့။

ဆေးလိပ်နဲ့ပတ်သက်ပြီးပြောရင် ရန်သူသဖွယ် အော်ကြီးဟစ်ကျယ် ငေါက်ငမ်းတတ်တာမို့ အမေလည်း ကြာတော့ စိတ်ဆင်းရဲလာတာ ဘာတစ်ခွန်းမှမပြောရဲ။ အရင်တုန်းက အဖေ့စရိုက်နဲ့ ဆန့်ကျင်ခြားနားစွာ အပြောင်းလဲကြီးပြောင်းလဲသွားတဲ့ အဖေ့ကို နားမလည်နိုင်။ ဇနီး၊ သားသမီးအပေါ် သိဂ်ချစ် သိပ်ကြင်နာတဲ့အဖေဟာ ဆေးလိပ်နဲ့တွေ့ရင် စိမ်းကားပြတ်တောက်စွာ ဆက်ဆံတတ်လာတာ အံ့ဩစရာ။

ဖွန်တို့ကလေးဘဝက အမေ့အပေါ် မြတ်နိုးယုယစွာ အရိပ်တကြည့်ကြည့် ကြည့်နေတတ်ခဲ့တဲ့ အဖေမှဟုတ်ပါလေစ။ လင်မယား စကားများ၊ ရန်ဖြစ်ခြင်းကို လုံးဝမြင်တွေ့ခွင့် မရှိခဲ့တဲ့ သားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com

အဖို့ တစ်ချိန်မှာ အမေ့ကို ခုလိုမောက်မောက်မာမာ ရင့်ရင့်သီးသီးပြောလာလိမ့်မယ်လို့ မထင်ရက်။ အရေးပေးလိုက်လျော့ကာ အမေ့ဆန္ဒမှန်သမျှ ခေါင်းညိတ်ဖြည့်စွမ်းပေးခဲ့တဲ့ အဖေနဲ့ ခု အရမ်းကွာခြားသွားပြီလေ။

အချိန်သမားတော်က လူတွေရဲ့ အတွင်းမနောကို ပြောင်းပြန်ဖြစ်အောင် တောင် ဖန်တီးနိုင်စွမ်းရှိလှချည်လား။ အနာဂတ်မှာ မမျှော်လင့်တာတွေ ဖြစ်တတ်ပျက်တတ်တဲ့ သင်ခန်းစာကို ကောင်းကောင်းကြီး ရလိုက်ပါတယ်။ အမေ့ရဲ့ စိတ်ထားပင်ကိုဗီဇက သိပ်နူးညံ့သိမ်မွေ့ပြီး အေးဆေးတည်ငြိမ်တဲ့ ဖခင်တစ်ယောက်ပါ။

အဖေက ဘုရားတရားကြည်ညိုသူဖြစ်ပြီး ဖြူစင်သန့်ရှင်းတဲ့မနောကို မှန်မြတ်စွာ ပိုင်ဆိုင်တဲ့ ယောကျ်ားမြတ်တစ်ဦးလို့ ပတ်ဝန်းကျင်က ဝေဖန်ပြောဆိုတာ ဖွန် ကြားခဲ့ရတဲ့အခိုက် အဖေ့အတွက် ဝမ်းသာဂုဏ်ယူလိုက်ရတာ။ ဒါပေမဲ့ ဆေးလိပ်တော့ အရမ်းသောက်တာပဲနော်လို့ နောက်ဆက်တွဲစကားသံကို ကြားရတဲ့အခါ ဖွန်တို့လိုပဲ အဖေ့ကျန်းမာရေးအတွက် စိုးရိမ်လို့ ပြောနေကြတာမှန်း သိလိုက်ရပါတယ်။

အမေနဲ့ ဖွန်က အတိုက်အခံပြောပြီး ဆေးလိပ်ဖြတ်ဖို့ နားချကြလို့ အဖေက မျက်နှာကြီးရှုတင်းတင်းနဲ့ မကျေနပ်ဘူး။ ဖိုးဇော်ကတော့ သိပ်ပါးနပ်လိမ္မာတယ်လေ။ အမုန်းခံပြီး ဘယ်တော့မှဝင်မပြောဘူး။ အဖေလည်း သောက်ချင်သလိုသောက်။ သူလည်း လုပ်ချင်ရာလုပ်မယ်ဆိုတဲ့ သဘောမျိုး။ ယောကျ်ားလေးလည်း ဖြစ်တော့ အိမ်မှာကပ်တယ်လို့ကို မရှိဘူး။ သူငယ်ချင်းအပေါင်းအသင်းနဲ့ အချိန်ကုန်နေတာပဲ များပါတယ်။

အဖေ့ဝေယျာဝစ္စကအစ သူနဲ့မဆိုင်ဘူးလို့ ယူဆပြီး လှည့်မကြည့်တာများလားတော့ မသိဘူး။ မိဘနှစ်ဦးရဲ့ကိစ္စမှန်သမျှ ဖွန့်ကိုပဲ ပုံချအိုင်ခံလုပ်ပေးနိုင်းချင်တယ်ထင်ပါရဲ့။ ဒီတော့ အဆူခံထိရင် ဖွန်တစ်ယောက်တည်း ကြိတ်ခံရတာ။ အခွင့်အရေးကျ ဖိုးဇော်က ထိပ်ဆုံးက ရတယ်။ အငယ်ဆုံးဖြစ်ပေမဲ့ မိသားစုရေးရာ ဆွေးနွေးကြရင် သူက လူတတ်ကြီးလုပ်ပြီး ရှေ့ဆုံးက ဆရာလုပ်ချင်တာ လွန်ပါရော။

ဖွန့်မိဘတွေကလည်း ဖိုးဇော်ဆန္ဒကိုပဲ ဦးစားပေး လိုက်လျောကြတာ။ ဖွန်ပေးတဲ့ အကြံဉာဏ်ဆို လက်ခံတတ်တာမဟုတ်တော့ နောက်ဆုံး ဖွန်ခန့်မှန်းသလိုဖြစ်လာတိုင်း မသိကျိုးကျွန်လုပ်ပြီး ခပ်ဆိတ်ဆိတ်နေတတ်တာပဲ များပါတယ်။ ဖွန့်ဆန္ဒကို ဘာတစ်ခုမှထည့်မတွက်တတ်။ ဖိုးဇော် ခေါင်းတစ်ချက်ငြိမ့်ရုံနဲ့ ပျော့သွားတတ်စမြဲ။ ငွေရေးကြေးရေးကအစ ဖိုးဇော် ကြိုက်သလောက် သုံးဖြုန်းခွင့် ရထားတာပဲလေ။

အလုပ်အကိုင် မည်မည်ရရမရှိဘဲ စိတ်ကြိုက်သုံးပိုင်ခွင့်ရှိကဲ့ ဖိုးဇော်ဟာ အလုပ်အကိုင်ရှိတဲ့ ဖွန်ထက် အများကြီး ပိုက်ကောင်းပါတယ်။ ဖွန်ရသမျှ လခအကုန် မိဘလက်ထဲကို အပ်တယ်။ မုန့်ဖိုးဆိုလည်း အမေကြည်ဖြူသလောက်ပဲ ရတာပါ။ အမေ့ဆီမှာ ခဏခဏလက်ဖြန့်တောင်းရဲတဲ့ သတ္တိမရှိတဲ့ ဖွန့်အဖို့ တိုင်းထွာ သုံးတတ်တဲ့အကျင့်ကို အမေက တမင်လေ့ကျင့်ပေးခဲ့တယ်လို့ပဲ ဆိုရမှာပေါ့။

ငွေမမက်တဲ့ဖွန့်အဖို့ အမေပေးသမျှနဲ့သာ ရောင့်ရဲတင်းတိမ်စွာနေခဲ့ပါတယ်။ လက်ဝတ်ရတနာကအစ ပွဲဆာရကောင်းမှန်းမသိတဲ့ ဖွန့်မှာ ဖိုးဇော်က ဆွဲကြိုး၊ ဟာမ်းချိန်းဝယ်ပေးဖို့ အမေ့ကို တကျိကျိပူဆာနေတာကိုကြည့်ရင်း မှင်တက်စွာပေးနေမိပါတယ်။ ဖွန်က အကြီးမို့ ဘာမှ မတွက်တတ်ပေမဲ့ ဖိုးဇော်ဟာ ဖွန့်အတွက် အရာရာကို တွန့်တိုနမြောတတ်တာ စိတ်မကောင်းခြင်းကြီးစွာနဲ့ သိခွင့်ရလိုက်ပါတယ်။

အမေပေးတဲ့မုန့်ဖိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မစားရက်မသောက်ရက်စုကာ ဖိုးဇော်လက်ထဲထည့် ပံ့ပိုးခဲ့တာတွေ မော်င်လေး စိတ်ချမ်းသာပါစေရယ်လို့ စေတနာအပြည့်အဝနဲ့ ဖိုးဇော် ခရီးထွက်ရင် ရသမျှ လခပုံပေးလိုက်တာတွေ အားလုံးဟာ ခုတော့ သဲထဲရေသွန် ဘာတစ်ခုမှ အရာမထင်ခဲ့ပါဘူးလေ။ အစ်မရင်းထက် သူစိမ်းတွေကို ပိုခင်တွယ်အနစ်နာခံဖြည့်ဆည်း ကူညီတတ်တဲ့ ဖိုးဇော်ရဲ့သဘောထားကိုလည်း လုံးဝနားမလည်နိုင်ခဲ့ပါဘူး။

ဖိုးဇော် ဒုက္ခဖြစ်တဲ့အခါ အဲဒီလူတွေက လာကယ်မစောင့်ရှောက်ပေးမယ်လို့ ယုံကြည်နေလို့လား။ အတိတ်က ဖိုးဇော်ရဲ့ ဒုက္ခကို ဝိုင်းဝန်းဖြေရှင်းပေးခဲ့ပြီး စိုးရိမ်သောကရောက်ခဲ့ရတာကတော့ မိဘနှစ်ပါးနဲ့ အစ်မပါပဲ။ ဖွန်တို့မရှိတော့မှ ဖွန်တို့ မေတ္တာစေတနာကို ဖိုးဇော်ကောင်းကောင်းသဘောပေါက်လာမှာပါ။ ခုချိန်မှာတော့ အပြင်စကားတွေ နားယောင်ပြီး အစ်မအပေါ် လုံးဝစေတနာမေတ္တာမထားတဲ့ ဖိုးဇော်ကို ခွင့်လွှတ်စိတ်နဲ့ ဥပေက္ခာရှုနိုင်အောင် ကြိုးစားယူရမယ်၊

အိမ်တွင်းရေး မပြေလည်မှုကြောင့် သောကကိုယ်စီကိန်းအောင်းနေကြတဲ့ ဖွန်တို့မိသားစုမှာ ဟိုးအရင်က သာယာကြည်နူးဖွယ်ကောင်းတဲ့ မေတ္တာရိပ်မြုံလေးကို ပြန်တမ်းတနေမိဆဲ။ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ချစ်ခင်ရင်းနှီးပျော်ရွှင်စွာ အတူတပူးတွဲတွဲ ဘုရားဖူးသွား၊ အလည်အပတ်မြို့အနှံ့ ခရီးဆန့်ခဲ့တာတွေကို ပြန်မြင်ယောင်မိရင်း အိပ်မက်တစ်ခုဖန်ဆင်းကာ မနိုးစတမ်းမက်နေလိုက်ချင်မိပါတယ်။

တစ်ဦးနဲ့တစ်ဦး မေတ္တာအရင်းက သည်းခံခွင့်လွှတ်ကြရင်း အလျှော့ပေးလိုက်လျောကာ ပီတိလွှမ်းနေကြတဲ့

www.burmeseclassic.com

အတိတ်ကြေးမုံပြင်ကို ခုနေပြန်မြင်ခွင့်ရရင် သိပ်ကောင်းမှာပဲ။ ဆွေးမြည့်သွားတဲ့နှစ်တွေကို အစားထိုးအသစ်ပြန်ပြုပြင်ယူချင်လိုက်တာ။

ခုချိန်မှာ ဗဟိုတရားရုံးရှေ့နေအဖြစ် အမှုသည်ပေါင်းများစွာရဲ့ ပြဿနာအခက်အခဲပေါင်းစုံကို မားမားမတ်မတ်ရပ်တည် ဖြေရှင်းပေးနေတဲ့ အမေ့မှာ မိသားစုနဲ့ အေးအေးဆေးဆေးနေချိန်ရယ်လို့မရှိသလောက်ပါဘဲ။ အဖေနဲ့သမီးသားတွေအတွက် အားလပ်ချိန် ဖဲ့မပေးနိုင်တဲ့အမေ့ကို ကြည့်ရတာ ပင်ပန်းလိုက်တာ။ စိတ်မောလူမောနဲ့ မသက်မသာကြီး။ အဖေက ဆေးလိပ်ကို ဖိသောက်ပြီး တစ်လိပ်ပြီးတစ်လိပ် မီးအဆက်မပြတ်ညှိကာ အချိန်ဖြုန်းနေသလို အမေကလည်း သူမရဲ့အမှုသည်တွေ လောက်ခတောင်အဖေ့ကိုဂရုမစိုက်နိုင်တော့။

အဖေနဲ့ အမေ့ရဲ့ အေးစက်စပြုလာတဲ့ အိမ်ထောင်ရေးကို ဖွန် ထိတ်လန့် တုန်လှုပ်နေမိပါတယ်။ ချစ်သူချင်းလက်ထပ်ခဲ့လို့ အဆင်ပြေချောမွေ့လိမ့်မယ်လို့ လူတိုင်းက ထင်ကြေးပေးခဲ့တဲ့မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးဟာ စိတ်ပျက်ဖွယ်ဖြစ်အောင် လှို့ဆော် ဖန်တီးနေပါပေါ့လား။ အဖေ ဆေးလိပ် နင်းကန်သောက်ကတည်းက အမေကလည်း အရွဲ့တိုက်ကာ သူမရဲ့ အလုပ်ထဲမှာပဲ စိတ်ကိုနှစ်ထားလိုက်ပါတယ်။

အရင်တုန်းက ချိုသာနူးညံ့သိမ်မွေ့စွာ အမြဲပြောဆိုတတ်ကြတဲ့ မိဘနှစ်ပါးဟာ ခုချိန်မှာ စကားပြောကအစ အဆင်မပြေတတ်။ တစ်ဦးရဲ့စကားအကျအနကို တစ်ဦးက ကောက်ကာစိတ်ဆိုးပြီး မခေါ်ကြ။ အသေးအဖွဲ့ကိစ္စကအစ အကျယ် ပုံကြီးချဲ့ကာ မပြီးနိုင်တော့။ တတွတ်တွတ်ပြောရင်း ဒေါသက ပါလာရော။ မိဘတွေကြား အနေခက်စွာ ဖိုးဖော်ကတော့ အိမ်မကပ်။ ဖွန်ပဲ ကျန်ရစ်ခဲ့ရစမြဲ။

ဒီတော့ တစ်ယောက်နဲ့တစ်ယောက် မကျေနပ်တာကို ဖွန့်အပေါ် အပြစ်ပုံချကာ စောင်းမြောင်းဆူတော့သည်။ ဖွန် ဘယ်လောက်ပဲ စေတနာထား လုပ်ပေးပေး အပြစ်ပဲ မြင်ကာ မကြည်မလင် ဆောင့်အောင့်ပြောကြတော့ ဖွန်မှာလည်း မျက်ရည်နဲ့မျက်ခွက်။ တစ်ခါတလေ အိမ်မှ အဝေးဆုံးတစ်နေရာဆီ သစ်ရွက်လေးလို လွင့်သွားချင်မိသည်။ ဖွန့်မှာ သာယာကြည်နူးမှုနဲ့ ကင်းဝေးစွာ နေခဲ့ရတာလည်း ကြာပါပြီ။

ကလေးဘဝကလို အပူပင်ကင်းစွာ ပျော်ရွှင်ခွင့်ပြန်လိုချင်လိုက်တာ။ စီးပွားရေး၊ လူမှုရေးသောကတွေကြားမှာ နေရတာ မွန်းကြပ်လိုက်တာ။ အရင်က ခုလိုမပြည့်စုံသေးပေမဲ့ ဒုက္ခဘုံကြားမှာ ပျော်မွေ့နေနိုင်သည်။ ခု အရာရာပြည့်စုံတဲ့ဘဝကိုရောက်ကာမှ အလိုမပြည့်မှုတွေ၊ စိတ်ဆင်းရဲမှုတွေနဲ့ ဘာလို့ရင်ဆိုင်ရပါလိမ့်။

ဆေးလိပ်ကိုဖြတ်မရအောင် စွဲလမ်းသွားတဲ့ အဖေ့ကြောင့်လား။ မိသားစုပြဿနာထက် ကခြားသူစိမ်းတွေရဲ့အခက်အခဲကို ပိုစိတ်ဝင်စားကာ ကူညီဖြေရှင်းပြီး အိမ်တွင်းရေးမပြေလည်မှုကို လျစ်လျူရှုထားတဲ့အမေ့ကြောင့်လား။ မိဘနှစ်ပါးကြား မြေစာပင်အဖြစ်မခံချင်လို့ တတ်စွမ်းသမျှ ညှိနှိုင်းအဖြေရှာပေးဖို့ ကြိုးစားတဲ့ ဖွန်ရဲ့လုပ်ရပ်အပေါ် အကောင်းမြင်ဝါဒ ပျက်သုဉ်းကာ တလွဲထင်ပြီး တစ်ယူသန်ယူဆကြလို့လား။ လမ်းမင်းသားဘဝမှာ အပျော်ကြီးပျော်ကာ အိမ်ထောင်စုဆိုတာ စက်ဆုပ်ရွံ့ရှာဖွယ်သိုက်မြုံတစ်ခုလို့ တစ်ထစ်ချ စွဲမှတ်ယုံကြည်သွားတဲ့ ဖိုးဖော်ကြောင့်လား။ ဘာပဲဖြစ်ဖြစ် မိသားစုအားလုံးမှာ တာဝန်ရှိနေတာတော့ အမှန်ပါပဲ။

ကိုယ်စီကိုယ်ငမှာရှိနေတဲ့ ချို့ယွင်းချက်မှန်သမျှ ပြုပြင်ပြီး တစ်ဦးနဲ့တစ်ဦး မေတ္တာထား သည်းခံခွင့်လွှတ်နိုင်ဖို့ ကြိုးစားကြရင် အောင်မြင်တဲ့ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ သုခရိပ်မြုံလေးမှာ ထာဝရပျော်ရွှင်ခွင့် ရကြမှာမလွဲ။ အဖေ ဆေးလိပ်ဖြတ်သွားရင် ကျန်းမာရေးအတွက်ရော၊ မင်းသားသမီးတွေအတွက်ပါ အဖိုးမဖြတ်နိုင်တဲ့ ဆုတစ်ဆုကို ပိုင်ဆိုင်ခွင့်ရရှိလိုက်သလို မြတ်နိုးတန်ဖိုးထား လေးစားစွာ ခံယူပါ့မယ်။

အဲဒီဆုကို အဖေပေးအပ်မှ ရမှာမို့ ဘယ်အချိန်ထိ စောင့်ဆိုင်း မျှော်ကိုးရမယ်ဆိုတာ မခန့်မှန်းရဲပါဘူး။ ဒီကာလကို ကျော်လွှန်ပြီးနောက်ပိုင်းမှာတော့ သိပ်သာယာချမ်းမြေ့ ကြည်နူးဖွယ်ကောင်းတဲ့ မိသားစုကမ္ဘာလေးတစ်ခုကို ဖန်ဆင်းနိုင်မှာပါ။ မေတ္တာ၊ ကရုဏာ၊ ခိုင်မြဲတဲ့သစ္စာနဲ့ ဖွဲ့စည်းတည်ဆောက်မယ့် စံအိမ်သစ်လေးတစ်ခုထဲမှာ ထာဝရပျော်ရွှင်နိုင်ခွင့်ကို အမြန်ဆုံး ဆုံစည်းခွင့်ကြုံပါစေလို့ ဆုမွန်တောင်းနေမိတာ နေ့စဉ်နဲ့အမျှပင်။

သားသမီးတွေရင်တွင်းမှာ ကိန်းအောင်းဖြစ်တည်နေတဲ့ ဆန္ဒက မိဘနှစ်ပါးတစ်သက်တာလုံး ငြိမ်းငြိမ်းချမ်းချမ်း ရိုးမြေကျလက်တွဲပေါင်းဖော်သွားစေချင်တာ အပြင်းပြဆုံးပါပဲ။ အနှောင့်အယှက်၊ အဖျက်အဆီးမှန်သမျှ ရင်ဆိုင်ကျော်လွှားပြီး နှောင်အနှောင်ဂတ်မှာ လှပရှုချင့်စဖွယ် မေတ္တာဂေဟာလေးအဖြစ် မိဘနှစ်ပါးနဲ့ သမီးသားတွေရဲ့ဖြူစင်တဲ့မေတ္တာနဲ့ နှောင်ကြိုးတွေ ရစ်ပတ် နှောင်တွယ်ထားရင် ဘယ်တော့မှ ပြိုကွဲသွားမှာမဟုတ်ပါဘူး။

တည်တံ့မြဲခိုင်တဲ့ မေတ္တာဂေဟာအတွင်းမှာ သံယောဇဉ်၊ မေတ္တာ၊ သစ္စာပေါင်းစည်းလိုက်တဲ့အခါ ပိုနက်ရှိုင်းကျယ်ဝန်းပြီး လုံခြုံတဲ့ ရိပ်မြုံသစ်လေးတစ်ခု ပေါ်ထွန်းလာမှာပါ။

ဇင်

www.burmeseclassic.com





# ကြုံဖူးတဲ့ အဖြစ်တွေရယ်

နီကြည်ကို

"ကားပိုင်ရှင် ဦးစိန်ဝင်းမော်က ဒီဗီဒီစက်ပေါ့"

"သင်္ဘောသားကြီး ဦးလှဦးက ထမင်းပေါင်းအိုးပေါ့"

"ဟာ ... ဒီမှာက ဓာတ်ဘူး တစ်လုံး။ ဒါပေမယ့် ဓာတ်ဘူးက အဟောင်းကြီးပါလား။ အစင်းတွေ ၊ ခြစ်ရာတွေနဲ့"

တစ်ယောက်တစ်လှည့် ကိုင်ကြည့်နေကြသောကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။ မင်္ဂလာဆောင် လက်ဖွဲ့တယ်ဆိုတာ အသစ်အဆန်းကို အမြတ်တနိုးနဲ့ လက်ဖွဲ့ကြတာပဲ ကြားဖူးပါတယ်။ ပစ္စည်းအဟောင်းကို လက်ဖွဲ့တာတော့ ကျွန်တော်လည်း လက်မဖွဲ့ဘူးပါ။ ကြုံလည်း မကြုံဖူးပါ။ ဒါကြောင့်မို့ ဓာတ်ဘူးကို ယူကြည့်လိုက်တော့ ...

ဟုတ်တယ် ... ဓာတ်ဘူးက အဟောင်းကြီးပါ။ ဘူးအပေါ်မှာ အစင်းရာတွေရော၊ အခြစ်ရာများပင် ပါသေးတယ်။

"သားရေ ... ဒါ ဘယ်သူ လက်ဖွဲ့တာလဲ"

ကလေးတစ်ယောက်က ပါကင် ထုပ်ထားသော စာရွက်ပေါ်က လက်ရှိ သူ့အမည်ရေးထားသော စာရွက်ကို



www.burmeseclassic.com

www.burmeseclassic.com

ယူပေး၍ ဖတ်ကြည့်လိုက်တော့ ကျွန်တော် အံ့သြသွားတယ်။ လက်ဖွဲ့ပိုင်ရှင်က ကျွန်တော့မိတ်ဆွေ စာရေးဆရာတစ်ယောက် ဖြစ်နေသည်။ ကျွန်တော်နှင့် အင်မတန် ခင်မင်ရင်းနှီးသည်။ ဘာကြောင့် ဓာတ်ဘူးအဟောင်းကြီးကို လက်ဖွဲ့ရသလဲ။ မစဉ်းစားတတ်။

ရင်ထဲမှာတော့ တအံ့တွေးတွေးနှင့် မိတ်ဆွေစာရေးဆရာနှင့် ခဏခဏဆိုသလို ဓာတ်ဘူးအဟောင်းကြီးကို သတိရနေသည်။

သုံးလေးလလောက်ကြာတော့ မိတ်ဆွေစာရေးဆရာနှင့် ဆိုင်တစ်ခုမှာ ကြုံကြရင်း သားသမီးအကြောင်း စကားရောက်သွားတော့ ကျွန်တော့်သားရဲ့ မင်္ဂလာဆောင်ကိစ္စကို ပြောဖြစ်သွားသည်။ မင်္ဂလာဆောင် ကုန်ကျစရိတ်နှင့် ရတဲ့လက်ဖွဲ့ငွေပစ္စည်း ကာမိရဲ့လား၊ အဆင်ပြေရဲ့လား ပြောကြရင်း သူက ...

"သူငယ်ချင်း ငါကတော့ ဘာရယ်မဟုတ်ပါဘူးကွာ။ လက်ဖွဲ့ဖို့စဉ်းစားပြီး စတိုးဆိုင်တစ်ခုကို ရောက်သွားတော့ ဒီဇိုင်းအသစ်အဆန်းနဲ့ ဓာတ်ဘူးနီနီရဲရဲလေးတစ်လုံး မှန်ဗီဒိုထဲမှာ သွားတွေ့တယ်။ အဲဒါလေးကို ကြိုက်ပြီး ဆိုင်မှာတစ်ခါတည်း ပါကင်လုပ်ခိုင်းလိုက်တာပဲ။ လေးထောင်ကျော်တယ်"

"ဘာ ... ဓာတ်ဘူးက နီနီရဲရဲလေး ဟုတ်လား"

"ဟုတ်တယ်လေ ... ငါက နီနီရဲရဲဆို သိပ်ကြိုက်တာ။ မင်းရဲ့သားက အနီရောင် မကြိုက်လို့လား ..."

"မဟုတ်ဘူးကွ ... တစ်ခုခုတော့ လွဲနေပြီ။ မင်းလက်ဖွဲ့တာက အနီရဲရဲနော်။ တို့ဖောက်ကြည့်လိုက်တော့ အပြာရောင်ဓာတ်ဘူး။ နောက် အသစ်မဟုတ်ဘူး၊ အဟောင်းကြီး။ ဟောင်းတာမှ ဘူးပေါ်မှာ အစင်းတွေရော၊ အခြစ်ရာတွေတောင် ပါလိုက်သေး ..."

"ဟာ ... ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ။ ငါလက်ဖွဲ့တာက ငါ့အကြိုက် အရောင်ရဲရဲလေး။ နောက်ပြီး အသစ်ပါ။ ကိုယ့်သူငယ်ချင်းကို အခုလိုဟာမျိုး ဘယ်လက်ဖွဲ့ပါ့မလဲ။ စိတ်တောင် မကောင်းဘူး။ အခု မင်းပြောမှ ငါသိရတာ ..."

"အေး ... ငါလည်း အားနာလို့ မပြောတာ။ ဒါပေမယ့် ဒီလိုတော့ မဖြစ်သင့်ဘူးလို့ ငါလည်း ထင်တယ်။ ခုတော့ ငါလည်း သဘောပေါက်သွားပြီ။ မင်းအဖြစ်က ဒီလိုကွ ..."

"ပြီးခဲ့တဲ့အပတ်က ငါ့သမီးအကြီးက ပါကင်ပေပါနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးတစ်ခု အိမ်ကို ပါလာတယ်။ ငါက ဘာလုပ်ဖို့လဲမေးတော့ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဖို့တဲ့၊ အထဲက ဘာလဲဆိုတော့ ဓာတ်ဘူးပဲ။ ဒါပေမယ့် သူက အိမ်ရောက်တာနဲ့ ပါကင်ကို ဖောက်နေတယ်။ ငါက သမီးကို ဘာဖြစ်လို့ ဖောက်နေရတာလဲ။ လုပ်ထားတာက လှလှပပကလေး။ တော်ကြာ ပြန်ပိတ်တော့ ပုံစံမကျဘူး ဖြစ်နေမှာပေါ့ဆိုတော့ သူက သူ့စိတ်ထဲမှာ မသက်သာလို့တဲ့ ...။ မသက်သာရတဲ့ အကြောင်းအရင်းက ဆိုင်မှာ စိတ်ကြိုက်တွေ့တဲ့ ဓာတ်ဘူးကိုရွေးပြီး ပါကင်လုပ်ခိုင်းတယ်။ လုပ်ခိုင်းပြီး တစ်နေရာက သူစိတ်ဝင်စားတဲ့ ပစ္စည်းတွေကို လျှောက်ကြည့်နေတယ်။ ပြန်လာတော့ ပါကင်လုပ်ပြီးသား အဆင်သင့်ပဲ။ ဒါပေမယ့် အဲဒီဆိုင်က လူ[illegible]ရဲ့ အမူအရာအကြည့်တွေက မသင်္ကာစရာဖြစ်နေလို့ အိမ်ရောက်မှ ဖောက်ကြည့်တာတဲ့။ ဖောက်ကြည့်တော့ [illegible] ရွေးထားတဲ့ ဓာတ်ဘူးမဟုတ်ဘူး။ အခြားဓာတ်ဘူးတစ်လုံး ဖြစ်နေတဲ့အပြင် အဲဒီဓာတ်ဘူးက တစ်ခုခုနဲ့ ထိမိတိုက်မိထားတဲ့ ပိန်ချိုင့်နေတဲ့ အရာကြီးလည်း ပါသေးတယ်။ သဘောကတော့ ရောင်းလို့မရတဲ့ ဓာတ်ဘူးအပိန်ကြီးကို ကာယကံရှင် မသိအောင် လဲထည့်ပေးလိုက်တာပဲ။ အိမ်သုံးမှာ မဟုတ်ဘဲ မင်္ဂလာဆောင်လက်ဖွဲ့မှာဆိုတော့ ဖွင့်မကြည့်တာ သေချာပြီဆိုပြီး လဲထည့်ပေးလိုက်တာ။ သမီးက ဆိုင်ကို သွားပြန်ပြောတော့ မှားသွားလို့ပါတဲ့။ မင်းအဖြစ်က အဲဒီအတိုင်းပဲ ဘာမှ စိတ်မကောင်း မဖြစ်နဲ့။ နောက် အဲဒါမျိုးတွေကြုံဖူးရင် သတိထားတာ အကောင်းဆုံးပဲ။ ငါတောင် သမီးဆီက လက်တွေ့ကြုံမှ သိတာ"

"ဒီအဖြစ်မျိုး မသိရင် သတို့သားနဲ့ သတို့သမီးကတော့ လက်ဖွဲ့သူကို တစ်မျိုးထင်မှာပဲ။ မင်းတောင် ငါ့ကို အဲဒီလိုထင်နေတာ မဟုတ်လား"

"အဲဒီတော့ ဟို စာရေးဆရာမ တစ်ယောက်ရေးတဲ့ ခေါင်းစဉ်လို ကြုံဖူးတဲ့အဖြစ်တွေရယ်ပေါ့ကွာ"

နီကြည်ကို

www.burmeseclassic.com

သီသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

ဒေါက်တာစောယုနွယ်

တကယ်သိုသော့ . . .
ဗဟိဘဝ၏ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို ကြိုတင်သိမြင်အသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



အမှတ် (၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

### တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သော ကာလလည်းဖြစ်ပါတယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ ခရီးဝေးများ သွားရတတ်တယ်။ ၎င်းခရီးများသည် စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့ရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် ဓက်ပစ္စည်းများလည်း ဝင်လိမ့်မယ်။ ရပ်ဝေးမှစာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြွမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူအား လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရ သတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင်အောင်မြင်မယ်။ မမျှော်လင့်ကဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်တဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အဘည်းအသန် ဖြစ်တတ်တယ်။ ကိုယ်တိုင်လည်း နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ခေါနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

#### ကံကောင်းစေသောရက်

အင်္ဂါ၊ ကြာသပတေး

#### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

#### ကံကောင်းစေသောနံပါတ်

၁၁၊ ၃၃၊ ၁၃၊ ၃၁

#### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။ အထူးသတိပြုပါ။

#### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အင်္ဂါနေ့တိုင်း ပဲပေါက်စီ ၈ လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



BURMESE CLASSIC .com

သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်လို့ ဝီရိယစိုက်ထုတ်ပါက ချမ်းသာသုခ ရပါလိမ့်မယ်။ အတိုက်အခံ အပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီပေးနိုင်တဲ့သူ ဖြစ်လိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရကတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာကတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ စကားပြောမှားတတ်သောကြောင့် ယခုကာလတွင် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံး ဖြစ်ပါတယ်။ ယခုကာလတွင် လုပ်သမျှ အာဏာခုမှ ဖြတ်ဖြတ်သားသားလုပ်၍ မရသောကြောင့် အဆိုးလည်းမဟုတ်၊ အကောင်းလည်းမဟုတ် ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတတ်တယ်။ ယခုကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးလွှက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေဘုရားတစ်ဆူ၏ ခမွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီပြု (၇)ပွင့်၊ ငှက်ပျောသီး(၆)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

## ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၆၂၊ ၆၇၊ ၄၆၊ ၄၇

## အထူးသတိပြုရန်

အိမ်ကိုပေါင်ပြီး ရှည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ် လာပေါင်လျှင်လည်း လက်မခံပါနှင့်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီးဖြင့် ထွက်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သော ကာလဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညှိတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၃၄၊ ၁၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်နှစ်ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

### ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရုပ်ပွားပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူအဖို့လည်း ဤကာလမှာ လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာလည်း တစ်ယောက်နှင့်တစ်ယောက် အယူအဆကွဲလွဲခြင်း၊ အကြောင်းအရာတစ်ခုခုကို မဖော်ပြနိုင်ဘဲ စိတ်များ ရှုပ်ထွေးနေတတ်တယ်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့်ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့ပါလိမ့်မယ်။ ဆေးရုံ၊ ဆေးခန်းသို့ သွားရတတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေးညံ့တတ်တယ်။ ဖြစ်လျှင် ရုတ်တရက် ဖြစ်တတ်တယ်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ ထန်း(၇)ညွှန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၆၊ ၅၇၊ ၇၀၊ ၇၅

**အထူးသတိပြုရန်**

အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုလုပ်ပါနှင့်။
အဝေးခရီး မသွားရပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


မိမိနေအိမ်ဘုရားကျောင်း ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါက်ပေါက်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

### ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်း ကြုံရတတ်တယ်။ လုပ်သမျှလည်း သိပ်အဆင်မပြေဘူး ဖြစ်နေတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလမှာ ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့် ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းတွေ ကြုံရတတ်တယ်။ တနင်္ဂနွေ၊ သောကြာအမည်ပါသော ဆွေမျိုးသားချင်းများက အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နနက်(၃း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

#### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

#### ညံ့သောရက်

မြေနု၊ အဝါ

#### ကံကောင်းသောနံပါတ်

၁၆၊ ၆၄၊ ၆၀

#### အထူးသတိပြုရန်

လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

#### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် အုန်းသီး(၆)စိတ်ကို ကြေးလင်ပန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ညံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စလုပ်မယ်ဆိုလျှင် စလုပ်နိုင်ပါတယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေအနည်းငယ် ဝင်တတ်ပါတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ၊ ရွှေထည်ပစ္စည်းတွေ ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံရတတ်တယ်။ သားပျို၊ သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်လက်အောက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ အစာအိမ်ရောဂါ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူ ကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



BURMESE CLASSIC .com

သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထင်အမြင်ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအတွက် အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျောက်ရောဂါရတတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၁၊ ၃၆

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာသောနိမိတ်တွေ့လျှင်လည်းကောင်း၊ စွယ်တော်ဓာတ်ပုံ ဖူးရလျှင်သော်လည်းကောင်း ထီပေါက်တတ်တယ်။ ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူ

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

### ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ စက်ပစ္စည်း အကောင်းစားများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါက ယခုအချိန်မှာဖွင့်လျှင် ကံကောင်းတတ်တယ်။ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို တူခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလအတွင်း ထိမထိုးသင့်ပါ။ ထိပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မိမိခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုအတွင်း ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ဘိုးတော်ဟု၊ ဆရာတုများ ရောက်လာတတ်တယ်။ လူလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ ကလေး(သို့မဟုတ်)လူကြီး အန္တရာယ်ဖြစ်တတ်တယ်။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင်တော့ ကောင်းပါတယ်။ လက်ရှိလုပ်နေတဲ့ အလုပ်ကိုသာ ဆက်လုပ်ပါ။ အလုပ်ထပ်တိုးချဲ့တာတို့၊ အလုပ်ပြောင်းတာတို့ မလုပ်ပါနှင့်ဦး။ ယခုအချိန်တွင် အမှု မဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာမှုတွေ ရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲလိုက်ပါ။ မွေးလကျော်သည်အထိ ငြိမ်ငြိမ်လေးနေပါ။ ကျန်းမာရေး အနည်းငယ် ချို့တဲ့မယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

#### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

#### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

#### ကံကောင်းသောနံပါတ်

၁၅၊ ၁၃၊ ၃၁၊ ၃၇

#### အထူးသတိပြုရန်

ဘာသာရေးဆိုင်ရာစာအုပ် ရရှိပါက(သို့မဟုတ်)မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းခြင်း၊ အလုပ်သစ်ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။

ယခုကာလတွင် ကားပွဲတိုက်မီတတ်သဖြင့် သတိထားပါ။

#### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းသီး ကပ်လှူပေးပါ။

www.burmeseclassic.com